


# စနစ်ရိုင်းကို ဆန့်ကျင်သူ

မောင်ဘကျော် (ပုဂံ)

စာရေးသူ ကျွန်တော်ဟာ "စနစ်ရိုင်းကို ဆန့်ကျင်သူ" ဆိုသည့် ဝတ္ထုကို ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံကို ချစ်တတ်အောင်၊ လူ့တန်ဖိုးကို အသိအမှတ်ပြုအောင် ရည်ရွယ်ရင်းဖြစ်ပါသည်။ ၎င်းစာအုပ်၏ ခေါင်းစဉ်ကို ကျွန်တော့် ဆရာဖြစ်သူ ဦးမြသက်မှ အကြံပြုပေးလိုက်သည့်အပေါ် မွေးဖွားခဲ့ သည့်ခေါင်းစဉ် ဖြစ်ပါသည်။

ယခင်စာအုပ်များနဲ့ ကျွန်တော်၏ ကလောင်အမည်သည် သားကျော်လှိုင်ဖြစ်၍ ယခုစာအုပ်မှစ၍ ကျွန်တော်၏ ဆရာ ဖြစ်သော ၇၄ ကျောင်းသားခေါင်းဆောင် ဆရာဇော်ငြိမ်းလတ်မှ ပေးလိုက်သည့် ကလောင်နာမည်ကတော့ မောင်ဘကျော် (ပုဂံ) ဖြစ်ပါတယ် ခင်ဗျာ။ တစ်ဆက်တည်း ကျွန်တော်၏ သင်ဆရာ မြင်ဆရာအပေါင်းတို့အား လက်ဆယ်ဖြာ ဦးထိပ်မှာပန်၍ ဂါရဝ ပြုပါရစေ။

စာဖတ်သူနှလုံးသားက ကျွန်တော်၏ "စနစ်ရိုင်းကို ဆန့် ကျင်သူ"ဝတ္ထုကို ဖတ်ရှုရင်း လိုအပ်နေသည်ဟု ခံစားရလျှင် ဖြည့်စွက်ကာ အားပေးဖတ်ရှုခြင်းဖြင့် အားပေးပါလို့ တောင်း ပန်ပါရစေ။

မောင်ဘကျော် (ပုဂံ)
(၁၃.၁၀.၂၀၀၇)

# ဘယ်လိုလူစားလဲ

ကျွန်မသည် နံနက်ခင်း၏ သာယာလှပနေသည့် အလှတရားကို ကျွန်မ၏ အိပ်ယာနံဘေးရှိ အခန်းပြတင်းပေါက်ဝမှ ငေးကြည့်နေမိသည်။ ကျွန်မတို့၏ အထက်မိုးကောင်းကင်ပေါ်၌ ဆော့ကစားနေသည့် တိမ်လွှာတိမ်ခဲလေးများကို ငေးကြည့်နေရင်း ပျော်ရွှင်ကြည်နူးနေမိသည်။ ထိုအချိန်၌ ကျွန်မ၏ ကိုယ်ပိုင်ရင်ခွင်နန်းတော် တံခါးဝကို မကြာခဏဆိုသလို တိုးခေါက်နေသည့် ကျွန်မချစ်နိုင်မည့်သူ၊ ကျွန်မ၏ဦးနှောက်နဲ့ နှလုံးသားကို လှုပ်ခါတိုးဝှေ့နေသည့် ကျွန်မ၏ ဘဝအဖော်မွန်သည် ဘယ်လိုလူစားဖြစ်မလဲ၊ ကျွန်မကို ကျွန်မကပဲ ထပ်ကာထပ်ကာ မေးကြည့်နေမိသည်။ ထိုမေးခွန်းသည် ထပ်ကာထပ်ကာမှ တိုးကာတိုးကာ ကျွန်မကို မေးလာပါတော့သည်။

# စနစ်ရှိင်းကို ဆန့်ကျင်သူ

မောင်ဘကျော် (ပုဂံ)

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်သူ**

ဦးဇော်မြင့်ထွန်း (အေဇက်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**

ဦးဇော်မြင့်ထွန်း (အေဇက်စာပေ) (၀၁၆၉၉)
အမှတ် (၂၁၉/ခ)၊ ၃၆-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်**

၂၀၁၉-ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

2000

**အုပ်ရေ**

၁၀၀၀ အုပ်

**ဖြန့်ချိရေး**

မျိုးဆက်သစ်စာပေ

ဖုန်း - ၀၉ ၄၂၀၀၈၃၆၈၈၊ ၀၉ ၄၂၀၂၂၂၉၆၂

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘယ်လိုလူစားလဲ | ၁ |
| ၂။ | သိချင်မိပါသည် | ၂၁ |
| ၃။ | သူက ဘယ်သူလဲ | ၃၈ |
| ၄။ | သူက ပုဂံသား | ၆၅ |
| ၅။ | ပေါ်တော်မူ | ၈၂ |
| ၆။ | လှိုင်းခွပ်သံ | ၉၉ |
| ၇။ | သိလိုက်ရပါသည် | ၁၂၁ |
| ၈။ | သူ၏ မာန် | ၁၃၆ |
| ၉။ | သူဘဝတစ်နေရာ | ၁၅၄ |
| ၁၀။ | ကျွန်မ၏ ငိုသံ | ၁၇၂ |

၁၁။ ရင်ခုန်စရာ ၁၉၁
၁၂။ သူနဲ့ ကျွန်မ ၂၀၃
၁၃။ ရုပ်ပုံလွှာတချို့ ၂၂၂
၁၄။ ချစ်မိသူ၏ အပြုံး ၂၃၇
၁၅။ သူ၏ နေရာ ၂၅၄
၁၆။ နေ့ထူးရက်တစ်ရက် ၂၇၁
၁၇။ သူရောက်လာပြီး ၂၈၆
၁၈။ ကျွန်မထံသို့ ၂၉၈
၁၉။ ချစ်မိသူထံသို့ ၃၁၆
၂၀။ စီးတော်မြင်းက စုတ်သီစုတ်ချာ ၃၃၈
၂၁။ ချစ်သူမောင်နဲ့ ပန်းတော်ကုံး ၃၅၀
၂၂။ ချစ်သူမောင်အား လွမ်းရက်တစ်ထွာ ၃၇၃
၂၃။ အရိပ်လွှာ ၃၈၀
၂၄။ ငိုချင်သော်လည်း မငိုပါ ၄၀၈

# စာရေးသူ၏ အမှာစာ

စာချစ်သူအပေါင်းတို့ခင်ဗျာ ကျွန်တော်၏ "စနစ်ရိုင်းကို ဆန့်ကျင်သူ" ဟု ခေါင်းစဉ်တပ်ကာ နိုင်ငံရေးအယူအဆ၊ လက်ရှိ ကာလအခြေအနေများနှင့် ရောစပ်ကာ ဝတ္ထုဟုမဆိုသာသော်လည်း ထိုစာအုပ်ထဲပါ အကြောင်းအရာများသည် ၂၀၁၀မှ ၂၀၁၅ ကာလ အတွင်းနဲ့ အတိတ်က အရိပ်တချို့ပါ တွဲစပ်၍ ပုံဖော်ထားခြင်း ဖြစ်ပါသည်။

၄င်းစာအုပ်၌ အမိမြန်မာပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရုပ်ပုံလွှာတချို့နဲ့ ပြည်သူ့ပါတီ ဖြစ်တည်ကစ၍ ရုပ်ပုံလွှာတချို့ကို လှန်၍ ကျွန်တော်၏ အမြင်သဘောထား၊ ယူဆထားသည့် အယူအဆများ ပုံဖော်ထားသည့် ကဗျာ၊ သုတေသနမဟုတ်တဲ့ စာတမ်းတို့အား စာချစ်သူ လူထုထံသို့ တင်ပြဆွေးနွေးထားခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ အဓိကဇာတ်ကောင်မှာ နိုင်ငံရေးလုပ်သား ပုဂံသားနှင့် ပါရမီဖြည့်ပေးတဲ့ ဇာတ်ကောင်အမျိုးသမီး ခင်ဆင့်မေ တို့ကို ဖန်ဆင်းပြီး ဆန့်ကျင်ဘက်ဖြစ်တည်နေတဲ့ ဘက်နှစ်ခု၏ ဟာကွက်ပျော့ကွက်နဲ့ လူထုဘဝ၏ ရုပ်ပုံလွှာတချို့ကို ပုံဖော်ကာ (၂၀၀၈) ကွင်းပေါ်က နိုင်ငံရေးရုပ်ပုံလွှာကို ဝတ္ထုတစ်ဖွယ် ရေးဖွဲ့ ထားခြင်း ဖြစ်ပါသည်။

ကျွန်မ၏ ချစ်ခင်မြတ်နိုးသူသည် (၁) ငွေကြေးနေ ကြွယ်ဝချမ်းသာနေသူလား၊ (၂) ပညာဂုဏ်သတင်း ကျော်ဇောနေသူလား၊ (၃) စိတ်ထားကောင်း၍ အသိတရား ကြွယ်ဝနေသူလား။ ထိုသုံးမျိုးထဲမှ ကျွန်မသည် ဘယ်လိုလူစားမျိုးကို ရွေးမှာလဲ၊ တောင်ကျရေပမာ ကျွန်မကိုယ်ကျွန်မအား မေးနေမိပါသည်။ အဖြေကတော့ ယနေ့၊ အသက်က (၃၅) အပျိုဟိုင်းလေးဖြစ်မှ ကျွန်မထံ၌ အဖြေတစ်ခု ထွက်ပေါ်လာပါသည်။ ကျွန်မ၏ အပြုံးတွေနဲ့အတူ ကျွန်မ၏စက္ကူအိမ်ရှေ့မှာ ဝေပာင်ကို တောင်ပံခတ်ကာ ဆော့ကစားနေသည့် ကျေးငှက်အပေါင်းတို့ကို တိုင်တည်၍ "အိုလောက ကျွန်မ၏ နှလုံးသားစေ့ဆော်သံက စိတ်ထားကောင်း၍ အသိတရား ကြွယ်ဝနေသူ။ ထိုယောကျ်ားအား ကျွန်မထံသို့ ပို့ဆောင်ပေးပါလော့ဟု" စိတ်ထဲ၌ ဟစ်ကျူးလိုက်တော့သည်။ သို့သော် ကျွန်မဘဝအတွက် မျော်လင့်မိသူမှာ ယနေ့ထက်တိုင် ကျွန်မ၏ ဘဝဖြတ်သန်းမှု ရုပ်ပုံလွှာများကြားဝယ် သူလိုလူစားအား မတွေ့ခဲ့ဖူးပေ။ မကြာမီ စုံမက်ဖို့ မျော်လင့်စောင့်စားနေဆဲဟု မိန်းမသား၏ သိက္ခာနဲ့ အရှက်တရားကို လွှာချ၍ ဝန်ခံမိတော့သည်။

ကျွန်မသည် ထိုပြတင်းပေါက်ဝမှ နောက်တစ်ကြိမ် မိုးကောင်းကင်ထက်မှ ကျလာတဲ့ မြူနှင်းမှုန်လွှာများကြားဝယ် တောင်ပံခတ်ကာ စိန်ခေါ်အံတု၍ ဆော့ကစားနေကြသည့် ကျေးငှက်အပေါင်းတို့အား "ကျွန်မ၏ ဘဝအဖော်၊ ကျွန်မ၏ ချစ်သူမောင်အား ရှာဖွေပေးပါလော့" ဟု ကျွန်မ၏ နှုတ်ဖျားမှ ဟစ်ကျူးလိုက်တော့သည်။

ကျွန်မသည် သတင်းစာကို ဖတ်လိုက်သည့်အခါ ကျွန်မ၏ စိတ်လှိုင်းကလေးများ တအံတဩဖြစ်ကာ မျက်လုံးများ ဝိုင်းပ

သွားသည်။ သတင်းစာမျက်နှာပေါ်၌ ကျွန်မတွေ့လိုက်ရသည်မှာ ၂၀၁၀ ခုနှစ် ရွေးကောက်ခံ လက်ရှိသမ္မတကြီး စစ်သားလူထွက် ဦးသိန်းစိန်နှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့သည် သမ္မတအိမ်တော်၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ ဓာတ်ပုံအား နောက်ခံပြု၍ နှုတ်ဆက်နေကြသည့် မြင်ကွင်းဓာတ်ပုံ ပန်းချီကားကြီးကြောင့် အံ့ဩနေမိပါသည်။ ကျွန်မတို့နိုင်ငံ၌ ဘာတွေဖြစ်ခဲ့သည်ကို မသိခဲ့ပေမယ့် ယခုဘာတွေ ဖြစ်လာမလဲဆိုတာကို ကျွန်မသိချင်လာတော့သည်။

နောက် မကြာမီ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် သတင်းများသည် သတင်းစာမျက်နှာပေါ်၌ ပေါ်လာပါသည်။ ၎င်းသငင်းများနဲ့အတူ ထိုကြားဖြတ်ရွေးကောက်ပွဲသို့ NLD ပါတီ၏ ရွေးကောက်ပွဲ ဝင်ရောက်မည့် သတင်းများကိုပါ တွဲ၍ တွေ့နေရပါသည်။

ထိုသတင်းများ သဲသဲညံ၍ မကြာပါ။ NLD ပါတီ၏ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ပြိုင်မည့် သတင်းစကား သည် လူထုထံသို့ ဟိန်းထွက်လာပါတော့သည်။

မနက်ဖြန် ကျွန်မတို့ နိုင်ငံ၌ NLD ပါတီမှ ဝင်ရောက်ယှဉ် ပြိုင်မည့် ကြားဖြတ်ရွေးကောက်ပွဲ ရှိနေသည်။ ဒါပေမယ့် ကျွန်မတို့ မြို့နယ်၌ အမတ်လောင်း လစ်လပ်နေရာမရှိ၍ ကျင်းပမှုမရှိခဲ့ပေ ရွေးကောက်ပွဲအောင်နိုင်ရေး စည်းရုံးမှုသတင်းများကို ဖေဖေထံမှ သိခဲ့ရသည်။

ဒီနေ့ည ကျွန်မတို့သားအဖနှစ်ဦး၏ ထမင်းစားဝိုင်း၌ ထူးခြား လှသည်။ ကျွန်မ၏ တစ်သက်တာ၌ ထမင်းစားနေရင် စကား မပြောဖူးသည့် ကျွန်မ၏ ဖေဖေသည် သမီးဖြစ်သူ ကျွန်မအား ဆိုင်းမဆင့် ဗုံမဆင့်ဆိုသလို -

"ဖေဖေ NLD ပါတီအား အလုပ်အကျွေးပြုပါရစေ"

ကျွန်မသည် ထမင်းစားနေရာမှ ဖေဖေအား မော့ကြည့်ကာ မျက်လုံးလေးများ ဝိုင်းပသွားခဲ့ရသည်။ သားအဖနှစ်ဦးကြား၌ ခွင့်တောင်းမှုသည် ပထမဆုံးအကြိမ်ဖြစ်၍ အမှတ်တမဲ့အားဖြင့် ဘာပြန်ပြောရမလဲ ဖြစ်သွားခဲ့လေသည်။ ကျွန်မသည် အံ့ဩခြင်းများစွာဖြင့် ဘာရယ်မသိ ညင်သာသော အပြုံးဖြင့်

"ဖေဖေဆန္ဒအတိုင်း ပြုလုပ်ပါ ဖေဖေ"

ဟု ပြောလိုက်မိပါသည်။ ဖေဖေသည် ချိုသာသော အပြုံးတွေကြားမှ ကျွန်မအား

"ကျေးဇူးတင်ပါတယ် သမီး"

ဆက်၍ ဖေဖေက

"မနက်ဖြန် ရွေးကောက်ပွဲမှာ လူထုသည် တော်လှန်ရေး တစ်ရပ်ပမာ NLD ကို မဲပေးကြမယ်လို့ ပုဂံသားက အခိုင်အမာ ပြောလိုက်တယ်သမီး။ ဒါကြောင့် ဖေဖေတော့ မနက်ဖြန်ကို ရောက်ချင်နေမိတယ်"

ဖေဖေသည် ပြောပြောဆိုဆို ထမင်းဝိုင်းမှ ထသွားပါတော့သည်။

ကျွန်မသည် ဖေဖေ၏ အပြုံးတွေကို အံ့ဩစွာဖြင့် ငေးကြည့်ရင်း ကျွန်မ၏ စိတ်ထဲ၌ စကားတွေအများကြီး ပြောလိုက်မိပါသည်။ ကျွန်မသည် ဖေဖေရဲ့ဆန္ဒ၊ ဖေဖေရဲ့အယူအဆတို့အား ကန့်ကွက်ဟန်တားစရာမရှိဟု ခံယူထား၍ ဖြစ်ပါသည်။ ဘာကြောင့်လဲဟုဆိုသော် သားအဖတော်စပ်နေခြင်းကြောင့် မဟုတ်ပါ။ ကျွန်မ၏ စိတ်သဏ္ဌာန်၌ ခံယူထားမှုပုံသဏ္ဌာန်သည် ရိုးရှင်းလှပါသည်။ (လူဆိုတာ စေခိုင်းခံသတ္တဝါ မဟုတ်ဟု ယုံကြည်ထားပါ

သည်။ လူသားဆိုင်ရာ ကိုယ်ပိုင်အခွင့်အရေးတွေ ရှိပါသည်။ ကိုယ်ပိုင်စွမ်းဆောင်နိုင်သည်။ အသိစိတ်ဓာတ်ရှိပါသည်။ မိမိ၏ ဆန္ဒစေ့ဆော်မှုသည် မိမိ၏ဘဝကို ဦးဆောင်နေခြင်းဟု ယုံကြည်ပါသည်။) ဒါကြောင့် ကျွန်မသည် တခြားလူသားတစ်ဦးအား အမိန့်၊ ဩဇာ၊ အာဏာဖြင့် ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရဟု ကန့်သတ်ချုပ်ချယ်မှုကို မုန်းတီးရွံ့ရှာမိပါသည်။ ကျွန်မသည် အမိန့်ပေးတာထက် အသိပညာပေးဆွေးနွေးခြင်းကို တန်းဖိုးထားမြတ်နိုးမိကြောင်း ဝန်ခံပါသည်။ ၄င်းစိတ်နေစိတ်ထားများကြောင့်ပင် ကျွန်မတို့၏ သားအဖနှစ်ဦးကြား၌ အပြန်အလှန်နားလည်မှု အသိစိတ်ဓာတ်ကို တည်ဆောက်၍ သင်ကြားဆွေးနွေးမှုဖြင့် ကျွန်မအား ထိန်းကျောင်းပေးခဲ့ပါသည်။ ဒါကြောင့် ကျွန်မ၏ ဘဝတွင် ဖေဖေသည် စံနမူနာပြု လေးစားရသူအဖြစ် ကြည်ညိုခဲ့ပါသည်။ ယခုအခါ ဖေဖေ၏ နှုတ်ဖျားမှ သူစိမ်းတစ်ယောက်၏ အကြောင်းကို သမီးဖြစ်သူ ကျွန်မအား ပြောခဲ့သည်မှာ ပထမဆုံးဖြစ်နေသည်။ ဖေဖေပြောလိုက်သည် ပုဂ်သားသည် ဘယ်လိုလူစားလဲ ကျွန်မစိတ်ဝင်စားနေမိသည်။ ကျွန်မ၏ ဒီညအိပ်စက်ခြင်း၌ အတွေးစတွေကို ညင်သာစွာဖြတ်နိုင်မှ အိပ်စက်နိုင်တော့မည် ဖြစ်ပါသည်။

နံနက်ခင်း၏ အလှတရားကို ကျွန်မတို့ အနီးအနားရှိ ဆင်ခြေဖုံးရပ်ကွက်စုလေးမှ NLD ပါတီ၏ ရွေးကောက်ပွဲ အောင်နိုင်ရေးသီချင်းသံဖြင့် ဆီးကြိုလိုက်ကြသည်။ ယနေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကြီးကို သက်ဆိုင်ရာမြို့နယ်များ၌ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြသည်။ ဖေဖေသည် NLD ပါတီ၏ ကြားဖြတ်ရွေးကောက်ပွဲ အောင်နိုင်ရေးသတင်းကို အိမ်၏ ဧည့်ခန်း၌ စာဖတ်နေရင်း မျှော်လင့်စောင့်ဆိုင်းနေသည်။

ကျွန်မ ဖတ်လိုက်ရသည့် ဂျာနယ်များမှ သိလိုက်ရသည်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ပွဲအောင်နိုင်ရေး စည်းရုံးလှုပ်ရှားမှု ရုပ်ပုံလွှာများပင် ဖြစ်ပါသည်။ လူထု၏ လက်ခုပ်သံများသည် သဲသဲညံနေသောကြောင့် လူထုခေါင်းဆောင်ကြီးအား လူထုမှ ထွက်ရောက်ကြိုဆိုမှုကို တွေ့ရသည်မှာ အံ့ဩလောက်အောင် များပြားလှပါသည်။

ကျွန်မသည် ဖေဖေဝယ်ဖတ်သည့် သတင်းစာနှင့် ဂျာနယ်များကို ယူဖတ်ရင်း လူထုခေါင်းဆောင် ဒေါ်ဆောင်ဆန်းစုကြည်ထံမှ သင်ကြားခွင့်ရလိုက်သည်မှာ လူထုခေါင်းဆောင်ကြီးမှ မရပ်မနား တဖွဖွပြောကြားခဲ့သည့် တရားဥပဒေ စိုးမိုးရေးအသံပင်ဖြစ်နေပါသည်။ တခြားစာမျက်နှာပေါ်၌ တွေ့ရသည်မှာ နိုင်ငံတဝန်း၌ တရားဥပဒေမဲ့ လုပ်ရပ်နဲ့ ဖြစ်ရပ်ဆိုးများသည် မရပ်မနားသဲသဲညံနေသည်ကို တွေ့ရပါသည်။ ဘာကြောင့် ဖြစ်နေတာလဲဆိုသည့် ပြဿနာကို ကျွန်မသည် ဝေခွဲနိုင်စွမ်းမရှိဟု ဝန်ခံရပါမည်။ ထိုအချိန်၌ ကျွန်မသည် ဖေဖေပြောခဲ့သော စကားကို ကြားယောင်လာမိသည်။ 'နိုင်ငံသားတစ်ဦး၏ အဓိက တာဝန်သည် နိုင်ငံသား ဝတ္တရားကျေပွန်ရခြင်းပင် ဖြစ်သည်' ထိုအချိန်က ဖေဖေပြောခဲ့သည့် ထိုစကားရပ်အား နားထောင်ခဲ့သော်လည်း အတိမ်အနက်ကို နားမလည်တာထက်၊ စိတ်ဝင်စားမှု နည်းခဲ့ပါသည်။ ယခုသိရှိရန် စိတ်ဝင်စားလာပါသည်။

ကျွန်မ၏ ဖေဖေသည် အငြိမ်းစားပါမောက္ခအဖြစ် ရပ်တည်လာပြီးနောက် ဖေဖေ၏ အနေအထိုင်နှင့် အမူအကျင့် ပြောပုံဆိုပုံနဲ့ တွေးခေါ်ယူဆပုံကအစ ယခင်ထက်မတူ ပြောင်းလဲနေတာကို တွေ့နေရသည်။ ကျွန်မတို့ အိမ်ယာဝင်းထဲရှိ ဓမ္မာရုံသို့ သွားလာ

မှုပင် ကျဲ၍ကျဲ၍ လာနေသည်ကို တွေ့ရပြီး နိုင်ငံရေးအသိုင်းအဝိုင်းရှိ မိတ်ဆွေများရှိရာသို့ အသွားစိတ်လာသည်ကို တွေ့ရသည်။ ကျွန်မတစ်သက်တာ၌ ဖေဖေထံမှ ကျွန်မတစ်ယောက် မတွေ့ခဲ့ရဖူးသည့် အပြုံးတွေကို ဖေဖေထံမှ လွင့်ထွက်သွားမှာကို စိုးရိမ်နေမိပါသည်။

၄င်းစိုးရိမ်စိတ်ကလေးများနှင့်အတူ ကျွန်မသည် NLD ပါတီ၏ ပြည်သူထံသို့ ကတိစကား (သုံး) ခွန်းသည် ကျွန်မ၏ အသိစိတ်ပေါ်သို့ လွမ်းမိုးသွားခဲ့သည်။ ၄င်းကတိစကားသည် (၁) တရားဥပဒေစိုးမိုးရေး၊ (၂) ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးတို့ ဖြစ်သည်။ ကျွန်မ နားမလည်သော်လည်း ဖြစ်ထွန်းလာဖို့ မျှော်လင့်နေမိသည်။

ကျွန်မ၏ ထိုအတွေးဆများကို ဖြတ်၍ ညေ့ခန်းရှိ ဖေဖေကို လှမ်းကြည့်လိုက်သည့်အခါ ကွန်ပျူတာဖြင့် ရိုက်နှိပ်ထားသည့် စာရွက်များကိုကိုင်ကာ စာဖတ်နေရင်း ဖေဖေမျက်နှာပြင်ပေါ်၌ အပြုံးတစ်စစ၊ ခေါင်းတညိမ့်ညိမ့်ဖြင့် တဖြတ်ဖြတ် တလတ်လတ် လင်းလက်နေသည့် ပီတိလှိုင်းကြက်ဖလေးများကို တွေ့လိုက်ရသည်။ ထိုအပြုံးတွေရဲ့နောက်က ဖေဖေလက်ထဲ ဖတ်နေသည့် စာရွက်များကို စိတ်ဝင်စားမှု ပြင်းထန်လာပါသည်။ ၄င်းစိတ်မှ သိချင်စိတ်က ဘာအကြောင်းတွေလဲဟု မေးလာမိပါသည်။ ထိုမေးခွန်းက ကျွန်မ၏ စိတ်ကိုပြန်၍ စေ့ဆော်နေမိပါသည်။ ၄င်းစိတ်ကပင် ဖေဖေပြီးလျှင် ကျွန်မဖတ်ကြည့်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

## ဒီမိုကရေစီသို့ (၁)

(၁၉၈၈.၈.၈) လူထုအရေးတော်ပုံကြီးမှ အစပြု၍ ဒီမိုကရေစီအင်အားစုတွေ စုပေါင်းထမ်းပိုးထားသည့် ပြည်သူ့ပါတီ၊ လူထုနှလုံးသားထဲက ဖွားအံ့ထားသည့် ပြည်သူ့ပါတီ၊ ယနေ့ထက်တိုင် မြန်မာ့လူအဖွဲ့အစည်းကြားတွင် နှစ်ပေါင်း (၆၀) ကျော်ဖြစ်တည်နေကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၏ လွတ်မြောက်ရေး တိုက်ပွဲသံများသည် လှုပ်ရှားသက်ဝင်နေကြသည်။ ဒီမိုကရက်တစ်ဖက်ထရယ် ပြည်သူ့ပါတီကြီးကိုဗဟိုပြု၍ အားထားမျှော်လင့်ကာ ဝိုင်းရံခဲ့ကြသည်။ တစ်ဖက်စာမျက်နှာ၌ အမျိုးသားညီညွတ်ရေး စိတ်ဓာတ်ကို ဖျက်ဆီး၍အာဏာရှင်စိတ်ဓာတ် ယဉ်ကျေးမှု အတွေးအခေါ်နှင့်အတူ အစွန်းရောက် အတ္တဝါဒကို သက်ဝင်ရိုက်သွင်းကာ လူယဉ်ကျေးမှုစိတ်တံခါးချပ်များကို ရိုက်ချိုးဖျက်ဆီးနေကြသည်။

ပြည်သူ့ပါတီ၏ နိုင်ငံရေးယဉ်ကျေးမှုသည် ၄င်းဝါဒ စစ်ဆင်ရေးနှင့် ဆန့်ကျင်ဘက်၌ တည်ရှိနေသည်။ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုစနစ်တစ်ခု ရှင်သန်ဖြစ်ထွန်းရေး၏ ရှေ့ဆောင်လမ်းပြကြယ်ကြီးအဖြစ် ရပ်တည်လှုပ်ရှားနေသည်။ ပြည်သူနှင့် တစိတ်တစ်ဝမ်းထဲ ထပ်တူကြအောင် ပြည်သူ့ရှေ့မှ စွန့်လွှတ်အနစ်နာခံကာရပ်တည်ခဲ့ကြသည်။ သို့သော် ဘက်တစ်ဘက်ရှိ ယန္တယားစုမှ အသာတကြည် ထိုင်၍ ကြည့်မနေခဲ့ပေ။ ပြည်သူ့ပါတီဝင်တို့နှင့် ဒီမိုကရေစီအင်အားစုတို့၏ ဒီမိုကရေစီ စိတ်ဓာတ်နှင့် ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုတို့၏ လှုပ်ရှားသက်ဝင်ဟန် မာန်များကို အမြွှေဗိုလ်ကျဖြိုခွဲနေကြသည်။

၄င်းအင်အားစုတို့၏ တစ်ဖက်သတ် အမြွှေအကြမ်းဖက်နင်းချေသံအောက် ပြည်သူ့ပါတီဝင်တို့သည် သွေး၊ ချွေး၊ ဝိညာဉ်

နှင့် ဘဝတွေကို ပမာနမပြုဘဲ ပြည်သူ့ပါတီ၏ အလံတော်ကို မြေသို့မကျ မခရလေအောင် ထုဆစ်ကာရံခဲ့ကြသည်မှာ တစ်ဗိုလ် တက်၍ တစ်ဗိုလ်ဆင်းကာ မရပ်မနား မကြောက်မရွံ့ဘဲ တိုက်ပွဲ ဝင်ခဲ့ကြသည်။

ပြည်သူ့ပါတီနှင့် ပြည်သူ့ပါတီဝင်တို့၏ ဒီမိုကရေစီအရေးဆို တိုက်ပွဲတစ်လျှောက်၊ အဓမ္မဗိုလ်ကျမှုကို၊ မကြောက်မရွံ့၊ ကြံ့ကြံ့ ခံနိုင်မှု စွမ်းရည်၊ အရှုံးမပေး ပန်းတိုင်သို့အရောက် ချီတတ်နေ သည်။ စိတ်ဓာတ်အားမာန်တို့ကို အတ္တဝါဒီအာဏာရှင်တို့သည် ငြိမ်သက်စွာ လက်ပိုက်၍ ကြည့်မနေခဲ့ပေ။ ဒီမိုကရေစီ တော်လှန် ရေးအင်အားစုထဲသို့ ထောင်ကျည်ဆံ၊ ခဲကျည်ဆံ၊ ငွေကျည်ဆံ ဆိုသည့် ၄င်းကျည်ဆံမိုးများကို တရဇော် ရွာသွန်းရင်း စိတ်ဓာတ် ကွဲပြားရေး မဟာဗျူဟာလက်နက်ကိုပါ ကိုင်ဆွဲ၍ ဖြိုခွင်းခဲ့ပါ သည်။

သို့သော် ဒီမိုကရေစီသူရဲကောင်းတို့သည် တစ်ဗိုလ်ဆင်း၍ တစ်ဗိုလ်တက်ကာ ယုံကြည်ချက် မဟာတံတိုင်းကို ကြံ့ကြံ့ ခိုင် ကိုင်ဆွဲ၍ ပန်းတိုင်ဆီသို့ ချီတက်နေကြသည်။

အာဏာရှင်တို့၏ စစ်ဗျူရိုကရက်ယန္တယားကြီး ရှင်သန်နေသ ၍ ပြည်သူလူထုဘဝသည် နင်တံအောက်မှ ဘဝပမာ လူးလွန့်ရုန်း ကန်နေရပါသည်။ ၄င်းလူအဖွဲ့အစည်းကြီး၌ စာရိတ္တတံတိုင်းကြီး ကျိုးပဲ့ပျက်ဆီးမှုဒဏ်ကို ခါးစီး၍ ခံနေရမည့် နောက်ဆက်တွဲ ဆားထွက်ဆိုးကျိုးသည် နိုင်ငံ၏ 'အနာဂတ်' ပျက်စီးနေခြင်းပင် ဖြစ်ပါသည်။ ပြည်သူ့ပါတီ၌ အတ္တဝါဒီတို့၏ ပစ်သွင်းလိုက်သည့် ငွေကျည်ဆံ၊ နေရာ၊ လုပ်ပိုင်ခွင့်တို့၏ စစ်ဆင်ရေးအောက်ဝယ် ဒီမိုကရေစီအင်အားစု တချို့သည် ကျဆုံးခဲ့ကြသည်။ ၄င်းပစ်လွှတ်

လိုက်သည့် စစ်ဆင်ရေး၏ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးကြီးကို ပြည်သူ့ပါတီကြီးက ထမ်းပိုးခံလိုက်ရသည်။ ၎င်း၏ ဘေးထွက်ဆိုးကျိုးသည် (၁) အုပ်စုဖွဲ့လှုပ်ရှားခြင်း၊ (၂) ပါတီတွင်း၌ အုပ်စုအင်အား ပြိုင်ဆိုင်မှု ဖြစ်ပေါ်လာခြင်း၊ (၃) ဒီမိုကရေစီအင်အားစုတို့ စည်းရုံးမှုပြိုကွဲခြင်းပင် ဖြစ်သည်။ ၎င်းဖြစ်စဉ်သည် ပြည်သူ့ပါတီ၏ ပုံသဏ္ဌာန်သဘောသဘာဝအရ ဖြစ်တည်ခြင်းဟု အပြည့်အဝမယူဆထားလိုပေ။ ထပ်မံယူဆရလျှင် လူတစ်ဦးချင်း၏ အတ္တကို ဖော်ထုတ်အသုံးချသည့် စစ်ဗျူရိုကရက်ယန္တယားထံမှ အစီအစဉ်ကျကျ ပစ်လွှတ်လိုက်သည့် (၁) ပါတီအင်အား ဖြိုခွဲခြင်း၊ (၂) ပါတီ၏ အန္တိမပန်းတိုင် ပျက်သုဉ်းခြင်း (၃) ဒီမိုကရေစီအရေးတော်ပုံကြီး ကျဆုံးခြင်းတို့ ဖြစ်သည်။

ပြည်သူ့ပါတီ၏ ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖွံ့ဖြိုးမှုအရှိန်အားကောင်းလာသည်နှင့်အမျှ စစ်ဗျူရိုကရက် ယန္တယားမှ ပစ်လွှတ်နေသည့် ငွေကျည်ဆံနဲ့အတူ စိတ်ဓာတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးလက်နက်သည် အားအင်ပြင်းပြင်း ထိုးဖောက်စိမ့်ဝင်နေသည်ကို တွေ့ရပါလိမ့်မည်။ ၎င်းသက်ဝင်ဖြစ်ထွန်းလာမှု၏ ဘေးထွက်ဆိုးကျိုးသည် ပြည်သူ့ပါတီတွင်း၌ ဖြစ်တည်လာနိုင်သည်။

(၁) ပြည်သူ့ပါတီတွင်း၌ ခိုင်မာသည့် အင်အားစုများ ပွဲထွက်လာနေခြင်း။

(၂) အုပ်စုဖွဲ့ ဝင်ရောက်ချဲ့ထွင်မှုသည် ပြည်သူ့ပါတီ၏ အမာခံအင်အားစုများ စည်းအပြင်သို့ ရောက်ရှိနေခြင်း။

(၃) ပြည်သူ့ပါတီအတွင်းမှ သစ္စာဖောက်သူနှင့် အုပ်စုဖွဲ့ဝင်ရောက်လာသည့် အင်အားစုများ ချိတ်ဆက်စုစည်းကာ ပြည်သူ့ပါတီကို ပုံသဏ္ဌာန်ပျက်အောင် ဝါးမျိုနေခြင်း။

(၄) ပြည်သူ့ပါတီ၏ ဂုဏ်သိက္ခာကို ခုတုံးပြုလုပ်၍ ကိုယ်ကျိုး ရှာဖွေသူများ ဝင်ရောက်လာမည့် အန္တရာယ်ကို ထမ်းပိုးရဖွယ် ရှိနေသည်။

ငင်းပြဿနာရပ်များ ပါတီတွင်း၌ ဖြစ်ပေါ်လာလျှင် ၎င်း၏ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးသည် -

(က) ပြည်သူ့ပါတီ၏ အမာခံအင်အားစုများ ဆုတ်ယုတ်ခြင်း
(ခ) ပြည်သူ့ပါတီ၏ အန္တိမပန်းတိုင် လွဲချော်နိုင်ခြင်း
(ဂ) ပြည်သူနှင့် ပြည်သူ့ပါတီတို့သည် တထပ်ထဲ မကျလာခြင်း
(ဃ) ပြည်သူမှ ပြည်သူ့ပါတီဝင်တို့အပေါ် လေးစားယုံကြည်မှု အားနည်းလာခြင်း
(င) ပြည်သူလူထုသည် ပြည်သူ့ပါတီထက် လူထုခေါင်းဆောင် အပေါ်၌သာ ယုံကြည်မှုရှိလာခြင်းတို့ ဖြစ်သည်။

၎င်းရုပ်ပုံလွှာများသည် ဖက်ထရယ်ဒီမိုကရက်တစ် ပြည် ထောင်စု နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် အန္တရာယ်အဖြစ် ယူဆမိ ပါသည်။ ဘာကြောင့်လဲ။ ၎င်းသက်ဝင်ဖြစ်ထွန်းလာမှု၏ အနာဂတ် ကာလ၌ ပြည်သူလူထု တစ်ရပ်လုံးနီးနီး ဝိုင်းရံထားကြသည့် ဗဟိုပြုလုပ်ရှားမှု အဆောက်အအုံကြီး ပြိုကျပျက်စီးသွားနိုင်ခြင်း ကြောင့် ဖြစ်ပါသည်။

ဒီမိုကရေစီအရေးတော်ပုံ၏ ပင်မယန္တယားကြီး ဖြစ်သည့် ပြည်သူ့ပါတီကို ဝိုင်းရံခွင့်နှင့် ဝိုင်းရံမှု လိုအပ်နေပါသည်။ ဝိုင်း ဝန်းခွင့်နှင့် ဝိုင်းထမ်းပိုး၍ တည်ဆောက်ရပါမည်။ ပြည်သူ့ပါတီမှ ဒီမိုကရေစီနိုင်ငံရေစနစ်ကို တည်ဆောက်ဖို့ ဟစ်ကြွေးချီတက် နေပါသည်။ သို့သော် ပြည်သူ့ပါတီဝင်အများစုသည် ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှု သဘောတရားကို သင်ကြားကျင့်သုံးမှု

အားနည်းကင်းမဲ့နေသည်အထိပင် တွေ့မြင်နေရသည်။ ၄င်းဖြစ်စဉ်ဖြစ်ရပ်များမှ ဖြစ်ထွန်းလာသည့် ပါတီတွင်း၌ တွေ့ရသည်မှာ…

(၁) အပြန်အလှန် လေးစားမှု အားနည်းခြင်း၊

(၂) အပြန်အလှန် ထိန်းကျောင်းမှု ကင်းမဲ့ခြင်း၊

(၃) ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊

(၄) မတူကွဲပြားမှုကို လက်ခံလေးစားမှု အားနည်ခြင်း၊

(၅) ပါတီ၏ မူဝါဒအား နူးညံ့စွာ ချိုးဖောက်နေခြင်းတို့ဖြစ်သည်။

၄င်းပြဿနာရပ်များမှ ဆိုးမွေသည် ပြည်သူ့ပါတီနှင့် ပြည်သူလူထုတို့၏ ထိတွေ့မှုကြား၌ ထိစပ်မှု နွေးထွေးမှုတို့သည် ပို၍ပို၍ အားနည်းလာခြင်းပင် ဖြစ်သည်။

ပြည်သူ့ပါတီ၏ သက်ဝင်ဖြစ်ထွန်းနေပုံကို ဆန်းစစ်သုံးသပ်ကြည့်ပါစို့။ ပြည်သူ့ပါတီနှင့် ပြည်သူလူထုအကြား၌ ထိတွေ့ဆက်ဆံမှု အားနည်းလာသည်ကို တွေ့ရှိရသည်။ ပြည်သူ့ပါတီဝင်များသည် ပြည်သူလူထုကြား၌ ဒီမိုကရေစီစံများကို စံပြလှုပ်ရှားမှု၊ ရုပ်ပုံလွှာများ ဖော်ဆောင်နိုင်မှု အားနည်းနေသည်ကို တွေ့ရသည်။ ပါတီတွင်းနဲ့ လူထုကြားတို့မှ သက်ဝင်ဖြစ်ထွန်းမှု ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာမှုသတင်းအချက်အလက်များ စုဆောင်းတည်ဆောက်မှု အားနည်းနေသည်ကို တွေ့ရသည်။ ပြည်သူ့ပါတီဝင်အများစုသည် စာပေလေ့လာမှုနှင့် နိုင်ငံရေးဗဟုသုတများကို လေ့လာလိုက်စားမှု အားနည်းနေသည်ကို တွေ့ရသည်။ သတိပြုအံ့သြစရာကောင်းသည်မှာ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုသင်ခန်းစာကို ပြည်သူ့ပါတီဝင်အများစုသည် လက်ခုပ်တီး၍ အားပေးသော်လည်း နှလုံး

သားမှ ထုတ်ပစ်နေသည်ကို တွေ့ရသည်။ ပြည်သူ့ပါတီဝင်တို့၏ ဒီမိုကရေစီစိတ်ဓာတ် ခိုင်မာရန် တည်ဆောက်မွမ်းမံနေရမည်။ အခြေအနေမှ ပြည်သူ့ပါတီ၏ အန္တိမပန်းတိုင်ဖြစ်သည့် ဒီမိုကရက်တစ် ဖက်ထရာယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အန္တရာယ်အဖြစ် သက်ရောက်နေသည်ကို တွေ့ရသည်။

၄င်းသက်ရောက်မှု လှိုင်းများသည် နိုင်ငံအတွက် လိုအပ်နေသည့် စစ်ဗျူရိုကရက် ယန္တယားကြီး ကျဆုံးရန်၊ အားထုတ်မှုအတွက် အားပျော့ခြင်းနှင့် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်ဟု ယုံကြည်သည်။

ပြည်သူ့ပါတီ၌ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ကာလများ၌ ပြည်သူ့ပါတီဝင် အများစု၏ လှုပ်ရှားသက်ဝင်မှုများသည် ပြည်သူ့ပါတီမှ မူလရည်မှန်ထားသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးနှင့် ပါတီ၏ ချမှတ်ထားသောမူဝါဒများကို လိုက်နာကျင့်သုံးမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။

ပြည်သူ့ပါတီဝင်အများစုသည် ဘုံရည်မှန်းချက်နှင့် ဘုံရန်သူကို ပျောက်၍ ပြည်သူ့ပါတီအတွင်း၌ နေရာနှင့် လုပ်ပိုင်ခွင့်ပြဿနာ၊ အုပ်စုဖွဲ့နိုင်ငံရေး အင်အားစုစည်းမှုပြဿနာ၊ ကိုယ်ကျိုးစီးပွားရှေ့ရှုလာမှု ပြဿနာ၊ ဆရာတပည့်မွေးမှု ပြဿနာနှင့် အနာဂတ်ကာလအတွက် အကြီးမားဆုံး အန္တရာယ်သည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ ကစားကွင်းကြီး၌ နိုင်ငံရေးကို ရေလိုက်ငါးလိုက်ထိုင်ကြမည့် အင်အားစု၊ 'ပြင်ရမှာပေါ့' ဟု လေသံပျော့ပျော့နဲ့ နိုင်ငံရေးအာဏာကို ဆုပ်ယူခြင်းသည် အင်အားစုနှင့် အသစ်ရေးမှ ဖြစ်ရသည့် အင်အားစုတို့သည် ဘက်ပြိုင်မှုပုံသဏ္ဌာန်အဖြစ် တည်ရှိ

နေချိန်၌ ရေလိုက်ငါးလိုက်နှင့် ပြင်မှုဖြစ်မည်ဟု ဟစ်ကြွေးသူတို့၏ ပြင်ဆင်ရေးစကားလုံးအောက် အင်အားကောင်းကောင်း ကြီးထွားခဲ့လျှင် ၄င်းနိုင်ငံရေးကစားကွင်းကြီး၌ ဟန်ရေးပြနိုင်ငံရေး ဇာတ်လမ်းတွဲများကို ရင်ဝယ်ပိုက်ခံစားကြည့်ရှုရမည်ဟု ယုံကြည်သည်။

ပြည်သူ့ပါတီအပေါ်၌ ထားရှိသည့် လူထု၏ အမြင်သဘောထားသည် သတိပြု အံ့သြစွာ တွေ့ရပါလိမ့်မည်။ ပြည်သူ့ပါတီကို လူထုအများစုက မသိပါ၊ ပြည်သူ့ပါတီကို လူထုအများစုက ယုံကြည်မှု အားပျော့လာပါသည်။ လက်ရှိအနေအထားရ ပြည်သူ့ပါတီဝင်တချို့အား ပြည်သူလူထု အများစုက ယုံကြည်အားထားမှု ပျက်ပြားလာသည်ကို တွေ့ရသည်။

ပြည်သူ့ပါတီနှင့် လူထုခေါင်းဆောင်ကြီးကို ခွဲ၍လည်း မသိပါ။ ခွဲ၍လည်း မကြည့်ပါ။ လူထုအများစုသည် ပါတီထက် လူထုခေါင်းဆောင်ကြီးအပေါ်၌သာ အားထားယုံကြည်မှု ရာနှုန်းပြည့် ဖြစ်တည်နေပါသည်။ ထို့ကြောင့် မည်သို့မျှ ငြင်းဆိုးနိုင်စွမ်းမရှိသည့် အကြောင်းအရာသည် ပြည်သူလူထုနှင့် ပြည်သူ့ပါတီသည် လက်တွဲညီညီ ချိတ်ဆက်ဖို့ လူထုခေါင်းဆောင်ကြီးသည် တံတားတစ်စင်း ဖြစ်နေပါသည်။

၄င်းဖြစ်တည်နေမှုသည် ပြည်သူ့ပါတီ၏ အနာဂတ်ကာလအတွက် စိုးရိမ်ဖွယ်ရာ အကြောင်းကိစ္စအဖြစ် ယုံကြည်သည်။ ဒါကြောင့်လဲ မပြီးဆုံးသော နိုင်ငံရေးဖြစ်ပါသည်။ ပြည်သူ့ပါတီ၌ လူထုခေါင်းဆောင်သည် ထာဝရတည်ရှိနေမည် မဟုတ်ပါဟု အထူးသတိပြုစေချင်ပါသည်။ ယခုဖြစ်စဉ်နှင့်မခြား အတိတ်ကာလသည် လူထုခေါင်ဆောင်ကြီး၏ ဖခင်ဖြစ်သည့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်ဆောင်ဆန်းသည် လွတ်လပ်ရေးရအံ

ဆဲဆဲကာလ၌ ကျဆုံးခဲ့ရသည်။ ၄င်းဖြစ်စဉ်၏ ဘေးထွက်ဆိုးကျိုးသည် 'ဖဆပလ' အဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲခဲ့ဖူးပါသည်။ ယနေ့ ပြည်သူ့ပါတီသည် သမိုင်းက သင်ခန်းစာအဖြစ် ပေးခဲ့ဖူးသည့် သမိုင်းသင်ခန်းစာကို သင်ယူဖို့ အချိန်ကာလဟု ယူဆသည်။

စစ်အစိုးရကာလက ဦးဆောင်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ပြုပြင်ရန် (သို့) အသစ်ရေးဆွဲရန် တိုက်ပွဲဝင်စနစ်ပြောင်းလဲရေး အရေးတော်ပုံကာလ ဖြစ်ပါသည်။ သို့သော် ထိုကာလနဲ့ ဆန့်ကျင်ဘက် ယခုဖြစ်ပေါ်နေသော ပုံရိပ်လှိုင်းများသည် ပြည်သူ့ပါတီအတွင်းရှိ ဒီမိုကရက်တစ်အင်အားစုများထံသို့ တိုးဖောက်စိုးမိုးနေသည်ဟု ယူဆသည်။ ယခုအခါ ပါတီအတွင်း၌ ဖြစ်တည်နေသည့် အခင်းအကျင်းများသည် စစ်ဗျူရိုကရက် ယန္တယားစု၏ ခံတပ်နှင့် ခံစစ်လှိုင်းကို မျက်ကွယ်ပြုသည့် အနေအထားကို တွေ့ရပါသည်။ ၄င်းစိတ်အညစ်အကြေးများသည် ပြည်သူ့ပါတီ၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ဖြစ်ထွန်းရေးအတွက် အဓိကရန်သူအဖြစ် ရှိနေပါသည်။

၂၀၁၂ ကာလမှ နောက်ဆက်တွဲ ပါတီညီလာခံသည် ပြည်သူ့ပါတီ၏ အင်အားစုဆောင်းခြင်းနှင့် ပါတီ၏ ခေါင်းဆောင်စုတွေ မွေးဖွားဖော်ထုတ်ခြင်း ဖြစ်သော်လည်း အထူးသတိပြုစရာ ရှိပါသည်။ ပြည်သူ့ပါတီ ရှင်သန်အားကောင်းရေးအတွက် မဖြစ်ထွန်းဘဲ ပါတီ၏ အန္တိမပန်းတိုင်ကို တိုက်စားမည့် အန္တရာယ်လည်း ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ပါတီတွင်း သက်ဝင်လှုပ်ရှားမှုကို စနစ်တကျ ပြန်လည်ပြုပြင်ခြင်း၊ ထိန်းကျောင်းခြင်းကို ပြုလုပ်ထားရန် လိုအပ်နေပါသည်။

ပါတီ၏ အနာဂတ်ကာလထိ ရည်မှန်း၍ အထူးသတိပြုစရာ အချက်တစ်ခုရှိပါသည်။ ပါတီအတွင်းပိုင်းသို့ ပါတီဖျက်ပိုးများ ဝင်လာနိုင်သည့်အတွက် ထိုပါတီဖျက်ပိုးများ အန္တရာယ်မှ ကာကွယ်နိုင်ဖို့ နေရာနဲ့ လုပ်ပိုင်ခွင့်ကို လုံခြုံစွာ ကန့်သတ်ထားနိုင်ရေး ဖြစ်ပါသည်။ ထို့ကြောင့် ပါတီ၏ မူဝါဒဆိုင်ရာရေးဆွဲမည့် ဗဟိုစည်းကို စနစ်တကျ ကာရံထားဖို့ လိုအပ်နေပါသည်။

ပြည်သူ့ပါတီအတွင်း၌ ပါတီဝင်လုပ်သားကောင်းကို အပြန်အလှန်ထိန်းကြောင်းမှု ယန္တယားထဲမှ မွေးထုတ်ရန် လိုအပ်နေပါသည်။ ပါတီဝင်များ၏ သက်ဝင်လှုပ်ရှားမှုအပေါ် ပြည်သူ့ပါတီ၏ မူဝါဒသဘောတရား၊ စည်းကမ်းလိုက်နာမှုများကို တိကျသေသပ်စွာ လိုက်နာသက်ဝင်မှု အားကောင်းဖို့ လိုအပ်ပါသည်။ ပြည်သူ့ပါတီတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ဆရာတပည့် မွေးဖွားခြင်း၊ ပါတီစည်းကမ်းချိုးဖောက်ခြင်းများကို နည်းပါးအောင် ပပျောက်ရန် ပါတီ၏ စည်းကမ်းဥပဒေများကို တိကျလိုက်နာပြုလုပ်ဖို့ အထူးပင် လိုအပ်ပါသည်။ ပြည်သူ့ပါတီအတွင်း၌ အပြန်အလှန်ထိန်းကြောင်းနိုင်မှု၊ အခွင့်အလမ်းများ ရှင်သန်အားကောင်းဖို့ ပြုလုပ်ဆောင်ရွက်ရပါမည်။ ၄င်းလုပ်ငန်းစဉ်များနဲ့အတူ ပြည်သူ့ပါတီအတွင်း၌ သတင်းအချက်အလက်များ ရှာဖွေတည်ဆောက်သည့်အခါ မှန်ကန်မှုရှိဖို့ လိုအပ်ပါသည်။ ၄င်းလုပ်ငန်းစဉ်ကို တိကျခိုင်မာစွာ ဖွံ့ဖြိုးဖို့ ပါတီတွင်း၌ လိုအပ်သည့် ဆင့်ကဲထိန်းချုပ်မှုမှ အဆက်အဆောက်အပြန်အလှန်ထိန်းကြောင်းမှု ပုံသဏ္ဍာန်ကိုတည်ဆောက်၍ အပြန်အလှန်လေးစားမှု သဘောတရားဖြင့် ထိန်းချုပ်ရန် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် လိုအပ်နေပါသည်။

ပြည်သူ့ပါတီအတွင်း၌ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆွေးနွေးဖလှယ်ခြင်း၊ လိုအပ်မှသာလျှင် မဲခွဲဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်ရန် ၎င်းနိုင်ငံရေး ယဉ်ကျေးမှုကို သင်ကြားတည့်မတ်ခြင်းဖြင့် ပါတီဝင်ကောင်းကို မွေးထုတ်ရပါမည်။ ပြည်သူ့ပါတီအတွင်း၌ ပါတီဝင်အင်အား ထောင်သောင်းများစွာ တိုးတက်များပြားဖို့ထက် ပါတီဝင်ကောင်းတစ်ယောက် ဖြစ်ထွန်းဖို့ ပို၍ အရေးကြီးပါသည်။ ပါတီဝင်ကောင်းတစ်ယောက်၏ ဂုဏ်သိက္ခာ ကျယ်ပြန့်မှုနှင့် လေးစားယုံကြည်မှုကို ပြည်သူလူထုရှေ့၌ ဖန်တီးပြနိုင်မှသာလျှင် ပြည်သူ့ပါတီအား လူထုက လက်ခံယုံကြည်ပါလိမ့်မည်။ လေးစားတန်းဖိုးထားပါမည်၊ ယုံကြည်မှုအားကောင်းလာမည်ဟု ယုံကြည်သည်။

ပြည်သူ့ပါတီ၏ အန္တိမပန်းတိုင်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖက်ထရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ဖြစ်ထွန်းရေးတို့ ဖြစ်သည်။ ၎င်းလိုလားချက်များကို ပြည်သူ့ပါတီသည် မပြောင်းမလဲ အရောက်သွားမည်ဟု လူထုက လက်ခံယုံကြည်နေသ၍ ပြည်သူ့ပါတီသည် လူထု၏ အသည်းကြား၌ တည်ရှိနေပါမည်။ ၎င်းရလဒ်ကောင်းများ ရှင်သန်ဖို့ ပြည်သူ့ပါတီမှ ထိပ်တန်းခေါင်းဆောင်များ၏ ထိန်းချုပ်ကွပ်ကဲမှု၊ စီမံခန့်ခွဲမှု၊ လုပ်ထုံးလုပ်နည်းနှင့် ခေါင်းဆောင်မှုလုပ်ရပ်၌သာ အဓိကတည်ရှိနေကြောင်း ယုံကြည်သည်။

၂၀၁၂ ခုနှစ်ကာလမှစ၍ ပြည်သူ့ပါတီအတွင်း၌ အများစုသည် အနည်းစုကို အနိုင်ယူနိုင်သည်။ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုတစ်ခု ဖြစ်သည့် မဲပေးစနစ်ကို အခွင့်ကောင်းယူကာ ညှိနှိုင်းဆွေးနွေးမှု ယဉ်ကျေးမှုတစ်ရပ်ကို နင်းကျော်ကာ အုပ်စုဖွဲ့

မိုလ်လုနေကြသည်။ ၄င်းလုပ်ရပ်ဆိုးသည် ပြည်သူ့ပါတီ၏ ခေါင်းဆောင်မှု မွေးထုတ်ပွဲများတွင် ငွေလမ်းခင်း၍ အုပ်စုဖွဲ့ ပုံသဏ္ဍာန်ဖြင့် နေရာလုတိုက်ပွဲကို ခင်းကျင်းတည်ဆောက်နေသည်ကို တွေ့ရှိနိုင်ပါသည်။ ပြည်သူ့ပါတီအတွက် စိုးရိမ်ဖွယ်ရာသည် ပြည်သူ့ပါတီအတွင်းသို့ တိုးတက်ဖျက်လတ်ပြီး အမျှော်အမြင်ကြီးသူများ ဝင်ရောက်လာမှု နည်းပါးနေခြင်း၊ နိုင်ငံရေးအသိစိတ် ဖွံ့ဖြိုးအားကောင်းသူ၊ ပြည်သူ့ပါတီ၏ မူဝါဒသဘောတရားကို ယုံကြည်တန်ဖိုးထားသူ၊ ပြည်သူ့ပါတီအား စိတ်ရင်းစိတ်ထား မှန်ကန်ထက်မြက်သူများ ပါတီတွင်းသို့ ဝင်ရောက်လာမှု နည်းပါးနေသည်ကို တွေ့ရသည်။ ၄င်း၏ ဆန့်ကျင်ဘက်၊ စိတ်ဓာတ်ရေးရာ ညံ့ဖျင်းအားနည်းသူများတာ အုပ်စုဖွဲ့၍ ဝင်ရောက်လာသည်ကို တွေ့ရသည်။ ၄င်းဖြစ်စဉ် ဖြစ်ရပ်များကြားထဲမှ အံ့သြစွာတွေ့နေရသည်မှာ ပြည်သူ့ပါတီ၏ လိုအပ်ချက်ဖြစ်သည့် အနာဂတ်ပါတီ၏ လုပ်သားကောင်းများမဟုတ်ဘဲ ပါတီ၏ မျိုးဆက်သစ်များဟု ယူဆရန် ခက်ခဲသည်။ သီးခြားပုံရိပ်လှိုင်းများကြားမှ စိတ်ဓာတ်အညစ်အကြေး ခေါက်ရိုးကျိုးနေသူများတာ ပြည်သူ့ပါတီအတွင်းသို့ စိမ့်ဝင်ထိုးဖောက်ကာ နေရာယူလာသည်ကို တွေ့ရပါသည်။

ထိုကြောင့် ၄င်းဖြစ်စဉ်ဖြစ်ရပ်များကို ထမ်းပိုးထားရသည့် ပြည်သူ့ပါတီသည် မြန်မာနိုင်ငံရေး ဇာတ်ခုံပေါ်က အစမ္မနှင့် ဓမ္မ လွန်ဆွဲပွဲ၌ ဘယ်ဘက်ကို ဆွဲကြမှာလဲဆိုသည့် မေးခွန်းတစ်ခုကို မွေးဖွားလာမည်ဟု ယူဆပါသည်။

ဓမ္မစစ်သည်တော်များ တိုးချဲ့ရာတွင် ပြည်သူ့ပါတီအတွင်း၌ တွေ့ကြုံနေရမည့် အဓမ္မစစ်သည်တော်များဟု ပြောဆိုသတ်မှတ်နိုင်သည်။ စာရိတ္တပျက်ယွင်းကြသူများ၊ စည်းကမ်းလိုက်နာမှု

ကင်းမဲ့ကြသူများ၊ ပြည်သူ့ပါတီ၏ ဂုဏ်သိက္ခာကို ခုတုံးလုပ်ကာ ကိုယ်ကျိုးရှာသူများ၊ ဝန်ကြီးရူးများ၊ အမတ်ရူးများ၊ နေရာရူးသွပ်ကြသူများတာ အုပ်စုဖွဲ့ပုံသဏ္ဍာန်ဖြင့် ဝင်ရောက်နေရာယူလာကြသည်ကို တွေ့ရှိရပါသည်။ ၎င်းအခြင်းအကျင်းနှင့် ဖြစ်တည်နေမှုများသည် ပြည်သူ့ပါတီ၏ ဆိုင်းဘုတ်နှင့် အလံတော်အား အဓိက တိုက်စားမည့်အန္တရာယ်ဟု မယူဆပေ။ ပြည်သူပါတီ၏ အန္တိမ ပန်းတိုင်ဖြစ်ကြသည့်

(၁) ပြည်တွင်းငြိမ်းချမ်းရေး
(၂) တရားဥပဒေစိုးမိုးရေး
(၃) ဖက်ထရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ဖြမ်ယွန်းရေးကို့ ဖြစ်သည်။

၎င်းလုပ်ငန်းစဉ်နှင့် မဟာဗျူဟာ၊ မူဝါဒများကို အားပျော့ရန်၊ ပျက်စီးရန်၊ ကြန့်ကြာရန်၊ အချိန်ကို ဆွဲဆန့်ရန် ဗဟိုပြု၍ စနစ်တကျ ဖြိုခွဲ[illegible]ရခြင်းဟု ယူဆမိပါ၍ ပြည်သူပါတီ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်စဉ်များ ပန်းတိုင်မဲ့သွားနိုင်သည့် ကတုတ်ကျင်းများကို ဖယ်ရှားနိုင်ရန် အကြံပြုပါရစေ။

**ပုဂံသား**

ကျွန်မသည် ထိုစာပါအကြောင်းအရာများကို ဖတ်ကြည့်နေသော်လည်း နက်နက်ရှိုင်းရှိုင်း နားမလည်ဘဲ သိလိုက်ရသည်မှာ ကျွန်မတို့နိုင်ငံ၏ နိုင်ငံရေးဆိုတာရယ်၊ ပြည်သူ့ပါတီ၏ အရေးကိစ္စ ဆိုတာကလွဲ၍ ထူးထူးခြားခြား နားမလည်ခဲ့ပေ။ သို့သော် စာရေးသူ ပုဂံသား၏ စေတနာကို အထင်အရှား ခံစားလိုက်ရသည်ဟု ဝန်ခံရင်း နိုင်ငံရေးဆိုတာ ဘာလဲဟု သိချင်လာပါသည်။ နိုင်ငံရေး

ဆိုတာ ဘာလဲနဲ့အတူ ပုဂံသားဆိုတာ ဘယ်လိုလူစားလဲဟု မေးကြည့်လိုက်တဲ့ ကျွန်မ၏ စိတ်ထဲမှပင် သူ၏ စေတနာကို နားလည်လက်ခံနိုင်ပါ့မလား။ ကျွန်မစဉ်စားရင်း မျက်ခုံးလေးသည် အလိုလို တွန့်မိသွားပါသည်။ သူ့အား ဆရာလုပ်သူအဖြစ် ထင်မှတ်ကာ စိတ်ဆိုးကြသူတွေ ရှိလာမည်ဟု ကျွန်မစိတ်ထဲ၌ တရိပ်ရိပ် ထင်ဟပ်လာမိသည်။

ကျွန်မတစ်ယောက် ဘာမှမသိတဲ့ လောကကို သိရှိဖို့ ကျွန်မအတွက် သင်ကြားခွင့်ရလိုက်သည်ဟု ဝန်ခံမိပါသည်။ ထိုအချိန်၌ ကျွန်မကို ကျွန်မပြုံး၍ ပုဂံသားသည် ဘယ်လိုလူစားလဲဟု သိချင်လာမိသည်။ ကျွန်မရင်ထဲမှ သိချင်စိတ်ကို မျိုသိပ်ကာ ဧည့်ခန်းဆီသို့ ထွက်လာခဲ့ပါသည်။ နေမင်းကြီးသည် ကျွန်မအား လက်ပြနှုတ်ဆက်ဖို့ စိုင်းပြင်းနေသည်။ ထိုအချိန်၌ ကျွန်မ၏ ဖေဖေသည် တီဗွီဖန်သားပြင်ရှေ့၌ ထိုင်၍ သတင်းကို ကြည့်ရှုနား ထောင်နေသည်။ ဖေဖေကို တွေ့ရသည်မှာ ပြုံးလို့ရွှင်လို့ တတ်ကြွ ပျော်မြူးနေသည်။ ဖေဖေအနားသို့ ကျွန်မရောက်သွားသည်။ ဖေဖေက "သမီးရေ NLD က ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိသွားပြီ။ "ကျွန်မ ပြုံးလိုက်မိသည်။ ကျွန်မ၏ စိတ်ထဲ၌ ပြေး၍ ကျွန်မ မမြင်ဖူးသည့် ပုဂံသားအား သတိရသွားသည်။

NLD ၏ ရွေးကောက်ပွဲအောင်နိုင်ရေးသည် ကျွန်မရင်ထဲ၌ ဘာခံစားချက်မှ ဖြစ်မလာခဲ့ပေ။ ကျွန်မ ခံစားမိတာသည် ရှေ့ ကာလ၌ ဘာတွေဖြစ်လာကြမှာလဲ။ ထိုမေးခွန်းကိုသာ ကျွန်မကိုယ် ကျွန်မ ထပ်ကာထပ်ကာ မေးမိပါတော့သည်။

□ □ □

# သိချင်မိပါသည်

တိတ်ဆိတ်ငြိမ်သက်လှသော ကျွန်မတို့နေထိုင်ရာ FMI အိမ်ယာဝင်း၏ ကပ်လျက်၌ ရှမ်းချောင်ကျေးရွာ ရပ်ကွက်စုလေး တစ်ခုရှိပါသည်။ ၎င်းအနီးအနား၌ ပိုင်ဆိုင်မှုကင်းမဲ့ကြသည့် အခြေခံအိမ်တန်းတဲစု (၁၀၀) နီးပါးမျှ နေထိုင်နေကြသည်။ အများ၊ ခေါ်ဆိုသတ်မှတ်နေသည်က ကျူးကျော်အိမ်ဖြစ်သည်။ ၎င်းနေရာသို့ ကျွန်မ မရောက်ဖူးပါ၊ ဖေဖေထံမှ သိရသည်မှ လွဲ၍ ရောက်ရှိရန် ဝေးလှပါသည်။

ယခုတော့ ကျွန်မသည် ကျွန်မ၏ ပတ်ဝန်းကျင်နှင့် နိုင်ငံ အကြောင်းတို့အား သိချင်လာပါသည်။ ကျွန်မ၏ မျက်စိဖြင့် လက်လှမ်းမီသလောက်အား ကိုယ်တိုင်ကိုယ်ကျ သိချင်လာပါ သည်။ ကျွန်မ၏ ပတ်ဝန်းကျင်တစ်ဝိုက်ကို ရောက်ဖူးချင်ပါသည်။ သို့သော် ကျွန်မတစ်ယောက်ထဲ သွားရမည်ဆိုလျှင် စိတ်ကူးလေးပင် မတွေးဝံ့ဟု ဝန်ခံပါသည်။ ကျွန်မ၏ ယခုဖြစ်တည်နေသည့်စိတ် ကို ပဲ့ကိုင်လှုပ်ရှားသူက မြင်လည်းမမြင်ဖူးပါ၊ အသံလည်း မကြား ဖူးပါ။ သူ၏နာမည် ပုဂ်သားက လွဲ၍ ဘာဆိုဘာမှ မသိခဲ့ပေ။ သို့သော် သူ၏ ယူဆပုံ၊ တွေးခေါ်သုံးသပ်ပုံမှသည် ကျွန်မ၏ စိတ်အလျှင်ကို ပတ်ဝန်းကျင်နှင့် ထိစပ်ရန် လှုပ်နှိုးနေပါတော့သည်။

ကျွန်မ၏ ယခုဘဝကို ကျွန်မသည် ပြန်၍ စေ့စေ့ကြည့်မိလိုက်သည်။ ကျွန်မယခု နေထိုင်သည့် တိုက်အိမ်ပုပုလေး တစ်လုံး၊ ခြံဝန်းကျယ်လေးတစ်ခု တခြားဘာမှ မရှိပါ။ ကျွန်မတို့ နေထိုင်သည့် အိမ်ယာဝင်း၌ အမွဲဆုံးသားအဖပင် ဖြစ်နိုင်ပါသည်။ ငှင်းပိုင်ဆိုင်မှုသည် ယခုကာလဖြင့် တိုင်းထွာကြည့်ရလျှင် ပိုင်ဆိုင်ခွင့်ရဖို့ ဝေးကွာလှပါသည်။ ဘာကြောင့်လဲ ယခုဘဝအနေအထားနှင့် ယခုပေါက်ဈေးအရ ချိန်ညှိကြည့်လျှင် အိမ်မက်မျှပင် မက်ပိုင်ခွင့်မရနိုင်၍ ဖြစ်ပါသည်။

ကျွန်မ၏ ငယ်ဘဝ ဆယ်ကျော်သက်အရွယ်၌ ကျွန်မတို့နေထိုင်ခဲ့ရသည့် ရန်ကုန်တက္ကသိုလ် ပုရဝုဒ်အတွင်းရှိ တက္ကသိုလ်ပါမောက္ခကြီးများ နေထိုင်ရာ အိမ်ယာဝင်း၌ ဖေဖေနဲ့ မေမေတို့နှစ်ဦးကြား ပြောကြရာမှ ကြားသိလိုက်ရသည့် အကြောင်းသည် ကျွန်မ၏ နှလုံးသား၌ ပုံတင်ထပ်ကာ လွှမ်းမိုးခဲ့ပါသည်။ သို့သော် ထိုအချိန်က ဘာကိုဆိုလိုနေသည်မှာ မသိခဲ့ဟု ဝန်ခံရပါမည်။ အဲဒီနေ့က ကောင်းကင်မှ နေရောင်ဖျှဖျှလေးသည် သစ်ပင်များအုပ်ဆိုင်းကာ ကာရံထား၍ တိုးမပေါက်ဘဲ အေးမြငြိမ်သက်နေသည်။ ကျေးငှက်အပေါင်းတို့သည် အိပ်တန်းသို့ တတ်ရန် ကိုယ်စီကိုယ်ငှ တေးဆိုနေကြသည်။ သာယာကြည်နူး၍ ဝမ်းနည်းဖွယ်ကောင်းလှသည်။ ကျွန်မလည်း ထိုအခါ ဘာရယ်မသိပဲ ထိုမသိစိတ်ကလေးများသည် နွမ်းပြပြ ဝမ်းနည်းသလိုလို ငိုချင်မိခဲ့သည်။ ကရုဏာမျက်လုံးလေးဖြင့် ဖေဖေကို ကြည့်လိုက်မိသည်။ ဖေဖေရဲ့ မျက်ဝန်းပေါ်၌ မျက်ရည်စလေးများ စီးကျကာ ဝမ်းနည်းမှု လှိုင်းကြက်ဖလေးများသည် ရစ်ရစ်ထနေသည်။ ဖေဖေသည် သူ၏ စိတ်ကို ရူးနစ်စွာ အံကြိတ်၍ စို့အစ်အစ်အသံကြီးဖြင့်

"မကြီးရေ တို့ရဲ့ စိတ်ဓာတ်ပညာအလှတရားကို ထိခိုက်နှင်းချေခံလျက်ပဲ တို့ရဲ့ ပညာမာနကို ချနင်းကာ သိက္ခာတရားကို သဂြိုဟ်ပစ်လိုက်ရပြီး မကြီးရေ၊ အများမိုးခါးရေသောက်ပွဲမှာ တို့လည်း ရောသောက်ရပြီ မကြီးရေ"

ကျွန်မ မေမေသည် အချိုမြိန်ဆုံး အပြုံးလှလှလေးကို ပြုံး၍ ဖေဖေရဲ့ လက်ဖဝါးလေးကို ဂရုဏာသက်စွာ ဆုတ်ကိုင်ပြီး

"ဒီလိုမှ ယောက်ျားမလုပ်ခဲ့ရင် ကျွန်မတို့ဘဝ ဒီတစ်သက်မှာ နားခိုစရာ ပိုင်ဆိုင်သည့် အိမ်ကလေးရှိလာမှာ မဟုတ်ဘူးလေ၊ ကျွန်မတို့ အများခါးတဲ့အခါးထက် လျော့ခါးလိုက်ရင် ရပါပြီ မေကြီးရယ်"

ဖေဖေအတွက် စိတ်ဖြေရာ မေမေရဲ့ နှစ်သိမ့်အားပေးတဲ့ စကားသံသည် ယခုအခါ၌ ကျွန်မသည် နားလည်သင့်သလောက် နားလည်ခဲ့ပါပြီ။ ၄င်းပိုင်ဆိုင်မှုသည် ယခုနေထိုင်ရာခြံနှင့် တိုက်အိမ်ကြီးပင် ဖြစ်ပါသည်။

ကျွန်မတို့နေထိုင်ရာ (FMI) အိမ်ယာဝင်းမှ ဘဝအိမ်လေးများကို ဖြန့်ကျက်ကြည့်လိုက်သည်။ ဆက်၍ ကျွန်မ စာလိုက်သင်ပေးရသည့် အိမ်ကြီးရှင်များသည် အဘကြီးတွေ၊ အဘသေးတွေက များခဲ့သည်။ ညွှန်ချုပ်၊ ညွှန်ကြီးတွေလည်း ပါခဲ့သည်။ ခရိုနီပေါက်စလေးများလည်း တွေ့ခဲ့ရသည်။ ဒါထက် သူတို့ရဲ့ ဘယ်နှစ်လုံးမြောက် ပိုင်ဆိုင်မှုဆိုတာကို ကျွန်မ သိချင်နေမိသည်။ ကျွန်မမြင်နေရသည်မှာ မော်တော်ကား လှလှလေးတွေ ဥဒဟိုသွားလာနေကြကာ ကားအလှတွင် ပြိုင်ဆိုင်နေကြသည်။ ဒါထက်ပိုင်ဆိုင်မှုကားအစီးရေ ပြိုင်ပွဲလေးပါ တွဲဖက်၍ ကျင်းပနေကြသည်။ ထိုပြိုင်ပွဲများကို ငေးကြည့်နေတဲ့ ကျွန်မဘဝကို ဖြန့်ကြည့်လိုက်သည့်အခါ

ကျွန်မကို ကျွန်မပြုံးမိမလို ဖြစ်ခဲ့ရသည်။ ကျွန်မတို့သားအဖနှစ်ဦး၏ဘဝက ကိုယ့်ခြေထောက်ကို သုံးရတဲ့ ကားလေးသာ ပိုင်ဆိုင်နေရသည်။ ထိုအခါ ကျွန်မထံ၌ အားငယ်စိတ်လေးများ ဖြစ်ခဲ့ဖူးပါသည်။ မိမိဘဝကို အလိုမကျ ခံစားမိပါသည်။ အခုတော့ ကျွန်မသည် ရင့်ကျက်တည်ငြိမ်ပြီလို့ ပြောရပါမည်။ ကျွန်မ၏ တွေးကြည့်ရာမှ အခြားတဖက်ကို ကြည့်လိုက်သည်အခါ ကျွန်မဘဝအတွက် ဖြေသိပ်စရာ ထွက်ပေါက်ထက် ကျော်လွန်၍ စာနာနားလည်မှု အသိစိတ်ဓာတ်ပင် မွေးဖွားခွင့်ရခဲ့ပါသည်။

ကျွန်မ ဘဝကို ကုစားပေးနေသည့် ၎င်းရပ်ကွက်စုလေးထံမှ ကျွန်မ ဘာမှနားမလည်နိုင်သည့် ဘာသာရပ်တစ်ခုမှာ နံနက်ခင်းလင်းရောင်ခြည်ထွက်ချိန် မှုန်ရီဝေဝါးစွာဖြင့် အတူကြားလိုက်ရသည့် လော်စပီကာဖွင့်သံပင် ဖြစ်ပါသည်။ တိတ်ဆိတ်ငြိမ်သက်စွာ ကောင်းလှသည်။ ဝေလီဝေလင်းအချိန်၌ ထွက်ပေါ်လာသည့် လော်စပီကာသံအား ကြားနေရသည်။ ကျွန်မသည် လွန်စွာမှစိတ်ပျက်ငြီးငွေ့မိပါသည်။ သို့သော် မကြာခဏဆိုသလို ကြားနေရသည့် ၎င်းလော်စပီကာ အသံအား ဘာကြောင့်ဖွင့်နေကြသည်ကို သိချင်စိတ်နဲ့အတူ မနှစ်မြို့မိဟု ဝန်ခံရပါမည်။

ကျွန်မ စာသင်ပြသွားရင် ကြားနေရသည်က လူအများစုပါးစပ်ဖျား၌ ရေပန်းစားနေသည့် ဒီမိုကရေစီ စကားလုံးပင် ဖြစ်နေသည်။ သို့သော် ကျွန်မသည် ၎င်းဒီမိုကရေစီဆိုတာ ဘာလဲ ကျွန်မ သိချင်နေမိသည်။

ကျွန်မ ဒီမိုကရေစီကို မသိပါ။ ကျွန်မ မြင်ခဲ့ရသည့် စစ်မိုလ်ချုပ်ကြီးတွေ အုပ်ချုပ်ခဲ့တာရယ် ၂၀၁၀ ရွေးကောက်ပွဲကို ကြားလိုက်ရပြီး ကိုယ်တိုင်မဲမထည့်ခဲ့ပေ။ မဲမထည့်ခြင်းက အခြား

မဟုတ်။ မေမေက မဲရုံသို့ မသွား၍ ကျွန်မလည်း မဲရုံသို့ မလိုက်ရခြင်းပင် ဖြစ်သည်။

ဒီမတိုင်ခင်ကာလက ဖေဖေနဲ့ မေမေ ပြောခဲ့ကြသည့် စကားသံသည် ကျွန်မ၏နားတွင် နားရည်ဝခဲ့ရပါသည်။ ထိုစကားကို ပြောခဲ့ချိန်သည် ဖေဖေ၏ နိုင်ငံတော် အမှုထမ်းဘဝ တက္ကသိုလ် ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ရင်း တစ်ညနေ လုပ်ငန်းခွင်မှ ပြန်ရောက်ရောက်ခြင်း အိမ်ပေါက်ဝမှ အသင့်ဆီးကြိုနေသော မေမေအား ရင်ဖွင့်ခဲ့သည့် စကားသံပင် ဖြစ်သည်။

"တယ်လည်း ရှုံးသွပ်ကြတဲ့ အရူးပေါ်တွေပဲ မေကြီးရေ အရူးရှူးတွေပေါ့"

ထိုအခါက မေမေက မျက်ခုံးလေးကို တွန့်လိုက်ကာ

"ဘာရှုးကြတာလဲရှင်"

ဖေဖေသည် မေမေ၏ မေးခွန်းအဆုံးမှာ နှစ်ခြိုက်စွာရယ်မောရင်

"မေကြီးရေ အာဏာလည်း ရှုးကြတယ်၊ ဘဝင်လည်း ရှုးကြတာပေါ့"

ဟု တုံးတိတိ ဖြေလိုက်သည်။ မေမေက ဆက်ကာ

"ဖေကြီးတစ်ယောက် ဘာမှမတတ်ဘဲ ဆရာလုပ်ပြီး အမိန့်ပေးတာ ခံလိုက်ရပြီလား"

ဖေဖေသည် မေမေ၏ အမေးကို သဘောကျ နှစ်ခြိုက်စွာပြုံးလိုက်ရင်း

"မှန်လွန်းအားကြီးတယ် မေကြီးရေ၊ နေရာမှားပြီး လူလာဖြစ်လာတာ"

ဟု ပြောခဲ့သည်။ ထိုစကားသည် ထိုအချိန်က ကျွန်မသည် ဘာဆိုဘာမှ နားမလည်ခဲ့ပေ။ သို့သော် နားထောင်ကောင်း၍ နားထောင်ခဲ့ပါသည်။ ထိုအချိန်က ကျွန်မသိတာတစ်ခုတော့ ရှိပါသည်။ ထိုအချိန်က ဖေဖေအထက်က လူကြီးသည် စစ်သားတစ်ဦး ဖြစ်နေတာပင် သိခဲ့ရပါသည်။ ဒါထက်ပို၍ နက်နက်ရှိုင်းရှိုင်း မသိခဲ့ပေ။

ကျွန်မ၏ အတွေးစ ပုံရိပ်လှိုင်းလေးများသည် ကျွန်မတို့ အိမ်ယာနံဘေးရှိ ရပ်ကွက်စုလေးဆီမှ ထွက်ပေါ်လာသည်။ လော်စပီကာဖွင့်သံကြောင့် အထိတ်တလန့်ဖြစ်ကာ လန့်နိုးခဲ့ရသည်။

ထိုအတွေးစများကို တိခနဲရပ်ကာ ကျွန်မသည် အိမ်၏ ဧည့်ခန်းဘက်သို့ ထွက်လာသည့်အခါ ဖေဖေသည် စတီခုံပေါ်၌ ထိုင်ကာ မိတ္တူစာရွက်များကို ကိုင်၍ စာဖတ်နေသော်လည်း ဖေဖေ၏ မျက်ဝန်း၌ မျက်ခုံးတွန့်လိုက်၊ မျက်နှာဝိုင်းပသွားလိုက်နှင့် ပီတိလှိုင်းကြက်ဖလေးများ ဖြာကျနေသည်ကို တွေ့လိုက်ရသည်။

ကျွန်မလည်း ဖေဖေအနားသို့ အပြုံးတွေကို ဖြာ၍ ဝင်ထိုင်လိုက်သည်။ ဖေဖေသည် စာဖတ်ပြီးပြီးခြင်း ကျွန်မအား

"သမီးရေ မေကြီးရဲ့ နှစ်ပတ်လည် ဆွမ်းကျွေးပွဲကို ဖေဖေရဲ့ လောကသစ်က မိတ်ဆွေတွေကို ဖိတ်ထားပြီးပြီ သမီး"

ဟု ပြောရင်း ဖေဖေသည် ပြုံးလိုက်ကာ

"သမီးဖတ်ကြည့်လိုက်တော့ ဘယ်လိုမြင်သလဲ"

ဟု တုံးတိတိ ကျွန်မကို မေးလာသည်။ ကျွန်မသည် ဖေဖေ၏ မေးခွန်းအား အဖြေမပေးနိုင်၍ အံ့သြမိသည့် အပြုံးတစ်ချက်သာ ပြန်လည်၍ ဖေဖေအား ပြုံးပြကာ

"ပုဂံသားဆိုတာ ဘယ်လိုလူစားလဲ"

ဟု ဖေဖေအား ပြန်၍ မေးလိုက်မိသည်။ ဖေဖေသည် အပြုံးမှ ပို၍ အဓိပ္ပာယ် ပြည့်ဝတဲ့အပြုံးကိုပဲ သမီးဖြစ်သူ ကျွန်မအား ပြုံးပြ၍ ကျွန်မ၏ အမေးအား မဖြေဘဲ လက်ထဲမှ စာရွက်များကို ကျွန်မထံသို့လှမ်းပေးကာ ခြံရှေ့ဆီသို့သွား၍ ပန်းအိုးစင်မှ ပန်းအိုးများကို ရေလောင်းပေးနေတော့သည်။

ကျွန်မလက်ထဲသို့ ရောက်လာသည့် စာရွက်များကို ကြည့်လိုက်သည်။ မနေ့က ဖတ်လိုက်ရသည် ဒီမိုကရေစီသို့မှ အဆက်ဖြစ်နေသည်။ ကျွန်မသည် ဘာမှဆက်မလုပ်တော့ဘဲ ဒီရေအလား မြင့်တတ်လာသည့် သိချင်စိတ်ကြောင့် ဖတ်ကြည့်လိုက်ပါတော့သည်။

## ဒီမိုကရေစီသို့ (၂)

ယနေ့ကာလသည် စစ်ဗျူရိုကရက်ယန္တယားမှ အောင်မြင်စွာ ကျင့်သုံးနေသည်။ ဒီမိုကရေစီ ကဗ္ဗလာစကို ခြုံ၍ စစ်ဗျူရိုကရက်ယန္တယားကြီးသည် အင်အားကောင်းစွာဖြင့် ဖွံ့ဖြိုးနေပါသည်။

ပြည်သူလူထုအများစုမှ ကန့်ကွက်ခဲ့ကြသော်လည်း စစ်အာဏာရှင်တို့သည် ခိုင်ခိုင်မာမာပြုလုပ်နိုင်ခဲ့သည်။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးသည် မတုန်မလှုပ်ဘဲ အသက်ဝင်ဖြစ်ထွန်းနေသည်။

၄င်း (၂၀၀၈) အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီး၏ ကစားကွင်းပေါ်၌ တပ်မတော်သည် အမျိုးသားနိုင်ငံရေးစာတမ်းကို စာလုံးမဲကြီးဖြင့်ထိုး၍ အုပ်ချုပ်ရေးယန္တယား၏ အမြင့်ဆုံးနေရာ၌ ၄င်း၏ အာဏာရပ်များ ရှင်သန်လွှမ်းမိုးနေသည်။

ဒီမိုကရက်တစ် အင်အားစုတို့၏ အန္တိမပန်းတိုင်ဖြစ်သည့် ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စု စစ်စစ်မဖြစ်သေးသည်ကို သက်သေထူပြထားပါသည်။ ထို့ကြောင့် ဒီမိုကရက်တစ် အင်အားစုများသည် မူလရည်မှန်းချက်များဆီသို့ ဆက်လျှောက်ရန် လိုအပ်နေပါသည်။ ၄င်းဖြစ်စဉ်များအရ ယခုကာလသည် အသွင်ကူပြောင်းရေးဟု ဆိုကြသော်လည်း စနစ်ပြောင်းလွဲရေး၏ တော်လှန်ရေးကာလ မကုန်ဆုံးသေးဟု ယူဆရပါမည်။

မိမိ၏ အန္တိမပန်းတိုင်အတွက် ပြန့်ကျဲသွားသည့် ဒီမိုကရေစီ အင်အားစုတို့သည် ကြံခိုင်ညီညွတ်သည့် အင်အားစု အဖွဲ့တစ်ခုကို ဖွဲ့စည်းဆောင်ရွက်ဖို့ သမိုင်း၏ ရလဒ်အရ လိုအပ်နေပါသည်။ ၄င်းအဖွဲ့အစည်းသည် အာဏာမက်လုံးပြ အခင်းအကျင်းပေါ်သို့ ဦးမတည်ဘဲ ယနေ့ကာလသည် ပြည်သူလူထုနှင့် ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှုကို လမ်းဖွင့်ပေးသည့် ကြားခံအင်အားစု အဖြစ် ရှင်သန်လှုပ်ရှားရမည်ဟု ယုံကြည်ပါသည်။

ယနေ့ကာလသည် လူထုနှင့် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုအား ချိတ်ဆက်ဖွံ့ဖြိုးရန် ပြုလုပ်ရမည်။ အချိန်အခါနဲ့ အခွင့်အခါ ဖြစ်ပါသည်။ လူထုသည် ၂၀၀၈ အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့ တာဝန်နှင့် ခွန်အားရှိကြောင်းသိရှိဖို့ လိုအပ်နေပါသည်။

ထို့ကြောင့် ပြည်သူလူထုအား လမ်းပြသူတွေ လိုအပ်သလို လုပ်ငန်းစဉ်မဟာဗျူဟာတွေလည်း လိုလာပါသည်။ ၄င်းလုပ်ငန်းစဉ်မှာ -

(၁) အသိပညာပေးခြင်း

(၂) ရှေ့ဆောင်လမ်းပြပေးခြင်း

(၃) လက်တွဲဖော်ဆောင်ခြင်းတို့ ပြုလုပ်ရန် ဖြစ်သည်။

**လုပ်ဆောင်ရမည်အရာများ**

(က) လူထုနဲ့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု ချိတ်ဆက်ရန်။

(ခ) လူထုကို လူ့အခွင့်အရေးနှင့် လူသားဆိုင်ရာ တန်ဖိုးတည်ရှိမှု နားလည်ရန်၊ ပြုလုပ်ရန် လိုက်နာရန်။

(ဂ) လူထုအား ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုနှင့် ဖက်ထရယ်ဆိုင်ရာစံနှုန်းများကို လေးစားရန် လိုက်နာရန် တန်ဖိုးထားရန်။

(ဃ) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးသည် လူထုကို ဒုက္ခပေးမပြု၍ ပြုပြင်ရန်၊ အသစ်ဖြစ်ထွန်းရန်၊ တာဝန်နဲ့ အင်အားသည် လူထုထံ၌ ရှိကြောင်း သိရှိရန်၊ အသုံးပြုရန်၊ လှုပ်ရှားဖော်ဆောင်နိုင်ရန် တို့ဖြစ်သည်။

ယနေ့အခါ၌ ဖွင့်ဟလာသည့် ၂၀၀၈ နိုင်ငံရေး ကစားကွင်းပေါ်၌ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ် ရှင်သန်ဖွံ့ဖြိုးရန် အမွေဝါဒကို အမိနိုင်ငံ၌ သင်္ဂြိုလ်နိုင်ဖို့အတွက် ပြည်သူလူထုသည် မိမိကိုကိုယ် နိုင်ငံရေးသတ္တဝါအဖြစ် လက်ခံထားဖို့ လိုအပ်ပါသည်။ ၎င်းလိုအပ်ချက်ကို လမ်းဖွင့်ပေးနိုင်သူ တာဝန်ယူဖို့ လိုအပ်သူမှာ ဒီမိုကရေစီနိုင်ငံရေးစနစ် ယုံကြည်တန်ဖိုးထားသူ ဒီမိုကရေစီအင်အားစုများပင် ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီသူရဲကောင်းတို့၏ လှုပ်ရှားမှု ပုံသဏ္ဍာန်ပေါ်၌ ၉၀% တည်မှီနေသည်ဟု ယူဆပါသည်။

လက်ရှိနိုင်ငံရေး အခြေအနေကို ဆန်းစစ်သုံးသပ်ကြည့်ပါစို့။ နိုးသားပွင့်လင်းမှု ကင်းမဲ့၍ မရိုးရှင်းလှပေ။ စစ်ဗျူရိုကရက်အင်အားစုတို့၏ ကိုယ်ကျိုးစီးပွားရှင်သန်ရန် တည်ဆောက်ခင်းကျင်းထားပုံသည် ကျစ်လစ်ခိုင်မာစွာ ဖွံ့ဖြိုးနေသည်။ အာဏာနှင့် ငွေကြေးခေတ်တိုင်းကို လိုက်ကာထပ်၍ ကာရံထားသည်ကို

တွေ့ရသည်။ ဒီမိုကရေစီ ကဗ္ဗလာဝတ်ရုံလွှာအား ဟန်ရေးပြ ခြုံအုပ်ထားသည်မှာ မာယာရှင်သေနတ်တစ်လက်အပေါ်၌ပင် ဖြစ်သည်။ ထိုကြောင့် ဒီမိုကရေစီအင်အားစုတို့သည် ဖွင့်ဟပေး ထားသည့် မှန်ရီဝေဝါး ပြတင်းပေါက်လေကြားမှ လူထုကို မဲပေး တတ်ရုံ၊ မဲပေးခိုင်းရုံလောက်ဖြင့် ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှု တစ်ရပ်ကို မတည်ဆောက်နိုင်ဟု ယူဆသည်။

စစ်ဗျူရိုကရက် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အမိန့်ပေး စေခိုင်းမှု အထက်အောက်သို့ စီးဆင်းပုံ၊ အမိန့်ခံကျွန်ဝါဒအောက် ပြည်သူလူထုသည် မျိုးဆက်နှစ်ဆက်မျှ ဖြတ်သန်းခဲ့ရသည်။ ထိုကာလ၌ ပြည်သူလူထုမှ သင်ကြားခံလိုက်ရသည်မှာ -

(၁) အမိန့်ပေးလမ်းညွှန်မှုအောက် ရှန်းကန်လှုပ်ရှားမှု
(၂) အစမ္ပစိုးမိုးမှုကို အကြောက်တရားဖြင့် နာခံတတ်မှု
(၃) သူထက်ငါ အတ္တဝါဒ စိုးမိုးရေးသင်ကြားခံရမှု
(၄) စည်းကမ်းကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်း၊ ပျက်ယွင်းစွာ ပြုလုပ်ရန် သင်ကြားခံရခြင်း
(၅) ငါမှငါဟု တံခွန်စိုက်ထူ ငါသာလျှင် သခင်အဖြစ် သင်ကြား ခံရခြင်းတို့ ဖြစ်သည်။

၄င်းသင်ကြားမှု ယန္တယားဖြစ်စဉ်များအောက် ပြည်သူလူထု အများစုသည် ယဉ်ပါးပြုမူနေသည်ကို တွေ့ရသည်။ စနစ်တကျ ထိန်းညှိမှုသဘောတရားဖြင့် တည်ဆောက်ထားသည့် လူမှု ယန္တယားကြီးကို အစီအစဉ်ကျကျ ဖျက်ဆီးခံလိုက်ရသည်။

၄င်းလူအဖွဲ့အစည်းကို စနစ်တကျ လှုပ်ရှားဖို့ ပုံမှန်အနေ အထားသို့ ပြန်လည်ရောက်ရှိရန် ဒီမိုကရေစီသူရဲကောင်းတို့သည်

လူထုနှင့် တစ်သားတည်းကျအောင် လူထုဘဝအလွှာ အသီးသီး ထဲသို့ ထိုးဖောက်ဖြတ်သန်းရင်း လူထုကို ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှုဆီသို့ သိမ်းသွင်းတွဲယူရမည့် အချိန်ဟု ယုံကြည်သည်။

၄င်းတာဝန်များကို ဝတ္တရားတစ်ရပ်အသွင်ဖြင့် ပြုလုပ်ရမည့် ပုဂ္ဂိုလ်များသည် ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူ့ပါတီဟု ခံယူကြသည့် ပြည်သူ့ပါတီများ၏ တာဝန်ဟု ယူဆပါသည်။

သို့သော် ပြည်သူ့ပါတီ၏ မျိုးဆက်သစ် အများစုသည် ဘဝတွေ၊ ဝိညာဉ်တွေဖြင့် ထုဆစ်ကာရှံခဲ့ကြသည်။ ဒေါင်းအလံ တော်၏ အလုပ်တရားတွေကို ဆန့်ကျင်ဘက်များဆီသို့ ပြုမူရွေ့ လျားနေကြသည်။

ထို့ကြောင့် နေရာကို မမက်၊ အာဏာကို မကိုယ်ကွယ်ကြ သည့် ဒီမိုကရေစီသူရဲကောင်းတို့သည် တော်လှန်ရေး သတိ၊ တော် လှန်ရေး အသိတရားကို အစဉ်တစိုက် နှလုံးသွင်း၍ ထမ်းပိုးလုပ် ဆောင်သင့်သည်ဟု တိုက်တွန်းပါရစေ။

ယခုဖြစ်ပေါ်နေသည့် နိုင်ငံရေး ရေစီးကြောင်းအပေါ် ကျွန်တော်၏ ထင်မြင်ယူဆချက်သည် ပုဂ္ဂိုလ်ရေးကျော်ကြားမှု နိုင်ငံရေး ဒီလှိုင်းနှင့် အစီအစဉ်ကျကျခိုင်မာစွာ တည်ဆောက်ကား သည့် စစ်ဗျူရိုကရက်များ၏ ခံကတုတ်နဲ့ တန်ပြန်လှုပ်ရှား ဒီလှိုင်း များ၏ ပွတ်တိုက်မှုများကို တွေ့ရပါသည်။

၄င်းအခြေအနေအရ အာဏာကို တွန်းယူတာထက် အာဏာ ကို ရွေးယူရပါမည်။ ဘာကြောင့်ဟုဆိုသော် အမျိုးသား ပြန်လည် သင့်မြတ်ရေး လှိုင်လုံးကြားမှ ဖွားအံ့ရမှု သဘောတရားဟု ယူဆမိ ပါသည်။

၄င်းနိုင်ငံရေး ယဉ်ကျေးမှု ကာလအောက်၌ လူထုသည် မိမိ၏ အာဏာပိုင်ခွင့် တန်ဖိုးများကို ကျင့်ဝတ်၊ စည်းကမ်း

လုပ်ထုံးလုပ်နည်းတို့အား လိုက်နာကျင့်သုံးမှုဘောင်နှင့် မတရားမှုကို မျှတညီညွတ်မှုဖြင့် ကာကွယ်တည့်မတ်နိုင်သည့် စွမ်းရည်ချိတ်ဆက်ကာ အာဏာရှင် ယန္တယားကြီး ပြိုကွဲချုပ်ငြိမ်းဖို့ လူထုလှုပ်ရှားမှု ပုံသဏ္ဍာန်တစ်ရပ်ဖြစ်ထွန်းလာရန် ဒီမိုကရေစီ သူရဲကောင်းများ၏ တာဝန် (သို့) ဝတ္တရားတစ်ရပ်ဟု ယူဆသည်။

စနစ်ရိုင်းအောက်က အမိန့်ပေး အုပ်ချုပ်ခံရသူတို့သည် ကွန်ယက်တစ်ဖွယ် အပြန်အလှန်ချိတ်ဆက်နိုင်ခြင်း ညီညွတ်တတ်ကြွမှု ဒီလိုင်းကို ခိုင်မာစွာ တည်ဆောက်ထားပါက အုပ်ချုပ်ခံရသူတို့၏ လက်ထဲ၌သာ အာဏာစွမ်းရည် တည်ရှိနေကြောင်းကို အုပ်ချုပ်ခံရသူ လူထုတစ်ရပ်လုံး တည်ရှိအောင် ဒီမိုကရေစီ သူရဲကောင်းတို့သည် လူထုမှ လူထုထံသို့ ဆင့်ပွားလှုပ်ရှားရမည်ဟု ယုံကြည်သည်။

သို့သော် လူထုသည် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု လုပ်ငန်းစဉ်များမှ သွေဖီပျက်စီးစေနိုင်သည့် ပြဿနာများရှိ၍ သတိပြုသင့်ပါသည်။ ထိုပြဿနာသည် ကြီးလျှင်နိုင်သည့် အဆိုအမိန့်ပင် ဖြစ်သည်။ လူ့ယဉ်ကျေးမှုအတွက် အဆိုးဝါးဆုံး ရန်သူဖြစ်၍ ကြီးနိုင်ငယ်ညှင်း ယန္တယားမှ အသုံးချခံရသူများ မဖြစ်စေဖို့ သတိပြု ဆင်ခြင်ရပါမည်။ ထိုယန္တယားစုထဲသို့ ဝင်ရောက်ထိုးဖောက် လှုပ်ရှားမှုကို ပြုရပါမည်။ သီးခြားအစု အသွင်သဏ္ဍာန်ထားရှိမည့် အမြင်သဘောထားကို မကျင့်သုံးဘဲ တူညီမျှတစွာ အကျိုးသက်ရောက်ခံရမှုကို နားလည်လက်ခံရပါမည်။ တဆက်တည်းပင် စစ်ဗျူရိုကရက် ယန္တယားထဲမှ လုပ်သားထုနဲ့ လူထုကို ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုဘောင်ထဲသို့ ချိတ်ဆက်သွတ်သွင်းရပါမည်။

စစ်ဖျူရိုကရက် ယဉ်ကျေးမှုနေရာအခင်းအကျင်းထဲသို့ ဒီမို ကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို အစားထိုးကာ ဖွံ့ဖြိုးရန် ဒီမိုကရေစီသူရဲကောင်းများသည် အစုအဖွဲ့သဏ္ဌာန် တည်ဆောက် ကာ ကွန်ယက်တစ်ဖွယ် ချိတ်ဆက်၍ လိုက်ပါကြမည့် လူထုကြီး အား စွမ်းရည်ဖွံ့ဖြိုးအောင် (က) အသိပညာပေး လုပ်ငန်း၊ (ခ) သရုပ်ပြဖော်ဆောင်ရေး ပုံသဏ္ဌာန်၊ (ဂ) ဆင့်ပွားဖြန့်ဝေမှု၊ ဖြန့် ကျက်လှုပ်ရှားခြင်းတို့ ဖြစ်သည်။

## (က) အသိပညာပေးလုပ်ငန်း

ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု၏ နိုင်ငံသားဆိုင်ရာ အခွင့် အရေးနှင့် နိုင်ငံသားတို့ လိုက်နာစောင့်ထိန်းရမည့် တာဝန်နှင့် ဝတ္တရား၊ လူသားဆိုင်ရာ ပိုင်ဆိုင်ခွင့်နှင့် လိုက်နာထိန်းသိမ်းရမည့် ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးတမ်းစဉ်လာ မိမိကိုယ်ကိုယ် ထိန်းကျောင်း ခြင်းနှင့် အပြန်အလှန်လေးစားမှု သဘောတရား။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အပြန်အလှန် ထိန်းကျောင်းထားမှု သဘောတရား။ နိုင်ငံတော်၏ တရားဥပဒေအား မှန်ကန်တိကျစွာ ဖြစ်ထွန်းသက် ဝင်ရန် ထိန်းကြောင်းပိုင်ခွင့်နှင့် လေးစားလိုက်နာမှု ဝတ္တရားတို့ အား ဟောပြောခြင်း၊ ရေသားဖြန့်ဝေခြင်း၊ လက်တွဲဖော်ဆောင်ခြင်း တို့ဖြင့် လူထုနှင့် ဒီမိုကရေစီသူရဲကောင်းများသည် တစိတ်တဝမ်း ဆဲ ဖြစ်တည်လာအောင် ပြုလုပ်ရမည်။

## (ခ) သရုပ်ပြဖော်ဆောင်ရေး ပုံသဏ္ဌာန်

လူထုနှင့် ဒီမိုကရေစီနိုင်ငံရေး အင်အားစုတို့၏ သက်ဝင် ဖြစ်ထွန်းမှု ယန္တယားအတွင်း၌ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု၏

အသက်သွေးကြောဖြစ်သည့် လူသားဆိုင်ရာ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာကို လိုက်နာစောင့်ထိန်းခြင်း၊ စည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးခြင်း၊ ခြားနားမှုနဲ့ သဘောတရားများ ဖွံ့ဖြိုးရန် အပြန်အလှန်ထိန်းကြောင်းမှုနှင့် အပြန်အလှန် ထိန်းညှိမှု သဘောတရားများ ဖွံ့ဖြိုးရန်၊ လူထုနှင့် ဒီမိုကရေစီ သူရဲကောင်းတို့၏ ညီညွတ်ရေးလက်နက်ကို ဇဟိုပြုလှုပ်ရှားရမည်ဟု ယူဆသည်။

## (ဂ) ဆင့်ကဲဖြန့်ဝေမှု၊ ဖြန့်ကျက်လှုပ်ရှားခြင်း

ဒီမိုကရေစီသူရဲကောင်းမှ အင်အားစုဆီသို့ ထိုးဖောက်လှုပ်ရှားခြင်း၊ ဒီမိုကရေစီအင်အားစုများမှ လူမှုအသိုက်အအံ့ ယန္တရားများဆီသို့ ထိုးဖောက်လှုပ်ရှားခြင်း၊ လူမှုယန္တရားမှ လူထုယန္တရားဆီသို့ ထိုးဖောက်လှုပ်ရှားခြင်း၊ လူထုမှ လူထုဆီသို့ ကွန်ယက်လှုပ်ရှားမှု တော်လှန်ရေး ပုံသဏ္ဍာန်ဖြင့် ဆင့်ကဲဆင့်ပွားနည်း မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

၄င်းလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ ဖွံ့ဖြိုးနိုင်ရန် အဓိကကျသည့် ဇာတ်ကောင်များသည် ဒီမိုကရေစီ သူရဲကောင်းများဟု မိမိကိုယ်ကိုယ် ခံယူကြမည်။ ဒီမိုကရက်တစ် လုပ်သားကောင်းများပင် ဖြစ်သည်။ လူထု၏ရှေ့မှ မားမားမတ်မတ် ရပ်တည်ပြီး ဒီမိုကရေစီနိုင်ငံကြီးတစ်ခု ဖြစ်ထွန်းလာရေးကို ဆောင်ရွက်ကြမည်။ ဒီမိုကရက်တစ် လုပ်သားကောင်းများသည် ရှိသင့်ရှိအပ်သည့် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု၊ စိတ်ဓာတ်နှင့် နိုင်ငံရေးစွမ်းရည် ဖွံ့ဖြိုးကြွယ်ဝရန် လိုအပ်သည်ဟု ယုံကြည်သည်။

ဒီမိုကရေစီ သူရဲကောင်းတို့ခင်ဗျာ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုနှင့်အတူ ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စု ဖြစ်ပေါ်ရန် ချီတက်ဆင်နွှဲသည့်အခါ အာဏာနိုင်ငံရေး ခေတ်ခံပေါ်သို့ တက်မယူပဲ ဩဇာနိုင်ငံရေးကို တည်ဆောက်၍ မိမိနှင့် လူထုကြားသို့ မိမိ၏ သက်ဝင်ယုံကြည်မှု အင်အားအပေါ်ကို အသုံးချ၍ လူထုအား ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှုလမ်းကျောင်းပေါ်သို့ သက်ဝင်လှုပ်ရှားလာရန် စည်းရုံးလှုပ်ရှားရပါမည်။

၄င်းလုပ်ငန်းစဉ်အား ဆောင်ရွက်ကြမည့် လူသားနီတိတစ်ဦး၏ သမိုင်းသည် ဒီမိုကရေစီ လူအဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးရေး အတွက် တန်ဖိုးဖြတ်မရနိုင်သည့် ရတနာတစ်ပါးပင် ဖြစ်သည်။ ၄င်းထက်ကျော်လွန်ကာ တစ်ဦးတစ်ယောက်ထဲ လုပ်ဆောင်တာထက် အင်အားစုဖြင့် ပုံဖော်ချီတက်လျှင် ဒီမိုကရေစီ နိုင်ငံတော်သို့ မြန်မြန်ဆန်ဆန် ခရီးပေါက်မည်ဟု ယုံကြည်သည်။

**ပုဂံသား**

စာဖတ်နေရင်း ကျွန်မ၏ နှလုံးခုန်သံသည် ပွဲတင်ထပ်ကာ ထပ်ကာ ရိုက်ခတ်၍ နေပါသည်။ ကျွန်မ၏ စိတ်အလျှင်သည် နှလုံးပီတိပြုံးတရီရီ ဖြစ်ရသလို ကျွန်မ၏ ရင်ခွင်တစ်ခုလုံး တဒိန်းဒိန်း တုန်ရီခဲ့ပါသည်။ တစ်ချက်တစ်ချက် စာဖတ်နေရင်း ကြောက်သွေးလေးများပင် တဖြန်းဖြန်းထခဲ့ရပါသည်။

ဒါပေမယ့် ကျွန်မတစ်ယောက် စာဖတ်ရင်း ကြည်နူးဝမ်းမြောက်နေမိပါသည်။ ကျွန်မသည် နိုင်ငံရေးဆိုတာကို ဘာမှ နားမလည်၊ အများနည်းတူ နိုင်ငံရေးအသံပင် ကြောက်ခဲ့ဖူးပါ

သည်။ ကျွန်မသည် ယခုအခါ၌ နိုင်ငံရေးဆိုတာ ဘာလဲဟု တွေးတောကြံဆ၍ စိတ်ဝင်စားနေပါသည်။ ကျွန်မတို့တိုင်းပြည်၏ အကြောင်းအကျိုးများကို သိချင်လာပါသည်။ ဒါထက် ပုဂံသား သည် ဘယ်လိုလူစားလဲဆိုတာကို ပို၍ သိချင်လာပါသည်။ ကျွန်မ၏ သိချင်နေသည့် စိတ်ကို လုံ့လစိုက်၍ ပုဂံသား၏ အကြောင်းတွေကိုသိရန် ကြိုးစားရတော့မည်။

သို့သော် တွေးလက်စအတွေးများကို ဖြတ်၍ မနက်ဖြန် အတွက် ဘာလုပ်ရမလဲဆိုတာကို ဖေဖေထံသို့သွား၍ မေးလိုက် ပါသည်။ ဖေဖေသည် ကျွန်မကို ပန်းပင်များ ရေလောင်းနေရာမှ ပြုံးဆက်ဆက်ဖြင့် ကြည့်ကာ

"သမီးရေ ဘာမှလုပ်ဖို့ မလိုသေးဘူး၊ နေ့လယ်လောက်ကျ ရင် လောကသစ်က မိတ်ဆွေတွေ စီစဉ်ဆောင်ရွက်ကြလိမ့်မယ်။ အဲဒီအခါ သမီးလိုအပ်တာရှိရင် သူတိုတစ်တွေနဲ့ တိုင်ပင်ပြီး ဝိုင်း လုပ်ပေးပေါ့"

ကျွန်မသည် ဖေဖေစကားကို ကြားလိုက်ရသည့်အခါ အံ့သြ ခဲ့ပါသည်။ တပြိုင်နက်ထဲ အလှပဆုံးအပြုံးကိုလည်း ပြုံးလိုက် မိပါသည်။

နေမွန်းတည့်၍ လွန်သွားသည်နှင့် ကျွန်မတို့အိမ်၌ စကား ပြောဆိုကြသံနဲ့အတူ မနက်ဖြန်အတွက် ချတ်ပြုတ်ကြော်လှော်သံ များ ပဲတင့်ထပ်ကာ လွှမ်းနေပါတော့သည်။ သူကိုတစ်တွေနဲ့ မနီးမဝေးမှ အကဲခတ်ကြည့်နေမိသည်။ စကားတွေ ကျယ်လောင် စွာ အားရပါးရ ပြောနေရင်း လက်က အလုပ်လည်း မပျက်လုပ်၍ ပြုံးပျော်နေကြသည်။ သူတို့ပြောကြတဲ့ စကားသံများ၌ ပုဂံသား

ဆိုသည့် စကားစုသည် အများစုပဲ့တင်ထပ်နေသည်။ ကျွန်မ၏ ရင်ထဲက သိချင်စိတ်က လှုံ့ဆော်လှ၍ အနားသို့ရွေ့ကာ နားထောင်နေမိတော့သည်။

အမှောင်ညသို့ ရောက်လုလု၌ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်သာ ကျန်ခဲ့တော့သည်။ သူတို့သည် ညအိပ် ချက်ပြုတ်ရန် ကျန်ရစ်ခဲ့သူများ ဖြစ်ကြသည်။ ဖေဖေနှင့် ဧည့်ခံ၌ တီဗွီကြည့်ရင်း စကားတွေပြောနေကြသည်။ ကျွန်မသည် မနက် စောစောထရမည်ဖြစ်၍ စောစောအိပ်ယာဝင်ဖို့ စိုင်းပြင်းပါတော့ သည်။

# သူက ဘယ်သူလဲ

ပြာလဲ့လဲ့ မိုးကောင်းကင်ကြီးသည် သာယာညက်ညောစွာ လှပတောက်လွှားနေသည်။ ဆောင်နှင်းစက်လေးများသည် သာသာယာယာ နှုတ်ဆက်ထွက်ခွာနေကြသည်။ နွေဦးစ လေပြေနုနုလေးများသည် နံနက်ခင်း၏ လောကသစ်ကို လှုပ်နှိုးနေကြသည်။ ကျွန်မ၏ စိတ်လွှာလေးများသည် ဆယ်ကျော်သက်ပမာ ရွှင်လန်းမြူးကြွနေမိသည်။ သို့သော် ထိုခံစားမှုပီတိသည် ကျွန်မထံမှ ထွက်ခွာရန် လက်ပြနှုတ်ဆက်ရရှာလေသည်။

ဘာကြောင့်လဲ ဒီနေ့ မေမေကွယ်လွန်သွားခဲ့သည်မှာ (၇) နှစ်ပြည့် ဆွမ်းကျွေးပွဲရှိနေသည်။ ကျွန်မ၏ စိတ်တွေသည် လေယူရာ ယိမ်းကာ ငေးမှိုင်ခဲ့ရသည်။ ရင်ထဲ၌ ဟာတစ်တစ်စို့တော့တော့ကြီးဖြစ်ကာ မေမေအား သတိရ၍ ပါးပြင်ပေါ်သို့ မျက်ရည်စလေးများ စီးကျကာလွမ်းမောနေပါသည်။ ကျွန်မ၏ ရင်ထဲက အလွမ်းဓာတ်ခံကို ဓာတ်ရှိန်တက်ရန် ကြိုးစားနေချိန် လွမ်းတာကို အားပြုပေးမဲ့ ငှက်ကလေးများရဲ့ တေးဆိုသံကို ပြတင်းပေါက်ဝဆီမှ ကြားနေရသည်။ ကျွန်မ၏ ရင်ထဲမှ စို့တက်လာပြီး မျက်ရည်များလည်း မတားနိုင် စီးကျလာတော့သည်။

သို့သော် ကျွန်မသည် မိမိ၏ စိတ်အလိုရှိရာသို့ ကြာကြာလိုက်၍ မခံစားနိုင်ပေ။ မေမေအား လွမ်းတဲ့စိတ်ကို ရပ်လိုက်ရပါပြီ။ မိုးပြာရောင် ကောင်းကင်ကြီး၏ သာယာပုံနောက်သို့ ကြာကြာလိုက်၍ မခံစားနိုင်ပေ။ ကျွန်မ၏ ပါးပြင်ပေါ်က မျက်ရည်စများကို သုတ်သိမ်း၍ အခန်းပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

ကျွန်မသည် (၇) နှစ်ပြည့် ဆွမ်းကျွေးပွဲအတွက်ပင် ပင့်လျှောက်ထားသည့် ဆရာတော်များ ကြွလာချိန်နီးနေပြီဖြစ်၍ တရားနာရန်၊ ဆွမ်းကပ်ရန်၊ ဖေဖေ၏ လောကသစ်မှ မိတ်ဆွေများနှင့်အတူ ဝေယျာဝစ္စများကို ဝိုင်းကူ၍ လုပ်ကိုင်ပေးလိုက်သည်။

ယခုအခါ မေမေအား ရည်စူး၍ ဆွမ်းကပ်လှူဒါန်းမှုသည် ပြီးခဲ့သည့်နှစ်များထက် ပို၍ပင် စည်ကားသိုက်မြိုက်နေပါသည်။ ကျွန်မသည်လည်း ယခင်ကာလများနဲ့မတူ ရွှင်လန်းတက်ကြွ၍ ကြည်နူးပီတိ ဖြစ်နေရပါသည်။ ဆရာတော်ကြီးများ၏ တရားဟောကြားချက်ကို နားကြားရသည့်အခါ ကျွန်မ၏ စိတ်နှလုံး၌ ရွှင်ပျနှစ်သက်၍ ဝမ်းမြောက်ပီတိ ဖြစ်နေမိပါသည်။ အနီးနားမှ ဖေဖေကို တရားနာရင်း ကြည့်လိုက်သည့်အခါ ဖေဖေသည် ရေစက်ခွက်ကိုကိုင်ရင်း မျက်နှာပြင်၌ အပြုံးရိပ်တွေသန်းကာ ပီတိလှိုင်းလေးများသည် တဖြတ်ဖြတ် တလတ်လတ် တောက်ပ၍ ဖြာကျနေသည်ကို တွေ့လိုက်ရပါသည်။ မမေ့နိုင်တဲ့နေ့ရက်တစ်ရက်အဖြစ် ကြည်နူးနေမိသည်။

မေမေကို ရည်စူး၍ ဆွမ်းကပ်လှူဒါန်းပွဲလေး၌ ဖေဖေ၏ လောကသစ်မှ မိတ်ဆွေများပါ တိုးလာ၍ ပြီးခဲ့သည်နှစ်များ ထက်တော့ပို၍ပင် စည်ကားသိုက်မြိုက်နေသည်။ ထိုလောကသစ်မှ မိတ်ဆွေအများစုကို တွေ့ရသည်မှာ ပီတိဖြစ်ခဲ့ရပါသည်။ ဟန်ဆောင်တာတွေ၊ ဝှက်ပြိုင်တာတွေ မရှိဘဲ ရိုးရှင်းလှပနေသည်။ ထိုရုပ်ပုံလွှာ

ကားချပ်လေးများကို ကြည့်နေရသည်မှာ ကျွန်မ၏ဘဝ၌ အစ ပထမဟု ခံစားနေမိသည်။ မိသားစုတစ်ဖွယ် ဝိုင်းဝန်းလုပ်ကိုင်နေ ကြသည်ကို တွေ့ရသည်မှာ ကျွန်မ အံ့သြနေမိပါသည်။ တဆက် တည်းဆိုသလို ကျွန်မ၏ ရင်ထဲ၌ ပီတိလှိုင်းသံများသည် တရစ်ရစ်ထကာ ဝေရိုပ်ရိပ်ဖြာဝင်နေတော့သည်။

အချိန်နာရီတို့သည် တရွေ့ရွေ့ကုန်မှန်းမသိ ရွေ့လျားနေသည်။ အပြာရောင် မိုးကောင်းကင်ထက်မှ နေမင်းကြီးသည် တရွေ့ရွေ့ ခေါင်မိုးထက်ဆီသို့ မရပ်မနားချီတက်ရင်း အပူလှိုင်းလေးများသည် လောကမြေပြင်တလွှားဆီသို့ တရိပ်ရိပ် ကြွတတ်နေသည်။ အပူရှိန် ၏ တိုက်စားမှုသည် ညှာတာမှုကင်းမဲ့၍ ကရုဏာမဲ့လှပါသည်။ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကြီးအား တရိပ်ရိပ် ပွတ်တိုက်ထိရှလာပါ သည်။ ထိုအပူဒဏ်အား ကာကွယ်ဖို့ ပန်ကာလေအေးပေးစက် သည် အပူလှိုင်းရဲ့အောက် ရှုံ့မဲ့မဲ့ ဖြစ်နေသည်။

ဧည့်ပရိသတ်များသည် အလာကျဲ၍ နည်းပါးလာပါသည်။ လာသမျှ ဧည့်သည်အပေါင်းကို ဖေဖေတစ်ယောက်တည်း ဧည့်ခံ နေရသည်မှာ အတော်ပင်မောပမ်းနေသည်ကို တွေ့ရသည်။ ဒါပေ မယ့် ဖေဖေကို တွေ့ရသည်မှာ သူ၏အမောများကို မေ့လျော့ကာ ပြုံးလို့ရွှင်လန်းတတ်ကြွနေသည်။ ကျွန်မသည်ပင် ထိုအမောကို မေ့လျော့ကာ ပြုံးရွှင်လန်းဆန်း၍ ပီတိဖြာနေမိပါသည်။

ကျွန်မသည် ခြံရှေ့သို့ ထွက်လာသည်။ ထိုအချိန်၌ ကျွန်မတို့ ၏ ခြံထဲသို့ လူတစ်ဦးသည် စက်ဘီးစုတ်လေးကိုစီးကာ တစိုက် မတ်မတ်ဝင်လာသည်ကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်သည် လူလတ် ပိုင်းသို့ ချဉ်းကပ်နေဟန်ရှိသည်။ ကျွန်မထက် အသက်အနည်း ငယ်မျှ ကြီးနိုင်သည်ဟု ခံစားရပါသည်။ စက်ဘီးပေါ်မှ ဆင်း

လိုက်သည့်အခါ သူ၏အရပ်အမောင်းသည် မြင့်လည်း မမြင့်၊ နိမ့်လည်း မနိမ့်ပါ။ ခန္ဓာကိုယ်သည် ပိန်လည်း မပိန်၊ ဝလည်း မဝပါ။ ကြည့်ပျော် ရှုပျော် လက္ခဏာရှိပါသည်။ ဒါပေမယ့် သူဝတ်ဆင်ထားသည့် ပုဆိုးနှင့် အင်္ကျီသည် မီးပူနှင့် ရန်ဖြစ်ထားသည်ကို တွေ့ရသည်။ ဆံပင်နဲ့ ဘီးသည်လည်း မိတ်ဆွေဖြစ်ထားဟန် မရှိပေ။ လွယ်ထားသည့် ပင်နီလွယ်အိတ်သည် စုတ်ချာချာနိုင်လှပါသည်။ မျက်မှန်ကိုင်းအနက်ကြီးကို ဆင်မြန်းထားသည်။ ထိုလူငယ်သည် ခြင်ရသူအဖို့ အထင်ကြီးစရာ တစ်ကွက်မှ မရှိပေ။ ဘယ်လိုလူလဲဟု ကြည့်နေရင်း ကျွန်မ၏ ရှေ့တည့်တည့်သို့ တစိုက်မတ်မတ် ရောက်လာပါတော့သည်။

ထိုလူသည် ကျွန်မအား သူ၏မျက်မှန်ကြားထဲမှ သူ၏တောက်ပသည့် မျက်လုံးတစ်စုံဖြင့် စေ့စေ့ကြည့်၍

"ဒီက နှမငယ်ခင်ဗျာ ဒီအိမ်ရှင်သည် ပါမောက္ခဦးထွန်းငြိမ်းအိမ်ဟုတ်ပါသလား ခင်ဗျာ"

သူ၏ အသံသည် တည်တည်ငြိမ်ငြိမ်ရှိလှ၏။ ယဉ်ကျေး၏၊ မာနသံမပါ၊ တိကျပြတ်သားသည်၊ မြင်ရသည့် ပုံသဏ္ဍာန်နှင့် အသံက မထင်မှတ်စရာ ခြားနားနေသည်။ ကျွန်မသည် ထိုအတွေးများနဲ့အတူ အံ့သြလျက် ခေါင်းညိမ့်မိလျက်သား ဖြစ်သွားသည်။ နှုတ်မှလည်း

"ဟုတ်ကဲ့ရှင့် ဖေဖေ အထဲမှာရှိပါတယ်"

ပြန်၍ ဖြေမိလျက်သား ဖြစ်သွားခဲ့ပါသည်။ ထိုလူသည် ကျွန်မအားဘာမှ ပြန်မပြောဘဲ အပြုံးတစ်ချက်ကိုသာ ပြုံး၍ ဦးညွှတ်နှုတ်ဆက်ကာ အိမ်ထဲသို့ တစိုက်မတ်မတ်ဝင်သွားတော့သည်။

ကျွန်မတွေ့ခဲ့ရသည့် ဧည့်သည်များနှင့် မတူခြားနားနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျွန်မ၏ စိတ်ထဲ၌ မသိုးမသန့်ဖြစ်ကာ ထင့်သွားမိပါသည်။ သို့သော် ကျွန်မ၏ မသိစိတ်၌ ထိုလူအား ထူဆန်းစွာ အံ့သြနေမိသည်။ ၎င်းအံ့သြစိတ်၏ တွန်းဆော်မှုသည် ကျွန်မ၏ တည်ငြိမ်အိပ်စက်နေသည့် စိတ်ရေပြင်ကို လှုပ်နှိုးသွားပါသည်။ ကျွန်မကို ကျွန်မအား ပြန်၍ မေးမိလျက်သား ဖြစ်သွားခဲ့ပါသည်။ သူဘယ်လိုလူစားလဲဆိုတာကို သိချင်လာမိတော့သည်။ ကျွန်မ၏ သိချင်နေသည့် စိတ်ကို မထိန်းချုပ်ဘဲ လက်တွေကျကျ အကောင်အထည်ဖော်ရန် ကျွေးမွေးဧည့်ခံနေသည့် ဧည့်ခန်းမကြီးနှင့် ကပ်လျက်ရှိနေသည့် နောက်ဖက်ထမင်းစားခန်း၏ ပြတင်းပေါက်နားဆီသို့ အရောက်ပြေးသွားလိုက်သည်။ ထိုပြတင်းပေါက်မှ ကျွန်မ၏ မျက်လုံးတစ်စုံကို ကင်မရာဖြင့် အသုံးချလိုက်သည်။ နားတစ်စုံကို စွမ်းအားမြှင့် အသံဖမ်းစက်အဖြစ် အလုပ်ပေးလိုက်သည်။ ထိုအခါ ကျွန်မတစ်ယောက် စတင်၍ အံ့သြတုန်လှုပ်သွားပါသည်။

ကျွန်မ၏ ဖေဖေသည် အရပ်ထဲရှိ ဧည့်သည်လူကြီးမင်းများကို ဧည့်ခံနေရာမှ မတ်တတ်ရပ်၍ ထိုလူအား အပြုံးတွေဝေဖြာလျက် ကြိုနေသည်ကို တွေ့လိုက်ရသည်။ ထိုမြင်ကွင်းအား မယုံနိုင်၍ ကျွန်မ၏ မျက်စိနှစ်ကွင်းအား လက်ဖြင့် ပွတ်ကြည့်လိုက်မိသည်။ ပို၍အံ့သြခဲ့ရသည်။ ကျွန်မ၏ ဖေဖေသည် သူ၏အနားသို့ ထိုဧည့်သည်အား ဖိတ်ခေါ်ကာ ဧည့်ခံစကားဝိုင်း၌ ထိုင်လိုက်ကြသည်။

ကျွန်မသည် တခဏအတွင်း အံ့သြပြီးရင် အံသြနေမိသည်။ ထိုအံ့သြမှုများနဲ့အတူ ကျွန်မ၏ စိတ်ထဲ၌ "ဖေဖေသည် အညတရ

လူတစ်ဦးအား ဧည့်သည်လူကြီးလူကောင်းများရှေ့၌ မတန်မရာ လူရာဓာတ်သွင်းနေသည်ဟု မှတ်ချက်ချလိုက်မိသည်။ ဧည့်ခံစကားဝိုင်းထဲရှိ ဖေဖေ၏ မိတ်ဆွေဟောင်းများ၏ အမူအရာများသည် ပြိုင်တူမဲ့သွားကြသည်။ သို့သော် ထိုပုဂ္ဂိုလ်များသည် ဟန်ဆောင်ကာ မချိတချိအပြုံးများဖြင့် မဲ့ပြုံးပြုံးနေကြသည်။ ဖေဖေသည် ဟန်ဆောင်ကာ ပြုံးနေမှန် သိလျက်ပင် မသိဟန်ပြုကာ ဂရုမပြုသည့် အပြုံးများဖြင့် ပြန်လည်၍ ပြုံးနေလိုက်သည်။

ကျွန်မတွေ့လိုက်ရသည်။ ဖေဖေ၏ အပြုံးတွေသည် ကျွန်မတသက်တာ၌ မတွေ့ခဲ့ဘူးပေ။ ယခုတွေ့ လိုက်ရသည် ဖေဖေထံမှ အပြုံးတွေသည် အသက်ဝင်ကာ တောက်ပလင်းလက်နေသည်ဟု ခံစားလိုက်ရသည်။ ကျွန်မသည် ထိုမြင်ကွင်းကို အံ့သြစွာ ငေးကြည့်ချိန်မှာဘဲ ဖေဖေသည် ထိုလူငယ်နှင့် ဧည့်ခံစကားဝိုင်းမှ အဘကြီး၊ အဘသေး၊ ဦးကြီး၊ ဦးသေး၊ ခရိုနီပေါက်စလေးများပါမကျန် ဝိုင်းထဲရှိ လူအားလုံးနှင့် မိတ်ဆက်ပေးလိုက်သည်။ အားလုံးကို ခြုံ၍ကြည့်လိုက်သည်။ မတူဟန် အပြုံးများဖြင့် နှုတ်ဆက်လိုက်ကြသည်။ ထိုလူငယ်သည် ဟန်ဆောင်မှုကင်းမဲ့စွာ ပြုံးပြ၍ ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ကျွန်မသည် အံ့သြခြင်းများစွာနဲ့အတူ ရင်ထဲ၌ စိုးတထိတ်ထိတ်ဖြစ်နေမိသည်။

ထိုအခါ ဖေဖေသည် မထင်မှတ်စွာ အပြုံးတွေနဲ့အတူ

"ဒီက မိတ်ဆွေဟောင်းကြီးများခင်ဗျာ လူတိုင်းနီးနီး ပါးစပ်များ၌ ရေပန်းစားကာ ပြောဆိုနေကြသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ သွားနေတာတွေဟာ တကယ်ကိုအားကျမိပါတယ်။ တကယ်သွားကြလို့ တကယ်ရောက်ကြပြီးလား ခင်ဗျာ"

ဖေဖေရဲ့ မေးခွန်းကြောင့် မိတ်ဆွေဟောင်းကြီးများသည် အပြုံးတွေ ဝေဆာသွားသလို မျက်မှောက်ကုတ်၍ မျက်ခုံးလေးများ

တွန့်သွားကြသည်။ ထိုအုပ်စုထဲမှ ဘဘငြိမ်းသည် တစ်မူထူးခြားစွာ ရယ်သွဲ့သွဲ့ အပြုံးလေးများကို ဝေဖြာလျက်

"ဒါပေါ့ဗျာ ကျေးဇူးရှင်ခေါင်းဆောင်ကြီးများ၏ စေတနာတွေကို မြင်နေရတာဗျ"

ဘဘငြိမ်းက အပြုံးပေါ် အပြုံးဆင့်၍

"အဓိပတိခေါင်းဆောင်ကြီးရဲ့ လမ်းညွှန်မှုခိုင်မာကြောင်း ပြသတဲ့ ရလဒ်ပဲလေ"

ဘဘငြိမ်း၏ မာန်ပါပါစကားသံရဲ့ နောက်မှာ အဘကြီး၊ အဘသေး၊ ညွှန်ကြီး၊ ညွှန်သေ၊ ခရိုနီပေါက်စလေးများ ပါမကျန် ဘဘငြိမ်အား ထောက်ခံဂုဏ်ယူနေသည်။ အပြုံးများဖြင့် ပြုံးရွှင်နေကြသည်။ ထိုလူငယ်သည် ပြုံးရယ်ခြင်း၊ မဲ့ရွဲ့ခြင်းမရှိ တည်ငြိမ်၍ သူ၏ မျက်လုံးများကို မှိတ်ထားကာ အာရုံစိုက်ကာ နားထောင်နေသည်ဟန်ကို တွေ့ရသည်။ ဘဘငြိမ်းသည် အောင်နိုင်သူတို့ ထုံးကို နှလုံးမူ၍ သူ၏စကားကို ဆက်လိုက်ပြန်သည်။

"ယခု လက်တွေ့ဖြစ်စဉ်များကို ကြည့်ကြစမ်းပါဗျာ၊ တွေ့နေရပါပြီ။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာတယ်။ ရွေးကောက်တင်မြှောက်ပွဲတွေလည်း ရှိနေပြီ။ သတင်းမီဒီယာတွေကိုကြည့်ဗျာ၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေနဲ့ အတူ ရေးကြပြောကြနဲ့ သဲသဲညံနေကြပြီး၊ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးပိုင်းကို ကြည့်စမ်းဗျာ၊ ခေတ်မီတဲ့ မြစ်ကူးတံတားတွေ ခေတ်မီတဲ့ တိုက်တာ အဆောက်အဦးတွေ၊ မြို့ပြဂုံးကျော်တံတားတွေနဲ့အတူ ကွန်ကရစ်လမ်းမကြီးတွေဟာ ဖြောင့်ဖြူးလို့ နေပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကြီးကလည်း ဖွံ့ဖြိုးနေပြီဗျာ၊ စက်မှုဇုံတွေဟာ ဒေသအနှံ့မှာ ရှိနေပါတယ်။ ခေတ်မီတဲ့ ဆေးရုံတွေ၊ အဆင့်မြင့်တဲ့ ပညာရေးအဆောက်အဦး

တွေ၊ ကြီးမားတဲ့မြို့ပြတွေဟာ အံ့မခန်း တိုးတက်ဖွံ့ဖြိုးနေပါတယ်။ ခင်ဗျားတို့ စဉ်းစားကြည့်စမ်းဗျာ အဘတို့ရဲ့ တိုင်းပြည်ပေါ်ထားတဲ့ စေတနာတွေ၊ အခုတော့ဗျာ စေတနာကို စော်ကားတဲ့ အသံတွေကို ကြားနေရတယ်။ သူတို့တွေက ဒါကို မမြင်ဘဲ၊ မကြည့်ကြဘဲ ခေါင်းဆောင်ကြီးများရဲ့ စေတနာကို အပြစ်သဘောပဲ ပြောနေကြ တယ်ဗျာ။"

ဘဘငြိမ်း၏ အနားမှ ဘဘထွန်းသည် ဘဘငြိမ်းအား

"ထောက်ခံတယ်ဗျာ သိပ်ကို မှန်ပါတယ်"

မျက်နှာပြင်၌ ရယ်သွဲ့သွဲ့အပြုံးတွေ မာန်မာနအပြုံးတွေပါ ရောယှက်၍ ဘဘထွန်းက ဆက်ကာ

"သူတို့က နိုင်ငံအတွက် ဘာလုပ်ပေးခဲ့သလဲ၊ ဘာလုပ်ပေး နိုင်ပါသလဲ"

ဟု ဘဘထွန်း၏ အမေးစကားနောက် စကားဝိုင်းလေး၌ ထောက်ခံသံတွေ သဲသဲညံသွားသည်။ ဖေဖေကို ကြည့်လိုက်သည့် အခါ ပြုံးလည်းမပြုံး မဲ့လည်းမမဲ့တာကို တွေ့ရသည်။

ထိုစကားဝိုင်းလေးသည် ခေတ္တတိတ်ဆိတ်ငြိမ်သက်နေရာမှ အရပ်ထဲရှိ ဓမ္မာရုံ ဥက္ကဋ္ဌတစ်ဖက်မှ အငြိမ်းစား ဘဘအေးသည် ရယ်ဆတ်ဆတ် ခနဲ့သည့်လေသံဖြင့်

"ပြည်သူက ဒီမိုကရေစီဆိုတာကြီးကို နားလည်လို့လား ခင်ဗျာ"

အပြုံးကို ရယ်မောပစ်လိုက်ပြီး ဆက်ကာ

"ကျွန်တော်အထင်ကတော့ ခင်ဗျား သူများအော်လို့ လိုက် အော်ကြတာလိုထင်မိတယ်ဗျာ။ ဒါထက်ဆိုးတာက ဘာကြောင့် စစ်တပ်ကိုပဲ အပြစ်မြင်နေကြတာလဲဗျာ၊ ဒီလူတွေ ကျုပ်တို့တပ် မတော်မရှိလျှင် ဘာဖြစ်သွားမယ်ဆိုတာ သိကြရဲ့လား"

ဘဘအေး၏ အမေးစကားကြောင့် ဖေဖေသည် ကျောပြင်ကို နံရံ၌မှီထားနေရာမှ ခါးကိုဆန့်ဆန့်မတ်လိုက်သည်။ အလှဆုံး အပြုံးတစ်ချက်နဲ့အတူ

"ဘာဖြစ်သွားမှာလဲ ဥက္ကဋ္ဌကြီး"

ဖေဖေရဲ့ မေးခွန်းက သမီးဖြစ်သူ ကျွန်မအား မျက်လုံးကို ပြူးကျယ်သွားစေသည်။ ဘဘအေးသည် ဖေဖေအား စေ့စေ့ကြည့်၍ အသံကမာမာ၊ မာန်ကထန်ထန်ဖြင့်

"ကျွန်ဖြစ်သွားမှာပေါ့ ပါမောက္ခကြီး"

ဖေဖေသည် ခေါင်းလေးကို ညိမ့်ကာညိမ့်ကာဖြင့်

"ဟုတ်မှာပေါ့ ဟုတ်မှာပေါ့"

သူ၏ အနားမှ ထိုလူငယ်ဘက်လှည့်၍

"ဒီက မိတ်ဆွေလေး ဝင်ရောက်ဆွေးနွေးပါဦးခင်ဗျာ"

ဖေဖေသည် ဖိတ်ခေါ်ချက်နဲ့အတူ ဆက်၍

"မိတ်ဆွေ၏ ထင်မြင်ယူဆချက်ပေါ့ဗျာ"

မှတ်ချက်ပြုလိုက်သည်။ ကျွန်မသည် ဖေဖေအတွက် တအားကို စိတ်ပူမိသွားသည်။ ကျွန်မစိတ်ထဲ၌ သူက ဘာပြောတတ်မှာလဲ ဖေဖေအရှက်ရတော့မည်ဟု တွေးကာ ဒုက္ခ ဒုက္ခဟု ညည်းတွားမိတော့သည်။

ထိုလူငယ်သည် ငြိမ်သက်စွာနားထောင်နေရာမှ သူ၏ ဟန်အမူအရာသည် စတင်၍ ပြုံးလိုက်ပါသည်။

"ဒီက လူကြီးမင်းအပေါင်းတို့ ခင်ဗျာ ကျွန်တော်၏ ဝင်ရောက်ဆွေးနွေးမှုကို ခွင့်ပြုနိုင်ပါသလားခင်ဗျာ"

သူ၏ ခွင့်တောင်းသံသည် တည်ငြိမ်ပြတ်သားစွာ ဟိန်းထွက်လာသည်။ ဘဘငြိမ်းသည် အထင်အမြင်သေးသည့် အမူအရာဖြင့် ပြုံးဆတ်ဆတ်လေး ပြုံးကာ

"ရပါတယ်ဗျာ နားထောင်ကြည့်ရတာပေါ့"

ဖေဖေကို မြင်ရသည်မှာ ပီတိတွေဖြာကျလျက် ဖေဖေထံမှ ထိုအပြုံးလေးသည် သမီးဖြစ်သူ ကျွန်မတစ်သက် မတွေ့ခဲ့ပေ။

ထိုလူငယ်သည် စကားမပြောခင် ဦးခေါင်းညွှတ်၍

"ဒီကနေ့ဖြစ်ပေါ်နေသည် နိုင်ငံရေးဖြစ်စဉ်များသည် ဒီမှာ ရှိကြတဲ့ မိတ်ဆွေကြီးများ၏ ဆရာသခင် အဘကြီးတို့ ခင်းကျင်း တည်ဆောက်ထားသည့် ရှုံးမတ် (၇) ရပ်မှ ပေါက်ဖွားဖြစ်ထွန်းနေ တာကို 'မှု' အားဖြင့် ကန့်ကွက်စရာမရှိပေမယ့် အပြည့်အဝ ထောက်ခံမှုကို မပြုဆိုပါဘူးခင်ဗျာ"

ဘဘအေးသည် ဆတ်ခနဲ့ ခါးကိုမတ်ကာ အသံခတ်မာမာ ဖြင့်

"ဘာကြောင့်လဲ ဘာအဓိပ္ပာယ်လဲဗျ ရှင်းစမ်းပါဦး"

ဟု ခတ်ပြတ်ပြတ်ဘဲ မေးခွန်းထုတ်လိုက်သည်။ ထိုလူငယ် သည် မတုန်မလှုပ် တည်တည်ငြိမ်ငြိမ်ရှိလျက်

"ဒီလိုပါ ခင်ဗျာ ဒီမိုကရက်တစ်အင်အားစုများ၏ ဖိအားပဲ ပြောပြော၊ တောင်းဆိုမှုကြောင့်ခေါ်ခေါ် တိုက်ရိုက်စစ်အုပ်ချုပ်ရေး မှ အာဏာစွဲကိုင်ထားမှုကို ဖြေလျှော့သွားပြီးလို့ အများစုက ယူဆ ကြပါလိမ့်မယ်ခင်ဗျာ။ ဒါပေမယ့် ကျွန်တော်ရဲ့ ယူဆချက်ကတော့ ခြားနားပါတယ် ခင်ဗျာ၊ ယခုအခါ စစ်ဗျူရိုကရက်ယန္တရားကြီး ဟာ ပို၍ ခိုင်မာသိပ်သည်းလာတယ်လို့ ယူဆပါတယ်"

စကားဝိုင်းထဲရှိ လူအားလုံး မျက်ခုံးလေးများ တွန့်သွားခဲ့ကြ သည်။ အာရုံစိုက်၍ နားထောင်နေကြသည်ကို တွေ့ရသည်။ ထိုလူငယ်သည် ဆက်၍

"ဒီက မိတ်ဆွေများခင်ဗျာ ဒီမိုကရက်တစ်အင်အားစုနှင့် ပြည်သူလူထုအများစု၏ ကန့်ကွက်သံတွေကို နင်းချေပြီး စစ်ဗျူရို

ကရက်ယန္တယားအတွက် နိုင်ငံရေးလမ်းစဉ်ဖြစ်သည့် ရှိုးမတ် (၇) ချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အဓိကသက်သေဟာ အခြားမဟုတ်ပါဘူးခင်ဗျာ။ (၂၀၀၈) ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းနိုင်တဲ့ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးပဲ ဖြစ်ပါတယ်။ ၄င်းဥပဒေစာအုပ်ကြီးကို (၁၉၈၉) ခုနှစ်အာဏာသိမ်း စစ်အစိုးရကြီးမှ (၁၄) နှစ်ကြာ ဦးဆောင်ရေးဆွဲခဲ့ခြင်းသည် အဓိကအကျဆုံးလို့ ယူဆပါတယ်''

ထိုလူငယ်သည် မရပ်မနားပဲ ဆက်၍

''ဒီကမိတ်ဆွေကြီးတို့ရဲ့ အဘကြီးတို့၏ စေတနာ ဗလဗ္ဗနဲ့ ချမှတ်ခင်းကျင်းထားသည့် နိုင်ငံရေးလမ်းကြောင်းအတိုင်း သွားနေရတာကို ငြင်းဆိုနိုင်မဲ့ အခွင့်အလမ်းတွေ မရှိသေးပါဘူး ခင်ဗျာ။ ဒါပေမယ့် ကျွန်တော်ရဲ့ အမြင်သဘောထားအရ ယူဆရလျှင် ယခုလက်ရှိ အခင်းအကျင်းတိုင်းသာ သွားနေရင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာဖို့ အလှမ်းဝေးသလို ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ ဝေးကွာမယ်ဟု ယုံကြည်ပါတယ် ခင်ဗျာ''

စကားဝိုင်းရှိ အဘတို့ လူစု၏ မျက်နှာပြင်ပေါ်၌ အနီရောင်မှန်တိုင်းများ ထန်သွားကြသည်။

တစ်ချိန်ထဲမှာပင် ဘဘအေး၏ အသံသည် မာကျောခက်ထန်စွာဖြင့်

''မောင်ရင့် စကားတွေဟာ တစ်ဖတ်သက် အခြေအမြစ်မဲ့ စော်ကားနေသလို ဖြစ်နေတယ်''

ဟု ပြစ်တင်စကားဆို၍ ဆက်ကာ

''ဒီကမိတ်ဆွေ ရွေးကောက်ပွဲတွေ ရှိနေတယ်၊ လူထုက လွတ်လပ်စွာ မဲထည့်ခွင့်ရှိကြတယ်။ သတင်းစာနှင့် ဂျာနယ်

စာစောင်တွေဟာ ပုဂ္ဂလိကပိုင်ဆိုင်မှုတွေနဲ့အတူ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရှိကြတယ်။ ရွေးကောက်ခံ အစိုးရတစ်ရပ် ပေါ်ထွန်းနေတယ်။ အခြေခံဥပဒေကြီးနဲ့အတူ ရွေးကောက်ခံ လွှတ်တော်ကြီးလည်း ရှိနေတယ်။ လိုအပ်တဲ့ လွှတ်တော်လုပ်ငန်း တွေလည်း လွတ်လွတ်လပ်လပ် ဖွံ့ဖြိုးနေတယ်။ အခုဆို လွတ်လပ် ခွင့်တွေ ရှိနေကြပြီးလေ။ ဒါတွေဟာ ဒီမိုကရေစီတွေ မဟုတ် ဘူးလား"

ဘဘအေးကို အပြုံးများဖြင့် ကြည့်၍ သူ၏အပြုံးများကို ဖျက်မသွားဘဲ

"ဟုတ်ကဲ့ ခင်ဗျာ တွေ့မြင်နေပါတယ်။ ဒါပေမယ့် ဒီက မိတ်ဆွေကြီးများ ခင်ဗျာ ၄င်းလူ့အဖွဲ့အစည်းမှာ ရွေးကောက်ပွဲတွေ ရှိနေရုံဖြင့် ဒီမိုကရေစီစနစ်ကြီး ထွန်းကားနေတယ်လို့ တထစ်ချ မှတ်ယူ၍ မရနိုင်ပါဘူး ခင်ဗျာ။ လွတ်လပ်မှုတာသည့် ရွေးကောက် ပွဲနှင့် တက်လာတဲ့ အစိုးရတစ်ရပ်ကိုကြည့်ပြီး တိုင်းထွာလို့ မရ နိုင်ပါဘူးခင်ဗျာ။ ဒီမှာရှိကြတဲ့ မိတ်ဆွေအပေါင်းတို့လည်း သိထား ကြပါတယ်ခင်ဗျာ။ ယနေ့ကျင့်သုံးနေတဲ့ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ် ပုံ အခြေခံဥပဒေကြီးကို နောက်တစ်ကြိမ်လောက် ဆန်းစစ်သုံးသပ် သင့်ပါတယ်။ ၄င်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရွေး ကောက်ခံမဟုတ်သည့် ကာကွယ်ရေးလုပ်သားတွေက လွှတ်တော် ကိုယ်စားလှယ်ကြီးများအဖြစ် နိုင်ငံရေး စားပွဲခုံပေါ်မှာ (၄း၁) ရှိနေပါတယ်"

ထိုစကားကို ကြားရသည်အတွက် ကျွန်မအံ့ဩ တုန်လှုပ် သွားမိသည်။ ကျွန်မ၏ ရင်ထဲ၌ လှိုင်းကြက်ဖလေးများသည် တဖျ ်ဖျတ်ခတ်သွားသည်။ ကြောက်စိတ်လေးများပင် ဝင်လာ

သည်ဟု ဝန်ခံမိပါသည်။ အဘကြီး၊ အဘသေး၊ ညွှန်ချုပ်၊ ညွှန်သေးလေးများနှင့် ခရိုနီပေါက်စလေးပါမကျန် မျက်မှောင်ကုတ်၍ မျက်လုံးများကို ဝိုင်းပသွားသည်။ မျက်နှာပြင်ပေါ်၌ ကြက်သွေးရောင်ဖြန်သွား၍ ပန်နုရောင်လှိုင်းကလေးများ သန်းသွားကြသည်။ ထိုလူငယ်သည် မတုန်မလှုပ်ဘဲ ဆက်၍ တည်ကြည်လေးနက်သည့် အသံဖြင့်

"ဒီက မိတ်ဆွေလူကြီးမင်းများခင်ဗျာ လူကြီးမင်းအပေါင်းတို့ သိထားကြပါတယ်။ တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီးက ဆိုမိန့်ခဲ့ပါတယ် (နိုင်ငံရေးလုပ်ချင်ရင် တပ်မတော်မှ ထွက်ဖို့လိုကြောင်းနှင့် စစ်သားဆိုတာ စစ်တန်လျားမှာဘဲ ရှိရမယ်ဟု ဆိုမိန့်ခဲ့ဖူးပါတယ်။ ဒီလိုပါပဲ ခင်ဗျာ (၁၉၈၈) ခုနှစ် အာဏာသိမ်းခေါင်းဆောင်ကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် (သမိုင်း၏ တရားခံအဖြစ်ကို မခံဘူး၊ အခြေခံဥပဒေကို တို့မဆွဲဘူး၊ အချိန်တန်လျှင် တန်းလျားကို ပြန်မယ်ဆို ကတိပြုခဲ့ပါတယ်)"

"ဒါပေမယ့် ဒီကမိတ်ဆွေလူကြီးမင်းများ ခင်ဗျာ တပ်မတော်စစ်အစိုးရက ဦးဆောင်ရေးဆွဲထားသည် (၂၀၀၈) အခြေခံဥပဒေကြီး၏ အခန်း (၇) နှစ် အခန်း (၁) ပုဒ်မ၆ (စ) လုံးတွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု ကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်တယ်။ ဆက်ပြီး လေ့လာကြည့်ကြပါခင်ဗျာ။ အခန်း (၇) (၃၈၈) မှာ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွက်ကဲမှုအောက်တွင် ရှိရမည်။ ဒီမိတ်ဆွေကြီးများခင်ဗျာ ဆက်ပြီး ရှေ့ကို ကျော်ကြည့်လိုက်ပါခင်ဗျာ (၃၄၂) မှာ

နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးအပ်ရမည်။ နိုင်ငံတော်သမ္မကြီးသည် နိုင်ငံတော်၏ အကြီးအကဲနေရာမှာ အပြည့်အဝအာဏာမရှိကြောင်း ပေါ်လွင်လာပါတယ်။ ဘာကြောင့်လဲဆိုသော် စဉ်းစားကြည့်ပါ ခင်ဗျာ၊ နောက်ထပ်သက်သေပြနေတာသည် အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းထားပုံက အံ့သြရပါတယ်။ အဖွဲ့ဝင်ဦးရေသည် (၁၁) ဦး ရှိပါတယ်။ သမ္မတကြီး ခန့်အပ်နိုင် တာက (၂) ဦးရှိပါတယ်။ လူထုမှ တိုက်ရိုက်ခန့်ပေးတာက (၂) ဦး ရှိပါတယ်။ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ခန့်အပ်နိုင် တာက (၅)ဦး ရှိပါတယ်။ ဒီမိုကရေစီ သဘောတရားအရ မဲခွဲဆုံး ဖြတ်လျှင် များသူက နိုင်ပါတယ် ခင်ဗျာ၊ များသူက အာဏာပိုင် ဆိုင်မှု ပိုမိုသက်ရောက်နေတာကို တွေ့ရပါတယ် ခင်ဗျာ။ (၂၀၀၈) ဥပဒေစာအုပ်ကြီးအရ ထူးခြားချက်သည် အခြားမဟုတ်ပါဘူး၊ အုပ်ချုပ်ရေး ယန္တရားအများစုသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အောက်၌သာ သက်ဝင်ဖြစ်ထွန်းနေတာကို တွေ့ရပါတယ် ခင်ဗျာ။ ဒါကြောင့် ဒီက မိတ်ဆွေကြီးများ ခင်ဗျာ ဒီမိုကရေစီ စနစ်ဟု ပြောနေကြတာကို ဖတ်ကြည့်ပါမယ်။ နားထောင်ပါ့မယ်။ လက်ခံဖို့တော့ ခဲယဉ်းလှပါတယ် ခင်ဗျာ။ ဒီမိုကရေစီ၏ အနှစ် သာရနဲ့ ခံစားပိုင်ခွင့်တွေဟာ (နတ်ရေစင်) ပမာတွေ ထင်ရလို့ပဲ ဖြစ်ပါတယ်။ ဒါတွေကို ဒီကမိတ်ဆွေကြီးတို့က ဝင့်ကြွားထောက် ပြခဲ့သလို ထောက်ပြနိုင်ပါတယ်။ အရွေးကောက်ခံ သမ္မတတွေ၊ လွှတ်တော်နှစ်ရပ် ရှိနေတာတွေ၊ နောက်ထပ် ဒေသအစိုးရအဖွဲ့နှင့် ဒေသလွှတ်တော်တွေကိုပေါ့ ကျွန်တော်ကတော့ မေးခွန်းတစ်ပုဒ်ကို

မေးပါရစေ အခန်း (၁) ပုဒ်မ (၁၆) မှာ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်။ ဒီက မိတ်ဆွေကြီးများခင်ဗျာ သမ္မတကြီးမှာ အုပ်ချုပ်ရေးအာဏာရပ်တွေအပြည့်အဝ ပိုင်ဆိုင်ခွင့်ရှိနေပါသလား"

ထိုမေးခွန်းကို ကြားရသည့် ကျွန်မသည် ကြက်သီးမွေးညင်းများ ဖြန်းဖြန်းထသွားကာ ရင်ထဲမှာ တလပ်လပ်တုန်လာပြီး မျက်လုံးလေးများ ဝိုင်းပသွားခဲ့သည်။ ထိုလူငယ်၏ မေးခွန်းအားဖြေရန်တုံ့ပြန်ရန် တစ်ဦးတစ်ယောက်မျှ ဖြေဆိုခြင်း မပြုကြပေ။ ထိုလူငယ်သည် တည်ငြိမ်စွာပဲ

"ဒီက မိတ်ဆွေကြီးများခင်ဗျာ အဖြေကို ဖြေကြားခြင်း မပြုသော်လည်း သိရှိတာနေလိမ့်မည်ဟု ယုံကြည်ပါရစေ။ သို့သော် တာဝန်ခံရမှုသည် သမ္မတကြီးအပေါ်၌ အပြည့်အဝ တည်ရှိနေပါတယ်။ တာဝန်ယူမှုကြောင့်တော့ မဟုတ်ပါဘူး။ (၂၀၀၈) အခြေခံဥပဒေအရ ဖြစ်တည်နေရခြင်း ဖြစ်ပါတယ်။"

ကျွန်မ၏ ရင်တွေဟာ မရပ်မနား တဒိတ်ဒိတ်ခုန်နေရင် အံ့သြစွာမှင်သက်နေမိသည်။ ဖေဖေကို တွေ့ရသည်မှာ အရင်ထက် မတူ အပြုံးကို ဝေဆာစွာပြုံး၍ ပီတိဖြာနေတာကို တွေ့လိုက်ရသည်။ ဘဘအေးတို့ လူအုပ်စုသည် ခြသေ့်မျက်စောင်း ကျားမျက်လုံးပမာ မခံထိမခံတာ ဖြစ်၍နေကြသည်။ ထိုလူငယ်က ဆက်၍

"ဒီက မိတ်ဆွေကြီးများခင်ဗျာ ပြည်သူလူထုက တင်မြှောက်လိုက်သည့် သမ္မတကြီးသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ မိမိတစ်ဦးထဲထံမှာ အာဏာစက် မရှိသလို၊ သံတမန်ဖြတ်တောက်ရာမှာလဲ မိမိသဘောထားအတိုင်း မပြုလုပ်နိုင်ပါဘူးခင်ဗျာ"

"ဘာကြောင့်လဲဆိုတော့ (၂၀၀၈) အခြေခံဥပဒေစာအုပ်ကြီး၏ အခန်း (၅) အုပ်ချုပ်ရေးကဏ္ဍာဆိုင်ရာမှာ နိုင်ငံတော် သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် (၂၀၄) မှာ နိုင်ငံတော်သမ္မတသည် (ဘ) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည် (က) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့် အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်ဟု ဖွင့်ဆိုထားပါတယ်။ ဆက်ပြီး ကြည့်လိုက်ပါ (၂၀၆) မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမာန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း ပြုနိုင်သည်။ သို့ရာတွင် ချက်ခြင်းအရေးယူ ဆောင်ရွက်ရန် လိုအပ်သည့်အခါမျိုး၌ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန် အဆက်အသွယ် ဖြတ်တောက်နိုင်သည်။ နိုင်ငံတော်သမ္မတသည် မိမိ၏ အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။ အချုပ်ကို သုံးသပ်ကြည့် လိုက်တဲ့အခါမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ထိန်းချုပ်ထားတာကို တွေ့ရပါတယ်။ ရှေ့မှာ ပြောခဲ့သလို ၄င်းအဖွဲ့၏ သက်ဝင်ဖြစ်ထွန်းပုံသည် သမ္မတမှာ အာဏာအပြည့်အဝမရှိတာ တွေ့ရပါတယ်ခင်ဗျာ။ ဒီတော့ ခင်ဗျာ ဒါတွေဟာ ပြည်သူလူထုလက်ထဲမှာ အာဏာမတည်တာကို ညွှန်ပြနေပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့ ယူဆချက်ကတော့ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝ မဖြစ်ထွန်းသေးကြောင်း ပြောလိုပါတယ် ခင်ဗျာ"

အားလုံးကို တွေ့ရသည်မှာ ဟန်ဆောင်အပြုံးများကြားမှ မျက်ထောက်နီကြီးဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေကြသည်။ ထိုလူငယ်သည် တွန့်ဆုတ်မနေဘဲ

"ကျွန်တော်ရဲ့ နောက်ထပ်ယူဆပုံကို ချပြပါရစေ၊ ဒီက မိတ်ဆွေကြီးတို့ရဲ့ အဓိပတိအာဏာရှင်ကြီးသည် ယခင်အာဏာရှင်ကြီးများထက် အာဏာအရပ်ရပ်ကို ကိုင်တွယ်ပုံ၊ ရှင်သန်ဖွံ့ဖြိုးပုံ၌ ပို၍သာလွန် ထက်မြက်လှပါတယ်။ အာဏာဇာတ်ခုံပေါ်ကနေ အာဏာကို အရိပ်ထပ်ပြီး ကာလကာနောက်ကွယ်မှာ လုံလုံခြုံခြုံ ရှင်သန်ရပ်တည်နေတာတွေဟာ ဘယ်လိုမှ ငြင်းဆို၍ မရနိုင်ပါဘူးခင်ဗျာ။ ဒါကြောင့် ရှာမှရှားတဲ့ အဓိပတိ အာဏာရှင်ကြီး ပီသလှပါတယ်။ သေချာစီစစ် သုံးသပ်ကြည့်လျှင် ပို၍ ထူးခြားတာကို တွေ့ရပြီး သိမ့်မွေ့လှပါတယ်။ စစ်ဗျူရိုကရက်ယန္တယားကြီး၏ ခံစစ်၊ ခံကတုတ်၊ တတ်နင်းမိုင်းလို့ ဆိုမှတ်နိုင်သည်။ (၂၀၀၈) အခြေခံဥပဒေကြီးကို ရေးဆွဲပြီး သက်ဝင်ရှင်သန်ဖို့ အသက်သွင်းနိုင်ခဲ့ပါတယ်။ အာဏာရှင်မှ အာဏာရှင် ပီသလှပါတယ်။ ဘာကြောင့်လဲဆိုတော့ (၂၀၀၈) အခြေခံဥပဒေ၏ နိုင်ငံရေးကစားကွင်းသည် အာဏာရှင်ကြီးမှ အာဏာရှင်လေးများကို ဆင့်ပွားမွေးဖွားနိုင်ခြင်းပဲ ဖြစ်ပါတယ်။ နောက်ထပ် အဓိပတိအာဏာရှင်ကြီးတစ်ပါး မဖြစ်လာပဲ အာဏာဘက်ပြိုင်မှုတွေ အားကောင်းလာနိုင်တဲ့ အစွမ်းသတ္တိရှိနေလို့ပဲ ဖြစ်ပါတယ်။ (၂၀၀၈) ဥပဒေရဲ့အောက်မှာ အံ့သြစွာ တွေ့ရနိုင်တာသည် အာဏာသက်ရောက်မှုပုံသဏ္ဍာန်တွေ ရှုပ်ထွေးထားပါတယ်။ အာဏာစက်၏ ရေသောက်မြစ်သည် နိုင်ငံရေးဇာတ်ခုံနောက်မှာ လိုက်ကာထပ်၍ တည်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် အမှန်တစ်ကယ် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို မွေးဖွားတည်ဆောက်မည်ဆိုလျှင် နိုင်ငံတော်ကို ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုသီသို့ ဦးတည်ကြမယ်ဆိုလျှင် ကျွန်တော်ရဲ့တစ်ဦးထဲဆန္ဒနဲ့ သဘောထား

သည် (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံကြီးကို ပြုပြင်ရမည်ဟု အသံတွေ ထွက်နေသော်လည်း အသစ်တစ်ဖန်ရေးဆွဲခြင်းသည် နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးကို ချစ်ရာရောက်သည်ဟု ယုံကြည်မိပါ တယ် ခင်ဗျာ။ ဘာကြောင့် ယုံကြည်ရသလဲဆိုတာကို ဒီက မိတ်ဆွေ လူကြီးမင်းများ စဉ်းစားကြည့်ပါခင်ဗျာ။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အာဏာပြိုင်ဆိုင်မှုပုံသဏ္ဌာန်တွေ အားကောင်း နေတာရယ်၊ အပြန်အလှန် ထိန်းကျောင်းမှု သဘောတရား အား ပျော့နေတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ လူအဖွဲ့အစည်းက တွေ့ကွဲပြားမှုတွေ ပကတိ တည်ရှိနေပါတယ်။ ၎င်းလူအဖွဲ့အစည်း အတွက် အပြန်အလှန် အသိအမှတ်ပြုသဘောတရားနဲ့ တန်းတူ ညီမျှမှု သဘောတရားတွေ ဖွံ့ဖြိုးရန် လိုအပ်ပါတယ်။ ဒါပေမယ့် (၂၀၀၈) ဥပဒေစာအုပ်ကြီးမှာ အားပျော့နေတာကို တွေ့ရပါတယ် ခင်ဗျာ။ ၎င်းချွတ်ယွင်းချက်တွေဟာ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေး မှု၏ ဆန့်ကျင်ဘက် မင်းမဲ့စရိုက်လက္ခဏာများကို အလွယ်တကူ မွေးဖွားလာနိုင်ပါတယ်။ ဒါထက် ကြောက်စရာကောင်းသည့် အကြောင်းတရားသည် အာဏာရှင်နိုင်ငံရေး ယဉ်ကျေးမှုသည် အခြေခံကျကျ မျိုးဆက်သစ်ဖွံ့ဖြိုးလာနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ စံချိန်စံနှုန်းများဖြင့် ကိုက်ညီသည့် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် မွေးဖွားဖို့ လိုအပ်နေပါတယ် ခင်ဗျာ။ ဒီကမိတ်ဆွေလူကြီးမင်းများခင်ဗျာ ကျွန်တော်ရဲ့ နိုင်ငံရေး သုံးသပ်ဝေဖန်တဲ့နေရာမှာ အမုန်းတရားလည်း မရှိပါဘူး၊ ချစ်ခြင်း မျက်စိလည်း မထားပါဘူး၊ ပါတီစွဲ မရှိဘူး၊ ပုဂ္ဂိုလ်စွဲ မထားဘူး၊ ဇာတ္တဝါဒမှလွဲ၍ ဘယ်ဝါဒမှ မစွဲလမ်းဘူး၊ မကိုးကွယ်ဘူး၊ နေရာ မျှော်ဘူး၊ အာဏာမငတ်ဘူး၊ ကျွန်တော်ရဲ့ ရင်ထဲမှာ နိုင်ငံပဲ

ရှိပါတယ်။ ကျွန်တော်ရဲ့ နှလုံးသားမှာ လူသားဝါဒအမြင်တော့ အားပိုပါတယ်။ သူနေရာနဲ့သူ သူ့အလုပ်နဲ့ သူ၊ သူ့တာဝန်နဲ့သူ ဖြစ်ထွန်းနေမည့် နိုင်ငံရယ်၊ လူက ဦးဆောင်တဲ့ အစိုးရကို မလိုချင်ပါဘူး၊ လူက ဦးဆောင်အုပ်ချုပ်တဲ့ လူ့အဖွဲ့အစည်းကို မလိုလားပါဘူး။ တရားဥပဒေက ဦးဆောင်ပြီး အုပ်ချုပ်သည့် အစိုးရကိုပဲ မျှော်လင့်ယုံကြည်ပါတယ် ခင်ဗျာ။ ဒါတွေဟာ ကျွန်တော်ရဲ့ ပုဂ္ဂလိက ဆန္ဒနှင့် ယူဆထားပုံတွေ ဖြစ်ပါတယ်"

စကားစကို ဖြတ်လိုက်သည်။ အဘကြီး၊ အဘသေးများသည် ဘယ်လိုချေပရမလဲဆိုတာကို စဉ်းစားရကြပ်နေသည်။ လုပ်ရိုးလုပ်စဉ်အတိုင်း စကားမပြောတတ်လျှင် ထ၍ရိုက်ဆိုသော်လည်း လူရှေ့ဖြစ်နေ၍ ရင်ခေါင်ထဲမှ တတ်လာသည့် တံတွေးများကို မျိုချကာ ပန်းနုရောင် မျက်ဝန်းကြားမှ ဟန်ဆောင်ထားမှု အပြုံးစများကို တွေ့နေရသည်။ ဖေဖေ၏ အပြုံးတို့သည် တမူထူးခြား၍ အဓိပ္ပာယ်များစွာဖြင့် အသက်ဝင်နေသည်။

ထိုလူငယ်သည် ရေနွေးကြမ်းကို မော့သောက်လိုက်သည်။ သူက ဆက်၍ အပြုံးနဲ့အတူ

"ဒီက မိတ်ဆွေလူကြီးမင်းများ ပြောခဲ့ကြပါတယ်။ ယနေ့ နိုင်ငံတော်မှာ ယခင်ထက်မတူ လမ်းပန်းဆက်သွယ်ရေးသည် အကောင်းဘက်ဆီသို့ တဆစ်ချိုး ပြောင်းလဲနေပါတယ်။ မြစ်ကူး၊ ချောင်းကူးကွန်ကရစ် သံဘောင်တံတားကြီးတွေသည် ဒေသအနှံ့မှာ တည်ရှိပေါ်ပေါက်လာပါတယ်။ ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းများနှင့် စက်မှုဇုံကြီးတွေ ဖြစ်ထွန်းလာပါတယ်။ မိုးမျှော်အဆင့်မြင့် တိုက်ကြီးတွေ၊ တန်ဖိုးနည်းအိမ်ယာစီမံကိန်းတွေ၊ ခေတ်မီဈေးသစ်ကြီးတွေဟာ နေရာအနှံ့မှာ ဖွံ့ဖြိုးလာပါတယ်။ နိုင်ငံတချို့က

တင်သွင်းလာတဲ့ ဇိမ်ခံကားမျိုးစုံကလည်း ပေါများလာပါတယ်။ ခေတ်မီဆေးရုံကြီးတွေကလည်း အနှံ့အပြားတည်ရှိနေပါတယ်။ ၎င်းဖြစ်စဉ်တွေကို ရှုထောင့်တစ်ခုကနေ ကြည့်လိုက်ရင် သဘောကျနှစ်ခြိုက်စရာ ဖြစ်ပါတယ်။ အခြားတစ်ဖက်က ရှုထောင့်မှ မေးခွန်းထုတ်ကြည့်ရင် အခြေခံကျကျ ဖွံ့ဖြိုးတိုးတက်နေပါသလား။ ကျွန်တော်တို့ နိုင်ငံအဝန်းနဲ့ခြုံပြီး ဆန်းစစ်သုံးသပ်ကြည့်ဖို့ လိုအပ်ပါတယ် ခင်ဗျာ"

"ဒီက မိတ်ဆွေကြီးများခင်ဗျာ ပြည်ထောင်စုတဝန်း ဒေသဖွံ့ဖြိုးမှုတွေ အချိုးကျညီမျှနေပါသလား။ မိမိနိုင်ငံ၏ ဒေသထွက်ကုန် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတတ်နေပါသလား။ နိုင်ငံအတွင်းက သယံဇာတအရင်းအမြစ်များ စနစ်တကျ ဖွံ့ဖြိုးရောင်းချနိုင်ပါသလား။ ၎င်းမေးခွန်းကို ဝေဖန်ပိုင်းခြားကြစေချင်ပါတယ်။ ဘယ်လိုမှ ငြင်းဆိုလို့မရသည့် ပြောင်းလွဲမှု ဖြစ်စဉ်တွေ့ရှိနေပါတယ်။ မြို့ပြအိမ်ယာဖွံ့ဖြိုးမှုအောက်မှာ လယ်ယာမြေတွေဟာ ပျက်သုန်နည်းပါးရပါတယ်။ သယံဇာတ ကျိန်စာအောက်မှလည်း လယ်ယာမြေတွေဟာ သိမ်းဂြိုလ်ခံရပါတယ်။ လယ်ယာမြေအသစ်တွေ ဖော်ထုတ်နိုင်စွမ်း အားနည်းနေချိန်မှာဘဲ ခရိုးနီးကြီးများရဲ့ ငါးပုဇွန်မွေးမြူရေးကန်ကြီးတွေဟာ လယ်ယာမြေတွေကြားထဲမှ မိုးကျမှိုပွင့်လေးများအလား ပေါ်ပေါက်လာပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးနိုင်ငံတော်အောက်မှာ လယ်ယာမဲ့သွားကြသူတို့၏ ဘဝတွေကို ပြန်ကြည့်ကြဖို့တော့ လိုနေပါပြီ ခင်ဗျာ။ သစ်တောကြီးတွေကို ညည်းစနစ်မဲ့သိမ်းဂြိုလ်လိုက်တဲ့ ဘေးထွက်ဆိုးကျိုးကတော့ သဘာဝဆိုင်ရာ ရာသီဥတုဖောက်ပြန်တိုက်ခိုက်မှုကို ခံစားရခြင်းပဲ ဖြစ်ပါတယ်။ ၎င်းလူအဖွဲ့အစည်းမှာ ၎င်းဖြစ်စဉ်တွေထက် စိုးရိမ်စရာအကောင်းဆုံး ပြဿနာတစ်ခု ရှိပါတယ် ခင်ဗျာ။ ဒီက မိတ်ဆွေ

လူကြီးမင်းများက ကန့်ကွက်ကြမယ်လို့ မမျှော်လင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူကြီးမင်းတို့ စကားထဲမှာ သွယ်ဝိုက်ပြီး သက်သေပြုပေးထားပါတယ်။ အဲဒါကတော့ အခြားမဟုတ်ပါဘူး ခင်ဗျာ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်သည့် လူသားအရင်းအမြစ် သံယံဇာတစွမ်းရည် မဖွံ့ဖြိုးခြင်းပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးလာသည်အရာက အခြားမဟုတ်ပါဘူးခင်ဗျာ။ နိုင်ငံတစ်နိုင်ငံအတွက် အကြီးမားဆုံး ရန်သူဖြစ်သည်။ စာရိတ္တမဏ္ဍိုင်ကြီး ကျိုးပဲ့ပျက်စီးနေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကမိတ်ဆွေလူကြီးမင်းများခင်ဗျာ ဖြစ်ပျက်နေသည့် အကြောင်းအရာတွေကို ခြုံငုံ၍ သုံးသပ်ကြည့်လိုက်သည့်အခါ ရလဒ်သည် မေးခွန်းတစ်ခုအဖြစ် ထွက်ပေါ်လာပါတယ်။ ၎င်းမေးခွန်းကတော့ ပြည်သူလူထုဘဝအများစု၏ ရပ်တည်နေထိုင်ရမှုတွေသည် ခိုင်မာဖွံ့ဖြိုးနေပါသလား (သို့) လူတစ်စုထံ၌သာ ဘဝပိုင်ဆိုင်မှုတစ်ရပ်သည် ကြီးပွားဖွံ့ဖြိုးနေပါသလား။ ၎င်းမေးခွန်းကို ကြည့်ရှုဖို့ ဒီကမိတ်ဆွေကြီးများကိုယ်တိုင် တွက်ကြည့်လိုက်ပါခင်ဗျာ။ ဒါထက်ကျော်လွှားပြီး ရှေ့သို့ ဖြန့်ကျက်ကာတိုး၍ ကြည့်လိုက်ပါခင်ဗျာ။ ပြည်သူလူထုအများစု၏ ဘဝရပ်တည်နေမှုသည် မသာယာပါဘူးခင်ဗျာ။ မခိုင်မာ၊ မချောမွေ့ပါဘူးခင်ဗျာ။ ဆင်းရဲမွဲတေမှု မုန်တိုင်းတစ်စင်း၏ တိုက်ခိုက်မှုဒဏ်ကို ကျော့ကော့စွာ ရင်ဆိုင်နေရပါတယ်။ တခမ်းတနား ဖွံ့ဖြိုးကြီးထွားလာသည့် တိုက်တာ အဆောက်အဦးကြီးတွေ မော်တော်ကား အကောင်းစားကြီးတွေသည် ပြည်သူလူထုအများစု၏ လက်ထဲကို ရောက်လာတာ မဟုတ်ပါဘူးခင်ဗျာ။ လူထုအများစု ခံစားနေရတာသည် စုတ်ပြတ်နေတဲ့ လိုင်းကားပေါ်မှာ ပိတ်ဆို့နေတဲ့ ယာဉ်တန်းကြီးနဲ့အတူ ချွေးညှီနံ့တွေ လှိုင်လှိုင်ထနေသည့် အနံ့အသက်များကို ရှူရှိုက်ရင်း ဝင်ငွေထွက်ငွေ မမျှတ

သည့် ကုန်ဈေးနှုန်းကြီး မြင့်မှုဒဏ်ကို နေ့စဉ်ရင်ဆိုင်နေရပါတယ်။ မလုံခြုံသည့် ရေကြောင်းပို့ဆောင်ရေးအောက်မှာ ဝိညာဉ်ကို အရင်းပြုပြီး ရှန်းကန်သွားလာနေရပါတယ်။ ပိုင်ဆိုင်မှု ကင်းမဲ့လို့ ကျူးကျော်သတ်မှတ်ခံရသူတွေ၊ အိမ်ယာမဲ့လို အခန်းကျဉ်းကျဉ်းလေးကို ဈေးကြီးပေးပြီး ငှားနေရသူတွေ၊ စားကျက်ပျက်လို့၊ ချောင်ကြားမြောင်းပေါ်တွေမှာ ပြောင်းရွှေ့ခိုလှုံရသူတွေ၊ မလုံခြုံသည့် အိမ်နဲ့ မတည်ငြိမ်သည့် တရားဥပဒေအောက်မှာ ကြောက်ရွံ့တုန်လှုပ်စွာပဲ နေထိုင်ကြရသူတွေရဲ့ အခြားတစ်ဖက်မှာ ဆန်းကြယ်မှုအလှတရားတွေပေါ် ရောက်လာကြသည့် လူတစ်စု၏ ကိုယ်ကျင့်သိက္ခာတွေသည် ပြိုလဲကုန်ခမ်းနေပြီဆိုတာကို ဘယ်လိုမှ ငြင်းနိုင်ည်ဆိုတာကို မထင်ပါဘူးခင်ဗျာ”

ဘဘအေးတို့ လူစုသည် မျက်နှာကြီးနီးမြန်းနေရာမှ မျက်ခုံးလေးများ ပြိုင်တူတွန့်သွားကြသည်။ မျက်မှောင်ကုတ်များကြားဝယ်စိတ်ရိုင်းတွေကို ဟန်ဆောင်မှုအပြုံးများဖြင့် ဖုံးဖိထားကြသည်။ ဖေဖေသည် မခို့တရို့ပြုံး၍ ပီတိဖြာနေသည်။

ထိုလူငယ်သည် မရပ်မနားပဲဆက်၍

“ဒီကနေ့မှာ လူတစ်ချို့က ပြောကြပါတယ်။ ပြည်သူလူထုက ဒီမိုကရေစီစနစ်နဲ့ တန်လို့လား။ ဒီမိုကရေစီဆိုတာ ဘာလဲ။ သိရောသိကြလို့လား။ ပြောကြ၊ မေးကြပါတယ်။ ထိုစကားလုံးတွေဟာ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ဆီသို့ အရောက်သွားမည့်စကားလုံးတွေ မဟုတ်ဘူးလို့ ယူဆပါတယ်ခင်ဗျာ”

“ကျွန်တော်ရဲ့ သဘောထားကတော့ ရိုးရှင်းပါတယ်ခင်ဗျာ။ ပြည်သူလူထုကို ဒီမိုကရေစီစနစ်နဲ့ မထိုက်တန်ဘူးလို့ ပြောဆိုရှုတ်ချနေမည်အစား ဒီမိုကရေစီစနစ်နဲ့ ထိုက်တန်အောင် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုသဘောတရားတွေကို လေ့ကျင့်သင်

ကြားခြင်းနှင့် သရုပ်ပြစည်းရုံးလှုံ့ဆော်ခြင်းဖြင့် လက်တွဲဖော် ဆောင်ပေးပါလို့ တိုက်တွန်းစကားဆိုပါရစေ။

ဘာကြောင့် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်ကြီးကို တည့်မတ်ရှင်သန် အောင် ဝိုင်းဝန်းမထိန်းသိမ်းကြပါသလဲ။ ထိုမေးခွန်းနဲ့အတူ ဒီမိုကရေစီ စနစ်၏ ရန်သူသည် သူ၏အနီးနားမှာ ရှိပါတယ်။ အဲဒါကတော့ မင်းမဲ့စရိုက်လက္ခာပဲ ဖြစ်ပါတယ်။ ၄င်းဖြစ်စဉ်တွေကို ပြည်သူ လူထုကြားမှာ ဘာကြောင့် မထိန်းသိမ်းပဲ လမ်းစဖွင့်၍ ပြုမူနေကြ သလဲဆိုတာကို ကျွန်တော်တို့ မေးခွန်းထုတ်ကြည့်ရပါမယ်"

ထိုလူငယ်ရဲ့စကားကိုဖြတ်၍ ဘဘအေးသည် ဆတ်ခနဲ့ မေးခွန်းထုတ်လိုက်သည်။

"သင်ကြားပေးလို့ရော ရပါ့မလား၊ သင်ကြားနိုင်စွမ်းရော ရှိပါသလား။ ယနေ့ ဖြစ်ပျက်နေကြတာကို ကြည့်လေဗျာ၊ သူတို့ ကိုယ်တိုင်ပဲ စည်းလွတ်ဝါးလွတ်ကာ စည်းကမ်းချိုးဖောက်နေကြ တယ်။ မူးကြတယ်၊ ရမ်းကားကြတယ်ဗျာ။ ဒါထက်ဆိုးတာက ကြားရတဲ့ မှုခင်းသတင်းတွေကလည်း နားရှက်စရာတွေပဲကြားနေရ တယ်ဗျာ။ ဒါတွေကို အစိုးရကြောင့်ဟု တဖတ်သတ် အပြစ်တစ်ခု အဖြစ် အပြစ်ပုံချလို့ မသင့်ဘူးထင်ပါတယ်။ အရာရာတိုင်းကို အစိုးရဆီကို အပြစ်ပြောလို့ မရဘူးလေ"

ထိုလူငယ်သည် ပြုံးနေသော အပြုံးကို မပျက်ပြုံး၍ တည် ငြိမ်စွာဖြင့်

"ဒီက လူကြီးမင်းပြောတဲ့ အရာရာကို အစိုးရတစ်ရပ်ဆီကိုပဲ အပြစ်ပုံချကာပြောလို့ မသင့်ဘူးဆိုတာကို ထောက်ခံပါတယ် ခင်ဗျာ၊ ပြုပြင်ပြောင်းလဲရေးကို သွားမယ်ဆိုရင် ၄င်းလူအဖွဲ့

အစည်းအတွင်းက ပြည်သူလူထုအများစုသည် ပူးပေါင်းပါဝင် လုပ်ဆောင်မှုကို တာဝန်သိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်မှု ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ အောင်မြင်မယ်ဆိုတာကို ဘယ်သူမှ ငြင်းပယ်နိုင်စွမ်းရှိမယ် မထင်ပါဘူးခင်ဗျာ။ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်က ကျွန်တော်ကို ဆုံးမသင်ကြားပေးတဲ့ စကားတစ်ခွန်း ရှိပါတယ်။ နိုင်ငံရေးဆိုတာ အများပါဝင်မှ အများ က လိုက်နာရပါတယ်။ တစ်ယောက်တည်း လုပ်လို့မရတာ နိုင်ငံ ရေး၊ တစ်ယောက်ထဲသွားလို့ ပန်းတိုင်မရောက်တာ နိုင်ငံရေးတဲ့။ ထိုဆုံးမစကားဟာ နှလုံးသားနဲ့ ဦးနှောက်မှာ ဆူးနစ်စွာ ကဗ္ဗည်း ထိုးခဲ့ပါတယ်။ ထိုစကားရဲ့ နောက်မှာပဲ ကျွန်တော်ကိုယ့်ကျွန်တော် မေးခွန်းထုတ်ခဲ့မိပါတယ်။ ကိုယ်လျှောက်ချင်တဲ့လမ်းကို အများ ပါအောင် ဘာလုပ်ရမလဲ။ ၄င်းအဖြေကတော့ မထွက်သေးပါဘူး ခင်ဗျာ။ ဒီလိုပါဘဲ ခင်ဗျာ လူတိုင်းမှာ တာဝန်ရှိနေတယ်ဆိုတာကို ကျွန်တော်လက်ခံပါတယ်။ ပြည်သူလူထုဟာ တာဝန်ယူစိတ်ရှိဖို့ လိုပါတယ်။ တာဝန်ခံစိတ် ရင့်သန်ဖို့လည်း လိုပါတယ်။ အစိုးရ ဘက်ကလည်း ပြည်သူလူထုကို အခွင့်အလမ်းတွေ ဖွင့်ထားပေးဖို့ လိုပါတယ်။ အစိုးရက နိုင်ငံ၏ အနာဂတ်အတွက် နှစ်ရှည်စီမံကိန်း တွေကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် လုပ်ကိုင်ရပါ မယ်''

သူက ဆက်၍ မေးခွန်းထုတ်လိုက်ပါသည်။

''ဒီက မိတ်ဆွေလူကြီးမင်းများရဲ့ လက်တွေ့ဖြတ်သန်းခဲ့တဲ့ ဘဝတွေဘဲ မဟုတ်ပါသလားခင်ဗျာ။ ဒီတော့ လူကြီးမင်းများ ခင်ဗျာ ကျွန်တော်တို့လို တုံးအနေတဲ့ နိုင်ငံသူနိုင်ငံသားတွေကို မတုံးမအသွားရလေအောင်၊ ဒါထက်စေတနာထားပြီး ဒီမိုကရေစီ

နိုင်ငံတော်ကြီးနှင့် ထိုက်ထိုက်တန်တန် လိုက်ဖက်ညီအောင်၊ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို နားလည်ကျင့်သုံးတတ်အောင် လူသားဆိုင်ရာ ကျင့်ဝတ်တွေကို ယနေ့သင်ကြားပေးနေသည့် ပညာရေးယန္တရားထဲမှာ သင်ရိုးညွှန်းတမ်းတစ်ခုအဖြစ်ထားရှိပြီး သင်ကြားထိန်းကျောင်းပေးမည်ဆိုလျှင် မတုံးတော့ဘူး၊ မအတော့ဘူးလို့ ယုံကြည်မိပါတယ်ခင်ဗျာ။ နိုင်ငံသူ နိုင်ငံသားတွေသည် မတုံးဘဲ၊ မအကြတော့ဘူးဆိုလျှင် နိုင်ငံ၏ အနာဂတ်မှာ တည်ငြိမ်ဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်သည် မားမားမတ်မတ်ရှင်သန်ဖွံ့ဖြိုးမည်ဟု ကျွန်တော်ရဲ့ ယုံကြည်ချက်ကို ရင်ဖွင့်ပြရင်း ဒီမှာရှိကြတဲ့ လူကြီးမင်းအပေါင်းတို့ရော လက်ခံအသိအမှတ်ပြုပေးနိုင်ပါရဲ့လား"

ထိုလူငယ်၏ မေးခွန်းကြောင့် မဲ့လိုက်ပြုံးလိုက် ဖြစ်နေရာမှ မျက်ခုံးလေးများပါ တွန့်သွားကြသည်။ ထိုလူငယ်သည် ချိုသာသော အပြုံးဖြင့်

"ကျွန်တော်ရဲ့ မေးခွန်းကို တစ်ထိုင်ထဲ မဖြေပါနဲ့ ဖြည်းဖြည်းခြင်းပဲ စီစစ်ကြပါခင်ဗျာ"

ထိုလူငယ်သည် ပြောပြောဆိုဆိုဘဲ မတ်တပ်ရပ်၍ အားလုံးကို ဦးညွတ်ဂါဝရပြုရင် အပြုံးများဝေဆာလျက် နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ကျွန်မ၏ အာရုံထဲ၌ သူသည် ဘယ်လိုလူစားလဲ၊ ဘယ်ကလဲ၊ ဘယ်သူလဲဟု မေးခွန်းထုတ်ရင် ရင်ထဲမှာ တဖျတ်ဖျတ်ကြားမှ သူ၏ကျောပြင်ကြီးကို လှမ်းကြည့်ရာမှ၊ ကျွန်ရစ်တဲ့ စကားဝိုင်းလေးဆီသို့ ကြည့်လိုက်သည်။ ကျွန်မ ဖေဖေအား မိတ်ဆွေဟောင်း ဘဘကြီး၊ ဘဘသေး၊ ညွှန်ကြီး၊ ညွှန်သေး၊ ခရိုနီပေါက်စ

လေးများသည် ပန်းနုရောင်ရဲရဲထနေသည့် မျက်နှာများနှင့် ကျား ချက်လုံးပမာ ဆူးနစ်တောက်ပ၍ စေ့စေ့ကြည့်နေရာမှ ဟန်ဆောင်မှု အပြုံးတစ်ချက်ကိုသာ ပြုံး၍ အမေးဝါကျ၊ ဒေါသမီးလျှံများကို ချီချရင်း နှုတ်ဆက်ကာ ပြန်သွားကြတော့သည်။

ကျွန်မ ဖေဖေတစ်ယောက်ထဲ အပြုံးတွေကို ထွေးပိုက်ရင်း ထိုင်နေပါတော့သည်။ ကူညီလုပ်ကိုင်ပေးကြသူများ အနောက် ဖက်၌ သန့်ရှင်းဆေးကြောနေကြသည်။ ဖေဖေသည် ကိုယ့်အတွေးနဲ့ ကိုယ်ပြုံးရင်း အသံထွက်၍ ကလေးတစ်ယောက်ပမာ ဟားတိုက် ရယ်မောရင်း "ဒါမှ အာဂလူသား" ဟု ဟစ်ကြူးရင် ပျော်ရွှင် တက်ကြွနေသည်။ ဖေဖေအဖြစ်ကို တွေ့ရ၍ ကျွန်မ၏အာရုံ၌ သြော် အာဂလူတဲ့ပါလား။ ဘယ်လိုလူစားလဲဟု မေးခွန်းထုတ်နေမိ တော့သည်။

နေမင်းကြီးသည် ဦးခေါင်းထက်၌ မညှာမတာ ပျော်မြူးဆော့ ကစားနေသည်။ မေမေ၏ (၇) နှစ်ပြည့် ဆွမ်းကျွေးပွဲလည်း ထမြောက်အောင်မြင်သွားပါပြီ။ အိမ်ကြီးထဲတွင် သားအဖနှစ်ဦး ထဲသာ ကျန်ခဲ့တော့သည်။ ဖေဖေသည် ဒီနေ့အလွန်တရာ ပင်ပန်း သွားပြီးဖြစ်၍ အိမ်ရှေ့ဧည့်ခံရှိ ဆိုဖာခုံပေါ်၌သာ ငိုက်မြည်းနေ တော့သည်။ ကျွန်မသည် အိပ်ခန်းထဲ၌ အနားယူလိုက်သည်။ သို့သော် ကျွန်မ၏ စိတ်အာရုံများသည် ကုတင်ထက်ပေါ်၌ ငြိမ် သက်စွာ အနားမယူနိုင်ဘဲ ထိုလူငယ်၏ ဟန်တွေ၊ မာန်တွေ၊ အသံတွေကို ပြန်လည်၍ မြင်ယောင်ကာ ပီတိဖြာနေမိတော့သည်။ ပြုမူနေထိုင်ပုံနှင့် ခြားနား၍ ပြောဆိုပုံ၊ သိမြင်ပုံ၊ ယူဆပုံတွေသည် တောက်ပဝင့်ကြွားနေသည်။ မထင်မှတ်ဘဲ သူ၏ နိုင်ငံရေးတရား ပွဲက ကျွန်မ၏ ဘဝအသိတံခါးမကြီးကို တိုး၍ခေါက်ကာ ဖွင့်လှစ်

နေပါသည်။ သူ၏ ဖြစ်သမျှ ရုပ်ပုံလွှာများကို ရှေ့ဆက်၍ သိချင်နေမိသည်။ ၎င်း၏ သိချင်စိတ်ကို ဟင့်အင်းပေါင်းများစွာ ချနေရပါသည်။

ကျွန်မသည် ဘာဆိုဘာမှ မသိခဲ့သည့် မနာကြားဖူးသည့် ကျွန်မနှင့် ကပ်လျက်ရှိသော လောကတစ်ခုကို ကျွန်မအတွက် အစပထမအဖြစ် ကြားသိခွင့်ရလိုက်ပါသည်။ ဒါထက်ပို၍ နက်နက်ရှိုင်းရှိုင်းသိချင်စိတ်သည် ကျွန်မကို လွှပ်ခါနှိုးယမ်းနေပါတော့သည်။

ကျွန်မကို ကျွန်မက ငါဘဝသည် ဘာလဲဟု မေးခွန်းထုတ်ကြည့်ရင်း ထိုလူငယ်တစ်ယောက် မုန့်ဟင်းခါးပင် စားမသွားဘဲ ရေနွေးတွေသောက်ရင်း စကားပြောရင်း ပြန်သွားရခြင်းကို တစိမ့်စိမ့်တွေးရင်း စိတ်မကောင်းဖြစ်ကာ စုတ်သပ်နေမိတော့သည်။

□ □ □

# သူက ပုဂံသား

ပုဂံသားဆိုသည့် အမည်နာမ်စားကလွဲ၍ လူပုဂ္ဂိုလ်အား မမြင်ဖူး၊ မကြားဖူးပါ။ ဘယ်မှာနေတာလဲဟု မေးလာလျှင် ပို၍ ဝေးလှပါသည်။ သူ့အားသိခြင်း မသိခြင်းကို စိတ်မဝင်စားသော် လည်း သူသည် ဘယ်လိုလူစားလဲဆိုတာကို သိချင်နေမိသည်။

နောက်ထပ်သိချင်တာသည် မေမေနှစ်ပတ်လည် ဆွမ်းကျွေးပွဲ၌ တွေ့လိုက်ရပြီး ဖေဖေနှုတ်မှ ရေရွတ်လိုက်သည့် အာဂလူသား ဆိုသည့် ထိုလူငယ်အားတွေ့လိုက်ချိန်မှစ၍ သူ၏ဟန်ပန်အမူအရာ၊ သူ၏အသံ၊ သူ၏မာန်တို့သည် ကျွန်မ၏ အသိအာရုံဆီသို့ မကြာခဏရောက်လာကာ ကျွန်မ၏ ဘဝတစိတ်တပိုင်းကို လှုပ်နှိုးနေပါသည်။ ဒါကြောင့် ထိုလူငယ်အား ကျွန်မ၏ မသိစိတ်၌ တွေ့ချင်နေပါသည်။ တွေ့ဆုံရန်လည်း မျှော်လင့်နေမိပါသည်။

ထိုလူငယ်နဲ့အတူ ကျွန်မ၏ နိုင်ငံအကြောင်းကိုပါ သိချင်လာပါသည်။ သိချင်နေသည့်စိတ်ကို ထိန်းချုပ်ကာ ကျွန်မသည် မျှော်လင့်ရင်း ယခုတော့ နေ့စဉ်သတင်းစာနှင့် ဂျာနယ်များကို စိတ်ဝင်တစား ဖတ်ရှုနေတော့သည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး၌ သတင်းဂျာနယ်များတွင် NLD ပါတီ၏ ကြားဖြတ်ရွေးကောက်ပွဲ အောင်နိုင်ရေးသတင်းသည် စာမျက်နှာတိုင်းပေါ်၌ လွှမ်းမိုးနေသည်။

ဖေဖေထံမှ ကြားနေရသည်မှာ NLD ပါတီထဲသို့ ပါတီဝင်အသစ်များ ဝင်ရောက်လာမှုသည် များပြားလာသည့် သတင်းပင်ဖြစ်နေသည်။ စာသင်ပြနေရင်း တစ်ဖက်မှ ကြားနေရသည်မှာ ရန်ကုန်ဘတ်စ်ကားလိုင်းတွေ၏ ဝန်ဆောင်မှု ရိုင်းပျသံတွေနှင့် ကတ္တရာလမ်းပေါ်၌ ယာဉ်ကျောပိတ်ဆို့မှု အသံတွေသည် သဲသဲညံနေပါသည်။ ထိုသတင်းနဲ့အတူ ဆက်၍ မွေးဖွားလာသည်က လိုင်းကားပေါ်မှ ချွေးညှိနံ့တွေ လှိုင်လှိုင်ထကာ လူလူချင်း တိုးဝှေ့ကြပ်ပိတ်နေသည့် အသံများပင် ဖြစ်ကြသည်။ သတင်းစာမျက်နှာများပေါ်၌ မပြတ်မနားတွေ့ရသည့် သတင်းမှာ လူသတ်မှု၊ လုယက်မှု၊ အုပ်စုဖွဲ့ အနိုင်ကျင့်မှု၊ မုဒိမ်းမှု ၎င်းထက်ထူးခြားပြီး ရွံ့မုန်းစရာကောင်းသည် သက်ငယ်မုဒိမ်းမှုသတင်းသည် မကြာခဏဆိုသလိုပင် ပါလာခဲ့ဖူးသည်။ ရပ်ကွက်ထဲမှ အသံတချို့ပင် မူးယစ်ဆေးဝါးရောင်းချနေသည်မှာ နေရာအနှံ့ပျံ့ပွားနေသည်။ ၎င်းသတင်းနဲ့အတူ ဆယ်ကျော်သက်ရွယ် ကလေးသူငယ်များပင် သုံးစွဲနေကြသည်။ ၎င်းသတင်းစကားများသည် ကျွန်မ၏ အသိစိတ်၌ နိုင်ငံ၏ အနာဂတ်အတွက် စိုးရိမ်မိသွားပါသည်။

နှလုံးတုန်စရာ ထိုသတင်းဆိုးများတာ ကြားနေရသော်လည်း တရားခံကို ဖမ်းမိသွားသည့် သတင်းသည် ရှားပါးလှပါသည်။ ဖမ်းမိကြောင်းပါလာသည့်အခါ ပို၍ပင် အံ့သြခဲ့ရပါသည်။ ဘာကြောင့်လဲဆိုသော် ပိုင်ရှင်မဲ့ဖြစ်သွား၍ပင် ဖြစ်ပါသည်။ ကျွန်မတို့ နေထိုင်ရာမြို့ပြ၌ အိမ်ယာမဲ့ ကျူးကျော်နေထိုင်မှုများသည် တရိပ်ရိပ်

ကြီးထွားနေပါသည်။ စက်မှုဖုံလုပ်သားတို့၏ အလုပ်သမားအခွင့်အရေးနှင့် လုပ်ခလစာတိုးမြှင့်ပေးရေး တောင်းဆိုသံတွေသည် သဲသဲညံ၍ ပဲတင့်ထပ်နေပါသည်။ လယ်ယာမြေဆုံးရှုံးခဲ့ရသည့် လယ်သိမ်းခံ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေပြန်လည်ရရှိရေး တောင်းဆိုသံတွေသည် နိုင်ငံအနှံ့တွင် ပွက်ပွက်ညံနေသည်။ ကျွန်မတို့ နိုင်ငံတွင်း၌ နောက်ထပ်ဘာတွေ ဖြစ်နေကြပါသလဲ။ ကျွန်မ၏ သိချင်နေသည့်စိတ်သည် ပဲ့တင်ထပ်ကာထပ်ကာ နှိုးဆွနေတော့သည်။

နေရောင်ခြည်မှ ပစ်လွှတ်လိုက်သည့် အပူလှိုင်းကကြဲ၍ ရောက်လာချိန် ကျွန်မသည် ညစာအတွက် မီးဖိုခန်း၌ အလုပ်ရှုပ်နေသည်။ အိမ်ရှေ့ဧည့်ခန်း၌ ဖေဖေ၏ တီဗွီဖွင့်ကြည့်သံကို ကြားနေရသည်။ ကျွန်မသည် မနက်ပိုင်းက ခရိုနီအိမ်ကြီး၌ အိမ်ကြီးရှင်ရဲ့ သားဖြစ်သူအား စာပြပေးနေရင် ကြားလိုက်ရသည့် သတင်းစကားသည် ကျွန်မ၏ မသိစိတ်ဆီကို လှိုင်းကြက်ဖလေးများပမာ တဖြတ်ဖြတ်တိုးခတ်နေပါသည်။ ထိုစကားသည် NLD ပါတီသည် ရုပ်ပြဘဲ အားကောင်းနေပြီး အဘကြီးတို့ရဲ့ ဖြိုးခွဲရေးမဟာဗျူဟာအောက်ကို သက်ဝင်ဖြစ်တည်နေတယ်။ ဒါကြောင့် NLD ပါတီသည် ရုပ်ပြဖြစ်ထွန်းရုံကလွဲ၍ ဘာမှမကျန်ဘဲ ပျက်စီးသွားနိုင်တယ်။ ယခုပင်ပြန်၍ ကြားယောင်ရင်း ၄င်းမသိစိတ်ပေါ်က စိုးရိမ်စိတ်ကလေးသည် ၄င်းအသိစိတ်ပေါ်သို့ စိုးမိုးနေပါသည်။ ဘယ်လိုအဓိပ္ပာယ်ထိ သက်ရောက်နိုင်သည်ဟု ကျွန်မအသိဖြင့် ဆန်းစစ်မခွဲခြားနိုင်ဘဲ ဖြစ်နေပါသည်။ ဒါကြောင့် ထိုလူငယ်အား တွေ့ချင်လှ၍ မျှော်နေမိပါသည်။

နေဝင်လုနီးအချိန် ကျွန်မသည် ခြံရှေ့မြက်ခင်းပြင်ပေါ်သို့ ထွက်လာပါသည်။ မိုးပြာရောင်ကောင်းကင်ပေါ်၌ ငှက်အပေါင်းတို့သည် အသိုက်ရှိရာသို့ ဦးတည်လှုပ်ရှားနေကြသည်။ ထိုအချိန်၌ ကျွန်မမျှော်လင့်နေသည့် ထိုလူငယ်သည် ဆိုင်းမဆင့် ဗုံမဆင့် သူ၏စီးတော်မြင်း စက်ဘီးစုတ်လေးကိုစီး၍ ခြံဝန်းထဲသို့ တစ်ဆိုက်မတ်မတ်ရောက်လာပါတော့သည်။ ကျွန်မ၏ ရင်တွေတလတ်လတ်ခုန်ကာ အပျော်လှိုင်းလေးများပင် ဖြာကြခဲ့ရသည်။ မိန်းမသားတို့၏ အိန္ဒြေကိုထိမ်းရမည်ဖြစ်၍ မသိဟန် ပြုထားလိုက်ရသည်။ သူ၏မျက်နှာပြင်ပေါ်၌ အတောက်ပဆုံးအပြုံးကို ထွေးပိုက်၍ ကလေးငယ်တစ်ဦးပမာ ရိုးရှင်းစွာ မြင်လိုက်ရသည်။ သိုလူငယ်သည် ကျွန်မ၏အနားသို့ ရောက်လာကာ ဦးခေါင်းကို ဦးညွှတ်၍ အပြုံးများဖြင့် နှုတ်ဆက်ကာ အချိုသာဆုံးအသံဖြင့်

"ပါမောက္ခကြီး ရှိပါသလား"

သူ၏ အမေးအား ကျွန်မသည် အပြုံးဖြင့် နားထောင်၍ အိမ်ထဲ၌ ရှိနေကြောင်း ပြောလိုက်ပြီး တပြိုင်နက် ထိုလူငယ်အား ကျွန်မကိုယ်တိုင် အိမ်ထဲသို့ခေါ်လာလိုက်သည်။ သူအား ရှေ့၌ထိုင်ရန် နေရာပေးလိုက်သည်။ ကျွန်မသည် ဖေဖေဘေး၌ ကပ်လျက်ဝင်ထိုင်လိုက်ပါသည်။ ဖေဖေသည် ထိုင်ရာမှ သူ့အား အပြုံးတွေ ဝေဖြာလျက်

"ပုဂံသား ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

ဟု မေးလိုက်သည်။ ကျွန်မနားဝမှ ထိုစကားသံက ကျွန်မကို အတိုင်းအဆမရှိ ပျော်သွားစေပါသည်။ ဘာကြောင့်လဲဆိုသော် ကျွန်မသိချင်နေသူသည် တစ်ယောက်ထဲဖြစ်နေ၍ ပိုလိုပင် ပီတိဖြာခဲ့မိပါသည်။

အပျော်စိတ်ကလေးနဲ့အတူ ကျွန်မစိတ်ထဲ၌ သူနာမည်အရင်းမှ ဟုတ်ရဲ့လားဟု မေးခွန်းထုတ်လိုက်မိပါသည်။ ထိုစိတ်ကလေးနဲ့အတူ ကျွန်မ၏ အပြုံးတွေ အပျော်တွေကို မရိပ်မိအောင် မျိုသိပ်ထားနေရသည်။

သူ့အား ကျွန်မအကဲခတ်၍ ကြည့်ရသည်မှာ ကျွန်မအားရှိသည်လို့ပင် မထင်။ တည်ငြိမ်လျက် သူ၏အပြုံးများသည် ပြုံးမြဲပြုံးလျက် အဖေရဲ့ အမေးအား

"ဟုတ်ကဲ့ပါ ဓမ္မကြီးခင်ဗျာ မရမ်းကုန်ဘက်ကအပြန်လမ်းကြုံတာနဲ့ ဝင်ခဲ့တာပါ ခင်ဗျာ"

ဖေဖေသည် ရယ်ရယ်မောမောဖြင့်

"အတော်ပဲ ဖြစ်သွားတာပေါ့ ပုဂံသားရေ၊ တို့လည်းမောင်ရင်အလာကို မျှော်နေမိတယ်ဗျ"

ပုဂံသားသည် ပြုံး၍

"ကျွန်တော်လည်း ရင်ဖွင့်ပြချင်တာနဲ့ အတော်ပဲဗျို့၊ ပါမောက္ခကြီးခင်ဗျာ အမေဒေါ်အောင်ဆန်းစုကြည်ကို သနားရမှန်း မသိတာထက်၊ လေးစားတန်းဖိုးထားရမှန် မသိလောက်တဲ့ စိတ်ဓာတ်တွေတောက်လောင်နေကြတယ်ခင်ဗျာ။ ဒါကြောင့်လည်း ပါတီတွင်းမှာငှင်းလုပ်ရပ်မျိုးတွေကို မရှက်မကြောက်ဘဲ လုပ်နေကြတာ ထင်ပါတယ်"

ဖေဖေက မျက်လုံးကလေးဝိုင်း၍

"ဘာတွေလုပ်နေကြလို့လဲ ပုဂံသား"

ဟု မေးလိုက်သည်။ ပုဂံသားသည် ပြုံးရာမှ မာန်ကြွလာပြီး

"ဒီလိုပါ ပါမောက္ခကြီး ပါတီတွင်းမှာ အပြန်အလှန်ထိန်းကျောင်းမှုကို မပြုလုပ်ကြဘဲ၊ အုပ်စုဖွဲ့ပြီး ပါတီတွင်း ပဋိ

ပက္ခကို ဖန်တီးနေကြတယ်ခင်ဗျာ။ ဒါထက်ဆိုးတာက ပုဂ္ဂိုလ်ရေး ခင်မင်မှုတွေကို ဝိုင်း၍အရောင်ဆိုးကာ အတင်းအဖျင်း ပြောကြတယ်။ ဒါတွေဟာ ပါတီတွင်း နေရာရရေးကို အသုံးချနည်းအဖြစ် ပြုလုပ်ကြတယ်။ ပါတီတွက် အင်အားမစုပဲ မိမိနေရာရရေးအတွက် အောက်လမ်းနည်းစုံသုံးပြီး အုပ်စုဖွဲ့နေကြတယ်ခင်ဗျာ"

သူပြောတဲ့ အကြောင်းအရာများသည် ကျွန်မစာသင်ပြရင်း ကြားခဲ့ရသည့် အကြောင်းနှင့် ဆက်စပ်နေသည်ကို သိလိုက်ရသည်။ ပြည်သူ့ပါတီ NLD အတွင်း၌ ဘာတွေဖြစ်နေကြတာလဲ ဆိုသည်ကို ကျွန်မ၏စိတ်ထဲ၌သာတွေး၍ စိတ်ထဲ၌သာ အဖြေထုတ်ကြည့်နေမိသည်။

ထိုအခါ ဖေဖေသည် ပုဂံသားအား

"NLD ပါတီရဲ့ ကျမ်းကျိန်းရေး၊ မကျိန်ရေး ပြဿနာက ဘယ်လိုဖြစ်နိုင်သလဲ၊ ကျမ်းသစ္စာ ကျိန်ဆိုရေးနှင့် ပတ်သက်ပြီး လက်ရှိသမ္မတကြီး ဦးသိန်းစိန် အစိုးရက ဖြေလျှော့ပေးမှာလား"

၄င်းမေးခွန်းနဲ့အတူ ဖေဖေသည်

"အန်ကယ်အနေနဲ့ ရှေ့ကိုမတွေးနိုင်ပဲ ဖြစ်နေတယ်"

ဟု ဝန်ခံစကားပါဆိုလိုက်သည်။ ထိုအခါ ကျွန်မ၏ စိတ်ထဲ၌ ဖေဖေအား အံ့ဩနေမိသည်။ ကျွန်မစိတ်ထဲ၌လည်း ပုဂံသားက ဘယ်လောက်သိနိုင်သလဲဟု မေးယုံတစ်ဝက် ယုံတစ်ဝက် စိတ်ဖြင့် မေးခွန်းထုတ်ကြည့်နေမိသည်။

ပုဂံသားသည် ပြုံးလျက်ပဲ

"ပါမောက္ခကြီးခင်ဗျာ နိုင်ငံရေးဖြစ်စဉ်အရ ရှင်းနေပါတယ်။ ကျမ်းကျိန်ရေး မကျိန်ရေးသည် NLD ပါတီ၏ နိုင်ငံရေး စိန်ခေါ်ပွဲ

မဟုတ်ဘူးလို့ ယူဆပါတယ်ခင်ဗျာ။ ဘာကြောင့်လဲဆိုတော့ လက်ရှိနိုင်ငံရေး အခင်းအကျင်းအလွန်မှာ NLD ပါတီက ရွေးကောက်ပွဲဝင်ရေးနှင့် မဝင်ရေး၊ ပါတီမှတ်ပုံတင်ရေးနှင့် မတင်ရေး ပြဿနာရပ်တွေသည် ပါတီရဲ့ စိန်ခေါ်ပွဲတွေ ဖြစ်ခဲ့ပါတယ်။ ၂၀၁၀ မတ်လ ၆ ရက်နေ့မှာ NLD ပါတီက မှတ်ပုံမတင်ဘူး ဆိုတာကို ဆုံးဖြတ်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတာကို ကြည့်ရ ပါမယ်။ အဲဒီအချိန်က ပါတီခေါင်းဆောင်ကြီးတချို့သည် ပါတီ မှတ်ပုံတင်ရင် ထောင်ကျနေတဲ့ ပါတီဝင်ရဲဘော်တွေကို ပါတီဝင် အဖြစ်မှ ထုတ်ပစ်ရမယ်၊ ကျမ်းသစ္စာကျိန်ဆိုမှုကို လိုက်နာရမယ်။ ဒါထက်ဆိုးဝါးဆုံး အကြောင်းအရာသည် (၂၀၀၉) ဧပြီလမှာ ထုတ်ပြန်ထားသည် NLD ပါတီ၏ ရွှေဂုံတိုင်ကြေညာစာတမ်း ကို နင်းချေရမည်ဖြစ်၍ (၂၀၁၀) မတ်လ (၂၉) ရက်နေ့မှာ ဆုံးဖြတ် လိုက်ပါတယ်။ ရွေးကောက်ပွဲ သပိတ်မှောက်ရေးနှင့် အခြေခံ ဥပဒေကြီး ပြင်ဆင်ပြီးမှ ဝင်ရောက်ရေးတို့ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးကစားပွဲကြီးကို အကွက်ကျကျပဲ စစ်ဗျူရိုကရက် ယန္တရား ကြီးက ပြုလုပ်သွားခဲ့ပါတယ်။ (၂၀၁၁) နှစ်လယ်ပိုင်းလောက်မှာ ထိပ်တိုက်ရင်ဆိုင်မှု ပုံသဏ္ဍာန်တွေကြားမှာပဲ နှစ်ဖက်တင်းမာမှု တွေ ပြေလျော့သွားတဲ့ ပုံသဏ္ဍာန်တစ်ခုကို ပါမောက္ခကြီးတို့ သတင်း စာပေါ်မှာ တွေ့လိုက်ကြမယ် ထင်ပါတယ်။ လက်ရှိသမ္မတကြီး ဦးသိန်းစိန်နှင့် လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ထမင်းလက်စုံ စကားဝိုင်းကနေ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို နောက်ခံထားပြီး သမ္မတကြီးရဲ့ အိမ်တော်ခန်းမမှာ ဓာတ်ပုံတွဲပြီး ရိုက်ပြလိုက်ပါတယ်ခင်ဗျာ"

သူက ပြောရင်း မခို့တခို့ပြုံး၍

"အဲဒီနောက် စာမျက်နှာပေါ်မှာ NLD ပါတီ၏အတွင်းမှာ ပါတီမှတ်ပုံတင်ရေး မတင်ရေးနဲ့အတူ ကြားဖြတ်ရွေးကောက်ပွဲဝင်ရေး မဝင်ရေးဆိုတဲ့ အယူအဆနှစ်ရပ်၏ ပွတ်တိုက်သံတွေဟာ သဲသဲညံသွားပါတယ်ခင်ဗျာ။ အဲဒီအချိန်က ဆင်နင်းရင် လမ်းဖြစ်နေတဲ့ အချိန်အခါဖြစ်ပါတယ်။ ဒါကြောင့်လဲ ပါတီမှတ်ပုံတင်ခြင်းနဲ့အတူ ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ရေးဖြင့် နိုင်ငံရေးဇာတ်ခုံပေါ်သို့ ရောက်လာခဲ့ပါတယ်။ အဲဒီနောက်မှာ အခြေခံဥပဒေကြီးကို ပြင်ပြီးမှ ဝင်ရေးဆိုသည် အယူအဆသည် ငုပ်လျှိုးခဲ့ရပါတယ်။ လွှတ်တော်တွင်း ဝင်ရောက်ပြီး ပြင်ဆင်ရေးအယူအဆသည် နိုင်ငံရေးစင်မြင့်ပေါ်ကို တတ်လာခဲ့ပါတယ်။ ဒါကြောင့် NLD ပါတီ၏ အမျိုးသားပြန်လည်သင်မြတ်ရေး ကြွေးကြော်သံသည် ယနေ့ နိုင်ငံရေးစကားဝိုင်းတွေထဲမှာ လွှမ်းမိုးသက်ရောက်နေခြင်း ဖြစ်ပါတယ်"

"ပါမောက္ခကြီးခင်ဗျာ အစွဲကင်းကင်းနဲ့ စဉ်းစားသုံးသပ်ကြည့်ပေးပါခင်ဗျာ။ ဒါတွေဟာ စစ်ဗျူရိုကရက်ယန္တယားထဲက ပစ်လွှတ်လိုက်သည့် ကျည်ဆံတစ်ထောင့်၏ အာနိသင်သည်ကြောင့် ပြည်သူ့ပါတီ NLD ၏အတွင်းဝိုင်းမှာ အယူအဆနှစ်ခုဟာ ယှဉ်ပြီး မွေးဖွားလာပါတယ်။ ၎င်းရဲ့ဘေးထွက်ဆိုးကျိုးက ပါတီတွင်းအုပ်စုနှစ်စုဟာ အလိုအလျောက် ပဋိသန္ဓေတည်လာပါတယ်။ ဒါကြောင့်လည်း ယခုအခါ ပါမောက္ခကြီးမေးရလောက်တဲ့ မေးခွန်းတွေ ဖြစ်ပေါ်လာပါတယ်။

ပါမောက္ခကြီးခင်ဗျာ ဆက်စပ်ပြီး ကျွန်တော်ရဲ့ ယူဆပုံကို ပြောပြချင်ပါတယ်။ စစ်ဗျူရိုးကရက်ယန္တရားကြီးသည် ယခု

လက်ရှိနိုင်ငံရေးကစားကွင်းပေါ်မှာ အထက်စီးမှ အသာရနေပါတယ်လို့ ယူဆမိပါတယ် ခင်ဗျာ။ သူ၏ အကာအကွယ်တံတိုင်းတွေကို အသားစီးရနေသ၍ မူလရှုပ်ကို ရှေ့မထွက်ပါဘူးခင်ဗျာ။ ဘာကြောင့်လဲဆိုတော့ NLD ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအောက်မှာ ထိပ်တိုက်ရင်ဆိုင်ခြင်းလှုပ်ရှားမှု ပုံသဏ္ဍာန်တွေ ဖြစ်မလာလို့ပဲ ဖြစ်ပါတယ်။ ယနေ့နိုင်ငံရေး အခင်းအကျင်းက သိမ်မွေ့နက်ရှိုင်းနေပါတယ်။ NLD ပါတီ၏ နိုင်ငံရေးကြွေးကြော်သံက (၂၀၀၈) အခြေခံဥပဒေကြီးကို ပြင်ဆင်ရေးပဲ ဖြစ်ပါတယ်။ လက်ရှိရွေးကောက်ပွဲ ကော်မရှင်၏ ဥပဒေတစ်ခုမှာတော့ ရှင်းပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်ဖြစ်လာရင် လွှတ်တော်ခုံပေါ်ထိုင်ခွင့်ရဖို့ ကျမ်းကျိန်းရပါတယ်။ ၄င်းကျိန်ဆိုရမဲ့ ကျမ်းကျိန်စာကတော့ အံ့သြစွာတွေ့ရပါတယ်။ (၂၀၀၈) အခြေခံဥပဒေစာအုပ်ကြီးကို ကာကွယ်စောင့်ရှောက်ပါမည်ဆိုတဲ့ ကတိစကားပဲ ဖြစ်ပါတယ်"

"လက်ရှိဖြစ်တည်မှုကို ပါမောက္ခကြီး တည်တည်ငြိမ်ငြိမ်ပဲ စဉ်းစားကြည့်လိုက်ပါခင်ဗျာ။ ကျွန်တော်မြင်မိတာကတော့ ဖြစ်တည်မှုနှစ်ခုဟာ ဆန့်ကျင်ဘက်ရပ်တည်နေပါတယ်။ ဒီကိစ္စတွေကို လက်ရှိသမ္မတကြီး ဦးသိန်းစိန်နှင့် လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည် ၄င်းပုဂ္ဂိုလ်နှစ်ဦးက ဘာတွေပြောဆိုခဲ့ကြပါသလဲ၊ ဘယ်အကြောင်းအရာကိုကြည့်ပြီး လက်ဆွဲ နှုတ်ဆက်ခဲ့ကြသလဲ။ ကျွန်တော်လည်း မသိနိုင်ပါဘူးခင်ဗျာ။ သိဖို့လည်း အလှမ်းဝေးလှပါတယ်ဗျာ။ ကျွန်တော် ယခုကြားသိရတာကတော့ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကတော့ ၄င်းစကားရပ်ကို ပြင်မပေးနိုင်ဘူးတဲ့။ သမ္မတကြီးဘက်ကို လှည့်ကြည့်ပြန်တော့ အားရှိမလား

လို မျှော်လင့်မိပါတယ်။ ခေတ္တဂျပန်ပြည်ရောက်ရှိနေတဲ့ သမ္မတကြီး က စကားအမှာပါးလိုက်ပါတယ် ခင်ဗျာ။ လွှတ်တော်ထဲဝင်ရောက်ဖို့ ကိစ္စက ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာ မူတည်ပါတယ်တဲ့။ ဒါထက် အံ့သြစရာတွေကတော့ အဏာရပြည်ခိုင်ဖြိုးပါတီ ခေါင်းဆောင် တွေက ကျမ်းသစ္စာကျိန်ဆိုရမဲ့ စကားရပ်ကို ပြင်စရာမလိုဘူးတဲ့၊ ပါမောက္ခကြီးခင်ဗျာ ဒါထက် အံ့သြစရာ ထူးခြားလေးနက်တဲ့ အသံတစ်ခုဟာ ပါတီတွင်းမှာ တိုးတိုးတိတ်တိတ် ထွက်ပေါ်နေပါ တယ်။ ကော်လံဖားသူတို့ရဲ့ အာဏာရရေးသမားတွေရဲ့ လော်ခတ် သံကို သံယောင်လိုက်ပြီး လွှတ်တော်ဝင်ရောက်ဖို့ အာသာနေကြပါ တယ်။ ဒီတော့ ပါမောက္ခကြီးခင်ဗျာ သေချာတဲ့ အသံကိုကြားရမှာ ပေါ့။ ၄င်းအသံကတော့ လွှတ်တော်တွင်းမှာ ခွပ်ဒေါင်းသံတွေ ဟာ တချို့ချို့နဲ့ 'က' ကြပါလိမ့်မယ်''

ကျွန်မသည် သူအား စေ့စေ့ကြည့်နေမိသည်။ သူထံမှ နိုင်ငံရေးသင်ခန်းစာသစ်များကို နာကြားလိုက်ရသည်။ ကျွန်မ၏ ရင်ထဲ၌ အနာဂတ်ကာလအတွက် တဖျတ်ဖျတ် တလတ်လတ် ဖြစ်နေပါတော့သည်။

ထိုအခါ ဖေဖေက

''NLD ပါတီက လွှတ်တော်ထဲကို ဝင်ရောက်ပြီး (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ကြမယ်လို့ ပြောခဲ့ကြတယ် ပေါ့။ ဒါဆိုရင် ပုဂံသားရေ NLD အမတ်တွေ လွှတ်တော်ထဲကို ရောက်ရင် (၂၀၀၈) အခြေခံဥပဒေကြီးကို ပြင်လို့ရမှာလား''

ဖေဖေ၏ မေးခွန်းအဆုံးမှာပဲ ပုဂံသားသည် ပြုံးစပ်စပ် ရယ်ဖြဲဖြဲဖြစ်နေရာမှ

''ကန်တော့နော်''

ဟု ပြောကာ လက်အုပ်ကလေးချီကာ အသံထွက်၍ပင် ရယ်လိုက်ပါတော့သည်။

"ပါမောက္ခကြီးခင်ဗျာ တောင်ကြီးမြောက်အိုးလောက်တော့ ဖြစ်မှာပေါ့"

ပုဂံသား၏စကားကို ကြားလိုက်ရသည် ဖေဖေသည် အံ့ဩမှု အပြုံးနဲ့အတူ မျက်လုံးလေးပင် ဝိုင်းပသွားခဲ့သည်။ သူကဆက်၍

"ပါမောက္ခကြီးခင်ဗျာ ဘုံရပ်တည်မှုဆန္ဒတူရင် (၂၀၀၈) အခြေခံဥပဒေကြီးကို ပြုပြင်ရေးထက်ပင် သာလွန်တဲ့ အသစ် ရေးဆွဲရေးအဆင့်ထိအောင် ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် ပါမောက္ခကြီးခင်ဗျာ ဒီလောက်မလွယ်ကူ၊ မရိုးရှင်းဘူးလို့ ယူဆ ပါတယ်။ ဒီလောက်လွယ်ကူနေရင် စစ်ဗျူရိုကရက် ယန္တယား အစုသည်။ (၂၀၀၈) အခြေခံဥပဒေကြီးကို အစမ္မနည်းလမ်း ပေါင်းစုံကိုသုံးပြီး (၁၄) နှစ်ကြာ ရေးဆွဲခဲ့မှာမဟုတ်ပါဘူး ခင်ဗျာ။ ယခုထက် ဖြန့်ကြက်ကာ သုံးသပ်ကြည့်ပေးပါ။ ယနေ့နိုင်ငံရေး ကစားကွင်းကြီးသည် ၎င်းတို့ ရေးဆွဲထားသည် (၂၀၀၈) နိုင်ငံရေး ကစားကွင်းကြီး ဖြစ်ပါတယ်။ ၎င်းကစားကွင်းကြီးကို ပြုပြင်မယ် ဆိုရင် ပြုပြင်နိုင်ခွင့်ကို (၂၀၀၈) အခြေခံဥပဒေပါ ပုဒ်မ (၄၃၆) ဖြင့် သော့ခတ်ချည်နှောင်ထားပါတယ်။ ပုဒ်မ (၄၃၆) ကို လေ့လာ ကြည့်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ် (၇၅) % ကျော်မှ ပြုပြင် နိုင်မည်ဟု ဖွင့်ဆိုထားပါတယ်။ ၎င်းဖွင့်ဆိုချက်ကို ချည်နှောင် ထားတဲ့ ကြိုးစက ထပ်ရှိနေပါတယ်။ မဲထည့်ပိုင်ခွင့်ရှိသူထက် (၅၀%) ကျော်မှလို့ ၎င်းဥပဒေက ဖွင့်ဆိုထားပါတယ်။ ဒါတွေဟာ ဥပဒေ စာအုပ် တစ်အုပ်လုံးအတွက် မဟုတ်ပါဘူးခင်ဗျာ။ ၎င်းဥပဒေ စာအုပ်ကြီးထဲက ပုဒ်မတစ်ခုကို ပြုပြင်ဖို့ အခွင့်အလမ်းတစ်ခုပဲ

ဖြစ်ပါတယ်။ ဒီတော့ လွယ်လွယ်တွေးကြည့်လို့ မရပါဘူး။ ခက်ခဲ သိမ်မွေ့လှပါတယ်ခင်ဗျာ။ သူကဆက်၍ ပါမောက္ခကြီးခင်ဗျာ (၂၀၀၈) အခြေခံ ဥပဒေကွင်းကြီး၏ ပိုင်ရှင်သည် ပြည်သူလူထု မဟုတ်ပါဘူး။ စစ်ဗျူရိုကရက်ယန္တယားကြီးပဲ ဖြစ်ပါတယ်။ ၄င်း (၂၀၀၈) နိုင်ငံရေးကစားကွင်းပေါ်ကစားကြတဲ့ အများစုကလည်း လိပ်လိုလူတွေ၊ ဖားလိုလူတွေနဲ့အတူ စစ်ဗျူရိုကရက် ယန္တယားစု ထဲက လုပ်သားထုများပင် ဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရက်တစ် လုပ်သားကောင်းတွေဟာ ဘယ်အပေါက်က ဂိုးသွင်းနိုင်ပါမလဲ။ ဘယ်လိုနည်းဗျူဟာများနဲ့ ထိုးဖောက်ကြမလဲ သေချာတာတစ်ခု ကတော့ (၂၀၀၈) ကစားကွင်းကြီးပေါ်က ချစ်ကြည်ရေး ကစား ပွဲကြီးမှာ ရိုးသားဖြောင့်မတ်မှုသည် အဆုံးအဖြတ်ပေးမှာ ဖြစ်လို့ ယုံကြည်မှုကို အချိန်က ဆုံးဖြတ်မယ်ဆိုတာကို ငြင်းပယ်နိုင်စွမ်း မရှိပေမယ့် (၂၀၀၈) နိုင်ငံရေးကစားကွင်းပေါ်မှာ သက်ဆိုင်သူတို့ အပေါ် သကာရည်လောင်းခံရရင်တော့ လူထုဘဝသည် မသာအိမ် ပေါ်မှာ ဖဲအကြွေးရိုက်တမ်းကစားကြလို့ မိအေးနှစ်ခါနာအဖြစ်ကို ခံကြည့်ရပါလိမ့်မယ်။ ဒီမိုကရေစီ စကားလုံးအောက်မှာ ကား ဈေးနှုန်းတွေ ကျလာပါတယ်။ ရန်ကုန်မြို့ကြီးမှာတော့ ယာဉ်ကျော တွေ ပိတ်ဆို့လာပါတယ်။ လမ်းဘေးနဲ့ မြေကွက်လပ်တချို့မှာ နေရာပိုင်ဆိုင်မှု ကင်းမဲ့သူတို့ရဲ့ သဲအိမ်စုလေးများ တိုးပွားလာ နေပါတယ်။ စကားပြောဖုန်းတွေဟာ ဈေးကျလာပြီး လူတိုင်းနီးနီး ကိုင်သွယ်အသုံးချခွင့်ရနေချိန်မှာ မြေကွက်ဈေးနှုန်းဘွေသည် နတ် ပြည်အလား တိုးတက်နေပါတယ်။ မီဒီယာလုပ်ငန်းတွေ ဖွံ့ဖြိုးလာ နေချိန်မှာဘဲ လွတ်လပ်ခွင့်ကို ချည်နှောင်ထားသည့် ဥပဒေတွေက

လည်း ရှုထောင့်အသီးသီးကနေ စောင့်ကြပ်နေပါတယ်။ ပါမောက္ခကြီးခင်ဗျာ (၂၀၀၈) နိုင်ငံရေး ကစားကွင်းကြီးသည် နိုင်ငံရေးမာယာတွေနဲ့ ရောပြွမ်းနေပါတယ်။ ကြောက်စရာကောင်းလှတဲ့အာဏာရှင်အဆိပ်အသောက်တွေ ပြည့်လျှံနေပါတယ်။ ၄င်းကွင်းပေါ်ကို ရောက်လိုက်ပြီး ကာလမကြာမှာဘဲ အာဏာရှင် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ဖွားအံ့နိုင်သည့် ကင်ဆာဆဲလ်များ ရှင်သန်အားကောင်းနေပါတယ်။ ဒါကြောင့် (၂၀၀၈) ကွင်းကြီးပေါ်ကနေ (၂၀၀၈) ကွင်းကို ပြင်ဆင်ရေးအသံတွေ ဟစ်ကြူးနေချိန်မှာနောက်စာမျက်နှာပေါ်သို့ ရွပ်ထွေးလှတဲ့ လူမှုရေး၊ နိုင်ငံရေး၊စီးပွားရေး ပြဿနာတွေက လွှမ်းမိုးလာနိုင်ပါတယ်။ ပြဿနာဟာကြောက်စရာမဟုတ်ဘဲ ဖြေရှင်းတဲ့နည်းလမ်းကို ကျွမ်းကျင်ဖို့ပဲလိုပါတယ် ခင်ဗျာ။ ပါမောက္ခကြီးခင်ဗျာ ဒါတွေဟာ ကျွန်တော်ရဲ့ပုဂ္ဂလိက ခံစားချက်များပင် ဖြစ်ပါတယ်။ မှားခြင်းနဲ့ မှန်ခြင်းကိုဆုံးဖြတ်ကုစားနိုင်တာ အချိန်ဖြစ်လို့ ၄င်းအချိန်ကပဲ ဆုံးဖြတ်ပေးပါလိမ့်မယ်။ စကားလည်း ပြောကောင်းပါတယ် ပါမောက္ခကြီးခင်ဗျာ။ နေလည်း ဝင်သွားပြီးဖြစ်၍ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး''

ပြောပြောဆိုဆိုနဲ့ ပုဂံသားသည် လက်အုပ်ချီကာ နှုတ်ဆက်၍ပြန်သွားပါတော့သည်။ ဖေဖေသည် ပုဂံသားအား ခြံပေါက်ဝအထိလိုက်ပို့ ပေးလိုက်သည်။ ကျွန်မသည် အိမ်၏ ပြတင်းပေါက်လိုက်ကာကြားမှ သူ့အား ခိုးကြည့်နေမိသည်။ သူ၏စီးတော်မြင်းစက်ဘီးစုတ်လေးကိုစီးကာ ပြန်သွားပါတော့သည်။

အိမ်ထဲသို့ ပြန်ဝင်လာသည်အခါ တွေ့လိုက်ရသည် အပြုံးတွေသည် အဓိပ္ပာယ်ရှိ၍ အသက်ဝင်လှသည်။ ကျွန်မသည် ဖေဖေအား

''ဘာတွေကို သဘောကျလို့ ဒီလောက်တောင် ပြုံးနေတာလဲ ဖေဖေ''

ဖေဖေသည် ပြုံးနေရာမှ အပြုံးတွေကို ရပ်လိုက်သည်။ ထိုင်ခုံ၌ထိုင်ရင်း

''သမီးရေ ပုဂံသားရဲ့ ယူဆပုံတွေက ကျိုးကြောင်းဆီလျော်နေတာကို တွေ့ရတယ်။ သက်သေပြချက်တွေကလည်း ခိုင်မာထိရှနေပါတယ်။ ဖေဖေဘဝတချို့ ဖြတ်သန်းခဲ့ရတာကလည်း တစ်ဖက်ပိတ်အောက်မှ ဖြစ်ခဲ့တယ်။ ကြုံခဲ့ရတယ်။ ဆက်ဆံရ ခက်ခဲသူတွေအဖြစ် ဖေဖေကိုယ်တိုင်ပဲ ခံစားထိတွေ့ခဲ့ရတယ်။ ဒါကြောင့် ပြုံးမိတာပါ။ မှန်လောက်တယ် သမီးရေ ဘယ်လွယ်ပါ့မလဲ''

ကျွန်မဖေဖေသည် ပုဂံသား၏ ယူဆပုံကို နှစ်သက်ပြနေ၍ ကျွန်မသည် ဘာရယ်မသိဘဲ ကျွန်မနိုင်ငံ၏ အနာဂတ်အတွက် ကျွန်မ၏ စိတ်ထဲ၌ပင် စိုးရိမ်းစိတ်ကလေးများ တရိပ်ရိပ်တက်လာမိသည်။ ကျွန်မသိရသလောက်ပင် တွေးခေါ် ကြည့်မိသည့်အခါ ကျွန်မတို့နိုင်ငံ၌ ဖြစ်ပေါ်နေသော ပြဿနာများသည် မည်သည့်ပြဿနာရပ်များသည် အစသတ်ချုပ် ငြိမ်းမသွားဘဲ ကြိမ်းမီးအုန်းပမာ လောက်မြိုက်နေသည်ဟု ခံစားနေရပါသည်။

ဒီည အိပ်စက်အနားယူခါနီး၌ ဖေဖေထံမှကဗျာတစ်ပုဒ်ကို တွေ့ရ၍ ဖတ်ကြည့်ရန် ယူဆောင်ကာ အိပ်ယာထက်ပေါ်၌ လဲလျောင်းရင် ၎င်းကဗျာတစ်ပုဒ်အား ဖတ်လိုက်သည်။

## မရဏာ၏ ဂိမ်းပွဲတော်

နှင်းခါးမိုးအောက်က ရိုးမ
ယမ်းငွေ့တွေ ရစ်ဆိုင်းသီ ကုန်းခံခဲ့ရတဲ့ ရိုးမ
ပေါင်းလောင်းမြစ်၏ ဆွဲလွဲသံထက်မှိုင်းသံ
ငှက်အပေါင်းတို့၏ စံနန်ရာဘုံး
သားရဲတို့ရဲ့ ကျက်စားရာ စားကျက်
စစ်သလင်း ဝိညာဉ်နှုတ် ကောက်သစ်စားတဲ့ ရိုးမ
နေခြည်မခတဲ့ ရိုးမဥယျာဉ်
သံဖိနပ်၏ ကစားစရာအောက်
ညငှက်မလေးအဖြစ် ခံစား
ရိုးမ၏ သော်လဲသံပွင့်ကြွေ
သန်းခေါင်ယံည၏ မရဏာစံအိမ်။

ငိုသံတွေကြားက ပွင့်အံထွက်လာ
ကွန်ကရစ်တံတိုင်း၊ ကွန်ကရစ်လမ်းမကြီးတွေ
ရယ်သံတွေကြားက မာဆပ်၊ နိုက်ကလပ်တွေ
တံတိုင်း၊ ထုတ်တန်းနံရံကြားက ပွင့်ထွက်လာတဲ့ သွေးညှိနံ့တွေ
ရောင်စုံမီးပန်းအောက်က သန်ခေါင်ယံမြို့။

ဘဝပျက်ဂိမ်းကစားပွဲတွေ၊
အနားမရှိတဲ့ လှိုင်းတွေ၊
ပွင့်အံပေါက်ကွဲ မရဏာ၏ ဂိမ်းပွဲတော်
ငိုသံတွေ ထွေးပိုက်ရင်းခြံ

မရဏာ၏ စံအိမ်တော်က ပွင့်အံကျ
ရယ်စရာ၊ ရွံစရာ ဂိမ်းကစားပွဲတစ်ခု
အလင်းကိုပိတ် တံတားတွေ ထိပ်တုံးခတ်လိုက်ပြီး
(၂၀၀၈) ၏ အဓမ္မဖွားမြင်ခန်း။

မရဏာ၏ စေတမန်ဂိမ်း
ဝတ်ရုံပြောင်းလွဲရေး အခမ်းအနား
ပုတ်သင်ညိုတို့၏ မိုးခြိမ်းသံ
ရုပ်ပြဇာတ်လမ်း၊ ရုပ်ကြွဇာတ်ခန်းတစ်ကွက်
ဇာတ်နာမ်ပါတ်က ဒါဘာလဲ
လွှတ်တော်ထဲကို ကြည့်ပါ
ခေါင်းပေါင်းစနဲ့ ယူနီဖောင်း
ဖွဲ့စည်းပုံကို ကြည့်ပါ
နိုင်ငံမှ တပ်မတော်
အုပ်ချုပ်ရေးကို ကြည့်ပါ
သမ္မတနဲ့ စစ်ကောင်းစီ
ပါဝါကို မချိမ်းလိုက်နဲ့ ထင်ကနဲဗျ
သူက ဘာလဲ မမေးလိုက်နဲ့ ဟင်ကနဲဗျ
သူဘယ်မှာလဲ မတွန့်လိုက်နဲ့ ရှင်းကနဲဗျ
ဘာပြောမလဲ ဒါမပြောနဲ့ ရှေ့ကသေနတ်
နား၊ မျက်လုံး၊ ဦးနှောက် မင်တုံးချတဲ့
အဲဒါ သန်းခေါင်ယံည လွှတ်တော်ကြီး။

ပုဂံသား

ကျွန်မသည် ၄င်းကဗျာအား နှစ်ခေါက်မက ဆက်ကာ ဆက်ကာ ဖတ်ကြည့်နေမိသည်။ ထိုကဗျာဖတ်နေရင် ကျွန်မ၏ ရင်တွေသည် တဖြတ်ဖြတ် တလတ်လတ် တုန်ခါနေပါသည်။ ရင်ခုန်သံတွေကြားမှ ပုဂံသား၏ ရုပ်ပုံလွှာများသည် ကျွန်မ၏ စိတ်ကူးယဉ် ကမ္ဘာလေးထဲမှာ ဝဲပျံသက်ဆင်းနေတော့သည်။ မိန်းမသားတစ်ဦး၏ ရင်ထဲက ဆန္ဒကမ္ဘာကို စိတ်ကူးယဉ်အိမ်မက် ကမ္ဘာလေးထဲ၌သာ ချစ်ခြင်း၏ လှိုင်းခွပ်သံလေးကို စေ့ဆော်ရင်း ကျွန်မ၏ အိပ်ယာကုတင်ထက်၌ တစ်ယောက်ထဲပြုံး၍သာ ပီတိ ဖြာလျက် မြူးတူးရွှင်ပျပ့်သည်။ ကျွန်မ၏ ချစ်ကမ္ဘာကို စိတ်ကူး ယဉ်အတွေးလှိုင်းတွေပေါ်မှာ ဆော့ကစားနေမိတော့သတည်း။

□ □ □

# ပေါ်တော်မူ

ကျွန်မ ယခုဖတ်နေသည့် သတင်းစာနှင့် ဂျာနယ်စာစောင်များကို အရင်ထက်မတူ စိတ်ဝင်တစား ဖတ်မိနေပါသည်။ နေ့စဉ်သတင်းစာနှင့် အပတ်စဉ်ဂျာနယ်များကို ဖတ်ရှုလေ့လာရခြင်း၏ တန်ဖိုးကို ကျွန်မနားလည်လာပါတယ်။ ကျွန်မတို့ လောကသည် ပြဿနာဗလပွဖြင့် ချည်ငင်ထားခံနေရသည်။ ဘဝမှာ ပြဿနာနဲ့ယှဉ်ပြီး ပြဿနာကို ဖြေရှင်းကြဖို့ဆိုတာ ကျွန်မသိလာရသည်။ သတင်းစာပေါ်က ဘဝဇာတ်လမ်းတွေသည် ကျွန်မသင်ယူနေရသည့် သင်ခန်းစာအဖြစ်ပင် ယုံကြည် သင်ကြားနေမိသည်။

ထိုပုံရိပ်လွှာများကြားမှ ကျွန်မ၏ ဘဝဆီသို့ ပုဂံသား၏ ရုပ်ပုံလွှာကားချပ်လေးများသည် မကြာခဏဆိုသလို တိုးဝှေ့လာနေပါသည်။ မိန်မသားတို့ သဘာဝမျှော်ရသည်မှာလည်း မောလှမိပါသည်။ ပုဂံသားအား ကျွန်မဖေဖေ၏ ခင်မင်လေးစားမှုဆက်ဆံနေသည်ပုံကို တွေ့ရသည်မှာ ကျွန်မဘဝ၌ အထူးဆန်ဆုံး အံ့ဩမှုဖြင့် တွေးနေမိပါသည်။

ငှင်းအတွေးများနဲ့အတူ နှစ်ခြိုက်စွာအိပ်မောကျနေရာမှ နံနက်ဝေလီဝေလင်းအချိန် ကျွန်မတို့ FMI အိမ်ယာဝင်းနှင့် ကပ်လျက်ရှိ ဆင်ခြေဖုံးရပ်ကွက်လေးဆီမှ ထွက်ပေါ်လာသည့် လော်စပီကာဖွင့်လိုက်သံကြောင့် နှစ်ခြိုက်စွာ အိပ်မောကြနေသည့်ကြားဝယ် ကျွန်မ၏ အိပ်မက်လှလှလေးသည် အနားမှ ပျောက်ကွယ်သွားခဲ့သည်။ အချိန်သိရန် အနားမှ စမတ်ဖုံးကို လှမ်းယူကာ ဖွင့်ကြည့်လိုက်သည်။ နံနက်လေးနာရီထိုးပြီးခါစတွင် ရှိသေသည်။ ထိုအချိန်နဲ့ ထိုအသံကို မကြာခဏကြားနေရသော်လည်း ယခုအခါကြားလိုက်ရသည် အသံ၏ နောက်က အဖြေများကို သိချင်နေမိသည်။ သို့သော် ငှင်းစိတ်ကလေးကို အထပ်ထပ်အခါခါ မျိုချရင်း ပြန်လည်၍ အိပ်စက်ရန် မျက်လုံးကို စုံမှိတ်၍ အိပ်လိုက်ပါတော့သည်။

နံနက်ခင်း အလင်းရောင်နှင့်အတူ ကျွန်မသည် မီးဖိုးချောင်ထဲ၌ တစ်ယောက်ထဲ ပျာယာခတ်နေသည်။ ထိုအချိန် ကျွန်မ၏ ဖေဖေသည် မီးဖိုးခန်းအပေါက်ဝသို့ ရောက်ရှိလာပြီး ဆိုင်းမဆင့်ဗုံမဆင့်

"သမီး ဒီနေ့မနက်ပိုင်း ဘယ်သွားစရာ ရှိသလဲ"

အမှတ်တမဲ့ မေးလာသည့် အမေးကြောင့် ဖေဖေကို လှည့်ကြည့်ကာ အံ့သြနေမိသည်။ အံ့သြစိတ်နဲ့အတူ စိုးရိမ်စိတ်ကလေးပါ ရောပြွမ်း၍ ပြုံးလိုက်ကာ

"ဘယ်မှသွားစရာ မရှိပါဘူး ဖေဖေ"

ငှင်းအဖြေများနဲ့အတူ ကျွန်မ၏ စိတ်ကလေးသည် ဂနာမငြိမ်ဖြစ်ခဲ့သည်။ ဖေဖေသည် ကျွန်မအားပြုံး၍

"ဒါဆိုရင်တော့ အတော်လေး အဆင်ပြေသွားပြီ"

ဖေဖေထံမှ ထိုစကားသံအား ကြားလိုက်ရသည်အခါ ကျွန်မ၏ နှုတ်ဖျားမှ

"ရှင်"

ဆိုသည် အာမေဋိတ်သံတစ်လုံးသာ ထွက်လာပြီးနောက် ကျွန်မသည် ဘာရယ်မသိဖေဖေအား

"ဘာကိစ္စ အရေးတကြီးရှိလို့လဲ"

ဟု ပြန်၍ မေးလိုက်မိပါသည်။ ဖေဖေသည် အေးအေးလူလူပဲ ကျွန်မအား

"အထွေးအထူ ကိစ္စကြီးတော့ မဟုတ်ပါဘူး။ ဒီမနက် ဖေဖေဆီကို လောကသစ်မှ မိတ်ဆွေတွေ လာကြမယ်သမီး"

ထိုအခါမှ ကျွန်မရင်ထဲက အလုံးကြီးသည် "ဂလုတ်" ဆိုပြီး ပြုတ်ကျကာ ပြုံးရွှင်နိုင်တော့သည်။ ဖေဖေက ဆက်၍

"သမီးရေ ဒါကြောင့် ဖေဖေ့ဧည့်ဝတ်ကျေချင်တယ်"

ကျွန်မသဘောပေါက်လိုက်သည်နှင့်အတူ

"ဟုတ်ကဲ့ ဖေဖေ့ဧည့်သည်တွေအတွက် လက်ဖက်ရည်ချိုနဲ့ မုန့်ပွဲများကို ပြည့်စုံအောင် ပြင်ဆင်ထားလိုက်ပါမယ်"

ကျွန်မအား အပြုံးတွေနဲ့အတူ ပီတိဖြာလျက်

"ကျေးဇူးတင်ပါတယ် သမီး"

ဖေဖေထံမှ ကြားလိုက်ရသည့် ကျေးဇူးတင်စကားသည် ကျွန်မ၏ စိတ်နှလုံးအား အေးစိမ့်သွားတော့သည်။

ဖေဖေလှည့်ထွက်သွားပြီးနောက် ကျွန်မ၏ စိတ်ထဲ၌ ဘယ်လိုလူတွေလာကြမလဲ၊ ဘာအကြောင်းတွေဆွေးနွေးကြမှာလဲ ဆိုသည့် မေးခွန်းများစွာသည် ကျွန်မကိုကျွန်မ ပြန်မေး၍ ပုဂံသားရော လာမှာလားဟု မျှော်လင့်နေမိသည်။

ကျွန်မ၏ အတွေးပုံရိပ်လှိုင်းတွေသက်သေပြဖို့ နံနက် (၁၀) နာရီခန့်တွင် ခြံဝန်းထဲသို့ လောကသစ်မှ မိတ်ဆွေများ ရောက်လာခဲ့ကြသည်။ တခဏအတွင်း ခြံဝန်းထဲ၌ ကားနဲ့ဆိုင်ကယ်များ ပြည့်သွားကြသည်။ လှုနှစ်ဆယ်ခန့်မျှရှိပါသည်။ ကျွန်မတို့ ခြံဝန်းထဲတွင် ပင်နီရောင်များ လွှမ်းခြုံကာ ရဲရဲနီသွားပါသည်။

ကျွန်မသည် ဧည့်ခန်းထဲ၌ လက်ဖက်ရည်နှင့် မုန့်ပွဲများကို ကြိုတင်စီစဉ်ထားလိုက်သည်။ ကျွန်မ၏ သိချင်စိတ်က ပဲ့တင်ရိုက်ခတ်နေ၍ ထုံးစံအတိုင်း ထမင်းစားခန်း ပြတင်းပေါက်မှ ဧည့်ခန်းဆီသို့ မျက်လုံးတစ်စုံရယ် နားတစ်စုံကိုပါ အချိုးကျ အလုပ်တာဝန်ပေးလိုက်ပါသည်။ ၄င်းပုဂ္ဂိုလ်များသည် တစ်ဦးနဲ့ တစ်ဦး လေးစားချစ်ခင်နေကြတာကို တွေ့ရ၍ ကျွန်မတစ်ယောက် နှစ်သက်စွာ ပြုံးလိုက်မိပါသည်။

သူတို့ဝတ်ဆင်ထားသည့် ပင်နီတိုက်ပုံ၏ ညာဘက်ရင်အုံပေါ်က ဒေါင်းတံဆိပ်ပါ ရင်ထိုးလေးများသည် သူတို့၏ ရင်ဘတ်ပေါ်၌ ကိုယ်စီကိုယ်ငှ ဝံ့ပျံ့နေကြသည်။ ၄င်းစကားဝိုင်းလေး၌ သူတို့ဝတ်ဆင်ထားသည့် အမှတ်တံဆိပ် ယူနီဖောင်းလေးများဖြင့် ရဲရဲနီနေကြသည်။ ထိုပုဂ္ဂိုလ်များ၏ စိတ်ဓာတ်သည်လည်း ရဲရဲနီတော့မည်ဟု ခံစားနေမိသည်။

ထိုအုပ်စုစကားဝိုင်းလေးထံမှ ထွက်ပေါ်လာသည် စကားသံတို့သည် ကျွန်မနားပင် မယုံနိုင်စရာဖြစ်နေမိသည်။ ကျွန်မသည် နိုင်ငံရေးဆိုတာကို နားမလည်။ ထိုစကားဝိုင်းထံမှ ငါနေရာရဖို့ ကောက်ကျစ်တဲ့ အောက်လမ်းနည်းများကို ကြားလိုက်ရသည်အခါ ကျွန်မတစ်ယောက် မျက်လုံးလေးဝိုင်း၍ အံ့သြထိတ်လန့်ခဲ့ပါသည်။ သူတို့ပြောကြသလို ဖြစ်သွားကြမည်ဆိုလျှင် ပြည်သူ့ပါတီ၌

ခေါင်းဆောင်ကောင်း ပြဿနာနှင့် ပါတီမူဝါဒတွေအထိပါ ပြိုလဲပျက်စီးသွားနိုင်သည်ဟု အတွေးပေါက်၍ (အမေစု) အစား ကျွန်မတစ်ယောက် စိုးရိမ်တုန်လှုပ်ခဲ့ပါသည်။

၄င်းအုပ်စုမှ ပြောနေကြသည့် စကားသံတွေကို နားထောင်ရင် ကျွန်မသိလိုက်ရသည်မှာ ထိုပုဂ္ဂိုလ်များ၏ ရင်ဘတ်ပေါ်၌ ထိုးထားသည့် ဒေါင်းတံဆိပ်အား ၄င်းပုဂ္ဂိုလ်ကြီးများသည် အားနာရမှန်း၊ ရှက်ရွံ့ရမှန်း မသိသော်လည်း ကျွန်မသည် ၄င်းတို့၏ ကိုယ်စား ရှက်စိတ်၊ ကြောက်စိတ်၊ ရွံ့စိတ်ကလေးများ ဖြစ်မိပါတော့သည်။

၄င်းပုဂ္ဂိုလ်များမှ ပြောဆိုဆွေးနွေးကြသည် စကားလုံးတိုင်း၌ နိုင်ငံအတွက်၊ လူထုအတွက်၊ ပါတီအတွက် ကောင်းရာကောင်းကျိုးပြုမည့် အကြောင်းအရာသည် စိုးစဉ်းမျှမပါဘဲ ငါနေရာရဖို့ ငါ့အတွက်ဘဲ လွှမ်းခြုံနေကြသည်။ တိုးတက်ဖွံ့ဖြိုးစေချင်သည့် စေတနာများလည်း မတွေ့ပါ။ လူထုကို အကျိုးပြုပေးမည့် အသိစကားသည် ဗလာနတ္ထိဖြစ်နေပါသည်။ ၄င်းပုဂ္ဂိုလ်များထံမှ ကြားနေရသည်မှာ ငါနေရာရရေးအတွက် အကွက်ချတိုင်ပင်နေကြသည်။ သင်ကြားလိုစိတ်ကို ချနင်းမည်။ ငါထက်သာ မနာလိုစိတ်က အနိုင်ယူထားကြသည်။ ပါတီလုပ်သားကောင်းများကို မွေးထုတ်စိတ်ကူးလုပ်ဆောင်ချက် သဘောထားမဲ့ကာ ပါတီလုပ်သားကောင်းများစွာကို ရိုက်သတ်ဖို့ ကြံစည်နေကြသည်ကို သိလိုက်သည်။

ဒါကြောင့် ကျွန်မသိလိုက်သည် အသိတစ်ခုသည် ၄င်းပုဂ္ဂိုလ်များထံ၌ ပြည်သူလူထုအကျိုးကို စေတနာအမှန်ဖြင့် ပြုလုပ်ရန် ဗလာနတ္ထိပင် မဟုတ်ပါ။ ပါတီအကျိုးဆိုတာ ဘာလဲဟု

မေးကြည့်ရပါမည်။ ပါတီကို ခုတုံးလုပ်၍ မိမိကိုယ်ကျိုးအတွက် အုပ်စုဖွဲ့လူစုနေခြင်း ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များထံမှ သူနဲ့ငါ အပြန်အလှန် ကိုယ်ကျိုးပြု စကားသံတွေကို ကျွန်မသည် ရင်မောစွာပဲ ကြားနေရပါသည်။ ပါတီတွင်း ပုဂ္ဂိုလ်ရေး ချိုးဖွဲ့သံများကို ပြောကြရင်း တဟီးဟီး တဟားဟားဖြင့် ပြုံးလိုက်ကြ၊ ရယ်လိုက်ကြဖြင့် အုပ်စုဖွဲ့ ညီညွတ်နေကြသည်မှာ နားရှက်စရာပင် ဖြစ်နေသည်။

ကျွန်မသည် NLD ပါတီ၏ ပါတီနိုင်ငံရေးဆိုတာကို ဘာမှပင်မသိသလို နက်နက်ရှိုင်းရှိုင်း နားလည်ဖို့ဆိုသည်မှာ ဝေးကွာလှပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များသည် သူတို့ဝတ်ဆင်ထားကြသည့် ပါတီ၏ ယူနီဖောင်းနှင့် ရင်ထိုးအမှတ်တံဆိပ်အား လေးစားရိုသေခြင်းနှင့် အားနားရှက်ရွံ့ရမှန်း မသိသည့် ပါတီလောက်ကောင်အဖြစ် ကောက်ချက်ချမိပါသည်။

ထိုပုဂ္ဂိုလ်များကို ကြည့်နေရင်း ကျွန်မရင်ထဲ၌ NLD ပါတီအတွက် စိုးရိမ်စိတ်လေးများ ဖြစ်ပေါ်လာပါသည်။ ကျွန်မ၏ ရင်တွေမွန်းကြပ်လာပါသည်။ မွန်ကြပ်မှုကို ဖြေလျော့ဖို့ ကျွန်မ၏ ပါးစပ်ဖျားမှ လေပူစပေါင်းများစွာကို မှုတ်ထုတ်နေမိသည်။ ကျွန်မသည် အင်အားအမဲ့ဆုံး သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်ရင် ကျွန်မ၏ ဖေဖေကို စေ့စေ့ကြည့်၍ ဖေဖေအော် ဒီလိုလူစားလားဟု ကျွန်မ၏ စိတ်ထဲ၌ မေးခွန်းထုတ်မိချိန် ကျွန်မ၏ ဖေဖေထံမှ စကားတစ်ခွန်းကို ကြားလိုက်ရပါသည်။

"စစ်အစိုးရအောက်ပညာရေး အမှုထမ်းဘဝမှာ အမှုထမ်းနေစဉ်ကာလမှာပင် ကျွန်တော်က NLD ပါတီကို ကြိတ်ပြီး ချစ်ခင်နှစ်သက်ခဲ့သူပါ။ ဒါကြောင့်ပဲ တန်ဖိုးထားမြတ်နိုးသည့် စိတ်ခံစား

ဖြင့် ပံ့ပိုးချင်တာပါ။ ဒီက မိတ်ဆွေများကို ကျွန်တော် အားနာပါတယ်ခင်ဗျာ။ ကျွန်တော်ရဲ့ ဆန္ဒကတော့ အမှန်တကယ် ကိုယ်ကျိုးစွန့်အနစ်နာခံသူ၊ ပါတီအတွက် ကြိုးစားသူတွေ ဦးဆောင်မှုနေရာကို ရစေချင်ပါတယ်ခင်ဗျာ။ သူတို့တစ်တွေဟာ တတ်မြောက်ခြင်း ကျွမ်းကျင်မှု အားနည်းနိုင်ပါတယ်။ ဒါပေမယ့် တန်ဖိုးဖြတ်လို့မရတဲ့ ရိုးသားမှုနဲ့ စွန့်လွှတ်အနစ်နာခံမှုတွေက အားကောင်းပြီး သန့်ရှင်းမှန်ကန်ကြပါတယ်။ ဒါကြောင့် အနောက်ကနေ ပံ့ပိုးပေးသူအဖြစ် နေပါရစေ။ နိုင်ငံသူ နိုင်ငံသားတွေအပေါ် တင်နေတဲ့ ကြွေးဟောင်းလေးကို ဆပ်ခွင့်ရတဲ့အချိန်မှာ ပေးဆပ်ခြင်းကိုပဲ ပြုပါရစေ။ ကျွန်တော်ရဲ့ အတ္တစိတ်တစ်ခုကြောင့် ဒီမိုကရက်တစ် လုပ်သားကောင်းတို့ရဲ့ ဘဝတွေ၊ ချွေးတွေ၊ ဝီရိယတွေကို စော်ကားသလို မဖြစ်စေချင်ပါဘူးခင်ဗျာ"

ဖေဖေစကားကြောင့် ၄င်းပုဂ္ဂိုလ်အားလုံး မျက်နှာပျက်သွားကြသည်။ ကျွန်မအတွက်တော့ ဖေဖေရဲ့ စကားလုံးတိုင်းသည် ပီတိဖြာ၍ အံ့သြတုန်လှုပ်ခဲ့ပါသည်။ ကျွန်မ၏ ပါးပြင်ပေါ်သို့ မျက်ဝန်းအိမ်မှ မျက်ရည်စများသည် အလိုလိုစီးကျနေတော့သည်။

၄င်းပုဂ္ဂိုလ်အားလုံးသည် ဖေဖေအား ဟန်ဆောင်တိုက်တွန်းစကားများကိုဆိုကာ ဟန်ဆောင်မှု အပြုံးလိှုင်းတွေကို ပြုံးပြနေကြသည်။ သို့သော် သူတို့တစ်တွေ၏ အဇ္ဈတ္တသန္တာန်၌ ကြိတ်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကကြည့်ရင်း ပျော်နေကြသည်ကို တွေ့လိုက်ရသည်။

ထိုအချိန်၌ လွယ်အိတ်ဆုတ်ကလေးကို ဘေးတိုက်လွယ်ကာ အပြုံးများဝေဆာလျက် ပုဂံသားတစ်ယောက် ထိုစကားဝိုင်းဆီသို့ ရောက်ရှိလာသည်။ ကျွန်မ၏ စိတ်ထဲ၌ ချက်ခြင်းပင် သူရော

နေရာသမားလား၊ အုပ်စုဖွဲ့လုပ်စားသူလားဟု မေးခွန်းထုတ်လိုက်မိသည်။

ပုဂံသားသည် သူ၏ ဟန်ဆောင်မှုကင်းမဲ့တဲ့ အပြုံးတွေကို ဖြာကျလျက်

"လူစုံလှချည့်လားဗျ။ ကျွန်တော်က ဒီနားမှာ ကိစ္စတစ်ခုနဲ့ ရောက်လာတာ ဗိုက်ကလည်း ဆာနေတယ်။ ပိုက်ဆံကလည်း မပါတော့ ကျွန်တော်ရဲ့ ဝမ်းခေါင်တော်လှန်ရေးကို ဖြေသိပ်ဖို့ ဝမ်းပူငြိမ်းသွားအောင် ဒီက ပါမောက္ခကြီးဆီ ဝင်လာရတာပဲ ခင်ဗျာ။ အခုတော့ အတော်ပဲဗျို့ လူအင်အားလေး ကောင်းတုန်း နိုင်ငံရေးဆွေးနွေးပွဲလေး လုပ်လိုက်ကြရင် မကောင်းဘူးလား ခင်ဗျာ"

၄င်းတို့တစ်တွေသည် ပုဂံသား၏ စကားကြောင့် မျက်နှာပျက်သွားကြသည်ကို တွေ့လိုက်ရသည်။ ထိုအထဲမှ အသက် (၈၀) ခန့် လူတစ်ဦးက အသံများပင် ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ

"ပုဂံသားရေ ဆွေးနွေးမှုတော့ မလုပ်ပါရစေနဲ့ဗျာ"

ထိုအခါ ပုဂံသားသည် ခတ်ဆတ်ဆတ်လေး ပြုံးလိုက်ကာ

"ရပါတယ်ခင်ဗျာ။ မိတ်ဆွေတို့က မအားလပ်ကြဘူးလေ။ ကျွန်တော်က ဒီမှာရှိ မိတ်ဆွေတို့ကို လေးစားပြီး တန်ဖိုးထားပါတယ်။ မိတ်ဆွေကြီးတို့ရဲ့ တာဝန်သိစိတ်နဲ့ တာဝန်ခံစိတ်ကို ကျွန်တော်က အားကျနှစ်သက်မိပါတယ်ခင်ဗျာ။ မိတ်ဆွေတို့ တတွေဟာ ဒီမိုကရေစီလုပ်သားကောင်းများ ပီသလှပါတယ်။ အခုလို ချစ်ချစ်ခင်ခင်၊ သီသီညွတ်ညွတ်နဲ့ ဆွေးနွေးညှိနှိုင်းနေတာကို တွေ့ရတော့ ဝမ်းသာလှပါတယ်။ ကျွန်တော်ကြောင့်

တော့ မိတ်ဆွေတို့ရဲ့ စိတ်တွေအနှောင့်အယှက် မဖြစ်ကြပါနဲ့ ခင်ဗျာ။ လုပ်စရာရှိတာ ဆက်လုပ်ကြပါဗျာ''

ပုဂံသားသည် ပြောပြောဆိုဆိုပဲ ကျွန်မရှိရာ နောက်ဖက် ထမင်းစားခန်းထဲသို့ ဝင်လာပါတော့သည်။ ကျွန်မဖေဖေသည် ထိုင်နေရာမှ ကျွန်မအား လှမ်းပြောလိုက်ပါသည်။

''သမီးရေ ပုဂံသားက အားနာတတ်တယ်ဟေ့ အစဉ်ပြေတာ ကို ညှော့ခံလိုက်ပါ''

ဟု ပြောလိုက်သည်။ ကျွန်မသည် ပြုံး၍ သူ့အားစေ့စေ့ ကြည့်လိုက်မိသည်။ သူသည် အပြုံးမပျက်ဘဲ ထမင်းစားခုံရှိရာသို့ ဝင်ထိုင်လိုက်သည်။ သူထိုင်နေသည့် စားပွဲခုံအနားသို့ ကျွန်မ ရောက်သည့်အခါ သူသည် ကြောက်ဒူးများတုန်နေတာကို တွေ့ရ သည်။ ခေါင်းကြီးငုတ်လျက် ကျွန်မအား ရှက်နေသည်ကို သိလိုက် သည်။ သူ၏ ကျွန်မအား အားနာနေသည်ဟန်မှာ ထင်ရှားလှ သည်။ သူ၏စကားသံများသည်ပင် ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ

''ဒီက နှမငယ်ခင်ဗျာ ကျွန်တော်အတွက် ဘာမှမလုပ်ပါနဲ့ အလွယ်ကူဆုံး ကော်ဖီတစ်ခွက်ပဲ ပေးတိုက်ပါခင်ဗျာ''

ကျွန်မ၏ အံ့ဩမှုသည် ထိန်းမရဘဲ

''ရှင်''

ဆိုသည့် အာမေဋိတ်သံသည် ပွင့်ထွက်သွားပါသည်။ ပုဂံ သားသည် ဆက်၍

''မထင်မှတ်ဘဲ ကျွန်တော်ရောက်လာတော့ သူတို့တစ်တွေ လည်း အနေကြပ်ပြီး စိတ်အိုက်သွားတာပေါ့''

''ရှင်က သူတို့ ဘာလုပ်ကြတာကို သိလို့လဲ''

ဟု တုံးတိတိမေးလိုက်ပါသည်။ သူက ကျွန်မအား မော့ကြည့်ကာပြုံး၍

"သူတို့တစ်တွေက ပါတီတွင်း အုပ်စုဖွဲ့ပြီး ယခုကျင်းပတော့မည့် ညီလာခံမှာ နေရာရရေး ခွဲဝေနေကြတာကို ကျွန်တော်သိပါတယ်ခင်ဗျာ။ ဝမ်းနည်းတာတစ်ခုကတော့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အနူးညွှတ်ဆုံးစော်ကားနေခြင်းလို့ ခံစားမိတာပါ"

ကျွန်မက သူ့အား

"ဒါနဲ့ ဘာဆိုင်လို့လဲ ရှင်"

ဟု မေးခွန်းဆင့်လိုက်သည်။ သူသည် ပြုံးဆတ်ဆတ် ရယ်မောကာ

"သက်ဆိုင်နေပါတယ် ဆရာမလေး၊ ခေါင်းဆောင်ကို လေးစားရင်၊ ခေါင်းဆောင်ကို တန်ဖိုးထားရင် ခေါင်းဆောင်ရဲ့ စကားကို တန်ဖိုးထားလိုက်နာရပါတယ်။ ခေါင်းဆောင်ရဲ့ စေတနာဗလပွနဲ့ ပြောခဲ့တဲ့ စကားကသည် (ကျွန်မတို့ မိမိကို ကိုယ်ထက်ပါတီအတွက် ထည့်စဉ်းစားရပါမယ်။ ပါတီအကျိုးထက် နိုင်ငံအကျိုးကို ပိုပြီးလိုလားရပါမယ်။ ပါတီတွင်းမှာ အုပ်စုဖွဲ့ပြီး ကိုယ်ကျိုးမပြုလုပ်ဖို့ သင်ကြားပေးခဲ့ပါတယ်။) ဆရာမလေး ဘာကြောင့် လူထုခေါင်းဆောင်ကြီးဟာ ၎င်းစကားလုံးတွေကို အကြိမ်များစွာပြောရသလဲဆိုရင် ပါတီတွင်း အုပ်စုဖွဲ့မှုသည် ပါတီပြိုကွဲခြင်းလမ်းစဖြစ်သလို အင်အားဆုတ်ယုတ်ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ ဒီလိုပါပဲ ခင်ဗျာ။ ကျွန်တော်တိုင်းပြည် လွတ်လပ်ရေးရအံဆဲဆဲမှာ ဖဆပလအဖွဲ့ချုပ်ကြီးတွင် ယနေ့ကာလကဲ့သို့ အလားတူ ဖြစ်ခဲ့ပါတယ်။ ဒါဟာ ယနေ့ကာလမှာ သင်ယူရမဲ့ သမိုင်းကပေးနေသည့်

သင်ခန်းစာပဲ ဖြစ်ပါတယ်။ ဖြစ်နေတာကို အပြစ်တင်စကား မဆိုချင်ပါဘူး။ သင်ခန်းစာယူဖို့တော့ တိုက်တွန်းချင်ပါတယ်။ နေရာနဲ့ အာဏာရပ်တွေ လမ်းညွှန်နေတဲ့ အဖွဲ့အစည်း ပုဂ္ဂိုလ်ရေး ကျော်စောမှု အားကောင်းနေတဲ့ အဖွဲ့အစည်းမှာ ၄င်းပြဿနာ ရပ်တွေသည် ရှောင်လွှဲလို့မရတဲ့ ကြုံတွေ့ရမဲ့ ပြဿနာများအဖြစ် တည်ရှိနေပါတယ်။ စဉ်းစားစရာတစ်ခုတော့ ရှိနေပါတယ်။ ဆရာ မလေး ဒီမိုကရက်တစ် နိုင်ငံရေး ယဉ်ကျေးမှုနဲ့ စစ်ဗျူရိုကရက် နိုင်ငံရေး ယဉ်ကျေးမှုတို့၏ တစ်ခုနဲ့တစ်ခု အားပြိုင်သတ်ကွင်းစင် တဲ့နေရာမှာ ၄င်းပြဿနာရပ်တွေဟာ နိုင်ငံရေးစင်မြင့်ပေါ်ကို ရောက်လာတတ်ပါတယ်။ ယခုပြည်သူတို့ ချစ်မြတ်နိုးရသည် ပြည်သူ့ပါတီ NLD အတွက် စိုးရိမ်မိတာ ရှိပါတယ်။"

ကျွန်မက "ဘာတွေရှိနေလဲ"

ဟု တုံးတိတိ မေးလိုက်သည်အခါ သူသည် ရယ်ရယ် မောမောဖြစ်သွားပြီး "ဆရာမလေးခင်ဗျာ ဒါထက်ဆိုးတဲ့ အယောင်ဆောင်သဏ္ဍာန်ပျက်တွေ ဖြစ်မှာကိုပေါ့"

ကျွန်မသည်

"ရှင်"

ဆိုသည့် အာမေဋိတ်သံ တစ်လုံးသာထွက်၍ စိုးရိမ်မိသွား သည်။ ကျွန်မကဆက်၍

"အဲဒီလူစားမျိုးတွေထဲမှာ ကျွန်မ ဖေဖေတော့ မပါပါဘူး ရှင့်"

သူသည် ကျွန်မအား စေ့စေ့ကြည့်၍ သူ၏ရိုးစင်းလှသည့် အပြုံးတစ်ချက်ကို အလှဆုံးဖြစ်အောင် ပြုံးလိုက်သည်။ ပျော့ ပျောင်းသောလေသံဖြင့်

"ဆရာမလေးက ကျွန်တော့်ကို ထုချေလွှာပေးဖို့ မလိုပါဘူး ခင်ဗျာ။ ပါမောက္ခကြီးရဲ့ စိတ်ဓာတ်စိတ်ထားကို လေးစားလို့ ယခုလို အိမ်အထိရောက်လာပြီး ခင်မင်နေတာပေါ့"

သူကဆက်၍ မှတ်ချက်စကားဆိုပြန်သည်။

"ဆရာမလေးရဲ့ ဖေဖေက သဘောထားပျော့ပြောင်းမှု ရှိတယ်။ ဝမ်းတွင်း အဇ္ဈတ္တက ဖြူစင်ပါတယ်"

ကျွန်မ ရင်ထဲက အလုံးကြီးလည်း ကျသွားတော့သည်။ သူ၏အပြုံးများနဲ့အတူဆက်၍

"ဆရာမလေးခင်ဗျာ သူတို့ကို စိတ်မဆိုးပါနဲ့"

ဟု ခွင့်လွှတ်စကားပါ ပြောလာသည်။ ကျွန်မသည် သူကို စေ့စေ့ကြည့်၍

"ရှင်က သူတို့အကြောင်းကိုသိရင် ခွင့်လွှတ်နိုင်ပမလား"

ဟု ကျွန်မတစ်ယောက် သူစိမ်းယောက်ျားတစ်ဦးအား ခပ်ပြတ်ပြတ် မေးလိုက်သည်။

ထိုအခါ သူက ကျွန်မကို အပြုံးများဖြင့်ကြည့်ရင်း ရယ်ပစ်လိုက်သည်။ ကရုဏာသံဖြင့်

"ဆရာမလေးကြားလိုက်ရပြီ ထင်ပါတယ်၊ ကျွန်တော်ရဲ့ အကြောင်းတွေရယ်၊ နောက်ထပ်ညီလာခံမှာ ဖြုတ်ပစ်ဖို့အထိ ကြံစည်ထားတဲ့အကြောင်းတွေကိုပေါ့"

ကျွန်မသည် သူ၏စကားများကို နားထောင်နေရင်း မျက်လုံးတစ်စုံဟာ ပြူးကျယ်ဝိုင်းပသွားခဲ့သည်။ သူကဆက်၍ ကျွန်တော်ကို စစ်ကျော်ရေးခန်းထဲမှာ ခေါင်းစွပ်ပြီး နှိပ်စက်ခဲ့ကြသူတွေကို ဘယ်တော့မှ မမုန်းခဲ့ပါဘူး။ အပြင်မှာ ကံကြမ္မာ တစ်ပတ်လည်လို့ ပြန်တွေ့ရတဲ့အခါ သူတို့ကိုကြည့်ပြီး သနားမိပါတယ်"

ထိုစကားကို ကြားရသည့်အခါ ကျွန်မတစ်ယောက် နား လည်ရခက်စွာ တုံးတိတိမေးလိုက်မိပါသည်။

"ရှင်သဘောထားက ဘာပါလဲ"

သူသည် ကျွန်မ၏မေးခွန်းကို မတုန့်မဆိုင်းပဲ ပြုံး၍

"ရိုးရှင်းပါတယ်။ ဆရာမလေး အစမ္ဗနဲ့ ဓမ္မ လွန်ဆွဲနေတာ ပါ။ အစမ္ဗဝါဒကို မကြိုက်မနှစ်သက်လို့ ဓမ္မကို ထွန်းတောက် အောင် တည်ဆောက်နေတာပါ။ ကိုယ်ကိုယ်တိုင်က ဓမ္မကို တန်ဖိုး ထားကျင့်သုံးရမှာပေါ့။ လူဟာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး မိမိကိုယ် တိုင်က အစမ္ဗနည်းကို ကျင့်သုံးလိုက်ရင် ဓမ္မလုပ်သားဖြစ်မလာဘဲ အစမ္ဗစစ်သည်တော်တစ်ဦး ဖြစ်သွားမှာပေါ့ ခင်ဗျာ"

ကျွန်မသည်

"ရှင်"

တစ်လုံးသာထွက်၍ ရင်ထဲက အံ့သြခြင်းကို သက်သေပြု လိုက်မိသည်။ သူက အပြုံးများဖြင့်ဆက်၍

"ဒီမှာ တွေ့လိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဘက်ပြိုင်ပြီး သူတို့ နည်းအတိုင်း နေရာလုယူရင် ကျွန်တော့်ရဲ့ ဖြူစင်မှု ဓမ္မစိတ်ဓာတ် တွေ သံချိုင်းပို့ပြီး သင်္ဂြိုဟ်ခံရမှာပေါ့ခင်ဗျာ။ ဆရာမလေးခင်ဗျာ သူတို့တစ်တွေကိုကြည့်ပြီး ကျွန်တော်သဘောပေါက်မိတာ တစ်ခု ရှိပါတယ်။ ပညာကို အခြေခံသည် လူ့အဖွဲ့အစည်းမဖြစ်တော့ ဒီလိုစိတ်သဘောထားတွေများနေတာ မဆန်းကျယ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့လူ့အဖွဲ့အစည်းက အတ္တဝါဒီအောက်မှာ ရှင်သန်ခဲ့ပါ တယ်။ ယခုလည်း ရှင်သန်နေဆဲဖြစ်တော့ လူထုအများစုက ရိုးသား နေရာမှ 'အ' သွားခဲ့ခြင်းဖြစ်ပါတယ်။ သူတို့တစ်တွေဟာ လုပ်ခွင့် ရဖို့ ကြိုးစားကြတယ်လို့ သဘောထားလိုက်ပါတယ်"

သူ့အား စိတ်ဆိုးဖို့ထက်ပို၍ပင် ကျွန်မစိတ်ထဲ၌ မေးခွန်း ထုတ်လိုက်ပါတယ်။ သူဟာ ဘယ်လိုလူစားလဲ၊ ဘုကျကျနေတတ် သူလား၊ အတတလား၊ ရိုးဖြောင့်တာလား။ ကျွန်မသည် မရှက်နိုင်ပဲ ကရုဏာသက်စွာ စေ့စေ့ကြည့်နေမိသည်။ သူသည် ကျွန်မ၏ အကြည့်ကို မသိဟန်ပြုကာ ကျွန်မအား ကော်ဖီခွက်ကိုလှမ်း၍ ပေးနေသည်။ ကျွန်မကို ကျွန်မ ဘာဖြစ်သွားသည်ကို သတိပြုမိ၍ ကျွန်မ၏ မျက်နှာပြင်၌ ရှက်သွေးနီနီဖြန်းသွားပါတော့သည်။ ကျွန်မသည် ချက်ခြင်းပင် ရှက်စိတ်ဟန်ဆောင်အပြုံးဖြင့် ဖုံးအုပ်ကာ ရှေ့သို့ရောက်လာသည့် ကော်ဖီဖွက်အလွတ်ကို လှမ်းယူလိုက်သည်။ ဆက်၍ သူ့အား မနက်ဝေလီဝေလင်းအချိန်က ကြားလိုက်ရသည့် လော်စပီကာအသံကြောင်းကို မေးလိုက်သည်။ သူသည် ကျွန်မ၏ အမေးကိုတန်းမဖြေဘဲ ကျွန်မချော့ခံထားသည် ကိတ်မုန့်တစ်ခုကို ယူစားလိုက်သည်။ ကိတ်မုန့်ကုန်မှ အားနာမှုအပြုံးကို ပြုံးလိုက်ကာ

"ဆရာမလေးကြားနေရတဲ့ အသံက ကျေးလက်ဒေသ ယဥ်ကျေးမှုထုံးစံ ဖြစ်ပါတယ်။ မြို့ပြယဥ်ကျေးမှုမှာ မတွေ့ရပါဘူး။ ကျေးလက်ဒေသ အလှူမင်္ဂလာနဲ့ နာရေးကိစ္စတွေမှာ အသုံးပြုကြတာကို တွေ့ရပါတယ်။ ဒါနဲ့ တဆက်တည်း ဆရာမလေးရဲ့ သဘောထားကို မေးပါရစေ။ အဲဒါတွေဟာ မှားနေသလား မှန်ပါသလား ဘယ်လိုယူဆပါသလဲ"

သူ၏ မေးခွန်းကို ကျွန်မဘယ်လိုတုန့်ပြန်ရမလဲ။ ကျွန်မထံ၌ ထိုမေးခွန်း၏ အဖြေက အဆင့်သင့်မရှိ၍ စဉ်းစားရခက်သွားခဲ့သည်။ ကျွန်မ၏ အမူအရာလည်း ကြောင်တောင်တောင် ဖြစ်သွားသည်။ ကျွန်မ၏ အခက်အခဲကို သူသည် အကဲခတ်မိ၍

ကျွန်မအား ကြည့်နေရာမှ သူ၏မျက်နှာအား တစ်ဖက်သို့လွှဲ၍ တည်ငြိမ်သော အသံဖြင့်

"ဆရာမလေးခင်ဗျာ အမှားနဲ့ အမှန်မရှိတဲ့ ပုစ္ဆာကို ဖြေရခက်မှာပေါ့"

ကျွန်မ၏ ရင်ထဲက အလုံးကြီးသည် 'ဂလု' ဆိုပြီး လျှော့ကြသွားပါတော့သည်။ သူကဆက်၍

"ဆရာမလေး သိရှိကောင်း သိရှိနေပါတယ်။ ကျွန်တော်တို့လူ့ရှာကြီးမှာ မတူကွဲပြားမှုတွေသည် ပကတိတည်ရှိနေကြပါတယ်။ သက်ဝင်လှုပ်ရှားမှု ရုပ်ပုံလွှာတွေလည်း သူ့ဆန္ဒ သူ့သဘာဝအတိုင်း ရှင်သန်လှုပ်ရှားနေကြပါတယ်။ ဆရာမလေးစဉ်းစားနိုင်ခွင့်ရအောင် ပြောပြချင်ပါတယ်။

၁။ ကိုးကွယ်မှုဘာသာအယူဝါဒ မတူကြပါဘူး။

၂။ လူသားမျိုးနွယ်စု မတူကြပါဘူး။

၃။ ဓလေ့ထုံးတမ်းစဉ်လာတွေ မတူညီကြပါဘူး။

၄။ အသားအရောင်တွေ မတူညီကြပါဘူး။

၅။ ဒေသဝန်းကျင်ပုံသဏ္ဌာန်တွေ မတူညီကြပါဘူး။ ဒါတွေကို သူက မှန်တယ်၊ ငါက မှန်တယ်ဆိုပြီး ငြင်းခုံရင်လည်း ဘယ်သူဘယ်သူကိုမှ အကျိုးမဖြစ်ပါဘူး။ ဒါကို တူရမယ်ဆိုပြီး အင်အားပြအမိန့်ပေးပြီး တူညီခိုင်းလို့လည်း မရပါဘူး။ မတူကွဲပြားမှုတွေကို အမွေတူရမယ်၊ တူညီနေမှ ဖြစ်ရမည်ဆိုလျှင် ၄င်းလူ့ရှာကြီးမှာ ပဋိပက္ခမီးလျှံကြီးတစ်ခု ဖွားမြင်နေပြီးဟု သတ်မှတ်ပိုင်စွမ်း ရှိလာပါတယ်"

ကျွန်မသည် သူ့အား ပြန်မေးလိုက်သည်။

"ဒါဆိုရင် ပဋိပက္ခမီးလျှံတွေ မမွေးဖွားအောင် ဘာလုပ်ဖို့ လိုအပ်ပါသလဲ"

သူသည် မတုန့်မဆိုင်းပဲ

"ဆရာမလေးခင်ဗျာ ကျွန်တော်ရဲ့ သဘောထားကို ဖြေမှာ ဖြစ်ပါတယ်။ မှားခြင်း၊ မှန်ခြင်းကို ဆုံးဖြတ်မဲ့အပိုင်းက ဆရာမ လေးနဲ့ပဲ သက်ဆိုင်ပါတယ်"

ကျွန်မသည် သူ့အားပြုံး၍ ခေါင်လေးကို ညိမ့်ပြလိုက်သည်။ သူ၏ ပြတ်သားထိရှလှသည် အသံဖြင့်

"မတူကွဲပြား ခြားနားနေတဲ့ အကြောင်းတရားတွေကို

၁။ အပြန်အလှန် အသိအမှတ်ပြု နိုင်ငံယဉ်ကျေးမှု တစ်ရပ်ဖြင့် တည်ဆောက်ထိန်းမတ်ရပါမယ်။

၂။ အပြန်အလှန်လေးစားယုံကြည်မှု နိုင်ငံရေးယဉ်ကျေးမှု တစ် ရပ်ကို မွေးဖွားရပါမယ်။

၃။ အပြန်အလှန်အမှီပြု ထိန်းကျောင်းတည်မတ်ခြင်း နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို ပြုစုရှင်သန်ရပါမယ်။

၄င်းယဉ်ကျေးမှုတွေဟာ ၄င်းလူ့ရွှား၏ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုး မှုတွေကို ထောက်ကူပံ့ပိုးပေးပါလိမ့်မယ်ခင်ဗျာ။ ကျွန်တော်ရဲ့ ယူဆချက်သည် ဟုတ်၊ မဟုတ်တော့ ဆရာမလေးဘဲ ဆန်းစစ် သုံးသပ်ကာ ခွဲခြားဝေဖန်ပါလို့ပြောရင် ကျွန်တော်ကို ပြန်ခွင့်ပြုပါ ဦးခင်ဗျာ"

ပုဂံသားသည် ပြောပြောဆိုဆိုပဲ အိမ်၏ဧည့်ခန်းဘက်ဆီသို့ ထွက်သွားပါတော့သည်။

ကျွန်မသည် ပုဂံသား၏ ကျောပြင်ကြီးကို ငေးကြည့်ရင် တစ်ယောက်ထဲ တွေး၍ ငေး၍ ငိုင်၍ ပုဂံသား၏ အကြောင်း

များနဲ့အတူ အမြင်အယူအဆများကိုပါ စဉ်းစားခန်းထုတ်၍ အဖြေကို ရှာကြည့်နေမိသည်။

အချိန်နာရီများ ကုန်ဆုံးရွေ့လျားခဲ့ပါသည်။ ကျွန်မထံ၌ အဖြေသည် ထွက်ပေါ်မလာဘဲ။ သူဟာ ဘယ်လိုလူစားလဲဆိုသည့် အမေးဝါကျတစ်ခုသာ ရခဲ့ပါတော့သည်။

ကျွန်မသည် ၄င်းအမေးဝါကျနဲ့အတူ အိမ်ရှေ့ဧည့်ခန်းဘက်ဆီသို့ ထွက်လာခဲ့ပါသည်။ ဧည့်ခန်းထဲ၌ ဧည့်သည် တစ်ဦးတစ်ယောက်မျှ မရှိတော့ပါ။ ဖေဖေသည် နှစ်ယောက်ထိုင်ဆိုဖာခုံပေါ်၌ မှေးစက်နေပါသည်။ သိမ်းဆည်းစရာရှိသည့် ဧည့်ခံပစ္စည်းများအား သိမ်းဆည်း၍ အနားယူဖို့ စိုင်းပြင်းပါတော့သတည်း။

□ □ □

## လှိုင်းခွပ်သံ

လွန်ခဲ့သည် တစ်ပတ်က (၈-၈-၈၈) ၂၅-နှစ်မြောက် ငွေရတု အခမ်းအနားကြီး ပြီးမြောက်ခဲ့သည့် နေ့ဖြစ်ပါသည်။ ၎င်းအခမ်းအနားသို့ နိုင်ငံရေးအင်အားစုအသီးသီးမှ တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ၎င်းဆွေးနွေးပွဲမှ အချက် (၃) ချက် ထွက်ပေါ်လာပါသည်။

ကျွန်မဖတ်လိုက်ရသည့် ဂျာနယ်များမှတွေ့ရ၍ ရှစ်လေးလုံးငွေရတုတောင်းဆိုသံသည်

၁။ အမျိုးသားပြန်လည် သင့်မြတ်ရေး။

၂။ ဖက်ဒရယ်ဒီမိုကရက်သစ် ပြည်ထောင်စု ဖြစ်ထွန်းရေး

၃။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေး (သို့) အသစ်ရေးဆွဲရေးတို့ ဖြစ်သည်။

ကျွန်မသိလိုက်သည့် (၂၀၀၈) အခြေခံဥပဒေနှင့် ပတ်သက်ပြီး တက်ရောက်လာသူအများစုက လက်မခံနိုင်ကြောင်းကို ဘုံရပ်တည်ချက်အဖြစ် ထုတ်ပြခဲ့ပါတယ်။ (၂၀၀၈) ကို ပြုပြင်ရေးနှင့်အသစ်ရေးဆွဲဆိုတဲ့ အယူအဆနှစ်ခုက တွဲ၍ မွေးဖွားလာပါတယ်။

ဖေဖေထံမှ ကျွန်မသိလိုက်ရသည်မှာ ပုဂံသားတစ်ယောက်ကျွန်မဖေဖေကိုပါခေါ်၍ ၄င်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ပုဂံသားက နိုင်ငံရေးကဏ္ဍမှ ဝင်ရောက်ဆွေးနွေးခဲ့သည်။ သူ၏ တင်ပြဆွေးနွေးမှုကို ဖေဖေထံမှ သိရသည်မှာ လက်ရှိတပ်မတော်ကို ပြည်ထောင်စုတပ်မတော်အဖြစ် တည်ဆောက်ရမယ်။ တိုင်းရင်းသားခေါင်းဆောင် တချို့ထောက်ခံကြပါတယ်။ သူကဆက်၍ တပ်မတော်ရဲ့ လက်ရှိဖွဲ့စည်းပုံကို ပြင်ရမယ်လို့ပြောခဲ့ပါတယ်။ ထိုအခါ ဝန်ကြီးတစ်ပါးလည်းထပြီး ဆင်းပြေးပါတော့တယ်။ သူတို့က ရှောင်ထွက်သွားတဲ့ သဘောဟု ဖေဖေကကျွန်မအား မှတ်ချက်ပေးခဲ့သည်။

ဒါကြောင့် ပုဂံသားတစ်ယောက် ကျွန်မတို့အိမ်ရောက်မလာခြင်း ဖြစ်သည်။ ဒီကနေ့သည် ပုဂံသားအား ညစာစားရန် ဖေဖေက ဖိတ်ခေါ်ထားပါသည်။ ပုဂံသားအား အိမ်၌ထမင်းစားဖိတ်ထားကြောင်း ကျွန်မအား ဖေဖေကပြောလိုက်သည့်အချိန် ကျွန်မသည်ဖေဖေအား ရှက်ပြုံးလေးများ ဖြာကျကာ ပြုံးနေမိလိုက်သည်။ ထိုအခါ ကျွန်မကို ဖေဖေက အပြုံးရိပ်လေးကြားမှ ကြည့်ကာမထင်မှတ်ထားသည့် ဖေဖေထံမှ ထွက်ပေါ်လာသည့် မေးခွန်းကြောင့် ကျွန်မတစ်ယောက် အံ့ဩသင့်စေခဲ့သည်။ ထိုမေးခွန်းက

"တို့သမီးရဲ့ ရင်ထဲမှာ ပုဂံသားကို ဘယ်လိုလူစားလဲဆိုတာကို သိချင်နေတယ် မဟုတ်လား"

ဖေဖေအား ရှက်ရမလို သူခိုးကို လူမိသွားတဲ့ အဖြစ်ပမာ ရှက်တွန့်တွန့်လေး ဖြစ်ခဲ့မိပါသည်။ ဖေဖေရဲ့ မေးခွန်းသည် အိပ်ငိုက်နေတဲ့ ကျွန်မရဲ့ နှလုံးသားဆီသို့ မှျားအစင်ပေါင်းများစွာ ဆူးနှပ်သွားစေခဲ့သည်။ ကျွန်မ၏ ရှက်ရွံနေတဲ့ စိတ်ကလေးကို မသိကျိုးကျွံပြုကာ အားယူ၍ ပြုံးလိုက်ရင်

"ဖေဖေ ဒါဆိုရင် ပုဂံသားက ဘယ်လိုလူစားလဲ"

ဟု တုံးတိတိပင် မေးပစ်လိုက်ပါသည်။ ကျွန်မ၏ မေးခွန်း အဆုံး၌ ဖေဖေတစ်ယောက် မျက်ခုံးလေးကို တွန့်ကာပြုံးယုံသာ ပြုံးလိုက်သည်။ ထိုအပြုံးလေးများနဲ့အတူ

"သမီးရေ ဖေဖေရဲ့ အမြင်ကတော့ ရိုးရှင်းပါတယ်။ ပုဂံသားဟာ ဟန်မဆောင်တတ်ဘူး၊ ပွင့်လင်းတယ်၊ ရိုးသားဖြောင့် မတ်တယ်၊ မာန်မာနကင်းတယ်၊ ယုံကြည်ချက် ခိုင်မာတယ်"

ဖေဖေသည် ပြောနေရင်းမှ သူ၏စကားကို ရပ်ထားလိုက် သည်။ ကျွန်မ၏ရင်ထဲမှ သိချင်စိတ်ကလေးက တားမရ၍ ဖေဖေ အား မေးလိုက်သည်။

"သူက ဘယ်မှာနေတာလဲ"

ကျွန်မ၏ မေးခွန်းအား မဖြေခင် ဖေဖေသည် သူ၏ဦးခေါင်း လေးကို တစ်ချက်ကုတ်ပြီးမှ

"ဒီမြို့ရဲ့ တစ်နေရာမှာ ရှိမှာပေါ့၊ အမေအိုကြီးနဲ့ အတူနေထိုင် တယ်။ ဖေဖေသိတာ အဲဒါပဲ။ ဒါထက်သိတာကတော့ သူဟာ တက္ကသိုလ်ဘွဲ့ရကျောင်းသား မဟုတ်ဘူး၊ သူ့ကို သူခံယူတာက တော့ အညတရာဘုန်းကြီးကျောင်းသားတဲ့။ ဖေဖေကတော့ ဒါထက် သိဖို့ မလိုဘူးလို့ ယူဆတယ်။ ဖေဖေက ပုဂံသားကို မိတ်ဆွေဖွဲ့ တာ၊ ပုဂံသားမှာ ချစ်စရာကောင်းတဲ့ ဉာဏ်ပညာတွေ သူ့ထံမှာ

ရှိနေတယ်။ ပုဂံသားရဲ့ ရိုးသားမှု လူသားဆန်တဲ့ အလုပ်တရားကို လေးစားတယ်။ ပုဂံသားရဲ့ ကြိုးစားအားထုတ်မှု၊ လုံ့လဝီရိယကို အသိအမှတ်ပြု မြတ်နိုးတယ်"

အပြုံးတွေနဲ့ ပြုံးရွှင်နေချိန် ကျွန်မသည် ကြားဖြတ်၍

"သူရော နေရာရမှာလား"

သမီးဖြစ် သူထံမှ မထင်မှတ်ထားသည့် မေးခွန်းကြောင့် ကျွန်မကို ဖေဖေသည် မျက်လုံးကလေးဝိုင်း၍ စိုက်ကြည့်နေသည်။ အတန်ကြာမှ ဖေဖေထံမှ ပီတိအပြုံးလေးများ ထွက်ပေါ်လာပြီး

"ပုဂံသားက နေရာနဲ့ အာဏာခုံကို ရှာဖွေနေသူ မဟုတ်ဘူး၊ အမှန်တရားနဲ့ စနစ်ကောင်းကို ရှာဖွေတည်ဆောက်သူပဲ သမီး"

ကျွန်မရင်ထဲ၌ ပုဂံသားရဲ့ စိတ်နေစိတ်ထားကို ဖေဖေထံမှ ကြားလိုက်ရသည့်အခါ ပီတိလှိုင်းလေးများသည် တဖြတ်ဖြတ် တလတ်လတ်ဖြင့် ရင်ဖိုနေတော့သည်။ ဖေဖေကဆက်၍

"ပုဂံသားရဲ့ ယုံကြည်မှုနဲ့ ခံယူချက်က သိပ်ကိုလေးစားဖို့ ကောင်းပါတယ်။ ဒီမိုကရေစီ လူ့ဘောင်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ ရှုထောင့်ကနေ လုပ်ပေးနိုင်တဲ့ဘက်ကရပ်ပြီး ဒီမိုကရေစီ လုပ်သားကောင်းဖြစ်ဖို့ပဲ လက်ခံထားတာ။ သူ့အတွက်လည်း မစဉ်းစားတဲ့ ပုဂံသားအဖို့ ဒီလိုအခြေအနေမှာ နေရာလည်းရှိမှာ မဟုတ်ဘူးလေ"

ဖေဖေရဲ့ မှတ်ချက်ပေးစကားကို ကျွန်မက အပြုံးများဖြင့် ဆင့်ကဲထောက်ခံလိုက်ပါသည်။

"ဟုတ်မှာပေါ့ သူ့လိုလူမျိုးတွေကို အုပ်စုဖွဲ့ပြီး ဘေးထုတ် ကြမှာပေါ့"

ကျွန်မ စကားဆုံးပြီးပြီးခြင်း တစ်ကြိမ်တစ်ခါမှ အသံကို ကျယ်လောင်စွာ မရယ်ဖူးသည့် ဖေဖေသည် အသံထွက်၍ ဟားတိုက်ရယ်မောပစ်လိုက်သည်။ ကျွန်မလည်း ဖေဖေကိုကြည့်ပြီး အံ့ဩနေမိသည်။ ဖေဖေသည် ရယ်၍ဝမှ ရပ်လိုက်ကာ

"သမီးရေ သူ့ကို ထမင်းစားဖိတ်တော့ ဖေဖေကို ဘာပြန်ပြောတယ်ထင်သလဲ"

ကျွန်မ စိတ်ဝင်စားသွားသည့် အပြုံးများဖြင့် ဖေဖေက

"လမ်းကြုံလို့ ဝင်လာတဲ့ သဘောအဖြစ်ပဲ ကျွေးပါ"

ဖေဖေ့စကားအဆုံးမှာ ကျွန်မလဲ "ရှင်" တစ်လုံးသာ ထွက်၍ အံ့ဩခဲ့ရသည်။

ယခုထိုလူဆန်းကြီးရောက်လာဖို့ နေမင်းကြီးသည် တရွေ့ရွေ့ ပျောက်ကွယ်လုလုအချိန် အံ့ဩစရာကောင်းသည့် လူဆန်းကြီးပုဂံသားသည် သူ၏ စီးတော်မြင်း စက်ဘီးစုတ်လေးကို စီးနင်းကာ ရောက်လာပါတော့သည်။ ပုဂံသား၏မူပိုင် မာယာမဲ့အပြုံးကို ပြုံး၍ လက်အုပ်ချီကာ နှုတ်ဆက်လိုက်သည်။ ဖေဖေကလည်း ပီတိဖြာလျက် ဧည့်ခံလိုက်သည်။ ဖေဖေက သူ၏အနားသို့လာရန် လှမ်းခေါ်လိုက်သည်။ ကျွန်မသည် တုန့်ဆိုင်းမနေဘဲ လျင်မြန်စွာ

"ဟုတ်ကဲ့ ဖေဖေ"

ဟု ထူးလိုက်သံနဲ့ အတူ ကပျာကယာသွားလိုက်၏။ ဖေဖေသည် သူ၏အနားသို့ ရောက်လာသည့် ကျွန်မအား

"ထမင်းဝိုင်း အဆင်သင့်ဖြစ်ပြီးလား"

ဟု မေးပါသည်။ ကျွန်မသည် ဖေဖေ့ရဲ့ အမေးကို တုန့်ဆိုင်းမနေဘဲ

"ဟုတ်ကဲ့ ဖေဖေပြည့်စုံနေပါပြီ"

ဟု ဖြေမိလျက် ဖေဖေ၏ အဓိပ္ပာယ်ပြည့်စုံနေသည့် အပြုံး တစ်ချက်၏ ဂုဏ်ပြုမှုသည် ကျွန်မအတွက် ပီတိလျှံ၍ ကြည်နူး လိုက်ရသည်။ ဖေဖေသည် ထိုအပြုံးများနဲ့အတူ ပုဂံသားဘက်သို့ လှည့်၍

"ပုဂံသားရေ အန်ကယ်တို့ ထမင်းသုံးဆောင်ရအောင်"

ဟုပြောပြီးမှ စကားထောက်၍ ဖေဖေသည် ပုဂံသားကို ပြုံးပြလျက်

"ဒါနဲ့ ပုဂံသားက ထမင်းမစားခင် သောက်တတ်သလား"

ဖေဖေရဲ့ အမေးကို ပုဂံသားမျက်နှာ မပျက်တည်ငြိမ်စွာပြုံးလျက်

"ပါမောက္ခကြီးခင်ဗျာ ယခုလို ပွင့်ပွင့်လင်းလင်း မေးလာ သည့်အတွက် ကျွန်တော်ကတော့ အထူးပဲလေးစားမိပါတယ်။ ယနေ့ကာလက အရက်ယဉ်ကျေးမှုကို မွေးဖွားနေကြတာ အလှူ မင်္ဂလာဆောင်ပါမကျန် အရက်ပါမှ ပွဲစည်နေတဲ့အချိန် မေးသင့်ပါ တယ်ခင်ဗျာ"

ပုဂံသားသည် အပြုံးတွေအပေါ် အပြုံးတွေဆင့်၍ ပြုံးလိုက်ပြီး

"ဟုတ်ကဲ့ခင်ဗျာ ကွမ်းယာ၊ ဆေးလိပ်၊ အရက်၊ လောင်း ကစားတို့ကို တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးပါခင်ဗျာ။ ကျွန်တော့် ဘဝမှာ အပျော်အပါးဆိုတာကို ကြားဖူးပါတယ်။ မြင်ဖူးပါတယ်။ မလိုက်စားပါဘူးခင်ဗျာ"

သူသည် ဆက်၍ ညည်းတွားသံဖြင့်

"ဒါကြောင့် ဖြစ်မယ်ထင်ပါတယ်ခင်ဗျာ၊ ဒီအကျင့်ဆိုးတွေ ကြီးထွားနေတဲ့ ကျွန်တော်တို့ရဲ့ လူအဖွဲ့အစည်းကြားမှာ ကျွန်တော့် အတွက် အပေါင်းအသင်းရှားတာ မဆန်းလှဘူး ထင်ပါတယ် ခင်ဗျာ"

ဖေဖေသည် ပုဂံသားအား အံ့ဩအားနာမှုအပြုံးဖြင့် ကြည့်နေသည်။ ကျွန်မ၏ ဘဝအာရုံပေါ်သို့ သူ၏စိတ်ဓာတ်က အားကောင်းကောင်းဖြင့် စိုးမိုးစပြုနေသည်။ သူရဲ့ရှေ့မှာ ရှိနေတဲ့ ကျွန်မ၏ရင်ခွင်ထဲ၌ ဂန္ဓာမငြိမ် တလပ်ပယ်ပ် တဖြုတ်ဖြုတ်ဖြစ်၍ ရင်တွေတအားခုန်နေမိပါသည်။

ရောက်ရှိလာသည့် အချိန်မှစ၍ ပုဂံသားသည် ကျွန်မအား တစ်ချက်ကလေးမှ မကြည့်သေးပေ။ ကျွန်မအား ကြည့်ရန် မျှော်လင့်နေမိသည်။ ဖေဖေသည် အားနာမှုအပြုံးများနဲ့အတူ တစ်ချိန်က သူ၏အကြောင်းတချို့ကို ဖွင့်ချပြလိုက်သည်။

"အန်ကယ်လည်း တစ်ချိန်က အရက်ယဉ်ကျေးမှုထဲ ပါသွားခဲ့ဖူးတယ်။ ဒါပေမယ့် ၄င်းရဲ့အနိုင်ယူမှုကို တွန်းလှန်နိုင်ခဲ့တယ်။ ယခုတော့ အဲဒီယဉ်ကျေးမှုက အန်ကယ်ဆီ မလာနိုင်တော့ပါဘူး"

ဟု ဝန်ခံစကားပြောရင် ဖေဖေက

"ထမင်းသုံးဆောင် ကြတာပေါ့"

ဟု ဖိတ်ခေါ်လိုက်သည်။

ကျွန်မသည် သူစိမ်းယောကျ်ားတစ်ဦးနှင့် ထမင်းစားဝိုင်းတစ်ဝိုင်းထဲ၌ အတူစားရသည်မှာ ဒီညဒီနေ့ ထမင်းဝိုင်းပင် ဖြစ်ခဲ့ပါသည်။ ဖေဖေကိုယ်တိုင် သမီးဖြစ်သူအား ဝင်ရောက်စားခိုင်းခြင်းကြောင့် ကျွန်မပင် အံ့ဩခဲ့ရသည်။ ထမင်းစားရင်း ကျွန်မ၏စိတ်ထဲမှာ အပြုံးတွေ၊ အပျော်တွေ၊ ရှက်ခြင်းတွေဟာ စစ်ခင်းနေကြပါသည်။ ၄င်းစစ်ဆင်ရေးကြားဝယ် ကျွန်မ၏ ရင်ထဲ၌ ကြည်နူးရွှင်ပျနေပါသည်။

ကျွန်မသည် ဟန်မဆောင်နိုင်၊ ပုဂံသားအား ထမင်းစားရင်း ခိုးကြည့်နေမိသည်။ သူသည် ထမင်းစားရင်း အားနာသလိုလို၊

ရှက်နေသလိုလို မခို့တရို့ဖြစ်နေတာကို တွေ့လိုက်ရသည်။ ဖေဖေသည် ပုဂံသားအား အဝသုံးဆောင်ရန်နှင့် ဟင်းလျာများ ထည့်စားရန် ညွှန်ပြလိုက်သည်။ ပုဂံသားသည် ဖေဖေအား "ဟင်းများကို" ဦးချလိုက်သည်။ ကျွန်မပြုံးလိုက်မိပါသည်။ ခေါင်းကြီးငုံ့ကာ ဟန်မပါဘဲ နှစ်ခြိုက်စွာ သုံးဆောင်နေသည့် ပုဂံသားမှာ ထမင်းစားမြန်လှ၍ ကျွန်မတို့ ထက်စောလွန်စွာ ထမင်းသုံးဆောင်၍ ပြီးသွားခဲ့ပါသည်။

ဖေဖေသည် ထမင်းစားနေရင်း ပုဂံသားအား

"ထမင်းစားရတာ အဆင်ပြေရဲ့လား"

ဟု မေးလိုက်သည်။

ပုဂံသားသည် အရိုးသားဆုံး အပြုံးတစ်ချက်ကို ပြုံး၍

"အတိုင်းထက်အလွန် စားလို့ကောင်း၍ အပြည့်အဝကို သုံးဆောင်ပါတယ်ခင်ဗျာ"

သုံးဆောင်ပြီးသော်လည်း ထမင်းဝိုင်း၌ ထိုင်မြဲထိုင်နေသည်။ ဖေဖေထမင်းစားပြီးမှ ဖေဖေနဲ့အတူ ထမင်းဝိုင်းမှ ထလိုက်သွားတော့သည်။ ကျွန်မသည် ထိုအခါမှ ပြုံး၍ရယ်လိုက်ကာ ရှက်သွေးလေးများ ဖြေလျော့သွားတော့သည်။ သို့သော် ကျွန်မသည် ထမင်းကို မြန်မြန်စား၍ ဖေဖေ့အနားမှာထိုင်ရင်း နိုင်ငံရေးစကားများ နားထောင်ရန် လုံ့လစိုက်မိပါသည်။

ဖေဖေနဲ့ ပုဂံသားတို့၏ စကားသံများသည် ဧည့်ခန်းထဲ၌ ပွဲတင်ထပ်နေသည်။ ပုဂံသားသည် သူပြောလိုရာကိုသာ အာရုံစိုက်ပြောနေတာကို တွေ့ရသည်။ ကျွန်မသည် ဖေဖေနံဘေး၌ ဝင်ထိုင်လိုက်သည်။ ကျွန်မသည် ပုဂံသားအား မကြာခဏ ခိုးခိုးကြည့်

မိပါသည်။ ပုဂံသားက ကျွန်မအား ရိုတယ်လို့ပင် မထင်၊ တည်ငြိမ်လျက် ရှိလှသည်။

ဖေဖေက

"ယူနီဖောင်းချွတ် သမ္မတကြီးရဲ့ ပြုပြင်ပြောင်းလဲရေးတွေ သန့်ရှင်းတဲ့အစိုးရ ကောင်းမွန်တဲ့ အစိုးရဟု သမ္မကြီးရဲ့ အပြောနဲ့ လက်တွေ့မှာ အံဝင်ဂွင်ကျ ဖြစ်နေပြီလား"

ဟု မေးလိုက်သည့်အခါ ပုဂံသားသည် ပြုံး၍ရယ်လိုက်ကာ

"ပါမောက္ခကြီး အမေးထဲမှာဘဲ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေပါတယ်ခင်ဗျာ"

ဟု ပုဂံသား၏ မှတ်ချက်စကားကြောင့် ဖေဖေတစ်ယောက် ပခုံးတွန့်သွားသည်။ ဟုတ်မှန်ကြောင်းကို အမူအရာဖြင့် ဝန်ခံပြလိုက်ရသည်။ ပုဂံသားကဆက်၍

"ပါမောက္ခကြီးရဲ့ စကားတွေ ဖြစ်ထွန်းလာဖို့ ယုံရခက်ပါတယ်။ ဒါပေမယ့် သမ္မတကြီးရဲ့ အဓိကတာဝန်ဖြစ်တဲ့ NLD ပါတီ လွှတ်တော်ထဲ ဝင်ရောက်ရေးကိစ္စကို အောင်မြင်စွာ ပြုလုပ်သွားနိုင်ပါတယ်။ ကျွန်မသည် ကြားဝင်၍

"ရှင်ရဲ့အထင်တစ်ခုနဲ့ မပြောနဲ့လေ သူတို့လည်း ပြောင်းလဲမှုတွေ လုပ်ပေးနေတာဘဲ"

ကျွန်မစကားဆုံးတော့ ပုဂံသားသည် ကျွန်မကို ကြည့်၍ ပြုံးလိုက်ကာ

"ဒါလည်း ဆရာမလေးရဲ့ ယူဆချက်ပါဘဲ ကျွန်တော် လေးစားပါတယ်ခင်ဗျာ။ အယူအဆအမြင် သဘောထားတွေဟာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်တွေ ရှိပါတယ်။ ဒါပေမယ့် လက်တွေ့ကျကျဖြစ်တည်နေမှုကို လက်ခံရမယ်။ လက်ခံဖို့လည်း

လိုအပ်ပါတယ်။ ဒါထက် ဆိုးဝါးတဲ့ စိတ်ဓာတ်တစ်ခုကို ဆင်ခြင်သုံးသပ်ကြည့်ဖို့ အရေးကြီးပါတယ်။ အယူအဆနဲ့ အမြင်သဘောထားကွဲလွဲမှုတွေကို ညှိနှိုင်းအဖြေမရှာပဲ ပုဂ္ဂိုလ်ရေးရန်ညိုးဖွဲ့ရန်လိုမှုကို မပြုလုပ်မိဖို့ ပဲ ဖြစ်ပါတယ်။ ကျွန်တော်က လက်ရှိသမ္မတကြီးကို အပြစ်မတင်ဂက်ပါဘူး။ စာနာမိပါတယ်။ သမ္မတကြီးကို ဘာကြောင့် စာနာစိတ်ထားရသလဲဆိုရင် (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သမ္မတကြီးသည် နိုင်ငံတော်၏ရုပ်ပြအကြီးအကဲမျှပင် အာဏာရှိနေပါတယ်။ ဒါကြောင့် လူထုကတင်မြှောက်တဲ့ သမ္မတမှာ အာဏာအပြည့်အဝမရှိတဲ့အတွက် လူထုမှာလည်း ဒီမိုကရေစီအာဏာမရှိပါဘူးခင်ဗျာ။ ငှူပုအစိုးရတစ်ရပ် စင်စစ်ဖြစ်ဖို့ဆိုလျှင် (၂၀၀၈) အခြေခံဥပဒေကြီးကို နိုင်ငံရေးနည်းလမ်းဖြင့် ပြုပြင်မှ ရရှိပါလိမ့်မယ်။ အမှန်တကယ်ပြင်ကြမလား။ မပြင်ကြဘူးလားဆိုတာကို သက်ဆိုင်သူတွေရဲ့စိတ်ဓာတ်ပေါ်မှာ မူတည်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ နိုင်ငံရဲ့ အနာဂတ်ကို အချိန်ကပဲ ဆုံးဖြတ်လိုက်မှာပါ"

ကျွန်မသည် တခဏတွင် ပုဂံသား၏ စကားပြောကောင်းပုံနောက်သို့ မျောပါသွားခဲ့ပါသည်။ သို့သော် ပုဂံသားပြောသည့် (၂၀၀၈) အခြေခံဥပဒေကြီးကို ကြားဖူးပါသည်။ မမြင်ဖူး၍ဖတ်ကြည့်ရန် ဝေးလှပါသည်။ ပုဂံသားသည် ရေနွေးခွက်ကိုမော့သောက်လိုက်သည်။ ဆက်၍

"ကျွန်တော်တို့ ကမ္ဘာကြီးကို ဖြန့်ကျက်ကြည့်ဖို့ လိုနေပါတယ်။ (၂၁) ရာစု လူ့ရွာကြီးမှာ ရွာလေးတစ်ရွာဖြစ်တဲ့ ကျွန်တော်တို့ရဲ့ လူ့ရွာကြီးကို ပညာနဲ့ တည်ဆောက်ဖို့ လိုနေပါပြီ။ ယနေ့ထိကျွန်တော်တို့ လူအဖွဲ့အစည်းကြီးသည် ပညာလူ့အဖွဲ့အစည်းကြီး

မဖြစ်သေးပါဘူးခင်ဗျာ။ ပညာနဲ့ယှဉ်မှ လူရာဝင်မယ်၊ ဖွံ့ဖြိုးမယ်၊ (၂၁) ရာစု ခေတ်သမိုင်းမှာ ခေတ်နောက်ကျန်သည့် လက်ရှိပညာရေးစနစ်သစ်ကြီးကို ပြုပြင်ပြောင်းလွဲပစ်ဖို့ လိုနေသည်ဟု ယူဆမိပါတယ်။ လက်ရှိပညာရေးစနစ်နဲ့ ပတ်သက်ပြီး ဆရာကြီးဒေါက်တာညီညီလည်း ရေးသားတင်ပြခဲ့ပါတယ်။ လက်ရှိပုံစံကနေ ပြောင်းပြန်အထိကို ပြောင်းလဲပစ်ရမယ်လို့ တင်ပြထားပါတယ်။ အစမ်းသပ်ခံ ပညာရေးစနစ်ကြီးမှ ကျော်လွှားသင့်ပြီးလို့ သူ၏သဘောထားကို ချပြခဲ့ပါတယ်''

ပုဂံသားက ပြောရင်ပြုံး၍

''ပါမောက္ခကြီးရော လက်ရှိပညာရေး စနစ်ကြီးကို ပြုပြင်ပြောင်းလဲသင့်ပါသလား''

ဟု မေးလိုက်သည်။ ပုဂံသား၏ အမေးကို ဖေဖေသည် တုန့်ဆိုင်းမနေဘဲ

''ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေပါတယ် ဆက်စပ်ပြီး ပညာရေးအသုံးစရိတ်ကိုပါ ပိုမိုပြီး အသုံးပြုဖို့ လိုအပ်နေပါတယ်''

ဆက်၍ ဖေဖေက

''ပုဂံသားရဲ့ ပညာရေးပေါ် မြင်နေတဲ့ သဘောထားရော ရှိနေသလား''

ပြန်၍ မေးလိုက်ပါသည်။ ပုဂံသားကို ကြည့်လိုက်သည့်အခါ သူ၏အပြုံးများသည် တွန့်မသွားဘဲ

''ပါမောက္ခကြီးခင်ဗျာ ပြည်သူတစ်ဦးရဲ့ ဆန္ဒနဲ့ သဘောထားအဖြစ် ယူဆပေးပါခင်ဗျာ။ ကျန်တော်က ပညာရှင်မဟုတ်ပါဘူး။ အညတရ လူသားတစ်ဦးပါ။ ဒါကြောင့် ကျွန်တော်ရဲ့ လိုလားချက်အဖြစ် သတ်မှတ်ပေးပါခင်ဗျာ''

ဖေဖေသည် ပြုံး၍

"ဟုတ်တာပေါ့ အန်ကယ်လက်ခံပါတယ်။ လူပုဂ္ဂိုလ်ကို ကြည့်စရာမလိုဘဲ အကြောင်းအကျိုးခိုင်လုံမှုအပေါ် အသိအမှတ် ပြုဖို့ပဲ လိုပါတယ်။ အန်ကယ်တို့လည်း သင်ယူထားတာကို သင်ယူ ခွင့်ရတာပေါ့"

ပုဂံသားသည် ပြုံးတုံးတုံးဖြစ်ကာ ပြုံးရွှင်လျက်

"ပါမောက္ခကြီးခင်ဗျာ ပထမဆုံးပြုပြင်ရမှာ လက်ရှိသင်ရိုး ညွှန်းတမ်းတွေကို လက်တွေ့ဘဝနဲ့ ကိုက်ညီတဲ့ သင်ခန်းစာများ အဖြစ် ပြုပြင်ပြောင်းလဲရပါမယ်။ ဒုတိယတစ်ချက်ကတော့ မြန်မာစာပေဖြင့် ဘာသာရပ်အားလုံးကို ပြုပြင်ရပါမယ်။ နိုင်ငံတကာသုံး ဘာသာစကားဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား ကို ဆင့်ကဲတတ်ကျွမ်းမှုပုံစံချပြီး နိုင်ငံသားအားလုံးကို သင်ကြား ပေးရမယ်။ ဒါတွေဟာ (၂၁) ရာစုမှာ စိန်ခေါ်လာမဲ့ ပြဿနာ တွေအတွက် အခြေခံအရင်းအမြစ်များအဖြစ် ပြောင်းလဲခြင်းလို့ ယူဆပါတယ်။ နောက်ထပ်ဖြည့်စွက်မှုကတော့ သင်ကြားရေး ပုံသဏ္ဍာန်ပဲ ဖြစ်ပါတယ်။ အခြေခံကျောင်းတွေမှာ ကျောင်းအင်္ဂါရပ် တွေအဖြစ် လိုအပ်နေသည်။ ကျောင်းစာကြည့်တိုက်၊ ကျောင်းတွင် ကစားကွင်း၊ ကျောင်းတွင်း သုတေသနဌာနတို့ပဲ ဖြစ်ပါတယ်။ ကျောင်းဖွံ့ဖြိုးမှုနှင့် ကျောင်းအုပ်ချုပ်ရေးကို ဘက်သုံးဘက်ဖြင့် ထိန်းညှိမှုကို ဖန်တီးထားရပါမယ်။ ဆရာ၊ ဆရာမများ ကိုယ်စား လှယ်၊ ကျောင်းသားမိဘ ကိုယ်စားလှယ်၊ ကျောင်းသား ကိုယ်စား လှယ် ၄င်းအဖွဲ့သုံးခုနဲ့ယှဉ်ပြီး ကျောင်းအုပ်ကြီးနှင့်အတူ ကျောင်း ကောင်စီကို ဖွဲ့စည်းပြီး ထိန်းကျောင်းရပါမယ်။ ကျောင်းပိုင်ဆိုင်ရာ၊ စည်းကမ်းလုပ်ထုံးလုပ်နည်းများအတိုင်း ထိန်းကျောင်းရမည်။

ယန္တယားအဖြစ် လိုအပ်ပါတယ်။ ကျင့်ဝတ်ဆိုင်ရာ ဘာသာရပ် တစ်ခုကို သင်ကြားမှု ဘာသာရပ်တစ်ခုကို ပြဋ္ဌာန်းပြီး အတန်း လိုက် သင်ကြားပေးစေချင်ပါတယ်။ ကျင့်ဝတ်ဆိုင်ရာမှာ နိုင်ငံသား တွေ သိအပ်ဖို့ နိုင်ငံသားကျင့်ဝတ်၊ လူသားဆိုင်ရာ ကျင့်ဝတ်တွေကို ပြဋ္ဌာန်းရေးဆွဲကာ သင်ကြားခွင့်ပြုစေခြင်ပါတယ်။ အဓိက ပြုပြင် ပြောင်းလဲဖို့ အရေးကြီးတာက လက်ရှိအလွတ်ကျက် အလွတ်ဖြေ ပုံစံကနေ လက်တွေ့ဆန်တဲ့ ဖြန့်ကျက်တွေးခေါ်မှုပုံသဏ္ဍာန်ဖြင့် သင်ကြားရေးစနစ်ကို နှစ်သက်ပါတယ်။ ကျွန်တော်ရဲ့ တန်းမြင့် စနစ်ကတော့ ပါမောက္ခကြီးခင်ဗျာ အထက်တန်းပညာရေးထိ နှစ်ပိတ်စာမေးပွဲကို မကျင့်သုံးဘဲ နေ့စဉ်အလိုက်၊ လစဉ်သင်ကြား တတ်မြောက်မှုကို တိုင်းထွာမှုပုံစံဖြင့် သတ်မှတ်ကျင့်သုံးတဲ့ ပညာ ရေးစနစ်ကို မြတ်နိုးပါတယ်။ ၄င်းစနစ်နဲ့အတူ ပေါက်ဖွားရမဲ့ လုပ်ထုံးလုပ်နည်း၊ အုပ်ချုပ်ပုံသဏ္ဍာန်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ အတန်းတင်စာမေးပွဲ မဖြေဆိုဘဲ အတန်းတင်ပေးရေးစနစ်ကို ထိန်းညှိဖို့ ပထမကျွန်တော်ပြောခဲ့တဲ့ ကျောင်းသားကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်၊ ဆရာ၊ ဆရာမများ ကိုယ်စား လှယ်၊ ကျောင်းအုပ်ချုပ်ရေးမှုတို့ဟာ မျက်နှာချင်းဆိုင် ထိန်း ကျောင်းမှုပုံသဏ္ဍာန်ဖြင့် အဖြေရှာရပါမယ်။ ပညာရေးစွမ်းရည် များကို ထိန်းညှိပေးရပါမယ်။ နိုင်ငံတော်အစိုးရဘက်မှ ပညာရေး ရံပုံငွေတောင့်တင်းဖို့အတွက် အခွန်ကောက်ခံမှု လျော့ပေါ့ပေးခြင်း ဖြင့် ပညာရေးယန္တယားအတွက် ထောက်ကူမှုပေးရပါလိမ့်မည်။ ကျောင်းသား ကျောင်းသူအားလုံး ထူးချွန်ပြောင်မြောက်မယ်ဆိုတာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းမှ မရှိပါဘူးခင်ဗျာ။ ပါရမီရှင်တွေ မွေးဖွားလာဖို့ အခွင့်အလမ်းတွေ ဖွင့်ထားပေးဖို့ လိုပါတယ်။

နိုင်ငံသားဝတ္တရားတွေ ကျေပွန်တဲ့နိုင်ငံသားတွေ ဖြစ်ဖို့ပဲလိုပါတယ်။ အဓိကရည်မှန်းချက်ကတော့ အတတ်ပညာ တန်ဖိုးတည်ရှိမှု၏ တန်ဖိုးကို နားလည်ကျင့်သုံးဖို့ပဲ လိုပါတယ်။ အတိုချုပ်ပြီးပြောရရင် စိတ်ဓာတ်ကောင်းသူတွေ မွေးဖွားဖို့က အဓိကကြပါတယ်"

ပုဂံသားရဲ့ စကားကိုနားထောင်ရင်း ကျွန်မ ဖေဖေသည် ခေါင်းလေးညိမ့်ကာပြုံး၍

"ပုဂံသားရဲ့ အတန်းတင်ပုံစံကိုလည်း သိချင်မိတယ်"

ဟု ဖေဖေက မေးလိုက်သည်။ နောက်ဆက်တွဲ ဇယားကွက်များကိုလည်း ကျွန်မပါသိချင်နေမိသည်။ ပုဂံသားသည် ဖေဖေရဲ့မေးခွန်းအား အပြုံးမပျက် တုန့်ဆိုင်းမသွားဘဲ ဆက်ကာ

"၁။ ကျောင်းခေါ်ချိန် ပြည့်မှီရမယ် ၂။ ကျောင်းဝင်ချိန်တိကျမှန်ကန်ရမယ်။ ၃။ ကျောင်းဝတ်စုံ တူညီစွာ ဝတ်ဆင်ရမယ်။ ၄။ ဖွံ့ဖြိုးချိန်၌ မိမိနှစ်သက်ရာကို ပြုလုပ်ရမယ်။ ၅။ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို လစဉ်ဖြေဆို ဆွေးနွေးမှုဖြင့် အကဲဖြတ်ခြင်း။ ၆။ နေ့စဉ်အလိုက် ကျောင်းသားမှတ်တမ်းကို ပြုလုပ်၍ တန်းမြှင့်တင်မှုကို ပုံဖော်ပေးခြင်းဖြစ်ပါတယ်"

ကျွန်မသည် မနေသာ၍ ပုဂံသားအား ထောက်ပြမေးခွန်းကို မေးလိုက်ပါသည်။

"ရှင်ရဲ့ယူဆပုံက အားလုံးစာမတတ်ဘဲ အောင်ကုန်မှာပေါ့။ အဲဒီအခါကျရင် "အ" ကုန်မှာပေါ့ရှင်"

သူသည် ကျွန်မ၏ဝင်ရောက်ဆွေးနွေးမှုကို ပြုံး၍နားထောင်နေရာမှ ကျွန်မအား ပြုံးစိစိမျက်နှာထားဖြင့် "ဆရာမလေးခင်ဗျာစတင်ကျင့်သုံးသည့်နှစ်မှာပင် (၁၀%) အောင်မြင်ဖို့ ခက်ခဲပါလိမ့်မယ်။ အောင်မြင်မှုပုံစံကို နှစ်ချုပ်ပုံစံမကျင့်သုံးဘဲ လစဉ်အလိုက်

နေ့စဉ်မှတ်တမ်းပြု စွမ်းရည်သတ်မှတ်မှုကိုသွားတဲ့ ပညာရေး စနစ်ပုံစံဖြစ်တဲ့အတွက် အကျိုးပြုဖြစ်ထွန်းလာနိုင်သည့် အချက်က (၁) စာရိတ္တနဲ့ ဉာဏစွမ်းရည်သည် တွဲဖက်ဖွံ့ဖြိုးမှုပုံစံကို သွားပါ တယ်။ (၂) လက်တွေ့လုပ်ကိုင်မှုနဲ့ အချိန်တန်ဖိုးကို ယှဉ်တွဲ နားလည်သွားပါတယ်။ (၃) ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့ အကျင့်နဲ့ ဆွေးနွေးအဖြေရှာမှုကို လက်ခံကျင့်သုံးတတ်လာပါ တယ်။ ၎င်းဖြစ်စဉ်များရဲ့ ရလဒ်သည် နိုင်ငံအတွက် နိုင်ငံသား ကောင်းတွေအဖြစ် မွေးဖွားလာမည်ဟု ယုံကြည်ပါတယ်။ ဒါတွေ ကတော့ ကျင့်သုံးပြီး ငါးနှစ်အကြာမှာပေါ့"

ကျွန်မသည် ဉာဏ်မမီ၍ ထောက်ပြမှုကိုမပြုဘဲ နားထောင် ကောင်း၍ နားထောင်ရင် သိချင်စိတ်ကို သိရန် ထပ်၍မေးလိုက် သည်။ ဒါဆိုရင် တက္ကသိုလ်ပညာရေးစနစ်ကို ဘယ်လိုသွား မှာလဲ။ ကျွန်မ၏ အမေးကို ပုဂံသားသည် မဆိုင်မသွားဘဲ ပြုံး၍

"ဆရာမလေးခင်ဗျာ နိုင်ငံတော်က ပညာရေးကဏ္ဍကို လမ်းနှစ်သွယ်ဖြင့် လမ်းဖွင့်ထားပေးရပါမယ်။ (၁) အတတ်ပညာ (၂) အသိပညာဆိုင်ရာတို့ကိုပေါ့။ နိုင်ငံကုန်ထုတ်ယန္တရားများ အတွက် အသက်မွေးဝမ်းကျောင်း စက်မှုလက်မှု အတတ်ပညာဆိုင် ရာတွေကို ကဏ္ဍာအလိုက် ဖွင့်လှစ်သင်ကြားပေးရေးစနစ်တစ်ခုကို တည်ဆောက်ခြင်းနှင့် တက္ကသိုလ်ပညာရေးကဏ္ဍကို လွတ်လပ်စွာ ရှာဖွေခွင့်ရှိသည်။ အခွင့်အလမ်းများဖြင့် ပြုစုဖွံ့ဖြိုးရပါမယ်။ တက္ကသိုလ်ပညာရေး၏ ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ၎င်းတက္ကသိုလ်ကောင်စီရဲ့ လုပ်ထုံးလုပ်နည်းနှင့် ဝင်ရောက်ဖြေဆိုမှုပုံစံကို သူကိုယ်တိုင်ကြိုးစားဖြေယူရမှာပေါ့။ သူ့ရဲ့ကြိုးစားအားထားမှုနဲ့ ဉာဏ်ဖွံ့ဖြိုးမှုအပေါ် တက္ကသိုလ်

ပညာရေး သင်ကြားပိုင်ခွင့်ကို သူရရှိသွားမှာပေါ့။ နိုင်ငံအတွက် သေချာတာတစ်ခုကတော့ (၁၁) တန်းပညာရေးအထိ သင်ကြားခွင့်ရထားသည်အတွက် သူ့ဘဝ၏ တည်ဆောက်မှုပုံသဏ္ဌာန်ကို သူရွေးချယ်ခွင့်ရသွားပါတယ်။ နိုင်ငံအတွက် နိုင်ငံသားကောင်းတွေ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ''

ကျွန်မဖေဖေသည် ငြိမ်သက်စွာနားထောင်နေရင်း နှစ်သက်မှုအပြုံးတွေ ဖြာကျလျက်

''ပုဂံသားရဲ့ ယူဆပုံက လူသားဆန်ပါတယ်။ လူသားဆိုတာ သင်ကြားနိုင်ခွင့်အရှိဆုံး သတ္တဝါဖြစ်၍ သင်ကြားမှု၊ သင်ယူမှု၊ သင်ယူလိုချင်စိတ်မှ တတ်မြောက်ခြင်းကို ရပါတယ်။ သို့သော် သင်ကြားမှုယန္တရားထဲကပဲ ထွက်သွားမဲ့ ပုဂ္ဂိုလ်တွေလည်း ရှိမှာပေါ့။ ဒါမှလည်း ဘဝက အဓိပ္ပာယ်ရှိမှာကို အန်ကယ်လည်း ဒီအတိုင်းပဲ စဉ်းစားကြည့်ပါတယ်။ စည်းကမ်းကျင့်ဝတ် သင်ယူမှုဘောင်ထဲကနေ လေ့ကျင့်သင်ကြားရတယ်။ ကလေးဘဝမှ လူလားမြောက်သူတို့ဟာ ၄င်းလူအဖွဲ့အစည်း၏ အလုပ်ရုံယန္တယားတွေကြားမှာ လုပ်သားကောင်းတွေအဖြစ် ရှင်သန်နေမယ်ဆိုတာကို တထစ်ချယုံကြည်တယ် ပုဂံသား။ ဒီမိုကရေစီစနစ်မှာ အလုပ်မလုပ်ဘဲ ထမင်းစားလို့ မရပါဘူး။ လုပ်အားရဲ့တန်ဖိုးကိုလည်း ခေါင်ပုံဖြတ်ခွင့် မရှိပါဘူး။ ပုဂံသားရဲ့ ပညာရေးစနစ်တစ်ခုကလည်း ဒီမိုကရေစီယဉ်ကျေးမှုရဲ့ အခြေခံဥမြစ်အဖြစ် အန်ကယ်ကတော့ အသိအမှတ်ပြု ထောက်ခံပါတယ်။ အဓိကကြတဲ့ အချက်တစ်ခုကို တွေ့ရပါတယ်။ ဗဟိုချုပ်ကိုင်မှုအားနည်းပြီး သင်ယူသူကျောင်းသား ကျောင်းသူတို့၏ ကြိုးစားအားထုတ်မှုအပေါ် (၉၀%) တည်မှီနေတာကို တွေ့ရပါတယ်။ အမိန့်ပေးတာထက် အခွင့်အလမ်းတွေကို ဖွင့်လှစ်ပေးကာ ပြုစုပျိုးထောင်ပေးသည့်

ပညာဥယျာဉ်စနစ်အဖြစ် ယုံကြည်ပါတယ်။ ဒါပေမယ့် ပုဂံသား ရေ ပေါ်ထွန်းဖို့တော့ လွယ်မယ်မထင်ဘူးနော်''

ဖေဖေ၏နောက်ဆုံး မှတ်ချက်စကားကို ပုဂံသားတစ်ယောက် ပြုံးလိုက်ကာ

''စိတ်ဓာတ်မကျပါနဲ့ ခင်ဗျာ၊ လိုအပ်ရင် ဖြစ်လာမှာပေါ့ ပါမောက္ခကြီး''

သူ၏အားပေးစကားကြောင့် ဖေဖေတစ်ယောက် အပြုံးများ ဖြင့် ပီတိဖြာကြနေသည်။

ကျွန်မသည် ပုဂံသားအား ခိုးခိုးကြည့်မိတိုင်း ကျွန်မအား သူကကြည့်နေတာကို မတွေ့ရပေ။ ဒီတစ်ခါတော့ ကျွန်မအား ပုဂံသားတစ်ယောက်ခိုးကြည့်နေတာကို ကျွန်မ၏မျက်လုံးနှစ်စုံဖြင့် ကျွန်မနောက်က မှန်သားပြင်မှတစ်ဆင့် သိလိုက်ရသည်။ ပုဂံသား ၏ အကြည့်များသည် အသက်ဝင်လှကာ လေးနက်နက်ရှိုင်းသည် ကို ကျွန်မခံစားရမိသည်။ ကျွန်မအား ခိုး၍ကြည့်နေသည့် သူ၏ မျက်လုံးများထဲမှ ကျွန်မအား နှစ်သက်စကားပြောနေသည်ကို သိရ၍ ကျွန်မတစ်ယောက်ကြိတ်၍ ပီတိဖြာခဲ့သည်။ ကျွန်မလည်း သူရှက်၍ လန့်သွားမည်စိုးကာ မသိဟန်ပြု၍ နေလိုက်သည်။

ဖေဖေသည် ဟန်ဆောင်မှုကင်းမဲ့သည့် အပြုံးတွေကို ဖြာဝင် လျက် မာယာကင်းတဲ့ စကားတစ်ခွန်းကို ပြောလိုက်သည်။

''ပုဂံသားလို လူမျိုးတွေ အန်ကယ်တို့ နိုင်ငံမှာအများကြီး ရှိစေချင်တယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံအတွက် တကယ် လိုအပ်နေလို့ပေါ့''

ဟု ချီးကျူးစကားပြုလိုက်သည်။ ပုဂံသားကို ကြည့်လိုက် သည့်အခါ အမူအရာမပြောင်းဘဲ တည်ငြိမ်စွာ ပြုံးမြဲပြုံးလျက် တွေ့ရသည်။ ဖေဖေက စကားစကိုဆက်၍

“ပညာဉာဏ်အားနည်းသည့် လူ့အဖွဲ့အစည်းမှာ မတည်ငြိမ်ခြင်း ပဋိပက္ခစစ်မီးလျှံကို တိုးပွားစေပါတယ်။ စစ်မီးကို ငြိမ်းအေးနိုင်တဲ့ လက်နက်က အခြားမဟုတ်ပါဘူး။ ပညာလက်နက်ပဲ ဖြစ်ပါတယ်။ သမီးရေ ဒီက အာဂလူလို့ ပြောရမဲ့ ပုဂံသားမှာ စွဲစွဲမြဲမြဲယုံကြည်နေတာကို တွေ့လိုက်ရတယ်။ အဲဒါကတော့ ပညာလူအဖွဲ့အစည်း ဖြစ်ထွန်းရေး”

ဟု ချီးကျူးစကားဆိုလိုက်ပြန်သည်။

ကျွန်မသည် ဖေဖေထံမှ စကားကို အာရုံစိုက်၍ နားထောင်နေရင် ပုဂံသားကို စေ့စေ့ကြည့်နေမိသည်။ တစ်ချက်ကလေးမှ ဘဝမာန်မကြွ၊ ရိုးသားစွာပြုံးလျက် တွေ့လိုက်ရသည်။ ပုဂံသားသည် ထိုအပြုံးလေးများနဲ့အတူ

“ဟုတ်ပါတယ် ပါမောက္ခကြီးခင်ဗျာ ပညာဉာဏ်သတိသည် ဆင်ခြင်တုံတရား၏ အခြေခံအုတ်မြစ်တစ်ခုဆိုတာကို အသက်မျှယုံကြည် မိပါတယ်ခင်ဗျာ”

ဝန်ခံစကားကိုပြောရင် ကျွန်မကို စေ့စေ့ကြည့်ကာ ပြုံး၍

“ဒါနဲ့ ဆရာမလေးခင်ဗျာ ကျွန်တော်က လူနဲ့ လူအဖွဲ့အစည်းကို မြင်ရရုံ ကြားလိုက်ရုံနှင့် မရှုတ်ချပါဘူးခင်ဗျာ။ အပြုသဘောပဲ သုံးသပ်ဝေဖန်ချင်ပါတယ်။ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှု၏ အနှစ်သာရက ဝေဖန်ပေးပါ။ မရှုတ်ချပါနဲ့။ ဆန်းစစ်ခွဲခြားကြည့်ပါ။ ပြောတိုင်း ကြားတိုင်း မယုံမိစေနဲ့။ လေ့လာပါ သုံးသပ်ပါ သုသေတနပြုပါ ပြီးမှဆက်၍ လုပ်ပါ၊ ကိုင်ပါ၊ ပြုမူဆောင်ရွက်ပါ။ လူ့ဘဝမှာ သတိပြု လေ့ကျင့်ရမယ့် အဓိကအကြောင်းတရားတစ်ခု ရှိပါတယ်။ အခြားတစ်ဖက်က ပစ်လွှတ်လိုက်သည့် ပြစ်တင်ဝေဖန်ရေးမြားတွေကို ကိုယ်ဘဝ

အတွက် ခြံစည်းရိုးတိုင် လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒုတိယနှစ်ချက်ကတော့ ဆရာမရဲ့ဘဝကို ဆရာမသည်သာ အဓိကပဲ့ကိုင်ရှင်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာမတို့လို ခေတ်ပညာတတ်လူငယ်တွေရဲ့ လက်ထဲမှာ ငှင်းလူ့အဖွဲ့အစည်း၏ အနာဂတ်ရပ်ပုံလွှာတွေ ရှိနေပါတယ်။ ဆရာမလေးခင်ဗျာ လူ့အဖွဲ့အစည်း၏ အသက်ဝိဉာဉ်က စနစ်ဖြစ်ပါတယ်။ ငှင်းလူထုအတွက် အသုံးပြုတဲ့ စနစ်သည် တံတားအဖြစ် ဖွံ့ဖြိုးနေရပါမယ်။ တံတိုင်းကြီးအဖြစ်လည်း ခိုင်မာတောင့်တင်းဖို့ လိုပါတယ်။ ငှင်းလူ့အဖွဲ့အစည်း၏စနစ်ကို ငှင်းလူ့အဖွဲ့အစည်းတွင်က လူထုတစ်ရပ်သာလျှင် အဓိကပဲ့ကိုင်ရှင် ဖြစ်နေရပါမယ်။ ပါမောက္ခကြီးနဲ့ ဆရာမလေးခင်ဗျာ စကားပြောခွင့်ရတာ ကျေနပ်အားရမိပါတယ်။ ထမင်းသုံးဆောင်ရတာလည်း ကျေနပ်ပီတိ ဖြစ်ရပါတယ်။ အချိန်ကလည်း အိမ်ပြန်ဖို့ အချိန်တန်နေပါပြီ။ ဒါကြောင့် ပြန်ခွင့်ပြုပါဦးခင်ဗျာ"

စကားစကို အစမသတ်နိုင်ဘဲ ထမဲ့ဆဲဆဲ သူကဆက်၍

"ဩော် ဒါနဲ့ ကျွန်တော်ကို ကျွန်တော်အမြဲဆုံးမနေတဲ့ ဆုံးမစကားလေးကို ဒီကဆရာမလေးထံ မျှဝေပေးချင်ပါတယ်။ ခွင့်ပြုပါခင်ဗျာ။ သင်ယူခြင်း မသင်ယူခြင်းသည် ဆရာမလေးရဲ့ အပိုင်းပဲ ဖြစ်ပါတယ်။ ဒီလိုပါခင်ဗျာ **ဘဝဆိုတာ တကယ်တော့ ဘာမှမဟုတ်ပါဘူး။ တခဏတာအလည်လာတဲ့ လောကရဲ့ ဧည့်သည်တစ်ဦးပါ။ သင်ရဲ့ တပ်မက်မှုတွေကို သင်ကိုယ်တိုင်သဂြိုလ်လိုက်ရင် သင့်ရင်ထဲက ပူလောင်မှုတွေဟာ အလိုလိုအေးချမ်းချမ်း ငြိမ်သက်သွားမှာပေါ့**"

ပြောပြောဆိုဆို ပုဂံသားသည် မတ်တပ်ထရပ်ကာ ဦးညွှတ်၍ လက်အုပ်ကလေးကိုချီကာ ဂါဝရပြုနှုတ်ဆက်ရင်း ပြန်သွားပါတော့သည်။

ကျွန်မသည် ပုဂံသား၏ ကျောပြင်ကြီးကို ငေးကြည့်နေရင်း ထိုင်လျက်မထဘဲ ရင်ထဲ၌တဖြတ်ဖြတ်တလပ်လပ်ဖြစ်၍ ကျန်ခဲ့ပါတော့သည်။ ကျွန်မဖေဖေသည် ပုဂံသားအား ခြံပေါက်ဝထိ လိုက်ပို့၍ အိမ်ထဲသို့ ပြန်ဝင်အလာ အပြုံးတွေ ဝေဖြာလျက်

"ဒါမှ အာဂလူပဲ"

ဟု ကြုံးဝါးရင် ယခင်နေရာ၌ ပြန်ထိုင်ကာ သမီးဖြစ်သူ ကျွန်မအား စေ့စေ့ကြည့်၍

"သမီးရော သူ့လိုလူကို တွေ့ခဲ့ဖူးသလား"

ဟု တဲ့တိုးကြီးမေးလာပါတော့သည်။ ဖေဖေရဲ့ အမေးကို ကျွန်မသည် ဦးခေါင်းလေး ခါယမ်း၍ ပြနိုင်ပါတော့သည်။ ထိုအခါ သမီးဖြစ်သူအား ဖေဖေက

"သမီးရေ သူရဲ့အိမ်ထောင်ဘက်ကောင်းက ဒီခေတ်မှာတော့ ရှားပါလိမ့်မယ်ထင်တယ်။ သူ့ဘက်ကလည်း တွေ့ရာလူကို ကောက်ယူမဲ့ လူစားမျိုးတော့ မဟုတ်ဘူး။ သူ့ရဲ့စိတ်ကို နားလည်မှ နားလည်ပေးနိုင်တဲ့ အိမ်ထောင်ဖက်နဲ့တွေ့မှ သူတို့ရဲ့ အိမ်ထောင်ရေးက အေးချမ်းသာယာမှာပေါ့"

သမီးဖြစ်သူ ကျွန်မအား သူစိမ်းယောက်ျားလေးတစ်ယောက် အကြောင်းကို ပြောပြနေသည်မှာ ကျွန်မအံ့ဩခဲ့ရသည်။ ၎င်း အံ့ဩမှုနဲ့အတူ ကျွန်မနှင့် ဘာမှမသက်ဆိုင်ဟု တွေးကြည့်မိပါသည်။ တွေးရင်တွေးရင် ကျွန်မစဉ်းစားကြည့်လိုက်သည်အခါ ဖေဖေသည် စကားတစ်ခွန်းကို အကြောင်းမဲ့ဘယ်တော့အခါမှ မပြောခဲ့ပေ။ ယခုဖေဖေသည် သူစိမ်းယောက်ျားလေးတစ်ဦး၏ အကြောင်းကို သမီးဖြစ်သူ ကျွန်မရှေ့၌ ပြောနေသည်မှာ အဓိပ္ပာယ်ရှိနေသည်။ ပုဂံသားအပေါ် ကျွန်မ၏တဖက်သက် ရင်ခုန်နေသံကို ဖေဖေတစ်

ယောက် ရိပ်မိသွားဟန်ရှိနေသည်။ ဒါကြောင့် ဖေဖေသည် ကျွန်မ အား စဉ်းစားဆုံးဖြတ်နိုင်ရန် ပုဂံသားအပေါ် ဖေဖေရဲ့ ခန့်မှန်းမိသ ယောက် ရုပ်ပုံလွှာများကို ပြောပြနေခြင်းဟု ကျွန်မရင်ထဲ၌ ယူဆ လိုက်သည်။ ထိုယူဆချက်နဲ့အတူ ကျွန်မသည် ကိုယ့်အတွေးနဲ့ ကိုယ်ပြုံး၍ ဖေဖေ့အနားမှ ကျွန်မအိပ်ခန်းဆီသို့ ဝင်လာခဲ့တော့သည်။

ကျွန်မ၏ ဖဲမွေ့ယာကုတင်ထက်ပေါ်လဲချလိုက်သော်လည်း ချက်ခြင်းအိပ်၍မပျော်ပါ။ စဉ်းစားလိုက် လေပူစလေးများကို မှုတ် ထုတ်လိုက်နဲ့ စိတ်ကူးယဉ်ကမ္ဘာတစ်ခုကို ဖန်ဆင်းနေမိသည်။ ကျွန်မ၏ဘဝတံခါးမကြီးကို ပုဂံသားရဲ့ နှလုံးသားလက်တစ်စုံက မရပ်မနား တဒေါက်ဒေါက်ဖြင့် တိုးခေါက်နေတော့သည်။ ကျွန်မ ကိုယ်ကျွန်မ မည္ဘာမတာမေးခွန်းထုတ်ရင်း ကျွန်မနှလုံးသားအား စစ်ဆေးကြည့်မိပါသည်။ သေချာတာတစ်ခုကတော့ ကျွန်မသည် ပုဂံသားကိုကြိတ်၍ ချစ်မိနေသည်မှာ မငြင်းပယ်နိုင်တော့ပေ။ ကျွန်မသည် ကျွန်မ၏စိတ်ကို ဝေဖန်စီစစ်ကြည့်သည့်အခါ ပုဂံသားကို လေးစားစိတ် တန်ဖိုးထားစိတ် သနားစိတ်က ပို၍ သာနေကာ ပုဂံသား၏ ရုပ်ပုံကားချပ်လေးက ကျွန်မ၏ အသိအာရုံ ကို လွှမ်းခြုံ၍ နေပါသည်။ ကျွန်မ၏ ရင်ခုန်သံကို ကျွန်မ၏ ဖေဖေတစ်ယောက် ရိပ်မိသွားဟန် ရှိပါသည်။

ကျွန်မနှင့် ဖေဖေသည် ပွင့်လင်းမြင်သာစွာ ဆက်ဆံရေးစည်း ကို ဖေဖေက လမ်းဖွင့်ပေးထားပါသည်။ ဖေဖေသည် ဘယ်တော့ အခါမှ ကျွန်မ၏ဘဝကို မဆုတ်ကိုင်ပါ။ မထိန်းချုပ်ပါ။ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ကို ပေးထားပါသည်။ ဒါကြောင့် ဖေဖေ၏သတိပေး စကားသံသည် ကျွန်မအား ဝေဖန်ပိုင်းခြားတတ်ဖို့ သတိပေးချင်ဟု ကျွန်မယုံကြည်ထားပါသည်။ ပုဂံသားနှင့်ပတ်သက်၍ ဖေဖေ

ပြောခဲ့သော အကြောင်းအရာများသည် ကျွန်မ၏အသိစိတ်၌ နှစ်သက်စွာ လက်ခံထားမိပါသည်။ ကျွန်မသိရသလောက် ပုဂံသားအား အကဲဖြတ်ကြည့်ရလျှင် ပုဂံသားသည် လောဘသား ကောင်း မဟုတ်ပါ။ ပဂေ်ဘ နှလုံးသားနဲ့ ဘဝကိုတန်ဆာခြယ်သူ ဖြစ်နေပါ၏။ ကျွန်မကို ငွေများစွာ ရှာပေးမဲ့သူမဟုတ်ပါ။ သိက္ခာနဲ့ အသိတရားကို ရှာပေးမဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ဘဝ တချို့ကို ကျွန်မက စေလိုရာစေခိုင်းနိုင်ပါတယ်။ ရှင်က ဒါကိုစား ဒါကိုဝတ် ဒီမှာထိုင်ဆိုတာတွေကိုပေါ့။ ကျွန်မစိတ်တိုင်းကျရွေ့လျှင် ရွေ့မည့် သူဖြစ်ပေမဲ့ သူရဲ့ ယုံကြည်ချက်ကို ချည်လို့ရမဲ့သူမဟုတ်ဆိုတာကို ကျွန်မသိလိုက်ပါသည်။ ကျွန်မကို ကျွန်မကဘဲ မေးခွန်းထုတ် ကြည့်မိပါသည်။ ပုဂံသား၏ သွားမဲ့လမ်းအတွက် ပါရမီဖြည့်ဘက် အဖြစ် လုပ်ပေးနိုင်ပါ့မလား။ ကျွန်မဖေဖေသည်လည်း ဒါကိုပင် သတိပေးခြင်း ဖြစ်ခဲ့ပါသည်။ ကျွန်မ၏ စိတ်လှိုင်းကလေးသည် ဆင်းသွားလိုက် တက်လာလိုက်နဲ့ပင် ရင်ခွင်တစ်ခုလုံးကို ဖို့သွား သလိုလို လေပူစလေးများလည်း မှုတ်ထုတ်နေမိပါသည်။ ပုဂံသား ၏အကြောင်းကို တွေးကြည့်ရင်း ပျော်ရွှင်နှစ်သက်မိသည်မှာ ကျွန်မဝန်ခံမိပါသည်။ ကျွန်မတစ်ယောက် စိတ်ကူးယဉ်နေတာ လေးကို ပုဂံသားတစ်ယောက် သိသလား မသိသလားတော့ မခံ စားမိပါ။ ကျွန်မကြားလိုက်ရသည့် လှိုင်မြစ်ရေပြင်ပေါ်က သင်္ဘော ကြီး၏ ဥဩဆွဲသံကြောင့် အတွေးယဉ်ကမ္ဘာလေးမှ လန့်နိုး၍ သွားပါတော့သည်။ ကျွန်မတစ်ယောက် အိပ်စက်ရန်စိတ်ကို ဒုန်းဒုန်းချ၍ အိပ်စက်ရပါတော့သတည်း။

□ □ □

# သိလိုက်ရပါတယ်

ကျွန်မသည် သတင်းစာ ဂျာနယ်စာမျက်နှာများ၌ ဖော်ပြလာသည့် NLD ပါတီ၏ ခေါင်းဆောင်ရွေးချယ်ပွဲ ညီလာခံ အကြောင်းအရာတွေကို ဖတ်လိုက်ရသည်မှာ ငိုချင်စရာဖြစ်နေမိပါ သည်။ ဖေဖေထံမှ ကြားရသည်အခါပို၍ စိတ်ပျက်မိပါသည်။ ညီလာခံ၌ အုပ်စုဖွဲ့၍ ပါတီဝင်ယာယီကဒ်များဖြင့် တတ်ရောက် ကာ ဆန္ဒမဲလာထည့်ကြမည့် ပြည်သူပါတီဝင် အသစ်များသည် ကိုယ်ရွေးချယ်ရမည့် ပုဂ္ဂိုလ်နှင့် နာမည်ကို မသိဘဲ လက်ထဲ၌ အသင့်ပါလာသည် စာရွက်ထဲမှ နာမည်များကိုသာ အမှန်ခြစ်၍ မဲထည့်ခံကြသူများသာ ေါင်းဆောင်နေရာသို့ ရောက်လာခဲ့ကြ သည်။ ပါတီအောက်ခြေ၌ ကြားရသည်မှာ အရက်တစ်ခွက်ထဲကို ဗဟိုပြုပြီး ပါတီအနာဂတ်ကို ဖျက်စီးခဲ့ကြသူများသည် ပါတီတွင်း ၌ အများအပြားရှိလာခဲ့ပါသည်။ ထိုသတင်းသည် နှလုံးအိမ်အား အက်ဆစ်ရည်ပက်ခံရသလို တဆဆင့်ကြွေးရတော့သည်။

ငှင်းပါတီ၏ ညီလာခံကျင်းပခြင်းနဲ့အတူ ပဋိပက္ခဖြစ်စဉ်များကိုပါ တွဲဖက်၍ ကြားလိုက်ရသည်မှာ ကျွန်မ၏ စိတ်တွေ တုန်လှုပ်ချောက်ခြားခဲ့ရသည်။ ထိုညီလာခံမှ ပုဂံသားတစ်ယောက် (၈၁) နဲ့ ရှုံးခဲ့ရပြီး အနိုင်ရရှိသွားတဲ့ အုပ်စုတစ်စုမှ တစ်ရပ်ကွက်လုံးမှ မဲများမဟုတ်ဘဲ လမ်းနှစ်လမ်းထဲကမဲများဖြစ်၍နေသည်ဟု ကြားလိုက်ရသည့်အခါ ကျွန်မတစ်ယောက် ပို၍ပင် အံ့သြခဲ့ရသည်။ ဖေဖေရဲ့ မှတ်ချက်စကားသည် မှန်နိုင်ဖွယ်ရှိပါသည်။

“ပြည်သူ့ပါတီကို အလုပ်အကြွေးပြုမဲ့ ပါတီဝင်အစစ်တွေ ဖြစ်ပါ့မလား”

ငွေလုပ်သားများဖြစ်နိုင်သည်ဟု ဖေဖေက ပြောခဲ့သည်။ ကျွန်မလဲ ဖေဖေစကားအား ထောက်ခံမိပါသည်။ ပုဂံသားသည် အပြုံးမပျက်ဘဲ ရယ်မောနိုင်သူဟု ဖေဖေက ပြောပြတော့ ကျွန်မသည် ပုဂံသား၏ စိတ်ဓာတ်ကို လေးစားခဲ့ရသည်။

ပုဂံသားတစ်ယောက် ညီလာခံပြီးမှ သူ၏တာဝန်တွေကို ပြီးဆုံးအောင်လုပ်ဆောင်ခဲ့သည်။ တာဝန်ပြီးဆုံးသွားတဲ့ ပုဂံသားတစ်ယောက် ကျွန်မတို့ထံရောက်အလာကို မျှော်လင့်နေသော်လည်း ရောက်မလာခဲ့ပေ။ သို့သော် ဖေဖေထံမှ သူ၏ သတင်းအား ကြားနေရသည်။ ဖေဖေရဲ့ လောကသစ်မှ လူတစ်ချို့ထံမှလည်း ကြားနေရသည်။ ပုဂံသားတစ်ယောက် (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေးကို ပြင်ပနိုင်ငံရေး အင်အားစုများနှင့်အတူ လှုပ်ရှားနေသည့် သတင်းစကားပင်ဖြစ်သည်။

ယခုအခါ ကျွန်မသည် သတင်းစာ ဂျာနယ်များကို ဖတ်တက်လာပါသည်။ ကျွန်မစာသင်ပြသွားရာမှ ကြားနေရသည်။

ဆိုက္ကားသမားလေးတို့ရဲ့ ရင်ဖွင့်စကားသံကို နားထောင်တတ်လာပါသည်။ ကျွန်မတို့ မြို့နယ်ရှိစက်မှုဇုံလုပ်သားထုရဲ့ လုပ်သားဆိုင်ရာ ရပိုင်ခွင့်တောင်းဆိုဆန္ဒပြပွဲအသံတွေသည် စက်ရုံအနံ့မှာ ဖြစ်ပေါ်နေပါသည်။ ၄င်းဖြစ်စဉ်တချို့၌ ပုဂံသားသည် တခါတရံ ကူညီနိုင်စွမ်းရှိသလောက်ကို ကူညီပေးနေသည့် သတင်းကိုလည်း ကြားခဲ့ရပါသည်။

သတင်းစာ ဂျာနယ်စာမျက်နှာပေါ်များတွင် (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး တောင်းဆိုပွဲ သတင်းကားချပ်များက အဓိကလွှမ်းမိုးနေပါသည်။ ၄င်းလှုပ်ရှားမှုများ၌ ပုဂံသားတစ်ယောက် ပါဝင်လှုပ်ရှားနေကြောင်း ဖေဖေထံမှ ကြားသိရပါသည်။ သို့သော် ပုဂံသား၏ ရုပ်ပုံလွှာအား သတင်းမျက်နှာစာပေါ်၌ ရှာမတွေ့ပါ။ ကျွန်မသိလိုက်သည် ပုဂံသားသည် နောက်လိုက်ကောင်းဖြစ်ရေးသာလျှင် အဓိကထားတတ်သူ ဘယ်နေရာက ပါဝင်လုပ်ဆောင်ရ လုပ်ဆောင်ရပါစေ အလုပ်ဖြစ်မြောက် အောင်မြင်ရေးကို ဦးတည်စဉ်းစားတတ်သူအဖြစ်သာ တွေ့ရပါတယ်။ ပုဂံသားသည် (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေး လူထုလှုပ်ရှားမှု လက်မှတ်ထိုး တောင်းဆိုပွဲကို တတ်ကြွလှုပ်ရှားသူ ဒီမိုကရေစီအင်အားစုများနှင့် တတ်ညီလက်ညီ လှုပ်ရှားဆောင်ရွက်နေသည်။ ထိုလှုပ်ရှားမှု စာရွက်ပေါ်၌ ကျွန်မလည်း လက်မှတ်ထိုး၍ ဆန္ဒပြခဲ့ပါသည်။ ၄င်းဖြစ်ရပ်များ၏နောက် မကြာခင်ကာလမှာ NLD ပါတီမှ ဦးဆောင်သင့်သည့် သတင်းစကားသည် ပါတီတွင်းသို့ ပျံ့နှံ့ခဲ့ပါသည်။

၄င်းဖြစ်စဉ်များနှင့်အတူ လူမျိုးရေး ဘာသာရေး အစွန်းရောက်ပြဿနာများကြားဝယ် ပုဂံသားတစ်ယောက် ပါဝင်လှုပ်ရှား

မှုမရှိဘဲ မဖြစ်သင့်တဲ့အကြောင်းကို စတင်လှုပ်ရှားနေတာကို ဖေဖေထံမှ ကြားသိရသည့်အခါ ကျွန်မ၏စိတ်ထဲ၌ တယ်လည်း တတ်နိုင်လှတဲ့ အာဂလူသား ပုဂံသားပါလားဟု ချီးကျူးရင်း သူ၏ဘဝသည် ကျွန်မ၏နှလုံးသားတံခါးကို တိုး၍ တိုး၍ ဖွင့်လှစ်နေတော့သည်။

ကျွန်မတို့ မြို့ပြ၌ ကျူးကျော်နေထိုင်ခြင်း အိမ်ယာမဲ့ ပြဿနာသည် တရိပ်ရိပ်ကြီးထွားနေပါသည်။ ၄င်းပြဿနာများသည် နိုင်ငံ၏မြို့ပြကြီးများ၌ အလားတူဖြစ်ပွားနေသည်ကို ကြားနေရပါသည်။ ထိုအခါ ပုဂံသားပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို သွား၍ သတိရမိပါသည်။ ၄င်းပြဿနာ၏ အဓိကတရားခံသည် ရပ်ကွက်အုပ်ချုပ်ရေးမှစကာ စည်ပင်ဌာနကလည်း အာဏာအလွဲသုံးစားမှုပေါ် အခြေခံထားသည်။ ဒါပေမယ့် ၄င်းဖြစ်စဉ်များ၏ ကြီးထွားလာမှုနောက်ကွယ်မှာ နိုင်ငံရေး မသမာမှုတွေပါနေသည်ဟု ပြောခဲ့သည့်စကားသည် ယခုအခါ ကျွန်မနားလည်ခံစားတတ်လာသည်။ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရားဥပဒေစိုးမိုးရေးကို တဖွဖွပြောကြားနေပါသည်။ သို့သော် လောကဓာတ်ခံ့ပေါ်ဝယ် မင်းမဲ့စရိုက်ပြဿနာတွေသည် စုပြုံ၍ ကြုံဆိုနေပါတယ်။ ဒါတွေဟာ ကျွန်မသိလိုက်ရသည့် အဖြေများပင် ဖြစ်ခဲ့သည်။

လယ်ယာပြန်လည်ရရှိရေးနှင့် နစ်နာကြေးတောင်းဆိုသံတွေသည် နိုင်ငံတဝှန်းပဲ့တင်ထပ်ကာ တိုး၍တိုး၍ လာနေပါတယ်။ ၄င်းတောင်းဆိုသံတွေကြားမှ ပြည်သူပိုင်မြေနှင့် ပြည်သူပိုင်အလုပ်ရုံတို့သည် ပွင့်လင်းမြင်သာမှုကင်းမဲ့စွာ ပုဂ္ဂလိကပိုင်အဖြစ်သို့ တရွေ့

ရွေ့ ထိုဆိုင်းဘုတ်များသည် အမည်ပြောင်းလဲနေတာကို ကြားသိနေပါသည်။ ခိုမ်ခံစီးမော်တော်ကားဈေးနှုန်းတွေ တရိပ်ရိပ် ကျဆင်းလာပြီး ဝင်ငွေ ထွက်ငွေ မမျှတမှုရဲ့ ထိုးနှက်တိုက်ခိုက်နေသည့် ဒဏ်ကို အခြေခံလူထုကြီးသည် ခါးစီး၍ ခံနေရပါသည်။ ထိုအခါ ပုဂံသားအား သတိရသွားပါသည်။ ၎င်းသတိရစိတ်နဲ့အတူ ပုဂံသားပြောခဲ့ဖူးသည့် စကားစုသည် ကျွန်မအာရုံထဲသို့ ပေါ်လာပါသည်။ အများပိုင်ဆိုသည့် စကားစုရဲ့အောက်မှာ ပြည်သူပိုင်ဆိုသည့်ဆိုင်းဘုတ်သည် ပွင့်လင်းမြင်သာမှုမရှိဘဲ ဝါးမျိုးခံရပါလိမ့်မယ်။ လယ်ယာမြေတွေဟာ အများပိုင်ကုမ္ပဏီဆိုတဲ့ ဆိုင်းဘုတ်အောက်ကို ရောက်တဲ့အခါ လယ်ယာမဲ့သွားကြသူတို့၏ ဘေးထွက်ဆိုးကျိုးသည် အခြားမဟုတ်ပါ။ ပိုင်ဆိုင်မှုကင်းမဲ့သည့် မြို့ပြအိမ်ယာနံဘေးမှ အိမ်ခြေယာမဲ့ ကျူးကျော်နေထိုင်မှုပဲ ဖြစ်ပါသည်။ ကျွန်မသည် ထိုအချိန်က နားသာထောင်ခဲ့ရသည်။ ဘာကိုဆိုလိုနေသည်ကို မသိပါ။ ယခုအခါ အရိပ်အမြွက်မျှတာ သိလာပါသည်။ ပုဂံသား ပြောခဲ့ဖူးပါသည်။ ဒီမိုကရေစီဆိုတာကို ပါးစပ်ဖျားနဲ့ စရုံတာ စထားခြင်း ဖြစ်နေပါသေးတယ်။ ယခုအခါ ထိုစကားသည် မှန်ကန်နေကြောင်း လက်ခံစပြုလာမိပါသည်။ ပုဂံသား၏ အပြုံးတွေနဲ့အတူ ပြောခဲ့သည်။ စကားသံကို ကျွန်မ၏ ဦးနှောက်နှင့် နှလုံးသားမှာ ထာဝရမှတ်ထားခဲ့ပါသည်။ ထိုစကားသံအား ယခုပင်ပြန်လည်၍ ကြားယောင်နေမိသည်။ ရွှေကျင်သာသနာပိုင်ဆရာတော်တစ်ပါးဖြစ်သည့် မန္တလေးအမရပူရ ရွှေကျင်ကျောင်းတိုက်ကြီးရဲ့ ပဓာန နာယကဆရာတော်ကြီး အရှင်ဇနကာဘိဝံသမထေရ်မြတ်က –

"ပညာတတ်ဖို့ထက် စိတ်ထားကောင်းဖို့က အဓိက၊ သီလရှိဖို့ထက် စိတ်ထားကောင်းဖို့က အဓိက၊ သမာဓိရှိဖို့ထက် စိတ်ထားကောင်းဖို့က အဓိက"

ထိုစကားကြီးသုံးခွန်းအား သူ၏ချစ်သား သမဏေများကို ဆုံးမဩဝါဒပြခဲ့သည်။ ပုဂံသားထံမှ တစ်ဆင့်နားကြားလိုက်ရသည့်အခါ ကျွန်မ၏ ဘဝအလင်းတံခါးတချို့ ပွင့်လာရပါသည်။ စိတ်ထားမှမကောင်းလျှင် ထိုလူပိုင်သမျှ အရာအားလုံးသည် ဘာဖြစ်လာမှာလဲ ဘဝအပူက ပို၍အားကောင်းလာမည်ဟု ကျွန်မယုံကြည်လာပါသည်။ စိတ်ထားကောင်းမှသာလျှင် ဘဝကိုသာယာဖွံ့ဖြိုးစေတယ်ဆိုတာကို ကျွန်မသိလာရပါသည်။ ကျွန်မဘဝ၌ ပုဂံသားသည် ဖေဖေပြီးလျှင် သတိရဆုံးနှင့် တန်ဖိုးထားလေးစားရသူဖြစ်နေပါတော့သည်။

ကျွန်မ၏ စိတ်တွေသည် ဖေဖေနဲ့တွေ့လိုက်တိုင်း ဖေဖေထံမှ ပုဂံသား၏အကြောင်းကို ကြားချင်နေမိသည်။ ပို၍လည်း သိချင်နေပါသည်။ တစ်ခါတရံ ကျွန်မစိတ်ကို ကျွန်မသာ ဟန်မဆောင်နိုင်ဘဲ ပုဂံသားနှင့် တွေ့ခဲ့သလားဆိုသည့် မေးခွန်းကို ဖေဖေအားမရှက်နိုင်မေးခဲ့မိပါသည်။

ထိုအခါ ဖေဖေသည် ကျွန်မအား ပြုံး၍ကြည့်နေကာ ပုဂံသားအကြောင်းကို သိသလောက် မမောနိုင် ပြောပြခဲ့ပါသည်။ ဖေဖေထံမှ ပုဂံသားအကြောင်းတွေ ကြားရသည့်အခါ နားထောင်နေရင်ကျွန်မ၏ ရင်ထဲ၌ကြိတ်၍ ပျော်ရွှင်မိပါသည်။ စိတ်ထဲ၌ မရိုးမရွဖြစ်နေမိကာ ပုဂံသားရှိရာသို့ အရောက်သွားချင်မိပါသည်။ တရွေ့ရွေ့ တရွရွဖြစ်နေသည်။ ထိုအခါ ကျွန်မ၏စိတ်ကို မိန်းမတို့ရဲ့အိန္ဒြေဖြင့် ထိန်းချုပ်ထားရပါတော့သည်။

ပုဂံသားသည် ဖေဖေနဲ့တွေ့တိုင်း ကျွန်မအကြောင်းကို မေးဖော်မရပေ။ သို့သော် ဖြေသိမ့်စရာ စကားလေးတစ်ခွန်းတော့ ရှိနေပါသည်။ "ပါမောက္ခကြီး မိသားစုကျန်းမာပါရဲ့လား" ဖေဖေက ပြောပြ၍သိရသည့်အခါ အသံမထွက်ဘဲ ကြိတ်၍ ပြုံးကာ ရင်ထဲ၌သာ ပီတိဖြာလျက် အာဂလူပါလားဟု စိတ်ထဲမှာဘဲ ရေရွတ်နေရတော့သည်။

ကျွန်မချစ်မိနေရသူ ပုဂံသားသည် အလွန်တရာ နိုင်းရခက်သည့် ရိုးသားဖြောင့်မတ်သူ ဖြစ်ပါသည်။ ပုဂံသားသည် ကျွန်မအား စိတ်ဝင်စားမှု ရှိသလား။ စိတ်ဝင်စားမှု မရှိသလားဆိုတာကို ကျွန်မတစ်ယောက် အတော်လေး အကဲခတ်ရ ခက်လှပါသည်။ သူ၏ဆင်းရဲမှုက ကျွန်မကို ချစ်ဖို့ဟန့်တားနေတာလားဟု ကျွန်မသည် တဖတ်သက်ဆန်ဆန် ကြည့်မိပါသည်။ သူ၏စိတ်ဓာတ်အလှတရားက ကျွန်မအတွက် တန်ဖိုးဖြတ်၍ ခက်နေသည်ဆိုတာကို သူတစ်ယောက်သိစေချင်မိသည်။ ကျွန်မဆုံးဖြတ်ချက် ချလိုက်ပါသည်။ ကျွန်မတစ်ယောက် သူ့အပေါ်မြတ်နိုးနေကြောင်း သူတစ်ယောက်သိရှိရန် ပြုလုပ်ဖို့ ဆုံးဖြတ်ပင်ဖြစ်ပါသည်။ ထူးဆန်းတာလေးကို စဉ်းစားကြည်သည့်အခါ ပြုံးမိလိုက်ပါသည်။ ဒီကနေ့ထိ ကျွန်မသည် သူ၏အကြောင်းတွေကို ပတ်ဝန်းကျင်မှတဆင့်ကြားသိနေရပါသည်။ ဒီကြားကာလမှာ သူနဲ့ ကျွန်မ မတွေ့ရသည်မှာ ကြာမြင့်နေပါသည်။ ယခုအခါ ဖေဖေစာအုပ်စင်မှ ကဗျာတစ်ပုဒ်ကို တွေ့ရပါသည်။ ကဗျာရေးသူ၏ နာမည်ကို တွေ့လိုက်ရသည့်အခါ ပုဂံသားဖြစ်နေသည်။ ပီတိပြုံးလေးတစ်ချက်ကိုပြုံး၍ အလွမ်းပြေ ဖတ်လိုက်မိပါသည်။ ကဗျာရဲ့ ခေါင်းစဉ်က -

## အဲ့ဒါ

ငါဒီနေ့မြင်တွေ့လိုက်ရသည်
ငါယုံနိုင်စရာမရှိ
ငါရဲ့ ရှေ့နေရာလု၊ အုပ်စုဖွဲ့တိုက်ပွဲတွေ။

ငါဒီနေ့ ကြားလိုက်ရသည်
ငါ၏ အိမ်မက်မဟုတ်
ငါနဲ့မခြား ဗုံးသံ၊ သေနတ်သံ၊ ဒုက္ခမီးလျှံတွေသည်။

ငါတိုင်းပြည်ကို ငါကြည့်လိုက်သည်
အရင်းအမြစ် သယံဇာတတွေ မီးရှို့နေ
ငါတိုင်းပြည်ကို နောက်ထပ်စေ့စေ့ကြည့်လိုက်သည်
ခွန်အားမဲ့မဲ့ ယဲယဲရွဲ့ရွဲ့
နွဲ့နွဲ့နှောင်းနှောင်း မွဲမွဲချာချာ၊
ရွက်ဖျင်ကြမ်းပမာ တွေ့လိုက်ရ။

ငါရှေ့က ဓာတ်ခုံပေါ်သို့
ငါ၏မျက်လုံးတစ်စုံဖြန့်ကျက်
ငါတွေ့လိုက်တာက
ငါမအံ့ဩသည့် ဘက်ပြိုင်မှုတွေ၊
ငါ၏ နှလုံးခုန်သံ ရပ်တန့်ခဲ့ရ၊
ငါ၏ စက္ကူအလင်းတံခါးကို ခေတ္တပိတ်ရ၊
တရားဥပဒေ စိုးမိုးရေးတံခါးချပ်၊
တဆဆ ကြွေမွှနေလို့၊
အဲဒါတွေဟာ
ငါချစ်ရသည် ငါ၏တိုင်းပြည်
ဒါတွေဟာ ငါတိုင်းပြည်ပါတကား။

ပုဂံသား

ကျွန်မသည် ထိုကဗျာလေးအား အခေါက်ခေါက် အခါခါ ဖတ်နေရင်း ကျွန်မ၏ မျက်ဝန်းအိမ်မှ နှလုံးသွေးစများ စီးကျနေမိပါတော့သည်။ ကဗျာစာရွက်လေးကို သူ့၏နေရာ၌ပြန်၍ ထားလိုက်သည်။ ထိုအခါ စာအုပ်စင်၏ ဒေါင့်တစ်နေရာတွင် ကွန်ပျူတာဖြင့် ရိုက်နှိပ်ထားသည့် စာရွက်ထပ်ကလေးကို တွေ့ရ၍ ကောက်ယူကြည့်လိုက်သည်။ ခေါင်းစဉ်က "တို့ပြည်ထောင်စု" ဆက်၍ ဖတ်လိုက်သည့်အခါ ကျွန်မ၏ လက်ဖျားလေးများ တုန်ရီကာ အကြောက်တရားများပင် တရစ်ရစ် ထလာခဲ့ပါသည်။ အံ့ဩတုန်လှုပ်ခဲ့ပါသည်။ မှန်ကန်ပြတ်သားလှ၍ စာရေးသူအစား ကျွန်မတုန်လှုပ်ခဲ့ရပါသည်။ နောက်ဆုံး ရေးသားတင်ပြသူကို တွေ့လိုက်ရပါသည်။ ကျွန်မတစ်ယောက် အံ့ဩခြင်းထက် ပုဂ်သားအပေါ် အန္တရာယ်ကျရောက်မည်ကို တွေး၍ စိုးရိမ်နေမိပါသည်။ ကျွန်မဖတ်လိုက်ရသည်မှာ ကောက်နုတ်တင်ပြရလျှင် ပြည်ထောင်စုရဲ့အောက်မှာ မတူကွဲပြားမှုသည် ပဋိပက္ခကို ဖြစ်စေနိုင်သည်။ ရှုထောင့်တစ်ခုမှလည်း မိခင်အဖြစ်တည်ရှိနေတာကို ထောက်ပြထားသည်။ ပဋိပက္ခကို ငြိမ်းကာ အတူတကွ ရှင်သန်ဖွံ့ဖြိုးဖို့ အပြန်အလှန်လေးစားမှု အပြန်အလှန်အသိအမှတ်ပြု နိုင်ငံရေးယဉ်ကျေးမှု တစ်ရပ်ဖြင့် ချည်နှောင်နိုင်မှ ပြည်ထောင်စု လူ့အဖွဲ့အစည်းအတွက် ပြည်ထောင်စုအမျိုးသားအကျိုးစီးပွား ရှင်သန်မည်ဟု တင်ပြထားပုံကို တွေ့လိုက်ရသည်။ ကျွန်မသည် သူ၏ယူဆထားပုံကို ဆက်ရသော် ပြည်ထောင်စုလူ့အဖွဲ့အစည်း၏အောက်မှာ မတူကွဲပြားစွာ ပကတိတည်ရှိနေသည် အကြောင်းတရားကို (၅) မျိုးဖြင့် ဖော်ပြထားပါတယ်။

(၁) ဒေသအနေအထား ကွဲပြားမှု
(၂) လူသားမျိုးနွယ်စုကွဲပြားမှု
(၃) အသားအရောင် ကွဲပြားခြားနားမှု
(၄) ဘာသာစကားဝေါဟာရ ဓလေ့ထုံးတမ်းစဉ်လာကွဲပြားမှု
(၅) ကိုးကွယ်ယုံကြည်မှုဝါဒသဘော တရားကွဲပြားခြားနားမှုတွေဟာ ဖျက်ပစ်လို့ မဖြစ်သင့်တဲ့ ပကတိတည်ရှိနေတဲ့ လူ့သမိုင်းရဲ့ အလှတရားဖြစ်နေကြောင်း ဖွင့်ဆိုပြထားပါတယ်။ ၄င်းဖွင့်ဆိုချက်နဲ့အတူ မတူညီမှုတွေကို ညီညွတ်မျှတစွာ အတူတကွယှဉ်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ် မွေးဖွားရမည်ဆိုတာကို တင်ပြထားတာ တွေ့ရပါတယ်။ သူကဆက်ပြီး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲဖို့ အဓိက လိုအပ်ချက်ဟာ ယုံကြည်မှု ခိုင်မာဖို့ပဲဖြစ်ပါတယ်။ ၄င်းယုံကြည်မှုတွေ ခိုင်မာစွာတည်ဆောက်ရှင်သန်ဖို့အတွက် ပြည်ထောင်စုအင်္ဂါရပ်တွေ ရှင်သန်ဖွံ့ဖြိုးမှုရှိရမည်ဟုဖွင့်ဆိုထားသည်မှာ ကျိတ်၍ပင် ကျွန်မစိတ်ထဲ၌ လေးစားနေမိသည်။ သူ၏ယူဆထားသည် ပြည်ထောင်စု လူ့အဖွဲ့အစည်းတွက် အင်္ဂါရပ် (၅) မျိုးက -

(၁) တန်းတူညီမျှ အကျိုးတူခံစားခွင့်ရှိရေး
(၂) အပြန်အလှန်လေးစားမှုများ လုပ်ငန်းစဉ်များ တည်ရှိနေရေး
(၃) ဒေသဖွံ့ဖြိုးမှု ညီမျှစွာချိတ်ဆက်ဖွံ့ဖြိုးရေး
(၄) ဒေသတွင်းအစိုးရယန္တရားများ ပွင့်လင်းမြင်သာစွာ ဖြစ်ထွန်းရှင်သန်ရေး
(၅) လူမှုဖွံ့ဖြိုးမှု ယန္တရားများ၏ သက်ဝင်လှုပ်ရှားမှု စွမ်းအင်လူမှုအသိုက်အအုံထဲသို့ ခွဲခြားဆက်ဆံမှု ကင်းမဲ့စွာ လှုပ်ရှားရှင်သန်ခွင့်ရှိရေးတို့ပင် ဖြစ်သည်။

၄င်းတင်ပြချက်တွေအား ပြည်ထောင်စုရှင်သန်ဖို့ ခိုင်မြဲဖို့ သူ၏ယုံကြည်မှုတရားကို ကျွန်မတစ်ယောက်သည် အပြည့်အဝ ထောက်ခံနေမိပါသည်။

နောက်ဆက်တွဲ ပုဂံသား၏ တင်ပြပုံသည် သိမ်မွေ့လှသည်။ သူက လူအခွင့်အရေး၏ မိခင်သည် ဒီမိုကရေစီစနစ်ဟု ဖွင့်ဆိုပြကာ ဆက်စပ်ပြီး ဒီမိုကရေစီစနစ်၏ ဂုဏ်သိက္ခာကို ဖွင့်ပြခဲ့သည်မှာ ပြည်သူလူထု၏ဆန္ဒကို (၁) လေးစားခြင်း၊ (၂) နာယူခြင်း၊ (၃) ကျင့်သုံးပြုမူခြင်းဟု ဖွင့်ဆိုပြခဲ့သည်။

သူကဆက်၍ သူ၏ယူဆပုံကို ချပြခဲ့သည်မှာ ဒီမိုကရေစီစနစ်နှင့် ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုရှာကြီး၌ လိုအပ်ပြီး ဖြစ်ထွန်းသက်ဝင်နေရမည့် အလုပ်ပြဖြစ်စဉ်ကို အချက် (၆) ချက်ဖြင့် တင်ပြထားသည်မှာ -

(၁) လွတ်လပ်စွာ ဒေသကန့်သတ်ချက်မရှိ မိမိဘဝရပ်တည်ပိုင်ခွင့်ရှိခြင်း

(၂) ကိုးကွယ်မှုကိုင်ရာ ဘာသာယုံကြည်မှုကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိခြင်း

(၃) လူမျိုး၊ ဘာသာ၊ အသားအရောင်မခွဲခြားပဲ ပြည်ထောင်စုလူအဖွဲ့အစည်း၏ တာဝန်ကို ပြည်ထောင်စုသားတို့၏ ဆန္ဒဖြင့် ခန့်အပ်ပါက ထိုတာဝန်ဝတ္တရားအား ရယူထမ်းဆောင်ပိုင်ခွင့်ရှိခြင်း

(၄) ဓလေ့၊ ထုံးတမ်းစဉ်လာ ရိုးရာယဉ်ကျေးမှုတို့အား လွတ်လပ်စွာ ထိမ်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင့် အသုံးပြု ပိုင်ခွင့်ရှိခြင်း

(၅) မိမိကိုယ်ပိုင်ဆန္ဒပေါ်တွင် ဘာသာစကားဝေါဟာရတို့အား သင်ကြားပိုင်ခွင့်၊ ထိန်းသိမ်းပိုင်ခွင့်၊ ပြန့်ပွား ပိုင်ခွင့်တို့ရှိခြင်း

(၆) ပြည်ထောင်စုအတွင်း၌ နေထိုင်ရပ်တည်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့အညီ ပြည်ထောင်စု လူအဖွဲ့ အစည်းအား သစ္စာခံနေသ၍ နိုင်ငံသားအဖြစ် အကျုံးဝင်စေခြင်းတို့ ဖြစ်သည်။

ကျွန်မတစ်ယောက် ဂိုအခါ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးနေမိပါသည်။ သူ၏လူသားဆန်သည့် အယူအဆအဖြစ် ကျွန်မ ယုံကြည်လာမိပါသည်။ ကျွန်မတစ်ယောက် သူ၏ တွေးခေါ်ယူဆမှုပုံသဏ္ဍာန်ကို အံ့သြစွာသိလိုက်ရသည်မှာ ပြည်ထောင်စု လူ့အဖွဲ့အစည်း၏ တည်ရှိမှုကို ပြိုကွဲနိုင်သည့် လက်နက်နှစ်မျိုး ရှိနေပါတယ်။ (၁) လူမျိုးကြီးဝါဒစွဲ (၂) လူမျိုးစွဲဝါဒတို့ ဖြစ်သည်။ ၎င်းအကြောင်းတစ်ခုနဲ့ တစ်ခုသည် အမှီပြုပြီး အားကောင်းလာတတ်သည်ကို ထောက်ပြသတိပေးထားသည်မှာ ထိတ်လန့်စရာဖြစ်ခဲ့သည်။

ဒါကြောင့် ပုဂံသားသည် ဘယ်လိုလူစားလဲ။ သူ၏တွေးခေါ်ယူဆပုံတွေသည် ညီညွတ်မျှတနေသည်ဟု ခံစားနေမိပါသည်။ နှစ် (၅၀) ကျော်ကြာမြင့်သည့် ပြည်တွင်းစစ်ကို ထောက်ပြကာ မေးခွန်းနှစ်ရပ်ကိုလည်း ယှဉ်၍ မေးထားခဲ့ပါသည်။ ဒီမိုကရေစီ ထွန်းကားခဲ့ပါသလား၊ ပြည်ထောင်စုယန္တရားကြီးအဖြစ် ချီတက်နေပါသလား။ ၎င်းမေးခွန်းနှစ်ခုနဲ့အတူ သူ၏ အမြင်သဘောထားကိုပါ တင်ပြသွားပါတယ်။ သူက မတွေ့ရှိသေးပါလို့ ရိုးရိုးရှင်းရှင်း ထောက်ပြရင်း သူ၏ယူဆချက်ကို ထောက်ပြခဲ့သည်။

(၁) ပြည်ထောင်စုသားအချင်းချင်း ဖြစ်ပွားနေသည့် ပဋိပက္ခစစ်မီးလျှံသည် ယနေ့ထက်တိုင် တည်ရှိနေခြင်း၊
(၂) လူသားဆိုင်ရာ လူမှုလွတ်လပ်ခွင့်များသည် ယနေ့ထက်တိုင် မတည်ရှိနေခြင်း၊

(၃) လူနည်းစု တိုင်းရင်းသားတို့၏ အခွင့်အရေးသည် ပို၍မျှပင် မတွေ့ရှိခြင်း၊

(၄) ဒေသန္တရအစိုးရအား ဒေသန္တရကို အခြေခံ၍ မရွေးဖွားနိုင်ခြင်း၊ တိုက်ရိုက်ဖွင့်ဆိုရသော် ဒေသခံပြည်သူလူထုမှ တိုက်ရိုက်ရွေးချယ်ခံအပ်ပိုင်ခွင့် မရှိခြင်းတို့ဖြစ်သည်။

ပုဂံသားသည် ၄င်းထောက်ပြမှုများနဲ့အတူ ဒီမိုကရေစီအခွင့်အရေးများမရှိဘဲ ပြည်ထောင်စုယန္တရားကြီးကို တည်ဆောက်မည်ဆိုသည်မှာ မဖြစ်နိုင်သည်။ အခြေအနေတစ်ရပ်ထက် ကျော်လွန်ကာ ကြီးမားတဲ့ အဟာန့်အတားဖြစ်နေကြောင်းကို မီးမောင်းထိုးပြသည်မှာ ကျွန်မအဖို့ တုန်လှုပ်ခဲ့ရပါသည်။

ပုဂံသား၏ နောက်ဆုံးသဘောထားသည် ကျွန်မ၏အတွေးအခေါ် အမြင်သဘောထားပေါ်သို့ လွှမ်းမိုးသွားခဲ့သည်။ နိုင်ငံတော်တည်ဆောက်မှုမှာ ယန္တရားတွေသည် ကဏ္ဍအလိုက်ရှိကြသည်။ ထိုယန္တရားတွေထဲမှ ကာကွယ်ရေးယန္တရားတစ်ရပ်ကို အခိုင်အမာတည်ဆောက်ကြပါတယ်။ ၄င်းယန္တရား၏ သက်ဝင်ဖြစ်ထွန်းမှုအပေါ်မှာဘဲ နိုင်ငံရဲ့အနာဂတ် ရုပ်ပုံလွှာတစ်ခု ဖြစ်တည်လာပါတယ်။

ကာကွယ်ရေးလုပ်သားနှင့် ကာကွယ်ရေးယန္တရားစုသည် ပီပီပြင်ပြင်ဖြစ်ထွန်းဖို့ နေရာမှန်မှာ မွေးဖွားဖို့၊ ၄င်းလူ့အဖွဲ့အစည်းအတွက် အဓိကအခန်းကဏ္ဍမှာ ရှိနေပါတယ်။ နိုင်ငံတစ်နိုင်ငံ၏ ယန္တရားအစုတွေသည် တစ်စုနဲ့ တစ်စုကို ထိန်းညှိထားနိုင်သည်။ စနစ်သည် ဒီမိုကရေစီစနစ်ကြီးဖြစ်ပါ၍ ကျွန်တော်အနှစ်သက်ဆုံးစနစ်ဟု မှတ်ချက်ပြုခဲ့သည်မှာ စိတ်ဝင်စားခဲ့ပါသည်။ ပုဂံသားအားလေးစားမြတ်နိုးမိသည်မှာ ကျွန်မကိုကျွန်မ မမှားခြင်းဟု ယုံကြည်မိတော့သည်။

ပုဂံသားနှင့် ပတ်သက်ပြီး ဖေဖေနဲ့ကျွန်မ ဆွေးနွေးကြည့်ခဲ့ပါသည်။ ကျွန်မဖေဖေသည် ပုဂံသားကို လေးစားစိတ် ဖြစ်ခဲ့ပါသည်။ အဲဒါကို ဖေဖေမှားသလားသမီးဟုမေးခဲ့ပြီး ဖေဖေက ဆက်၍ ပုဂံသားကို ဖေဖေလေးစားရတာ သူ၏ လူသားဆန်တဲ့ နှလုံးသားက သူကို လေးစားဖို့ အဓိကပွဲကိုင်ရှင်ပဲသမီး။ သူမှာ ဉစ္စာနေနဲ့ သတ်မှတ်ခံဂုဏ်ပုဒ်တွေ မကြွယ်ဝပါဘူး။ သို့သော် အသိပညာဉာဏ်ဟာ ထူးခြားစွာ ကြွယ်ဝနေပါတယ်။ သူမှာ လူပုဂ္ဂိုလ်အပေါင်းအသင်းတွေ နည်းပါးပါတယ်။ ဒါပေမယ့် မိတ်ဆွေစစ်တွေဟာ သူ့အနားမှာရှိနေပါတယ်။ သူ့မှာပိုင်ဆိုင်တာ တစ်ခု ရှိနေပါတယ်။ အဲဒါက စိတ်ထားကောင်းခြင်းပဲ သမီး။ ပုဂံသားအပေါ် ဖေဖေရဲ့ ထင်မြင်ချက်ကို ကြားရသည့်အခါ ကျွန်မ၏မျက်ဝန်း၌ ပီတိလှိုင်းလေးများ ဖြာဝင်လျက် ကြိတ်၍ ပျော်ရွှင်မိပါသည်။ ပျော်ရွှင်မှုနဲ့အတူ သူ၏ရုပ်ပုံလွှာလေးက ကျွန်မ၏ နှလုံးသားရင်ပြင်ပေါ်သို့ စိုးမိုးလျက် သူနဲ့အတူ ကျွန်မတို့နိုင်ငံ၏ ရုပ်ပုံလွှာတွေကို သိချင်နေမိပါတော့သည်။

ပုဂံသားတစ်ယောက် ကျွန်မတို့အိမ်သို့ ရောက်မလာတာ အတော်ကြာ၍နေပါသည်။ မျှော်နေရသည်မှာလဲ လည်တဆန့်ဆန့်ဖြင့် မောရှိုက်လှပါသည်။ မကြားချင်သည့် သတင်းတချို့ကိုသာ ကြားနေရပါသည်။ NLD ပါတီတွင်း၌ (၂၀၁၅) ရွေးကောက်ပွဲက ဘယ်ဆီနေမှန်း မသိသေးပါ။ အမတ်ရူးကြသူနဲ့ ဝန်ကြီးရူးကြသူ အသံများက လွှမ်းမိုးကာ၊ ကြိတ်ပုန်းခုတ်ကာ အုပ်စုဖွဲ့ကြံစည်နေကြပါသည်။ တစ်ဖက်၌ (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေး (သို့) အသစ်ရေးဆွဲရေးသည် နိုင်ငံရေးစာမျက်နှာပေါ်သို့ တက်လာပါသည်။ လက်ရှိအစိုးရဘက်က လေသံပျော့ပျော့လေး

ဖြင့် လွှတ်တော်ထဲက ပြင်ရမှာဟု ပြောနေသည်။ ဒါပေမယ့် တပ်မတော်စစ်ဦးစီးချုပ်က တပ်မတော်နေ့ အခမ်းအနားမှာ (၂၀၀၈) အခြေခံဥပဒေကို ကာကွယ်ရမည်ဟု ပြောခဲ့ပါသည်။ ကျွန်မသိရသလောက်ကို ချပြရလျှင် ဘာဆိုဘာမှ မထူးခြားသေးဟု ယူဆပါသည်။ သေချာတာတစ်ခုသည် ကျွန်မတို့ဘဝ၌ မတွေ့ခဲ့ဖူးသည့် သံယံဇာတအရင်းအမြစ်တွေသည် နေ့မြင်ညပျောက် ပုံပြင်ပမာ ကြီးထွားနေခြင်းပင် ဖြစ်နေပါတော့သည်။

ထူးခြားတာက ဧရာဝတီမြစ်ဆုံစီမံကိန်းသည် ပြည်သူလူထု၏ ကန့်ကွက်သံအောက် ခေတ္တငြိမ်သက်သွားခဲ့ပါသည်။ လက်ရှိအစိုးရ သမ္မတကြီးက စေတနာဗလပွနဲ့ ၄င်းမြစ်ဆုံ စီမံကိန်းအား သူ၏သမ္မတသက်တမ်းကာလ၌ ဆိုင်းငံ့ဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ကျောင်းသား ကျောင်းသူတို့ရဲ့ ဒီမိုကရေစီပညာရေးစနစ် ချီတက်တောင်းဆိုပွဲသည် နေရာအနှံ့မှာ ပြုလုပ်ခဲ့ကြပြီး ခရီးရှည် ချီတက်ပွဲဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အစိုးရကိုယ်စားလှယ်နှင့် ကျောင်းသားကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြသည့် ရလဒ်သည် ဘာမှဖြစ်မလာဘဲ ငြင်းဆိုမရတဲ့ ရလဒ်ကတော့ လက်ပံတန်းအရောက်မှာ အာဏာပိုင်တို့ရဲ့ အကြမ်းဖက်ဖြိုခွဲမှုအောက် အဓမ္မ ဖြိုခွဲခံခဲ့ရပါသည်။ တောင်းဆိုမှုများသည် မကွယ်မပျောက်ဘဲ ရှင်သန်နေဆဲဖြစ်ပါသည်။ ကျွန်မသည် ပုဂံသား၏ စကားတစ်ခွန်းကို အမှတ်ရမိနေပါသည်။ လူမိုက်ကို လူမိုက်ကပဲ အုပ်ချုပ်၍ လွယ်ကူပါသည်။ လူလိမ္မာကို လူမိုက်က အုပ်ချုပ်၍ မရဆိုသည့် သူ၏အယူအဆသည် ကျွန်မ၏နှလုံးသား နန်းတော်ထံ လွှမ်းမိုးနေပါတော့သတည်း။

□ □ □

# သူ၏ မာန်

ကျွန်မသည် မိန်မသားတို့၏ သဘာဝဟုဆိုရမလား။ ပုဂံသားတစ်ယောက်၏ အိမ်သို့ရောက်အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်လင့်စောင့်စားနေမိသည်။ ပုဂံသားသည် လူကိုယ်တိုင်ရောက်မလာခဲ့သော်လည်း သူ၏သတင်းသည် ဖေဖေမှသော်လည်းကောင်း၊ ဖေဖေရဲ့လောကသစ်မှ မိတ်ဆွေများထံမှသော်လည်းကောင်း ကျွန်မကြားသိနေရပါသည်။

ပုဂံသားတစ်ယောက် ကျွန်မတို့နေအိမ်ဆီသို့ ခြေဦးမလှည့်နိုင်သော်လည်း အရပ်ဘက်ဒီမိုကရေစီအင်အားစုများနဲ့ အတူ (၂၀၀၈) အခြေခံဥပဒေ ပြင်ဆင်ရေး လက်မှတ်ထိုးတောင်းဆိုလှုပ်ရှားမှု၌ ပါဝင်လှုပ်ရှားနေကြောင်း ကြားနေရပါသည်။ လမ်းမပေါ်တွင် ချီတက်တောင်းဆိုပွဲသည် ဒီမိုကရက်တစ်အင်အားစုများက နေရာအနှံ့မှာ စုပေါင်းလှုပ်ရှားနေကြသည်။ ၄င်းလှုပ်ရှားမှုများ၌ ပုဂံသားတစ်ယောက် ပါဝင်လှုပ်ရှားနေသည်ကို တွေ့ရပါသည်၊ ကြားနေရပါသည်။

၄င်းဖြစ်စဉ်များမှ ထူးခြားစွာ ကြားလိုက်ရသည်မှာ ပြည်သူ့ပါတီ NLD ပါတီမှ အခြေခံဥပဒေပြင်ဆင်ရေး (သို့) အသစ်ရေးဆွဲရေးဆိုသည် အယူအဆနှစ်ခု ပွတ်တိုက်မှုနဲ့အတူ ဥပဒေဟောပြောပွဲများမှတဆင့် အသံနှင့်လက်ညှိုးထောင် ဆန္ဒခံယူပွဲတွေသည် နိုင်ငံရေးစာမျက်နှာပေါ်သို့ တက်လာခဲ့ပါသည်။ ကျွန်မသည် နိုင်ငံရေးဉာဏ်စဉ်မမှီ၍ ဒါတွေဟာ ဘာဖြစ်ကြတာလဲဟု စဉ်းစားရုံမှလွဲ၍ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိခဲ့ဟု ဝန်ခံမိပါသည်။

ကျွန်မတို့ နေ့စဉ်ဖတ်ရှုနေသည့် သတင်းစာ၊ ဂျာနယ်စာမျက်နှာများပေါ်တွင် (၂၀၀၈) အခြေခံဥပဒေနှင့် ပတ်သက်သည့် သတင်းများသည် ရေပန်းစားနေပါသည်။ ထူးခြားတာက ပြင်မလား၊ အသစ်ရေးမလား၏ ပွတ်တိုက်မှုက လူထု၏အာရုံ ပေါ်သို့ ရိုက်ခတ်လာပါသည်။ တစ်ချိန်က လွှတ်တော်ပြင်ပနိုင်ငံရေးနဲ့ လွှတ်တော်တွင်းနိုင်ငံရေးဆိုသည့် အယူအဆနှစ်ရပ်၏ ပွတ်တိုက်မှုအသံများ သဲသဲညံ့ခဲ့ပါသည်။ ထိုအခါ လွှတ်တော်တွင် နိုင်ငံရေးနည်းမှ အခြေခံဥပဒေပြင်ဆင်ရေး နည်းလမ်းသာ ဦးဆောင်သွားပါသည်။ ယခုအခါလည်း အသစ်ရေးရင်း စစ်တပ်က အာဏာသိမ်းမှာပေါ့ဆိုသည့် NLD ပါတီတွင်း၌ ထိုဘန်စကားများ လွှမ်းမိုးထိုးဖောက်နေပါသည်။ ထိုဝဲဂယက်ကြားမှပင် သေချာတာတစ်ခုကတော့ ထွက်ပေါ်လာပါသည်။ ပြင်ဆင်ရေးအသံတွေ ကျယ်လောင်ကာ၊ လက်ညှိုးထောင်ကာ မှုလိုပေါက်ခဲ့ပါသည်။ အသစ်ရေးဆွဲသံကတော့ ဓာမဏိငှက်တွန်သံနဲ့တူ ကျောက်ဆောင်နံရံမှာ သဇင်ပန်းများ ပွင့်ခဲ့ပါတယ်။ ထိုအစုထဲ၌ ပုဂ်ံသားသည် အသစ်ရေးဆွဲရေးဘက်၌ ခိုင်ခိုင်မာမာ ရပ်တည်နေပါသည်။ သူ၏ယူဆချက်ကို ဖေဖေထံမှတစ်ဆင့် သိရသည်မှာ (နိုင်ငံအတွက် ဘုံ

စေတနာမှန်ရင် အသစ်ရေးလည်း (၂) လ မကြာပါဘူး။ နိုင်ငံအတွက် ဘုံစေတနာမတူရင် ပြင်တယ်ပြောပြော၊ အသစ်ရေးတယ်ပဲဆိုဆို မလွယ်ကူတဲ့ ပြဿနာဟု) ပြောခဲ့သည်။ သူ၏အမြင်သဘောထားကို ကျွန်မကြားသိလိုက်ရသည့်အခါ ကျွန်မ၏မျက်လုံးများသည် ဝိုင်းပ၍သွားကာ အံ့သြခဲ့ရပါသည်။

ဒီကနေ့ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ (၂၀၀၈) အခြေခံဥပဒေကြီးကို ပြင်မလား။ သစ်မလားဆန္ဒခံယူပွဲနဲ့အတူ (၂၀၀၈) ဥပဒေဆိုင်ရာအားနည်းအားသာချက်များကို ဟောပြောမည်ဟောပွဲသို့ တတ်ရောက်လာသည့် လူထုပရိသတ်ကို တွေ့လိုက်ရသည်မှာ တစ်ခါမှမမြင်ဖူး၍အံ့သြနေမိသည်။ ဖေဖေနဲ့အတူ ထိုလူထုပရိသတ်ကြား၌ ကျွန်မလည်း ရောက်ရှိနေသည်။ တတ်ရောက်လာသည့် လူထုပရိသတ်ကြီးသည် ဗိုလ်စိန်မှန် အားကစားကွင်းကြီးတစ်ကွင်းလုံးထက်ကျော်လွန်ကာ ၄င်းကွင်းကြီးဘေးပတ်လည် ကတ္တရာလမ်းမပေါ်များ၌ ကြိတ်ကြိတ်တိုး၍ စည်ကားနေသည်။

၄င်းအခမ်းအနားကျင်းပရာသို့ တတ်ရောက်လာသည့် လူထုပရိသတ်များနဲ့အတူ NLD ပါတီမှ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်တချို့ပါ တက်ရောက်လာကြသည်။

စဉ်မြင့်ပေါ်မှ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအကြောင်းကို ရှေ့နေကြီးများဖြစ်သည့် ဦးကိုနီ၊ ဦးကျော်ဟိုးတို့မှအဓိကထား ရှင်းပြဆွေးနွေးခဲ့ကြသည်။ ထိုအခမ်းအနား၏နောက်ဆုံးဥပဒေ အကြောင်းအရာကို ရှင်းပြခဲ့သည့် ရှေ့နေကြီး

ဦးကိုနီ၏ ရှင်းပြချက်မှသာလျှင် ကျွန်မတစ်ယောက် ခပ်ရေးရေးလေး နားလည်ခဲ့ပါသည်။

ထိုအချိန်၌ ကျွန်မသည် ပုဂံသားအား ပြေး၍ သတိရသွားသည်။ ထိုသတိရစိတ်ကလေးနဲ့အတူ မကြာခဏဆိုသလို လိုက်ရှာနေမိသည်။ ဖေဖေသည် ကျွန်မအား ရှေ့ဆုံးတန်း၌ ထိုင်နေကြသည့်အထဲမှ NLD ပါတီ၏ နာယကသတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်အား လက်ညှိုးထိုးပြကာ ဖေဖေက ညွှန်ပြလိုက်သည်။ ဖေဖေညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည့်အခါ ဦးခေါင်းမှ ဆံပင်များသည် တစ်ခေါင်းလုံးနီးနီး ဖြူဖွေးနေပါသည်။ အပြာရောင်အင်္ကျီကို ဝတ်ဆင်ထားပါသည်။ မျက်မှန်ကိုင်းအနက်ကြီးကို တတ်ဆင်ထားသည်မှာ ကျက်သရေရှိလှ၍ ခိုင်မာရဲရင့်သူအဖြစ် အသက်ဝင်လှပါသည်။ အနားမှ ဖေဖေသည် ကျွန်မအား ဟံသာဝတီဦးဝင်းတင်အကြောင်းကို ပြောပြသည့်အခါ ကျွန်မ၏မျက်လုံးကလေးများ ဝိုင်းပခဲ့ရသည်။ ဘဘရဲ့ ထူးခြားချက်ဖြစ်သည့် "အပြာရောင်ဝတ်စုံသည် ထောင်တွင်းဝတ်စုံဖြစ်ကြောင်းနဲ့ ဘဘရဲ့ ပြောခဲ့သည့်အကြောင်းကို ဖေဖေကတဆင့် ပြောလာသည်မှာ ယခုထောင်ကျနေတာနဲ့ မခြားဘူးတဲ့။ နိုင်ငံတော်ကြီးသည် အာဏာရှင်ထောင်ထဲမှာ ကျရောက်နေသည်ဆိုသည့် အဓိပ္ပာယ်အရ ဘဘရဲ့ သရုပ်ပြတော်လှန်ရေးပေါ့ဟု" စကားကြားလိုက်ရသည်အခါ အံ့ဩခြင်းနဲ့အတူ ဘဘကြီးအား လေးစားကြည်ညိုနေတော့သည်။ ဖေဖေက ဆက်၍

"ပုဂံသားရဲ့ အကြည်ညိုရဆုံး ဘဘပေါ့။ ပါတီတွင်းကလည်း ပုဂံသားကို ..."

ဖေဖေသည် နောက်ထပ်ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ကျွန်မရိပ်စားမိလိုက်ပါသည်။ ပုဂံသားလည်း ဘဘလို လူစားမျိုးဟု သဘောထားကာ စည်းပြင်သို့ ပထုတ်နေကြသည်။

ထိုအချိန်၌ ပြင်မလား၊ သစ်မလားဆိုသည် ဆန္ဒခံယူပွဲကို စတင်လိုက်သည်။ ၄င်းစင်မြင့်ပေါ်မှ ပြင်ဆင်ရေးကို အသံဖြင့် ဆန္ဒခံယူမှုစတင်လိုက်သည်။ လူထုပရိတ်သတ်၏ အသံတွေသည် အားလုံးနီးနီး၏အသံလှိုင်းကြောင့် ဟိန်းထွက်သွားပါသည်။ သုံးကြိမ်တိုင်မြည်ဟီးတုန်ခါခဲ့ပါသည်။ စင်မြင့်ပေါ်မှဆက်၍ လက်ညှိုးထောင်ဆန္ဒခံယူပွဲကို ဆက်လက်ကျင်းပလိုက်ပါသည်။ မရေမတွက်နိုင်သော လက်ညှိုးဖြင့် လွှမ်းခြုံသွားပါသည်။ အသစ်ရေးဆွဲမဲ့ သူတို့ရဲ့အသံကို တောင်းခံလိုက်ပါသည်။ ရှေ့ဆုံးတန်းမှ ဘဘဦးဝင်းတင်အသံတစ်စုနဲ့အတူ ထိုင်ခုံများ၏ နောက်ဆုံးမတ်တပ်ရပ်နေသည့် အုပ်စုတစ်စုမှ အသံတစ်စုသာ ထွက်ပေါ်လာပါသည်။ ၄င်းအုပ်စုထဲမှ ထူးခြားစွာဟိန်းထွက်လာသည့် အသံရှင်သည် ကျွန်မနားဖြင့် ယဉ်ပါးနေသည့် အသံရှင်ပုဂံသားပင် ဖြစ်လိမ့်မည်။ လူကိုရှာကြည့်သော်လည်း မတွေ့သေးပေ။ သုံးကြိမ်သုံးခါ၌ ထိုအသံများသာ ဗိုလ်စိန်မှန်ကွင်းပေါ် အံတုဟိန်းထွက်လာပါသည်။ လက်ညှိုးထောင်ဆန္ဒခံယူပွဲကို တောင်းခံလိုက်သည်အခါ ရှေ့ဆုံးမှ ဘဘဦးဝင်းတင်နဲ့အတူ ငါးယောက်မျှသာရှိကြပြီး နောက်ဆုံးမှ ၄င်းအုပ်စုတစ်စုနဲ့ ဆယ်ဂဏန်းကျော်မျှသာ တွေ့ရသည်။ လူအုပ်ကြားထဲမှ လက်ညှိုးတစ်ချောင်းနှစ်ချောင်းအား တွေ့ရပါသည်။

ကျွန်မရှာနေသည် ပုဂံသားသည် ထိုအခါသိသာထင်ရှားစွာ ရင်ကိုကော့၍ မာန်အပြည့်ဖြင့် ယုံကြည်ချက် ခိုင်မာစွာ လက်ညှိုး

ကို ထောင်ပြနေပါသည်။ ကျွန်မအံ့ဩရပါသည်။ လေးစားမိပါသည်။

ပုဂံသားသည် မိမိ၏ယုံကြည်ချက်ကို ဘယ်သူဘယ်ဝါဆိုသည့် မျက်နှာကိုမထောက်ဘဲ ဘယ်အဖွဲ့အစည်း ဘယ်နေရာကိုမှ မကိုးကွယ်ဘဲ မိမိရဲ့ယုံကြည်ချက် သဘောထားကို မယိုင်မယဲ့ ယုံယုံကြည်ကြည် ထုတ်ပြသွားသည်။ သူ၏ ရုပ်ပုံလွှာကို မြင်တွေ့လိုက်ရသည်မှာ ကျွန်မ၏နှလုံးသား နန်းတော်တစ်ခုလုံး မမေ့နိုင်တဲ့ နာဂစ်ဆိုက်ကလုန်းတစ်ဂင်း ဝင်ခတ်သွားသလို ခါရမ်းတုန်ခါနေတော့သည်။

ကျွန်မကဲ့သို့ အသစ်ကိုမြတ်နိုးသူ လတ်ကြိတ်ထိုးပျော်နေကြတဲ့ အသံကိုကြားရသည်အခါ ပို၍အံ့ဩနှစ်သက်နေတော့သည်။

ပုဂံသားသည် ကျွန်မတို့သားအဖရှိရာသို့ သူ၏အပြုံးများကို ဝေဖြာလျက်ရောက်လာခဲ့ပါသည်။ အနားမှ သူ၏နိုင်ငံရေး မိတ်ဆွေတချို့နဲ့ မိတ်ဆက်ပေးပါသည်။ သူက ကျွန်မအား အပြုံးများနဲ့အတူ "အတွေ့အကြုံသစ်တွေ ရနေပြီပေါ့" ဟု ပြောကာ ပြုံးနေသည်။ ကျွန်မတို့ သားအဖလည်း ပုဂံသားတို့အုပ်စုအား နှုတ်ဆက်ကာ အပြန်ခရီးကို သားအဖနှစ်ဦး တက္ကစီငှား၍ ပြန်လာခဲ့တော့သည်။ ငှင်းညချမ်းအချိန်အခါ၌ ကျွန်မ၏အတွေးအာရုံပေါ်၌ ဘာဘကြီးဦးဝင်းတင်၏ ဟန်နဲ့မာန် ရှေ့နေကြီးဦးကိုနီ၏ အသံနဲ့ ဥပဒေရှင်းလင်းချက်များ ကျွန်မ၏အတွေးအာရုံပေါ် စိုးမိုးနေပါသည်။ ရဲရဲနီနေသည့် လူအုပ်ကြီးနဲ့အတူ ပုဂံသား၏မာန်တို့သည် အိပ်မပျော်ခင်တစ်ချိန်လုံး၌ လွှမ်းမိုးနေပါတော့သည်။

ရက်မကြာမီ နံနက်ခင်း၌ ဧည့်ခန်း၌ အသင့်တွေ့ရသည့် သတင်းဂျာနယ်တစ်စောင်ကို ဖတ်ရှုလိုက်သည့်အခါ ပြည်သူပါတီ

NLD ပါတီမှ ဦးဆောင်၍ အကောင်အထည်ဖော်မည် (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေး လက်မှတ်ထိုး လှုပ်ရှားမှု၊ လူထုဆန္ဒ ကောက်ခံပွဲကို နိုင်ငံအနှံ့ စတင်လှုပ်ရှားလိုက်သည့်သတင်းကို ဖတ်လိုက်ရသည်။ ကျွန်မ၏ အပြုံးလှလှလေးပေါ် မျှော်လင့်ချက် ခွန်အားဖြင့် ပြုံး၍ မျှော်နေမိပါသည်။

ထိုနေ့ရက်များ၏ တစ်နေ့မှာ ဖေဖေထံမှ သိလိုက်ရသည့် ကျွန်မတို့မြို့နယ်အတွင်း ရပ်ကွက်အလိုက် လူထုဆန္ဒ လက်မှတ် တောင်းယူမှု သတင်းပင်ဖြစ်ပါသည်။ ထိုသတင်းနဲ့အတူ ပါတီဝင် တချို့၏ အားစိုက်မှုနည်းသည့်သတင်းကို ကြားလိုက်ရသည်မှာ ဝမ်းနည်းအားငယ်မိပါသည်။

၄င်းလှုပ်ရှားမှုကာလ ဖေဖေအိမ်၌ မတွေ့ရပဲ အပြင်သို့သာ ထွက်နေသည်ကို သတိထားမိခဲ့သည်။ ပုဂံသား၏ သတင်းသည် ဖေဖေထံမှ သိလိုက်ရသည်။ ပါတီတာဝန်ခံမှု မရှိပင်မဲ့ ပါတီဝင် တစ်ယောက်ပီသစွာ ပုဂံသားသည် နေရာအနှံ့သို့လိုက်၍ ဆန္ဒပြု လက်မှတ်တောင်းခံမှုတွေကို တတ်တတ်ကြွကြွ လှုပ်ရှားပေးနေ သည့် အကြောင်းကို သိလိုက်ရသည့်အခါ အလုပ်ဖြစ်မြောက် ရေးသာ အစဉ်တစိုက်ဦးတည်နေတဲ့ ပုဂံသားပီသသူဟု ပြုံး၍ ပီတိဖြာနေရပါသည်။

NLD ပါတီမှ ဦးဆောင်ကောက်ခံသည် (၂၀၀၈) အခြေခံ ဥပဒေပြင်ဆင်ရေး လူထုလက်မှတ် (၀ါ) သန်းကျော် ရရှိခဲ့သည့် သတင်းသည် သတင်းစာ၊ ဂျာနယ်စာမျက်နှာများပေါ်သို့ တက် လာပါတော့သည်။ ၄င်းသတင်းစာများနဲ့အတူ ပါလာသည့်သတင်း သည် အစိုးရလွှတ်တော်ကြီးအား ၄င်း (ငါး) သန်းသော လက်မှတ် သည် ၄င်းအာဏာပိုင်ဆိုသူတို့၏ နှလုံးသားကို ကိုင်မလှုပ်နိုင်ခဲ့ခြင်း

ပင် ဖြစ်ခဲ့သည်။ အံ့သြစွာ ထွက်ပေါ်လာသည့်အသံက (၂၀၀၈) အခြေခံဥပဒေကို ကာကွယ်ရမည်အောက်၌သာ လူထုနှလုံးသားက ရှုံးနိမ့်လိုက်ရသည့် သတင်းစကားပင် လွှမ်းမိုးခံလိုက်ရတော့သည်။

ကျွန်မရိုးသားစွာ ဝန်ခံပါမည်။ ကျွန်မ၏စိတ်ထဲ၌ ဘဝင်မကျဘဲ ဟာတစ်တစ် စို့တို့တို့ကြီး ဖြစ်နေမိပါသည်။ ဘာကြောင့် ဖြစ်နေတာလဲဟု ကျွန်မရဲ့စိတ်ကို ကျွန်မရဲ့စိတ်ကပဲ ၄င်းမေးခွန်းကို ထပ်ကာထပ်ကာမေး၍ အဖြေထုတ်ကြည့်နေမိသည်။ မေးတာ မေးကြည့်နေပါသည်။ အဖြေသည်က ကျွန်မထံသို့ ထွက်မလာဘဲ ရင်ခွင်တစ်ခုလုံးသာ ပူစပ်ပူလောင်ကြီး ဖြစ်နေပါတော့သည်။

ဖေဖေသည် အခုအခါ တတ်ကြွနိုးကြားတဲ့သဏ္ဌာန်ပျောက်ကာ အားမဲ့နေသည့် ဟန်အမူအရာက မြင့်တတ်နေပါသည်။ ဖေဖေနဲ့ ကျွန်မ အလွန်အမင်း မျှော်လင့်ထားသည့် (ငါး) သန်းသော လက်မှတ်သည် အမှောင်ထုကို မဖြိုခွဲနိုင်ဘဲ ငြိမ်သက်သွားရခြင်းကို နားမလည်နိုင်စွာ ရင်မောနေမိပါသည်။

ကျွန်မ၏ ပူစပ်ပူလောင်ဖြစ်နေသည့် စိတ်တွေကို ထွေးပိုက်ရင်း ပုဂံသားအား အိမ်သို့အလည်လာရန် မျှော်လင့်နေမိပါသည်။ ကျွန်မ၏အနားသို့ နေရောင်ခြည်တွေက အလင်းပြုဖို့တာဝန်တွေ ဖြေလျှော့မည့် ညနေခင်းအချိန် ကျွန်မ၏ မျှော်ရကျိုးများ ပြည့်ခဲ့ပါသည်။ စီးတော်မြင်း စက်ဘီးစုတ်လေးကိုစီးကာ ပုဂံသား တစ်ယောက် ရောက်လာပါတော့သည်။ ကျွန်မတွေ့လိုက်ရသည့် ပုဂံသားသည် ထုံးစံအတိုင်း မပြောင်းမလဲ သူ၏အပြုံးတွေသည် ပြုံး၍နေသည်။ စတိုင်ကလည်း ထိုနည်းအတိုင်းပင် တွေ့ရသည်။ လွယ်အိတ်ကလည်းနွမ်းပျပျ စုတ်တီးစုတ်ချာ ဝတ်စားဆင်ယင်မှုက

မီးပူနဲ့ရန်ဖြစ်ထားသည်။ ဘီးနဲ့ ဆံပင်ကလည်း မိတ်ဆွေဖြစ်ပုံမရ။ တယ်လည်းထူးဆန်းတဲ့ အာဂလူပဲဟု စိတ်ထဲ၌ ရေးရွတ်မိလိုက်သည်။

ဖေဖေသည် ညှော့ခန်း၌ထိုင်ရင်းအားယူ၍ ပြုံးပြနှုတ်ဆက်ကာ

"အတော်ပဲ ပုဂံသားရေ ညစာထမင်းသုံးဆောင်ပြီးမှသာ ပြန်ပေါ့"

ဟု နှုတ်ဆက်စကား ဆိုလိုက်သည်။ ပုဂံသားသည် ဟန်ဆောင်မှုကင်းမဲ့တဲ့ အပြုံးတစ်ချက်ကိုပြုံး၍ လက်အုပ်ချီကာ နှုတ်ဆက်ရင်း ဖေဖေရဲ့ ရှေ့ခုံ၌ ဝင်ထိုင်လိုက်သည်။ ဖေဖေသည် ဆိုင်းမဆင့်ဗုံးမဆင့်ဆိုသလို

"ပုဂံသားရေ တို့လူထုလက်မှတ် (ငါး)သန်းကျော်က သတ္တိတန်ခိုးတွေ ထူးလာပါ့မလား"

ဟု အားပျော့ပျော့လေးသံဖြင့် တုံးတိတိ မေးချလိုက်သည်။ ကျွန်မလည်း သူရဲ့သဘောထားကို သိချင်နေတာဖြစ်၍ ဖေဖေမေးလိုက်သည့်အခါ အတော်လေး အံဝင်ဂွင်ကျဖြစ်သွားသည်။ ဖေဖေ၏အမေးကို တန်းမဖြေဘဲ ပုဂံသားသည် ပြုံးပြီးမှ

"အရှုံးတော့မရှိနိုင်ပါဘူး ပါမောက္ခကြီး ခင်ဗျာ၊ လူထုကမကြိုက်ကြောင်း အာဏာရှင်တွေ ဒုတိယအကြိမ် သိသွားရပြီးပေါ့"

ပုဂံသားရဲ့ အဖြေစကားကြောင့် မျက်ခုံးလေးတွန့်သွားကာ

"ဒါဆိုရင်လက်ရှိမှာ မျှော်လင့်ချက်မဲ့သွားနိုင်တာပေါ့"

ဖေဖေရဲ့ မှတ်ချက်ပြုစကားကို နားထောင်ရင်း ပုဂံသားသည် ပြုံးစိစိဖြစ်သွားပါသည်။ သူက ဆက်၍ သူ့သဘောထားကို ဆက်ပြောလာသည်။

"ပြည်သူလူထု မျှော်လင့်ထားသည့် ဥပဒေပြင်ဆင်ရေး ရလဒ်သည် မသေချာမရေရာပါဘူးခင်ဗျာ။ ပါမောက္ခကြီးလည်း ကြားသိထားလောက်မယ် ထင်ပါတယ်ခင်ဗျာ။ NLD ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေနည်းနေသဖြင့် ပြင်ဖို့ခက်နေတာ ဆိုသည့် အကြောင်းပြချက်နဲ့အတူ NLD ပါတီအစိုးရလက်ထက် မရောက်သေးလို့ကြောင့်ဟု အကြောင်းပြချက်များ ထွက်ပေါ်နေ ပါတယ်။"

ပုဂံသား၏ စကားကိုကြားဖြတ်ကာ ကျွန်မိသိချင်နေသည်။ ကျွန်မ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

"ဒါဆိုရင် (၂၀၁၅) မှာ ပြည်သူ့ပါတီ NLD က မဲအပြတ် အသတ်နိုင်ပြီး အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရင် အခြေခံဥပဒေကြီးကို ပြင်လို့ ရပြီပေါ့"

ကျွန်မ၏ယူဆချက်ကို ပုဂံသားသည် ပြုံးလိုက်ကာ ဟုတ်ကဲ့

"ဆရာမလေးခင်ဗျာ။ အများစုက ဒီလိုပဲပြောနေ ကြပါ တယ်။ NLD ပါတီတွင်းမှာလည်း (၂၀၁၅) အလွန်ကို သိပ်ကို အားစိုက်နေကြပါတယ်။"

ပုဂံသားက စကားစကိုဖြတ်၍ ကျွန်မအား စေ့စေ့ကြည့်ကာ သူ၏လေသံပျော့ပျော့လေးဖြင့်

"ဒီလိုပဲကြားနေရပါတယ်။ မြင်လည်း မြင်နေရပါတယ်။ သိလည်း သိခဲ့ရပါတယ်ခင်ဗျာ။ ဒါပေမယ့် စောင့်၍ကြည့်ဖို့ အချိန်တစ်ခုလိုနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အချိန်ဟာ ကုစားနိုင်ဆုံး ဆေးတစ်ခွက်ဖြစ်နေလို့ပါပဲခင်ဗျာ။ ကျွန်မမျက်ခုံး လေးများတွန့်ကာ မျက်လုံးကလေးများ ဝိုင်းပသွားခဲ့သည်။ ဒါထက်

အံ့သြမိခဲ့သည်မှာ ပုဂံသား၏ဖြေကြားသံသည် ခွန်အားမဲ့သလို ဖြစ်နေတာကို တွေ့ခဲ့ရ၍ ဖြစ်ပါသည်။

ဖေဖေသည် ပြုံးလိုက်ရာမှ "ဒါဆိုရင် ပုဂံသားရေ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် မလွယ်ကူ ဘူးပေါ့"

ပုဂံသားသည် ရယ်ဖြဲဖြဲဖြစ်၍သူက

"ပါမောက္ခကြီးခင်ဗျာ မလွယ်ကူကြောင်းကို တတ်အပ်မစွပ် စွဲချင်ပါဘူး ခင်ဗျာ။ သို့သော် ခက်ခက်ခဲခဲ ရင်ဆိုင်ကျော်လွှားရမဲ့ ဖြစ်စဉ်တစ်ခုဆိုတာကို လက်ခံထားပါတယ်။ ဒီကနေ့နိုင်ငံရေး ကစားကွင်းပေါ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးစည်ကြိုးဖြင့် ချည်ထားပါတယ်ခင်ဗျာ။ ကန့်သတ်ချက်များစွာနဲ့ လျောက်လှမ်း နေပါတယ်။ ဒီအတွက်ကြောင့် ပါမောက္ခကြီးခင်ဗျာ နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားတို့အပေါ် ချစ်ခင်မြတ်နိုးမှု စိတ်ဓာတ်တွေ ဘုံရပ် တည်ချက်တူညီလာရင် ကျွန်တော်တို့ နိုင်ငံရဲ့အသွင်းကူးပြောင်းရေး ပြဿနာသည် ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းသွားမှာ ပေါ့"

ကျွန်မဖေဖေသည် ပြုံးရိပ်ကလေးများသန်း၍ လင်းလက်လာ ကာ

"အန်ကယ်သဘော ပေါက်သွားပြီး ပုဂံသားရေ အန်ကယ် တို့တစ်တွေ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ညီညွတ်ခြင်းတွေကို ပြင်ဆင်တည်ဆောက်ထား ရမှာပေါ့နော်"

ဟု ပြောလိုက်သည်အခါ ပုဂံသားသည် နှစ်ခြိုက်စွာ ရယ် မောပြီး သူ၏အပြုံးက ပြုံးရုံပြုံး၍ ဖေဖေ၏ အယူအဆတွေကို ထောက်ခံပြလိုက်သည်။ သူကဆက်၍

"ပါမောက္ခကြီးလို စိတ်ဓာတ်မျိုးထားရှိနိုင်တဲ့ လူတွေအများကြီးလိုနေပါတယ်ခင်ဗျာ။ ဒါပေမယ့် ယနေ့တွေ့ရှိနေရတာတွေ ကြားနေရတာတွေ၊ သိလိုက်ရတာတွေဟာ ကိုယ်ကျိုးစီးပွားကာကွယ်ဖွံ့ဖြိုးရေးလှိုင်းတွေသည် ရှေ့ဆုံးတန်းသို့ ရောက်နေကြပါတယ်။ ပြည်သူ့ပါတီအတွင်းမှာလည်း တွေ့ရတာတွေ ကြားရတာတွေ သိရတာတွေဟာ နိုင်ငံအတွက် လူထုအတွက် မိမိပါတီအတွက် လုံ့လစိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်မှု အသံတွေသည် နည်းပါးနေပါတယ်။ အုပ်စုဖွဲ့ပြီး မိမိကိုယ်ကျိုးကြည့်ရှုမှုတွေဟာ ကြီးစိုးနေပါတယ်။ ပါတီ၏ ဂုဏ်သတင်းကို အသုံးချမဲ့ ပါတီဝင်အများစုက လွှမ်းမိုးနေပါတယ်။ ကျွန်တော်တို့ ပြည်သူပါတီ၏ အားနည်းချက်များစွာထဲမှ အချက်နှစ်ချက် ကို ထောက်ပြပါမယ်။ ပါတီ၏မူဝါဒအတိုင်း လုပ်ကိုင်လျှောက်လှမ်းမှု ပျက်ပြားလာခြင်းနှင့် ပြည်သူပါတီအတွင်း၌ မဟာဗျူဟာ သုတေသန မဖွံ့ဖြိုးခြင်း မရှင်သန်ခြင်းတို့ ဖြစ်ပါတယ်။ ပြည်သူပါတီ၏လူထုအပေါ် ထားရှိတဲ့ ကတိစကားလည်း ဖြစ်ပါတယ်။ သို့သော် ယခုအခါ ထိုပန်းတိုင်ကို ထိုလျှောက်လှမ်းမှုနဲ့ ရောက်ရှိဖို့ မလွယ်ကူတာကို တွေ့ရပါတယ်။ တတိယအချက်ကတော့ ပါတီ၏ မူဝါဒသဘောတရားတွေနဲ့ ပါတီ၏ဂုဏ်သတင်းက ရှင်သန်ဖွံ့ဖြိုးမှု မသက်ရောက်ဘဲ ပုဂ္ဂိုလ်ရေးကျော်ဇောမှုကို အမှီပြု အားထားကိုးကွယ်မှုအပေါ် ပုံချနေခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူ့ပါတီ၏ ယနေ့ကြုံတွေ့နေရတဲ့ အဓိကပြဿနာသည် အခြားမဟုတ်ပါဘူးခင်ဗျာ။ အဓမ္မအင်အားစုထဲက ဆဲလ်တွေသည် ဓမ္မစုထဲကို ဟန်ရေးပြဝင်ရောက်လာခြင်းနဲ့အတူ ၎င်းတို့ရဲ့ စိတ်ဓာတ်အညစ်အကြေး

တွေကို ပြည်သူပါတီအတွင်းမှာ အသုံးပြု ဆောင်ရွက်နေခြင်းသည် ပြည်သူ့ပါတီအတွက် အစိုးရိမ်ရဆုံး စိန်ခေါ်မှုကြီးဖြစ်နေပါတယ်။ ပါမောက္ခကြီးခင်ဗျာ ကျွန်တော်ရဲ့ သဘောထား ယူဆချက်ကို ထပ်ပြောပါရစေ။ ပြည်သူပါတီ၏ အဓိကအားနည်းချက်ကို ထောက်ပြရလျှင် အချိန်အခါမကျပဲ ပါတီညီလာခံပြုလုပ်ခြင်း ပါတီဝင်ဖြစ်တည်ပေးမှု လွယ်ကူခြင်း၊ ပါတီစည်းကမ်းထိမ်းသိမ်း ရေးမှုဝါဒများ အသက်မဝင်ခြင်းတို့ကို တွေ့ရပါတယ်။ ပြည်သူ့ ပါတီ၏ လိုအပ်ချက်က ပါတီအတွင်းမှာ ပါတီဝင်ခြင်း ပူပေါင်း ဆောင်ရွက်မှုသည် ရုပ်ပြသဏ္ဍာန်မျှသာ ဖြစ်တည်နေခြင်းနှင့် အပြန်အလှန် ဆက်ဆံမှုလေးစား အားနည်းနေတာကို တွေ့ရပါ တယ်။ ပြည်သူ့ပါတီကို စနစ်တကျ ပြန်လှည်သုံးသပ်ကြည့်လျှင် တွေ့ရှိနိုင်တဲ့ စိုးရိမ်ဖွယ်ရာ ပြဿနာသည် ပြည်သူလူထုနှင့် ပြည်သူ့ပါတီသည် အပြန်အလှန်ယုံကြည်မှု အားနည်းလာသည်နှင့် အမျှ ထိတွေ့ဆက်ဆံမှု ပျက်ပြားလာပါတယ်။ တစ်ဖက်မှာ ပြည်သူ့ ပါတီ၏ လူထုခေါင်းဆောင်အပေါ်ကို လူထုက ယုံကြည်မှုမြင့်မား တည်ဆောက်လာကာ ခေါင်းဆောင်တစ်ဦးအပေါ်၌သာ ပြည်သူ လူထု၏ ယုံကြည်မှုသည် တည်ရှိနေပါတယ်။ ၎င်းဖြစ်တည်နေမှု ၏ ရလဒ်သည် ပြည်သူ့ပါတီ၏ အနာဂတ်ကာလ၌ ခိုင်မာစွာ ရှင်သန်ဖွံ့ဖြိုးအတွက် ကြီးမားတဲ့ ပြဿနာရပ်တစ်ခုအဖြစ် ယူဆ မိပါတယ်။ ဒါတွေဟာ ကျွန်တော်ရဲ့ ယူဆချက်တွေပဲ ဖြစ်ပါတယ် ခင်ဗျာ။ ပါမောက္ခကြီးခင်ဗျာ ယခုပြည်သူပါတီ၏ နိုင်ငံရေး လမ်းစဉ်သည် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဖြစ်ပါတယ်။ (၂၀၀၈) နိုင်ငံရေး ကစားကွင်းကြီးပေါ်မှာ အမျိုးသားပြန်လည်

သင့်မြတ်ရေးကို NLD ပါတီက ဦးတည်လှုပ်ရှားနေပါတယ်။ ပါမောက္ခကြီး ခင်ဗျာ ယနေ့ (၂၀၀၈) အခြေခံဥပဒေကွင်းကြီး ပေါ်မှာ ယန္တရားနှစ်ခုသည် ပကတိဖွံ့ဖြိုး တည်ရှိနေပါတယ်။ ဒီမိုကရက်တစ်ယန္တရားဘက်မှာ ညီညွတ်မှုနဲ့ စွမ်းရည်ဖွံ့ဖြိုးဖို့ အဓိကလိုအပ်နေပါတယ်။ ယန္တရားတစ်ဖက်မှာ ငွေနဲ့ စွမ်းရည်တွေ ခိုင်မာနေပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းစဉ် အောက်မှာ ဒီမိုကရက်တစ် အင်အားစုတွေရဲ့ နိုင်ငံရေးစွမ်းရည် ဖွံ့ဖြိုးမှုနဲ့ နိုင်ငံရေး ဆင်ခြင်တုံတရား အားကောင်းမှသာလျှင် မူလရည်မှန်းချက် ပန်းတိုင်ဆီသို့ ထိုးဖောက်ရောက်ရှိနိုင်ပါမယ်။ ဒါပေမယ့် ပါမောက္ခကြီးခင်ဗျာ ယနေ့မြင်နေရတာတွေ ကြားနေရ တာတွေ သိလိုက်ရသည်မှာ ဒီမိုကရက်တစ်အင်အားစုတွေ မညီ ညွတ်ကြပါဘူးခင်ဗျာ။ မိမိဘဝ နိုင်ငံရေးစင်မြင့်တွေကို ထိုးနေ ကြပါတယ်။ ဥက္ကဋ္ဌဖြစ်ရေးနဲ့ ထင်ပေါ်ကျော်ကြားရေးမှိုင်းတွေ ငါနိုင်ငံရေးလွှမ်းမိုးမှု ခံယူနေကြပါတယ်။ ဒီမိုကရေစီနှင့် ဖက်ထရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ဖြစ်ထွန်းရေးကို ဟန့်တားနှောင့်ယှက်တဲ့ လုပ်ရပ်နဲ့ ပိတ်ပင်ထိန်းချုပ်ထားမည့် ဘုံ ရန်သူကို မေ့ပျောက်နေကြပါတယ်။ ဒီမိုကရက်တစ်အချင်းချင်း နေရာလုတိုက်ပွဲနဲ့ ကျော်ကြားရေးစင်မြင့်ကို လုယက်နေကြပါ တယ်။ ၎င်းဖြစ်စဉ်ဖြစ်ရပ်တွေဟာ ဖက်ထရာယ် ဒီမိုကရက်တစ် ပြည်ထောင်စု ဖြစ်ထွန်းရေးအတွက် အားဆေးမဖြစ်ပါဘူး။ ဘေးထွက်ဆိုးကျိုးများပဲ ဖြစ်စေပါတယ်။ ယခုလို နိုင်ငံရေး ကာလမှာ ဒီမိုကရက်တစ်အင်အားစုတွေရဲ့ နောက်ထပ်ကြောက် စရာကောင်းသည့် ဘေးထွက်ဆိုးကျိုးက ငါပါမှ ဟုတ်တယ်၊

ဖြစ်ရတယ်ဆိုသည့် စိတ်ဓာတ်၊ ငါရှိမှ ဖြစ်မယ်ဆိုသည့် စိတ်ဓာတ်၊ သူထက်ငါဆိုတဲ့ စိတ်ဓာတ်ယဉ်ကျေးမှုတွေပဲ ဖြစ်ပါတယ်။

ပါမောက္ခကြီးခင်ဗျာ နိုင်ငံတော်အတွက် လိုအပ်နေသည့် စနစ်ကောင်းတစ်ခုကို မွေးဖွားနေတဲ့အချိန်မှာ ငါရှိမှ ငါလုပ်မှ ဖြစ်လိမ့်မည်၊ ရလိမ့်မည်ဆိုသည့် အတွေးအခေါ်နေရာမှာ ဘယ်သူပဲဖြစ်ပါစေ ဝိုင်းရုံတဲ့စိတ် ငါအစား သူကိုပဲ ပေးလိုက်မည်ဆိုတဲ့ စိတ်ဓာတ်တွေ ဖွံ့ဖြိုးစေချင်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရက်တစ်တွေဟာ ဆင့်ကဲမွေးဖွားပေးခြင်း စိတ်ဓာတ်ကောင်းကို ကျင့်သုံးဖို့လိုနေသည်ဟု ယူဆပါတယ်။ အပေါက်ကလေးပွင့်လာတဲ့ အပေါက်ဝကျဉ်းကျဉ်းလေးကို အစုလိုက် အပြုံလိုက် သူ့ထက်ငါ တိုးဝှေ့နေကြတဲ့ ဒီမိုကရက်တစ်အင်အားစုတွေကို တွေ့လိုက်ရသည့်အခါ ဒီမိုကရေစီ အရေးတော်ပုံ ကာလတစ်လျှောက်မှာ ကျဆုံးသွားခဲ့ကြတဲ့ ရဟန်းရှင်လူ ကျောင်းသားကျောင်းသူတွေကို သူတို့ရဲ့ကိုယ်စား ပြုံမှုနေကြတာကို ရှက်မိပါတယ်ခင်ဗျာ။ စနစ်တစ်ခု၏နေရာမှာ တခြားစနစ်တစ်ခုက အစားထိုးချိန်းယူနေတဲ့ ကာလမှာ နောက်လိုက်ကောင်း စိတ်ဓာတ်တွေဖွံ့ဖြိုးဖို့ အဓိက လိုအပ်နေပါတယ်။ ဒီမိုကရက်တစ် အင်အားစုတွေဘက်မှာ နောက်လိုက်ကောင်းစိတ်ဓာတ်တွေ မဖွံ့ဖြိုး လူရာမဝင်သ၍ ပါမောက္ခကြီးခင်ဗျာ သေချာပါတယ်၊ စစ်ဗျူရိုကရက်ယန္တရားကြီးက တပြုံးပြုံးနဲ့ ဝါးမျိုနေဦးမှာပေါ့"

ကျွန်မဖေဖေသည် မျက်ခုံးလေးများတွန့်ကာ မျက်လုံးကလေးများ ဝိုင်းပနေပါသည်။ ဖေဖေ၏ အံ့ဩနှစ်သက်ခြင်းကို တွေ့လိုက်ရသည့် ကျွန်မတစ်ယောက် နားထောင်ရင်း အံ့ဩနေရာမှ အံ့ဩခြင်း ဝမ်းမြောက်မှုအထပ်ထပ် ဖြစ်နေမိပါသည်။ ကျွန်မ၏

စိတ်တွေသည် နိုင်ငံရေးကို စိတ်ဝင်စားနေမိပါသည်။ ပုဂံသားကို ကြိတ်၍ ရင်ခုန်နေသည်ဟု ဝန်ခံမိပါသည်။ သူကိုကြည့်ရသည်မှာ ကျွန်မအပေါ်အား စိတ်ညွတ်ဟန်မပြပေ။ တည်ငြိမ်လွန်လှပါသည်။ ကျွန်မတွေးတောနေချိန်မှာ ရေးနွေးခွက်တစ်ခွက်ကို သောက်ပြီးကာ ပြောလက်စစကားကို ဆက်လိုက်ပါသည်။

"ပြည်သူလူထုသည် (၂၀၀၈) အခြေခံဥပဒေကြီးကို အကြိမ်တိုင်းလိုလို ကန့်ကွက်ခဲ့ကြပါတယ်။ ပြင်ဆင်ရမယ်လို့လည်း တဖွဖွပြောနေကြပါတယ်။ သေချာတာတစ်ခုလည်း ရှိနေပါသည်။ (၂၀၀၈) အခြေခံဥပဒေကြီးသည် အသက်ဝင် ရှင်သန်နေပါတယ်။ (၂၀၀၈) ကွင်းကြီးရဲ့လွှတ်တော် နံ့ပေါ်ရောက်လိုက်တာနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း (၂၀၀၈) အခြေခံဥပဒေစာအုပ်ကြီးကို လေစားလိုက်နာပါမည်ဆိုသည့် ကတိကျမ်းကျိန်စာကို ဆိုလိုက်ရပါတယ်။ လူထုက လက်သန်းကို မင်တို့ပြီး အမတ်ကြီးဖြစ်အောင် လုပ်ပေးလိုက်ပါတယ်။ ဒါပေမယ့် အမတ်ကြီးတစ်ဦးဖြစ်သွားပြီဆိုတာနဲ့ သူဟာ (၂၀၀၈) အခြေခံဥပဒေ စာအုပ်ကြီးကို ကာကွယ်ရမဲ့ လုပ်သားတစ်ဦးအဖြစ်ကို ရောက်ရှိသွားပါတယ်"

ပုဂံသားသည် စကားစကို ဆက်မပြောဘဲ ရပ်ထားလိုက်ပါသည်။ တအောင့်ကြာမှ ပြုံးလိုက်ကာ

"ပါမောက္ခကြီးခင်ဗျာ ခါးတောင်းကျိုက်တာက တခြား၊ ဖင်ကတခြား ဖြစ်သွားရတဲ့ မြန်မာယောကျ်ားတို့ရဲ့ ဟာသဇာတ်လမ်းတစ်ပုဒ်ဟုပြော၍ အားရပါးရ ရယ်မောကာ ရယ်လွှမ်းလိုက်သည်။ အရယ်ကို တိကနဲရပ်ကာပြုံး၍ ပြန်ရန် ဖေဖေအား လက်အုပ်ကလေးကိုချီကာ နှုတ်ဆက်၍ ထလိုက်ပါတော့သည်။

ဖေဖေနဲ့ ကျွန်မသည် တပြိုက်နက်ထဲ မတ်တတ်ရပ်ကာ ထမင်းစားပြီးမှပြန်ရန် တားလိုက်ရသည်။ ဖေဖေ ်သည် ပုဂံသား၏ လက်ကိုဆွဲ၍ ထမင်းစားခန်းဆီသို့ ဝင်သွားသည်။ ကျွန်မသည် အနောက်မှထပ်ကြပ်မခွာလိုက်၍ ထမင်းပွဲကို လျင်မြန်စွာ ပြင်ဆင်လိုက်သည်။

အမှောင်ထုက ကြီးစိုးနေပါသည်။ ထမင်းသုံးဆောင်ပြီးပြီးချင်း ပုဂံသားတစ်ယောက် ပြန်တော့သည်။ ကျွန်မသည် အနားကပ်၍ ပုဂံသားအား ဂရုတစိုက်ပြန်ရန် သတိပေးလိုက်သည်။ သူကပြုံး၍ ကျွန်မအား ကျေးဇူးစကားကို ဆိုသွားသည်။ ကျွန်မအတွက်တော့ ချစ်ခွင့်ပန်သည်ဟုပင် ထင်မြင်နေမိတော့သည်။

ပုဂံသားတစ်ယောက် သူ၏ စီးတော်မြင်းစက်ဘီးစုတ်ကလေးကို စီးကာပြန်သွားပြီးနောက် ဖေဖေက ကျွန်မအား ပြုံး၍

"သမီးရေ တကယ့်ကို အာဂလူပဲ"

ဟု ချီးမွမ်းလိုက်သည်။

ကျွန်မက ပီတိအပြုံးလေးဖြင့်

"ဟုတ်နိုင်တယ် ဖေဖေ ဒီပုံစံတိုင်းသွားရင် ရှေ့ရောက်ဖို့ လွယ်မယ်မထင်ဘူး။ အတွေးအခေါ်နဲ့ အယူအဆတွေပြင်မှ ဖြစ်မှာပေါ့"

ဟု ကောက်ချက်ချလိုက်သည်။ ထိုအခါ သမီးဖြစ်သူ ကျွန်မအား ဖေဖေသည် စေ့စေ့ကြည့်ကာ

"ဖေဖေသမီးတောင် နိုင်ငံရေးသမား ဖြစ်တော့မယ်ထင်တယ်"

ဟု မှတ်ချက်စကားကိုဆို၍ ဆက်ကာ

"သမီးရေ နိုင်ငံတစ်နိုင်ငံကို တည်ငြိမ်ခြင်းနဲ့အတူ ဖွံ့ဖြိုး တိုးတက်အောင် ယှဉ်တွဲနိုင်သည့် ကြိုးတစ်ချောင်းက အခြား မဟုတ်ဘူး၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ နှလုံးသားမှာ စွဲစွဲမြဲမြဲ ကိန်းဝပ်ဖို့လိုနေတဲ့ ပေးဆပ်ခြင်းသဘောတရား (တနည်း) ရယူလို စိတ်ထက် ပေးဆပ်ခြင်းစိတ်ဓာတ်တွေ အားကောင်းဖို့ပဲ ဖြစ်ပါ တယ်။ ဒါမှ နိုင်ငံက တည်ငြိမ်းအေးချမ်းပြီး တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီး ဖြစ်မှာပေါ့။ ဒါကြောင့် ဖေဖေတို့ တိုင်းပြည်မှာ ပုဂံသားလို နောက်လိုက်ကောင်းတွေ အများကြီးလိုအပ်နေတယ် သမီး။ အာဂလူတွေ ပေါများတဲ့ လူအဖွဲ့အစည်းက နတ်ပြည် အလား လှပနှစ်လိုဖွယ် ဖြစ်နေမှာပေါ့သမီးရယ်"

ဟု လေသံခပ်ပျော့ပျော့လေးဖြင့် စကားစကိုသတ်၍ ဖေဖေ သည် သူ၏စာကြည့်ခန်းရှိရာသို့ ထသွားပါတော့သည်။

ကျွန်မသည် ပုဂံသား၏အကြောင်းတွေကို စဉ်စားပီတိလှိုင်း ကလေးများဖြာကျကာ ပုဂံသားရဲ့ဟန်တွေ၊ ပုဂံသားရဲ့ မာန်တွေ၊ ပုဂံသားရဲ့ ရုပ်ပုံလွှာကားချပ်လေးတွေဟာ ကျွန်မ၏နှလုံးသား ကမ်းရေပြင်ပေါ်မှာ တဝဲဝဲလည်ဖြစ်ကာ လှုပ်ခါဆော့ကစားနေ တော့သတည်း။

□ □ □

## သူ့ဘဝတစ်နေရာ

(၂၀၁၅) အထွေထွေ ရွေးကောက်ပွဲကြီးသည် ဘယ်ဆီမှာ နေလို့ ဘယ်အရပ်၌ ရှိနေပါသလဲ မသိသော်လည်း ပြည်သူ့ပါတီ အောက်ခြေအဖွဲ့များ၌ အမတ်ရူးသွပ်သံတွေ၊ ဝန်ကြီးရူးသွပ်သံတွေ သည် အင်အားကောင်းကောင်း စစ်ခင်းနေကြသည်။ ထိုကြားထဲ၌ ပုဂံသားလို လူစားမျိုးတွေကို မတွေ့ရပေ။ ယခုအချိန်၌ နိုင်ငံရေး ဆိုတာကို နားလည်သင့်သလောက် နားလည်နေပါသည်။ မတန် ရာကိုမှန်း၍ အုပ်စုဖွဲ့ရူးသွပ်နေခြင်းကို ကျွန်မတစ်ယောက် မနှစ် မျို့ပေ။ ရွံရှာမုန်းတီးမိပါသည်။

ထို့ကြောင့် ဟင့်အင်းပေါင်းများစွာ ချမိနေရပါသည်။ ကျွန်မ၏စိတ်လှိုင်းကလေးတွေ ရှင်လန်းတက်ကြွရန် ကျွန်မသည် ကောင်းကင်ယံထက်ဝယ် မြူးတူးပျော်ပါးစွာ ဆော့ကစားနေသည့် တိမ်လွှာတိမ်ခဲလေးများကို ငေးကြည့်ကာ ကျွန်မ၏ စိတ်ခွန်အားများ ဖြည့်တင်းနေချိန် ဖေဖေသည် ဧည့်ခန်းထဲ၌ သတင်းဂျာနယ်တစ်စောင်ကို ဖတ်နေသည်။ သတင်းဂျာနယ်ဖတ်နေသည့် ဖေဖေ၏ မျက်နှာပြင်အား လငပုတ်ဖမ်းခံနေရသည်ကို တွေ့ရပြီး သက်ပြင်းရှည်ကြီးများလည်း တဟင့်ဟင့်ချနေသည်။ ဝမ်းခေါင်ထဲမှ လေပူစလေးများကို တဖွားဖွား မှုတ်ထုတ်နေသည်။ ကျွန်မသည် ပြတင်းပေါက်မှ ဝေဟင်ကိုငေးကြည့်ရင်း ပုဂံသား တစ်ယောက်အလာကို မျှော်လင့်နေမိသည်။ ပုဂံသားသည် အိမ်သို့ လူကိုယ်တိုင်ရောက်မလာသော်လည်း သူနှင့်ပတ်သက်သည့် သတင်းစကားသည် ရောက်လာတတ်ပါသည်။ ထိုသတင်းစကားများ ကြားလိုက်ရရုံဖြင့် ကျွန်မပျော်ရွှင်နေမိပါသည်။

တိုင်ရင်းသားအချင်းချင်း ဖြစ်ပွားနေသည် စစ်ပွဲနဲ့ ပဋိပက္ခများ ချုပ်ငြိမ်းဖို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေကြသည်။ တစ်ဖက်စာမျက်နှာ၌ စစ်ရိပ်၊ စစ်ဟန်၊ စစ်မီးသံများသည် တရိပ်ရိပ်ဖြင့် တောက်လောင်နေပါသည်။ ၄င်းစစ်သတင်းများနဲ့အတူ တိုင်ရင်းသားဒေသ စစ်ဘေးဒုက္ခသည်တို့၏ ဘဝပြဿနာကို ဆက်စပ်၍ ကြားနေရသည်။ လူထုကြားထဲက လူထုတချို့သည် စစ်ပွဲများချက်ခြင်းရပ်ရေးနဲ့ ငြိမ်းချမ်းရေးတောင်းဆိုပွဲသတင်းသည် သတင်းစာမျက်နှာပေါ်သို့ လွှမ်းမိုးနေပါသည်။ ထိုဖြစ်စဉ်များအား ပုဂံသားတစ်ယောက် အားပေးခြင်း၊ ဝိုင်းရံပေးခြင်း သတင်းများသည် ကျွန်မထံသို့ ရောက်ရှိနေပါသည်။

တစ်နေ့ ကျွန်မသည် မီးဖိုးခန်း၌ အလုပ်ရှုပ်နေပါသည်။ ကျွန်မ၏စိတ်ကလေးသည် ပုဂံသားအလာကို မျှော်နေမိပါသည်။ ၎င်းမျှော်လင့်စိတ်နဲ့အတူ ထမင်း၊ ဟင်းများနှစ်လိုဖွယ်ရာဖြင့်အောင် ချက်ထားလိုက်သည်။

သိပ်မကြာပါ၊ မျှော်နေသူ ပုဂံသားရဲ့ အသံကိုအိမ်ရှေ့ဧည့်ခန်းမှ ကြားလိုက်ရသည်။ ကျွန်မသည် အံ့ဩခြောက်ခြား သွားခဲ့သည်။ သေချာစွာ အသံရှိရာသို့ ဂရုတစိုက် နားထောင်ကြည့်လိုက်သည်။ ၎င်းအသံရှင်သည် ပုဂံသားဖြစ်၍ အိမ်၏ ဧည့်ခန်းထဲမှ အသံပင်ဖြစ်နေသည်။ မီးဖိုးခန်းထဲ၌ တစ်ယောက်ထဲ အပြုံးတွေ ဝေဖြာလျက် အပျော်လှိုင်လေးများသည် ရစ်ရစ်ထကာ ရင်ထဲ၌ ရင်ဖို၍နေပါတော့သည်။ ထိုအပျော်လေးများနဲ့အတူ ချက်ပြုတ်ကြော်လှော်ခြင်းကို လျင်မြန်ပြီး မြောက်စွာ ဆောင်ရွက်နေလိုက်သည်။

ကျွန်မ၏ ပျော်ရွှင်မှု အပြုံးလေးများနဲ့အတူ ပုဂံသားရှိရာသို့ ရှက်ခြင်းစိတ်ကလေးကို ချစ်ခြင်းမသိစိတ်ကလေးက လွှမ်းမိုးကာ ဧည့်ခန်းဆီသို့ အပြေးကလေးထွက်လာခဲ့သည်။ အနားသို့အရောက် ကျွန်မ၏အပြုံးတွေ ဟန်ဆောင်မှုကင်းမဲ့စွာ ဖွင့်ချလိုက်ပါသည်။ ကျွန်မက

"ပုဂံသား ကျွန်မ ထမင်းပိုချက်ထားတာ အတော်ပဲ ဖြစ်သွားပြီ၊ ထမင်းစားပြီးမှ ပြန်ရမယ်၊ ဒီကို မရောက်တာလည်း ကြာလှပြီ"

ဟု မေးခွန်းဆင့်၍ မေးလိုက်ကာ အပြုံးများဖြင့်ပင် နှုတ်ဆက်လိုက်သည်။ ပုဂံသားသည် ဖေဖေနဲ့စကားပြောနေရာမှ ကျွန်မအားမော့ကြည့်ကာ သူ၏အပြုံးကို ဝေဖြာလျက်

"ကျေးဇူးတင်ပါတယ် ဆရာမလေး။ အခုလိုညှော်ဝတ်ကျေ တာကို တွေ့ရတော့ အားတောင်နာမိပါတယ်ခင်ဗျာ။ ဆရာမလေး ထံကို ဒီခန္ဓာကိုယ်ကြီးသာ ရောက်မလာနိုင်တာပါ၊ ပါမောက္ခကြီး နဲ့ တွေ့တိုင်းကျန်းမာရဲ့လားတော့ မေးလျက်ပါ"

သူ၏ရိုးဖြောင့်မှုသည် စိတ်ဆိုးရခက်ပါသည်။ ကျွန်မသည် မရှက်ရွံ့နိုင်ဘဲ ပီတိဖြာလျက် ပြုံးနေမိပါသည်။ ကျွန်မသည် သူ့ကို စေ့စေ့ကြည့်နေမိပါသည်။ သူသည် ကျွန်မအား ဂရုပြုဟန် မရှိ၊ တည်ငြိမ်နေရာမှ ကျွန်မအား

"ကျွန်တော်ကို သောက်ရေတစ်ခွက်လောက် ပေးတိုက် ပါလား ခင်ဗျာ"

သူ၏အားနာနေသည့် ပုံသဏ္ဌာန်သည် ကလေးငယ်တစ်ဦး ပမာ ရိုးစင်းလှပါသည်။ မြင်လိုက်ရသည့် ကျွန်မ၏ မျက်လုံး အိမ်ထဲ၌ ရှန်းမထွက်နိုင်ဘဲ လွှမ်းမိုးနေပါသည်။

ကျွန်မသည် ပြုံး၍ ရေအေးအေးတစ်ခွက်ကို သွားခပ်ပေး လိုက်သည်။ ပုဂ္ဂိုလ်သားသည် ရေတော်တော်ဆာနေပုံရပါသည်။ ဖန်ခွက်အပြည့် ရေအေးအေးသည် တခဏတွင်း မော့သောက်ကာ ဖန်ခွက်ထဲရှိ ရေများကုန်သွားပါသည်။ ပုဂ္ဂိုလ်သားသည် သောက်ရေ ခွက်ကို ကျွန်မအားလှမ်းပေးရင်

"ကျေးဇူးတင်ပါတယ် ဆရာမလေး"

သူ၏ကျေးဇူးတင်လိုက်သည့်အသံသည် ကျွန်မအား ချစ်ခွင့် ပန်သည်ဟုပင် ခံစားရပါသည်။ အမှတ်မထင် ကျွန်မအား ကြည့် လိုက်သည့် ပုဂ္ဂိုလ်သား၏ အကြည့်တစ်ချက်သည် ကျွန်မ၏ အသည်း ရင်ပြင်ကို တလတ်လတ် အေးစိမ့်သွားပါသည်။ ဖေဖေကိုကြည့် လိုက်သည့်အခါ ပြုံးစိစိဖြင့်ပြုံး၍ ကြည့်နေသည်။ ထိုအကြည့်

ကြောင့် ကျွန်မသည် ရှက်သွေးနီနီဖြန်းကာ ရှက်စိတ်ကလေးများ ဝင်လာပါသည်။ ဒါပေမယ့် ကျွန်မသည် ရှက်၍ မဖြစ်ပါ။ ရှက်စိတ်ကလေးကို တခဏခြင်း ဖျောက်ပစ်လိုက်ပါသည်။ ဘာကြောင့်လဲ ကျွန်မချစ်မိနေသည့် ပုဂံသားသည် နိုင်ငံရေး၌သာ သိမြောက်၏၊ ဖျတ်လတ်၏၊ အမြင်ကြွယ်ပါသည်။ အချစ်ရေး၌ နုံ၏၊ အပါ၏၊ ရိုးဖြောင့်၏ဆိုတာကို ကျွန်မသိထားမိပါသည်။ သူ၏ရိုးသားမှုကို တွေးမိ၍ ပြုံးနေခိုက်မှာ ပုဂံသား၏ စကားသံကို ကြားလိုက်ရသည့်အခါ ကျွန်မ၏ မသိစိတ်မှ အတွေးများကို ရပ်တန့်သွားစေသည်။

"ပြုပြင်ပြောင်းလဲရေး စကားလုံး၏အောက်မှာ လူမှုဘဝ ပဋိပက္ခတွေသည် မရပ်မနား ဖွံ့ဖြိုးနေပါတယ်"

ပုဂံသား၏စကားကိုဖြတ်၍ ဖေဖေသည် ထောက်ခံလိုက်သည်။ ကျွန်မသည် ဂရုတစိုက် နားထောင်နေလိုက်သည်။ ပုဂံသားက အပြုံးများဖြင့်ဆက်၍

"နိုင်ငံသားအားလုံးသည် တိုင်းပြည်ချစ်တဲ့ စိတ်ကလေး ရှိနေဖို့ပဲ လိုပါတယ်။ ဒါပေမယ့် ပါမောက္ခကြီးခင်ဗျာ နိုင်ငံကို ပါးစပ်ဖျားလေးနဲ့ဘဲ လူအများစုက ချစ်ပြနေတာကို တွေ့ရပါတယ်။ တစ်နေ့မှာ ဘကြီးဟံသာဝတီဦးဝင်းတင်ကို ကျွန်တော်က ဒီအတိုင်းလေးပဲ ပြောခဲ့မိတယ်ဗျာ။

"လူထုခေါင်းဆောင် အမေစုရဲ့ စကားကို တက်ရောက်သူ ပါတီဝင်ထုက လက်ခုပ်တီးပြီး ထောက်ခံကြပါတယ်။ ဒါပေမယ့် အများစုကတော့ နှလုံးသားမှ မောင်းထုတ်ကြပါတယ်"

နားထောင်နေသည့် ဖေဖေသည် နှစ်ခြိုက်စွာ ရယ်မောလိုက်ကာ

"ဟုတ်တယ်ဗျ ပုဂံသားရေ အန်ကယ်တွေ့သမျှကတော့ ကိုယ်စီးနေတဲ့မြင်းကို အထီးအမ မခွဲခြားနိုင်တဲ့ ပြဿနာဟု ယူဆ ဟယ် ခင်ဗျာ"

ဖေဖေထံမှ ၄င်းစကားကို ကြားလိုက်ရသည့်အခါ ကျွန်မ သတိရသွားသည်။ ဖေဖေဆီသို့ အလည်ရောက်လာကြတဲ့ လောက သစ်မှ မိတ်ဆွေများသည် နိုင်ငံအတွက်မပါ။ ပါတီအတွက် ထည့်မစဉ်းစားဘဲ လုပ်ဖော်ကိုင်ဖက် အချင်းချင်းကြား၌ပင် ပူပေါင်းဆောင်ရွက်မှု စိတ်ဓာတ်မမွေးဖွားကြပါ။ အလုပ်လုပ်သူ မရှိဘဲ၊ အုပ်စုဖွဲ့ ရှုတ်ချပစ်တင်ကာ၊ ငါ့နေရာ ရရေး၊ တည်တံ့ရေး သည် အဓိက ခံယူနေပါတယ်။ ငါ့အကျိုးစီးပွား ရှင်သန်ရေးသည် သူတို့အတွက် ကိုးကွယ်ရာ အဓိက စိတ်ဓာတ်သာ ရှိနေသည်ကို သတိရလိုက်သည်။ ယခုတော့ ကျွန်မသိလိုက်ပါသည်။ ကိုယ်ထိုး မိလိုက်တဲ့ လက်ညှိုးများကို မိမိကိုယ်ကို ပြန်လည်၍ မထိုးမိစေရန် ကျွန်မစိတ်[illegible] ဆုတောင်းနေမိသည်။

ပုဂံသားသည် ဖေဖေနှင့်စကားပြောနေရင်း အနီးနား၌ ရှိနေ သည့် ကျွန်မအား မကြာခဏဆိုသလို ကျွန်မအား ခိုးခိုးကြည့်နေ တာကို ကျွန်မတွေ့နေရသည်။ သူနှဲ့ကျွန်မ အကြည့်ခြင်းဆုံမိခဲ့လျှင် သူက ကျွန်မထက်ပင် ပို၍ ရှက်နေတတ်ပါ သည်။ ထိုအခါများ၌ ဖေဖေသည် မသိလေဟန်ပြု၍ နေပေးနေသည်ကိုပါ ကျွန်မသိခွင့်ရ လိုက်ပါသည်။

သို့သော် ကျွန်မတစ်ယောက် ဟန်မဆောင်နိုင်ပါရှင်။ သိချင် နေတာကို ပုဂံသားအား ကြားဖြတ်၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စကို မေးလိုက်ပါသည်။ ပုဂံသားက ကျွန်မ၏ အမေးကို ပီတိပြုံးလေးပြုံးကာ

"ဆရာမလေးခင်ဗျာ မိမိလိုလားချက်ကို တောင်းဆိုတာ မမှားပါဘူးခင်ဗျာ။ ထောက်ခံရမှာပေါ့၊ တောင်းဆိုတဲ့နေရာမှာ ဖြစ်နိုင်တဲ့ အခြေအနေနဲ့ ဖြစ်လာနိုင်တဲ့ အကြောင်းတရားတွေကို အခြေခံဖို့တော့ လုပ်အပ်ပါတယ်ခင်ဗျာ။ ဒီလိုပါဘဲ ဖြစ်ပေါ်လာတဲ့ ပြဿနာကို မလိုအပ်ဘဲ အင်အားသုံးဖြေရှင်းတာကိုတော့ ရှုတ်ချပါတယ်ခင်ဗျာ။ ပြဿနာကို ညှိနှိုင်းအဖြေရှာမှုကို မွေးဖွားကျင့်သုံးဖို့တော့ လိုပါတယ်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြဿနာအပေါ် ကျွန်တော်ရဲ့ ယူဆချက်က ရိုးရှင်းပါတယ်ခင်ဗျာ။ လက်ရှိလုပ်ကိုင်နေသည့် လက်ပံတောင်းတောင် စီမံကိန်းကို ချက်ချင်းရပ်ပစ်ရမည့် အယူအဆသည် ဖြစ်နိုင်ခြေ နည်းပါးတဲ့ အတွက် ရပ်ပစ်လိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံတောင်းတောင် အစီရင်ခံစာကို ကျွန်တော်နှစ်သက်မိပါတယ်။ လက်ရှိကာလမှာ ဖြစ်ပေါ်လာတဲ့ စီမံကိန်းမဟုတ်ပါဘူး ခင်ဗျာ။ နှစ်ပေါင်းသုံးဆယ် ကျော် ကြာခဲ့ပါပြီးခင်ဗျာ။ ဒါကြောင့် ၄င်းစာချုပ်ကို ဖြတ်ပစ်လို့ မရနိုင်ပါဘူး။ ဒါပေမယ့် စာချုပ်ရပ်တည်နေမှုကို နှစ်ဖက်ညှိနှိုင်း ဆွေးနွေးမှုဖြင့် ပြုပြင်နိုင်ခွင့် ရှိပါတယ်ခင်ဗျာ။ ဆရာမလေး စဉ်းစားသုံးသပ်မှုကို အထောက်အကူပြုနိုင်မဲ့ အဓိက ကျသည့် အချက်တစ်ခုကို ထောက်ပြပေးပါ့မယ်။ ပထဝီနိုင်ငံရေး သဘော တရားအရ ၄င်းကုမ္ပဏီဟာ အိမ်နီးချင်းနိုင်ငံမှ ဖြစ်နေတာက တစ်ကြောင်း၊ မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံ ဖြစ်နေတာကို လည်း ဥပက္ခာပြုထား၍ မဖြစ်နိုင်ပါဘူး။ ကမ္ဘာ့ပထဝီနိုင်ငံရေး သဘောတရားအရ ထည့်တွက်ပြီး စဉ်းစားရပါမယ်။ နှိုင်းယှဉ်ချက် တစ်ခုကို ချပြပေးပါမယ်။ နှစ်နိုင်ငံရပ်တည်ဖွံ့ဖြိုးနေမှု ပုံသဏ္ဍာန်

သည့် အဖက်ဖက်ကို ချိန်ဆကြည့်လျှင် ခြားနားနေပါတယ်။ အဲဒီအချက်ကြောင့် ကျွန်တော်တို့တစ်တွေဟာ လုပ်ငန်းမစခင်က စဉ်းစားဝေဖန်ရပါမယ်။ မပြုလုပ်ခင် တွက်ချက် သုံးသပ်ရပါမယ်။ အဓိက စဉ်းစားရမှာက မဆက်ဆံခင်က ဆက်ဆံရမူ ပုံသဏ္ဌာန်ကို သေချာနှိုင်းဆကာ စဉ်းစားဝေဖန်စီစစ်ဖို့ လိုပါတယ် ခင်ဗျာ။ ဆက်ဆံမိသွားတဲ့ ဖြစ်စဉ်ကို ဖြတ်ပစ်လိုက်ကြဖို့ဆိုတဲ့ နေရာမှာ လွယ်မလိုလိုနဲ့ ခက်ခဲသိမ့်မွေ့ပါလိမ့်မယ်"။

ကျွန်မဂရုတစိုက် နားထောင်နေပါသည်။ သို့သော် အဓိပ္ပာယ် သက်ရောက်မှုကို အနည်းကျဉ်းမျှသာ သိနေပါသည်။ ဖေဖေသည် အပြုံးတွေဖြင့် ပီတိဖြာကြရင် ပုဂံသား၏ယူဆပုံ သဘောထားကို သဘောတူကြောင်း ပြသနေပါသည်။ ပုဂံသား ဆက်၍ သူ၏ သဘောထားကို ပြောလာပါသည်။

"လက်ပံတောင်း ကြေးနီစီမံကိန်းရဲ့ ရလဒ်သည် နိုင်ငံတော်၏ဝင်ငွေ ဖြစ်ပါတယ်။ ၎င်းရဲ့ဝင်ငွေတွေကို နိုင်ငံတော် ပိုင်ဆိုင်မှု အပြည့်အဝရှိဖို့နဲ့ နိုင်ငံတော်ရဲ့ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေး ကဏ္ဍတွေမှာ အပြည့်အဝသုံးစွဲဖို့ပဲ လိုအပ်ပါတယ်ခင်ဗျာ။ နောက်ထပ်စဉ်းစားရမှာက ၎င်းစီမံကိန်း၏ ဘေးထွက်ဆိုးကျိုး ဖြစ်ပါတယ်။ ၎င်းစီမံကိန်းရဲ့ အဓိကဘေးထွက်ဆိုးကျိုးက သဘာဝ သံယံဇာတ အရင်းအမြစ်များ ပျက်သုန်သွားခြင်းနဲ့ စီမံကိန်းကြောင့် နစ်နာသူ ဒေသခံလူထုများ ဖြစ်ပါတယ်။ အကျိုးအမြတ်ရရှိသူဟာ သက်ဆိုင်ရာ ကုမ္ပဏီတွေပဲ ဖြစ်နေကြပါတယ်။ နောက်ထပ် ကျန်ရှိတဲ့ ဆုံးရှုံးမှုက ၎င်းစီမံကိန်းရဲ့ တိုက်စားမှုအောက် ပကတိမြေယဉ် များမှသည် မြေရိုင်းမြေများ ဖြစ်ထွန်းသွားတာထက် ကြောက်စရာ ကောင်းလှသည့် အဆိပ်သင့်မြေများအဖြစ် ပကတိဖြစ်တည်သွား

ခြင်း ဖြစ်ပါတယ်။ ဒါဆိုရင် ၄င်းပြဿနာကို ဖြေရှင်းဖို့စဉ်းစားကြ ပါစို့ ဆရာမလေးခင်ဗျာ၊ ပြဿနာရဲ့ ဆက်ထုံးက စီမံကိန်းဝင် ဒေသ ဖြစ်ပါတယ်။ ၄င်းဒေသခံလူထု ဘဝကိုအခြေပြု ဖြေရှင်းပါ မယ်။ လယ်ယာစိုက်ပျိုးမြေ မဖြစ်တော့သည့် အဆိပ်သင့်မြေ ပေါ်မှာ စက်မှုမြို့ပြစီမံကိန်းပုံစံကို အကောင်အထည်ဖော်ရပါမယ်။ ဆက်လက်ပြီးဘက်စုံဖွံ့ဖြိုးမှုဆီသို့ ဦးတည်လှုပ်ရှားရပါမယ်။ (မှတ်ချက်) အဖြစ်ထားကြည့်ပြီး ကျွန်တော်ရဲ့ ဆန္ဒတစ်ခုကို ဖြည့် စွက်ပြောချင်ပါတယ်။ လယ်ယာဖွံ့ဖြိုးတဲ့ မြေတွေအပေါ်မှာ စက်မှု မြို့ပြအကွက်တွေ တည်ဆောက်မဲ့အစား နိုင်ငံတော်၏ အနာဂတ်ကို မျှော်ကြည့်ပြီး အဆိပ်သင့်ဒေသတွေ ဖြစ်သွားကြသည့် မြေရိုင်း တွေပေါ်မှာ စက်မှုမြို့တော်စီမံကိန်းတွေ တည်ဆောက်ဖို့ပဲ ဖြစ်ပါ တယ်။ အဲဒီအခါမှာ နိုင်ငံတော်ဆီမှာ အတတ်ပညာနဲ့ ရင်နှီး မြှုပ်နှံမှုပမာဏ ငွေကြေးလိုအပ်လာလိမ့်မည်။ ၄င်းလိုအပ်ချက် ငွေကြေးကို ၄င်းစီမံကိန်း၏ ဝင်ငွေခွန်မှ ထုတ်ယူသုံးစွဲရမှာ ဖြစ်ပါ တယ်။ နောက်ထပ် ထည့်တွက်စဉ်းစားရမဲ့ အကြောင်းကိစ္စတစ်ခု လိုအပ်ပါတယ်။ ၄င်းစီမံကိန်း၏ ရလဒ်မှသည် လက်ရှိပတ်ဝန်း ကျင် ဒေသခံလူထုအတွက် ဝင်ငွေဖွံ့ဖြိုးမှု အခွင့်အလမ်းနဲ့ နေထိုင် စားသောက်မှု ဘဝပုံစံကို မြှင့်တင်ပေးရေးပဲ ဖြစ်ပါတယ်။ နောက် ထပ်အဓိက လိုအပ်ချက်သည် လက်ရှိသက်မွေးမှု လုပ်ငန်းခွင်တွေ ဆုံးရှုံးနစ်နာသွားကြသူများအတွက် ၄င်းမြို့ပြစက်မှုမြို့တော်ရဲ့ တစ်ထောင့်တစ်နေရာမှာ ဘဝကိုခိုင်ခိုင်မာမာ ဖွံ့ဖြိုးတည် ဆောက်နိုင်မှု အခွင့်အလမ်းများ ဖွင့်ပေးထားခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ အဓိကစဉ်းစားလုပ်ကိုင်ရမဲ့ အချက်က အရှုံးကို အမြတ်ပေါ်အောင် စီမံကိန်းချတတ်ဖို့နဲ့ နိုင်ငံတော်၏

အနာဂတ် လူသားမျိုးဆက်သစ်များအထိ ထည့်တွက်ပြီး စဉ်းစားတတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါမှ ၎င်းလူအဖွဲ့အစည်း၏ ကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းတဲ့အစိုးရတစ်ခု ဖြစ်မှာပေါ့"

ဖေဖေနဲ့ ကျွန်မသည် အုံသြခြင်းများစွာနဲ့ နားထောင်ရင် ကျွန်မ၏ ရင်ထဲ၌ ပီတိလှိုင်းကလေးများ ဖြာကြနေသည်။ ကျွန်မ၏ရင်ထဲက သိချင်နေသည်စိတ်ကြောင့် သတိထားကာ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခကို မေးကြည့်လိုက်ပါသည်။ ပုဂံသားသည် ကျွန်မကိုပြုံး၍ ကြည့်လိုက်သည်။ သူက ရယ်ဆတ်ဆတ်ဖြင့်

"ဆရာမလေးခင်ဗျာ နိုင်ငံတစ်နိုင်ငံအတွက် ကိုင်တွယ်ရ အခက်အခဲဆုံး ပြဿနာဖြစ်သလို ထိလွယ် ရှလွယ်တဲ့ ပြဿနာကတော့ လူမျိုးရေး၊ ဘာသာရေး ပွတ်တိုက်မှု မီးလျှံစတွေပဲ ဖြစ်ပါတယ်။ ၎င်းပြဿနာရဲ့ အနားနှစ်ဖက်မှာ ကိုယ်ကျိုးစီးပွားအမျိုးသားရေးဝါဒနဲ့ လူအခွင့်အရေးဆိုတဲ့ ခေါင်းစဉ်ဆိုတဲ့ အယူအဆတစ်ခုနဲ့ တစ်ခုဟာ ချိတ်ဆက် ဆက်နွယ်ကာ ပတ်သက်လာပါမယ်။ အဲဒီအခါမှာ ပို၍ကိုင်တွယ်ရခက်ခဲ သိမ်းမွေ့ပါတယ်။ ဘာကြောင့်လဲဟု ယူဆရပါလျှင် ဆရာမလေးခင်ဗျာ။ (၂၁) ရာစုနိုင်ငံရေး ယဉ်ကျေးမှုသည် သိမ့်သိမ့်မွေ့မွေ့ ဖြေရှင်းရမဲ့ကာလ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့ရွာကြီးမှာ လူဦးရေပေါက်ကွဲမှုမှ ဝတ်ရုံလွှာ ပွတ်တိုက်မှုတွေကြီးထွားလာနိုင်ပါတယ်။ ဒီလိုဖြစ်ပေါ်နေတဲ့ ကာလမှာ ကျွန်တော်တို့တစ်တွေက အစွန်းရောက်တွေခေါ်မှု ပုံစံတွေကို မမွေးဖွားသင့်ဘူးလို့ ယူဆပါတယ်ခင်ဗျာ။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတည်ဆောက်မဲ့ လူ့အဖွဲ့အစည်းမှာ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်မီးစတွေဟာ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုစနစ်ကို ပြိုလဲသွားအောင်

အန္တရာယ်ပေးနိုင်ပါတယ်။ ဆရာမလေးခင်ဗျာ ငှင်းမီးစတွေဟာ ဒီမိုကရေစီယန္တရားတွေ ရှင်သန်အားကောင်းတဲ့ နိုင်ငံမှာ ဖြစ်ပေါ်ခဲ့ရင် ငှင်းလူအဖွဲ့အစည်းအတွက် တည်ငြိမ်မှုဘောင်ကို အန္တရာယ် ရှိလာနိုင်ပါတယ်။ ဒါဆိုရင် ယခုမှ အာဏာရှင်ယန္တယားစုနေရာမှာ ဒီမိုကရေစီယန္တယားစုတွေ အစားထိုး မွေးဖွားနေတဲ့ အမိနိုင်ငံအတွက် အင်မတန်မှ ကြီးမားတဲ့ စိန်ခေါ်မှုကြီး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထု၏ ဉာဏ်ပညာ အမြော်အမြင် ရင့်ကျက်မှုနဲ့ ဆင်ခြင်တုံတရားကိုပဲ မျှော်လင့်အားထားရပါမယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုထံမှာ နိုင်ငံအတွက်ကြီးမားတဲ့ ခွန်အားတွေ ရှိနေပါတယ်ခင်ဗျာ။ အုပ်ချုပ်ခံ ပြည်သူလူထု ကိုယ်တိုင်ကပဲ သူသွားချင်သည့်လမ်းပေါ် သူကိုယ်တိုင် လျှောက်လှမ်းနိုင်ပါတယ်ခင်ဗျာ။ ဆရာမလေးခင်ဗျာ ကျွန်တော်တို့ရဲ့ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုကို ပြောကြားခဲ့ပါတယ်။ ပြည်သူလူထုက ဝိုင်းရံဖို့ ပြည်သူလူထုအားကိုပဲ ယုံကြည်တဲ့ အကြောင်းတွေကို ပြောကြားပြီး ပြည်သူလူထု တစ်ရပ်လုံး ပါဝင်ဆောင်ရွက်မှ ရပါမည်ဆိုတဲ့ အဆိုအမိန့်ကို အထပ်ထပ် အခါအခါ ပြောကြားခဲ့ပါသည်။ ကျွန်တော်ကို ဘကြီးဟံသာဝတီ ဦးဝင်းတင်က ပြောဆိုဆုံးမသင်ကြားခဲ့ဖူးပါတယ်။ နိုင်ငံရေးဆိုတာ ကိုယ်သွားချင်တဲ့လမ်းကို အများမပါဘဲ မရောက်နိုင်ကြောင်း၊ အများစုပါဝင်လာအောင် လုပ်ဆောင်ရမည်ဟု သင်ကြားပေးခဲ့ပါတယ်။ အများစုနဲ့ တည်ဆောက်မှ ရရှိနိုင်သည်။ ဒီမိုကရေစီ လူအဖွဲ့အစည်းဆိုတာကို ပြည်သူလူထုတစ်ရပ်လုံး သိစေချင်ပါတယ်''

ပြောနေရင်း ပုဂံသားရဲ့ စကားသံသည် လေသံများ ပျော့ပျောင်းကာ

"ဆရာမလေးရေ ကြားနေရတာတွေက လူသားဆန်တဲ့ လူတွေအဖို့ နှလုံးခုန်သံများ ရပ်တန့်သွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စည်းကမ်းမဲ့မှုတွေ မင်းမဲ့စရိုက်၊ လုပ်ထုံးလုပ်နည်းတွေကပဲ ပျံ့နှံ့ဖြစ်ထွန်းနေပါတယ်။ ဒါတွေရဲ့ ဆန့်ကျင်ဘက် အတွေးအခေါ်သစ် အယူအဆသစ် အလုပ်သစ်တွေကို တိုးတက်လုံ့လစိုက်ကာမှ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု ကမ္ဘာသစ်ကို ရမည်ဟု ယုံကြည်ပါတယ် ဆရာမလေး"

သူ၏အသက်ဝင်လှသည့် အပြုံးတွေက ဖြာကြလာပါသည်။ သူ၏စိတ်အလှတရားကို တွေ့မြင်နေရသည်။ ကောင်းကင်ပေါ်က နေမင်းကြီးသည်လည်း ကျွန်မတို့ ဦးခေါင်းတည့်တည့်ဆီသို့ ဦးတည်၍ လာနေသည်။ ဖေဖေသည် အပြုံးများဖြင့် ငြိမ်သက်စွာ နားထောင်နေရာမှ

"ပုဂံသားရေ အန်ကယ်သမီးကိုလဲ မျက်စိ၊ နားတွေ ပွင့်အောင် တွဲခေါ်ပေးပါ"

ဟု ခွင့်တောင်းစကား ဆိုလိုက်သည်။ ထိုအခါ ကျွန်မ၏ မျက်လုံးကလေးများသည် ဝိုင်းပသွားပါသည်။ ကျွန်မ၏ ရင်ထဲ၌ ကြိတ်၍ ပျော်ရွှင်မိပါသည်။ တစ်ဆက်တည်း ကျွန်မ၏ရင်ထဲ၌ ကျေးဇူးတင်စကားဆိုလိုက်သည်။ ကျွန်မသည် အပြုံးများကိုဝေဖြာကာ

"ကျွန်မကိုလည်း စောင့်ရှောက်ပေါ့"

ဟု တုံးတိတိပြောချလိုက်ပါသည်။ ပြောပြီးကာမှ သတိရကာ မိမိကိုယ်ကို ရှက်ရမှန်းသိလာ၍ ကျွန်မကို ကျွန်မ ရှက်အန့်အန့် ဖြစ်သွားခဲ့ရသည်။ ဖေဖေသည် ကျွန်မ၏ အခက်အခဲအား ရိပ်မိသွားသဖြင့် အလိုက်သိစွာ နေ့လယ်စာသုံးဆောင်ရန် စကားဖြင့် ပုံမှန်ဖြစ်အောင် ပြုလုပ်လိုက်သည်။ ကျွန်မသည် ထမင်းစားခန်းဆီသို့ ရှေ့မှဝင်သွားလိုက်ပါတော့သည်။

ကျွန်မအပါ ဖေဖေရယ် ပုဂံသားရယ် သုံးဦးသားနေ့လည်စာ သုံးဆောင်လိုက်ကြသည်။ ထမင်းသုံးဆောင်ပြီးပြီခြင်း မနားနိုင်။ ကျွန်မတို့သားအဖအား နှုတ်ဆက်၍ ထုံးစံအတိုင်း သူ၏ စက်ဘီး စုတ်လေးကို စီးကာပြန်သွားပါတော့သည်။ ကျွန်မသည် အိမ်ရှေ့ ပြတင်းပေါက်ဝမှ မတ်တတ်ရပ်ကာ သူ၏ကျောပြင်ကြီးကို ငေး ကြည့်ကာ ကျန်ရစ်ခဲ့သည်။ ဖေဖေသည် ပုဂံသားအား ခြံဝထိ နှုတ်ဆက်ကာ အိမ်ထဲသို့ အပြေးကလေးဝင်လာခဲ့သည်။

ဖေဖေသည် ညှော်ခန်းထိုင်ခုံပေါ်ပြန်၍ ထိုင်လိုက်ပြီးပြီးချင် ကျွန်မအား အပြုံးဖြစ်ကြည့်လျက်

"သမီးရေ ပုဂံသားကို စိတ်ဝင်စားနေရင် သမီးဘက်က စရပါလိမ့်မယ်"

ဆက်၍ ဖေဖေရဲ့ မှတ်ချက်စကားကိုဆင့်၍ ဆိုလိုက်ပြန်ပါ သည်။

"ဘာကြောင့်လဲဆိုတော့ သူဘက်ကစမဲ့ လူစားမျိုး မဟုတ် ဘူး။ အရာရာကို မတပ်မက်သလို အားနာတတ်တဲ့ လူစားဖြစ် လို့ပဲ"

ကျွန်မသည် ဖေဖေထံမှ မထင်မှတ်ထားသည့် ဆိုင်းမဆင့် ဗုံမဆင့် စကားလုံးတွေကြောင့် ရှက်သွေးလေးများ ဖြန်းဖြန်းထကာ "ရှင်" ဆိုသည် အာမေဋိတ်သံတစ်လုံးကိုသာထွက်၍ ခေါင်းလေး ငုံ့ကာ နေလိုက်မိပါသည်။ ဖေဖေက ဆက်၍

"သမီးရဲ့ဘဝ အဖော်မွန်ကို သမီးကိုယ်တိုင် ရွေးချယ်ပိုင်ခွင့် ပေးထားပါတယ်။ ဖေဖေရဲ့ လက်ရှိဖြစ်တည်နေတဲ့ စိတ်နေ စိတ်ထားကို ပိုင်ဆိုင်ဖို့ ဉာဏ်မျက်စိဖွင့်ပြခဲ့သူဟာ ပုဂံသားပဲ ဖြစ်တယ်သမီး။ ပုဂံသားနဲ့ တွေ့ရဆွေးနွေးရတဲ့အခါ သူထံက သိလိုက်ရတဲ့ အသိတွေ၊ သိလိုက်ရတဲ့ ဘဝသင်ခန်းစာတွေက

ဖေဖေရဲ့ ဉာဏ်နဲ့အသိကို လမ်းဖွင့်သွားခဲ့တယ်။ ဖေဖေက ဆက်၍ အယူအဆတစ်ခုကို ပြောလာပါသည်။

“တခဏတာ အလည်လာခဲ့ရတဲ့ ဒီဘဝဇာတ်ခုံပေါ်မှာ မုန်းတီးမှုတွေ၊ ပြိုင်လို နိုင်ထက်မှုတွေနဲ့ ဘဝကို နေထိုင်ရှင်သန် နေမဲ့အစား ပေးဆပ်တဲ့ နှလုံးသားလက်တစ်စုံက အေးချမ်းတယ် ဆိုတာကို သိခဲ့ရတယ်။ တကယ်တော့ ဘဝဆိုတာ ဘာမှ မဟုတ်ပါဘူး။ ပြဿနာတွေနဲ့ချည်းမို့ လှုံ့လစိုက်နေတာကို ဆင်ခြင်မိသွားတဲ့ ဉာဏ်သတိနဲ့ ရစ်ခြံသိမ်းပိုက်ဖို့ စိတ်ထားကောင်းခြင်း လက်နက်သာလျှင် အဓိကဆိုတာ သိခဲ့ရပါတယ်”

အပြုံးတွေ ဝေဆာရင်း ဖေဖေက

“ဖေဖေရဲ့ စိတ်ဓာတ်တွေဟာ သန့်ရှင်းဖို့ ကြိုးစားရင်း စိတ်ချမ်းသာနေပါတယ်။ လူလူချင်းကို အပြန်အလှန်လေးစား တတ်လာတယ်။ ဆန့်ကျင့်ဘက်ကို မြင်မိ၊ ကြားမိတဲ့အခါ ရန်လို စိတ်ကို မမွေးဖွားဘဲ လိုအပ်ချက်ရှိနေတဲ့ အမြင်သဘောထားကို ဖြည့်စွက်ပြီး ကြည့်တတ်လာပါတယ်။ သမီးလည်း နာကြား ကြည့်ပေါ့။ ပုဂ္ဂိုလ်သားရဲ့ သူနာကြားလိုက်ရတဲ့ တရားကို ဖေဖေကို လက်ဆင့်ကမ်းပြသသွားတယ်။ ဗုဒ္ဓဘုရားရှင်က သတိတရားကို အထူးပြုပြီး ဆုံးမခဲ့တယ်။ သူမြင်သိတဲ့ အကြောင်းသတိကိုဆင်ကဲ့ ထိန်းနိုင်တာ ဉာဏ်ပညာ “ကံ” ရဲ့ အလုပ်သဘောကို နားလည် ထားဖို့၊ လက်ခံလိုက်နာဖို့ လိုအပ်တယ်ဟု ယူဆထားကြောင်း “ကံ” ဆိုတာ အလုပ်တရားဆိုပါတယ်။ ကိုယ်လုပ်တာပဲ ကိုယ်ရမှာပေါ့။ ကိုယ်လုပ်ခွင့်ရတဲ့ နေရာကနေ၊ ကိုယ်ဘာလုပ်ပေး နိုင်သလဲ စဉ်းစားတတ်မှ ဖြစ်မှာပေါ့။ ခန္ဓာကိုယ်ကြီးက ခိုင်းနေ သမျှကို စိတ်ကလိုက်လုပ်လိုက်ကြတယ်။ စိတ်ကတဖန် ပြန်လည်

ကာ ခိုင်းတဲ့အခါ ခန္ဓာကိုယ်ကြီးက လိုက်လုပ်ကြပါတယ်။ ဆန္ဒတွေ တပ်မက်မှုက စေ့ဆော်၊ စေ့ဆော်မှုနောက် ဖြစ်မလာတော့ အလိုမကျမှုဖြစ်တဲ့ ပူလောင်လာတယ်။ အဲဒီအလိုမကျမှုက ပူလောင်စေတဲ့ မီးဖြစ်နေတာကို စိတ်နဲ့ခန္ဓာရဲ့ တွဲဘက်ကာ လောဘဖြစ်တည်မှုသဘောကို ဉာဏ်သတိနဲ့ ဆင်ခြင်ကြည့်လိုက်ရင် အသိတရားက ရိုးရိုးလေးပါ။ တခဏတာ ဘဝ၏ အလည်ခရီးမှာ သံသရာ၏ အကုသိုလ် ဝန်ထုပ်ဝန်ပိုးကြီးကို ဘာလို့မမောနိုင် မပမ်းနိုင် သယ်ယူနေကြတာလဲ။ ဖေဖေတော့ မသယ်ချင်တော့ဘူး သမီး။ ယခုတော့ လုပ်ပေးနိုင်တာတွေကို ပေးဆပ်တဲ့နှလုံးသားနဲ့ လူ့တာဝန်တစ်ခုကို ကျေပွန်ချင်ပါတယ်''

ဖေဖေထံမှ စကားသံတွေရပ်သွားတော့ ကျွန်မရင်ထဲမှာ စကားပြောခဲ့မိပါသည်။ ဖေဖေကို အကဲခတ်မိနေတာကြာပါပြီး။ အရင်ထက်မတူတဲ့ သဘောထားရင့်ကျက်လာမှုကို တွေ့နေရသည်။ တစ်ချိန်က ဖေဖေရဲ့ မျက်နှာပြင်ပေါ်၌ ထင်ရှားလှတဲ့ ပညာတတ် မာန်မာနတွေသည် ဖေဖေထံမှ ''လွင့်'' စင်ကွယ်ပျောက်နေတာကို တွေ့နေရပါသည်။ ယခုအခါ ဖေဖေထံ၌ လူသားဆန်တဲ့ စိတ်အလှတရားတွေ ဖွံ့ဖြိုးလှပနေသည်ကို တွေ့နေရပါသည်။ ယခုကျွန်မမြင်တွေ့လာသည့် ဖေဖေရဲ့ ရုပ်ပုံလွှာကို သက်သေပြုပေးနိုင်သည့် အချက်မှာ ယနေ့လူ့အလွှာရဲ့ တိုင်းထွာမှုပေတံနဲ့ တိုင်းထွာအကဲဖြတ်ကြည့်လျှင် ဘာဆိုဘာမှ ပိုင်ဆိုင်မှုဆိုတာ မရှိသည့် အညတရ ပုဂံသားကို လက်ခံပေးနိုင်သည့်အတွက် ကျွန်မယုံကြည်ရခြင်း၏ သက်သေပင်ဖြစ်ခဲ့သည်။ ကျွန်မစိတ်ထဲ၌ စကားပြောနေချိန် ဖေဖေသည် သူ၏ အိပ်ခန်းဆီသို့ ဝင်သွားပါတော့သည်။

ကျွန်မသည် ယခုအခါ အားလျှင် စာဖတ်တတ်သည့် အလေ့ အထကို ပြုလုပ်နေပါသည်။ ယခုအိမ်ဧည့်ခန်း၌ တစ်ယောက်ထဲ စာသင်ပြသွားရန် အချိန်ကလည်း လိုနေသည်။ ဒါကြောင့် ဖေဖေရဲ့ စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ယူဖတ်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ထိုအခါ ပုဂံသားပြောခဲ့သည့် စကားကို အမှတ်ရသွားခဲ့ပါသည်။ ကျွန်မ၏စိတ်ထဲ၌ မှန်သော စကားရပ်ဟုပင် ထောက်ခံချက်ပြုကာ ပြုံးလိုက်မိသည်။ သင်ရိုးညွှန်တမ်းတစ်ခုထဲက သင်ကြားခံရမှုသည် သင်ဘဝအတွက် အမှန်တစ်ကယ် အလင်းမပြုနိုင်ကြောင်း ပြောခဲ့သည့် စကားရပ်သည် ယခုနားလည်လာပါသည်။ ပုဂံသား၏ နောက်ထပ်မှတ်ချက်တစ်ခုသည် အံ့ဩစရာပါ။ "လူအဖွဲ့ အစည်းတစ်ခုက သတ်မှတ်တဲ့တံဆိပ်တုံး နှိပ်ထားသည့် စာရွက် တစ်ခုတော့ သင်ရမှာပေါ့။ သို့သော် အသွားထက်တဲ့ ပညာ ဓားတစ်လက်ကို ပိုင်ဆိုင်ဖို့အတွက် သင်ဟာ စာကြည့်တိုက်သို့ သွားရပါလိမ့်မည်။ ကျွန်မယခုအခါ ၄င်းရဲ့အတိမ်အနက်ကို သိလာရပါသည်။ နောက်ထပ်ပုဂံသားက ပို၍ အံ့ဩစရာတစ်ခုကို ဖွင့်ဆိုခဲ့ပါသည်။ "သင့်ရောက်နေတဲ့ နေရာကို သင်မသိတာသည် ကိုယ်စီးနေတဲ့မြင်းကို အထီးလား အမလား ဆိုတဲ့ အဓိပ္ပာယ်ကို မခွဲခြားတတ်ခြင်းပင် ဖြစ်သည်" ဆိုတဲ့ စကားရပ်သည် ကျွန်မဘဝ မှာ မမေ့နိုင်ခဲ့ပေ။

ဒါကြောင့် ကျွန်မသည် သတင်းစာ၊ ဂျာနယ်များကို ဖတ်ရှု လေ့လာရင်း ဝေဖန်ခွဲခြားတတ်သည့် အလေ့အကျင့်တစ်ခု ရလာပါ သည်။ ကျွန်မဝန်ခံစရာရှိပါသည်။ ပုဂံသားနှင့်တွေ့ပြီးနောက်ပိုင်းမှ ကျွန်မစီးနေရသည့် ကျွန်မ၏ မြင်းတစ်ကောင်သည် ရိုင်း၍ နေဆဲပါ၊ ထန်၍နေဆဲပါဆိုတာတွေကို ကျွန်မကောင်းကောင်း သိလာနေပါသည်။

ကျွန်မသည် စဉ်းစားရင်း စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ရာ စာအုပ်ကြားထဲမှ ဂျာနယ်ဖြတ်ပိုင်းစလေးတစ်ခု ထွက်ကြလာပါသည်။ ကောက်ယူ၍ ဖွင့်ကြည့်လိုက်သည့်အခါ ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရသည်။ ကျွန်မသည် ချက်ခြင်းပင် ဖတ်လိုက်ပါသည်။

## လျှောက်မြဲလျှောက်

ပွဲတင်သံတွေ သဲ့သဲ့ကြားနေတယ်
ငါနားကို ငါဆေးကြောမှ
သို့သော် ပွဲတင်သံက ထပ်ကာထပ်ကာ တိုးလာ
ကာလနား မရှိတရွေ့ရွေ့။

အရိပ်ကပုံရိပ်အဖြစ်ကျန်လို့
ခြေဖျက်ဖို့ ကြံလိုက်တိုင်း လှမ်းလိုက်တိုင်း
ငါမယုံနိုင်တဲ့ အရိပ်လှိုင်းကို တွေ့ရတယ်
အစမတွေ့တဲ့ အသိမဲ့ မိုးခါးရေများစီးကျ။

ငါနားမှ လူတစ်ချို့ (မေ့) လို့
ငါနားမှ လူတစ်ချို့ (အ) လို့
ငါနားမှ လူတစ်ချို့ (ပြုံး) လို့
ငါလည်း ငါကိုယ်ငါဆုံးမခဲ့
မင်းလိုက်မမိုက်စမ်းပါနဲ့
လျှောက်မြဲလျှောက်။

ပုဂံသား

ထိုကဗျာသည် ကျွန်မ၏အသိဉာဏ်တံခါးကို တိုးခေါက်ထိရှသွားစေပါသည်။ မိမိကိုကိုယ် ဆုံးမမှုပုံသဏ္ဌာန်မှ ယနေ့ ကာလရဲ့ လူပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့် ရုပ်ပုံလွှာများကို ဖွင့်ပြထားသည်မှာ ကျွန်မအတွက် နိုင်ငံရေးသင်ခန်းစာတစ်ပုဒ်ကို သင်ကြားခွင့်ရလိုက်သလို ဖြစ်ခဲ့ရပါသည်။ ၄င်းကဗျာစာရွက်ကလေးရဲ့ ထောင့်တစ်နေရာ၌ ဖေဖေ၏ လက်ရေးဖြင့် ရေထိုးထားသည့် ပုဂံသားဆိုတာကို တွေ့လိုက်ရ၍ ကဗျာရေးသူကို သိလိုက်ရသည့်အခါ ကျွန်မ၏ပီတိအပြုံးတွေကြားမှပြုံး၍ ပျော်ခဲ့ရပါသည်။ ချစ်ခြင်း၏အနက် ဘဝ၏ ကာရံထားချက်က ရင်မောရပါသည်။ မိန်းမသားဖြစ်၍ ပို၍ပင် မောလှပါသည်။ မောရသည်က မိန်းမတို့ရဲ့ ဘဝဆိုတာစ၍ ဖွင့်ချဖို့ခက်ခဲလှပေစွ။ လေပူစလေးများကို မှုတ်ထုတ်နေရင် စာသင်သွားပြရန် အချိန်လိုနေသဖြင့် ကျွန်မသည် အချိန်ကို စာဖတ်ခြင်းဖြင့် အကျိုးရှိရှိ အသုံးချလိုက်ပါတော့သတည်း။

□ □ □

# ကျွန်မ၏ငိုသံ

အချိန်ကာလသည် နွေနှောင်းကာလဖြစ်၍ ပူစပ်ပူလောင်ကြီး ဖြစ်၍နေပါသည်။ ငင်းအပူလှိုင်းထံ ပိုးအောက်ဥစ္စာမွဲ၍ ဘဝမဲ့သည့် လူ့အလွှာများအတွက် ညည်းတွားသံက တံတိုင်းအဖြစ်ခံစားနေရပါသည်။ သစ်ရိပ်ဝါးရိပ်ဟာ ခေတ္တခိုလှုံရာဟု ဆိုသော်လည်း ဘဝရဲ့ စေတမာန်အောက် အပူလှိုင်းဖြင့် စစ်ခင်းနေကြရသည်။

ဥစ္စာခနကြွယ်ဝသူက ခေတ်မီလေးအေးပေးစက်အောက်မှာ အေးမြချမ်းမြိန်နေချိန်မှာ ကျွန်မတွေ့လိုက်ရသည့် ဆိုက္ကားသမားလေးရဲ့ ဘဝသည် အသုဘယပ်တောင်လေးပင် ခတ်ချိန်မရှိ။ ချွေးသံရဲရဲဖြင့် မောရှိုက်နေပါသည်။

ကျွန်မသည် ရောက်မိရောက်ရာ တွေးနေချိန်မှာပဲ ပုဂံသားဆီသို့ ကျွန်မစိတ်ကလေးသည် ရောက်သွားခဲ့ပါသည်။ သူသည် ကျွန်မတို့ထံရောက်၍သာမလာတာ၊ သူ၏သတင်းများကို ကြားနေပါသည်။ ကျွန်မ၏အသိစိတ်၌ သူဘယ်ကိုရောက်လို့နေသလဲ။

ဘာတွေလုပ်နေတာလဲဟုတွေးရင်း ကျွန်မ၏ရင်ထဲ၌လည်း စောင့်မျှော်နေရသည်မှာ ပူစပ်ပူလောင် ဖြစ်၍နေပါသည်။ ပုဂံသားကို သတိရစိတ်နဲ့အတူ ပုဂံသား၏ယုံကြည်ချက် ခိုင်မာစွာ လျှောက်လှမ်းနေသည်။ ကျွန်မတို့နိုင်ငံ၌ ဖက်ထရယ်ဒီမိုကရက်တစ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်မည့် လူအဖွဲ့အစည်းသည် ရှေ့မှ ရှေ့သို့ ရောက်နေကြပြီလား။ သွားနေကြပြီလား။ ဒါမှမဟုတ် နောက်သို့ ဆုတ်ကာ၊ ဆုတ်ကာ ဘက်ပြိုင်နေတာလား။ ကျွန်မသည် နိုင်ငံရေးဉာဏ်စဉ် မမှီ၍ ထိုအကြောင်းများကို စဉ်းစားလိုက်တိုင်း ကျွန်မ၏ဦးနှောက်၌ ပူစပ်ပူလောင်ကြီးဖြစ်တတ်လာပါသည်။ အဲဒါတွေဟာ ဘာကြောင့် ဖြစ်လာရတာလဲ။ ကျွန်မတစ်ယောက် အဖြေရှာမရ ဖြစ်ခဲ့ရပါသည်။ ထိုအခါ ပုဂံသား၏စကားတစ်ခွန်းကို သတိရသွားပါသည်။ ကျွန်မအတွက် အင်အားအဖြစ် ပြည့်ဖြိုးလာပါသည်။ (ဆရာမလေးခင်ဗျာ ထွက်ပေါက်ပိတ်ရင် လူထုက တေးဆိုတတ်ပါတယ်။) ကျွန်မအာရုံ၌ ပြန်လည်၍ ကြားယောင်မိရင်း ပီတိပြုံးလေးများ ဖြာကျလာပါသည်။ ၄င်းတေးတစ်ပုဒ်ကို ဆိုတတ်အောင် လမ်းပြခဲ့သူများသည် ဝိညာဉ်တွေ၊ ဘဝတွေ၊ ချွေးတွေကိုပါ ပေးဆပ်ခဲ့ကြရပါသည်။ ယနေ့ထိပန်းတိုင်သို့ ခရီးပေါက်ရန် လျှောက်မြဲလျှောက်နေပါသည်။

ကျွန်မဆက်၍ ဖြန့်ကျက်ကြည့်လိုက်ပါသည်။ ကျွန်မတို့နိုင်ငံ၌ (၂၀၀၈) အခြေခံဥပဒေကြီးကို မကြိုက်လည်း ကြိုက်၍နေရပါသည်။ ပြုပြင်ရန် အသစ်ရေးဆွဲရန်ဆိုသည့် အယူအဆနှစ်ရပ်၏ အသံအောက်မှာ လူမှုဘဝပြဿနာတွေသည် မရပ်မနားဖြစ်ပေါ်နေပါသည်။ သို့သော် ထိုပြဿနာရပ်များသည် အဆုံးမသတ်ဘဲ မြုံ၍ငုံနေတာကို တွေ့နေရပါသည်။ ပြည်သူ့ပါတီ၏

ခေါင်းဆောင်၊ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါ တရားဥပဒေကို စိုးမိုးရေး ကော်မတီ၏ဥက္ကဋ္ဌတစ်ဦး ဖြစ်နေပါသည်။ ဒါပေမယ့် နိုင်ငံအဝှန်းတွင် မင်းမဲ့စရိုက်လက္ခဏာများ ထူပြောနေပါသည်။ တရားရုံးသည် အဂတိလိုက်စားရာ စားကျက်မြေအဖြစ် ဖွံ့ဖြိုးအားကောင်းနေပါသည်။ သတင်းစာမျက်နှာပေါ်၌ မင်းမဲ့စရိုက်ပြုမှုပုံနဲ့ တရားဥပဒေအား လေးစားလိုက်နာမှု ကင်းမဲ့နေသည့် သတင်းများက အများဆုံး လွှမ်းမိုးနေပါသည်။ ပြည်သူလူထု အများစု၏ ဘဝသည် တံခါးပျက်နေသည့် အိမ်တစ်လုံး၌ နေထိုင်နေရသည်ပမာ မလုံခြုံမှုကို ခံစားနေရပါသည်။

ဒီကနေ့ စာသင်ပြရသည်မှာ အရင်ထက်မတူဘဲ ကျွန်မ၏စိတ်တွေ လေးလံထိုင်းမှိုင်းကာ မရွှင်မလန်းဖြစ်နေပါသည်။ ထိုအချိန်၌ ကျွန်မစာသင်ပြပေးနေရသည့် ခရိုနီပေါက်စလေးအိမ်မှလူတွေသည် ပြည်သူ့ပါတီ NLD အား မနာလိုမရှုစိတ်စွာ ပြစ်တင်ရှုတ်ချကဲ့ရဲ့နေကြသည်။ ၎င်းတို့၏ ၎က်ဆိုးထိုးသံများကြောင့် ကျွန်မ၏ရင်ထဲ၌ စာသင်ပြရင်း မချည့်တင့်ကဲ ဖြစ်နေရပါသည်။ ထိုသူတို့ရဲ့ အရှင်သခင် အာကြီးများ၏ ကောင်းသတင်းတွေကို နားမရှက်ဝံ့စရာ ထုတ်ဖော်ဝံ့ကြွားသလို ကြားလိုက်ရသည့်အခါ သူတို့က မရှက်ရွံ့နိုင်ပင်မဲ့ ကျွန်မသည် သူတို့ကိုယ်စား ကျွန်မကိုယ်ကျွန်မ ရှက်စရာဖြစ်နေမိပါသည်။ သူတို့၏ သားသမီးများကို စာသင်ပြနေရ၍ မကြားချင်လည်း ကြားနေရသည်မှာ နားကြားမြင် ကတ်လှပါတော့သည်။ သို့သော် မသိဟန်ပြုကာ စာပြပေးနေရသည်။

ကျွန်မ၏နားအာရုံသည် ကာမေသုမိစ္ဆာစာရကံမှာ လွတ်မြောက်လာပြီးနောက် ကျွန်မ၏ရင်ထဲ၌ ကျွန်မ၏စိတ်တွေ စိုးရိမ်စိတ်လေးများပင် ဝင်လာမိပါသည်။ ၎င်းအိမ်ရှင်များမှ ပြောနေကြသလို ပြည်သူ့ပါတီ NLD ၏ ပါတီဝင်တချို့သည် ပြည်သူလူထုဘက်တော်သားများ ဖြစ်ကောဖြစ်နိုင်ပါသလား။ ထိုမေးခွန်းသည် ကျွန်မ၏စိတ်ထဲ၌ ကျွန်မကို ကျွန်မက ထပ်ကာထပ်ကာ မေးမိနေပါသည်။ ၎င်းမေးခွန်းလေးနဲ့အတူ ဖေဖေပြောပြခဲ့ဖူးသည့် ပြည်သူ့ပါတီ NLD ၏ မြို့နယ်အတွင်းက ဖြစ်ရပ်တစ်ခုဆီသို့ သွား၍ သတိရမိလိုက်ပါသည်။ ပါတီရုံးအတွင်း၌ အလုပ်မှုဆောင်အချင်းချင်းသည် ပုဂ္ဂိုလ်ရေးဆန်သည့် ပြဿနာကို အခြေပြုကာ ထိုးကြိတ်ကြသည်အထိ ဖြစ်ပွားခဲ့သည့် ရန်ပွဲသည် ကျွန်မ၏ စိတ်အာရုံပေါ်သို့ ခေတ္တ လွှမ်းမိုးလာပါသည်။ ထိုအခါ ကျွန်မကို ကျွန်မကပဲ စကားပြောလိုက်မိပါသည်။ ခေါင်းတံဆိပ်ကို ရင်ဘတ်မှာထိုးကာ ခေါင်းစိတ်ဓာတ်တွေ ပျောက်နေကြပြီလားဟု တတွတ်တွတ်ပြောမိနေတော့သည်။

နေမင်းကြီးသည် မညှာမတာ တစ်ဖက်သတ်စစ်ပွဲကို အနိုင်ယူပြီးနောက် သူမဟုတ်လေဟန် နှုတ်ဆက်ထွက်ခွာနေပါသည်။ ကျွန်မ၏ လေးလံထိုင်းမှိုင်းနေတဲ့ စိတ်ကလေးများကို တီဗွီဖန်သားပြင်ပေါ်သို့ ပစ်လွှတ်နေလိုက်သည်။ အိမ်၏ဧည့်ခန်းဆိုဖာခုံပေါ်မှာ ထိုင်နေသည့် ဖေဖေ၏မျက်ဝန်း၌ ညှိုးငယ်စိတ်များလွှမ်းမိုးနေသည်။ ကျွန်မကို ငေးမှိုင်စွာကြည့်နေရင်း ဖေဖေရဲ့စကားသံများသည် ကတုန်ကရီ ထစ်ထစ်ငေါ့ငေါ့ဖြင့်

"သမီးရေ ပုဂံသားတစ်ယောက် လေးစားတန်ဖိုးထားသည့် ဘကြီးဟံသာဝတီ ဦးဝင်းတင် ကျန်းမာရေး ချွတ်ယွင်းလို့ ရန်ကုန်

ဆေးရုံကြီး အရေးပေါ်အထူးကုကြပ်မတ်ဆောင်မှာ တက်ရောက်ကုသမှု ခံယူနေရတယ်"

ဖေဖေထံမှ ဘဘကြီး ဟံသာဝတီဦးဝင်းတင်၏ နားမကျန်းဖြစ်နေသည့် သတင်းကိုကြားလိုက်သည့်အခါ မျက်လုံးကလေးများဝိုင်းပသွားလျက် ကျွန်မ၏နားဝကိုပင် မယုံကြည်နိုင်စရာ ခန္ဓာကိုယ်တစ်ခုလုံး ဒယိမ်းဒယိုင်ဖြစ်၍ အံ့ဩထိတ်လန့်စွာ "ရှင်" ဆိုသည့် အာမေဋိတ်သံတစ်လုံးသာ ထွက်၍ မျက်ရည်ပေါက်လေးများ စီးကျလာပါတော့သည်။

ကျွန်မ၏ရင်ထဲမှာ ဂနာမငြိမ်နိုင်။ သောကမုန်တိုင်းတွေကို အံကြိတ်ကာ ထိမ်းထားလိုက်သည်။ အိမ်၏ ဘုရားကျောင်းဆောင်တော်ရှေ့သို့ သွားလိုက်သည်။ ဘုရားရှင်အား အာရုံပြု၍ ဘဘကြီးဟံသာဝတီဦးဝင်းတင်အတွက် တတ်သမျှ မှတ်သမျှ ဘုရားရှင်ရဲ့ ဂါထာများကို ရွတ်ဖတ်ကာ ကျန်းမာစေရန် ဆုတောင်းပေးနေတော့သည်။

နောက်တစ်နေ့ ညနေခင်းအချိန် ဖေဖေထံမှ ကြားလိုက်ရသည့် ဘဘကြီး၏သတင်းသည် ကျွန်မတစ်ယောက် ဝမ်းနည်းမိပါသည်။ သို့သော် ဂုဏ်ယူအံ့ဩရသည်စိတ်က ရင်ထဲ၌ ကိန်းဝပ်ပီတိဖြစ်ခဲ့ရပါသည်။ ခန္ဓာကိုယ်အား ဝေဒနာ၏ ဖောက်ပြန်တိုက်ခိုက်ခံနေရသည်ကို ပဓာနမထားဘဲ ဘဘ၏ နိုင်ငံနဲ့ နိုင်ငံသူနိုင်ငံသားများအပေါ် တန်ဖိုးထားချစ်မြတ်နိုးသည့် သူ၏ယုံကြည်ချက်ခိုင်မာကြောင်းကို လက်သီးကိုဆုပ် လက်မထောင်ပြခဲ့သည်မှာကြားရသူ ကျွန်မတစ်ယောက် ကြက်သီးမွေးညှင်းများ ဖြန်းဖြန်းထ၍ ဂုဏ်ယူဝံ့ကြွားရပါတော့သည်။

ဝေဒနာကို ဥပက္ခာပြုကာ ဘဘ၏ ခိုင်မာပြတ်သားတဲ့ ယုံကြည်ချက်ကို တွေ့လိုက်ရသည့် ခံစားမှုသည် ကျွန်မတို့လို လူစားမျိုးတွေ အားလုံးနှစ်သက်ဂုဏ်ယူကြမည်ဟု ကျွန်မ ယုံကြည်မိပါသည်။ ကျွန်မကဲ့သို့ ဘဘကြီးအား ကျန်းမာစေဖို့အတွက် ဆုတောင်းမျှော်လင့်နေကြမည်ဟု ယုံကြည်နေပါသည်။ ကျွန်မသည် ဂျာနယ်စာမျက်နှာပေါ်၌ မြင်တွေ့လိုက်ရသည်။ သတင်းစာဆရာ နိုင်ငံရေးသမားကြီး ဟံသာဝတီ ဘဘဦးဝင်းတင်၏ သံမဏိစိတ်ဓာတ်ကို တွေ့လိုက်ရပါသည်။ ခန္ဓာကိုယ်ဟာ စိတ်ရဲ့နောက်သို့ မလိုက်နိုင်ပင်မဲ့ မာန်မလျှော့သည့် ဘဘရဲ့ စိတ်ဓာတ်အလှတရားက ယုံကြည်ချက်ကို မယိုင်မလဲ လက်မထောင်နေသည့် မြင်ကွင်းသည် ကျွန်မ၏အာရုံပေါ်သို့ ဩဇာသက်ရောက်နေတော့သည်။

ငှင်းအတွေးအာရုံများကြားမှ ဘဘရဲ့ နိုင်ငံရေးယူဆပုံတွေ တတ်သိနားလည်မှုတွေသည် အတုယူစရာ စံပြခေါင်းဆောင်အဖြစ် ထင်ကျန်နေပါသည်။ ဘဘရဲ့ ယုံကြည်ချက်ခိုင်မာပုံတွေ ဘဘရဲ့ နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားတို့ အပေါ်ထားရှိတဲ့ စေတနာ မေတ္တာနဲ့ ပေးဆပ်မှုနှလုံးသားတို့သည် ကျွန်မ၏ မသိအာရုံပေါ်၌ တရိပ်ရိပ် ထပ်ကာထပ်ကာ လွှမ်းမိုးနေပါတော့သည်။

ကျွန်မတစ်ယောက် မရှက်ရှာနိုင်၊ တဖတ်သက် ရင်ခုန်နေရသည်။ ပုဂံသားသည် ဘဘရှိရာ ရန်ကုန်ဆေးရုံကြီး အထူးကုဆောင်ရှေ့က ဝရန်တာလမ်းကလေးပေါ်မှာ ဆုတောင်းပေးရင်း ဘဘရဲ့ ဝေဒနာနှိပ်စက်မှုဒဏ်ကို ခံစားနေရသည့် အဖြစ်ကို ကြည့်နေရင်း ဝမ်းနည်းပူဆွေးနေကြောင်းကို ဖေဖေထံမှ ကြားသိရသည့်အခါ ပုဂံသား၏ ရုပ်ပုံလွှာလေးသည် ကျွန်မ၏ဝမ်းနည်းပူဆွေးမှုတွေ အာရုံကြားဝယ် ထင်ယောင်လာခဲ့ပါသည်။

ကျွန်မတို့ရဲ့ ဆုတောင်းမှုနဲ့ မျှော်လင့်ခြင်းဆန္ဒတွေကို အနိစ္စတရားကပြုံး၍ ကြိုဆိုခဲ့ပါသည်။ ကျွန်မတို့ရဲ့ အတ္တစိတ်ကို အနတ္တတရားက အနိူင်းမဲ့ အနိုင်ယူသွားခဲ့ပါသည်။ ကျွန်မတို့ရဲ့ ဆုတောင်းမှုတွေသည် ဒီတစ်ခါတော့ အနိစ္စတရားအောက် မညှာမတာ ကျဆုံးခဲ့ရသည့် သတင်းစာဆရာကြီးလည်း ဖြစ်ပါသည်။ ဂန္တဝင်နိုင်ငံရေးသမားကြီးလည်း ဖြစ်ထိုက်ပါသည်။ လက်ရှိ NLD ပါတီ၏ နာယကကြီး မဟာသံမဏ္ဍိသူရဲကောင်း ဟံသာဝတီ ဘဘဦးဝင်းတင်သည် သူ၏ယုံကြည်ချက် လက်သီးကို ခိုင်ခိုင်မြဲမြဲဆုပ်ကာ တစ်ယောက်ထဲပင် ဖြစ်လင့်ကစား လက်မကို မားမားမတ်မတ်ထောင်၍ မာန်မလျှော့ဘဲ အံကိုတင်းတင်းကြိတ်ကာ အံတုခဲ့ပါသည်။ အာဏာရှင်စနစ်ရိုင်းကို တော်လှန်ခဲ့သည့် ခေါင်းဆောင်ကြီး သေမင်းနဲ့ နှိူင်းယှဉ်စစ်ခင်းရင် အနိစ္စတရားကို ဘဘကြီးတစ်ယောက် ကျေနပ်စွာလက်ခံလိုက်ရသည်။ ထိုသတင်းဆိုးကို ကြားလိုက်ရသည့် ကျွန်မ၏နှလုံးသားမှာ ချားရဟတ် အလှည့်ခံလိုက်ရသလို ပါးပြင်ပေါ်၌ အလိုလိုမျက်ရည်စများ စီးကျနေတော့သည်။

ကျွန်မတို့တစ်တွေ လျှောက်လှမ်းကြမည့် ဒီမိုကရေစီ ခရီးလမ်း၌ ဟာတစ်တစ်စိုတို့တို့ကြီး ဖြစ်သွားသလို ကျွန်မ၏ရင်ထဲ၌ ခံစားနေမိသည်။ ထိုခံစားမှုလေးနဲ့အတူ ဒီမိုကရေစီသူရဲကောင်းတို့အတွက် မီးရှူးတန်းဆောင်ကြီး ဘဘဦးဝင်းတင်၊ ဒီမိုကရေစီတိုက်စစ်မှူး ဟံသာဝတီဘဘဦးဝင်းတင် သံမဏိသူရဲကောင်းကြီး ရှားမှရှားတဲ့ နောက်လိုက်ကောင်းပီသသူ ခေါင်းဆောင်ကောင်းတို့ရဲ့ ဂုဏ်ပုဒ်နဲ့ ထိုက်တန်သူ ဂန္တဝင်လူသားကြီးပါလားဟု ရင်ထဲ၌ သရဏဂုံတည်သလို ရေရွတ်နေမိတော့သည်။

ဒီကနေ့သည် ထာဝရမမေ့နိုင်မဲ့ သတင်းစာဆရာ နိုင်ငံရေးသမား NLD ပါတီ၏ နာယကကြီး မဟာသံမဏိသူရဲကောင်းကြီး ဟံသာဝတီဦးဝင်းတင်၏ ရုပ်ကလပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ကြမည့်နေ့ ဖြစ်ပါသည်။ ကျွန်မတို့သားအဖနှစ်ဦးသည် တက္ကစီအငှားယာဉ်ဖြင့် ဘဘကြီးဟံသာဝတီ ဦးဝင်းတင်၏ရုပ်ကလပ်ရှိရာ ရေဝေသုသာန်သို့ နေ့လည် (၁) နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။ လမ်းရှိရာလမ်းဘေးတစ်လျှောက် လမ်းမကြီးဘေးတစ်ချပ်မှ စည်းကမ်းသေသပ်စွာ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများ၏ လမ်းလျှောက် ချီတက်ကာ ဂုဏ်ပြုနေကြသည့် လူထုပရိသတ်၏ မြင်ကွင်းပုံသည် မြင်လိုက်ရသူ ကျွန်မ၏ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညှင်းများ ဖြန်းဖြန်းထသွားခဲ့ပါသည်။ တစ်ဆက်ထဲ ကျွန်မ၏မျက်လုံးလေးများသည် ဝိုင်းစက်ကာ အံ့သြနေမိသည်။ ရေဝေးသု[illegible]တစ်ခုလုံးနဲ့ ပတ်ဝန်းကျင်အနီးအနား၌ အပြာရောင်တွေနဲ့အတူ ပင်နီရောင်တွေ လွှမ်းမိုးနေပါသည်။ လူထုပရိသတ်သည် နေပူရှိန်ခပ်ပြင်းပြင်းအောက်တွင် ကြက်ပျံမကျအောင် စည်ကားနေပါသည်။ လူထုပရိသတ်များကြား၌ ပုဂံသားကိုတွေ့ရန် ဂရုတစိုက် လိုက်ရှာကြည့်နေမိသည်။ သို့သော် ပုဂံသားအား မတွေ့သေးသော်လည်း တွေ့လိုက်ရသည်က ဖေဖေ့အနားသို့ လူတစ်ယောက်ရောက်လာပြီး ဖေဖေအား ကွန်ပျူတာစာရွက်လေးတစ်ရွက်ကို ဝေငှပေးလာသည်။ ဖေဖေသည် ကျွန်မကို တဆင့်ပေး၍ သိမ်းထားခိုင်းပါသည်။ ကျွန်မလက်ထဲသို့ ရောက်ရှိလာသည့် စာရွက်ကို လေ့လာကြည့်လိုက်သည့်အခါ ဘဘကြီးဦးဝင်းတင်အား ဂုဏ်ပြုထားသည့် ကဗျာတစ်ပုဒ်ဖြစ်နေသည်။

ကဗျာဆရာနာမည်သည် ကျွန်မအတွက် စိမ်း၍နေပါသည်။ ထိုကဗျာရေးသူသည် ဘယ်သူလဲဟုတွေးရင် ၄င်းအကွေးစကိုရပ်၍ စာရွက်ကလေးအား အိတ်ထဲသို့ ထည့်ထားလိုက်ပါသည်။

လူအုပ်ကြီးထဲမှ ဘ ာရဲ့ရုပ်ကလပ်ထားရာ ခန်းမကြီးထဲသို့ ဂါဝရပြုရန် လူအုပ်တန်းထဲသို့ ဖေဖေက ရှေ့မှတန်းဝင်စီလိုက်သည်။ မကြာပါ ဘဘ၏ရုပ်ကလပ်ရှိရာသို့ ကျွန်မတို့ သားအဖနှစ်ဦးရောက်သွားပါသည်။ ကျွန်မတို့သားအဖသည် ဘဘရဲ့ရုပ်ကလပ်အား အခမ်းအနားကျင်းပသူ၏ အစီအစဉ်အတိုင်း ဂါဝရပြုလိုက်ပါသည်။ ၄င်းနောက် အများနည်းတူ အခြားတစ်ဖက်ပေါက်မှ ထွက်လာရသည်။ ခန်းမကြီး၏ အပေါက်ဝအရောက်တွင် အပြုံးတွေနှင့် နှုတ်ဆက်နေသည့် ပုဂံသားကို တွေ့လိုက်ရသည်။ ပုဂံသားသည် ကျွန်မတို့သားအဖအား သူ၏ဆရာမိတ်ဆွေ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆက်ပေးပါသည်။ ဆက်ပြီး နိုင်ငံရေးခေါင်းဆောင်တချို့နဲ့ ကျောင်းသားခေါင်းဆောင်တချို့ပါ မိတ်ဆက်ပေးခဲ့ပါသည်။ ဒါထက် ပုဂံသားက ကျွန်မတို့သားအဖအား ဘဘကြီး၏ မွေးစားသမီးနှင့်အတူ မိသားစုအားလုံးနီးပါးနှင့် မိတ်ဆက်ပေးပါသည်။ ပုဂံသားသည် ကျွန်မတို့သားအဖအား နှုတ်ဆက်ကာ သူ၏လုပ်စရာရှိတာတွေ လုပ်ကိုင်ဖို့ ခွင့်ပြုရန် ခွင့်ပန်စကားကိုဆို၍ အနားမှ သူတို့အုပ်စုနဲ့အတူ ထွက်သွားပါသည်။ ထိုအချိန်၌ ကျွန်မသည် သူ၏ကျောပြင်ကြီးကို ငေးကြည့်ကာ ပြုံးမိလိုက်ပါသည်။

ရေဝေးသုသာန်ပြင်တစ်ခုလုံး လူထုပရိသတ်က လူ့ပင်လယ်ကြီးဖြင့် စည်ကားနေသည့်အချိန်သည် နေရောင်ရှုရှုအောက်မှာ ဘဘရဲ့ရုပ်ကလာပ်ကို ဂူသွင်းရန်၊ အုပ်ဂူတည်ရှိရာသို့ လူအုပ်တန်း

ကြီးဖြင့် သယ်ဆောင်နေသည့် မြင်ကွင်းသည် မြင်ရသူများအဖို့ ကြက်သီးဖြန်းဖြန်းထကာ ဝမ်းနည်းကြေကွဲနေကြပါသည်။

ဘဘရဲ့ ရုပ်ကလာပ်ရှေ့မှ ပန်းခြင်း၊ ပန်းခွေများကို စီတန်းကာ ကိုင်ဆောင်ကြသူများပင် ရှည်လျားနေသည့် မြင်ကွင်းသည် မြင်ရသူကျွန်မအဖို့ အံ့သြနေမိသည်။ အံ့သြစိတ်နဲ့အတူ အနောက်မှ ထပ်ကြပ်မကွာလိုက်ပို့နေရင်း ကျွန်မ၏ရင်ထဲ၌ ဂန္ဓာဝင်လူသားကြီးတစ်ဦး၏ နောက်ဆုံးခရီးကို လူထုရဲ့နှလုံးသွေးများဖြင့် ငြိမ်းချမ်းစွာ အိပ်စက်ပေးနေသည့် ခံစားချက်ကို ရင်ဝယ်ပိုက်ကာ ကျွန်မ၏ ပါးပြင်ပေါ်၌ မျက်ရည်စများ စီးကျနေတော့သည်။

နေဝင်ခါနီးအချိန်မှာပဲ ဘဘရဲ့ရုပ်ကလပ်ကို ဂူသွင်းသင်္ဂြိုလ်၍ ပြီးစီးသွားပါသည်။ ကျွန်မတို့သားအဖသည် ဒေသရပ်ကျေးမှ လာရောက်ပို့ဆောင်ကြသည့် ရပ်ကျေးပါတီဝင်ကားတစ်စီးဖြင့် အိမ်အပြန်ခရီးကို လိုက်ပါလာခဲ့ပါသည်။ မိမိတို့ နေထိုင်ရာ FMI အိမ်ယာဝင်းသို့ ည (၇) နာရီလောက်မှ ပြန်ရောက်ခဲ့ကြသည်။ အိမ်ထဲသို့ ရောက်ရောက်ခြင်းပင် ဖေဖေက

"သမီးရေ ပုဂံသားက သူ့ဘကြီးအတွက် ကဗျာရေးပြီး ကျေးဇူးဆပ်သွားတယ်"

ဖေဖေစကားကြောင့် ကျွန်မသည် သိလိုက်မိပါသည်။ ကျွန်မလက်ထဲမှာ ရှိနေသည် ကဗျာပိုင်ရှင်သည် ပုဂံသားဖြစ်နေပါသည်။ ဖေဖေသည် အိမ်၏ဧည့်ခန်း ဆိုဖာခုံပေါ်၌ ငိုင်၍ ညစာစားချင်စိတ်မရှိကြောင်း ပြောလာပါသည်။ ကျွန်မသည်လည်း ညစာစားချင် စိတ်မရှိ၍ အိပ်ခန်းဆီသို့ တန်း၍ဝင်လာပါတော့သည်။ အိပ်ယာထက်ပေါ်၌ လဲလျောင်းရင်း ကဗျာကို ဖွင့်ဖတ်ကြည့်လိုက်သည်။ ကျွန်မပြုံးလိုက်ရင်း ...

## မဟာသံမဏိလူသား

မာန်မကြွေးတဲ့အဖိုးရေ
ကံကြွေခဲ့ရပြီ
အဲဒါ (၂၁) ရာစုတော်လှန်သမိုင်း
တို့ရဲ့ လမ်းပြကြယ်ကြီးပော့။

(၂၁) ရာစု အဖိုးရဲ့မှာတမ်း
နှလုံးသဲပွတ်တိုင်ထိုးစိုက်
မာန်သွေးဖြန်းဖြန်းထခဲ့
သွေးနီသျှမ်းသျှမ်းကြွခဲ့
ဒီမိုကရေစီခရီးလမ်းအတွက်
အာဏာရှင်စနစ်ရိုင်းကို
ကုန်းမခံဘဲ ရန်းကန်တွန်းလှန်ဖို့
အမေစုနောက်က ဝိုင်းရုံကြတဲ့။

မာန်မခတဲ့ အဖိုးရေ
ကံကြွေခဲ့ရပြီ
အာဏာရှင်စနစ်ရိုင်းရဲ့ တော်လှန်သမိုင်း
ဒီမိုကရေစီခရီးလမ်းရဲ့ စိန်တောင်ကြီးပော့
အဲဒါတို့ရဲ့ (၂၁) ရာစုအဖိုး
ပြည်ရဲ့အလှရတနာ
လူထုအတွက် ဘဝနမူနာ
နီတိတို့အတွက် လမ်းပြကြယ်။

အဲဒါ ခေတ်တစ်ခေတ်ရဲ့အဖိုး
ဒီမိုကရေစီသူရဲကောင်းတို့ရဲ့အဖိုး
သစ္စာကဗ္ဗလာဝတ်ရုံလွှာအား
မချွတ်စတမ်း ဆင်မြန်းသွားတဲ့
မဟာသံမဏိလူသားကြီး
ဟံသာဝတီဦးဝင်းတင်

အစဉ်လေးစားလျက် (သား)
၂၁.၄.၂၀၁၄

ကျွန်မသည် ၎င်းကဗျာအား အခေါက်ခေါက် အခါခါ ဖတ်နေမိပါသည်။ ဘဘရဲ့ဖြူစင်တဲ့ နှလုံးသားလက်တစ်စုံကို တွေ့လိုက်ရပါသည်။ ဘဘရဲ့နောက်ဆုံးခရီး၏ ရုပ်ပုံကားချပ်လေးများသည် အံ့သြရင်နစ်စွာ မြင်ယောင်နေမိပါသည်။ ၎င်းရုပ်ပုံကားချပ်လေးများနဲ့အတူ ဘဘရဲ့တိုင်းပြည်အပေါ်ထားခဲ့သည့် စေတနာတွေ အနစ်နာခံခဲ့ရပုံတွေ ဘဘရဲ့ ဖြူစင်သန့်ရှင်းတဲ့ စိတ်ဓာတ်၊ တည်ကြည်ပြတ်သားတဲ့ စိတ်ဓာတ်တွေကို မြင်ယောင်လာပါသည်။ ထိုအခါ ကျွန်မတစ်ယောက် ဂုဏ်ယူအားကျလာပါသည်။ ယနေ့ ဘဘရဲ့ ဈာပနာအခမ်းအနားက သက်သေပြပေးလိုက်ပါသည်။ လူထုပရိသတ်ရဲ့ ဘဘအပေါ် မေတ္တာထားကြပုံ၊ လေးစားယုံကြည်ပုံတွေကို တွေ့လိုက်ရခြင်းသည် ဘဘ၏ ဂန္ထဝင်လူသားတစ်ဦးလည်း ဖြစ်ခဲ့ပါပြီ။ မဟာသံမဏိလူသားတစ်ဦးဆိုတာကို မမှားနိုင်ခြင်းဟု ထိုယုံကြည်စိတ်နဲ့အတူ ဘယ်အချိန်အိပ်ပျော်မလဲ မသိ။ ပီတိဖြာလိုက်၊ ဝမ်းနည်းလိုက်ဖြင့် ဒီညကို ဖြတ်ကျော်ရပါတော့မည်။

ဘဘ၏ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့ညနေခင်း နေဝင်ချိန် ပုဂံသားတစ်ယောက် ကျွန်မတို့အိမ်သို့ ထုံးစံအတိုင်း သူ၏စီးတော်မြင်း စက်ဘီးစုတ်လေးကိုစီးကာ ရောက်လာပါတော့သည်။

ပုဂံသားတစ်ယောက် ထိုင်ခုံ၌ ဝင်ထိုင်လိုက်သည့်အခါ ကျွန်မနဲ့ဖေဖေသည် ချက်ချင်းဆိုသလို "ညစာစားပြီးမှ ပြန်ရန်" တပြိုင်နက်ထဲ ပြောမိလိုက်ကြသည်။ ဖေဖေနဲ့ ကျွန်မ အတွေးတူနေသဖြင့် ကျွန်မ မျက်လုံးကလေးများ ဝိုင်းပသွားကြသည်။ ပုဂံသားက ပြုံး၍

"ဗိုက်ဆာနေတာနဲ့ အတော်ပဲဖြစ်သွားပြီး စားပြီးမှပဲ ပြန်ပါ့မယ်ခင်ဗျာ"

ပြောနေရင်း ကျွန်မအား ခိုးကြည့်နေသည်။

ဖေဖေက

"ပုဂံသားရေ ဘဘမရှိတော့ တို့ရဲ့ဒီမိုကရက်တစ်အင်အားစုတွေအတွက် အင်အားလျော့သွားတယ်ဆိုတဲ့ မသိစိတ်ကလေး အန်ကယ်စိတ်ထဲမှာ ခံစားနေမိတယ်။ ဒီမိုကရက်တစ်အင်အားစုတွေအတွက် မဟာတံတိုင်းကြီးအဖြစ် အန်ကယ်က ယုံကြည်ထားပါတယ်။ ဘကြီးဦးဝင်းတင်ရဲ့ ယုံကြည်ချက် ခိုင်မာပုံနဲ့ နိုင်ငံတော်ချစ်တဲ့ စိတ်ဓာတ်ကို လေးစားမိပါတယ်။ ဘကြီးရဲ့ ထူးခြားချက်က ထက်မြတ်တယ်။ ပြတ်သားတယ်။ ဘဘရဲ့ ကလောင်သွားကို ကြည့်ရင် ထက်တယ်၊ ရှတယ်၊ ရှင်းတယ်၊ လင်းတယ်။ ဒီတော့ ဘကြီးဟာ ဒီမိုကရက်တစ်တို့ရဲ့ မီးရှူးတန်ဆောင်ကြီးပေါ့"

ဖေဖေရဲ့ ဝမ်းနည်းသံက ကျွန်မ၏ရင်ထဲ ဆို့တတ်သွားပါသည်။ ဖေဖေက လေသံအားပျော့ပျော့လေးဖြင့် ဆက်၍

"ဘကြီးမရှိတော့ ဝမ်းနည်းမိပါတယ်။ ဝမ်းနည်းစိတ်ကို ခွန်အားဖြည့်ဖို့ မျှော်လင့်မိတာကတော့ ဘဘလို လူစားမျိုးတွေ ပွင့်ထွန်းပါစေလို့"

စကားစကို ဖြတ်၍ ရင်ဖွင့်ချလိုက်သည်။

ဖေဖေရဲ့စကားရပ်တန့်သွားပြီးနောက် ပုဂံသားတစ်ယောက် အသက်ပါလှသည့် သူ၏အပြုံးများကို ဖြာကြဲလျက်

"အန်ကယ်ရဲ့သဘောထားကို ကျွန်တော်ထောက်ခံပါတယ်။ တန်ဖိုးထား အသိအမှတ်ပြုပါရစေ။ အန်ကယ်ဘက်က ဘဘရဲ့ အပေါ်ထားရှိတဲ့ သဘောထားနဲ့ စေတနာတွေကို ပကတိ တွေ့ရှိရတော့ ဘဘကိုယ်စားလို့ ဆိုရပါမယ်။ နှစ်သက်မိပါတယ်။ ဘဘကို တန်ဖိုးထားမြတ်နိုးကြသူအားလုံးသည် နမြောတမ်းတကြလိမ့်မည်ဟု ယုံကြည်ပါတယ်ခင်ဗျာ"

စကားစကို ဖြတ်ကာ ပုဂံသားက "ဒါပေမယ့်" လို့ ဆိုလိုက်သည့်အခါ ကျွန်မ၏မျက်လုံးကလေးများ ဝိုင်းပသွားပါသည်။ မျက်ခုံးလေးများသည် တွန့်ခေါက်သွားပါသည်။ ကျွန်မကဲ့သို့ ဖေဖေလည်း မျက်လုံးကလေးများ ဝိုင်းပသွားသည်။ ပုဂံသားက အပြုံးများမပျက် စကားစကို ရပ်ထားရာမှဆက်၍

"ငှင်းအဖြစ်အပျက်ကို မျှော်လင့်ကာ ပျော်ရွှင်ကြသူများလည်း ရှိနေနိုင်ပါတယ်။ အသွင်မတူညီတဲ့ လူတစ်ချို့ကတော့ အဲဒီလောက်ထိ ဘယ်ဝမ်းနည်းကြမလဲ။ ဘဘကို ခေါင်းမာတယ်ဆိုပြီး အပြစ်မြင်သူတွေ အပြစ်ပြောကြသူတွေကတော့ လိုက်ကာနောက်မှာကြိတ်ပြီး ပျော်နေကြမှာပေါ့"

ဖေဖေသည် ပုဂံသားစကားကို ကြားဖြတ်ကာ

"ဘဘဦးဝင်းတင်ကို မုန်းတဲ့လူတွေ ရှိနိုင်တာကို ယုံပါတယ်။ ဒါပေမယ့် ပျော်ရွှင်ကြသူတွေ ရှိနိုင်တာကိုတော့ မယုံတဝက် ယုံတဝက်ဖြစ်နေမိပါတယ် ပုဂံသား။ သို့သော် လက်ခံရမှာပေါ့။ တို့ရဲ့ ဗုဒ္ဓဘုရားရှင်တောင်မှ ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးနဲ့ တွေ့ခဲ့ရတာ တို့တစ်တွေက ပုထုဇဉ်ဆိုတော့ အန်ကယ်လက်ခံရမှာပေါ့"

ပုဂံသားသည် ဖေဖေစကားအဆုံးမှာ သူက

"ပါမောက္ခကြီးခင်ဗျာ ဘဝဆိုတာ ပြဿနာနဲ့ နပမ်းလုံးရတာကို ခေါ်ပါတယ်။ ပြဿနာရဲ့နောက်မှာ ဆက်စပ်ပြီး မွေးဖွားလာသည်က ချစ်ခြင်းနဲ့ မုန်းခြင်း ဖြစ်လာပါတယ်။ ဒါပေမယ့် ဘဘရဲ့ နှလုံးသားမှာ ပုဂ္ဂိုလ်ရေးအမုန်းတရားတွေ မရှိပါဘူး။ ဘဘရဲ့ ရင်ထဲမှာ နေရာနဲ့ အာဏာမက်တဲ့ စိတ်ဓာတ်ကို မတွေ့ရပါဘူး။ ဘဘရဲ့ ဖြတ်သန်းမှုသမိုင်းမှ ဘဘက ရိုးရှင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘဘရဲ့ အသိဉာဏ်မှာ ဥစ္စာနေအား ခင်မင်ကိုင်ကွယ်မှု ကင်းရှင်းလို့ပါဘဲ။ ဒါကို သက်သေပြသွားတာက သူရဲ့ပိုင်ဆိုင်သမျှကို မတည်ပြီး နိုင်ငံရေးအကျဉ်းသား ထောက်ပံ့ရေးအတွက် ဦးဝင်းတင် ဖောင်ဒေးရှင်း ဖြစ်ထွန်းလာတာဟာ ငြင်းဆိုနိုင်ခွင့် မရနိုင်တဲ့ သက်သေပဲဖြစ်ပါတယ်"

ဖေဖေသည် ပီတိပြုံးကလေးကိုပြုံး၍

"အန်ကယ်လည်း ရန်ပုံငွေသွားလှူလိုက်သေးတယ်"

ဟု ထောက်ခံစကားပြောလိုက်သည်။ ပုဂံသားသည် ဂုဏ်ယူသော အပြုံးနဲ့အတူ

"ဂုဏ်ယူပါတယ် ပါမောက္ခကြီးခင်ဗျာ။ ဘာဘာဟာ တကယ်တော့ အစွန်းရောက်ခေါင်းမာသူ မဟုတ်ပါဘူး ခင်ဗျာ။ ယုံကြည်ချက် ခိုင်မာသူပဲဖြစ်ပါတယ်။ ဘာဘာဟာ ပုဂ္ဂိုလ်ရေးဆန်ဆန် အမုန်းပွားရပ်တည်နေတာ မဟုတ်ပါဘူး။ စစ်အာဏာရှင်ဝါဒကိုဘဲ မုန်းတီးရွံရှာသူပါခင်ဗျာ။ သေချာသွားတာတစ်ခုကတော့ ယခုအခါမှာ ဘာဘာဟာ အနိစ္စရဲ့ စေတမန်အောက်မှာ ငြိမ်သက်သွားပါပြီ။ လက်ရှိအနာဂတ်မှာ ကျန်ရှိသက်ဝင်နေတာကတော့ ဘာဘာရဲ့နိုင်ငံရေး ဂုဏ်သိက္ခာ၊ ဘာဘာရဲ့ စာပေတန်ဖိုး ဖြစ်ပါတယ်။ လူဇာတ်ခုံက သတ်မှတ်ပေးတာကတော့ မဟာသံမဏိလူသားတစ်ဦးပဲ ဖြစ်ပါတယ်"

ပုဂံသား၏ သဘောထားကို ကျွန်မသည် ပီတိအပြုံးလေးများဖြင့် ထောက်ခံနေလိုက်သည်။ ပုဂံသားက သူ၏စကားဆက်လိုက်ပြန်ပါသည်။

"ဘာဘာရဲ့ အသုဘဈာပန အခမ်းအနားသို့ ကြည့်လိုက်ရင် တွေ့ရပါမယ်ခင်ဗျာ။ မြင်ကွင်းက အံ့ဖွယ်ဖြစ်ရပ်တစ်ခုပါ။ နှလုံးသားနဲ့ သင်္ဂြိုဟ်ကြပါတယ်။ စေတနာမေတ္တာယာဉ်များနဲ့ သယ်ပိုးကြတာတွေဟာ လက်တွေ့ကျကျ သက်သေတွေပဲ ဖြစ်ပါတယ်"

ပုဂံသား၏ ထောက်ပြချက်အဆုံး၌ ကျွန်မနဲ့ ဖေဖေသည် အပြုံးတွေကို အလှဆုံး အသက်ဝင်စွာ ပြုံးလိုက်ကြပါသည်။ ဖေဖေက ထိုအပြုံးများနဲ့အတူ

"ပုဂံသားရေ ဝမ်းနည်းကြေကွဲရတာလည်း သဘာဝကျပါတယ်။ ဒါထက် အရေးကြီးတာကတော့ ဘာဘာရဲ့ ဓားတစ်လက်ကို ဝိုင်းထမ်းပိုးဖို့လိုပါတယ်။ ဘာဘာရဲ့ ယုံကြည်ချက်ကို

ပြည့်မြောက်ဖို့ အချိန်အခါတစ်ခုကို စောင့်၍ လုံ့လစိုက်ချီတက်ရမယ်လို့ အန်ကယ်ကတော့ မျှော်လင့်မိတယ်နော်''

ပုဂံသားသည် အားရပါးရ ပြုံးလိုက်ကာ အသံထွက်၍ပင် ရယ်မောနေပါသည်။ နှစ်သက်ရွှင်လန်းနေပါသည်။ သူ၏အပြုံးတွေ၊ အရယ်တွေကို တိကျနဲ့ရပ်လိုက်ကာ

''ပါမောက္ခကြီးရဲ့ အမြင်သဘောထားဟာ အဓိပ္ပာယ်နက်ရှိုင်းပါတယ်။ နိုင်ငံရေးအနှစ်သာရ ပြည့်ဝတဲ့ အယူအဆဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေက ကြိုးစားရမှာပေါ့ ပါမောက္ခကြီး''

ဟုဆင့်၍ ပြောလိုက်သည်မှာ ကြက်သီးမွေးညင်းများ ဖြန်းဖြန်းထသွားပါတော့သည်။

စကားပြောကောင်း၍ စကားပြောလိုက်ကြသည်မှာ အမှောင်စပင် ကြီးစိုးနေပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ စကားဝိုင်းကိုဖြတ်၍ ထမင်းဝိုင်းသို့ ဦးတည်လိုက်ကြသည်။ ထမင်းသုံးဆောင်၍ ပြီးစီးသည်နှင့် ပုဂံသားသည် ထုံစံအတိုင်း နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ကျွန်မသည် ဖေဖေအနားမှထိုင်၍ တီဗွီကြည့်နေရင်း၊ ကျွန်မ၏စိတ်ထဲ၌ ကဗျာရေးချင်စိတ် ဖြစ်ပေါ်လာပါသည်။ ကျွန်မသည် ၄င်းစိတ်ကူးလေးကို အကောင်အထည်ဖော်ရန် ကျွန်မ၏ အိပ်ခန်းရှိရာသို့ ထလာပါတော့သည်။ ကဗျာဟုတ် မဟုတ်တော့ မသိပါ။ ရင်ထဲက ခံစားမိသမျှကို စာရွက်အလွတ်ပေါ်တွင် ရေးချလိုက်ပါသည်။

## ငိုခဲ့မိပါသည်

အပြာရောင်မိုးကောင်းကင်အောက်
သုဿန် 'ရေဝေး' နံရံတွေမှာ
အပြာရောင်လှိုင်းတွေ ရစ်ရစ်ထ။

အပြာရောင်တွေ ဆင်မြန်းရင်း
ပွဲတင်ထပ် ရစ်ရစ်ကြွလို့
ဘဘရဲ့ ထောင်လွှာတဲ့လက်မ
ကျစ်ကျစ်ဆုတ် ယုံကြည်ချက်အသံ
လက်ဆင့်ကမ်း ပွဲတင်ထပ်ကြဟော့။

ရုပ်ကလပ်က အနိစ္စကိုရှုံး
စိတ်ဓာတ်က တံခွန်ထူလို့
ယုံကြည်ချက်က အောင်လံထူဖို့
မျိုးဆက်သစ်တို့ရဲ့ ပွဲတင်ထပ်
နှလုံးသားက သက်သေပြုလို့
ဘဘရေ ငိုခဲ့မိပါသည်။

ဘဘရဲ့ ဝိညာဉ်မဲ့ ရုပ်ကလပ်ကို ရှေ့မှာထား
သစ္စာပြုသံတွေ ဟိန်းဟိန်းကြွ
လူထုက လူသားတစ်ဦးကို
နှလုံးသားနဲ့ သင်္ဂြိုဟ်ကြ။

ဘဘရဲ့ ဈာပနမှာ
တွေ့လိုက်ရတဲ့ မြင်ကွင်း

မြင်ရသူနှလုံးသား၌
ကြက်သီးတွေ ဖြန်းဖြန်းထ
ဘဘရဲ့ မှာတမ်းစကား
လက်သီးကိုဆုတ် လက်မထောင်လို့
မြဲမြဲခိုင်ခံ့ ဘဘမသေဘူးဟေ့။

လူထုရဲ့ လူထုသမိုင်းမှာ
ဘကြီးရဲ့ ဓားတစ်စင်ကို ထမ်းလို့
နှလုံးသားမှာ ဘဘရှိတယ်
ယုံကြည်ချက်မှာ ဘဘရှိတယ်
သစ္စာတရားမှာ ဘဘရှိတယ်
တာဝန်ကျေတဲ့ ဘဘအနားမှာ
မျိုးဆက်သစ်တို့ ရှိတယ်ဟေ့။

**ခင်ဆင့်မေ**

ကျွန်မရေးလိုက်သည့် ထိုကဗျာကို ကျွန်မသည် အခေါက်ခေါက် အခါခါ ဖတ်ကြည့်နေမိပါသည်။ ထိုကဗျာကို ပြန်ဖတ်ရင်းပြုံးလိုက်၊ ပီတိဖြစ်လိုက် ဖြစ်နေရာမှ ၂၀၁၃ နိုဝင်ဘာ (၂၇) ရက်နေ့ကိုပြေး၍ သတိရသွားသည်။ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဩစတြေးလျနိုင်ငံ ဆန်ဒနီတက္ကသိုလ်မှ ပေးအပ်လိုက်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို လက်ခံရယူမှုနှင့်အတူ အမေ့ရဲ့မိန့်ခွန်းမှ ကောက်နုတ်ချက်ဆိုမိန့်သံကို သတိရသွားသည်။ "မြန်မာကို ဒီမိုကရေစီအသွင်ပြောင်း နိုင်ငံအဖြစ်ယူဆသူများမှားယွင်း၊ ဘာကြောင့် မှားသလဲ သိလိုပါက ဖွဲ့စည်းပုံကို လေ့လာရန် ဒေါ်စုတိုက်တွန်း" (၂၈.၁၀.၂၀၁၃) ၏ စံတော်ချိန်သတင်းစာ၏ မျက်နှာဖုံးရှေ့ကို မြင်ယောင်နေမိတော့သည်။

□ □ □

# ရင်ခုန်စရာ

မိုးဦးကျကာလဖြစ်၍ နေ၏အပူရှိန်သည် ဖျော့တော့တော့ ဖြစ်နေပါသည်။ တနင်္ဂနွေရုံးပိတ်ရက် ဖြစ်နေပါသည်။ ကျွန်မတို့ သားအဖသည် အိမ်မှထွက်ဖို့ ပြင်ဆင်နေလိုက်သည်။ ဖေဖေ၏ ပညာရေးလောကမှ လုပ်ဖော်ကိုင်ဖက်ဟောင်း တစ်ဦးဖြစ်သည့် ပါမောက္ခငြိမ်း ဦးမောင်မြင့်ထံသို့ တက္ကစီငှားစီးကာအိမ်မှ ထွက်လာခဲ့ပါသည်။

နံနက် (၁၀) နာရီခန့်လောက်တွင် ကျွန်မတို့ သားအဖနှစ်ဦး ရောက်ခဲ့ပါတော့သည်။ ပါမောက္ခကြီးအိမ်၌ မြင်တွေ့လိုက်ရသည့် မြင်ကွင်းသည် အံ့ဩနေမိပါသည်။ ၄င်းခြံထဲ၌ အနီရောင်တွေ လွှမ်းမိုးနေပါသည်။ ၄င်းအိမ်ကြီးထဲသို့ ဝင်လိုက်မိသည့်အခါ ကျွန်မတို့သားအဖနှစ်ဦးစလုံး ပို၍ အံ့ဩခဲ့ရပါသည်။ ဧည့်ခန်း၌ ဧည့်သည်ဆယ်ဦးမျှခန့်ကို တွေ့ရ၍ ဖြစ်ပါသည်။

ကျွန်မတို့ သားအဖအား ၄င်းအုပ်စုထဲမှ လူလတ်ပိုင်းတစ်ဦးက သိနေသည်။ ထိုသူက အသံထွက်၍ပင် ကျွန်မတို့ သားအဖအား စူးစိုက်ကာကြည့်၍

"ပုဂံသားနဲ့ ရင်နှီးတဲ့ ပါမောက္ခကြီး"

ဟု ပြောလိုက်သည့်အခါ ကျန်လူတချို့သည် ကျွန်မတို့ သားအဖကို ဝိုင်းကြည့်ကာ မျက်နှာအနည်းငယ်မျှ ပျက်သွားကြပါသည်။ သို့သော် ချက်ခြင်းမှိုသလို သူတို့တတွေသည် ဟန်ဆောင်သည့်အပြုံးများကို ပြုံးပြကြကာ တပြိုင်နက်ထဲ အားလုံးထပြန်ရန် စိုင်းပြင်းကြပါတော့သည်။ သူတို့တစ်တွေဟာ သူတို့လည်း သူတို့၏စိတ်ဓာတ်ကို မလုံမလဲ ဖြစ်နေကြပါသည်။

ထိုမြင်ကွင်းကို တွေ့လိုက်ရသည့် ကျွန်မတစ်ယောက်ကြိတ်၍ ပြုံးလိုက်မိပါသည်။ သူတို့တစ်တွေသည် နေရာနဲ့ ကိုယ်ကျိုးကို ရှေ့တန်းတင်ကြမည့်သူများအဖြစ် ကျွန်မ၏စိတ်ထဲ၌ အလိုလို ရိပ်စားမိ လိုက်ပါသည်။

ပါမောက္ခကြီး ဦးမောင်မြင့်သည် သူ၏အပြုံးကို ဝေဖြာကာ ဖေဖေအား ထိုအပြုံးဖြင့်ပင် ဧည့်ဝတ်ပြုလိုက်သည်။ ၄င်းတို့တစ်တွေ ထပြန်သွားကြသည်နေရာ၌ပင် ကျွန်မတို့သားအဖနှစ်ဦး ဝင်ထိုင်လိုက်ပါသည်။ သူ၏အိမ်ရှင်မလည်း ဧည့်ခန်းဘက်သို့ ထွက်လာကာ နှုတ်ဆက်လာပါသည်။

ပါမောက္ခကြီးဦးမောင်မြင့်သည် ယခုအခါ ပြည်သူ့ပါတီ၏ NLD မှ ပါတီဝင်အလုပ်မှုဆောင်ဖြစ်နေကြောင်း သိလိုက်ရပါသည်။ သူ၏ရှေ့အနာဂတ်ရည်မှန်းချက်ဖြစ်သည့် (၂၀၁၅) အလွန်မှာ သူ၏ဘဝရပ်တည်ခြင်းသည် ပုံရိပ်လွှာကို ဖေဖေအား နှစ်သက်ဂုဏ်ယူစွာ ချပြနေပါသည်။ သူ၏ဇနီးသည် အိမ်ရှင်မသည် သူ၏

ခင်ပွန်းသည် စကားကိုအနားမှ နားထောင်၍ ပြုံးလို့၊ ပျော်လို့ ပီတိဖြာကြနေပါသည်။ ဖေဖေသည် ဟန်ဆောင်တဲ့ အပြုံးဖြင့် နားထောင်နေသော်လည်း ဖေဖေရဲ့ စိတ်ထဲ၌ သူ၏မိတ်ဆွေအား ဟားတိုက်ရယ်ပစ်ချင်နေသည်ကို သိလိုက်ရသည်။ သို့သော် ဖေဖေသည် အပြုံးမပျက်ဘဲ နားထောင်၍ ပေးနေပါသည်။

ကျွန်မသည် ထိုအချိန်၌ ပုဂံသားအားပြေး၍ မြင်ယောင်လာမိပါသည်။ ကျွန်မအား ပုဂံသားက ပြောခဲ့ဖူးသည့် အကြောင်းကို ပြန်၍ ကြားယောင်လာပါသည်။

"ပညာမဲ့လူမိုက်ကို ကျွန်တော်က မကြောက်ပါဘူးခင်ဗျာ။ သူ့ကို ပို၍တောင် သနားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ လူအဖွဲ့အစည်းအတွက် ကြီးမားတဲ့ အန္တရာယ် မရှိလောက်ပါဘူး။ ပညာရှိ လူမိုက်ကိုတော့ ကျွန်တော်ကြောက်ရပါတယ်။ သူရဲ့ မိုက်မဲမှုက တိုင်းပြည်ကြီးပါ ပျက်စီးနိုင်လို့ပါ။ ကျွန်တော်တို့ မြန်မာရာဇဝင်မှာ ပညာရှိလူမိုက်ကြောင့် တိုင်းပြည်ကြီး ပျက်ခဲ့ဖူးပါတယ်။ ဒါကတော့ တောင်ငူမင်းခေတ် ပညာရှင်စာဆိုတော် နတ်သျှင်နောင်ပဲ ဖြစ်ပါတယ်။ ကျွန်မကြားယောင်လာသည့် အတွေးအာရုံထဲမှာဘဲ "ပုဂံသားရေ" ဟု စိတ်ထဲက ရေရွတ်လိုက်ရင်း ကျွန်မ၏ရှေ့က ဖေဖေရဲ့ မိတ်ဆွေသည် ခေတ်သစ် နတ်သျှင်နောင်လို့ လူစားမျိုးမဖြစ်မိစေရန် ဆုတောင်းနေမိပါသည်။

ကျွန်မဖေဖေ၏ မိတ်ဆွေဟောင်း ပါမောက္ခကြီးသည် သူ၏ ရာထူးအာဏာရရေး မဟာစီမံကိန်းကြီးကို ပြောပြီးသည့်အခါ ဖေဖေအား သူနဲ့အတူ ဒီလိုအခွင့်အရေး ရလဒ်ကောင်းမှာ ဝင်လုပ်ပါတဲ့။ ၄င်းအခွင့်အရေးကို လက်မလွှတ်စေချင်ကြောင်း တိုက်တွန်းစကားကို ပြောနေပါသည်။ ဖေဖေကပြုံးလို့ အဓိပ္ပာယ်ကွယ်ဝလှတဲ့ အပြုံးတွေကို ပြုံးနေသည့် ဖေဖေက

"မလုပ်ပါရစေနဲ့ခင်ဗျာ ထိုင်နေတာ အကောင်းကြီး၊ ထသွားမှ အကျိုးဖြစ်မှန်းသိရင် သိက္ခာလဲကျပြီး ရှက်စရာကြီးပါဗျာ"

ဖေဖေရဲ့ စကားအဆုံးမှာ ပါမောက္ခကြီးငြိမ်း ဦးမောင်မြင့်သည် သူ၏ မျက်ခုံးလေးကိုတွန့်ကာ မဲ့သွားပါသည်။ ချက်ခြင်းပင် သူသည် ဟန်ဆောင်မှုအပြုံးကိုပြုံး၍

"ဒါကတော့ခင်ဗျား ဆန္ဒပဲလေ"

ဆက်၍ ဖေဖေကို ပြောနေသည့် အကြောင်းအရာများသည် နိုင်ငံအတွက်မဲ့၍နေပါသည်။ မိမိဝင်ရောက်ထားသည့် ပြည်သူ့ပါတီ NLD အတွက် တစ်ခွန်းမျှပင် မကြားရပါ။ ငါ့နေရာ၊ ငါ့ဘဝအတွက် သူထံမှ ကြားနေရပါသည်။ ကျွန်မသည် ပါမောက္ခကြီးကိုကြည့်၍ စိတ်ထဲ၌သာ မေးခွန်းထုတ်ကြည့်လိုက်ပါသည်။ ဒီမိုကရေစီအရေးတော်ပုံအတွက် ပေးဆပ်ခဲ့ကြသည့် သွေးဝိညာဉ်သမိုင်းကို မသိတာလား။ မေ့နေတာလား။ မသိချင်ယောင် ဆောင်နေတာလား။ ထိုမေးခွန်းများကို ကျွန်မအဖို့ အဖြေမထုတ်ဝံ့ပါ။ ထို့ကြောင့် ကျွန်မသည် ထိုစကားဝိုင်း၌ ဝင်ရောက်ဆွေးနွေးချင်စိတ် မရှိပါ။ နားထောင်ချင်သက်သက်သာ နေလိုက်မိတော့သည်။

ထိုစကားဝိုင်း၌ လေ့လာသူနေရာမှ နေလိုက်သည်။ နားထောင်ခြင်းဖြင့် စိတ်ကုန်နေချိန် လူအုပ်စုတစ်စု ရောက်လာပါသည်။ အနီရောင်ဝတ်စုံများ၏ ဆန့်ကျင်ဘက် ပြောကြ၊ ဆိုကြသည့်အခါ မြှောက်သံ၊ ပင်သံသည် လွမ်းမိုး၍ အလျှူခံ အသံများကလည်း ရောပြွမ်းကာနေပါသည်။ ဘာကြောင့် လိပ်လိုလူတွေ ပုတ်သင်ညိုလို လူစားတွေကို တွေ့နေရပါသလဲ။ ပြည်သူ့ပါတီ NLD အတွက် စိုးရိမ်စရာ မဟုတ်ပေမယ့် ရွံ့ရှာစရာ၊ သနားစရာအဖြစ် ခံစားမိပါသည်။ ၎င်းတို့ရဲ့ အနာဂတ်ကို ၎င်းတို့ကိုယ်တိုင်

နင်းချေနေကြသူများအဖြစ် သနားမိရာက ပန်းတိုင်မဲ့သူများအဖြစ် ပါ ခံစားနေမိသည်။ ၎င်းခံစားမှုကနေ တစ်ဆင့်တက်၍ စဉ်းစား လိုက်သည့်အခါ လူထုခေါင်းဆောင်အမေစုရဲ့ အလှတရားတွေကို နင်းချေနေသူများဟု ထင်ယောင်လာခဲ့မိပါသည်။ ၎င်းခံစားမှု စိတ်ကလေးသည် ၄င်းနေရာ၌ ရပ်မသွားဘဲ ကျွန်မတို့ အရပ်ထဲက ဘာဘငြိမ်းတို့ အုပ်စုများဆီသို့ ရောက်သွားပါသည်။ သူတို့ကလည်း စိတ်ပျက်စရာ သူတို့တစ်တွေထက် တိုင်းပြည်ကို ချစ်တဲ့သူမရှိဟု ဟစ်တိုင်ကိုတတ်ကာ လက်မထောင်ပြနေကြသူများ ဖြစ်ပါသည်။ ထိုအခါ နိုင်ငံအတွက် အဖက်ဖက်မှ ခံစားကြည့်လိုက်မိပါသည်။ ရင်တွေ တဖြတ်ဖြတ်တုန်လှုပ်သွားမိပါသည်။ ပြိုကျပျက်စီးနေတာ ကြောင့် ၄င်းအသိထက် ကျွန်မ၏စိတ်ကို စုစည်းပြီး စေ့စေ့ကြည့် လိုက်သည့်အခါ နိုင်ငံသားတစ်ဦးချင်း၏ စိတ်ဓာတ်အလှတရား သည် ဆိုးဆိုးရွားရွား ပျက်စီးနေတာကို တွေ့လိုက်ရပါသည်။

အတွေးစတွေကိုဖြတ်ပြီး ကျွန်မ၏ရှေ့ မြင်နေရ၊ ကြားနေရ တာကို ခံစားကြည့်မိလိုက်သည်။ စိတ်ထားကောင်းဖို့ မေ့လျော့နေ ကြသည်ထက်ပင် သူ့ထက်ငါဆိုတဲ့ ဂိမ်းကစားပွဲတွေကို တွေ့နေရ ပါသည်။ ကျွန်မ၏ စိတ်ထဲမှ သူတို့တစ်တွေအား မေးကြည့်လိုက် ပါသည်။ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှု လူ့ဘောင်ကို သူတို့တစ် တွေသည် အမှန်တကယ် တည်ဆောက်ကြမှာလားဟု မေးလိုက်မိ ပါသည်။ ဆက်ပြီး ပြောလိုက်ချင်ပါသည်။ တန်ဖိုးဖြတ်မရတဲ့ ခေါင်းဆောင်ကောင်းကို ပြည်သူလူထုကြီးက (၈.၈.၈၈) ခုမှာ ဒီမိုကရေစီအရေးတော်ပုံကြီးမှစ၍ မွေးဖွားပေးခဲ့ပါသည်။ အနာဂတ် မျိုးဆက်သစ်တွေ တန်ဖိုးထားကြဖို့ လိုပါတယ်။ လူထုခေါင်း ဆောင်ကြီးရဲ့ စေတနာကို နှလုံးသားနဲ့ ချစ်တတ်ဖို့လိုသည်ဟု ပြောလိုက်ချင်ပါတော့သည်။

ကျွန်မသည် ကိုယ်အတွေးနဲ့ကိုယ် နေနေပါသည်။ သို့သော် ဖေဖေကို တွေ့ရသည်မှာ နာချင်စိတ်မရှိသည့် အတ္တဝါဒတရားတွေကို နားပူအောင် နာနေရပါသည်။ အသက်ရှူးရမှာပင် ကြောက်ရွံ့နေသည့်အဖြစ်ကို တွေ့ရပါသည်။ ဖေဖေသည် အားမနာနိုင်တော့ပေ။ ထပြန်ရန်ပြောလက်စ စကားစကို တုံးတိတိဖြတ်လိုက်ကာ ချက်ချင်းထပြန်လာခဲ့တော့သည်။

ဖေဖေတစ်ယောက် ခြံပြင်ရောက်မှ အပြုံးတစ်ခုကို တွေ့ရသည်။ ကားငှားစီးလိုက်ကြပါသည်။ လမ်းမကြီးပေါ်နဲ့ လမ်းမကြီးဘေးတစ်လျှောက် ကားပေါ်မှ ကြည့်ရမြင်ရသည်မှာ စိတ်ထဲ၌ မွန်းကြပ်လှပါသည်။ ကားလမ်းမကြီးများ၌ ကားများပိတ်၍ အချိန်ကြန့်ကြာနေရသည်။ ၄င်းအခက်အခဲအား နှုတ်မှဖွင့်၍ ညည်းလိုက်ပါသည်။ ဖေဖေက အနားမှပြုံး၍

"စည်းကမ်းပျက်ပြားနေတာကြောင့်"

ဟု ကောက်ချက်ချလိုက်ပါသည်။ ကားမောင်းနေရင်း တက္ကစီယာဉ်မောင်းဆရာက

"ဟုတ်တယ်ဗျ လိုင်းကားမောင်းသူတွေ စည်းကမ်းမဲ့နေကြတာ"

ဟု ပြစ်တင်ပြောဆိုလာပါသည်။ ယာဉ်မောင်းသူအချင်းချင်း အပြစ်တင်ပြောနေကြသည်။ ဖေဖေသည် တက္ကစီကားဆရာ၏ သဘောထားအား ခွန်းတုန့်မပြန်ဘဲ ပြုံးနေလိုက်ပါသည်။

ကျွန်မသည် ဘာမှဝင်မပြောဘဲ ကတ္တရာလမ်းက မြင်ကွင်းစုံကို ကြည့်လိုက်ပါသည်။ မော်တော်ယာဉ်အမျိုးအစားက စုံလင်လှပါသည်။ သူ့ထက်ငါ စည်းကမ်းမဲ့နေကြတာကို တွေ့ရပါသည်။ ကျွန်မတို့ သားအဖ ငှားစီးလာသည့် တက္ကစီယာဉ်မောင်းသူသည်

ပင် အပြောနဲ့တခြား စည်းကမ်းမဲ့နေပါသည်။ ကျွန်မသည် ပုဂံသားအား သတိရသွားပါသည်။ သတိရသည့် စိတ်ကလေးနဲ့အတူ ပုဂံသားက ပြောခဲ့ဖူးသည့် စကားသံအား ကြားယောင်လာပါသည်။

"ဒါတွေဟာ တာဝန်ယူမှုနဲ့ တာဝန်ခံမှုတွေ ပျက်ကွက်တာရယ်၊ ထိန်းကျောင်းမှုနည်းစနစ်တွေ အားနည်းနေတာကို တွေ့ရပါလိမ့်မယ်"

ကျွန်မ ယခုမြင်နေရသည်မှာ သက်သေအဖြစ် တည်ရှိနေပါသည်။ ထိန်းကျောင်းမှုနဲ့အတူ လုပ်ထုံးလုပ်နည်းတွေ ပျက်စီးနေတာကိုပါ တွေ့နေရပါသည်။ ဒါတွေကို ပြင်ကြဖို့ ပြောလာရင် ပြင်စရာတွေသည် မြောက်များစွာ ဆီးကြိုနေပါသည်။ လမ်းဘေးဝဲယာနှစ်ဖက်မှ ဈေးရောင်းသူများကစ၍ ခရီးသွားလူထုပါမကျန် စည်းကမ်းပျက်နေကြပါသည်။ ကြည့်ရင်းကြည့်ရင်း ရင်ခုန်သံတွေတာ မြန်လာပါတော့သည်။

နေ့လည်စာ စားသုံးရန်အချိန်ကျော်လွန်နေပြီးအတွက်ကြောင့် ကျွန်မတို့သားအဖနှစ်ဦးသည် အိမ်သို့တန်းမသွားဘဲ FMI အိမ်ယာဝင်းထဲရှိ စားသောက်ဆိုင်သို့ သွားရပါတော့သည်။

သဂြိုး သဂွမ်းဂွမ်းဖြစ်ကာ မြည်ဟီးတုန်ခါနေသည်။ ကျွန်မတို့၏ ဝမ်းခေါင်ထဲမှ တော်လှန်ရေးအသံတွေကို ငြိမ်သက်အောင် ဝမ်းခေါင်တော်လှန်ရေးအတွက် အရင်ဖြေရှင်းလိုက်ကြသည်။

ဒီကနေ့ နေဝင်လုလုအချိန်၌ FMI ဝင်းထဲမှ အဘကြီး၊ အဘသေးများဖြစ်သည့် FMI ဝင်းမှ ဓမ္မာရုံလူကြီးများ ကျွန်မတို့ အိမ်သို့ရောက်လာကြသည်။ ဘကြီး ဘသေးတို့၏ လာရောက်ရခြင်းကိစ္စသည် အိမ်ယာဝင်းထဲရှိ ဓမ္မာရုံ၌ ကျင်းပမည့် အထူး

တရားပွဲအတွက် အလှူငွေကောက်ခံခြင်းနဲ့ ဖေဖေ့အား ပူးပေါင်းလုပ်ကိုင်ရန် ဖိတ်ခေါ်နေကြသည်။ ဖေဖေသည် အပြုံသဘောဆောင်ကာ အားလုံးကိုကန့်ကွက်မှုမရှိဘဲ မိမိတာဝန်မယူနိုင်ကြောင်းကို ငြင်းပယ်လိုက်ပါသည်။ အလှူငွေကြေးအား တတ်နိုင်သလောက် အလှူငွေကို ထည့်လှူလိုက်ပါသည်။ ကျွန်မ၏ ဖေဖေရဲ့ စိတ်ဓာတ်တွေသည် အရင်ထက်မတူ ဒီမိုကရေစီ စိတ်ဓာတ်တွေကို လေ့ကျင့်မွေးဖွားသည်ဟု ခံစားနေချိန် အဘကြီး၊ အဘသေးများသည် အလှူခံကိစ္စကို အကြောင်းပြု၍ အဘကောင်းကြောင်းတရားတော်ကို စတင်ပန္နရိုက်လိုက်ကြသည်။ တိုင်းပြည်ကြီးတိုးတက်ပုံတွေကို ခမ်းနားစွာ ကြွားဝါထုတ်လိုက်ကြသည်။ လွတ်လပ်ခွင့်တွေ ပေးထားကြောင်းကို ဂုဏ်ယူစွာပြောနေကြသည်။ ဒီမိုကရေစီဥမြစ်ကြီးကို စေတနာမှန်မှန်ဖြင့် ချပေးနေကြောင်းကို ကြွားဝါထုတ်၍ ပြောနေသည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည် ဖော်ဆောင်နေကြောင်းကိုပါ ဂုဏ်ယူဝင့်ကြွားစွာ ပြောနေပါသည်။ နေရာမဲ့ ပိုင်ဆိုင်မှုချွတ်ခြုံကြနေသည့် လူထု၏ ကျူးကျော်နေထိုင်မှုကို ပြစ်တင်ရှုတ်ချနေကြသည်။

(၂၀၁၅) ရွေးကောက်ပွဲကြီးသည် တရွေ့ရွေ့ နီးကပ်လာပြီးဖြစ်ကြောင်း ပြောလာကြပါသည်။ ပါတီများစွာထဲမှ အစိမ်းနဲ့အနီသည် ထိပ်တန်းယှဉ်ပြိုင်ဘက်ဖြစ်ကြောင်း ပြောလာကြပါသည်။ သူတို့တစ်တွေက ကျုပ်တို့ရဲ့ အစိမ်းတွေက ပိုးအားသာနေကြောင့်ဟု ဟစ်တိုင်တတ်ပြနေပါသည်။ ကားဈေးတွေ ကျလာတဲ့အကြောင်း၊ တယ်လီဖုန်းတွေလည်း လူတိုင်းနီးနီး ကိုင်တွယ်အသုံးပြုနိုင်သည်ဟု ထောက်ပြကြသည်မှာ ရယ်စရာဖြစ်နေပါသည်။

သို့သော် အဘကြီး၊ အဘသေးများသည် အသိမဲ့စွာ ကြွားလုံးထုတ်ပြနေကြပါသည်။ ကျေးလက်ဒေသမှာ လျှပ်စစ်မီးတွေ လင်းပက်နေပြီအကြောင်း၊ ကွန်ကရစ် လမ်းမကြီးတွေသည် နိုင်ငံအနှံ့မှာ ဖွံ့ဖြိုးနေပြီဖြစ်ကြောင်း ဒါကြောင့် ပြည်သူဘက်က လက်ရှိအစိုးရအစိမ်းကိုမှ မဲမထည့်ရင် ဘယ်သူကို မဲထည့်ကြမှာလဲဟု ရယ်သွဲ့သွဲ့မေးခွန်းထုတ်သံသည် ရယ်စရာဖြစ်နေပါသည်။ ဖေဖေသည် အပြုံးများကို မဲ့မသွားဘဲ နားထောင်နိုင်ခြင်းသက်သက်ဖြစ်နေပါသည်။ ကျွန်မသည်လည်း ဝင်ရောက်မတုန့်ပြန်ခဲ့ပါ။ ထိုအချိန်၌ ပုဂံသား၏ ခိုင်မာစွာပြောခဲ့သည် အမြင်သဘောထားကို ကြားယောင်လာပါသည်။ လူထုသည် (၂၀၁၅) မှာ NLD ကို ဝိုင်ပြီးမဲပေးကြမှာပါ။ ဒီလိုပါဘဲ (၂၀၂၀) မှာလည်း လူထုက NLD ကို မဲ့ထည့်ကြမှာပေါ့။ ဒီဖြစ်စဉ်အတွက် NLD မှာ လူထုခေါင်းဆောင်ကြီး ရှိနေရမှာပေါ့။ ကျွန်မသည် ကိုယ့်အတွေးနဲ့ကိုယ် ပီ[illegible]ကာ ပြုံး၍နေပြမိပါသည်။

ကျွန်မတို့ သားအဖသည် အနီးကပ်အကြားအာရုံအား အဓမ္မပြုကျင့်ခံနေရပါသည်။ သို့သော် ခွန်းတုန့်ပြန်ခြင်းကို မပြုဘဲ သည်းခံချင်စိတ်ကို အပြုံးများဖြင့် နေပေးလိုက်ပါသည်။ ၄င်းတို့တစ်တွေ၏ တစ်ဖက်သတ်နားများကို ဖွင့်ပေး၍ ခက်ခဲလှပါသည်။ တစ်လိုင်းမောင်း အတွေးအခေါ်တွေကို တည်မတ်ဖို့ပို၍ ခက်ခဲပါသည်။ ကျွန်မတို့သားအဖသည် ပြန်လည်ကာ ဆွေးနွေးချင်ပါသည်။ သို့သော် ဆွေးနွေးမှုမဖြစ်လာဘဲ ငြင်းခုန်မှုသက်သက် ဖြစ်လာနိုင်ပါသည်။ ဒါကြောင့် အကျိုးမရှိသည့် စကားဝိုင်းဖြစ်လာနိုင်ခြင်းကြောင့် သည်းခံငြိမ်သက်စွာ အပြုံးဖြင့် တုံ့ပြန်ပေးလိုက်ပါသည်။ ၄င်းတို့တစ်တွေသည် အခွင့်သာတုန်း၌ ကျွန်မတို့သားအဖအား

တစ်ယောက်ပြီးတစ်ယောက် အတ္တမုန်တိုင်းတွေ ပစ်သွင်းပါတော့သည်။ ကျွန်မ၏ဖေဖေသည် တစ်ချက်ကလေးမှ အပြုံးလေးများကို ပျက်မသွားဘဲ သူတို့တစ်တွေ၏ ရုပ်ပုံလွှာများကို ဖတ်၍နေပါသည်။ ကျွန်မသည် အနား[illegible]နေ၍ ဖေဖေရဲ့အပြုံးများ၏ အဓိပ္ပာယ်ကို သိလိုက်ပါသည်။ သနားစိတ်မှ ဖွားအံလာတဲ့ သနားခြင်းကရုဏာအပြုံးများပင် ဖြစ်နေပါတော့သည်။ သူတို့တစ်တွေသည် အောင်နိုင်သူအပြုံးပန်းကို ဆွတ်ခြူ၍ အမှောင်စကို ဗဟိုပြုကာ ပြန်သွားကြတော့သည်။

ဖေဖေသည် ပြုံးပြပြီးနေရာမှ သူတို့တစ်တွေ မရှိတော့သည့်အခါ ချက်ခြင်းဆိုသလို အသံထွက်၍ပင် ဟားတိုက်ရယ်မောနေပါသည်။ အားရပါးရ ရယ်မောလိုက်ပြီးနောက် နှုတ်ဖျားမှ

"ငါတို့တိုင်းပြည်ကြီး မွဲသွားတာ ဘာမှကို မထူးဆန်းဘူး သမီးရေ။ ဒေသစစ်မီး မငြိမ်းတာလည်း မအံ့သြလောက်တော့ပါဘူး။ အံ့သြခြင်း၊ ဆန်းပြားခြင်းကတော့ သမီးရေ ဖေဖေ ဝမ်းဗိုက်ထဲက ဝမ်းခေါင်တော်လှန်ရေးခေါင်းလောင်းသံပဲဗျို့"

ဖေဖေစကားအဆုံး၌ ဝမ်းခေါင်မီးတွေငြိမ်းရန် စတင်လိုက်ကြသည်။ ဖေဖေသည် ထမင်းသုံးဆောင်ပြီးသည်နှင့် သူ၏အိပ်ခန်းဆီသို့ တန်း၍ဝင်ပါတော့သည်။

ကျွန်မသည် ဧည့်ခန်း၌ပင် တီဗွီဖွင့်ကြည့်နေလိုက်သည်။ သို့သော် ကျွန်မ၏စိတ်တွေသည် ပုဂံသားဆီသို့သာရောက်၍ နေပါတော့သည်။ ပုဂံသား၏အလာကို စောင့်မျှော်ရင် ကျွန်မ၏အနား၌ ရှိနေရန် ကြိတ်၍ မျှော်လင့်နေပါတော့သည်။

ပုဂံသားအား လွမ်းတတစိတ်များကြား[illegible] ကျွန်မ၏အတွေးအမြင်များသည် တရိပ်တရိပ် ကြွလာပါသည်။ ကျွန်မတို့ လူ့ရှာ

ကြီးကို တည်တည်ငြိမ်ငြိမ် အေးချမ်းငြိမ်သက်စွာ ဖွံ့ဖြိုးမှုကို မျှော်လင့်မိပါသည်။ နိုင်ငံရဲ့နိုင်ငံသူ နိုင်ငံသားတွေဟာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာတွေ တွဲဘက်ပြီး ဖွံ့ဖြိုးခိုင်ခံ့နေတာကို မြင်ချင်လာမိပါသည်။ ဒါတွေဟာ ကျွန်မရင်ထဲက ဆန္ဒတွေပဲ ဖြစ်ပါတယ်။ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်မှ တဖွဖွပြောနေသည့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိက အကျဆုံးဖြစ်ပါသည်။

"ယခုဘာကြောင့် ဒေသနယ်ပယ်အသီးသီးမှာ မင်းမဲ့စရိုက်အပြုအမူတွေ ကြီးထွားနေတာလဲ။ ထိုကြောင့် ပြဋ္ဌာန်းဥပဒေတွေ မရှိလို့လား"

ဟု ပုဂံသားအား မေးကြည့်ဖူးပါသည်။ ပုဂံသားရဲ့ ဖြေကြားပုံက ရှင်းလင်းပါသည်။

"ဥပဒေပြဋ္ဌာန်းချက်များသည် စာအုပ်ထဲမှာ ရှိနေပါတယ်။ သို့သော် ၎င်းဥပဒေများကို အသက်မသွင်းနိုင်တဲ့ ပြဿနာအဖြစ်ရင်ဆိုင်နေရတာ"

ဟု ပြောခဲ့ဖူးပါသည်။ နောက်ထပ် သူ၏သဘောထားက

"ဒါတွေ ဖြစ်ပျက်နေရခြင်း၏ အဓိကတရားခံသည် အာဏာရှင်စနစ်ရိုင်း၏ ဆိုးမွေတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နှလုံးသားတွေ သန့်ရှင်းအောင် စိတ်ဓာတ်တွေကို သိက္ခာတရားနဲ့ဆေးကြောဖို့ လိုနေပါတယ်။ ကျွန်တော်တို့ နိုင်ငံသူ - နိုင်ငံသားတွေ စိတ်ဓာတ်မွဲကာ ညှိုးငယ်နေကြရင် အနာဂတ်မှာ လှပဖို့ မသေချာပါဘူး"

ထိုစကားသံများ ပုဂံသားထံမှ ကြားလိုက်ရချိန်က ကျွန်မ၏ ခန္ဓာကိုယ်တစ်ခုလုံး နတ်ဝင်ပူးသလို တဆတ်ဆတ် တုန်ခါလှုပ်

ရမ်းသွားပါသည်။ ယခုတစ်ဖန်ပွဲတင်ထပ်ကာ ကြားယောင်မိသည့်အခါ ယခုပင် တုန်လှုပ်ချောက်ခြားနေမိပါသည်။

ကျွန်မ၏ စိတ်ထဲမှ မေးခွန်းထုတ်ကြည့်လိုက်ပါသည်။

"ဘာကြောင့် နိုင်ငံတော်နဲ့ လူထုအပေါ်ကို စေတနာတွေ မွဲနေကြတာလဲ"

ထိုမေးခွန်းအား ကျွန်မသည် ပုဂံသားအား မေးကြည့်ဖူးပါသည်။ ထိုအခါ ပုဂံသား၏အဖြေက

"ဆရာမလေး ခင်ဗျာ သိက္ခာတရားကို စားစရာ အသုံးတော်ခံအဖြစ် သဘောပိုက်ကြည့်ရင် တောရိုင်းမြေတွေ ဖြစ်ကုန်ကြမှာပေါ့"

ထိုစကားသံတွေ ပွဲတင်ထပ်ကာထပ်ကာ ကြားလိုက်ရတိုင်း ကျွန်မ၏နှလုံးခုန်သံများသည် လော်ကယ်ရထားကြီး ဖြတ်ခုတ်သွားသလို တဂျုန်းဂျုန်းနဲ့ မြည်ဟီးလှုပ်ရမ်းနေတော့သည်။ ကျွန်မ၏ရင်ခုန်သံတွေကို ထိမ်းချုပ်နိုင်ဖို့ ကျွန်မ၏အတွေးစများကို တိကနဲ့ဖြတ်မှ ရပ်ရပါတော့မည်။

□ □ □

# သူနဲ့ ကျွန်မ

ဒီကနေ့ မိုးလေဝသအခြေအနေသည် သာယာနေပါသည်။ သာယာငြိမ်သက်နေတဲ့ မိုးကောင်းကင်အောက်တွင် မိုးသက်နံ လေးများသည် လွင့်ပျောက်နေပါသည်။ ကျွန်မအား ချစ်ခွင့်ပန်ရန် မျှော်လင့်နေရသူ ပုဂံသားနဲ့ ခရီးအတူထွက်ရန် ကြုံကြိုက်လာ ပါသည်။ ဖေဖေထံမှ သူနဲ့အတူ ခရီးထွက်ရန် ကြားလိုက်ရ သည့်အချိန် ကြိတ်၍ပျော်ရွှင်ကြည်နူးခဲ့ပါသည်။ ထိုပျော်ရွှင်မှုသည် ယနေ့ထိတိုင် ရင်ထဲ၌ တဖျတ်ဖျတ်တလပ်လပ်ဖြစ်ကာ ဂနာမငြိမ် ဖြစ်နေမိပါသည်။ ကျွန်မ၏ အဖြစ်ကို အနားမှကြည့်နေရသည့် ဖေဖေသည် ပြုံး၍သာ နေပေးရှာပါသည်။

ဒီကနေ့ ကျွန်မတစ်ယောက်ကြိတ်၍ ချစ်မိနေသည့် ပုဂံသား ဆိုသည့် ယောက်ျားတစ်ဦးနဲ့အတူ နှစ်ယောက်ထဲ ဖေဖေ၏ မွေးရပ်မြေဟသာ်တသို့ ခရီးထွက်ရန် သူ့အလာကို စောင့်ဆိုင်း နေပါသည်။ ကျွန်မ၏မေမေ ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို သွား၍ အမှတ်ရလာပါသည်။ သမီးရေ မိတ်ဆွေပဲဖြစ်ဖြစ်၊ ဆွေမျိုးပဲဖြစ်ဖြစ်၊ ဘယ်သူဘယ်ဝါပင် ဖြစ်ပါစေ၊ ခရီးသွားရခြင်း သည် မိမိရဲ့အနားမှ သူတစ်ဦး၏ ဘဝရုပ်ပုံလွှာကို သိခွင့်ရနိုင်သည့် ရလဒ်ကောင်းဟု ပြောခဲ့ဖူးပါသည်။ ဖေဖေသည် ကျွန်မအတွက် အဖော်ရစေရန် ၎င်းခရီးစဉ်အား ပုဂံသားကို ယုံကြည်စွာ အကူ အညီတောင်းခဲ့ပါသည်။ ဖေဖေထံမှတစ်ဆင့် ပုဂံသား၏ သဘော ထားကို ကြားလိုက်ရသည်မှာ နားဝင်ချိုခဲ့မိပါသည်။

"စိတ်ချစွာ အပ်နှံပါခင်ဗျာ။ ပါမောက္ခကြီး၏ သမီးတစ် ယောက် မှဲ့တစ်ပေါက်မျှပင် မစွန်းထင်းစေရပါဘူးခင်ဗျာ"

၎င်းကတိစကားသံကြောင့်ပင် ကျွန်မတစ်ယောက် နားဝင်ချို ၍ ရင်ခုန်နေမိပါသည်။ ရင်ခုန်သံတွေကို ကမ္ဗဌာန်းအဖြစ် မှတ်ယူ နေချိန် မျှော်လင့်စောင့်စားနေရသည့် စိတ်ကလေးသည် မောပမ်း လှပါသည်။ ထိုအမောကို မျိုသိပ်ကာ မျှော်လင့်နေသည့် စိတ် ကလေးသည် ယခုတော့ အပြုံးနဲ့ အပျော်ကို ဖုံးထားကာ မျှော်ရ တာလည်း ရပ်ရပါတော့သည်။ ပုဂံသားတစ်ယောက် မလုံမလဲ သူ၏အပြုံးတွေကို ထွေးပိုက်ရင် သပ်ရပ်သေသပ်စွာ ဝတ်ဆင် လာပါသည်။ ပုဂံသားအား အဝေးမှ မြင်နေရသည့် သူ၏ပန်းတွေ ပန်တွေသည် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်ကို တွေ့ရပါသည်။ သူ၏ ဖြစ်နေပုံကို တွေ့ရသည်အခါ ကျွန်မပြုံးလိုက်မိပါသည်။ သူသည် ခရီးဆောင် ဘေးလွယ်အိတ်ကိုလွယ်ကာ အိမ်ထဲသို့ တစိုက်မတ်မတ် ဝင်လာပါတော့သည်။

ဖေဖေသည် ဧည့်ခန်း၌ထိုင်နေရာမှ အသာအယာထကာ အပြုံးများဖြင့် ကြိုဆိုလိုက်ပါသည်။ ပုဂံသားသည် ဖေဖေအား ပြန်လည်၍ လက်အုပ်ကလေးကိုချီကာ နှုတ်ဆက်လိုက်ပါသည်။ ဖေဖေနဲ့ ပုဂံသားတို့ စကားပြောနေချိန် ကျွန်မသည် ခရီးထွက်ရန် လိုအပ်တာများကို ပြင်ဆင်လိုက်ပါသည်။ ကျွန်မတို့ ခရီးထွက်ရန် အစဉ်သင့်ဖြစ်သည့်အခါ ပုဂံသားသည် ထိုင်ရာမှ အောက်သို့ဆင်းကာ ဖေဖေအား လက်အုပ်ချီ၍ ကန်တော့လိုက်ပါသည်။ ထိုအခါ ကျွန်မလည်း သူနဲ့အတူ ရော၍ ကန်တော့ရပါတော့သည်။ ဒီလိုအခါမျိုး၌ ကျွန်မသည် ဖေဖေအား ကြည့်လိုက်သည့်အခါ ပြုံး၍ ပီတိဖြစ်နေပါသည်။ ထိုအပြုံးများကြားမှ ဖေဖေရဲ့ ဆုပေးသံကို သာဓုခေါ်ရင်း ဖေဖေရဲ့မေတ္တာရိပ်ကို ခံယူလိုက်ကြသည်။

ကျွန်မတို့ အိမ်ယာဝင်းထဲမှ တက္ကစီအငှားယဉ်ကို ငှားစီးကာ ဒဂုံဈေးအဝေးပြေးဝင်းဆီသို့ သွားခဲ့ကြပါသည်။ လှိုင်သာယာမြို့၏ လမ်းဘေးဝဲယာနှင့်ဖက်၌ စည်းကမ်းမဲ့စွာ တဲလုံးလေးများကိုထိုး၍ နေထိုင်စားသောက်နေကြသည်ကို တွေ့ရသည့်အခါ ကျွန်မသည် မျက်လုံးကလေးများ ဝိုင်းပကာ အာရုံကို စူးစိုက်ကြည့်နေမိသည်။ ပုဂံသားသည် ကျွန်မ၏ အနားမှအလိုက်သိစွာ သူ၏ယူဆချက်ကို ပြောလာပါသည်။

"ဆရာမလေးခင်ဗျာ ဒီပြဿနာ၏ ဇစ်မြစ်သည် မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ စည်ပင်သာယာအဖွဲ့အစည်း၏ အဂတိလိုက်စားမှုပေါ် အခြေခံပါတယ်။ ဥပဒေကို မျက်ကွယ်ပြု၊ လုပ်ထုံးလုပ်နည်းတွေကို နင်းချေဖျက်ဆီးကြတဲ့ အကြောင်းတရား၏ ဆိုးမွေတစ်ခုပဲ ဖြစ်ပါတယ်။ ဒါထက် နက်ရှိုင်းတဲ့ ပြဿနာက အာဏာပွတ်တိုက်မှုရဲ့ ဓားစာခံအဖြစ်တစ်ခုပါခင်ဗျာ"

ကျွန်မသည် သူ့အနားမှ အံ့သြမှုအပြုံးနဲ့ စိတ်ထဲမှ ပုဂံသား ပီသလှပါလား။ သွားတဲ့ခရီးစဉ်လည်း သူ့ဆန္ဒ သူ့သဘောထား တွေကို ရှေ့တန်းမတင်၊ ကျွန်မရဲ့ဆန္ဒကို ဦးစားပေးပြီး ကျွန်မအား နိုင်ငံရေးမျက်စိကို သိရအောင် စွမ်းရအောင် သူ၏အစွမ်းရှိသ လောက် လမ်းဖွင့်ပြနေပါသည်။

ကျွန်မတို့ ငှားစီးလာသည့် အငှားယာဉ်သည် ဒဂုံရော အဝေး ပြေးဝင်းထဲရှိ ဟသာၤတတို့သွားမည့် မေတ္တာရှင်ကားဂိတ် ရှေ့တည့် တည့်သို့ ရောက်လာပါသည်။ ထိုမေတ္တာရှင် အိပ်စပတ်ကားကြီး သည် ဟသာၤတခရီးသည်များကို ပို့ဆောင်ရန် အဆင်သင့်ဖြစ်နေပါ သည်။

နံနက် (၈) နာရီတိတိတွင် ဂိတ်မှစတင်ထွက်ခွာပါတော့ သည်။ ကားထွက်ချိန်ကျမှ ပုဂံသားသည် ကားလက်မှတ်အား ကြိုတင်ဖြတ်ထားသည်ကို သိလိုက်ရပါသည်။ ထိုအခါ ဖေဖေ ပြော၍ သတိရလိုက်ပါသည်။ ကျွန်မနဲ့သူသည် နှစ်ယောက် ထိုင်ခုံပေါ်၌ယှဉ်၍ ထိုင်လိုက်ရပါသည်။ ထိုအခါ ပုဂံသားကို အကဲခတ်ကြည့်လိုက်ပါသည်။ အားနာနေသည့် အနေကြပ်နေ သည့်ဟန်ကိုပါ တွေ့ရပါသည်။ ကျွန်မစိတ်ထဲ၌ လေးစားစိတ်နဲ့ အတူ ကြိတ်၍ ပျော်ခဲ့မိပါသည်။

ကျွန်မသည် ခရီးစ၍မကြာပါ၊ သူ၏စိတ်ခတ်အသွင် သဘောကို စမ်းသပ်ကြည့်ပါသည်။ မော်တော်ကားသည် ကတ္တရာ လမ်း၏ ချိုင့်ဝှမ်းများကို ရှောင်ရင်မောင်းနေရသဖြင့် ကားပေါ်မှ ခရီးသည်များ တစ်ချက်တစ်ချက် ယိမ်းကနေရပါသည်။ ထို အကြောင်းကို ဗဟိုပြု၍ သူ၏စိတ်ခတ်ကို အကဲစမ်းကြည့်လိုက် ပါသည်။ သူသည် မတုန်မလှုပ်၊ ကျွန်မအား အားနာကာ အနေ

ချုပ်၍ သာနေပါသည်။ သူ၏စိတ်ခေတ်များလည်း ပျက်ပြားမှုကို မတွေ့ရပါ။ ပို၍တည်ငြိမ်လျက် ကျွန်မအား အားနာနေသည်ကို သာ တွေ့ရသည်။

သူသည် လမ်းဘေးတစ်လျှောက်မှ မြင်ကွင်းများသာကြည့်၍ နေပါသည်။ ကျွန်မ၏စိတ်၌ လုံခြုံစိတ်ချရသည်ဟု ခံစားစိတ် လေးများ အလိုလိုဝင်လာပါသည်။ သူ၏သိက္ခာနဲ့ ကိုယ်ကျင့် တရားအား အကြွင်းမဲ့ ယုံကြည်လာပါသည်။ ကားပေါ်၌ ငြိမ် သက်စွာ စီးနင်းလာသည့် ကျွန်မနှင့်သူကြားမှ ငြိမ်သက်မှုကို ကျွန်မကစ၍ ကျွန်မသိချင်နေသည့် မေးခွန်းဖြင့် စလိုက်ပါသည်။

"ပုဂံသားရှင့် ဟိုလယ်ကွင်းပြင်တွေ ကြားထဲက ရေကန် ကြီးကြီးတွေက ဘာလုပ်ကြတာလဲ။ လယ်ကွင်းတွေ ကြားထဲမှာ တွေ့နေရတယ်နော်"

ကျွန်မ၏အမေးအား တန်း၍မဖြေဘဲ အတန်ကြာပြုံးလိုက် သည်။ အားရနှစ်သက်စွာ ပြုံးလိုက်ပြီးမှ

"အဲဒါတွေက ငါးမွေးမြူရေးကန်နဲ့ ကြက်ဘဲမွေးမြူရေး တဲကြီးတွေပါ ဆရာမလေး"

ကျွန်မသည် ပုဂံသား၏ အဖြေကြောင့် စိတ်ဝင်တစား ဖြစ်သွားခဲ့ပါသည်။ ထိုစိတ်ကလေးနဲ့အတူ ကျွန်မက

"ဒါဆိုရင် ဝင်ငွေကောင်းကြပါလျက်နဲ့ အနီးနားက နေရာ တိုင်းမှာ တဲအိမ်စုလေးတွေကများပြီး အိမ်ကြီးအိမ်ကောင်းတွေ ဘာကြောင့်ရှားပါးနေတာလဲ"

ကျွန်မ၏ငှင်းမေးခွန်းကို ပုဂံသားသည်ပြုံး၍

"ဆရာမလေးခင်ဗျာ ကျွန်တော်တို့ တိုင်းပြည်က မဆင်းရဲပါ ဘူးခင်ဗျာ။ သယံဇာတပေါကြွယ်ဝလို့ နိုင်ငံတော်က ချမ်းသာနေ

ပါတယ်။ ဒီလိုပါဘဲ ဆရာမလေး လူတစ်စုသည် ထားစရာမရှိအောင် ချမ်းသာကြွယ်ဝနေကြပါတယ်။ သို့သော် နိုင်ငံသားအများစုကတော့ စားစရာမရှိဘဲ ဆင်းရဲနွမ်းပါးကြတာပေါ့''

ပုဂံသား၏ စကားစကို ကြားဖြတ်ကာ ကျွန်မသည် မေးခွန်းထုတ်လိုက်ပါသည်။

''ဒါတွေဟာ ဘာကြောင့် ဖြစ်နေရတာလဲ''

ကျွန်မ၏မေးခွန်းနောက် ပုဂံသားသည် ပြုံးဆတ်ဆတ်ကလေးပြုံးကာ

''ဆရာမလေးခင်ဗျာ သူတို့တစ်တွေ ဆင်းရဲနွမ်းပါးမှု ဖြစ်ကြရတဲ့ အဓိကအကြောင်းအရင်းကို ကျွန်တော်မြင်သိတဲ့အတိုင်း ကျွန်တော်ရဲ့ သဘောထားက ရိုးရှင်းပါတယ်ခင်ဗျာ။ ပညာမဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ဆရာမလေးက ဘာကြောင့် ပညာမဲ့တာလည်းလို့ မေးပိုင်ခွင့်ရှိပါတယ်''

''ကျွန်တော်ရဲ့ အမြင်သဘောထားက ပညာအခွင့်အလမ်းမရှိလို့ဟု ယူဆပါတယ်ခင်ဗျာ။ ဆရာမလေးမြင်တွေ့နေရသည့် လမ်းဘေးတစ်လျှောက်က ဘဝရုပ်ပုံလွှာမြင်ကွင်းတွေဟာ စာနာတတ်သူတို့အတွက် ဝမ်းနည်းကြေကွဲစရာ မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။ သူတို့တစ်တွေဟာ အာဏာရှိင်းရဲ့ ဓားသွားစက်အောက်မှာ အရှင်လတ်လတ် သင်္ဂြိုဟ်ခံရလို့ပဲ ဖြစ်ပါတယ်။ လူထုဖဟိုပြု စဉ်းစားမှုပုံသဏ္ဍာန်တွေ မြေခလို့ နင်းချေခံနေရတဲ့အခါ အဲဒီမှာရှိကြတယ်။ လက်လုပ်လက်စား အလုပ်သမားများရဲ့ ဘဝတွေဟာ အားထားကိုးကွယ်မှုမဲ့ကာ ယိုင်နဲ့ခံကြရတာပေါ့။ ဆရာမလေးမြင်နေရတဲ့ တဲအိမ်တန်းလေးတွေဟာ ဘဝယှဲ့ယှဲ့ပိုင်ဆိုင်မှုကင်းမဲ့တဲ့ တောရွာနေအနှိပ်ခံလူတန်းစားတွေပဲ ဖြစ်ပါတယ်''

ကျွန်မသည် ဆက်၍ သိချင်နေသည့်စိတ်ကို မအောင့်အီးနိုင်၍ မေးလိုက်ပါသည်။

“ဒါဆိုရင် ပိုင်ရှင်တွေက ဘယ်သူတွေလဲ။ ဘယ်မှာ ရှိနေတာလဲ”

ပုဂံသားသည် အပြုံးလေးကို ရယ်တဲ့တဲ့ ပြုံးလိုက်ကာ

“သူတို့တစ်တွေက မြို့ပြရဲ့ တိုက်နံရံတွေကြားထဲမှာ ရှိနေကြတာပေါ့”

သူက ခေတ္တစကားကိုရပ်၍ ရယ်သွဲ့သွဲ့အပြုံးလေးကို ပြုံးနေကာဆက်၍ ကျွန်မအား ရှင်းပြပေးလာပါသည်။

“ဆရာမလေးခင်ဗျာ ဒါတွေဟာ တစ်ချိန်က လယ်ယာမြေတွေ၊ ပလပ်မြေတွေ၊ စားကျက်မြေတွေ၊ အင်းတွေ၊ အိုင်တွေပဲဖြစ်ပါတယ်။ ၎င်းဒေသခံတို့အတွက် သဘာဝကပေးတဲ့ လက်ဆောင်လည်း ဖြစ်ပါတယ်။ ဘဝအတွက် အထောက်အကူပြုတဲ့ ထမင်းအိုးကြီးလည်း ဖြစ်ခဲ့ကြပါတယ်”

ပုဂံသားထံမှ သိလိုက်ကြားလိုက်၊ မြင်လိုက်ရတဲ့ မြင်ကွင်းတွေကြောင့် ကျွန်မသည် ဒေသခံကျေးလက်နေ လူထုဘဝတွေကို သနားစိတ်ကလေးများ တဖွားဖွား ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းစိတ်ကလေးမှ မွေးဖွားလာတဲ့ ကရုဏာပြုမေးခွန်းတစ်ခုကိုပါ မေးလိုက်မိပါသည်။

“ဒါဆိုရင် သူတို့ဘဝတွေ ဘယ်လိုရပ်တည်ကြမလဲ။ ဘယ်လို ရှင်သန်ကြမလဲ”

ကျွန်မ၏ အမေးအား သူသည် ရိုးရှင်းစွာ သူ၏အမြင်ကို ထုတ်ပြလိုက်ပါသည်။

"လူဆိုတာ အသိဉာဏ်ရှိသတ္တဝါဖြစ်ပါတယ်။ သတ္တဝါတိုင်းဟာ သူတို့နဲ့ ဟပ်စပ်တဲ့ စားကျက်မြေရှိရာကို ပြောင်းရွှေ့ကြပါတယ်။ ဆရာမလေးခင်ဗျာ ၄င်းပြဿနာရပ်ရဲ့ ဘေးထွက်ဆိုးကျိုးသည် အခြားမဟုတ်ပါဘူးခင်ဗျာ။ ဖွံ့ဖြိုးမှုရှိနေကြသည့် မြို့ပြတွေမှာ လူဦးရေပေါက်ကွဲရခြင်း၊ လူမှုဘဝနေထိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်"

ပုဂံသား၏ စကားအဆုံးမှာ ကျွန်မ၏မျက်ဝန်းအိမ်ကလေးမှ မျက်လုံးကလေးများကို ဝိုင်းပ၍ အံ့သြတုန်လှုပ်ခဲ့ရပါသည်။

ကျွန်မတို့ စီးနင်းလာသည့် မော်တော်ကားကြီးသည် ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်တည်ဆောက်ထားသည့် ညောင်တုန်းမြစ်ကူးတံတားကြီးပေါ်မှ တွေ့မြင်လိုက်ရသည်။ ဧရာဝတီမြစ်နဒီကြီး၏ ဘဝသည် မြင်လိုက်ရသူ ကျွန်မတစ်ယောက် ကြေကွဲဝမ်းနည်းစရာ ခံစားလိုက်ရသည်။ ဧရာဝတီမိခင်ရဲ့ ပါးပြင်ပေါ်မှာ သဲသောင်ပြင်တွေ၊ ရေစီးချောင်းတွေရဲ့ ငိုသံတွေ မျောလို့ရာမျောနေရတဲ့ဘဝတွေ ကမ်းနံပါးတွေရဲ့ ပြိုကွဲသံတွေဟာ လှပမှုတွေ ပျက်သုန်းပြီး ကြေကွဲငိုကြွေးနေသည်။ အနားရှိ ပုဂံသားသည် ကျွန်မအား

"ဆရာမလေးခင်ဗျာ သဘာဝတရားရဲ့ တန်ဖိုးသက်ရောက်မှုကို ကျွန်တော်တို့ လူသားတွေက ချစ်ခင်မြတ်နိုးတတ်ဖို့ လိုပါတယ်"

ကျွန်မပြုံးလိုက်ရပါသည်။ သူက ဆက်၍

"သဘာဝကို ကျွန်တော်တို့လို အသိဉာဏ်ရှိလူသားတွေက စောင့်ရှောက်ကာကွယ် ထိန်းသိမ်းပြုပြင်မှ သဘာဝတရားတွေဟာ လှပနေပါမယ်။ သက်ရှိလူသားတွေကို တစ်ဖန်စောင့်ရှောက် ကူညီကြမှာပေါ့။ တည်ငြိမ်မှု အလှတရားနဲ့ ခန့်ညားသာယာနေပါမယ်။

သို့သော် ကျွန်တော်တို့ လူသားတွေက သဘာဝတရားကို မထေမဲ့မြင်ပြု၊ နင်းချေဖျက်စီးပစ်ကြလျှင် ၄င်းသဘာဝတရားကြီးကပဲ ကျွန်တော်တို့ လူ့ရွာကြီးကို ဒဏ်ခတ်ပေးကြပါလိမ့်မယ်”

ကျွန်မသည် ပုဂံသားအား စေ့စေ့ကြည့်ကာ ပီတိအပြုံးလှလှလေးကို ပြုံးလိုက်မိပါသည်။ ထိုအပြုံးများနဲ့အတူ ရေကြီးတဲ့သတင်း၊ ငလျင်လှုပ်တဲ့ သတင်း၊ မုန်တိုင်းသတင်းတွေသည် ကျွန်မတို့လောက၌ အရင်ထက်မတူ ခပ်စိတ်စိတ်ကလေးကို ကြားနေရ၊ မြင်လိုက်ရ၊ ထိတွေ့ခံစားနေရပါသည်။

ပုဂံသားသည် အနားမှာ ရှိနေသည့် ကျွန်မအား တစေ့တစောင်းမျှသာ အကဲခတ်ကြည့်ပါသည်။ တစ်ချိန်လုံး လမ်းဘေးတစ်လျှောက်မှ ကျွန်မသိချင်တာတွေကို သူသိစွမ်းသလောက်ရှင်းပြပေးနေပါသည်။ သူ မသိတာသည် အတော်ပင် ရှားမှရှားနေပါသည်။ သူသည် ကျွန်မအနားမှ အတူထိုင်၍ ခရီးသွားနေရသည့်အတွက် ကျွန်မအား သူ၏အားနာနေမှုသည် ရိုးစင်လှပါသည်။ ကျွန်မမှ သူအား အခွင့်အရေးယူသူဟု အထင်မခံရအောင် သူသည် ကျွန်မနဲ့အတူ နေထိုင်ပြမှုရာ၌ စောင့်ထိန်းထားသည်မှာ သိက္ခာရှိသူအဖြစ် ကျွန်မရင်ထဲ၌ ခံစားနေမိသည်။ သူကို ကျွန်မသဘောကျရသည်မှာ သူဟာ လူအ-လူနမဟုတ်ကြောင်းနဲ့ လူရိုး လူဖြောင့်အဖြစ် ကျွန်မသည် သူ့အား ယုံကြည်သက်ဝင်နေတော့သည်။

ကျွန်မသည် သူစိမ်းယောကျ်ားတစ်ဦးဖြင့် ခရီးအတူသွားရသည်မှာ ပထမဆုံးဖြစ်ခဲ့ဖူးပါသည်။ သို့သော် ကျွန်မ၏ စိတ်ထဲ၌ စိုးရိမ်မှုမရှိ နွေးထွေးလုံခြုံသည်ဟု ခံစားနေမိပါသည်။ ကျွန်မ၏ အနားမှ ကျောက်ရုပ်ပမာတည်ငြိမ်စွာ လိုက်ပါလာသည့် ပုဂံသား၏ တည်ငြိမ်လေးနက်ဟန် ရိုးသားဖြောင့်မတ်မှုသဏ္ဍာန် ရုပ်ပုံလွှာ

တွေကို စိတ်ကူးယဉ် ကြည်နူးနေမိသည့်ကြားမှ ကျေးလက်နေ အလင်းမဲ့ ပြည်သူလူထုရဲ့ ရုပ်ပုံလွှာတွေသည် ကျွန်မ၏ ပီတိ အဟုန်ကို ချေမွနေသည်။ ရင်ထဲက သောကမုန်တိုင်းတွေ တရိပ် ရိပ်ရိုက်ခတ်နေပါတော့သည်။ ကျွန်မစီးနင်းလာသည့် ကားပေါ်မှ ကြည့်လိုက်ရ မြင်ရသမျှ အရာတို့သည် ဗိုလ်ကျနိုင်ထက်မှုကို ခံစားလိုက်ရသည်။ မြင်ကွင်းတွေ စနစ်တကျမရှိသည့် လုပ်ငန်း ဖော်ဆောင်မှု မြင်ကွင်းတွေသည် အနာဂတ်ကာလထိ ခံစားထိတွေ့ ရမည်။ ဒေသခံပြည်သူလူထု၏ ဘဝတွေကို ထင်ဟပ်ပြနေသည့် ထိုယူဆချက်၏ သက်သေတစ်ခုသည် ကျွန်မမြင်လိုက်ရသည်။ အသုံးမပြုနိုင်သည့် မီးရထားလမ်းမကြီးသည် ကျွန်မ၏ရင်ထဲ၌ နိုင်ငံအတွက် ကြိတ်၍ ငိုမိနေတော့သည်။

ကျွန်မတို့ စီးနင်းလိုက်ပါလာသည့် မေတ္တာရှင်ဖိမ်ခံကားကြီး သည် နေ့လယ် (၁၂) နာရီခန့်တွင် ဟသ်ာတမြို့၏ အလယ်ဗဟို အချက်အချာ၌ရှိသည့် အာဇာနည်ကျောက်တိုင်ရှိရာ အနီးအနား၌ ဆိုက်ကပ်ပါတော့သည်။ ကားပေါ်မှ ဆင်းလိုက်သည်နှင့် ကျွန်မတို့ ရောက်အလာအား စောင့်ကြိုနေသည့် အစ်မဝမ်းကွဲဖြစ်သူ မမအေး ကို တွေ့လိုက်ရပါသည်။ ကျွန်မနဲ့ ပုဂံသားအားတွဲ၍ မြင်လိုက်ရ သည့်အခါ မမအေးသည် ပြုံးနေရာမှချက်ခြင်းပင် မျက်နှာပျက် သွားခဲ့ပါသည်။ အစ်မဖြစ်သူနှင့် ပုဂံသားအား မိတ်ဆက်ပေးလိုက် သည့်အခါ မမအေးသည် အေးတိအေးစက်ဖြင့် တုံ့ပြန်သော်လည်း ပုဂံသားသည် အပြုံးမပျက် ဂါဝရပြု၍ နှုတ်ဆက်ခဲ့ပါသည်။ ကျွန်မက ပြုံး၍ ရယ်မိပါသည်။

မျက်နှာမသာမယာနဲ့ပင် ရှေ့မှခေါင်းဆောင်၍ ခေါ်လာသည့် မမအေးနောက်မှ လိုက်လာခဲ့ပါသည်။ မကြာပါ ၄င်းကားဂိတ်မှ

နှစ်လမ်းကျော်မျှသာ လျှောက်လိုက်ရသည့်အချိန် ဖေဖေရဲ့အစ်မကြီး ဒေါ်ဒေါ်ညိမ်း၏ အိမ်ကြီးဆီသို့ ရောက်လာပါတော့သည်။

ကျွန်မတို့ အိမ်ကြီး၏တံခါးမကြီးဆီမှ ဝင်လိုက်သည်နှင့် ဧည့်ခန်းထဲ၌ အဆင်သင့်စောင့်ကြိုနေသည့် ဖေဖေရဲ့ အစ်မကြီး ဒေါ်ဒေါ်ညိမ်းသည် ကျွန်မနဲ့ ပုဂံသားအားယှဉ်၍ တွေ့လိုက်ရသည့် အခါ ချက်ခြင်းပင် မျက်နှာအမူအရာများ ပျက်သွားပါသည်။ ဒေါ်ဒေါ်ညိမ်းသည် ချက်ခြင်းဆိုသလို ပြန်လည်၍ မနှစ်မြို့မှုကို ဟန်ဆောင်ကာ ပြုံးပြ၍ ဧည့်ဝတ်ပြုလိုက်သည်။ ပုဂံသားသည် ခေသူမဟုတ်ပါဟု ကျွန်မသိထားပါသည်။ လူကဲခတ်တော်လှတဲ့ ပုဂံသားသည် ကျွန်မဒေါ်ဒေါ်ရဲ့ စိတ်ကို မသိဟန်ပြုကာ အပြုံးမပျက် သိက္ခာရှိသူပီပီ သူ၏အမူအကျင့်အတိုင်း ဒေါ်ဒေါ်အား လက်အုပ်ကလေးကိုချီကာ ဦးညွှတ်နှုတ်ဆက်လိုက်ပါသည်။ ဒေါ်ဒေါ်သည် ပုဂံသားအား ဧည့်ခန်းထိုင်ခုံပေါ်သို့ ဝင်ထိုင်ရန် ဧည့်ဝတ်ပြုလိုက်ပါသည်။ ပုဂံသားတစ်ယောက် အနေကြပ်မှန်း ကျွန်မသိနေပါသည်။ ဒါကြောင့် သူ၏ခရီးဆောင်အိတ်ကို သူတစ်ယောက်အနားယူရန် အပေါ်ထပ်သို့ ယူဆောင်သွားလိုက်သည်။ အဒေါ်ဖြစ်သူသည် ကျွန်မနောက်မှထ၍ လိုက်လာကာ ကျွန်မအား ဆူပူကြိမ်းမောင်းပါတော့သည်။ ကျွန်မသည် ဘာဆို ဘာမှ ခွန်းတုန့်မပြန်ဘဲငြိမ်၍ နားထောင်နေလိုက်ပါသည်။ ဒေါ်ဒေါ်ရဲ့ ဆူပူကြိမ်းမောင်းခြင်း ဩဝါဒပြီးပြီခြင်း ဒေါ်ဒေါ်အား သူသည် ဒေါ်ဒေါ်ရဲ့မောင် ဖေဖေကိုယ်တိုင် ထည့်ပေးလိုက်သူ ဖြစ်ကြောင်းကို ပြောလိုက်သည့်အခါ ဒေါ်ဒေါ်တစ်ယောက် မျက်လုံးကလေးများ ဝိုင်းပကာ အံ့သြခြင်းနဲ့အတူ

"ဟော့တော့"

ဆိုတဲ့ အာမေဋိသံထွက်၍
"ဖြစ်မှဖြစ်ရလေ ငါ့မောင်ရယ်"
ဟု ညည်းတွားသံက ဟိန်းထွက်လာပါသည်။ ဒေါ်ဒေါ်က ဆက်၍
"သြော် ငါ့မောင်ရယ် ကိုယ့်သမီးမိန်းကလေးကို ဘယ်လို စိတ်ကူးနဲ့အတူ လာခိုင်းရတာလဲ"
ငင်းမေးခွန်းတစ်ခုကို ထုတ်၍ အိမ်အောက်ထပ်ဆီသို့ ဆင်း သွားပါတော့သည်။
ကျွန်မနှင့် မမအေးသည် ထမင်းစားခန်း၌ နေ့လည်စားသုံး ဆောင်ရန် ပြင်ဆင်နေသည်။ သို့သော် ကျွန်မ၏စိတ်တွေသည် အိမ်ရှေ့ဧည့်ခန်း၌ ရှိနေသည့် ပုဂံသားထံရောက်ရှိနေပါသည်။ သူဘယ်လိုနေနေသလဲမှစ၍ စဉ်းစားနေချိန်မှာ မမအေးသည် ကျွန်မအား ဆိုင်းမဆင့်ဗုံမဆင့်ဆိုသလို
"ညည်းကမိန်းကလေးဖြစ်ပြီး ဘယ်လိုစိတ်ကူးနဲ့ လာခဲ့ရတာ လဲ"
ဆက်၍
"မကြောက်ဘူးလားဟယ်"
ဟု မနှစ်မြို့သော လေသံဖြင့်မေးလာပါသည်။ ငင်းမေးခွန်း နဲ့အတူ မမအေးထံမှ
"လူကလည်း စုတ်တီးစုတ်ချာ ဘာကိုအထင်ကြီးလို့ ဘယ် လိုအားကိုးရမှာလဲ" ဟု ဈေးတွက်ပါ တွက်ပြလာပါသည်။
ကျွန်မသည် မမအေးကိုကြည့်ကာ ပြုံး၍
"မမအေးရေ သူ့ဘက်က စလာဖို့တောင် ဘယ်ကစရမလဲ စဉ်းစားရကြပ်နေတယ်"

ဟု ပြောချလိုက်သည်အခါ မမအေးတစ်ယောက် ကျွန်မထံမှ မထင်မှတ်ထားသည့် အဖြေတစ်ခုကြောင့်

"ဟောတော့"

ဆိုသည့် အာမေဋိတ်သံနဲ့အတူ မျက်လုံးကလေးများ ဝိုင်းပသွားကာ

"ညည်းက အဲလိုလူကိုလား"

ဟု ငေါ့တော့တော့ မေးလာပါတော့သည်။ ကျွန်မသည် နားပူလှ၍ အပြုံးလှလှလေးကို ပွင့်ထွက်စေဖြာအောင်ပြုံး၍ ဘာဆိုဘာမှကို ခွန်းတုန့်မပြန်ဘဲ မမအေးပြောလိုရာကို နားပူခံ၍ အပြုံးမပျက်ဘဲ နားထောင်နေလိုက်တော့သည်။

ကျွန်မနဲ့ ပုဂံသားသည် ထမင်းတစ်ဝိုင်းထဲ၌ အတူစားသည့်အတွက် ဒေါ်ဒေါ်နဲ့မမတို့သည် အနားမှကြည့်ကာ သူတို့၏ မျက်လုံးကလေးများ ပြုံးကျယ်နေကြသည်။ သူတို့၏စိတ်ထဲ၌ ကျွန်မအားနှာခေါင်းရှုံ့နေလောက်ပြီးဆိုတာကို ကျွန်မရိပ်မိနေပါသည်။ သို့သော် ကျွန်မသည် မသိဟန်ပြုကာ နေလိုက်ပါသည်။ ပုဂံသားအား အကဲခတ်ကြည့်လိုက်ပါသည်။ အားနာနေသည့်ဟန် ရှက်ကိုးရှက်ကန်းဖြစ်၍ အနေအိုက်နေပါသည်။ ဟင်းလျာများပင် ထည့်မစားဝံ့၍ ထမင်းဖြူများသာ ကိုက်စားနေပါသည်။ ကျွန်မသည် ပြုံးလိုက်ကာ သူ၏ထမင်းပန်းကန်ထဲသို့ ဟင်းလျာများ ခပ်ထည့်ပေးလိုက်သည်။ ထိုအခါ ပုဂံသားသည် ပို၍ပင် အားနာစိတ်ဖြင့် ရှက်သွေးလေးများ ဖြန်းသွားပြန်ပါသည်။ ထိုအခါ ကျွန်မ၏စိတ်ထဲ၌

"သော်"

တယ်လဲရိုးတဲ့ ပုဂံသားပါလားဟု မှတ်ချက်ချလိုက်မိပါသည်။ ကျွန်မသည် ထမင်းစားရင်းကြိတ်၍ ပျော်ရွှင်နေမိသော်လည်း ပုဂံသားကို အကဲခတ်ကြည့်လိုက်သည့်အခါ ပုဂံသားတစ်ယောက်စိတ်အိုက်နေဟန် တွေ့ရပါသည်။ ဒါကြောင့်အလိုက်သိစွာ ပုဂံသားအား လွတ်လွတ်လပ်လပ် အနားယူနိုင်ရန် ထမင်းသုံးဆောင်ပြီးသည့်အခါ အိမ်၏အပေါ်ထပ်သို့ ခေါ်သွားလိုက်ပါသည်။ ပုဂံသားက ကျွန်မအား ကျေးဇူးတင်စကား ဆိုလိုက်ပါသည်။ သူ၏မျက်နှာပြင်လည်း ယခုမှ ပေါ့ပါးလန်းဆန်းသွားသည်ကို တွေ့လိုက်ရပါသည်။ ကျွန်မသည် ပုဂံသားအားပြုံး၍ နှုတ်ဆက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

ကျွန်မအား အနားသို့ ရောက်ရောက်ခြင်း ဒေါ်ဒေါ်တစ်ယောက် ဆိုင်းမဆင့်ဗုံမဆင့် မျက်လုံးကလေးအဝိုင်းသားဖြင့် စေ့စေ့ကြည့်ရင်

"ညည်းက သိပ်ကိုပေါ့ပါး သွက်လက်ကာ လိုတာထက်ပိုလွန်မနေဘူးလား။ ညည်းရော ရိုးမှရိုးရဲ့လား"

ဟု တုံးတိတိမေးလိုက်သည်။ ဒေါ်ဒေါ်ရဲ့ မေးခွန်းသည် ကျွန်မ၏အရှိက်ကို ထိချက်ပြင်းပြင်းဖြင့် ထိမှန်လာပါသည်။ ဘာပြန်ဖြေရမှန်းမသိအောင် အကြပ်ရိုက်သွားခဲ့ပါသည်။ ကျွန်မသည် ပြုံးဆတ်ဆတ်ကလေးတစ်ချက်ကို ပြုံးကာဒေါ်ဒေါ်ရဲ့လက်ကလေးကို ဆုတ်ကိုင်ရင်း

"ဒေါ်ဒေါ်ရယ် ဖေဖေထည့်ပေးလိုက်တဲ့ ဖေဖေရဲ့ ဧည့်သည်ဖြစ်လို့ပါ"

ဟု ဆင်ခြင်ပေးလိုက်မိပါသည်။ ဒေါ်ဒေါ်သည် ကျွန်မအား ရွဲ့တဲ့တဲ့ကလေးပြုံးလိုက်ကာ . . .

"ဟုတ်ပါပြီး ငါတူမကြီးရယ် ဒါပေမယ့် မြင်နေရတာက မယ်ဘော်ကတော်တော် ကြက်တူရွေးကတကဲကဲ ဖြစ်နေသလားလို့ မေးလိုက်မိတာပါ"

ဒေါ်ဒေါ်၏ ငေါ့တော့တော့ ပြောစကားသံသည် ကျွန်မအဖို့ ရှက်စိတ်ကလေး ဖြစ်သွားမိပါသည်။ သို့သော် ထိုရှက်စိတ်ကလေးကို မခို့တခို့အပြုံးလေးဖြင့် ဖုံးကာ ဒေါ်ဒေါ်၏ပြောသမျှစကားတွေအား ခေါင်းလေးကိုငုံ့၍သာ နားထောင်နေလိုက်ပါသည်။

ဒေါ်ဒေါ်သည် ကျွန်မအား ပြောဆိုဆုံးမဩဝါဒများ ပြီးသည့်အခါ ကျွန်မတို့လာရင်းကိစ္စဖြစ်သည့် နယ်မှလုပ်ငန်း ငွေကြေးကိစ္စများကို စာရင်းဇယားများဖြင့် ရှင်းလင်းကာပြီးသွားခဲ့ကြသည်။

ညနေစောင်း နေကျချိန်၌ အပေါ်ထပ်ရှိ ပုဂံသားအား လှေကားထစ်မှ ချောင်းကြည့်လိုက်သည်။ ပုဂံသားတစ်ယောက်လည်း လဲလျောင်းရင်း စာဖတ်နေသည်ကို တွေ့ရပါသည်။ ကျွန်မသည် အပေါ်ထပ်သို့ ဆက်မတက်ဘဲ ဆင်းလာခဲ့ပါသည်။ ထို့နောက် ကျွန်မ၏ အစ်မဝမ်းကွဲ မမအေးနှင့် စကားတွေပြောရင်း အချိန်ကုန်သွားစေခဲ့ပါသည်။

ညစာသုံးဆောင်ချိန်၌ ဒေါ်ဒေါ်သည် ပုဂံသားအကြောင်းကို စပ်စုနေပါသည်။ ပုဂံသားသည် ဒေါ်ဒေါ်၏မေးသမျှကို ရိုးသားစွာ အရှိကိုအရှိတိုင်း ဝန်ခံနေပါသည်။ ဒေါ်ဒေါ်တစ်ယောက် ပုဂံသားအား အထင်အမြင်သေးစိတ်များ ပေါ်လွင်နေပါသည်။ ပုဂံသားသည် ထမင်းသုံးဆောင်ပြီးသည့်အခါ ဦးလေးညွှတ်ကာ အိမ်ရှေ့ခန်းဆီသို့ ထသွားပါတော့သည်။ ဒေါ်ဒေါ်ရဲ့အပြုံးတွေသည် ကျွန်မအား ရယ်တဲ့တဲ့ ပြုံးပြနေမှန်းသိပါသည်။ ကျွန်မနဲ့ ဒေါ်ဒေါ်၏

အမြင်သဘောထားသည် ဘယ်၍မျှ မတူညီနိုင်ဘူးဆိုတာကို ကြိုတင်မှန်းဆထား၍ ပြုံးလိုသာပြုံး၍ နေလိုက်ပါသည်။

အိမ်၏ဧည့်ခန်း၌ စကားပြောကြသည့်အခါ ဒေါ်ဒေါ်တစ်ယောက် မျက်လုံးကလေးများ ဝိုင်းပသွားသည်။ ဘာသာရေးလူမှုရေးအဖြာဖြာကို နားထောင်လိုက်ရသည်။ ဒေါ်ဒေါ်သည် အရင်ထက်မတူ အသက်ဝင်တဲ့ အပြုံးတွေကိုပြုံး၍ လာပါသည်။ ညအိပ်စက်ရန် ဒေါ်ဒေါ်အား လက်အုပ်ကလေးကိုချီကာ နှုတ်ဆက်၍ အပေါ်ထပ်သို့ တက်သွားပါသည်။ မကြာပါ ညအိပ်ယာဝင်ဝတ်ပြုသံအား ပုဂံသားထံမှ ကြားလိုက်ရသည့်အခါ မြင်နေရသည်မှာ ဟန်ဆောင်မှုမရှိဘဲ နေ့စဉ်ပြုမူ နေကျအတိုင်း တွေ့ရသည်မှာ ကျွန်မ၏ စိတ်ထဲ၌ အာဂလူပါလားဟု ရေရွတ်လိုက်မိသည်။

ပုဂံသား၏ အိပ်စက်ခြင်းကို မကြာခဏအဝေးမှ အကဲခတ်ခြင်း၊ အနီးအနားမှကြည့်မိရသည့်အခါ မရိုးမဖြောင့် စိတ်ကလေးကို သူထံမှ တစ်စက်ကလေးပင် မတွေ့ရပေ။ သူ၏နှစ်ခြိုက်စွာအိပ်ပျော်နေသည့်ဟန်သည် ကလေးငယ်တစ်ယောက်ပမာ သူ၏မျက်နှာ၌ ကြည်လင်ဝင်းပနေတာကို တွေ့လိုက်ရသည်။ ထိုအခါကျွန်မရင်ထဲ၌ စိတ်အေးသွားပါသည်။ ပြုံး၍ ကျွန်မယုံကြည်ခဲ့ရသူ၊ လေးစားတန်ဖိုးထားရသူ ပုဂံသားသည် တကယ်ကို လူသားစိတ်ဆန်တဲ့ သိက္ခာတရားကို ကိုယ်ကွယ်သူဆိုတာကို သိရှိခံစားခွင့်ရလိုက်ပါသည်။ ထိုအတွေးများနဲ့အတူ အပြုံးတွေ၊ အပျော်တွေကို ထွေးပိုက်ရင်း နှစ်ခြိုက်စွာ အိပ်စက်လိုက်ပါတော့သည်။

နောက်တစ်နေ့ နံနက်မိုးသောက်လင်းသည့်အခါ ပုဂံသား၏ဘုရားဝတ်ပြုကာ မေတ္တာပို့သံကို ကျွန်မသည် အိပ်ယာထဲမှ ကြားလိုက်ရသည့်အခါ ကျွန်မရင်ထဲ၌ ကြိတ်၍ပင် ပြုံးပျော်နေပါသည်။

အိမ်၏ညှော်ခန်း၌ ထိုင်နေသည့် ဒေါ်ဒေါ်၏ အပြုံးတွေသည် မနေ့ကနဲ့မတူ နှစ်သက်မှုလက္ခဏာများ ပြည့်လျှံနေသည်ကို တွေ့ရပါသည်။ ဒေါ်ဒေါ်အနားသို့ ဝင်ထိုင်လိုက်သည်အခါ ဒေါ်ဒေါ်သည် ကျွန်မ၏လက်ဖဝါးလေးကို သေချာစွာ ဆုတ်ကိုင်၍

"သမီးလေး လက်မလွှတ်စေနဲ့နော် ရှားပါးပစ္စည်း"

ဟု ဖွင့်ပြောလာပါသည်။ ထိုအခါ ကျွန်မသည် ပီတိအပြုံးလေးများကို ဖြာကြလျက် ဒေါ်ဒေါ်ရင်ခွင်ထဲသို့ ကလေးငယ်တစ်ဦးပမာ မြူးကြွနေပါသည်။

ရန်ကုန်သို့ မပြန်ခင် နံနက်စာအား ဟင်္သာတမုန့်ဟင်းခါးဖြင့် ဖြတ်ကျော်လိုက်ကြသည်။ စားသောက်ပြီးသည်အခါ အပြန်ခရီးကို ဆိုင်ပြင်ကြပါသည်။ ပုဂံသားသည် အိမ်၏ အပေါ်ထပ်သို့တက်ကာ ဘုရားဝတ်ပြုပါသည်။ အပေါ်ထပ်မှ ပြန်ဆင်းလာသည့်အခါ ပုဂံသားသည် သူ၏ခရီးဆောင်အိတ်ကလေးကို ဘေးသို့ချကာ ဒေါ်ဒေါ်ရှေ့ ခစောင့်စောင့်လေးထိုင်ကာ လက်အုပ်ချီ၍ ဦးချကန်တော့ပါသည်။ ကျွန်မလည်း ပုဂံသားနဲ့အတူ ဦးချကန်တော့လိုက်ရသည်။ ဒေါ်ဒေါ်၏ အပြုံးတွေသည် နှင်းဆီပန်းကဲ့သို့ ပွင့်အံဖြာကြနေသည်။ ချိုသာသော အသံအေးအေးလေးဖြင့် ဆုပေးသံသည် ကျွန်မ၏ နှလုံးအိမ်ကို အေးမြသွားစေသည်။ ဒေါ်ဒေါ်ကဆက်၍

"ဒီကသားမောင်တစ်ယောက် လမ်းကြုံတဲ့အခါ ဒေါ်ဒေါ်ထံမှာ ခရီးတထောက် နားခိုနိုင်ပါတယ်။ ဒီက ဒေါ်ဒေါ်တူမလေးကို စောင့်ရှောက်ကာကွယ်ပေးပါ"

ဟု ပြောလာသည်။ ကျွန်မအံ့သြသွားရသည်။ ပုဂံသားသည် တည်ငြိမ်လျက်

"ဟုတ်ကဲ့ခင်ဗျာ"

ဟု ကတိပြုသံတစ်ခုနဲ့အတူ ခေါင်းလေးငုံ့ကာ ရှက်သွားသည်ကို တွေ့လိုက်ရသည်။ ဒေါ်ဒေါ်တစ်ယောက် ကန်တော့ခံရင်း ပီတိအပြုံးကလေးများ ဖွားဖွားဖြာကျကာ ကြည်နူးနေသည့် ဒေါ်ဒေါ်အား နှုတ်ဆက်အပြုံးကို ပြုံး၍ အိမ်ထဲမှထွက်လာကြတော့သည်။

ဟသ်ာတကားဂိတ်အထိ မမအေးက လိုက်ပို့ပေးပါသည်။ အိပ်စပတ်ကားကြီးပေါ်သို့ တတ်ခါနီး၌ မမအေးသည် ကျွန်မအနားသို့ ကပ်၍ တိုးတိုးကလေးပြောလာပါသည်။

"ညည်းလူက အာဂလူ"

ဟု ချီးကျူးစကားကို ဆိုလိုက်ကာ

"ညီမလေး စိတ်ကူးမချော်နဲ့တော့"

ဟု တိုက်တွန်းစကားပါ ဆိုလာခဲ့ပါသည်။ ကျွန်မသည် ကိုယ့်အတွေးနဲ့ကိုယ် ခရီးတစ်လျှောက် အပျော်တွေ အပြုံးတွေ ပီတိလှိုင်းကလေးတွေ ပွေ့ပိုက်ရင်း ရန်ကုန်သို့ အပြန်ခရီးသည် တစိမ့်စိမ့်ကြည့်နူးနေမိပါတော့သည်။

ညနေခင်းကာလမှာ အိမ်သို့ပြန်ရောက်လာခဲ့ကြသည်။ ထုံးစံအတိုင်း ပုဂံသားသည် ဖေဖေအား လက်အုပ်ကလေးချီကာ ခွင့်ပန်၍ ကျွန်မအား ဖေဖေထံသို့ အပ်နှံကာ ပြန်သွားပါသည်။ ဖေဖေသည် ပုဂံသားအား ခြံပေါက်ဝထိ လိုက်ပို့ပေးပါသည်။ ကျွန်မသည် ပြတင်းပေါက်မှ သူ၏ကျောပြင်ကြီးကိုကြည့်ပြီး လွမ်းရစ်နေခဲ့ပါသည်။ အိမ်ထဲသို့ ပြန်ဝင်လာသည်။ ဖေဖေရဲ့ အပြုံးတွေကို တွေ့လိုက်ရသည်မှာ ကျေနပ်ပီတိဖြစ်နေသည်။ သိရပါသည်။ အိမ်ထဲသို့ ရောက်ရောက်ချင်းပင်

"သမီးဘယ်လိုလဲ"

ဟု တုံးတိတိမေးလာပါသည်။ ဖေဖေရဲ့ အမေးပုစ္ဆာသည် သွားရောက်ခဲ့သည့် အကြောင်းကိစ္စကို မေးခြင်းမဟုတ်ကြောင်း သိပါသည်။ ကျွန်မသည် ဖေဖေအား ရှက်ပြုံးကလေး ပြုံးလိုက်မိပါသည်။ ထိုရှက်စိတ်ကလေးကို ဖျောက်၍

"ဖေဖေ ပုဂံသားကို မမအေးက အာဂလူပဲဟု ပြန်ခါနီး၌ ပြောလိုက်တယ်။ ဖေဖေ ပုဂံသားဟာ ရိုးသားတာ ဖေဖေ တုံးအတာမဟုတ်ပါဘူး။ သိမ်မွေ့တာပါ။ ဖေဖေ သူဟာ မနုံပါဘူး။ မာယာမဲ့သူပါ၊ သိက္ခာဂုဏ် ကိုယ်ကွယ်တာပါ။ ဖေဖေ"

ကျွန်မစကားအဆုံး၌ အပြုံးတွေနဲ့ နားထောင်နေသည့် ဖေဖေက

"ဟုတ်လားသမီး"

ဟု ထောက်လိုက်ကာ

"ဒါဆို ဖေဖေ လူကဲခတ်မမှားဘူးပေါ့နော်"

ကျွန်မသည် ဖေဖေအားရှက်၍ ခေါင်းလေးကို ငုံ့ကာပြုံးဆတ်ဆတ်လေး ဖြစ်သွားသည်။ ထိုအပြုံးအား ထွေးပိုက်ရင်း ကျွန်မ၏ အိပ်ခန်းဆီသို့ အပြေးကလေး ဝင်သွားပါတော့သည်။

□ □ □

# ရုပ်ပုံလွှာတချို့

တစ်နေ့၌ ကျွန်မသည် စာသင်ပြပေးရသည့် ကျောင်းသားမိဘများနှင့်အတူ အပြင်သို့ ကိစ္စတစ်ခုဖြင့် လိုက်ပါသွားခဲ့ချိန် နေရာတစ်ခု၌ နေပူရာအောက်ဝယ် ပုဂံသားလုပ်ကိုင်နေရပုံကို ဖျတ်ခနဲတွေ့လိုက်ရသည်။ ၎င်းမြင်ကွင်းသည် ကျွန်မ၏ ရင်ခွင်တစ်ခုလုံးကို ပူလောင်သွားစေသလို ပို၍လည်း အံ့ဩနေမိသည်။ သူ့အား သနားစိတ်ကလေးသည် ကျွန်မ၏ တစ်ကိုယ်လုံးဆီသို့ စိမ့်သက်လာပါသည်။

ထိုမြင်ကွင်းနှင့် ပတ်သက်ပြီး ဖေဖေအား ပြောပြလိုက်သည့်အခါ ဖေဖေသည် အပြုံးမပျက်ဘဲ ရယ်မောနေပါသည်။ ရယ်မောမှုကို တိကနဲ့ရပ်လိုက်ကာ ဖေဖေက

"ပုဂံသားက ရိုးသားပြီး မျှတတဲ့အလုပ်ဟူသမျှ သူလုပ်ပါတယ်။ ဒါပေမယ့် သူ့ဘဝထက် သူယုံကြည်ချက်ကို ချမနင်းတဲ့သူဆိုတာကိုပါ သိထားပါတယ်"

ဖေဖေသည် ပုဂံသားအကြောင်းတွေကို နှံ့စပ်စွာ သိထားမိပုံရပါသည်။ သို့သော် ဖေဖေသည် ကျွန်မကမေးမှ မေးတာကိုဘဲ ဖြေပေးနေပါသည်။ ဒါကြောင့် ကျွန်မသည် သူဟာ ဘယ်လိုလူစားလဲဆိုတာကို သိချင်လာပါသည်။ ၎င်းသိချင်နေသည့်စိတ်ကို အကောင်အထည်ဖော်ရန် ကျွန်မသည် ပုဂံသားနှင့် နီးစပ်သည့်လောကမှ လူတစ်ချို့ကို ခင်မင်ရင်နှီးဖို့ လိုအပ်လာပါသည်။ ဒါကြောင့် ဖေဖေရဲ့ မိတ်ဆွေသစ်ထဲမှ အမျိုးသမီးတစ်ဦးနှင့် ရင်းနှီးအောင် ပေါင်းသင်းခဲ့ပါသည်။ ထိုမှတစ်ဆင့် ပုဂံသား၏အကြောင်းအား တစေ့တစောင်း စပ်စုကြည့်မိပါသည်။ ထိုအမျိုးသမီးသည် ကျွန်မအား လူသိထားသလောက် ပုဂံသားတစ်ယောက်၏အကြောင်းအား အိတ်သွန်ဖာမှောက် ပြောပြပေးပါသည်။ ပုဂံသား၏အကြောင်းအား ပြောပြနေရင် ကြို့ကြားကြို့ကြား၌ မနာလိုမှုအသံများလည်း ပါလာတတ်ပါသည်။ ထိုအခါ ကျွန်မသည် ထိုသူ၏စိတ်သဘောထားအတိုင်း မျောလိုက်ပေးခဲ့ပါသည်။ ကျွန်မစဉ်းစားရခက်သည့် အကြောင်းတစ်ခုက စိုးမိုးလာပါသည်။ ပုဂံသားသည် ဘာကြောင့် ဒီလိုမက်မောမှု နည်းပါးရတာလဲ။ ကျွန်မသည် စဉ်းစား၍လည်း မရပါ။ အဖြေလည်း မထွက် ဖြစ်နေခဲ့ပါသည်။ ဘယ်အချိန်ကာလထဲက နိုင်ငံရေးလုပ်သား ဖြစ်နေသလဲဆိုတာကို သိချင်လာသလို နေရာမမက်တာကိုလည်း တွေ့နေရသည်။ သူ၏ယုံကြည်ချက်အတိုင်း လုပ်နိုင်သည့်ဘက်မှ လုပ်ပေးနေတာကို သိလိုက်ရသည်။ သူ၏ရပ်တည်

ဘက်ကို တွေ့လိုက်ရသည့်အခါတိုင်း၌ တွေ့ရသည်မှာ ပြည်သူ လူထု၏ အဖိနှိပ်ခံအလွှာဘက်၌သာ တွေ့ခဲ့ရသည်။ သို့သော် ပုဂံသားသည် တစ်ဖက်မှအင်အားစုကို ရန်သူအဖြစ် မမြင်ပါ။ မုန်းလည်း မမုန်း၊ ချစ်ခင်လေးစားမှုလည်း မပြ။ ဒါကြောင့် တစ်နေ့၌ ကျွန်မသည် ပုဂံသားအား တိုက်ရိုက်မေးကြည့်ဖူး ပါသည်။ ထိုအခါ ပုဂံသား၏အဖြေက ရိုးရှင်းလှပါသည်။

"လူ့အဖွဲ့အစည်းမှာ ဖျက်ပစ်လို့မရဘဲ ပကတိတည်ရှိနေ တာကို မုန်းပစ်လို့ ဘယ်ဖြစ်မလဲ။ ကိုယ့်လမ်းကို မိမိကိုယ်တိုင်ဘဲ ဖောက်ယူကြရပါမယ်။ ကိုယ့်အတွက် တစ်ခုထဲကို ကြည့်ပြီး ဆုံးဖြတ်လို့မရဘူး"

အဲဒီအချိန်က နားထောင်နေခဲ့ရသည့် ကျွန်မသည် သဘော မပေါက်ခဲ့ပေ။ ယခုတော့ နားလည်သင့်သလောက် နားလည်လာ ပါသည်။ ဒါကြောင့် ကျွန်မရင်ထဲ၌ အာဂလူသားဟု တဖွဖွရေရွတ် နေမိတော့သည်။

ကျွန်မရင်ထဲမှ တိတ်တခိုးချစ်မိနေသည့် ပုဂံသား၏ အကြောင်းများသည် ရင်ခုန်စရာ အံ့ဩစရာလေးစားစရာများနဲ့ ဆော့ကစားနေရမိပါသည်။ ပုဂံသားတစ်ယောက် စစ်အာဏာရှင် စနစ်ကို အံတုခဲ့သည့်ကာလတစ်လျှောက် နောက်လိုက်ကောင်း တစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ ဒီမိုကရေစီအရေး တော်ပုံတပ်သားတစ်ဦးအနေဖြင့် တော်လှန်ရေးအတွက် ပတ္တရား ကျော့ပွန်သူအဖြစ် ကျွန်မသိခဲ့ရပါသည်။ စစ်အာဏာရှင် အစိုးရ အောက်၌ ပုဂံသားသည် သူ၏အရေးတော်ပုံ တပ်သားဘဝကို ငွေကြေး၊ နေရာ၊ လုပ်ပိုင်ခွင့်ကို့ဖြင့် သူ၏ယုံကြည်ချက်ဖြင့် မလဲခဲ့ သလို သူ၏ယုံကြည်ချက်အပေါ် သစ္စာရှိရှိ ရပ်တည်ခဲ့သူ ဖြစ်နေ

ပါသည်။ ကျွန်မဒါထက်ပို၍ သိရှိလိုက်ရသည်က အမိနိုင်ငံတော်အား ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စုဖြစ်ထွန်းရေးသည် ပုဂံသား၏ နိုင်ငံရေးလုပ်ရခြင်း အဓိကပန်းတိုင်ဖြစ်နေသည်။ သူ၏သဘောထားက ငှင်းလှူ့အဖွဲ့အစည်းတွင်း၌ သက်ဝင်လှုပ်ရှားနေသည့် အလုပ်ရုံးယန္တယားတွေသည် သူ့နေရာ၊ သူ့လုပ်ငန်းပေါ်၌သာ ဦးတည်လှုပ်ရှားနေသူဖြစ်ပါသည်။ လူထုဗဟိုပြုယန္တယားများ ဖွံ့ဖြိုးရေးသည် အဓိကဟု ပုဂံသားပြောခဲ့သည့် စကားသည် ကျွန်မ ထိုအချိန်က ပြည့်ဝစွာ နားမလည်ခဲ့ပါ။ ယခုစဉ်းစားလိုက်ချိန်၌ ရေးရေးမျှသာ နားလည်လာသည်ကို ဝန်ခံမိပါသည်။

သူ၏ဘဝကို တစ်စိတ်တစ်ဒေသ သိလိုက်ရသည်မှာ ကျွန်မ၏ရင်ထဲကို တလပ်တပ်တဖြတ်ဖြတ် ဖြစ်ခဲ့ရပါသည်။ သူ့၏ဘဝသည် ပြည့်စုံကြွယ်ဝသည့် မိသားစုထဲက မဟုတ်။ သူ့ဘဝ၏ဖြတ်သန်းပုံသည် မချောမွေ့ပါ၊ မသာယာပါ၊ မနူးညံ့ခဲ့ပါ၊ ကြမ်းတမ်းခက်ခဲခဲ့ပါသည်။ သူဘဝရှင်သန်ဖို့အတွက် ဆယ်ကျော်သက်အရွယ်လောက်မှစ၍ ကျောင်းပညာသင်ကြားရင်း ရပ်ကွက်စုလေးထဲမှ ကြုံရာအလုပ်ဟူသမျှကို လုပ်ကိုင်ခဲ့ရသူ ဖြစ်ပါသည်။ သူ၏ဉာဏဆိုင်ရာ ဖွံ့ဖြိုးဖို့လည်း သူသည် မရပ်မနား ကြိုးစားခဲ့ရသည်ကိုပါ သိခဲ့ရပါသည်။ သူ့ဘဝ၏ တစ်စိတ်တစ်ပိုင်းသည် အာဏာရှင်တို့၏ ထိုးနှက်ပျက်စီးမှုအောက်၌ ကုန်ဆုံးခဲ့ရပါသည်။ ထိုအကြောင်းများကို ပုဂံသားသည် တခြားလူအား ပြန်ပြောလေ့မရှိပါ။ သူ၏ခန္ဓာကိုယ်သည် မွေးရာပါပကတိမရှိဘဲ ကြံ့ခိုင်မှုအားနည်းနေသည်ကို ကျွန်မသိလိုက်ရသည့်အခါ ပုဂံသားအားသနားစိတ်ကြောင့် မျက်ဝန်းအိမ်မှ မျက်ရည်များပင် အလိုလိုစီးကျကာ ငိုခဲ့မိပါသည်။ ဒါပေမယ့် ကျွန်မစဉ်းစားမရသည်မှာ

ပုဂံသားကို တွေ့လိုက်တိုင်း သူ၏ရင်ထဲ၌ ထိုရလဒ်၏ အမုန်း တရားတို့ကို မတွေ့ရပါ။ သူ့ဘဝကိုသာ သူကပြုပြင်၍ ပြုံးပြ လျက်သာ တွေ့နေရပါသည်။

နေ့တစ်နေ့ ကျွန်မတို့အိမ်၌ပင် ပုဂံသားနှင့် အလွန်တရာ ရင်နှီးကျွမ်းဝင်လှသည့် အသက် (၇၀) မျှ ခေါင်းဖြူအဖိုးကြီး တစ်ဦးနဲ့ တွေ့ခွင့်ရလိုက်သည်။ ထိုအချိန်က ကျွန်မသည် ထို ခေါင်းဖြူအဘိုးကြီးအား အကဲခတ်ကြည့်သည့်အခါ ပုဂံသားအား လေးစားချစ်ခင်မှု ရှိနေတာကို သိလိုက်ရသည်။

ခေါင်းဖြူဘဘကြီးက ပုဂံသား၏ ရိုးသားဖြောင့်မတ်မှုကို ဖွင့်ဟပြောလာပါသည်။ နိုင်ငံရေး အသိစိတ်ဓာတ် နိုးကြားခြင်း၊ ရဲရင့်ခြင်း၊ တတ်သိမှုသည် ဘဘတို့လည်း တစ်ခါတစ်ရံ သူထံမှ သင်ယူခွင့်ရလိုက်တာတွေ ရှိခဲ့ဖူးတယ်။ ဂုဏ်ပြုစကားသံပါ နားထောင်လိုက်ရသည်။ သူကို ခင်မင်ကြသူတွေများများ ရှိကြ သလို၊ သူ့လိုပဲ အဖြူရောင်လူသားတွေ ချစ်ခင်ကြပါတယ်။ သူ့ကို မနှစ်မြို့နိုင်တဲ့ လူတွေလည်း ရှိနေနိုင်တာပေါ့။ ဘဘခေါင်းဖြူ ကြီးက ပုဂံသားပေါ်မြင်တဲ့ သူ့သဘောထားကို ချပြသွားပါသည်။ ပုဂံသားကို သေချာတာတစ်ခုချပြောရရင် သူသည် အားလုံးကို ရိုးသေလေးစားပါတယ်။ ပုဂ္ဂိုလ်ရေး မကိုးကွယ်တတ်ဘူး။ စကား ပြောကောင်းသလို စကားလုံးတွေ ကြွယ်ဝပြီး နားထောင်လို့ ကောင်းတာလည်း အံ့သြခဲ့ပါတယ်။ ဒါကြောင့်လည်း ပုဂံသား ပီသနေတာပေါ့ဟု ရယ်ရယ်မောမော ပြောပြနေသည်။ အဘ ခေါင်းဖြူကြီးကို ကြည့်ပြီး ကျွန်မ၏ ရင်ထဲ၌ ပုဂံသား၏မာန်၊ ပုဂံသား၏အသံတို့ကို ထိုအချိန်က စိတ်ကူးနဲ့မှန်းကြည့်ကာ ပီတိ ဖြစ်ခဲ့ရပါသည်။

ငှင်းဖိနှိပ်မှုကာလသည် ပင်နီအင်္ကျီဝတ်ထားရဲဖို့ နေနေ သာသာ၊ နိုင်ငံရေးသမားလိုလူတွေ အိမ်လည်လာမှာကို ကြောက် အားကြီးနေကြသည့် ခေတ်ကာလမှာ စုတ်တီးစုတ်ချာနိုင်လှသည့် ပင်နီတိုက်ပုံအင်္ကျီကြီးကို ဝတ်ဆင်ကာ အာဏာရှင်စနစ်ရိုင်းရဲ့ အကြောင်းတွေကို လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ ဆံပင် ညှပ်ဆိုင်၊ ရေယာဉ်ပေါ်၊ မော်တော်ကားတွေ ပေါ်မှာ မကြောက်မရွံ့ အံတုစကားတွေ ပြောနေသည်။ သူ၏ရုပ်ပုံလွှာကို တစိမ့်စိမ့် တွေးကြည့်ကာ ကြည့်နေရင်း ကြက်သီးမွေးများ ဖြန်းဖြန်းထလာ ကာ ကြောက်စိတ်ကလေးများပင် တိုးဇော့လာပါသည်။ ငှင်းစိတ်က လေးများနဲ့အတူ ကျွန်မသည် သူအား ပို၍ပင် တန်းဖိုးထား မြတ်နိုး ခဲ့ရပါသည်။

ငှင်းကာလအချိန်၌ ကျွန်မဘဝကိုပြန်၍ စဉ်းစားကြည့်လိုက် ပါသည်။ ကျွန်မ၏ဘဝကို သုံးသပ်ကြည့်လျှင် အယူသက်သက် ပင် ရှိခဲ့ပါသည်။ အာဏာရှင်စနစ်ကို အံတုဖို့ထက် မိမိပတ်ဝန်း ကျင်၌ ဘာတွေဖြစ်ခဲ့သည်ကို မသိခဲ့ပါ။ သိရှိရန် မကြိုးစားခဲ့ဟု ဝန်ခံမိပါသည်။ ယခုအခါ ကျွန်မသိရှိလိုက်ချိန်မှာ ကျွန်မဘဝသည် ကျွန်မကိုထမ်းပိုးထားရသည့် နိုင်ငံအပေါ်၌ ကြွေးမြီးတင်နေပြီဟု ခံစားနေမိပါသည်။ ကျွန်မသည် တစ်ချိန်က ခေတ်ဝန်ကို ရှောင်ခဲ့ ပါသည်။ ခေတ်လမ်းကို မဖောက်ဝံ့ခဲ့ပါ။ ကျွန်မကိုယ်ကျွန်မ ယခုအခါ ရှက်နေမိပါသည်။ ကျွန်မရင်ထဲ၌ကြိတ်ပြီး ချစ်မိနေသူ ပုဂ္ဂိုလ်သည် ခေတ်ဝန်ကိုလည်း ထမ်းခဲ့ပါတယ်။ ခေတ်လမ်းကို လည်း ဖောက်ခဲ့ပါတယ်။ ယုံကြည်ချက်ကို မတွန့်မဆုတ် လျှောက် လှမ်းရင် မောရှိုက်နေတဲ့ ဘဝ၊ နွမ်းနယ်နေတဲ့ သူ၏ဘဝကို ကျွန်မသည် သူ၏အနားမှ သူ၏ဝန်ကို ဝိုင်းဝန်းထမ်းပိုးရန်

ကြံ့ခိုင်သန်မာတဲ့ စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ချက်ကို ချခဲ့ပါတော့သည်။

ထို့အတွက်ကြောင့် ကျွန်မသည် ပုဂံသားနဲ့အတူ နိုင်ငံရေးအခမ်းအနားတချို့အား လိုက်သွားခဲ့ပါသည်။ ယခုအခါ ကျွန်မသည် ပုဂံသား၏ မေမေအား သွားရောက်တွေ့ဆုံဖို့ အထိပင် စိုင်းပြင်းနေပါသည်။ သို့သော် ပုဂံသားသည် ကျွန်မအား သူ၏အိမ်သို့ အလည်လာရန် မဖိတ်ခေါ်ခဲ့ပါ။ မလာရောက်ရန် ဟန့်တားမောင်းထုတ်မဲ့သူ မဟုတ်ဘူးဆိုတာကိုပါ ကျွန်မ သိနေပါသည်။ ပုဂံသားသည် တစ်ဖက်သားအား အလွန်တရာမှပင် အားနာတတ်သူဖြစ်ပါတယ်။ ဒါထက်ထူးခြားတာက သူကြောင့် တခြားလူတစ်ဦးတစ်ယောက် ထိခိုက်နစ်နာသွားမှာကို အလွန် ကြောက်ရွံ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မသိလိုက်ရသည်မှာ သူ၏ယုံကြည်ချက် စိတ်ဓာတ်သည် မိမိဘဝတိုးတက်ဖို့အတွက် လူတစ်ဖက်သား၏ဘဝကို နင်းတက်ရသည့် လုပ်ရပ်သည် အကုသိုလ်အလုပ်ဟု ခံယူထားခြင်းပင် ဖြစ်ပါသည်။

သူဟာ အကဲခတ်ရခတ်သူဖြစ်ကြောင်း ကျွန်မတပ်အပ်ပြောနိုင်ပါသည်။ ဘာကြောင့်လဲ သူ့အား အဝေးမှ ရုပ်ကြည့်လျှင် သူ၏အယူအဆနှင့် သူ၏ဘဝအလှတရားကို မတွေ့ရှိနိုင်ဟု ပြောနိုင်ပါသည်။ သို့သော် သူနှင့်အတူ အနီးကပ်ဆက်ဆံကြည့်မှသာလျှင် အလွန်တရာမှပင် လေးစားရသူ၊ ခင်မင်ထိုက်သူ၊ တန်ဖိုးထားရသူ လူတစ်ယောက်အဖြစ် တွေ့မြင်ရပါမည်။ ဘာကြောင့်လဲဟုဆိုသော် အဝတ်တန်ဆာကို ကြံ့သလို ကပေါ်ကရော် ဝတ်ဆင်တတ်သူ ဖြစ်ပါတယ်။ သပ်သပ်ရပ်ရပ်မရှိ၊ ပြင်ပြင်

ဆင်ဆင် မနေပါ။ စုတ်တီးစုတ်ချာနိုင်လှပါသည်။ ထိုရုပ်ပိုင်း ဆိုင်ရာ အမူအကျင့်နဲ့ ဆန့်ကျင်ဘက် သူ၏စိတ်အလှတရားသည် ဖြူစင်သန့်ရှင်းနေသူပါ။ သူ၏လူသားဆန်နေခြင်းသည် နှိုင်းပြရ ခက်ပါသည်။ သူ၏အကြောင်းတွေကို စဉ်းစားလိုက်တိုင်း ကျွန်မ ၏ရင်ထဲက စိတ်လှိုင်းကလေးများသည် တဖျတ်ဖျတ်ခတ်ကာ ပျော်ရွှင်ပီတိ မြူးကြွနေရပါတော့သည်။

ဘစ်နေ့ နိုင်ငံရေးအခမ်းအနားပွဲတစ်ခုသို့ ကျွန်မသည် ပုဂံ သားနဲ့အတူ သွားခဲ့ပါသည်။ ထိုအခမ်းအနား၌ နိုင်ငံရေး ဆွေးနွေး မှုပုံစံသည် တတ်ကြွ၍ အကြိတ်အနယ် ဆွေးနွေးငြင်းခုံနေကြတာ ကို တွေ့ရပါသည်။ တစ်ဦးနဲ့တစ်ဦးဟာ နိုင်ငံရေး အယူအဆများ ကို အကြိတ်အနယ်ဆွေးနွေး ငြင်းခုံမှုကို တွေ့ရသည်အခါ ကျွန်မ၏ မျက်လုံးကလေးများ ဝိုင်းပကာ ကျွန်မ၏ ရင်ခွင်တစ်ခုလုံး သည်း ထိပ်ရင်ဖိုခံစားနေရသည်။ ထိုအချိန်၌ ပုဂံသားသည် ကျွန်မ၏ အနားမှ ငေါက်ခနဲ့ မတ်တတ်ထရပ်ကာ ဝင်ရောက်ဆွေးနွေး လိုက်ပါသည်။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမပြင်ဘဲ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အာမ ဘန္တေမခံနိုင်ကြောင်း တင်ပြဆွေးနွေးလိုက်ပါသည်။ (၂၀၀၈) ဥပဒေနဲ့အတူ ယန္တရားတွေဟာ နေရာမှန်လည်ပတ်ထိန်းကျောင်းဖို့ လိုအပ်နေကြောင်းကိုပါ ထပ်ဆင့်ဆွေးနွေးလိုက်သည့်အခါ အား လုံးတုန့်ကနဲ့ ခေတ္တငြိမ်သက်သွားပြီး လက်ခုပ်သံများ တဖြောင်း ဖြောင်းထွက်ပေါ်လာပါသည်။ ၄င်းဆွေးနွေးပွဲမှအထွက် ပုဂံသား အား မီဒီယာတစ်ခုက (၂၀၀၈) အခြေခံဥပဒေကြီးကို ဘယ်လိုမြင် ပါသလဲဟု မေးလာသည့်အခါ ပုဂံသားသည် ပြုံးလျက်

"ဒီမိုကရေစီ ဝတ်ရုံလွှာ ကဗ္ဗလာစကို ခြုံထားသော်လည်း သေနတ်ပေါက်ရာ ဗလပွနဲ့ ဖာထေးစတွေ ပြည့်နှက်နေသည့် အင်္ကျီအဖြစ် မြင်ပါတယ်"

အတိုချုံးအဖြေကို ပေးပြီးပြန်လာခဲ့ပါသည်။ ပုဂံသားကို အနားမှ ကြည့်နေရင်း ပီတိလှိုင်းကလေးတွေဟာ တရစ်ရစ် ထလာသလို ကြောက်သွေးနီနီတချို့လည်း ဖြန်းဖြန်းထသွားခဲ့ပါသည်။ ဪ ဒါကြောင့်လဲ ပုဂံသား ဖြစ်နေတာဟု ထိုအချိန်၌ ကျွန်မ၏ စိတ်ထဲမှ ရေရွတ်မိခဲ့ပါသည်။ ပုဂံသားကို ဂရုပြုကြည့်လိုက်သည့် အခါ မာနကြီးတာ မဟုတ်ဘဲ လူရှေ့၌ လက်ဆွဲနှုတ်ဆက်ရခြင်းကို ဝန်လေးသူအဖြစ် တွေ့ရပါသည်။ ပုဂံသားအား သူကျင်လည်ရာ၌ ချစ်ခင် သူတွေပေါများသည်မှာ ဘာကြောင့်လဲ ကျွန်မ၏အမြင်က ပုဂံသားထံ၌ လောက၏ ဘဝဂုဏ်ထူးများ မရှိပါ။ သူ၏ ရိုးသား ဖြောင့်မတ်မှုနဲ့ ပေးဆပ်တတ်တဲ့ စိတ်ဓာတ်ကြောင့်ဟု ကျွန်မ ယုံကြည်နေပါသည်။ သူ၏အကြောင်းများကို စဉ်စားနေရင်း ကျွန်မအား သူပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို အမှတ်ရသွားသည်။

"ဆရာမလေးခင်ဗျာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ခေါင်းဆောင်လုပ်ချင်သူတွေက အများကြီးဗျ။ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားလုပ်ဆောင်မဲ့သူတွေ ရှားပါးနေတာကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်တွေ ဘာကြောင့်ဖြစ်နေတာလဲ ဆိုတာကို ကျွန်တော်မသိချင်ပါဘူးခင်ဗျာ"

၎င်းစကားရပ်ကို ကြားလိုက်ရသည့်အခါ၌ ကျွန်မအံ့သြခဲ့ပါသည်။ ယခုအခါ ပြုံးနေမိတော့သည့် ကျွန်မ၏စိတ်ထဲမှ

ဒေါ်ဒေါ်ငြိမ်း၏စကားကို သတိရသွားသည်။ "တကယ်ကို ရှားပါးပစ္စည်း" ပင် ဖြစ်နေပါသည်။

ကျွန်မ၏စိတ်ထဲ၌ ဟန်ဆောင်မှုကင်းမဲ့သူ ရိုးသားဖြောင့်မတ်သူ ပုဂံသားအား ကျွန်မထံသို့ ရောက်လာရန် ကျွန်မကိုယ်တိုင်ဖမ်းမမိရမဲ့ ပုဂံသားကို လက်လွှတ်ဆုံးရှုံးရမှာကိုပင် စိုးရိမ်းစိတ်ကလေးများ ဝင်လာနေမိသည်။

ကျွန်မသိလိုက်ရသည့် အသိတစ်ခုသည် ကျွန်မတို့နိုင်ငံအတွက် ပုဂံသားလို နောက်လိုက်ကောင်းတွေ များများရှိမှ ကျွန်မတို့ ယခုပြောနေတဲ့ ဖက်ထရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီး ဖြစ်လာမည်ဆိုတာကို သိလိုက်ရပါသည်။ ကျွန်မ၏ စိတ်ဓာတ်၊ ကျွန်မတစ်ယောက် ချက်ခြင်းဆိုသလို ဝေဖန်ခွဲခြားတတ်အောင် လမ်းဖွင့်ပေးခဲ့သူ ပုဂံသားသည် ကျွန်မ၏ ဓားတစ်လက်ဖြစ်ကာ အတူသွားရ အတူနေရ အတူထိုင်ရသည်ကို နတ်ပြည်အလား ခံစားကြည်နူးနေပါသည်။ ယခုအခါ ကျွန်မ၏ ချစ်ဗိမာန်ဘုံလေးကို ပါရမီပြည့်မှ ခိုင်ခိုင်ခံ့ခံ့ ယုံကြည်တက်ကြွနေတော့သည်။

ငှင်းအခမ်းအနားကအပြန် ကျွန်မတို့နှစ်ဦး အိမ်ထဲသို့ ပြန်ရောက်ရောက်ချင်း အပြုံးများဖြင့် ကြိုဆိုနေသည့် ဖေဖေကို ယခုစဉ်းစားလိုက်သည်အခါ ပြန်၍မြင်ယောင်ရင်း သမီးဖြစ်သူ ကျွန်မမှာပီတိပြုံးလေးများ ဖြာကျနေပါသည်။ အဲဒီနေ့က ပုဂံသား၏ သတင်းစကားသည် ဖေဖေထံသို့ အရင်ရောက်၍နေပါသည်။ နိုင်ငံခြားသတင်းဌာနမှ ထုတ်လွှင့်လာကြောင်း ဖေဖေက ပြောပြပါသည်။ ထိုအခါကျွန်မ၏မျက်လုံးများ ဝိုင်းပခဲ့ရပါသည်။ အံ့ဩခြင်းနဲ့အတူ ဆက်သွယ်ရေးစနစ်၏ မြန်ဆန်ထိုးဖောက်မှုကို ကျွန်မ သိလိုက်ရပါသည်။

အဲဒီနေ့က ဖေဖေ၏အပြုံးနဲ့ အမေကိုပါ သတိရလာသည်။

"တို့ရဲ့ သမီးလေး အော် အတွေ့အကြုံသ[illegible]ကို ရခဲ့လား"

ဟု မေးလာပါသည်။ [illegible]န်မသည် ထိုအခါ ဖေဖေအား ရှက်ပြုံးလေးတစ်ချက်ကိုပြုံးပြကာ

"ရခဲ့ပါတယ် ဖေဖေ"

ဟု ဝန်ခံချက်နဲ့အတူ

"ဖေဖေ သမီးတို့ရဲ့ နိုင်ငံ၏ နိုင်ငံရေးပြဿနာတွေသည် သိမ်မွေ့နက်ရှိုင်းတဲ့သဏ္ဍာန်ကို တွေ့ရသလို ရှုပ်ထွေးပွေလီနေတာကိုပါ သတိပြုမိပါတယ်။ ဒါထက် ထူးခြားနေတာက နိုင်ငံ၏ အနာဂတ်ကို နင်းချေနေကြပြီး ငါ့အနာဂတ်ကိုပဲ ရှေ့တန်းတင်နေကြတာကို တွေ့နေရပါတယ်ဖေဖေ"

ထိုအခါ ဖေဖေတစ်ယောက် မျက်လုံးကလေးများ ဝိုင်းပသွားကာ ပုဂံသားအား ကြည့်၍

"အန်ကယ်သမီးကို နိုင်ငံရေးမျက်စိဖွင့်ပေးတာ အစွမ်းထက်လှချည့်လား မောင်"

ဖေဖေ၏ ချီးကျူးစကားကြောင့် ပုဂံသားသည် ပြုံးနေရာမှ ရှက်အန်းအန်းဖြစ်ကာ ကျွန်မအား မရဲတရဲခိုးကြည့်နေသည်ကို တွေ့လိုက်ရသည်။ ထိုအကြည့်နဲ့အတူ

"ပါမောက္ခကြီးခင်ဗျာ ကျွန်တော်ရဲ့ စွမ်းရည်မဟုတ်ပါဘူး၊ ဆရာမလေးရဲ့ပင်ကိုယ်စိတ်ဓာတ်က လူသားဆန်လို့ပါခင်ဗျာ။ "စိန်" ရှိရာကို ရွှေလာခွင့်ရသလိုပေါ့"

ဟု ရယ်ရယ်မောမောပြောကာ ပြန်သွားခဲ့သည်။ ယခုပင် ပီတိဖြစ်၍ သူ၏ကျောပြင်ကြီးအား ပြန်လည်၍ မြင်ယောင်နေမိသည်။

စဉ်စားရင်း သူ့အား အနားသို့လာရန် မျှော်လင့်ကာ လွမ်းနေမိပါသည်။ ထိုအလွမ်းစိတ်ကလေးများကို ဖြေဖျောက်ဖို့ အတွက် မရှက်နိုင်။ ဖေဖေအား ပုဂံသားအကြောင်းတွေကို သိသလောက် ပြောပြခဲ့ဖူးပါသည်။ ပုဂံသားအကြောင်းကို ပြောပြနေသည့် သမီးဖြစ်သူ ကျွန်မကို ကရုဏာမျက်လုံးကလေးဖြင့်ကြည့်ကာ အပြုံးတွေဖြာကြလျက် ကျွန်မပြောသမျှတွေကို ခေါင်းလေးငြိမ့်ကာ ငြိမ့်ကာ နားထောင်ပေးနေသည့် ဖေဖေကို ယခုအခါ ကျေးဇူးတင်မိနေပါသည်။ ထိုအခါက ကျွန်မပြောစကား နားထောင်နေရာမှ ဖေဖေသည် ကျွန်မအား ကြားဖြတ်၍

"ပုဂံသားရဲ့ နိုင်ငံရေးအမြင်နဲ့ ယူဆပုံတွေကို သိရပါသလား"

ဟု မေးခဲ့ဖူးပါသည်။ ၎င်းမေးခွန်းနဲ့အတူ ဖေဖေသည် ကျွန်မကို မထင်မှတ်ထားသည် မေးခွန်းတစ်ခုသည် ကျွန်မ၏အရှိက်ကို ထိုးနှက်လာပါသည်။ ထိုမေးခွန်းက ပုဂံသားရဲ့အကြည့်က သမီးထံ ရောရောက်ရဲ့လားဟု မေးလိုက်သည့်အခါ ခေါင်းလေးငုံ့ကာ ရှက်ပြုံးကလေးကို ပြုံးလိုက်ရင်

"ဖေဖေပုဂံသားက လူဘုန်းကြီးလား"

ဟု ပြန်လည်၍ မေးလိုက်သည့် အခါ ဖေဖေသည် ပြုံးနေရာမှ အားရပါးရ ရယ်ပစ်လိုက်ပါသည်။ ကျွန်မလည်း ဖေဖေနဲ့အတူ ဘာရယ်မသိ ရယ်ပြုံးကလေးများဖြင့် ပြုံးနေမိပါသည်။ ဖေဖေသည် အရယ်ကိုရပ်၍ ဖေဖေက ကျွန်မကို

"သမီးက ပုဂံသားကို ချစ်ခင်မြတ်နိုးနိုင်လျှင် ဖေဖေဘက်က မကန့်ကွက်ပါဘူး။ ပုဂံသားပေါ် ဖေဖေမြင်တဲ့အမြင်ကို ပြောရလျှင် သမီးက လက်တွဲဖို့ ဆုံးဖြတ်မည်ဆိုလျှင် မျှော်လင့်ချက်နဲ့

မဆုံးဖြတ်ပါနဲ့၊ တကယ်လို့ သမီးကဆုံးဖြတ်ပြီးရင် ပုဂံသားဘက်က ရင်ဖွင့်လာတာကို မိန်းမတို့ အိန္ဒြေရေ ဆိုပြီး ထိုင်မစောင့်နဲ့ သမီးရေ မောပြီးသာ ကျန်ခဲ့ပါလိမ့်မယ်။ သမီးကလှုပ်မှ နိုးလာမဲ့ ပုဂံသားဆိုတာကို ဖေဖေပြောဝံ့ပါတယ်''

ထိုစကားသံများသည် သမီးကို ချစ်သည့်မေတ္တာစကားများ အဖြစ် ယခုပင် စဉ်စားလိုက်တိုင်း ပီတိဖြာခဲ့မိပါသည်။

ကျွန်မတို့သားအဖကြား၌ ပွင့်လင်းမြင်သာမှုရှိထား၍ ထို အချိန်က ကျွန်မသည် ရှက်စိတ်ကလေးကို ချနင်းကာ ပီတိအပြုံး လှိုင်းလေးများကို မပေါ်တပေါ်ပြုံးကာ နှလုံးသားခုန်သံလေးများ သည် ပဲ့တင်ထပ်မြည်ဟီးခဲ့ပါသည်။ ဖေဖေသည် ကျွန်မအား အဓိပ္ပာယ်ပြည့်ဝလှပသော အပြုံးလှလှလေးကိုပြုံးကာ ကျွန်မအနား မှ ထသွားသည့် ဖေဖေ၏ရုပ်ပုံလွှာကို ယခုပင်ပြန်လည်၍ မြင် ယောင်နေမိသည်။

ကောင်းကင်က နေမင်းကြီးသည် ကျွန်မတို့အား နှုတ်ဆက် နေပါသည်။ ကျွန်မသည် ဧည့်ခန်းဆိုဖာခုံပေါ်၌ ထိုင်ရင် ၄င်း အတွေးပေါင်းများစွာနဲ့အတူ ပြုံးလိုက်ကာ သူ၏နိုင်ငံရေးရုပ်ပုံလွှာ မှ ရိုက်ခတ်ကာ ကျွန်မတို့နေထိုင်ခွင့်ရနေသည့် နိုင်ငံလူ့အဖွဲ့ အစည်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြဿနာရှုပ်ထွေး မှုတွေကိုပါ သိချင်လာမိသည်။ ကျွန်မတို့ ရှင်သန်ရပ်တည်ခွင့် ရရှိနေသည့် ကမ္ဘာကြီးသည် ကျွန်မတစ်ယောက်ထဲ ရပ်တည် နေထိုင်လို့ မရဘူးဆိုတာကို သိလာခဲ့ပါသည်။

ကျွန်မတို့ ကမ္ဘာကြီးသည် ကြီးမားကျယ်ပြန့်သလောက်ပင် ယနေ့ခေတ်နှင့် ဆက်စပ်ဖြစ်ထွန်းနေသည့် လူဦးရေ ပေါက်ကွဲမှု ပြဿနာသည် ကမ္ဘာ့ရွာကြီး၏ တည်ငြိမ်မှုကို ခြိမ်းခြောက်နေ

ကြောင်းကို ပုဂံသားက ပြောပြတော့ ကျွန်မယုံရ ခက်ခဲ့ပါသည်။ ယခုအခါ ပုဂံသားထက်ပင် ပို၍ တုန်လှုပ်ချောက်ခြားနေမိပါသည်။ ဟုတ်ပါတယ် ပုဂံသား ရှင်ပြောသလို ကမ္ဘာ့လူဦးရေ ပေါက်ကွဲမှု ပမာဏကြီးထွားမှု၏ ဘေးထွက်ဆိုးကျိုးသည် ၄င်းပြဿနာကို ဖြေရှင်းရမည့် အိုးအိမ်ဖွံ့ဖြိုးမှုဆိုင်ရာ မြို့ပြချဲ့ထွင်မှု ဖြစ်ပြီး ဆက်စပ်ရင်ဆိုင်ရမည့် ပြဿနာသည် စိုက်ပျိုးမြေပျက်သုန်းလျော့နည်းခြင်းနဲ့ သယံဇာတ ဖြုန်းတီးခြင်းပဲ ဖြစ်ပါတယ်။ ၄င်းပြဿနာကို ကုစားနိုင်သည်ဟု ယူဆရသည့် လက်နက်သည် နည်းပညာ စွမ်းရည်ဖွံ့ဖြိုးခြင်းပဲ ဖြစ်ပါတယ်။ နည်းပညာ၏ အဓိကရေသောက်မြစ်သည် ဓာတုဆေးဝါးကိုင်ဆွဲအသုံးပြုခြင်းပင် ဖြစ်ပါတယ်။ ၄င်းဖြစ်စဉ် ဘေးထွက်ဆိုးကျိုးသည် လူမှုရေးဆိုင်ရာ ကျန်းမာရေးပြဿနာပင် ဖြစ်ပါတယ်။ ၄င်းဖြစ်စဉ်များသည် တစ်ခုနဲ့ တစ်ခုဟာ ဆက်စပ်ဖြစ်တည်နေတာကို တွေ့လိုက်ရပါသည်။ ကျွန်မသည် ပုဂံသားက ကျွန်မကိုပြောပြ၍ သိလိုက်ရသော်လည်း မဖြေရှင်းနိုင်ဟု ကိုယ်ကိုသိနေပါသည်။ ကျွန်မတို့ ကမ္ဘာကြီးသည် သိပ္ပံရွာကြီးတစ်ရွာအဖြစ် သက်ဝင်လာနေပါသည်။ ထိန်းညှိမှု သဘောတရား ချွတ်ချော်လိုက်သည့်အခါ ကမ္ဘာရွာကြီးသည် အချိန်အခါ မရွေးပျက်စီးသွားနိုင်သည်ကို သိခွင့်ရလိုက်သည်။ ကျွန်မ ဒါထက်ပို၍ သိလိုက်ရသည်က ဆင်းရဲနွမ်းပါးပြီး မဖွံ့ဖြိုးသည့် လူ့ရွာနှင့် ဖွံ့ဖြိုးခါစ လူ့ရွာများ၌ လူဦးရေ ပေါက်ကွဲမှုသည် ဖွံ့ဖြိုးပြီး လူ့ရွာကြီးထက်ပို၍ ကြီးထွားနေသည်ကို တွေ့ရသည်ဟု ပုဂံသားအား ပြောပြလိုက်သည့်အခါ ပုဂံသား၏ အပြုံးသည် ထိုအချိန်က ရင်ထဲကို အေးသွားစေခဲ့ပါသည်။

ထိုအချိန်က ပုဂံသားက သူ့ဇာါအမြင်ကိုဆက်၍ ထောက်ပြခဲ့သည်မှာပို၍ပင် အံ့သြခြောက်ခြားခဲ့ရပါသည်။ ၎င်း ပြဿနာ၏ ဆိုးမွေသည် လူမှုဘဝဆိုင်ရာ မလုံခြုံမှုပေါ်ကို အသုံးချကာ ပေါက်ကွဲထွက်ပေါ်လာနိုင်သည်။ ဘာသာကိုးကွယ် ယုံကြည်မှုဆိုင်ရာ အယူဝါဒကွဲပြားမှုနှင့် လူမျိုးနွယ်ဆိုင်ရာ အမျိုးသား အစွန်းရောက်ဝါဒသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေလိမ့်မည်။ ၎င်းပြဿနာသည် ကမ္ဘာရွာကြီး၏ တည်ငြိမ်မှုနဲ့ ပျက်သုန်းခြင်း၏ လက္ခဏာအစဟု သူ၏ယူဆပုံကို ပြောလာသည့်အခါ ကျွန်မသည် ထိုအချိန်က ထိုင်နေရင်းပင် ကျောစိမ့်ခဲ့ရပါသည်။ ယခုအခါ ကျွန်မသည် လူဦးရေပေါက်ကွဲမှုဆိုင်ရာ ပြဿနာသည် ကမ္ဘာရွာကြီးတစ်ရွာအတွက် ကြီးမားတဲ့ စိန်ခေါ်မှုကြီးအဖြစ် ကျွန်မယုံကြည်စွာ ခံစားနေမိသည်။ ထို့အတူ ကျွန်မ၏ အာရုံပေါ်၌ ပုဂံသား၏ ကျောပြင်ကြီးသည် ကျွန်မ၏ရင်ခွင်ဆီသို့ တရွေ့ရွေ့တိုးဝှေ့နေပါတော့သည်။

□ □ □

# ချစ်မိသူ၏အပြုံး

ကျွန်မတို့ လူ့အဖွဲ့အစည်း၌ ငြိမ်းချမ်းရေးတောင်းဆိုပွဲအသံများသည် တရိပ်ရိပ်ကျယ်လောင်လာနေပါသည်။ နိုင်ငံ၏ ဒေသတွင်း တချို့၌သေနတ်သံတွေ တဒိုင်းဒိုင်း၊ မိုင်းခွဲသံတွေ တဂျိမ်းဂျိမ်း ကြားနေရပါသည်။ စစ်ဘေးရှောင်ဒုက္ခသည်များ၏ ငိုသံတွေ၊ ကြေကွဲသံတွေအနီးမှာ အနိစ္စဌာရုံပြင်ကွင်းတွေကလည်း ကပ်၍မွေးဖွားကြီးထွားနေပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် သတင်းစာမျက်နှာပေါ်၌ မကြာခဏဆိုသလို မြင်ရပါသည်။

၎င်းဖြစ်စဉ်ဖြစ်ရပ်များသည် ဘာကြောင့်ကျွန်မတို့ လူ့အဖွဲ့အစည်းမှာ ဖြစ်နေကြတာလဲဆိုသည့်မေးခွန်းကို ကျွန်မ စဉ်းစားကာ အဖြေမထုတ်နိုင်ဘဲ ရှိနေပါသည်။ ပြည်သူအများစုက လက်မခံနိုင်သည့် (၂၀၀၈) အခြေခံဥပဒေကြီးသည် လေးနှစ်သားခန့်အရွယ်သို့ ဖြတ်ကျော်လာနေပါသည်။ နောက်တစ်ကြိမ်ကျင်းပမည့် (၂၀၁၅) ရွေးကောက်ပွဲကြီးကို ကျင်းပဖို့ တစ်နှစ်ခန့်သာ လိုနေပါတော့သည်။ ပြည်သူလူထု၏ တောင်းဆိုမှုတွေသည်

ပန်းတိုင်ဆီသို့ မရောက်ရှိဘဲ အစိုးရတစ်ရပ်၏ လျစ်လျူရှုခြင်းကို ခံစားနေရသည်။ ထိုအချိန်၌ ကျွန်မမျှော်လင့်နေမိသည်မှာ ပုဂံသား ထံမှ ကျွန်မအား ချစ်ခွင့်ပန်ခြင်းပင် ဖြစ်သည်။ သို့သော် ပုဂံသား သည် ကျွန်မထံသို့ ချစ်ခွင့်မပန်ဘဲ အစိုးရထံသို့ လူထုတောင်းဆိုပွဲ များမှ နောက်လိုက်ကောင်းတစ်ယောက်အဖြစ် တတ်ကြွစွာပါဝင် လှုပ်ရှားပေးနေသည်။ ဒီမိုကရေစီပညာရေးစနစ်တိုက်ပွဲများ၊ လက်ပံတောင်းတိုက်ပွဲ၊ လုပ်သားထု၏ လုပ်ခလစာနှင့် လုပ်သား အခွင့် အရေးဆိုင်ရာ တိုက်ပွဲများတွင် သူသည် နောက်လိုက် ကောင်းပီသစွာ လိုအပ်သည့်နေရာမှ ပါဝင်လှုပ်ရှားပေးနေသည့် သတင်းကို ဖေဖေထံမှ သိနေရပါသည်။ သို့သော် ဒါထက်ပို၍ ကျွန်မသိလိုက်ရသည်မှာ ပုဂံသား၏ ရပ်တည်ချက်သဘောထား သည် ခိုင်မာပြတ်သားသည်ကို တွေ့ရပါသည်။ (၂၀၀၈) အခြေခံ ဥပဒေနေရာ၌ ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုလူအဖွဲ့ အစည်းနှင့် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေး ဖြစ်ပါသည်။

ကျွန်မတို့ လူ့အဖွဲ့အစည်း၌ ဖြစ်ပေါ်နေသည့် အကြောင်း တရားများနှင့် ပုဂံသား၏ ယုံကြည်ချက် အယူအဆသဘောထား များသည် မျဉ်းပြိုင်သဖွယ် ခြားနားနေသည်ကို သိလိုက်ရပါသည်။ ယနေ့ ကျွန်မတို့ လူ့လောက၌ ဖြစ်ပျက်နေတာသည် ငွေကြေးဖောင်းပွမှု ပြဿနာ၊ လူမျိုးရေး၊ ဘာသာရေး ပွတ်တိုက်မှု ပြဿနာ၊ ပြည် တွင်းငြိမ်းချမ်းရေး လိုအပ်ချက်တို့ ဖြစ်သည်။ သို့သော် မရပ်မနား တဖွားဖွားဖြစ်ထွန်းနေသည်ကို တွေ့ရပါသည်။ ၄င်းထက် အံ့သြစွာ ကြားနေရသည်မှာ လူထုက လူထုချင်းအား ပြစ်တင်ရှုတ်ချသံများ မွေးဖွားနေခြင်း ဖြစ်ပါသည်။ ပြည်သူလူထုအများစု၏ စည်းကမ်း

ကင်းမဲ့မှု၏ ပြဿနာသည် နိုင်ငံ၏အနာဂတ် ဒီမိုကရေစီ နိုင်ငံရေး ယဉ်ကျေးမှုကို ထိခိုက်လာနိုင်ဖွယ်တွေကို တွေ့နေရပါသည်။ ထို အန္တရာယ်ကို ကာကွယ်ဖို့ ပြည်သူလူထုသည် မိမိကိုယ်ကိုယ် စတင်ပြောင်းလဲပစ်ရမည့် အကြောင်းတရားကို မေ့လျော့၍ နေထိုင်ခြင်းပင် ဖြစ်ပါသည်။ နိုင်ငံအတွင်း အဂတိလိုက်စားမှု မီးလျှံသည် ဒေသနယ်ပယ်အသီးသီး၌ ရှင်သန်အားကောင်းနေပါသည်။ နိုင်ငံသူ နိုင်ငံသားအများစုသည် သူထက်ငါဆိုတဲ့ စိတ်ဓာတ်ယဉ်ကျေးမှုကို ကိုယ်ကွယ်နေကြသည်။ နိုင်ငံအတွင်းက နိုင်ငံပိုင်တွေဟာ တစ်စတစ်စ လျော့နည်းလာပါတယ်။ ပုဂ္ဂလိကပိုင်အဖြစ်သို့ အစိုးရပိုင်ပစ္စည်းများကို ပြောင်းလဲယူတဲ့နေရာ၌ ပွင့်လင်းမြင်သာမှု ကင်းမဲ့နေပါသည်။ ကျွန်မတစ်ယောက်ထဲ ညနေ နေဝင်ချိန်၌ ခြံထဲမှ ထိုင်ခုံပေါ်တွင်ထိုင်ကာ စဉ်းစားနေရင်း ပုဂံသားအား မျှော်လင့်နေချိန် မျှော်နေရသူ ပုဂံသားတစ်ယောက် ကျွန်မမျှော်ရကျိုးလေး နပ်သွားပါတော့သည်။ သူ၏စီးတော်မြင်း စက်ဘီးစုတ်လေးနဲ့အတူ ကျွန်မ၏အနားသို့ ရောက်လာပါတော့သည်။

အိမ်၌ ဖေဖေကမရှိပါ။ ကျွန်မသည် ပုဂံသားအား အိမ်ထဲသို့ ခေါ်လာကာ ဧည့်ခန်း၌ ဧည့်ခံလိုက်ပါသည်။ ပုဂံသားသည် ဖေဖေ မရှိမှန်းသိရသည်အခါ ထပြန်ရန် စိုင်းပြင်းပါတော့သည်။ ထိုအခါ ကျွန်မ၏ပါးစပ်ဖျားမှ လွတ်ခနဲ ထွက်သွားသည်က

"ရှင်ကလည်း ဖေဖေမရှိတာနဲ့ ချက်ခြင်းထပြန်မလို့လား"

ဟု ငေါ့တော့တော့ မေးလိုက်သံနဲ့အတူပြုံး၍

"ဖေဖေမရှိလည်း ကျွန်မရှိပါတယ်။ အမောပြေအောင် နားလိုက်ပါဦး"

ထိုသည့်ခံစကားဆုံးမှ ရယ်ဆတ်ဆတ်ကလေးဖြစ်ကာ

"ဖေဖေ ပြန်ရောက်တော့မှာပါ"

ဟု ခပ်ဆတ်ဆတ်ကလေး ဆိုလိုက်ပါသည်။

ပုဂံသားသည် ရှက် ၁နွံ့တွန့်လေးဖြစ်နေကာ ခေါင်းကြီးကိုငုံ၍

"ဟုတ်ကဲ့ ဆရာမလေးခင်ဗျာ ကျွန်တော်က ဆရာမလေးကို အားနာလို့ပါခင်ဗျာ"

ကျွန်မသည် ထိုအခါ ပီတိအပြုံးလှလှလေးကို ပြုံးကာ

"ရပါတယ်ရှင်"

ဟု ပြောကာ နောက်ဖေခန်းသို့ ထသွားကာ သောက်ရေခွက် တစ်ခွက်ကို ပုဂံသားထံသို့ ယူလာပေးလိုက်သည်။ ပုဂံသားသည် ကျွန်မခတ်ပေးလိုက်သည် သောက်ရေအား တပြိုင်နက်ထဲ မော့ သောက်လိုက်ပါသည်။ ရေခွက်ပြန်၍ လှမ်းပေးရင်

"ရေငတ်နေတာဗျ ကျေးဇူးတင်ပါတယ်"

သူလှမ်းပေးသည် ရေဖန်ခွက်ကိုယူ၍ ရှေ့မှာချကာ ဝင်ထိုင် လိုက်ပါသည်။ ခေါင်းကြီးကို ငုံ့ထားနေသည့် ပုဂံသားကို စေ့စေ့ ကြည့်ပြီး

"ရှင်က ဘယ်ကိုသွားလို့ ဘယ်ကအပြန် ဝင်လာတာလဲ"

ထိုအမေးနဲ့အတူဆက်ကာ ရှင်ကြည့်ရတာ မောပမ်းပြီး ချွေးထွက်ကလည်း များလှသည်ဟု ကရုဏာသံဖြင့် ပြောလိုက် မိပါသည်။ ထိုအခါ ပုဂံသားသည် ကျွန်မအား မော့၍ပင် မကြည့်၊ ခေါင်းကြီးငုံ့လျက်

"ဒီအိမ်ယာဝင်းထဲမှာ အလုပ်ကလေးတစ်ခုကို လုပ်ကိုင် နေတာပါ။ မရောက်တာ ကြာနေတော့ လမ်းကြုံတာနဲ့ ဝင်လာခဲ့ တာပါ"

သူ၏အဖြေရဲ့နောက် ကျွန်မသည် ဆက်၍ ပုဂံသားအား မေးလိုက်သည်။

"ရှင်ဘယ်မှာနေတာလဲ ဆိုတာကို ကျွန်မသိခွင့်မရှိဘူးလား"

ကျွန်မ၏တုံးတိတိ အမေးကြောင့် ပုဂံသားသည် ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ

"သိခွင့်ရှိပါတယ် ဆရာမလေး"

အဖြေထုးသံနဲ့အ‌‌တူ သူ၏အိတ်ထဲမှ စာရွက်နဲ့ ဘောလ်ပင်ကို ထုတ်ယူကာ သူ၏နေရပ်လိပ်စာနဲ့အတူ ကားစီးပုံကိုပါ လမ်းညွှန်ပေးပါသည်။ ပုဂံသားသည် အိမ်လည်လာရန် ဖိတ်ခေါ်ခြင်းနဲ့အတူ သူ၏အပြုံးလေးတစ်ချက်ကြားမှ

"ကျွန်တော်တို့ သားအမိနှစ်ဦးရဲ့ ဘဝက ဆင်းရဲတယ်နော်။ ညှိ့ဝတ်မကျေပွန်ခဲ့ရင် ခွင့်လွှတ်ပေးစေချင်ပါတယ်"

ပုဂံသား၏ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့်စကားကြောင့် ကျွန်မတစ်ယောက် သေချာစွာ နားစိုက်ထောင်ရင်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားခဲ့ပါသည်။ ကျွန်မ၏ရင်ထဲ၌ ထိပ်ကနဲ အေးမြသွားကာ ရိုးရှင်းစွာ ဝန်ချတောင်းပန်မှုအဖြစ် ကျွန်မခံစားလိုက်ရသည်။

ကျွန်မသည် ပုဂံသားအား

"ဒီမိုကရေစီနိုင်ငံ‌ရေးဆီ နိုင်ငံရေးယဉ်ကျေးမှုကို ပြည်သူလူထုနှင့် ချိတ်ဆက်မိအောင် ဘာလုပ်ပေးရမလဲ။ ဘယ်သူတွေကော ဘာလုပ်ပေးသင့်သလဲ။"

၄င်းမေးခွန်းနဲ့အတူဆက်၍

"ပြည်သူလူထုကို အပြစ်တင် စွပ်စွဲသံတွေ ကြားရတော့ ကျွန်မတော်တော်လေးကို စိတ်မကောင်းဖြစ်မိပါတယ်။ ဒါထက် ဆိုးတာက ကိုယ့်ကိုယ်ကို ပညာတတ်လို့ ဆိုကြသည်။ လူတချို့ လည်း စည်းကမ်းပျက်၍ ကိုယ်ကျင့်သိက္ခာမဲ့နေကြတာကို တွေ့နေရပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ အနှိမ့်လွှာ လူတန်းစား တွေကို လက်ညှိုးထိုးပြီး နှိပ်ချအပြစ်တင်နေကြတာလဲ"

၄င်းမေးခွန်းနဲ့အတူ တစ်ဆင့်ထဲ

"ကျွန်မက ပုဂံသားကို ရှေ့မှာထားပြီး ဝန်ခံပါတယ်။ ဒီမို ကရေစီဆိုတာကို သူများတွေဆိုနေကြလို့ ကျွန်မလည်း လိုက်ဆိုမိ ခဲ့ပါတယ်။ ဒါပေမယ့် ပုဂံသားရယ် မဆိုတတ်ရင်၊ ဆိုတတ်အောင် သင်ပေးရမှာပေါ့။ အဲဒါတွေဟာ ဘယ်သူထံမှာ တာဝန်အရှိဆုံး လဲ"

ဆိုတာကိုပါ ရင်ဖွင့်လိုက်ပါသည်။

ပုဂံသားသည် ခေါင်းကြီးငုံ့ထားရာမှ မော့၍ပြုံးလိုက်ကာ

"ဆရာမလေးကို ပမာဏဦးစွာ ကျွန်တော်ရဲ့ သဘောထား ဟု ဝန်ခံပါရစေ။ ကျွန်တော်တို့ လူထုက ဒီမိုကရေစီစနစ်ကို ဘာကြောင့်လိုချင်ရတာလဲ။ အဲဒီအဖြေက ရိုးရှင်းပါတယ် ဆရာ မလေး။ ကျွန်တော်တို့ လူထုတွေ ထိတွေ့ခံစားလိုက်ရသည့် ဒဏ်ရာ ဒဏ်ချက်တွေသည် နက်ရှိုင်းပြီး ခါးသီးလှတဲ့အတွက်ကြောင့်ဟု ပထမအနေဖြင့် စပြောရပါလိမ့်မယ်။ ပြည်သူလူထု၏ နှလုံး အိမ်ထဲမှာ စွဲညှိခံလိုက်ရသည့်အရာက ရက်စက်ကြမ်းကြုတ်ခြင်း အကြင်နာတရားကင်းမဲ့သည့် နိုင်ထက်ဗိုလ်ကျမှု လူသားစိတ် ကင်းမဲ့တဲ့ ညှင်းပမ်းနှိပ်စက်မှု ၄င်းဖြစ်စဉ်တွေကို လူသားစိတ် ဆန်ဆန် ခါးသီးရွံ့မုန်းမှု လူသားသဘာဝဆိုင်ရာ အေးချမ်းတည်

ငြိမ်သည့် ပတ်ဝန်းကျင်ကို ခံစားခြင်းသည် စိတ်စေတနာတို့ကြောင့် ပြည်သူလူထုသည် ငြိမ်းချမ်းသာယာသည် နူးညံ့ပျော့ပြောင်းတဲ့ ဒီမိုကရေစီစနစ်ကို ပြည်သူလူထုအများစုက လိုချင်မြတ်နိုးကြသည်ဟု ယုံကြည်မိပါတယ်''

''ဆရာမလေးစဉ်းစား သုံးသပ်ကြည့်ပါခင်ဗျာ။ ကျွန်တော်တို့တတွေဟာ လူသားတွေဖြစ်ကြပါတယ်။ လူသားသဘာဝ၏ ပင်ကိုယ်သဘောတရားသည် အေးချမ်းတည်ငြိမ်မှုကို ရှာဖွေကြပါတယ်။ ကြောက်ရွံ့မှုကင်းဝေးသည့် လူမှုအသိုက်အအုံကြီးကို မြတ်နိုးခုံမင်ပါတယ်ခင်ဗျာ။ ဒါပေမယ့် ဆရာမလေးခင်ဗျာ ကျွန်တော်တို့ ကြုံတွေ့နေရသည်က ပြိုင်ဆိုင်ဝန်သိုမှုအရှိန် အတွာမုန်တိုင်းအောက် ကိုယ်ကျိုးဖြစ်ထွန်းမှုတစ်ခုဟာ ကိုးကွယ်သည့် အမှုအကျင့်ဆိုးတွေ စာနာထောက်ထားမှု ကင်းမဲ့တဲ့ ရက်စက်မိုလ်ကျမှု၏ အောက်ဝယ်ခါးသီးစွာ ခံစားနေရပါတယ်။ ကျွန်တော်တို့ ယနေ့လူ့အဖွဲ့အစည်းကြီးသည် မိမိရဲ့ အတ္တဆန္ဒကို ပြုလုပ်ရင် ပြုလုပ်သလောက် အသက်ဝင်ဖြစ်ထွန်းနေပါသည်။ ၄င်းအစွန်းရောက် အတွေးအမြင်ဝါဒကို ဖြတ်တောက် ကာကွယ်နိုင်တဲ့ ၄င်းလူ့အဖွဲ့အစည်း၌ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်သာ တားဆီးကာကွယ်နိုင်ပါတယ်။ တခြားဝါဒစနစ်တွေသည် ပြည်သူလူထုကို ဗဟိုပြုတည်ဆောက်ထားခြင်း မရှိသည့်အတွက် ပြည်သူလူထုက ၄င်းစနစ်ဆိုးများကို ကြောက်ရွံ့လာခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အလှတရားသည် နိုင်ငံရဲ့ အာဏာဟာ အုပ်ချုပ်ခံပြည်သူလူထုထံမှ ဆင်းသက်ပါတယ်။ ပြည်သူလူထုထံ၌သာ အာဏာစွမ်းရည်တည်ရှိနေခြင်း ဖြစ်ပါ

တယ်။ ပြည်သူလူထုကို ဗဟိုပြုစဉ်းစားပြုမူသည့် စနစ်သည် ဒီမိုကရေစီစနစ် ဖြစ်ပါတယ်။

ဒါကြောင့် ဆရာမလေးခင်ဗျာ ဆရာမရဲ့အမေးဟာ တန်ဖိုးရှိပါတယ်။ ဟုတ်ပါတယ်ခင်ဗျာ ပြည်သူလူထုကို အပြစ်တင်မဲ့အစား ဘာလုပ်ပေးရမလဲ။ ဘာလုပ်ပေးသင့်သလဲ။ ဒါကလည်း ရိုးရှင်းပါတယ်ခင်ဗျာ။ နိုင်ငံတော်က ဒီမိုကရေစီ အခွင့်အလမ်းတွေ ဖွင့်ပေးဖို့ လိုအပ်ဖါတယ်။ နိုင်ငံရေးပါတီများဘက်ကလည်း မိမိအာဏာ လက်ဝယ်ရရေးထက် ပြည်သူလူထုနဲ့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုကို အံဝင်ဂွင်ကျဖြစ်အောင် ရှေ့ဆောင်လမ်းပြသူများအဖြစ် အသိပညာဖလှယ်ခြင်း ပြုမူနေထိုင်ပုံတို့ကို ပြည်သူလူထုနဲ့အတူ တစ်စိတ်တစ်ဝမ်းထဲကျအောင် လက်တွဲခေါ်ယူရပါမယ်။ ပြည်သူလူထုကို ဒီမိုကရေစီနဲ့ မတန်ဘူးဟု သဘောထားကာ ပစ်ပယ်လို့ မရပါဘူးခင်ဗျာ။ နိုင်ငံလူအဖွဲ့အစည်းမှာ ပြည်သူလူထုက ပါဝင်ပူပေါင်းမှုမရှိရင် ဘယ်အကြောင်းအရာကိုမှ တည်ဆောက်လို့ မရပါဘူးခင်ဗျာ"

သူ၏စေတနာတွေဖြင့် သီကုံးထားသည့် အယူအဆတွေကို ကျွန်မအား ပြောပြနေသည့်ဟန်နဲ့ အသံတို့သည် ကျွန်မအတွက် မမေ့ရက်နိုင်စရာ ဖြစ်ခဲ့ပါသည်။ စကားပြောကောင်းကြောင်း ကြားသိခဲ့ရတဲ့ ပုဂံသားအား ကိုယ်တွေ့ကြုံလိုက်ရသည့်အခါ ကျွန်မ၏ရင်ထဲ၌ ပီတိလှိုင်းကလေးများ ဖြာကျခဲ့ပါသည်။ ထိုအချိန်၌ ဖေဖေသည် အပြင်မှ ပြန်ရောက်လာပါသည်။ ဖေဖေသည် ပုဂံသားကို အပြုံးဖြင့်နှုတ်ဆက်ကာ သမီးဖြစ်သူ ကျွန်မဘေး၌ ဝင်ထိုင်လိုက်ပါသည်။ ထိုအခါ ပုဂံသားသည် ရှက်ကိုးရှက်ကန်းဖြစ်ကာ ရှက်ပြုံးလေးကို ပြုံး၍နေပါသည်။ ထိုအပြုံးလေးများနဲ့အတူ

"ပါမောက္ခကြီး အပြင်သွားတယ်ဆိုတော့ ပြန်မလို့လုပ်တုန်း ဆရာမလေးက ပါမောက္ခကြီးကို စောင့်ပါဦးဆိုလို့ ကျွန်တော် ဆရာမလေးနဲ့ စကားပြောရင် စောင့်နေတာပါခင်ဗျာ"

ဖေဖေသည် အပြုံးများနဲ့အတူ ပုဂံသားအား ထမင်းစားပြီးမှ ပြန်ရန် ဧည့်ဝတ်ပြုလိုက်ပါသည်။ ပုဂံသားသည် ကျေးဇူးတင်စကားဆိုကာ

"နောက်တစ်ခေါက်မှ သုံးဆောင်ပါရစေ"

အိမ်က အမေလည်း မျှော်နေလောက်ပြီးဖြစ်၍ ပြန်ခွင့်ပြုရန် ခွင့်တောင်းကာ ထပြန်ပါတော့သည်။ လိုက်ပို့ရန် ဟန်ပြင်လိုက်သည့် ဖေဖေအား

"လိုက်မပို့ပါနဲ့ခင်ဗျာ ပင်ပမ်းလှပါတယ်ဟုဆိုကာ တားလိုက်သည်။ ထိုအခါ ကျွန်မသည် သူ၏အပြန်အား သူ၏ ကျောပြင်ကြီးကို ငေးကြည့်ကာ ကျန်ရစ်မနေဘဲ ဖေဖေကိုယ်စား ခြံဝထိလိုက်ပို့ပေးလိုက်မိပါသည်။ ပုဂံသားသည် ဘာမှပြန်မပြော ဘဲ အားနာနေသည့်ဟန်နဲ့ ရှက်အန်းအန်းဖြစ်နေတဲ့ မျက်နှာကြီး ပေါ်မှပြုံး၍ နှုတ်ဆက်ကာ ပြန်သွားခဲ့လေပြီ။ ကောင်းကင်မှ နေမင်းကြီးသည် ပျောက်ကွယ်၍ သွားပါသည်။ ကျွန်မသည် သူ့အတွက်စိုးရိမ်နေမိပါသည်။ ဘေးကင်းရန်လည်း ဆုတောင်း ပေးနေမိပါသည်။ ဆုတောင်းပေးနေရင် ရှုပ်ထွေးလှသည့် ကတ္တရာ လမ်းပေါ်က မော်တော်ကားတွေကြား၌ သူ၏စီးတော်မြင်း စက်ဘီး စုတ်ကလေးဖြင့် သွားနေသည့် သူ၏ရုပ်ပုံလွှာလေးကို တွေး၍ ကြည့်ကာ ကျွန်မရင်ထဲ၌ ပူရှရှလေး ဖြစ်နေမိပါသည်။ ကျွန်မ သည် ထိုစိုးရိမ်စိတ်ကလေးများကိုဖုံးကာ ရှက်ပြုံးလေးတစ်ချက် ကိုပြုံး၍ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ထိုအခါ ဖေဖေသည်

ညှော့ခန်းမှ သမီးဖြစ်သူဝင်အလာကို ကြည့်၍ ပြုံးနေသည့် ဖေဖေရဲ့ အပြုံးတွေသည် အဓိပ္ပာယ်ရှိ၍ အသက်ဝင်နေသည်။

ညစာစားပြီး၍ ကျွန်မ၏အိပ်ယာထက်၌ပင် လျှောင်းရင်း ကျွန်မကို သူကဖတ်ကြည့်ဖို့ ပေးခဲ့သည့် စာရွက်များကို ဖွင့်ကာ ဖတ်ကြည့်လိုက်ပါသည်။

**ဒီမိုကရေစီ**

ဒီမိုကရေစီဆိုတာ အုပ်စုဖွဲ့အင်အားပြ၊ လက်နက်ဖြင့် ဗိုလ်ကျစိုးမိုးရေးကို တွန်းလှန်ကာကွယ်နိုင်သည့် အခြေခံ ကျော ရိုးရှိ လူ့အဖွဲ့အစည်း နိုင်ငံသူနိုင်ငံသားတို့က စုစည်းတည် ဆောက်ထားသည့် နိုင်ငံတော်ရဲ့အောက်၌ မှီတင်းနေထိုင်သူ အားလုံးသည် နိုင်ငံ၏အကျိုးအာနိသင်ကို တန်းတူညီမျှ ခံစား ခွင့်ရှိသည်။ အုပ်ချုပ်ရေးသည် နိုင်ငံတော်၏အထက်၌ တည်ရှိနေ သည်။ တရားစီရင်ရေး မဏ္ဍိုင်အောက်တွင် ရှင်သန်လှုပ်ရှားရမည် ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။ နိုင်ငံတော်အတွင်းဝယ် အုပ်ချုပ်ခံ လူတန်းစားတို့၏ (အခစား) လုပ်သားများအဖြစ် သက်ဝင်လှုပ်ရှား နေရမည်။

အများဆန္ဒနှင့် ယုံကြည်ချက်တို့၏ ဘဝလုံခြုံမှုကို ကိုယ် စားပြုဆောင်ရွက်မည်ဟူသော ဂုဏ်ထူးဝိသေသရှိသည့် ဒီမို ကရေစီယန္တရားကြီး ဖြစ်သည်။ ၄င်းဒီမိုကရေစီစနစ်သည် နူးညံ့ ပျော့ပြောင်းပြီး အလွန်နက်နဲ့သိမ်မွေ့သည့် စနစ်ဖြစ်သည်။

ဒီမိုကရေစီ၏ ဝိသေသနစွမ်းအားတို့သည် လူနှင့် လူအဖွဲ့ အစည်းကြားထဲသို့ သိမ်မွေ့စွာ စီးဝင်နိုင်စွမ်းရှိပါသည်။

ဆက်လက်သုံးသပ်ကြည့်ပါစို့ …

- တစ်ဦးနဲ့တစ်ဦးသည် အပြန်အလှန်ဝေဖန် ထိန်းကျောင်းမှု ပေးခြင်း၊
- တစ်ဦးနဲ့တစ်ဦးသည် ဖေမဝိုင်းကူမှုနှင့် စေ့ဆော်တိုက်တွန်းမှုများ မွေးဖွားပေးနိုင်ခြင်း၊
- ပြန်လှန်နားလည်မှုမှသည် အမှားနဲ့အမှန်ကို သရုပ်ဖော်ခွဲခြားနိုင်ရန် ညှိနှိုင်းဆက်ဆံမှုကို ဖော်ညွှန်ပေးနိုင်ခြင်း၊
- တိတ်ဆိတ်တည်ငြိမ်နေသည့် လေကျင့်သင်ကြားရေး ကျောင်းတော်ကြီးနှင့် တူညီနေခြင်း၊
- လူမှုဘဝသည် အေးချမ်းတည်ငြိမ်မှု လမ်းကြောင်းပေါ် ရောက်ရှိရန် လှုပ်ရှားမှု၏ ရှေ့ဆောင်လမ်းပြ ဖြစ်ပါသည်။

ကျွန်တော်တို့ လူသားတွေက ပတ်ဝန်းကျင် သာယာငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာသည့် ခေါင်းဆောင်ကို ရွေးချယ်ခန့်အပ်ပေးနိုင်သည့် အခွင့်အလမ်းရှိနေသည်။ အများစု၏ ဆန္ဒနှင့် ယုံကြည်ချက်ကိုသာလျှင် အတည်ပြု အကောင်အထည်ဖော်နိုင်ခွင့် အင်အားတစ်ရပ် ရှိနေသည်။ ကျွန်တော်ကို အုပ်ချုပ်ခွင့်ပေးပါ။ ကျွန်တော်သည် ခင်ဗျားတို့အတွက် ဘဝနဲ့လုံခြုံမှုကို တာဝန်ခံဆောင်ရွက်ခွင့်ရရန် ခင်ဗျားတို့ကိုယ်တိုင်က ကျွန်တော်တို့ ခင်ဗျားတို့ လူအဖွဲ့အစည်းအတွက် ခေါင်းဆောင်ခွင့်ပြုပေးပါ။ ခင်ဗျားတို့ကိုယ်တိုင်က ပေးအပ်သည့် တာဝန်နှင့် ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ခွင့်ပြုပါရစေ။ ကျွန်တော်၏အသက်နှင့် ဘဝသည် ခင်ဗျာတို့တစ်တွေအတွက်ပဲ ဖြစ်ပါတယ်။ လူအများစုက ယုံကြည်ထောက်ခံမှ အုပ်ချုပ်ခွင့်ပေးမှ ခေါင်းဆောင်ဖြစ်ခွင့် ရှိပါသည်။

- အခြေခံပြည်သူလူထု၏ နှလုံးသားကို အဓမ္မပုံရိုက်သွင်းယူခွင့် မရှိခြင်း။
- အခြေခံမူလပိုင်ဆိုင်ရာ ဓာတ်ပြစ်သည့် လူအခွင့်အရေးကို ပြည့်ဝစွာ ရပ်တည်ခံစားခွင့်ရှိခြင်း။
- ကိုယ့်ဆန္ဒ၊ ကိုယ့်အမြင်၊ ကိုယ့်အတွေးကို ကိုယ်ပိုင်တည်ဆောက်ရှင်သန်ခွင့်ပြုနိုင်သည့် တရားဥပဒေကောင်း ပေါ်ထွန်းနေသည်။

မိမိပိုင်ဆိုင်သည် စိတ်ဓာတ်နဲ့ အတွေးအခေါ်၊ ရပ်ဝတ္ထုနှင့် ဉာဏ်ပညာကို ဆန္ဒရှိသလောက် လွတ်လွတ် အသုံးပြုပိုင်ခွင့်၊ အခွင့်အလမ်းများ ရှိပါသည်။ (မှတ်ချက်) ဘယ်လို လွတ်လွတ်လပ်လပ်လဲ။ တခြားတစ်ဦးတစ်ယောက်၏ ဘဝစာမျက်နှာကို မထိခိုက်မပွန်းမပဲ့ဘဲ ကိုယ့်ဆန္ဒ၊ ကိုယ့်ဘဝအတွက် ဖန်တီးမှုကို ဆိုလိုသည်။

လူလူချင်း အကြောက်တရားကင်းဝေးပြီး စာနာနားလည်မှု အသိအမှတ်ပြု လေးစားဆက်ဆံခြင်းကို ပုံဖော်ရပ်တည်ပေးနိုင်သည့် အင်္ဂါရပ်များ ဖွံ့ဖြိုးနေသည်။

ပြုလုပ်ဖန်တီးမှုတို့၏ သမိုင်းတွင် အာဏာသည် တာဝန်ဖြစ်၏။ ဒီမိုကရေစီ၏ သမိုင်းတွင် အုပ်ချုပ်ခံလူတန်းစားတို့၏ အတွင်းအားပေါ်တွင် ပေါ်ပေါက်ရှင်သန်နေသည့် ၄င်းလူ့အဖွဲ့အစည်း၏ အခြေခံဥမြစ်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားတို့၏ စေတနာ (ကံ) အလုပ်တရားတစ်ခုပေါ်တွင် တည်မှီနေသည်။

ဒီမိုကရေစီစနစ်သည် ကျွန်တော်တို့လူသားတွေ အားထားအမှီပြုရသည့် (လေ) ကဲ့သို့ ကျွန်တော်တို့တွေအား ရပ်တည်အကျိုးပြုပေးပါသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်အနားမှ လေကို

ကျွန်တော်တို့ မြင်နိုင်ပါသလား။ တိုက်ရိုက် မမြင်တွေ့နိုင်သည့် (ငင်း) ၏အာနိသင်ကဲ့သို့ ကျွန်တော်တို့တစ်တွေသည် အသက်ရှင် ရပ်တည်ကာ ငြိမ်းချမ်းနေကြသည်။

ဒီမိုကရေစီစနစ်သည် အုပ်ချုပ်သူတို့အား ကြားရရုံနှင့် မြင်သိနိုင်ဖွယ်အထင်မျှသာ ဖြစ်တည်လှုပ်ရှားနေသည်။ အုပ်ချုပ်ခံလူသားတို့၏ ဘဝကျောပေါ်သို့ နွေရာသီကာလ လေညှင်းခံရင်ညင်သာစွာ တိုက်ခိုက်လာသည့် (လေ) ပြေနုနုကဲ့သို့ သဏ္ဍာန်မျှခံစားရပါသည်။ ကျွန်တော်တို့ဘဝပေါ်တွင် အုပ်ချုပ်သူတို့၏ အခမ္ဘဝိုလ်ကျကာ ပုံသွင်းအုပ်ချုပ်မှု ကင်းမဲ့သည့် အုပ်ချုပ်သူတို့၏စွမ်းရည် လုပ်ဆောင်ချက်များသာလျှင် အုပ်ချုပ်ခံလူသားတွေက ခံစားခွင့်ရသည့် လေပြေကလေးပမာ သဏ္ဍာန်တူသော ဒီမိုကရေစီစနစ်ဖြစ်ပါသည်။

ဒီလိုပါဘဲ ခင်ဗျာ (ရေ) သည် ကျွန်တော်တို့ လူသားတွေအတွက် မရှိမဖြစ် အမှန်တကယ် လိုအပ်နေသည့် မိတ်ဆွေဖြစ်ပါတယ်။ (ရေ) မရရှိလျှင် အသက်ပင် ဇီဝိန်ချုပ်ရပါတယ်။ ငင်းရေကြောင့် ဘဝရဲ့ပိုင်ဆိုင်မှုတွေကို (ရေ) ၏ ထိုးနှက်မှုအောက် အသုံးတော်ခံကြပါတယ်။ (ရေ) ကဲ့သို့ ဖြစ်တည်မှုနှစ်ရပ်ရှိသည်။ (ရေကို ကျွန်တော်တို့ လူ့ဝန်းကျင်အတွက် မရှိမဖြစ် အမှန်တကယ် လိုအပ်သလို လူအဖွဲ့အစည်းနှင့် နိုင်ငံဝန်းကျင်မှာလည်း ခေါင်းဆောင်ရှိမှ ဖြစ်ပါတယ်။ ငင်း (ရေ) အာနိသင်သည် အသုံးပြုတဲ့ ပုဂ္ဂိုလ်ပေါ်မှာ အဆိုးနဲ့အကောင်းကို ခွဲခြားသရုပ်ဖော်သလို ခေါင်းဆောင်ဖြစ်သည့် အုပ်ချုပ်သူသည် ကျွန်တော်တို့ အုပ်ချုပ်ခံလူသားတို့၏ အသုံးပြုခံ စိတ်စေတနာပေါ်မှာ ပတ်ဝန်းကျင်၏ အဆုံးနဲ့ အကောင်းကို ခွဲခြားရပ်တည်နေပါသည်။ ဘာကြောင့်လဲ

ဒီမိုကရေစီစနစ်၏အသက်သွေးကြောသည် အုပ်ချုပ်ခံလူသားတို့၏ အတွေးအခေါ်နှင့် (ကံ) အလုပ်တရားပေါ်မှာ ရပ်တည်မှီခိုနေခြင်း ကြောင့် ဖြစ်ပါတယ်။

- အမှန်ကို တင်ပြပြောဆိုခွင့်
- ဝေဖန်သုံးသပ်ပိုင်ခွင့်
- ဆွေးနွေးညှိနှိုင်းခွင့်
- ကန့်ကွက်ဆန္ဒပြခွင့်
- သပိတ်မှောက်ပစ်နိုင်သည်။

၎င်းအခွင့်အရေးများကို ဒီမိုကရေစီစနစ်က မွေးဖွားပေးထား ပါသည်။ လေးစားယုံကြည်ခွင့်၊ ရိုသေကိုင်းရှိုင်းခွင့်၊ စာနာ နားလည်ခွင့်၊ မိမိနှစ်သက်စွာ ပြုလုပ်နိုင်ပါတယ်။ မိမိလိုလား နှစ်သက်သူကို ထောက်ခံတင်မြှောက်နိုင်ခြင်း၊ မလိုလား မနှစ် သက်သူကို ကန့်ကွက်ဖြုတ်ချပိုင်ခွင့်ရှိသည်။ အမှားကို မှားနေ သည်ဟု ကန့်ကွက်ပြောဆိုပိုင်ခွင့်ရှိသလို ကန့်ကွက် ဆန္ဒပြပိုင်ခွင့် ရှိပါသည်။ (မှတ်ချက်) ကန့်ကွက်ဆန္ဒပြသည်အခါ၌ စည်းကမ်း တိကျပြီး အကြမ်းမဖက်ဘဲ မိမိရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် သရုပ်ပြခွင့်ရှိပါသည်။ နိုင်ငံသူနိုင်ငံသားတိုင်း ပြဋ္ဌာန်းထားသည့် နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်အောက်တွင် သာ တန်းတူညီမျှ ရပ်တည်အကျုံးဝင်စေသည်။

နိုင်ငံတော်၌ နိုင်ငံတော်၏ လက်နက်ကိုင်အင်အားစုမှ တခြားမည်သည့် လက်နက်ကိုင်အင်အားစုမှ မတည်ရှိဘဲ နိုင်ငံ တော်အတွက် ကာကွယ်မှုအင်အားသည် နိုင်ငံတော်၏အောက်၌ သက်ဝင်တည်ရှိနေသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၏အတွင်း သက်ဝင်

တည်ရှိနေရမည်။ ထိုမှတစ်ဆင့် တရားရေးမဏ္ဍိုင်အောက်တွင် အကျုံးဝင်တည်ရှိဖို့ လိုပါသည်။ နိုင်ငံသူ နိုင်ငံသားတို့၏ (အခစား) လုပ်သားများဘဝ၌သာ တည်ရှိနေရပါမည်။ ထို့ကြောင့် အုပ်ချုပ်ခံရသူတို့၏ လက်ထဲတွင် အစွမ်းသတ္တိရှိသောကြောင့် ဒီမိုကရေစီစနစ်သည် လူမှုဘဝအသိုက်အမြုံအတွက် အထူးခြားဆုံး အလင်းစဖြစ်ပါသည်။

ဒီမိုကရေစီစနစ်၌ သက်ဝင်တည်ရှိနေသည့် စည်းကမ်း၊ ကျင့်ဝတ်၊ ဂုဏ်သိက္ခာကို ဆန်စစ်သုံးသပ်ကြည့်ရလျှင် စုစည်းတည်ဆောက်ထားခြင်း အနက်ကို ဖော်ဆောင်နေပါသည်။ စည်းကမ်းတကျ ရွေးချယ်တင်မြှောက်ခြင်း ရလဒ်မှသည် အများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းတစ်ရပ် မွေးဖွားဖြစ်ထွန်းလာပါသည်။ တစ်ဖန် ၎င်းအဖွဲ့အစည်းသည် အများစု၏ ဆန္ဒအများစုကို လေးစားနာယူမည်ဟူသော ပဋိသန္ဓေမိခင်ဖြစ်ပါသည်။

- လူတစ်ဦးခြင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းဂုဏ်သိက္ခာ
- ဝန်းကျင်တစ်ခု၏ စိတ်ဓာတ်နှင့် စည်းကမ်းဂုဏ်သိက္ခာ
- မိသားစုတစ်စု၏ စိတ်ဓာတ်နှင့် စည်းကမ်းဂုဏ်သိက္ခာ
- လူ့ဘောင်အဖွဲ့အစည်း၏ စိတ်ဓာတ်နှင့် စည်းကမ်းဂုဏ်သိက္ခာ

၎င်းအကြောင်းတရားများကို ပံ့ပိုးရပ်တည်ရာသည် ဒီမိုကရေစီစနစ်တစ်ရပ်ပင် ဖြစ်ပါသည်။ ၎င်းဒီမိုကရေစီစနစ်တစ်ရပ်၏ တန်ဖိုးနဲ့ ဂုဏ်သိက္ခာသည် စိတ်ဓာတ်စိတ်ထားကောင်းမွန်ခြင်းနှင့် စည်းကမ်းလိုက်နာမှု တန်ဖိုးပင် ဖြစ်ပါသည်။

ကျွန်တော်၏ (ယုံကြည်မှုကို) မှတ်ချက်ပြု၍ တင်ပြဆွေးနွေးရလျှင် စည်းကမ်းလိုက်နာမှုသည် ဥပဒေဖြင့် ထိန်းကျောင်း

တည်မတ်နိုင်သည်ထက် သာလွန်လေးနက်သည့်အတွက် ၄င်း အဓိပ္ပာယ်ကို ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

- ထမင်းစားပြီး အသက်ရှင်သန်ဖို့ထက် ဘဝရှင်သန်ဖို့က အဓိက
- ဖြစ်ပေါ်လှုပ်ရှားနေသည့်ဖြစ်စဉ် အသိတရားကို ဆင်ခြင်မှုဖြင့် ဘဝကို ဖြတ်သန်းပါ။

ဒီမိုကရေစီစနစ်သည် နူးညံ့ပျော့ပြောင်း၏၊ ယဉ်ကျေးသိမ်မွေ့၏၊ လူတို့၏စိတ်ခတ်ပိုင်ဆိုင်ရာ ဖွံ့ဖြိုးတည်ငြိမ်၏။ မှန်မှန်ကန်ကန် ကျနသေသေပ်စွာ သက်ဝင်ဖြစ်ထွန်းသည်။

ဒီမိုကရေစီစနစ်ကို လူထုက ထိန်းကျောင်းပိုင်ခွင့်ရှိသလို လူထု၏လှုပ်ရှားရှန်းကန်မှုကို ဒီမိုကရေစီစနစ်က ပြန်လည်၍ ထိန်းကျောင်းပေးပါသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကို အာဏာပြအုပ်ချုပ်နေသည် မဟုတ်။ သင်ကြားလမ်းညွှန်မှုပေးရင်း တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုဆီသို့ သရုပ်ပြသွားစေပါသည်။ ဒီမိုကရေစီစနစ်၏ တန်ဖိုးနှင့် အနှစ်သာရ သက်ဝင်ဖြစ်ထွန်းနေမှုကို သဘောပေါက်နားလည်ရန် မိမိရဲ့စိတ်ပိုင်းဆိုင်ရာကို ပတ်ဝန်းကျင် လောကထဲသို့ အလည်သွားပေးပါ။ ရရှိလာသည့် အမြင်အာရုံနဲ့ အတူ ထိုအာရုံကို မိမိပိုင်ဆိုင်ထားသည့် အကြင်နာတရားဖြင့် ဆန်းစစ်သုံးသပ်ပါ။ ငါလုပ်ချင်သည်ဆိုတဲ့ ကြောင်းကျိုးခိုင်လုံမှုမရှိသည့် လုပ်ငန်းစဉ်တွေကို ညှိနှိုင်းအဖြေရှာမှု မရှိဘဲ လုပ်ပိုင်ခွင့်မရှိပါ။ (မှတ်ချက်) အများစု၏ဆန္ဒနှင့် တုံ့ပြန်သံကို လေးစားပေးရသည်။

ဒီမိုကရေစီစနစ်သည် ပြည်သူလူထုအတွက် ခေါင်းဆောင်ကောင်းအား အမှန်တကယ် မွေးထုတ်ပေးနိုင်သည်။ (လေးနှစ်) သို့ (ငါးနှစ်) တစ်ကြိမ်ကျစီ ပြည်သူလူထု၏ဆန္ဒကို ခံယူရပါ

သည်။ ပြည်သူလူထုအများစုက ရွေးချယ်လိုက်သည့် ရလဒ်မှ အစိုးရတစ်ခု ဖြစ်ထွန်းလာသည်။ အစိုးရဟုဆိုကြသည် အစိုးရက ဘာတွေလုပ်လိုက်ကြပါ။ နံရံလေးဘက်ကြားထဲသို့ အသံလှိုင်းတွေနဲ့အတူ အကြောင်းအကျိုးတွေသည် ပဲ့တင်ထပ်ကာ ၄င်းနံရံလေးဘက်ကြားထဲမှ ပတ်ဝန်းကျင်လောကထဲသို့ ထွက်ပေါ်လာကြပါသည်။ ဒါကြောင့် ဒီမိုကရေစီစနစ်သည် လူ့ရှာငြိမ်းချမ်းရေး၏ အရှင်သခင်ဖြစ်ပါသည်။ ပြန်လှန်နားလည်မှု အကြင်နာတရားတို့၏ မွေးရာပါဇာတိဖြစ်သည်။ ဒီမိုကရေစီစနစ် ယန္တရားကြီးသည် မိခင်ကဲ့သို့ ထိန်းကျောင်းပေးနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

- သင်ရဲ့လက်ခုပ်ထဲက ဓားတစ်လက်ထက်မြက်မှုထက် သင့်ရဲ့ အတွေးအခေါ်နှင့် အသိဉာဏ် ထက်မြက်မှန်ကန်ဖို့က အဓိက။
- သင့်ရဲ့ ပိုင်ဆိုင်မှု လုပ်ရပ်သည် သင့်ဘဝကို သရုပ်ဖော်ပေးလိမ့်မည်။
- ဖွံ့ဖြိုးတိုးတက်မှု (သို့မဟုတ်) ဆန့်ကျင်ဘက် ကျွန်တော်များနှင့် သက်ဆိုင်နေမည်ကို တွေ့ရမည်။

ကျွန်မသည် ၄င်းစာတမ်းတိုလေးအား နှစ်ခေါက်လောက်ကို ပြန်၍ ဖတ်မိလိုက်ပါသည်။ ဒီနေ့ဒီညသည် ကျွန်မ၏ အာရုံပေါ်၌ ပုဂံသား၏ဟာန်နဲ့ အသံတွေသည် စိုးမိုး၍နေပါတော့သည်။

□ □ □

# သူ၏ နေရာ

ကျွန်မတို့အထက်က မိုးကောင်းကင်ကြီးသည် သာယာ ငြိမ်သက်၍ နေပါသည်။ ဒီကနေ့သည် ကျွန်မ၏ အားလပ်ရက် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်မှုကိစ္စပြီးစီးသည့်အခါ ပုဂံသား၏ အိမ်သို့ အလည်သွားရန် ဖေဖေ့ထံမှ ခွင့်တောင်းယူခဲ့ပါသည်။ ယခုတော့ ကျွန်မသည် မိုးကောင်းကင်မှ နေမင်းကိုအံ့တုကာ ထီးတစ်လက်ဖြင့် FMI ဝင်းထိပ်ရှိ တပ်ထိပ်ကားမှတ်တိုင်ဆီသို့ ထွက်လာခဲ့ပါသည်။ ပုဂံသား၏ လမ်းညွှန်မှုအတိုင်း ထိုမှတ်တိုင်မှ လိုင်းကားကို စီးနင်းခဲ့ပါသည်။ မကြာပါ ကျွန်မစီးနင်းလာသည့် လိုင်းကားသည် ဆင်းရမည့်မှတ်တိုင်သို့ မိနစ် (၃၀)ခန့်အကြာတွင် ရောက်ခဲ့ပါသည်။ ကားပေါ်မှ ဆင်းလိုက်သည်နှင့် ပုဂံသားတို့

နေထိုင်ရာ ရပ်ကွက်ကလေးကို တွေ့ရပါသည်။ ပုဂံသားညွှန်ပြ ထားသည့် လမ်းကလေးအတိုင်း လျှောက်လာခဲ့ပါသည်။ ဆင်းရဲ သားလူ့အလွှာကို အများစု တွေ့ရပါသည်။ အိမ်ကြီးအိမ်ကောင်း တချို့သာ တွေ့ရပါသည်။ ကျွန်မတစ်ယောက် ပုဂံသားနေထိုင်ရာ အိမ်ပေါက်ဝရှေ့တည့်တည့်သို့ ဆိုက်ရောက်လာပါသည်။ ပုဂံသား တို့ အိမ်လေးသည် တစ်ထပ်အိမ်ကလေး ဖြစ်ပါသည်။ သွပ်မိုး၍ ထရံကာထားပါသည်။ ခြံဝမှ အသံပြု၍ အိမ်ထဲသို့ ဝင်သွားလိုက် ပါသည်။ အိမ်၏ဘုရားခန်းရှေ့၌ အမျိုးသမီးကြီးတစ်ဦး တီဗွီထိုင် ကြည့်နေသည်ကို တွေ့ရပါသည်။ ထိုအမျိုးသမီးကြီးသည် ကျွန်မ အား အပြုံးဖြင့် နှုတ်ဆက်ကာ

"သမီးလေး ဘာကိစ္စရှိလဲ"

ဟု မေးလာပါသည်။ ကျွန်မသည် အဖြေမပေးနိုင်ဘဲ ပြန်၍ မေးလိုက်ရပါသည်။

"အဲဒါ ပုဂံသား၏အိမ် ဟုတ်ပါသလား"

ထိုအခါ အမျိုးသမီးကြီးသည် ထိုင်ရာမှထလာကာ အံ့သြ ခြင်းအပြုံးများနဲ့အတူ

"အော် ...အော်"

ဟု နှုတ်မှ အာမေဋိတ်သံ ထွက်လာပါသည်။ ဆက်၍

"ပုဂံသား အိမ်ဟုတ်ပါတယ် သမီးလေး"

ထိုအခါ ကျွန်မရင်ထဲက စိုးရိမ်စိတ်အလုံးကြီး ကျသွားခဲ့ပါ သည်။ ထိုအမျိုးသမီးကြီးသည် အပြုံးများဝေဆာကာ ကျွန်မအား သူ၏ လက်ဖဝါးလေးဖြင့် လှမ်းဆွဲကာ အိမ်ပေါ်သို့တက်ရန် ဖိတ်ခေါ်ခြင်းနဲ့အတူ

"ဒေါ်ဒေါ်က ပုဂံသားရဲ့ အမေ"

ဟု မိတ်ဆက်စကားဆိုလာပါသည်။ ဆက်၍

"ပုဂံသားတော့ မရှိဘူးကွယ် … ဘုန်းကြီးကျောင်းတစ်ကျောင်းကို သဒ္ဒါကြေးဖြင့် သွားလုပ်ပေးလေရဲ့"

ဟုဆိုကာ

"သမီးက ပါမောက္ခကြီးရဲ့ သမီးလေး ဖြစ်မယ်"

ဆိုသည့်အကြောင်း ပြောလာပါသည်။ ထိုအခါ ကျွန်မသည် အံ့ဩမှုနှင့်အတူ ပြုံး၍ပီတိဖြစ်လျက် အိမ်ပေါ်သို့တက်လာပါသည်။ ဘုရားခန်းရှေ့၌ ထိုင်လိုက်သည်။ ပုဂံသားရဲ့ မိခင်က

"သမီးလေး ပုဂံသားမရှိလို့ အားနာမနေနဲ့နော်… နေသာသလို လွတ်လွတ်လပ်လပ်ဘဲနေ"

ဟု ခွင့်ပြုစကား ပြောလာပါသည်။

ကျွန်မ၏မျက်လုံးနှစ်စုံသည် တီဗွီပေါ်သို့မရောက်ဘဲ စာအုပ်စင်ဆီသို့ ရောက်သွားပါသည်။ ပုဂံသား၏ အမေသည် တီဗွီကြည့်နေရင်း အလိုက်သိစွာဖြင့်

"သမီးရေ ပျင်းလို့စာဖတ်ချင်တယ်ဆိုရင် ပုဂံသားရဲ့အခန်းထဲမှာ နားနားနေနေနေရင်း စာဖတ်နေပေါ့ သမီးလေး… ပုဂံသားအခန်းထဲမှာလည်း စာအုပ်တွေရှိပါတယ်"

ဟုဆိုကာ ဆက်၍

"သားက သမီးလေးနဲ့ သမီးလေးရဲ့အဖေအကြောင်းတွေကို ပြောပြထားပါတယ်…ဒါကြောင့် သမီးလေးက အမေ့ကို အားနာစရာမလိုဘူးနော်"

ဟု ပွင့်လင်းစွာပြောလာပါသည်။ ကျွန်မသည် မရှက်နိုင်ပါဟန်ဆောင်ကာဖြင့် အိုင်တင်မခံနိုင်ပါ။ ရှက်ပြုံးလေးကိုပြုံးလို့ ပုဂံသားအမေညွှန်ပြရာ အခန်းဘက်စီသို့ ထသွားလိုက်ပါတော့သည်။

ပုဂံသား၏ အိပ်ခန်းထဲသို့ရောက်လိုက်သည်နှင့် ကျွန်မအား ဆီး၍ကြိုဆိုနေသည်မှာ စာအုပ်တွေ ဖရိုဖရဲ ပြန့်ကျဲကာ ရှုပ်ပွမှုဖြင့် ပြုံးပြနေသည်။ တစ်ယောက်အိပ်ကုတင်ပေါ် စည်းစိမ်ခံစားနေသည်မှာ ဖြူတစ်စဖျင်းတောင်း နိုင်နေသည်။ ပုဆိုးနဲ့အင်္ကျီများသည် တန်းပေါ်၌ ပြန့်ကျဲနေပါသည်။ သို့သော် ငါးစုံထက် မပိုနိုင်ပါ။ ပေါများနေတာသည် ဖတ်စရာ မှတ်စရာ စာအုပ်များကို တွေ့နေရပါသည်။

ကျွန်မသည် စိတ်လွတ်ပေါ့ပါးစွာ သူ၏ အိပ်ယာပေါ်ကို အရင်ဦးစွာ သန့်ရှင်းရေးပြုလုပ်လိုက်ပါသည်။ တန်းပေါ်မှ တွဲလောင်းစများကိုပါ သပ်ရပ်စွာ ရှင်းလင်းလိုက်ပါသည်။ စာအုပ်တချို့ကိုလည်း ပြန့်ကျဲနေရာမှ စီစီရီရီ သိမ်းဆည်းလိုက်ပါသည်။ ထိုအခါ စာအုပ်တစ်အုပ်ကြားထဲမှ စာရွက်ခေါက်ကလေးတစ်ခုသည် ကြမ်းပြင်ပေါ်သို့ ထွက်ကြလာပါသည်။ စာရွက်ခေါက်ကလေးကို ကောက်ယူကာ ကုတင်ပေါ်သို့ လှဲချလိုက်ပါသည်။ ကုတင်ပေါ်၌ ကျွန်မကိုယ်ကျွန်မ ရှက်အန်းအန်းဖြစ်သွားပါသည်။ ရင်ခုန်သံတွေဟာ မြန်လာပါသည်။ ကျွန်မနှလုံးသားရှိရာ ရင်ဘတ်ကလေးပေါ်သို့ မိမိရဲ့လက်ဖဝါးနှစ်စုံကို ဖြန့်အုပ်၍ ရှက်ပြုံးလေးကို ပြုံးလိုက်မိပါသည်။ ထိုအပြုံးနှင့်အတူ အသံထွက်၍ပင် "သူဟာ ဖြစ်သလိုနေတတ်သူ"ဟု ရေရွတ်ရင်း ထိုစာရွက်ခေါက်ကလေးကို ဖွင့်ကြည့်လိုက်ပါသည်။ ကျွန်မ၏မျက်လုံးကလေးများ တောက်ပသွားပါသည်။ ထိုစာရွက် ခေါက်ကလေးသည် ကဗျာတစ်ပုဒ် ဖြစ်နေသည်။ ပြုံး၍ ဖတ်ကြည့်လိုက်ပါသည်။

## အရေးတော်ပုံ

အာဏာအဆိပ်သင့် ဓားတစ်စင်း
အသီးမဲ့ ကျည်ဆံ
ကရုဏာမဲ့သံ ဖိနပ်အောက်
သွေးပင်လယ် ပွက်ပွက်ထခဲ့
ကုန်းမခံ ရှန်းကန်တဲ့စိတ်ခွန်အား
ဒါဟာ ဒီကနေ့၏
ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ။

မျက်ရည်မြစ်တစ်စင်းပေါ်
ဘဝတွေ ထုဆစ်လို့
သွေးဝိညာဉ်တို့ဖြင့် ဖွားအံလာတဲ့
ရှစ်လေးလုံး ငွေရတုမှ
ဒီမိုကရက်တစ်ဖက်ထရယ် ပြည်ထောင်စု
(၂၀၀၈) နာဂစ်ပြင်ရေး (သို့) အသစ်ဆီသို့
အမျိုးသားပြန်လည်သင့်မြတ်ရေးသို့
ဒီကနေ့၏ ဒီနိုင်ငံရေးဇာတ်ခုံ
လူထု၏နှလုံး သဲပွတ်တိုင်သို့
ဒေါင်းမာန်ချီ၍ ပျံလေပြီ

ဒီမိုကရေစီသူ့ရဲကောင်းသို့
ရှစ်လေးလုံး၏ ပုံရိပ်လွှာ
လမ်းဆုံးမဟုတ်သေး
ပန်းတိုင်မဟုတ်ပါ

လမ်းဆုံခရီးတဲ့
မီးပွိုင့်လေးက တဖျတ်ဖျတ် တလက်လက်ပေါ့။

ဒီကနေ့မှ နောက် ၅ × ၅ ထိ ပြန်ကြည့်
ဒီကနေ့တွက် သမိုင်းသင်ခန်းစာဖြစ်ခဲ့ကြ
တို့သမိုင်းမှာ ညီညွတ်ခဲ့ကြလို့
လွတ်လပ်ရေးရခဲ့ကြ
တို့သမိုင်းမှာ ညီညွတ်ရေးပျက်လို့
(၆၂) မှာ စစ်ဖိနပ်အောက် ရောက်ခဲ့ကြ
တို့သမိုင်းကို ကဗ္ဗည်းထိုးရန်
၈၈၈၈ မှာ အံတုခဲ့ကြ
ဒီမိုကရေစီ အရေးတော်ပုံသို့
ညီညွတ်ရေးပျက်ပြားလို့
စုတ်ပြတ်သတ်သွား
ပန်းတိုင်ပျက် ငါတို့ခြေရာ။

ဒီမိုကရေစီသူရဲကောင်းသို့
ငွေရတုမှ ပန်းတိုင်သို့လျှောက်
ငွေရတုမှ လမ်းဆုံးသို့သွား
လာဟေ့ ထကြလော့
သွားဟေ့ နိုးကြားလော့
လုပ်ဟေ့ ညီညွတ်ကြစို့
ရှစ်လေးလုံး ငွေရတု၏ ပွဲတင်သံ။

**(သား)**

ကျွန်မ၏ အတွင်းစိတ်ကလေးများသည် ၎င်းကဗျာအား ဖတ်နေရင်း တုန်လှုပ်နေမိပါသည်။ ထိုကဗျာသည် ကျွန်မအတွက် စဉ်းစားတွေးခေါ်မှုဉာဏ်တွေ ပို၍ ပွင့်သွားခဲ့ပါသည်။ ကျွန်မ၏ ရင်ထဲ၌ တဖျတ်ဖျတ်လ လှုပ်လတ်ဖြစ်နေချိန် ပုဂံသား၏ အမေ သည် ကျွန်မ၏အနားသို့ရောက်လာကာ ချိုသာသောအသံဖြင့်

"သမီးလေး ပျင်းနေပြီလား"

ဟု မေးလိုက်သံသည် အမှတ်တမဲ့ဖြစ်၍ အထိတ်တလန့် ဖြစ်သွားခဲ့ပါသည်။ ရင်ထဲ၌ တဒိန်းဒိန်းပေါက်ကွဲသံလေးများသည် ဆူညံသွားပါသည်။ ကျွန်မ၏ခန္ဓာကိုယ်တစ်ခုလုံး ကြောက်သွေး လေးများသည် တဖြန်းဖြန်း ထခဲ့ပါသည်။ ၎င်းစိတ်ကလေးကို အမြန်ဆုံးထိန်းချုပ်ကာ ဟန်ဆောင်သည့်အပြုံးလေးဖြင့်

"ဟုတ်ကဲ့ ဒေါ်ဒေါ် သမီးမပျင်းပါဘူးရှင့်"

ဟု ဖြေလိုက်မိပါသည်။ ကျွန်မအတွက် ပျင်းစရာမရှိပါ။ သို့သော် အမှတ်တမဲ့ဖြစ်လိုက်တာကတစ်ကြောင်း ၎င်းကဗျာကို ဖတ်နေရင်း ရင်တွေတဒိတ်ဒိတ်တုန်နေတာကြောင့် ကျွန်မ၏ စိတ် ကလေးများ လန့်သွားမိပါသည်။ ပုဂံသား၏ အမေသည် အလှဆုံး အပြုံးကိုပြုံး၍ အရှေ့ဘက်အခန်းသို့ ပြန်၍ထွက်သွားတော့ပါ သည်။

ကျွန်မ၏ လှုပ်ရှားရိုက်ခတ်သွားသည့် အသိစိတ်ကလေးကို သတိဖြင့်ပြန်၍ထိန်းကာ ခေါင်းအုံးလေးကို လက်ဖြင့် ထိမိလိုက် ပါသည်။ ၎င်းခေါင်းအုံးလေးဆီမှ ကျွတ်ခနဲအသံတစ်ခုကို ကြား လိုက်ရပါသည်။ ထိုအသံကို နားစွင့်ရင်း ခေါင်းအုံးရှင်ပုဂံသားအား ပြေး၍မြင်ယောင်လာမိပါသည်။ ပုဂံသား၏ အိပ်ယာပေါ်၌ လဲ လျောင်းရင်း ပုဂံသား၏အကြောင်းကို ထပ်ကာထပ်ကာ စိတ်ကူး

ယဉ် ပျော်ရွှင်နေမိသည်။ ကျွန်မဝန်ခံရပါမည်၊ ကျွန်မ၏အဖြစ်ကို ကျွန်မသည် တွေးကြည့်မိပါသည်။ ကျွန်မပြုံး၍သာ မရက်နိုင်ပါ။ ကျွန်မအား ပုဂံသား၏အမေက လွတ်လွတ်လပ်လပ် ခွင့်ပြုထား သည်မှာ ပုဂံသားသည် သူ၏အမေအား ကျွန်မ၏အကြောင်းများ ကို ပြောပြထားသည်မှာ သေချာနေပါသည်။ ဘယ်အထိ ပြောပြ ထားသည်မှာ ကျွန်မတစ်ယောက် မသိပါဟု ဝန်ခံမိပါသည်။ ကျွန်မသည် မိမိပိုင်အိမ်အဖြစ် ထင်မှတ်ကာ မိမိစိတ်ကြိုက် အခန်း တစ်ခုလုံး သန့်ရှင်းပစ်လိုက်သည်။ ကျွန်မသည် ထပ်ပြီး ငှင်း ခေါင်းအုံးကို ဖိလိုက်ရာ ဒုတိယအကြိမ် ခေါင်းအုံးထဲမှ ငင်းအသံ အား ကြားလိုက်ရပါသည်။ ဒီတစ်ခါ ထိုအသံအား စိတ်ဝင်စား လာပါသည်။ စိတ်ဝင်စားစိတ်ကို ဟန်ဆောင်မှုဖြင့် မဖုံးဖိဘဲ ခေါင်းအုံးစွပ်ကြားထဲက အရာဝတ္ထုကို ထုတ်ကြည့်လိုက်သည့်အခါ စာရွက်ခေါက်လေးတစ်ခု ဖြစ်နေပါသည်။ ကျွန်မသည် သိချင် စိတ်က လှုံ့ဆော်၍ လူတစ်ယောက်၏ လွတ်လပ်ခွင့်ကို သူ၏ ကွယ်ရာ၌ ချိုးဖောက်လိုက်မိပါသည်။ ထိုစာရွက်ကလေးသည် ကဗျာစာရွက်ကလေး ဖြစ်နေသည်။ ကျွန်မသည် ဆက်၍ တစ် တက်စားလည်း ကြက်သွန် နှစ်တက်စားလည်းကြက်သွန်ဖြစ်၍ ဖတ်မိလိုက်တော့သည်။

## ငါ့ပြုင်ယောင်နေမိသဲ

သူငယ်ချင်းရေ ...
လူ့သမိုင်းကိုထုဆစ်ဖို့
စနစ်ရိုင်းကိုအံတု
စာသင်ခန်းက ထွက်ခဲ့ကြတဲ့ ကျောင်းသားတွေ။

မိတ်ဆွေတို့ရေ …
မာယာတံတိုင်းတွေဖြို့ချဖို့
အာဏာရှိင်းကိုအံတု
ပင်နယံကြားကထွက်ခဲ့ကြ
ရဲတင်းအုံကြွ မြန်မာလုပ်သားထု။

ရဲဘော်တို့ရေ …
အာဏာမှိုင်းနဲ့ လူရှိင်းပုံပြင်
စနစ်ရှိင်းရဲ့ လူသတ်ရင်ပြင်မှာ
မဟာအရေးတော်ပုံ ဒေါင်းအလံစိုက်ကြ။

သူငယ်ချင်းရေ ရဲဘော်တို့ရေ ပြည်သူအပေါင်းရေ
မပြီးဆုံးသေးဘူးဟေ့
မိတ်ဆွေတို့ရေ
ဆက်လျှောက်ကြဟေ့ ကြံ့ခိုင်ခြေလှမ်းတွေနဲ့
ရဲဘော်တို့ရေ
စနစ်ရှိင်းကို တောထုတ်ကြ
သွေးဝိညာဉ်သမိုင်းကြွေး ချက်ခြင်းပေးဆပ်ကြ
ခေတ်သစ်ကို ဒေါင်းအလံစိုက်
စနစ်သစ်ကို စိုက်ထူကြပါစို့။

(သား)

ငှင်းကဗျာကို လက်မှကိုင်ဖတ်နေရင်းနှင့် ကျွန်မ၏ လက်ချောင်းလေးများသည် တဆတ်ဆတ်တုန်ရင်နေပါသည်။ ထိုစိတ်ကလေးနဲ့အတူ ကျွန်မ၏အသိစိတ်ပေါ်၌ ပုဂံသားသည် အမှန်တကယ်ပင် နောက်လိုက်ကောင်း တစ်ယောက်ပီသသူအဖြစ် မြင်ယောင်နေမိပါသည်။ ပုဂံသား၏ နိုင်ငံရေးနိုးကြားစိတ်သည်ပင်လယ်ဒီရေလိုမဟုတ်ပဲ တောင်ကျရေပမာဆိုတာကို သိလိုက်ရပါသည်။ ကျွန်မ၏စိတ်ကူးအာရုံမှ ပုဂံသား၏နှလုံးသားဖြင့် တည်ဆောက်ခြင်းသည် တိုင်းပြည်ကို ထိုးဖောက်ကြည့်လိုက်ပါသည်။

ပုဂံသားသည် သူ၏လူ့အဖွဲ့အစည်းအား ပညာလူ့ရွာကြီးတစ်ရွာဖြစ်အောင် တည်ဆောက်ချင်တာကို ကျွန်မသိလိုက်ရပါသည်။ တစ်ဦးနှင့်ဘစ်ဦး အပြန်အလှန် အသိအမှတ်ပြု လေးစားဆက်ဆံသည့် နိုင်ငံရေးယဉ်ကျေးမှုကို မြတ်နိုးသူအဖြစ် သိလိုက်ရပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးရှင်သန်နေမှုကို မြတ်နိုးသူအဖြစ် သိလိုက်ရပါသည်။ ဒေသဖွံ့ဖြိုးမှုညီမျှစွာ ဖြစ်ထွန်းနေသည့်လူ့ရွာတစ်ရွာဖြစ်ထွန်းရန် လိုလားသူအဖြစ်ပါ သိလိုက်ရပါသည်။ နိုင်ငံလုံခြုံမှုနှင့်ပတ်သက်ပြီး ပုဂံသား၏ သဘောထားတစ်ရပ်ကိုပြောပြ၍ နားထောင်ခဲ့ရသည်မှာ နိုင်ငံတော်ရဲ့စည်းရိုးကို နယ်စပ်ဒေသဖွံ့ဖြိုးမှုဖြင့် ကာကွယ်မှလုံခြုံပါလိမ့်မည်။ နယ်စပ်ဒေသလုံခြုံမှ နိုင်ငံတော်၏လုံခြုံမှုကို ကာကွယ်နိုင်သည်။ စကားရပ်များသည် ယခုအခါမှ ကျွန်မသဘောပေါက်သည်ဟု ဝန်ခံမိပါသည်။ နိုင်ငံတော်နှင့် လူ့စည်းရိုးခိုင်မာဖို့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးမှုသည် အဓိကဖြစ်နေသည်ဆိုတာကို ကျွန်မသိလိုက်ရပါသည်။ နိုင်ငံတော်ကို ပါးစပ်ဖျားနဲ့ ချစ်ပြလို့မရဘူးဆိုသည့်စကားကို ပုဂံသားထံမှ ကြားလိုက်ရသည့်အခါ ထိုစကားသည် ကျွန်မဘဝကို လွှမ်းမိုးခဲ့ပါ

သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို ပါးစပ်ဖျားနဲ့ ပြောလို့မရဘူးဆို သည့် ပုဂံသား၏အယူအဆနဲ့အတူ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့် တစ်ဖက် လက်တွေ့ကျကျ အပြန်အလှန်အသိအမှတ်ပြု အပြန် အလှန်လေးစားမှု လက္ခဏာများ သက်ဝင်ဖြစ်ထွန်းမှ ယုံကြည်မှု သည် ဖွံ့ဖြိုးခိုင်မာနေမည်ဟု ပုဂံသားပြောခဲ့ဖူးပါသည်။ ယခုတော့ ကျွန်မအသိတစ်ခု ထပ်တိုး၍ သိလိုက်ရပါသည်။ ပါးစပ်နဲ့ ချစ်ပြ နေရုံဖြင့် ယုံကြည်မှုတည်ဆောက်လို့ မရဘူးဆိုတာကို ကျွန်မ သိလိုက်ရပါသည်။ ၄င်းအသိစိတ်နဲ့ယှဉ်ကာ ပြုံး၍အခန်းပြင်သို့ ထွက်လာခဲ့ပါသည်။

အိမ်၏ဘုရားခန်းရှေ့၌ ပုဂံသား၏မိခင်သည် ကွေးကွေး ကလေး အိပ်မောကျနေသည်ကို တွေ့လိုက်ရပါသည်။ ကျွန်မသည် အနားမှ အဆင်သင့်တွေ့လိုက်ရသည့် အညာစောင်ပါးပါးလေးကို ခြုံပေးလိုက်သည်။ ထို့နောက် တီဗွီစင်ပေါ်၌ အစဉ်သင့်တွေ့ရသည့် ဗိုလ်ချုပ်မိန့်ခွန်းပေါင်းချုပ် စာအုပ်အထူကြီးကို ကောက်ယူ၍ ဖတ်နေလိုက်တော့သည်။

ပုဂံသား၏ မိခင်သည် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ နိုးလာခဲ့ပါသည်။ ကျွန်မအား သူ၏အနား၌ ထိုင်နေသည်ကို တွေ့လိုက်ရသည့်အခါ အားနာနေသောအပြုံးဖြင့် နှုတ်ဖျားမှ

"အားနာလိုက်တာ သမီးရယ်"

ဧည့်သည်အား ဘေးထားကာ အိပ်ပျော်သွားခြင်းကို အားနာ နေခြင်း ဖြစ်သည်ထင်ပါသည်။ ကျွန်မသည် အချိုသာဆုံးအပြုံး တွေကို ပြုံး၍ ပုဂံသား၏ အမေအနားသို့ ဝင်ထိုင်ကာ စကား ပြောနေလိုက်သည်။ ပုဂံသား၏ အမေသည် ရိုးရှင်းပြီး စိတ်ထား ပြည့်ဝသည့် မိန်းမတစ်ဦးဆိုတာကို သိလိုက်ရပါသည်။ သာ

ကြောင်း မာကြောင်းတို့အား ပြောနေရင်း ပုဂံသား၏ လိမ္မာပုံကို မကြာခဏညွှပ်၍ ပြောပြနေပါသည်။ သားတစ်ယောက်၏ ယနေ့ ပြုမူပုံတွေကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးရတာ ပင်ပန်းတယ်လို့ မထင်မိကြောင်း ပြောပြနေသည်မှာ ကျွန်မအတွက် အဓိပ္ပာယ်ရှိနေ ပါသည်။ ကျွန်မအား ပုဂံသားထံသို့ အိမ်လည်လာသည့်အထဲမှာ ပထမဆုံး အမျိုးသမီးဖြစ်တယ်ဟု ပြောလိုက်သည့်အခါ ရှက်ပြုံး ကလေးကိုပြုံးကာ ရင်ထဲ ကြိတ်၍ ပျော်သွားခဲ့ပါသည်။ အမေက ဆက်၍

"သားဆီကိုလာကြတာ အဖွဲ့လိုက်တွေလည်း ရှိတယ်၊ တစ် ယောက်ချင်းလည်း ရှိကြတယ်၊ အများစုကတော့ ပုဂံသားထက် အသက်ကြီးသူတွေ ဖြစ်ကြတယ်။ အမေက သားဟာ ဘယ်လို လူစားလည်းဆိုတာကို အမေမသိပါဘူး၊ သိလည်း မသိချင်ပါဘူး၊ မိခင်တစ်ယောက်က သားတစ်ယောက်၏ဆန္ဒကို တတ်နိုင်တဲ့ ဘက်မှ ဖြည့်ဆည်းပေးခြင်းတာတစ်ခုပဲ ရှိဘယ်။ အမေသိတာက မနက်ဆိုရင် ဒီရပ်ကွက်နားက ဈေးထဲသွားပြီး ဘုရားပန်းရောင်း တာပေါ့၊ သားရဲ့အဖေဆုံးပြီးကတည်းက ဘဝကို မတုန်မလှုပ် တော့ပါဘူး"

ကျွန်မအား ဧည့်ခံစကားတွေကို မမောနိုင်ပြောနေသည့် ပုဂံသား၏ မိခင်ရဲ့မျက်ဝန်းကို ကျနစွာကြည့်လိုက်မိသည့်အခါ တည်ငြိမ်နေတာကို တွေ့ရသည်။ ဒါကြောင့် ကျွန်မအား အကြောင်း မဲ့ပြောနေခြင်း မဟုတ်ဘူးဆိုတာကို ချက်ချင်းရိပ်စားမိလိုက်သည်။ ကျွန်မအား သူ၏ ဘဝရပ်ပုံလွှာအား ခံစားနားလည်တတ်ဖို့ ညွှန်ပြ ပေးနေသည်ဆိုတာကို သိလိုက်ရပါသည်။ ဒါထက် လေးနက် တည်ငြိမ်တာကို တွေ့လိုက်ရပါသည်။ ပုဂံသား၏မိခင်သည် မိန်းမသားချင်းတူတူ ကိုယ်ချင်းစာစိတ်ဖြင့် စဉ်းစားတတ်အောင်

ပြောပြပေးသလို သားကိုချစ်သည့် အမေတစ်ယောက်၏ မေတ္တာ အလင်းအိမ်ကို တည်ဆောက်ပေးနေသည်ဟု ကျွန်မ၏ရင်ထဲ၌ ခံစားကြည်နူးနေမိသည်။ တစ်ဦးနှင့်တစ်ဦး ရိုးသားပွင့်လင်းစွာ အများကြီးကို ပြောလိုက်ကြသည့်အခါ ရင်ထဲ၌ မိသားစုသဖွယ် စိတ်ခံစားမှုများ ရစ်ရစ်ထလာပါတော့သည်။

ကျွန်မ၏ကောင်းကင်ထက်မှ နေမင်းကြီးအား ပြတင်းပေါက် ဆီမှတစ်ဆင့် မော့ကြည့်လိုက်သည့်အခါ အနောက်ဘက်ရပ်ဝန်း ဆီသို့ ခစားရန်ချဉ်းကပ်နေလေပြီ။ ထိုအခါ ဖုန်းမှနာရီကို ဖွင့်ကြည့် လိုက်ပါသည်။ ညနေ (၅)နာရီ တိတိဖြစ်နေပါသည်။ ကျွန်မသည် အိမ်သို့ပြန်ရန် ပုဂံသား၏မိခင်အား နှုတ်ဆတ်လိုက်ပါသည်။

ပုဂံသား၏မိခင်က ကျွန်မအား မကြာခဏအလည်လာဖို့ ဖိတ်ခေါ်သံအောက်မှာ ကျွန်မ၏ချိုသာသော နှုတ်ဆက်အပြုံးနှင့် အတူ ပြန်လာခဲ့ပါတော့သည်။ မိန်းမသားတစ်ဦး၏ အိန္ဒြေနှင့် သိက္ခာမဲ့သူဟု စွပ်စွဲပြစ်တင်နိုင်ပါသည်။ သို့သော် သိပါလျက် ကျွန်မ ဂရုမပြုနိုင်တော့ပေ။ ပုဂံသား၏အနားမှာနေရင်း ပါရမီ ဖြည့်ပေးချင်သည် စိတ်အလှတရားက အနိုင်ယူသွားခဲ့ပြီဟု ဝန်ခံ ရပါတော့သည်။

နေဝင်၍ တာကပ်ခဲ့ပါပြီ အိမ်ထဲသို့အဝင် သမီးပြန်အလာကို စောင့်မျှော်နေသည့် ဖေဖေသည် ညှော့ခန်း၌ အပြုံးလေးများကို ဝေဖြာကာ

"တို့သမီးလေးကြည့်ရတာ အမောမရှိ ကြံ့ခိုင်ပျော်ရွှင်နေ ပါလား"

ဆိုသည့်စကားကြောင့် ကျွန်မကိုယ်ကျွန်မ ရှက်သလိုလို ဖြစ်သွားခဲ့ပါသည်။ ကျွန်မ၏အဖြစ်ကို သိလိုက်ရသည့် ဖေဖေ သည် ရယ်ရယ်မောမောဖြစ်၍ ပြုံးပြကာ

"သမီးရေ ချက်ချင်းရေမချိုးနဲ့နော် အပူရှပ်လိမ့်မည်"

ဟု သတိပေးသံဖြင့် လမ်းလွှဲလိုက်ပါသည်။ ကျွန်မသည်

"ဟုတ်ကဲ့ဖေဖေ"

ဟု ထူးလိုက်ကာ ရှက်ပြုံးကလေးပြုံးကာ နောက်ဖက်ခန်းဆီသို့ ကတုတ်ကရက် ပြေးဝင်သွားမိတော့သည်။

ညစာသုံးဆောင်ပြီးသည့်အခါ ကျွန်မတို့သားအဖသည် ဧည့်ခန်းတီဗွီကြည့်နေရင်း စကားလက်ဆုံနေကြပါသည်။ ကျွန်မတို့စကားဝိုင်း၌ ပုဂံသားအကြောင်းသည် လွှမ်းမိုး၍နေပါသည်။ ပုဂံသားအကြောင်းနဲ့အတူ ယနေ့ကာလနိုင်ငံရေးအပေါ် ဖေဖေ၏အမြင်သဘောထားများကိုလည်း ပြောပြနေပါသည်။ ဖေဖေသည် ပြည်သူပိုင်သတင်းစာ၌ မပါရှိသည့်သတင်းတချို့သည် ပုဂ္ဂလိကပိုင် သတင်းစာနှင့် ဂျာနယ်များ၌ ပါလာသည်ကို တွေ့ရကြောင်း ပြောလာပါသည်။ ဖေဖေသည် ဒါပေမယ့်ကိုခံ၍

"ဖေဖေ့အမြင်ကတော့ ဒီအရွေ့ကို အားလုံးဆန္ဒတူမှ ငြိမ်းချမ်းချောမွေ့မည်ဟု ယူဆမိပါတယ်။ ယခုမြင်နေရတာတွေ ကြားနေရတာတွေဟာ လူအများစုတော့ ဘယ်လိုမြင်၍ ဘယ်လိုသဘောထားလည်း မသိပါဘူး၊ ဖေဖေကတော့ ရယ်စရာကြီးအဖြစ်ပဲ ခံစားနေမိတယ်"

ဖေဖေကထပ်ကာပြုံး၍

**"ခဏတာနေခွင့်ရတဲ့အချိန်လေးမှာ ကိုယ်နဲ့မဆိုင်တဲ့ကာလအထိ အဆိုးမြင်စိတ်ခေတ်က ရှေ့မှသွားနေတာကို မြင်နေရ၊ ကြားနေရတော့ ဒီတိုင်းပြည်ရဲ့အနာဂတ်အတွက် ရင်လေးနေမိတယ်"**

ဖေဖေ ညည်းတွားသံနဲ့အတူ လေပူစကလေးများကို ပါးစပ်ဖျားမှ မှုတ်ထုတ်ကာ ဆက်၍

"ပုဂံသားလည်း ပြောခဲ့ဖူးတယ် သမီးရေ ငါမပိုင်တာကို ငါပိုင်တယ်လို့ အထင်စိတ်သည် လောကီရေးရာအတွက်လည်း မကောင်းဘူး၊ လောကုတ္တရာမှာလည်း မကောင်းဘူး"

ဖေဖေသည် ၎င်းစိတ်ဓာတ်ကို သတ်ပစ်ဖို့အစဉ်သတိပြုနေမိတယ်။ ဒါထက် အံ့ဩစရာကို ပုဂံသားထံမှ ကြားခဲ့ရတယ်ဟု ဆိုကာ ကျွန်မအား ပြန်ပြောပြပါသည်။

**"ကမ္ဘာကြီးရဲ့ တည်ငြိမ်နေမှုကို ခြိမ်းခြောက်နေသည့် လက်နက်ဆန်းက ချူးကလီးယားမဟုတ်ဘူး သမီး၊ အစွန်းရောက်ဝါဒ သဘောတရား"**

ဖေဖေတစ်ယောက် အံ့ဩတာထက် သမီးဖြစ်သူကျွန်မလည်း ယခုအခါ သိလိုက်ရသည်အခါ ပို၍ပင် အံ့ဩတုန်လှုပ်ခဲ့ပါသည်။ ဖေဖေသည် ဒါပေမယ့်ဟုဆိုကာ ပြောလိုက်သည်မှာ

"ကမ္ဘာသတင်းစာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် ကြည့်လိုက်သည့်အခါ အစွန်းရောက်ဝါဒ၏လုပ်ရပ်ကြောင့် ကမ္ဘာ့ရွာ၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကိုထိခိုက်နေတာကို တွေ့နေရပါတယ်၊ ခြိမ်းခြောက်နေတာကိုပါ သိလိုက်ရပါတယ် သမီးရေ၊ ဒါထက် စိုးရိမ်မိတာက ဖေဖေတို့ လူ့ရွာမှာလည်း စတင်၍ ဖြစ်လာသည်လာမှာကို စိုးရိမ်နေမိတယ်"

ဖေဖေရဲ့ခွန်အားမဲ့မဲ့ လေသံပျော့လေးဖြင့် ပြောလာရင်း အသံကိုဖြတ်၍ ထပ်ဆင့်မြွက်ကာ

"ပုဂံသားက ခိုင်ခိုင်မာမာ ပြောခဲ့ဖူးတယ်၊ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုကို ရှင်သန်စေချင်ရင် ကျွန်တော်တို့တစ်တွေ တထစ်ချပြောင်းလဲရမဲ့ စိတ်ဓာတ်ဟာ နိုင်ငံသားအားလုံး လက်ရှိ အတွေးအခေါ်နဲ့ အယူအဆတွေကို ပြောင်းလဲပစ်ရမယ်၊ ဆက်ပြီး

စိတ်ဓာတ်ညှာဉ်ဆိုးတွေကို သဂြိုဟ်ပစ်နိုင်မှ ဒီမိုကရေစီအလင်းအိမ်ကို ထွန်းလင်နိုင်မယ်ဆိုတဲ့ အကြောင်းအရာတွေဟာ ဖေဖေတို့ သတိပြုဆင်ခြင်စရာတွေ ဖြစ်လာတယ်၊ ဒါပေမယ့် လူတချို့က ဘာကြောင့် ဒုံရင်းကို ဒုံရင်းနဲ့ပဲ ချည်ငင်နေကြသတဲ့''

ဖေဖေစကားစအဆုံးမှာ ကျွန်မက

''ဖေဖေရေ တတ်မတ်မှုမီးလျှံစက ၄င်းပုဂ္ဂိုဟ်၏အသိဉာဏ်ကို လောင်မြိုက်သွားလို့ပေါ့ ဖေဖေ၊ ဒါထက်ဆိုးတာက ခေါင်းမရှိတဲ့လူသားတွေ ဖြစ်နေလို့ပါဖေဖေ၊ သမီးတို့သားအဖလည်း ဒီလိုလူစားတွေထဲမပါဖို့ စတင်ကြိုးစားရမှာပေါ့''

ကျွန်မကို ဖေဖေသည် သေချာစွာစူးစိုက်၍ ကြည့်နေရင်း လှိုက်လှိုက်လှဲလှဲ ရယ်မောပစ်လိုက်သည်။ ထိုအရယ်ကို တိကနဲ ရပ်၍ ပီတိပြုံးလေးကိုပြုံးကာ

''မောင်မင်းကြီးသား ပုဂံသား၏စွမ်းပကားသည် အံ့ဖွယ်ပါတကား''

ဟု ဟစ်ကြွေးလိုက်သည်။ ဖေဖေပြောလိုက်သည့်အဓိပ္ပါယ်ကို ကျွန်မသိလိုက်ပါသည်။ ကျွန်မကို ၄င်းအတွေးအခေါ်များ မွေးဖွားပေးသူသည် ပုဂံသားဟုဝန်ခံပါသည်။ ထိုဝန်ခံအသိနှင့်အတူ ပုဂံသား၏ ဒိုင်ယာရီစာအုပ်ထဲက စာပိုဒ်လေးတစ်ခုကို ပြေး၍ သတိရသွားသည်။

''ပိုင်ဆိုင်မှုဖြစ်တည်ခြင်း ဘဝဇာတ်ခုံပေါ်၌
ပဋိပက္ခကိုဖွားအံ့လာသည့် ငါဆိုသည့်မီးလျှံစသည်
လူမှုပြဿနာတို့၏ မီးလျှံစများအသွင်ဖြင့်
တဖွားဖွား မရပ်မနား တောက်လောင်နေပါတယ်''

ယနေ့တွေ့နေသည်မှာလည်း ထိုမီးလျှံစများပင်ဖြစ်နေသည်။

ဒါကြောင့် ကျွန်မသည် တစ်ချိန်က ငါရှိမှ၊ ငါတတ်မှ၊ ငါနိုင်မှ ဆိုသည့် ငှင်းအတွေးအခေါ်များ၏နေရာ၌ ယခုအခါ အစားဝင်ရောက်လာသည့်မှာ လောကမှာ ငါမရှိလည်းဖြစ်နေပါသည့် အယူအဆတစ်ရပ်ကို လေ့ကျင့်မှုဖြင့် သင်ယူနေမိပါသည်။ ဖေဖေသည် အပြုံးတွေ အရယ်တွေကို တိကနဲရပ်ကာ ဆက်ပြောလာပါသည်။

"ဘာကြောင့်နှုတ်ထွက်စကားတွေကို မစဉ်းစားမဆင်ခြင်ပဲ ပြောဆိုနေကြရပါလိမ့် သမီးရေ၊ လူဆိုတာ မိမိရပ်နေသည့် နေရာ၏တန်ဖိုးကို နားလည်သိစွမ်းနိုင်မှ သူလုပ်ဆောင်ချက်တွေဟာ ချောမွေ့ညင်သာပါလိမ့်မည်။ ငါပြောရင်ဖြစ်မယ်ဆိုကာ ပြောချင်ရာကို ပြောနေကြရင် သေချာပါတယ်။ ဒီလိုလူကို လူအများက ငပေါကြီးလို့ ထင်ကြမှာပေါ့"

ဟု ညည်းတွားရင်း ဆက်ပြောလိုက်သည်က

"အခုတော့ ဖေဖေတို့ရဲ့ ဘဝတွေသည် ငှင်းပုဂ္ဂိုလ်စားများရဲ့ အောက်မှာရှိနေတာဆိုတော့ ခါးစီးပြီးခံရဦးမှာပေါ့ သမီးရေ"

ဟုပြောဆိုကာဖြင့် ဖေဖေသည်သူ၏ အိပ်ခန်းဆီသို့ ထသွားပါတော့သည်။ ကျွန်မသည် ရှေ့ကဖွင့်ထားသည့် တီဗွီနှင့် မီးချောင်းများကိုပိတ်ကာ ကျွန်မ၏အိပ်ခန်းသို့ ဝင်လာခဲ့ပါသည်။ ကျွန်မ၏အိပ်ယာထက်ပေါ်၌ ချက်ချင်းအိပ်မပျော်နိုင်ပါ။ ပုဂံသား၏ ချစ်ခြင်းဗိမာန်သဘော်ပေါ်ဝယ် ချစ်မေတ္တာသဗ္ဗာန်ငယ်လေးဆင့်၍ ပီတိလှိုင်းကလေးများဖြာကြနေရင်း ရင်ခုန်နေတော့သတည်း။

□ □ □

# နေ့ထူးရက်တစ်ရက်

ဒီကနေ့သည် ကျွန်မတို့နိုင်ငံ၏ အမျိုးသားနေ့ဖြစ်ပါသည်။ ကျွန်မ၏ စာသင်ပြရမှုအလုပ်သည် အားလပ်ရက်ဖြစ်ပါသည်။ ဖေဖေသည် ကျွန်မအား စာသင်ပြရန်မရှိပါက လိုက်ခဲ့ရန် ခေါ်ပါသည်။ ဖေဖေခေါ်သည့် နေရာသို့ လိုက်ပါခြင်းသည် စိတ်ကိုဟန်မဆောင်နိုင်ပါ ကင်ဒါဟည်း ခေါင်းလေးကိုငြိမ့်လိုက်မိပါသည်။

ကျွန်မတို့သားအဖနှစ်ဦးသည် နံနက်ကိုးနာရီခန့်လောက်တွင် အိမ်မှထွက်လာခဲ့ကြသည်။ အိမ်ယာဝင်းထဲသို့ဝင်ရောက်လာသည့် တက္ကစီတစ်စင်းအား ငှားစီးကာ ထွက်လာခဲ့ကြပါသည်။ မကြာလိုက်ပါ သွားလိုသည့် အခမ်းအနားကျင်းပရာ နေရာဆီသို့ ရောက်လာခဲ့ကြသည်။ အခမ်းအနားကျင်းပရာရှေ့မှ ဧည့်ခံကြိုဆိုရေးသမား တချို့က ကျွန်မတို့သားအဖအား အခမ်းအနားကျင်းပရာရှေ့ဆုံးတန်းဆီသို့ ခေါ်ဆောင်သွားပါသည်။ ထိုအခမ်းအနား၌ ဧည့်ပရိသတ်နှစ်ရာကျော်လောက်ရှိမည် ဖြစ်ပါသည်။ အခမ်းအနားဝန်းကျင်ကို ကျော်လွန်၍ စည်ကားနေပါသည်။

ဖေဖေနှင့်အတူ ကျွန်မတစ်ယောက် ရှေ့ဆုံးခုံတန်းများပေါ်တွင် ထိုင်နေရပါသည်။ ကျွန်မသည် ရှေ့နောက်အစုံ ပတ်ဝန်းကျင်ကို အကဲခတ်ကာ လိုက်ကြည့်နေမိပါသည်။ တခြားသူများ မရိပ်မိသော်လည်း ဖေဖေကသိနေပါသည်။ ယခုတော့ ကျွန်မ ရှာဖွေနေသည့် ပုဂံသားအား တွေ့လိုက်ရပါသည်။ မီးပူနှင့် ရန်ဖြစ်ထားသည့် ပင်နီတိုက်ပုံကြီးကို ဝတ်ရုံလွှာခြုံထားပါသည်။ သူ့မျက်နှာကိုတွေ့လိုက်ရသည်မှာ ပြုံးရွှင်သော မျက်နှာပြင်ပေါ် မာန်မာနကင်းမဲ့သည့်အရိပ်အရောင်များ ကင်းစင်နေပါသည်။ သူ့အား လူအများစုက ခင်မင်လေးစားကြသည်ကို တွေ့နေရပါသည်။

ပုဂံသားသည် ဖေဖေ့ဆီသို့ ဦးတည်၍ရောက်လာပါသည်။ သူ၏ဟန်ဆောင်မှုကင်းမဲ့နေသည့်အပြုံးဖြင့် ထုံးစံအတိုင်း လက်အုပ်ကလေးကိုချီကာ ဂါဝရပြုနှုတ်ဆက်နေပါသည်။ ကျွန်မကို အပြုံးလေးများဖြင့်နှုတ်ဆက်ကာ တိုးတိုးကလေးပြောလိုက်သည်မှာ

"ဆရာမလေးခင်ဗျား ဘဝစာမျက်နှာတွေကို ဖတ်ရသလောက် ဖတ်ကြည့်ပါ"

ဟု ပြောလာသည့်ပုဂံသားအား ကျွန်မထံမှ ချိုသာဆုံးအပြုံးများဖြင့် ပြန်၍ပြုံးပြကာ

"ရှင်ဘာလို့ ဝတ်စုံကို မီးပူမတိုက်ဘဲ ဝတ်ခဲ့တာလဲ"

ဟု ကျွန်မကမေးလိုက်သည့်အခါ ပုဂံသားသည် သူကိုယ့်သူ ပြန်ကြည့်၍ ပြုံးလိုက်ကာ

"အပျင်းထူလို့ပါဆရာမ"

တပည့်က ဆရာမအား ဖြေလိုက်သည့်ဟန်အသံဖြင့် ဖြေလိုက်သည့် ပုဂံသားအား ကျွန်မဘာမှမပြောဘဲ ပြုံး၍

"ဩော်"

ဆိုသည့် အာမေဋိတ်သံနှင့်အတူ စိတ်ထဲမှပင် မိမိကိုယ်ကိုယ် နှိမ်ချကာ ဆက်ဆံတတ်သူပါလားဟု ရေရွတ်နေမိသည်။ ကျွန်မ တို့သားအဖအား ပုဂံသားသည် နှုတ်ဆက်ကာအနားမှ ပျောက်သွားပါ သည်။ အခမ်းအနား၌ဆူညံသံများနှင့်အတူ လူတချို့က ကျွန်မတို့ သားအဖအား အကဲခတ်သည့်မျက်လုံးများဖြင့် ကြည့်ရှုနေကြသည်။

အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို စတင်ကျင်းပလိုက် ကြသည်။ အခမ်းအနားကိုတက်ရောက်သော လူထုပရိသတ်တို့က နိုင်ငံတော်အလံအား အလေးပြုခြင်းဖြင့် စတင်လိုက်ပါသည်။ ဆက်၍ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည့် နောက်ဆုံးဂုဏ်ပြုသံသည် ဒီမိုကရေစီ အရေး တော်ပုံအဆက်ဆက်တွင် ကျဆုံးခဲ့သော ရဟန်းပြည်သူ ကျောင်း သားကျောင်းသူတို့ကို ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် (၈) စက္ကန့် ငြိမ်သက်ကြခြင်းဖြစ်ပါသည်။

၄င်းအခမ်းအနား၌ သက်ဆိုင်သူတွေသည် အခမ်းအနားနှင့် ပတ်သက်သည့် အမှတ်တရစကားများနှင့် ကျေးဇူးတင်စကားတွေ ပြောကြပါသည်။ တက်ရောက်လာသည့် ပရိသတ်သည် တိတ် ဆိတ်ငြိမ်သက်စွာ အခမ်းအနားအား ဂုဏ်ပြုကြမည်ဟု ထင်ခဲ့မိပါ သည်။ ကျွန်မ၏စိတ်သဘောထားအရ ကြိုက်နှစ်သက်သည် ဖြစ်စေ၊ မကြိုက်နှစ်သက်သည်ဖြစ်စေ အခမ်းအနားသို့ တက် ရောက်လာကြသူများ၏တာဝန်သည် ငြိမ်သက်စွာ နားထောင်ခြင်း ဖြင့် ဂုဏ်ပြုရမည်ဖြစ်ပါသည်။ သို့သော် ကျွန်မတွေ့နေရသည်မှာ ဒီလိုမဟုတ်ပါ။ စကားပြောသံများသည် တစ်ချက်တစ်ချက် သဲ့သဲ့ ထွက်လာကာ အတင်းအဖျင်းပြောသံများကလည်း ပါလာနေပါ

သည်။ ထိုဖြစ်စဉ်သည် ၄င်းအခမ်းအနားအား ပျက်ရယ်ပြုရာ ရောက်နေသည်ဟု ထင်မြင်မိပါသည်။ ထိုအချိန်၌ အခမ်းအနားမှူးမှ ဟောပြောစင်မြင့်ပေါ်သို့ ပုဂံသားအား ဖိတ်ခေါ်လိုက်သည့်အသံကို ကြားလိုက်ရပါသည်။ နောက်ဆက်တွဲ လူထုညွှန့်ပရိသတ်၏ လက်ခုပ်သံများပါ ဆူညံစွာ ဟိန်းထွက်သွားပါသည်။ ပုဂံသားသည် အခမ်းအနားစင်မြင့်ပေါ်သို့ တည်တည်ငြိမ်ငြိမ် တက်ရောက်လာပါသည်။ ဝတ်ဆင်ထားသည့် ဝတ်ရုံလွှာသည် မက်စရာမရှိ၊ မျက်မှန်ကိုင်းအနက်ကြီးနှင့် ပုဂံသား၏အသံသည် ကြည်လင်ပြတ်သားစွာ ဟိန်းထွက်လာပါသည်။ ၄င်းအသံနှင့်အတူ သူ၏ လက်အုပ်ကလေးကိုချီကာ ဦးညွှတ်မှုဟန်သည် ကျွန်မ၏ စက္ကူအိမ်မျက်ဝန်းလွှာထဲမှ ရုန်းမထွက်နိုင်တော့ပေ။ ပုဂံသား၏ စတင်ဟောပြောလိုက်သည့် အသံလှိုင်းသည် အခမ်းအနားရှိ လူထုပရိသတ်နှလုံးသားတစ်ခုလုံးသို့ လွှမ်းမိုးဟိန်းထွက်သွားပါတော့သည်။

"အခမ်းအနားသို့ တက်ရောက်လာကြသည့် လူထုရဲဘော်အပေါင်းတို့ခင်ဗျာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေတဲ့နေရာမှာ အဓိကလိုအပ်ချက်သည် အခြားမဟုတ်ပါဘူး၊ ဒီမိုကရေစီစိတ်ဓာတ်ကို ခိုင်မာစွာ ဖွံ့ဖြိုးကျင့်သုံးဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူ နိုင်ငံသားတွေ၏ နှလုံးသားမှာ ဒီမိုကရေစီစိတ်ထားလေးကို မွေးဖွားပြီး ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုစနစ်ကို သက်ဝင်ယုံကြည်ပေးပါလို့ တိုက်တွန်းပါရစေ၊ ဒီမိုကရေစီနိုင်ငံတော်၊ ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြမည့် လူ့အဖွဲ့အစည်းမှာ သက်ဆိုင်သူတွေအားလုံး သဂြိုလ်ပစ်ရမည့် စိတ်ဓာတ်တစ်ခု ရှိပါတယ်။ လူထုမိတ်ဆွေအပေါင်းတို့ ငါမှငါ ငါ့အဖေမှငါ့အဖေပဲ ဖြစ်ပါတယ်။ ၄င်းစိတ်ဓာတ်အညစ်အကြေးများ တည်ရှိ

နေသည့် လူ့အဖွဲ့အစည်းမှာ အစားထိုးသက်ဝင်ဖြစ်ထွန်းရမှာသည် အခြားမဟုတ်ပါဘူးခင်ဗျာ၊ ငါ့အဖေထက် ငါတို့လူသားတွေကို ဗဟိုပြုတဲ့ အတွေးအခေါ်နဲ့ လုပ်ရပ်ကလေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေရဲ့ဆန္ဒ မျှော်လင့်နေသည့် ဒီမိုကရေစီစနစ်ဟာ နူးညံ့ပျော့ပြောင်းသည့် လက္ခဏာဂုဏ်အင်္ဂါရပ်များဖြင့် ချည်နှောင်ထားသည့် ယဉ်ကျေးသည့် ယန္တယားတစ်ခုဖြစ်သလို သိမ်မွေ့နက်ရှိုင်းတဲ့ အသွင်သဘောကို ဆောင်နေပါတယ်။ လူသားစိတ်ကင်းမဲ့သူတို့အတွက် လေးစားလိုက်နာဖို့ ခက်ခဲတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။

ဒါပေမယ့် ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ကြမ်းတမ်းမှု၊ ရက်စက်မှု၊ နှိပ်စက်မှု၊ လူသားစိတ်ကင်းမဲ့သည့် ညစ်ညမ်းမှုအကြောင်းအရာတွေ ကင်းဝေးပပျောက်ပြီး ယဉ်ကျေးသိမ်မွေ့သည့် လူ့ယဉ်ကျေးမှု၏ ရေသောက်မြစ်တစ်ခုဖြစ်ပါတယ်။ ကြွရောက်လာကြသည့် ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျား ရဲဘော်တို့တစ်တွေဟာ မိမိကိုယ်ကို ထိမ်းကျောင်းတတ်လာသည်နှင့်အမျှ လူတစ်စု၏ လွှမ်းမိုးချုပ်ချယ်မှု နည်းပါးသည်ထက် ပပျောက်သည်ဟု ရဲဘော်တို့ရဲ့ခံစားရရှိမှု "ပီတိ"သည် ဒီမိုကရေစီစနစ်၏ ထက်မြက်လှသည့်လက်နက်တစ်ခုဖြစ်ပါတယ်။ တဆက်တည်းပင် ဒီမိုကရေစီစိတ်ဓာတ်၏ အာနိသင်ဟု ခိုင်မာစွာဖွင့်ဆိုပါရစေ။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ဟာ ဘယ်သူက ဘယ်သူ့ကို လက်ညှိုးထိုးစေခိုင်းနေတာထက် မိမိကိုကိုယ်စေခိုင်းတတ်ဖို့ လိုအပ်ပါတယ်။ ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်တစ်ရပ်သည် အခြားမဟုတ်ပါဘူး ခင်ဗျာ၊ ဒီမိုကရေစီ နိုင်ငံရေး

စနစ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတာကို ပြောပါရစေ။ ဒီမို ကရေစီစနစ်သည် မိမိကိုယ်ကိုယ် စေခိုင်းတတ်အောင် ရဲဘော် မိတ်ဆွေလူထုအပေါင်းတို့အား သင်ကြားထိန်းကျောင်းပေးနေပါ တယ်။ အလွန်တရာ တန်ဖိုးထား၍ ချစ်စရာကောင်းသည့် ဒီမို ကရေစီစနစ်ကို မြတ်နိုးလျှင် လူထုအပေါင်းတို့ဟာ လူသားဆန် သည့် စိတ်ဓာတ်ကို မွေးဖွားကျင့်သုံးဖို့ လိုအပ်လှပါသည်။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျား လူ့နှင့်လူ့ဘောင် တစ်ရပ်၏ အဖွဲ့အစည်းပေါ်က နိုင်ငံအစိုးရ၏ လွှမ်းမိုးချုပ်ကိုင်မှု သည် လွန်စွာမှ နူးညံ့ပျော့ပြောင်းပြီး သိမ်မွေ့နက်ရှိုင်းတဲ့သဘောကို ဆောင်နေပါတယ်။ ဒါကြောင့် သင်ဘာကိုလိုချင်ပါသလဲ၊ သင် ကိုယ်တိုင်ပဲ လုပ်ယူရပါမယ်။ သင့်ရဲ့ဆန္ဒ သင့်ရဲ့ယုံကြည်ချက်ကို သင်ကိုယ်တိုင် သင်၏စိတ်ခွန်အားရှိသလောက် ဖန်တီးတည် ဆောက်နိုင်ပါတယ်။ သင်၏ ပိုင်ဆိုင်မှုကို သင့်ရဲ့ ဆန္ဒပေါ်မှာ အသုံးပြုကြည့်ပါ၊ သင့်ရဲ့ကိုယ်ပိုင်မျှော်လင့်အားထားချက်ကို သင် နှစ်သက်သလို ရင်ဖွင့်ကြည့်ပါ၊ ငါမှငါ ငါ့အဖေမှ ငါ့အဖေ မဖြစ်မိပါစေနဲ့ ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျား။ ပုဂ္ဂိုလ်ရေး ဆန်သည့် ရန်လိုစိတ်၊ နိုင်ထက်စိတ်၊ ဝန်တိုစိတ်ဖြင့် မဝေဖန် မဆန်းကျင်မိပါစေနဲ့ခင်ဗျား။ ငါမှငါဆိုသည် ခွဲခြားသတ်မှတ်ချက် အစွဲတွေသည် ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို အကျည်း တန်စေသည့်အတွက် ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ဒီမိုကရေစီစိတ်ထားဖြင့် ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပို့ဆောင် ပေးလိုက်ပါခင်ဗျာ။ ဒီမိုကရေစီယန္တယားကြီးက ဝါးမျိုပါလိမ့်မည်။ ဒီမိုကရေစီစနစ်၏ အသက်ဝိညာဉ်တစ်ခုဖြစ်သည်။ ရွေးချယ်မဲပေး မှုပုံစံဖြင့် ခေါင်းဆောင်သူဆိုတာ ပေါ်ထွန်းလာပါတယ်။ မဲပေး

ကြသူတို့ရဲ့ စိတ်ထားရင့်ကျက်မှုပေါ်မှာ ၄င်းလူ့အဖွဲ့အစည်း၏ သက်ဝင်ဖြစ်ထွန်းမှုတွေဟာ ခြားနားစွာဖြစ်ထွန်းလာပါတယ်။ ဒါကြောင့် ရဲဘော် မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်ထားသည့် လက်နက်ကိုကိုင်စွဲ အသုံးပြု တဲ့နေရာမှာ မှန်မှန်ကန်ကန် အသုံးပြုနိုင်ဖို့ အကြံပြုပါရစေ။ ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ ငါမှငါ သူမှသူ အတ္တရမ္မက်စိတ် အစွဲအလမ်းတွေထက် ငါတို့လူ့အဖွဲ့အစည်းရဲ့အပေါ် ငါတို့ လူမှုအသိုက်အအုံကြီးကို ဘယ်လောက်ထိ ကျေပွန်နိုင်သလဲဆိုတာကို ဗဟိုပြုစဉ်းစားဆုံးဖြတ်ကြဖို့ အတူပင်လိုအပ်ပါသည်။ ငါ့အဖိုး၊ ငါ့အဖေ၊ ငါ့ရဲ့သား၊ ငါ့ရဲ့အမျိုး၊ ငါ့ရဲ့အကို၊ ငါ့ရဲ့မိတ်ဆွေဟုဆိုကာ ဖြစ်နေပါစေ နိုင်ငံအတွက် မိမိဝန်းကျင်အတွက် မိမိအဖွဲ့အစည်းအတွက် အကျိုးကိစ္စမဖြစ်ဘဲ ဆိုးကျိုးများသာဖြစ်လာမယ်ဆိုလျှင် မိမိရဲ့ဆန္ဒနဲ့ စိတ်ဓာတ်ကို လူသားဆန်ဆန် မွေးဖွားကာ အများအတွက် ကိုင်တွယ်ခွင့်ပြုလိုက်ပါလို့ တိုက်တွန်းပါရစေ။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ငါ့အပေါ်ကို ကောင်းပြနေတာကို အပြုံးတစ်ခုဖြင့်ပြုံးပြလိုက်ပါ ခင်ဗျာ။ ဒါပေမယ့် ငါ့ဝန်းကျင် ငါတို့လူသားတွေအတွက်ဆိုသည့် လူမှုအသိုက်အအုံပေတံကြီးဖြင့် တိုင်းတာချိန်တွယ်ကာ မိမိရဲ့ဆန္ဒကို "အမှန်" တရားဆိုသည့် ကျောက်စာပျဉ်ချပ်ပေါ်မှာ လှပခန့်ညားသွားအောင် ရေးချယ်ပေးကြပါလို့ ထပ်ဆင့်တိုက်တွန်းပါရစေ။ ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ဘယ်လိုလူမှ ဗိုလ်ကျစိုးမိုးကာ အနိုင်မယူနိုင်သည့် သင်၏နှလုံးသားထဲက မွန်မြတ်သန့်ရှင်းသည့် "ဆန္ဒ" ခွန်အားကိုပို၍ မွန်မြတ်သန့်ရှင်းသွားအောင် ဒီမိုကရေစီ မေတ္တာရေဖြင့် ဆေးကျောပေးလိုက်ပါခင်ဗျာ။ စနစ်တစ်ခုသည် ကျွန်တော်

တို့ နေထိုင်ရှင်သန်လှုပ်ရှားရာ လူမှုလောက၏ လူ့ဘောင်ထဲတွင် လျှောက်လှမ်းခံ လမ်းကလေးတစ်ခုအဖြစ် ရပ်တည်နေပါတယ်။ ဒါကြောင့် ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ မိမိကိုယ်တိုင် ဖြတ်သန်းလျှောက်လှမ်းရမည့် လမ်းကလေးသည် ကောင်းမွန် သန့်ရှင်းရမည့် လမ်းကလေးဖြစ်နေပါသလား၊ ညစ်ပတ် ပျက်ဆီး နေတဲ့ လမ်းဆိုးတစ်ခုဖြစ်နေပါသလား ဒါတွေကို မိမိကိုယ်တိုင်ပဲ ဝေဖန်ဆန်းစစ်ကာ ခွဲခြားဆုံးဖြတ်ရပါမယ်။ ဒါမှသာလျှင် ကျွန်တော်တို့တစ်တွေရဲ့ ဘဝတွေဟာ သာယာငြိမ်းချမ်းပါလိမ့် မယ်။ ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ လူသားတွေက ဖန်တီးလို့ ဖြစ်ပေါ်လာသည့် စနစ်တစ်ရပ်သည် လူသားတွေကို ပြန်လည်ထိန်းကျောင်းပေးနိုင်သည့် ဂုဏ်အင်္ဂါရပ်များ ပါဝင်ဖြစ် ထွန်းနေဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုသည့် မေးခွန်းကို ဖြေရ မည့်ပုစ္ဆာက ရိုးရှင်းပါတယ်ခင်ဗျား။ စနစ်သည် လူ့ရှာ၏ အကောင်း အဆိုးကို ခွဲခြားပေးနေပါတယ်။ စနစ်သည် လူနှင့် လူ့ဘောင် ဝန်းကျင်ကို ပြုပြင်ပြောင်းလဲနိုင်သည့် အစွမ်းသတ္တိ ရှိနေခြင်း ကြောင့် ဖြစ်ပါတယ်။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ မိမိကိုကိုယ် ကောင်း မွန်အောင်နေထိုင်တတ်သည့် စိတ်ဓာတ်ထက် သာလွန်ကောင်းမွန် သည်ထက် ကျော်လွန်ပြီး မိမိပတ်ဝန်းကျင်ကို ကောင်မွန်တိုးတက် အောင် ဖန်တီးကြိုးစားခြင်းဖြင့် လူ့ရှာ လူ့သမိုင်း လူ့တာဝန်ကို ကျေပွန်ပေးကြပါလို့ တိုက်တွန်းပါရစေ။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ဒီမိုကရေစီ နိုင်ငံ တော်ကြီးကို တည်ဆောက်တဲ့နေရာမှာ ကိုယ်ပိုင်ဂုဏ်သိက္ခာကို သိက္ခာထပ်နိုင်ဖို့ မှန်မှန်ကန်ကန် စိတ်ထားလှလှလေးဖြင့် ဘဝနဲ့

လူ့ပတ်ဝန်းကျင်ကို စေတနာထား လှျောက်လှမ်းပေးကြဖို့ လိုပါ တယ်။ မိမိကိုယ်ကိုယ်ရပ်တည်ရှင်သန်ရာ လူ့ပတ်ဝန်းကျင် ၁ည်ငြိမ်ဖွံ့ဖြိုးဖို့ မိမိပိုင်ဆိုင်သည့် အင်အားဖြင့် ဝိုင်းဝန်းခြယ်သ ပေးဖို့ လိုအပ်ပါတယ်ခင်ဗျာ။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ အလုပ်လုပ်ကြသူ များ၏ တရားသည် အကြင်နာတရား ဖြစ်ပါတယ်ခင်ဗျာ။ လူမှု အသိုက်အဝန်းကြီး၏ ငြိမ်းချမ်းဖွံ့ဖြိုးရေးအတွက် အဓိကအကြောင်း တရားသည် အကြင်နာတရားဖြစ်နေပါတယ်ခင်ဗျာ။ ၄င်းအကြင်နာ တရားကို ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းကျောင်းပေးနိုင်တာသည် ဒီမိုကရေစီစနစ်လို့ ခိုင်မာစွာပြောကြားရင်း ဒီကရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ ဒီမိုကရေစီကို မြတ်နိုးသည့် မိတ်ဆွေတို့ရဲ့ ရင်ထဲမှာ အကြင်နာတရားကို ကျင့်သုံးမွေးဖွားကြပါလို့ တိုက်တွန်း ပါရစေ။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ မိသားစုတစ်စု၏ ပြဿနာသည် ၄င်းလူ့ပတ်ဝန်းကျင်ကို ရိုက်ခတ်နေပါတယ်ခင်ဗျာ။ လူသားတို့၏ အခြေခံလိုအပ်ချက်သည် စားဝတ်နေရေး ဖြစ်ပါ တယ်။ ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ၄င်းဖြစ်တည်မှု ၏ ရလဒ်အပေါ်မှာ လူသားတွေနဲ့သက်ဆိုင်လာသည့် တော်လှန် ရေးသည် ပြုလုပ်ခြင်း မပြုလုပ်ခြင်းဆိုတာကို ခွဲခြားပုံဖော်လာပါ တယ်ခင်ဗျာ၊ ကျွန်တော်တို့တစ်တွေဟာ လူသားတစ်ဦး၏ သဘာ ဝ၊ လူ့သမိုင်း၏ လူ့အဖွဲ့အစည်းဖြစ်တည်နေမှုကို လေ့လာခွဲခြမ်း ကြည့်ဖို့ လိုပါတယ်။ အုပ်ချုပ်သူအစိုးရသည် အုပ်ချုပ်ခံ လူတန်း စားတို့၏ ရန်သူမှမိတ်ဆွေဖွဲ့ရပါတယ်။ ကာကွယ်ရေးအင်အားစု သည် အုပ်ချုပ်စီမံရေးနှင့် မသက်ဆိုင်ပါခင်ဗျာ။ အုပ်ချုပ်ခံ

လူသားတို့နှင့် ဆက်စပ်တည်ရှိနေသည့် မိတ်ဆွေများ ဖြစ်ကြပါတယ်။ သို့သော် သတိပြုစရာ တစ်ချက်ရှိပါတယ် ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ။ မိမိပိုင်ဆိုင်သည့် အင်အားကိုအသုံးချ၍ ကာကွယ်ရေးလမ်းမပေါ်က အုပ်ချုပ်ရေးစင်မြင့်ပေါ်သို့ တက်ထိုင်လိုက်သည်နှင့် အုပ်ချုပ်သူ လူတန်းစားတို့၏ ရန်သူအဖြစ် ရောက်ရှိလာပါတယ်"

ထိုအခါ ငြိမ်သက်စွာ နားထောင်နေသည့် ပရိသတ်သည် တပြိုင်နက်ထဲ လက်ခုပ်သံများ ဟိန်းထွက်လာပါသည်။ ကျွန်မသည် လက်ခုပ်တီးမိလျက် ဖြစ်သွားပါသည်။ ပရိသတ်တို့၏ လက်ခုပ်သံများရပ်သွားမှ ပုဂံသားသည် ဆက်၍

"ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ဒီမိုကရေစီစနစ် ရှင်သန်အားကောင်းဖို့အတွက် ဒီမိုကရေစီ၏ ဂုဏ်၊ အသက်၊ သိက္ခာပြယုဒ်ဖြစ်သည်။ စာပေ စာနယ်ဇင်းမဏ္ဍိုင် လွတ်လပ်မှု တာဝန်ခံမှုအပေါ်မှာ မူတည်နေပါတယ်ခင်ဗျာ။ ၄င်းမဏ္ဍိုင်ကြီးကို ပိတ်ဆို့ကြမယ်၊ ဟန့်တားကြမယ်၊ နှောင့်ယှက်ကြမယ်၊ ခြိမ်းခြောက်ခံနေရရင် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက် အာဏာရှင်ဝါဒကို အသက်သွင်းနေခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ အာဏာရှင်ဝါဒချုပ်ငြိမ်းဖို့ ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ ညီညွတ်ကြပါလို့ တိုက်တွန်းစကားပြောကြားရင်း ကျွန်တော်၏ ခံယူပုံလေးကို လက်ဆင့်ကမ်းပါရစေ။

- ဘဝတစ်ခုတွင် တစ်ကြိမ်တစ်ခါသာ သေဆုံးခြင်းကို ကိုးကွယ်ပါ၊ နှစ်ကြိမ်နှစ်ခါ သုသာန်သို့ မသွားမိပါစေနှင့်။ မျိုးဆက်အားလုံးနှင့် သက်ဆိုင်နေသည်။
- သင့်ဘဝထက် သင်လျှောက်လှမ်းရမည့် ဘဝစာမျက်နှာကို ဖတ်ရှုသုံးသပ်ပါ။

- သင့်ကိုသင် ချစ်မိနေတာထက် သင်ပြုခဲ့သည့် အားကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။
- အမှားကို မှားမှန်သိလျက် ဆက်လက်လုပ်ရှားသူ
- အမှားကို သိပြီး အမှန်ကိုရှာဖွေသူ
- မှားတာနဲ့ မှန်တာကို ခွဲခြားမဝေဖန်တတ်သူ
- အမှန်ကိုမြတ်နိုးသော်လည်း မှန်မယ်ထင်၍ မှားခဲ့သူ
- ပြုလုပ်ခံရသူတို့၏ အားကိုးပုံပိုးနိုင်သူသည် ပြုလုပ်ခံရသူတို့၏ အားတွင် တည်မှီနေသည်။
- ဝေဖန်ဆန်းစစ်ခွင့် ပေးနိုင်သူသာလျှင် အမှန်တရားကို လိုလားသူ
- တခြားတစ်ဖက်ဆီမှအသံကို နားထောင်ပါ သုံးသပ်ဆန်းစစ်ပါ အမှားမ ာင်းနိုင်သည့် လောကဓာတ်ခုံပေါ်မှ အမှန်တရားသည် သင့်ထံသို့ ခစားကိန်းဝပ်တည်မှီပါလိမ့်မည်။
- သင့်ဘဝနဲ့ သင့်ရဲ့အင်အားကို အကြင်နာတရားဖြင့် ထိန်းကွပ်ပြုပြင်ပါ။
- လူ့သမိုင်း၏ တစ်ခေတ် တစ်လွှား လူ့ဝန်းကျင်လွင်ပြင်မှာ မြေမှာခရတဲ့ပန်းခရေလို ရန့်မပျယ်၊ အလှတရားမပျက်ဘဲ သင်းပျံ့မွှေးကြိုင်ပါလိမ့်မည်။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်ရဲ့ အမြင်အယူအဆများကို ဆွေးနွေးခွင့်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ လူ ါရိတ်သတ်ကြီးအား ကျန်းမာရွှင်လန်းပါစေကြောင်း ဆုတောင်းပေးရင်း ကျွန်တော်ရဲ့ ဆွေးနွေးမှုကို ဒီမှာတင် ရပ်နားပါရစေ''

ပုဂံသားသည် စင်မြင့်ပေါ်မှ လက်အုပ်ကလေးကိုချီကာ လူထုပရိတ်သတ်ကြီးအား ဂါဝရပြု၍ စင်မြင့်ပေါ်မှ ဆင်းလာ

ပါတော့သည်။ ညှော်ခန်းမတခွင်လုံး လူထုပရိသတ်တို့၏ လက်ခုပ်တီး၍ အားပေးသံများသည် သဲသဲညံ၍ လွှမ်းခြုံသွားပါသည်။ နှစ်သက်စွာ အားပေးဂုဏ်ပြုသံများလည်း တီးတိုးထွက်လာပါတော့သည်။

ထိုအချိန်၌ ကျွန်မ၏အနားသို့ အသက် (၆၀)ခန့် အမျိုးသမီးကြီးတစ်ဦး ရောက်လာပါသည်။ နှုတ်ဆက်ခြင်းအပြုံးကို ပြုံး၍

"ဆရာမလေး သိပ်အံ့သြနေတယ်ထင်တယ်"

ထိုအမျိုးသမီးကြီးသည် ၄င်းမေးခွန်းနှင့် အတူ

"ပုဂံသားက ဉစ္စာဆင်းရဲပါတယ်၊ စိတ်ဓာတ်ကတော့ မဆင်းရဲဘူး။ ပုဂံသားရဲ့ထူးခြားချက်က အတွေးအခေါ်နဲ့ ဆင်ခြင်တုံတရားက အားကောင်းနေတာပဲဖြစ်တယ်။ (၂၀၀၇) သံဃာအရေးအခင်းမှာ ပုဂံသားသည် နောက်လိုက်ကောင်းပီသစွာ ဝိုင်းဝန်းလှုပ်ရှားခဲ့ပါတယ်။ (၂၀၀၇) သံဃာအရေးတော်ပုံနဲ့ ပတ်သက်ပြီး (NLD) ပါတီမှာ လူကြီးနှင့်လူငယ်တွေဟာ အယူအဆနဲ့ အမြင်သဘောထား ကွဲလွဲခဲ့ကြတယ်။ ထောက်ခံအားပေးခြင်းသည် တူညီပါတယ်။ ဦးဆောင်ခြင်း၊ သင့်မသင့်မှာပေါ့ ဆရာမလေး။ ပုဂံသားက လူကြီးများရဲ့သဘောထားနဲ့ တစ်ထပ်တည်းကျနေတယ်။ ဦးမဆောင်သင့်ကြောင်း ခိုင်ခိုင်မာမာရပ်တည်ခဲ့ပါတယ်။ သို့သော် ပုဂံသားက မိမိဆန္ဒအရ (၂၀၀၇)သံဃာအရေးတော်ပုံမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ပုဂံသားအပေါ် သူနဲ့ နီးစပ်သူတွေက အမြင်အမျိုးမျိုးဖြစ်ခဲ့ကြတယ်။ ပုဂံသားက အပြုံးမပျက်ခဲ့ပါဘူး။ ကျွန်မတို့တစ်တွေလည်း မာန်တက်ပြီး ပန်းတိုင်ချက်ခြင်းရောက်ပြီးလို့ ထင်တဲ့အထဲမှာ ပါခဲ့သေးပါတယ်

ဆရာမလေး။ ဒါပေမယ့် (၂၀၀၇)သံဃာအရေးတော်ပုံပြီးလို့ မကြာမီ ကျွန်မတို့ရဲ့ အကြီးအကဲတစ်ဦးထံမှ ပုဂံသားကို ချီးကျူးနေတဲ့ အသံကိုကြားလိုက်ရတယ်။ အဲဒီနောက် သူ့ရဲ့နိုင်ငံရေးအမြင် နက်ရှိုင်းမှုကို လေးစားခဲ့ရတယ်။ အာဏာရှင်ရဲ့ နိုင်ငံရေးထောင်ချောက်ကို ပုဂံသားကသိနေတာ။ ပုဂံသားကို လူတချို့က တန်ဆာမဲ့တဲ့ ဘဝနဲ့ ပုလ္လင်ပေါ်က စကားက ခြားနေလို့ အများက အထင်သေးကြတာပေါ့"

ဟု ပြောလာသည်။ ထိုအမျိုးသမီးကြီးအား ကျွန်မသည် သိမ့်မွေ့သော အပြုံးများဖြင့် နားထောင်နေလိုက်သည်။ ထိုအမျိုးသမီးကြီးက ဆက်၍

"ပုဂံသားကို အနီးကပ်ပေါင်းကြည့်မှ ပုဂံသားရဲ့ဂုဏ်ကို ထိတွေ့ရတဲ့အခါ ပို၍ လေးစားကြပါတယ်"

ပြောပြောဆိုဆို ပုဂံသားရဲ့အသံဖိုင်တစ်ခုကို ဆရာမလေးအားပေးပါရစေဆိုကာ ကျွန်မ၏လက်ထဲသို့ထည့်ပေး၍ နှုတ်ဆက်ကာ အနားမှထွက်သွားပါသည်။ ကျွန်မတို့သားအဖသည် အလုပ်များနေတဲ့ ပုဂံသားအား သွားရောက်နှုတ်ဆက်ကာ ၄င်းအခမ်းအနားမှ ပြန်လာခဲ့ကြသည်။

ဒီနေ့ည ကျွန်မတို့သားအဖသည် ထုံးစံအတိုင်း ညစာသုံးဆောင်ပြီးသည်နှင့် ဧည့်ခန်း၌ တီဗွီဖွင့်ကြည့်နေတတ်သည်။ ယခုအခါ တီဗွီဖွင့်ထားရင်း ပုဂံသားအကြောင်းကို ပြောနေကြသည်။ ဖေဖေသည် ပုဂံသား၏ စကားပြောကောင်းပုံကို အပြုံးများဖြင့် ဝေဖြာလျက် သမီးဖြစ်သူကျွန်မအား ကြွားလုံးထုတ်နေသည်။ ဖေဖေ၏ ချီးမွမ်းမှုများစွာထဲမှ အမှတ်ရစရာသည် 'ဒါကြောင့်လည်း ပုဂံသားဖြစ်နေတာ' ဆိုသည့်အကြောင်းကို ပြောလိုက်သည့်အခါ

ကျွန်မလည်း ပီတိဖြာ၍ပြုံးနေမိပါသည်။ ထိုအပြုံးများကို ဆင့်၍ ပြုံးလိုက်ပြီး ကျွန်မသည် ဖေဖေအား မတင်မကျဖြစ်နေသည့် ကျွန်မ၏စိတ်ထဲက ပုဂံသားနှင့်ပတ်သက်နေသည့် အကြောင်းတစ်ခုကို မေးလိုက်ပါသည်။

"ဒါဆိုရင် ဘာကြောင့် သူက ဘေးရောက်နေတာလဲ"

ကျွန်မ၏ မေးခွန်းကြောင့် ဖေဖေတစ်ယောက် မျက်လုံးကလေးများဝိုင်းပကာ အဖြေရကြပ်သွားသည်ကို တွေ့လိုက်ရသည်။ ဖေဖေသည် ကျွန်မကို စူးစိုက်စွာကြည့်နေရင်း ပြုံးလိုက်ကာ အသံထွက်၍ ဟားတိုက်ကာ ရယ်မောပစ်လိုက်ပါသည်။ ၄င်းအရယ်များကို တိကနဲရပ်လိုက်ကာ

"သမီးရေ ဖေဖေတို့ရဲ့ လူ့အဖွဲ့အစည်းက ခေါက်ရိုးကျိုးနေတာလား အနှစ်မဲ့နေတာလား ဖေဖေတတ်အပ် မပြောနိုင်ဘူးသမီး သေချာတာတစ်ခုကတော့ ဖေဖေတို့ရဲ့ သမိုင်းရာဇဝင်အဆက်ဆက်မှာ မှန်ကန်ပြီး တိကျသူတွေဟာ ရွာပြင်ထုတ်ခံကြရတယ်။ အခုဘေးရောက်နေတာ ပုဂံသားတစ်ယောက်ထဲ မဟုတ်ဘူး သမီးရေ၊ ပုဂံသားလို လူစားမျိုးတွေအများကြီးပဲရှိနေတယ်ဗျာ"

ဖေဖေရဲ့စကားအဆုံးမှာ ကျွန်မ၏မျက်လုံးကလေးများသည် ဝင်းပ၍သွားခဲ့ပါသည်။ ဖေဖေကဆက်၍

"ဌာနဆိုင်ရာအများစုနဲ့ နေရာအုပ်စုတိုင်းမှာ လူရာဝင်တွင်ကျယ်နေတာသည် လိပ်လိုလူတွေ ပုတ်သင်ညိုလို လူစားတွေကအများကြီးပဲ ဖြစ်နေတယ်သမီး"

လေသံပြေပြေလေးဖြင့် ဖေဖေက

"ဒီတော့သမီးရေ ပုဂံသားလိုလူစားမျိုးတွေ နေရာရဖို့တော့ ခက်ခဲပါလိမ့်မယ်၊ သေချာတာတစ်ခုရှိပါတယ်၊ လူအများစုရဲ့ ချစ်ခင်လေးစားမှုကိုခံစားရမှာပေါ့"

ဖေဖေက မှတ်ချက်စကားကို ထပ်ဆိုလိုက်ပါသည်။

"ဒါပေမယ့် သမီးရဲ့ပုဂံသားက ဒါကိုပဲ တန်ဖိုးထား မြတ်နိုး နေတာ"

ဟု ဖေဖေစကားကြောင့် ဒီအခါ ကျွန်မသည် ရှက်ပြုံးလေး ကိုပြုံးကာ ရှက်သွေးနီနီ ဖြန်းသွားခဲ့ပါသည်။ ဖေဖေသည် လေသံ ကို မြှင့်တင်ကာ

"ပုဂံသားလို့ လူစားမျိုးတွေ အများကြီးပေါ်ထွန်းလာဖို့ အနာဂတ်လူ့သမိုင်းအတွက် လိုနေပါတယ် သမီးရေ။ ဒီလို လူစား မျိုးတွေ များများရှိမှ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်ရေးပန်းတိုင်ကို ချောချောမွေ့မွေ့ရောက်မှာပေါ့"

ဟု ဟန်ပန်အပြည့်ဖြင့် ပြော၍ မတ်တပ်ရပ်ကာ

"ဖေဖေဘဝမှာ ဒီကနေ့ပွဲလေးသည် မမေ့နိုင်တဲ့ပွဲလေး အဖြစ် ပျော်နေမိတယ် သမီးရေ"

ဟုဆိုကာ အိပ်ခန်းဆီသို့ လျှောက်သွားပါတော့သည်။

ကျွန်မသည် တစ်ယောက်တည်း တီဗွီကိုဖွင့်ထားလျက် ပုဂံသား၏ ဟန်တွေ၊ အသံတွေက၊ ကျွန်မ၏အာရုံကို လွှမ်းမိုး၍ ကျွန်မ၏ရင်ထဲ၌ တစိမ့်စိမ့်ပီတိဖြာရင်း လှုပ်စီးလှိုင်းကလေးတွေ တဖျတ်ဖျတ်ခက်နေပါတော့သည်။

□ □ □

# သူရောက်လာပြီ

ကျွန်မ တိတ်တခိုးချစ်နေရမိသည့် ပုဂံသားတစ်ယောက် ကျွန်မထံသို့ ရောက်အလာကို ကြိတ်၍ မျှော်နေမိပါသည်။ ကျောင်းသားများကို စာသင်ပြရင်း သူ၏အကြောင်းတွေသည် ကျွန်မ၏ စိတ်လှိုင်းကလေးများကို လှုပ်နှိုးနေပါသည်။ အိမ်မှုကိစ္စများကို လုပ်ကိုင်နေသည့် အခါ၌လည်း သူ၏စက်ဘီးစုတ်လေးကိုစီးကာ ဝင်လာသည့် ရုပ်ပုံ လွှာကလေးကို တွေးဆလို့ ပျော်နေမိပါသည်။ ယခုအခါ စာသင် ကြားပြသပေးနေသည့် ကျောင်းသားမိဘအိမ်မှ ယုံကြည်မှု မတူညီတဲ့ လူအဖွဲ့အစည်းနှစ်ရပ်ကြားက ပြဿနာကို တစ်ဖက်မှ ပြောနေကြသည့် အသံအား စာသင်ကြားပေးနေရင်း ကြားနေရပါသည်။ ထိုအချိန်၌ ပုဂံသားပြောခဲ့ဖူးသည့် စကား တစ်ခွန်းကို ပြန်လည်၍ သတိရသွားပါသည်။ (အမျိုးသားရေး အစွန်းရောက်ဝါဒနဲ့ လူမျိုးစုအစွန်းရောက်တွေးခေါ်မှု ပြဿနာသည် ကမ္ဘာ့ရှာကြီး၌လည်း ရှိနေပါသည်။ အမိပြည်ထောင်စုအတွင်း မှာလည်း ရှိနေပါသည်ဆိုသည့် စကားသံကို ပြန်လည်၍ ကြား ယောင်နေမိပါသည်။

ကျွန်မသည် ကျောင်းသားလေးအား စာသင်ကြားပေးနေရသော်လည်း ကျွန်မ၏စိတ်ထဲ၌ ကျွန်မတို့လူ့ရွာအတွက် ကြောင့်ကြမှုလှိုင်းတွေ ရစ်ရစ်ထလာနေပါသည်။ ကျွန်မ၏စိတ်ထဲ၌ မွန်းကြပ်သံနဲ့အတူ ကျွန်မ၏အာရုံ၌ ပုဂံသား ပြောခဲ့သည့် နောက်ထပ်စကားတစ်ခွန်းသည် လွှမ်းမိုးလာပါသည်။ (ကိုးကွယ်ယုံကြည်မှု လွန်ကဲရင် ခေါင်းဆောင်ရှူးတို့၏ အသုံးချမှုကို အလွယ်တကူ အသုံးချခံရနိုင်ပါတယ်။ ၎င်းနဲ့ ဆက်စပ်ပြီး အစွန်းရောက် တွေးခေါ်မှုပုံစံသည် ကင်ဆာဆဲလ်လို့ စိမ့်ဝင်လာပါတယ်။ ၎င်းအစွန်းရောက် တွေးခေါ်မှုပုံစံကို ရိုက်သွင်းခံရတာ လွယ်ကူတဲ့ အခြေအနေသည် ပညာမဲ့လူအဖွဲ့အစည်းနှင့် ဒုက္ခပေါင်းဆုံဖြစ်တည်ရာ လူ့အဖွဲ့အစည်း၌ အများဆုံး ပေါ်ပေါက်နေတာကို တွေ့ရပါတယ်။ ထိုအခါ ကျွန်မ၏ မျက်ခုံးလေးများ တွန့်သွားခဲ့ပါသည်။ ကျွန်မ၏ အတွေးဆများကို ချုပ်ထိန်းကာ စာသင်ပြပေးနေသည့် စိတ်ကလေးကို အာရုံစု၍ မကြားမိအောင် မိမိ၏နားများကို သတိတရားနဲ့ ကာကွယ်၍ စာသင်မှုကို ဆက်ပြုလုပ်နေတော့သည်။

ကျွန်မတစ်ယောက် အိမ်အပြန်လမ်းတစ်လျှောက်၌ ပုဂံသားကို သတိရသည့် စိတ်ကလေးက လွှမ်းမိုးနေပါသည်။ မိမိအိမ်သို့ ပြန်ရောက်သည်အထိ ကျွန်မ၏ပျံ့လွင့်နေသည့် စိတ်ကလေးကို ကျွန်မသည် မထိန်းချုပ်နိုင်ဘဲ စိတ်၏စေရာသို့ ရွေ့နေပါသည်။

ကျွန်မ၏ ပြန်အလာကို အိမ်၏ဧည့်ခန်းမှထိုင်ကာ ငေးကြည့်ကာ မျက်လုံးကလေးကို ပိုင်းရုံကလွဲ၍ ပြုံးရုံတာ ပြုံးပြနေသည်ကို တွေ့ရသည်။ ကျွန်မ၏ မျက်နှာအမူအရာအား အကဲခတ်မိသော်လည်း ထိုအပြုံးများဖြင့်သာ ကြိုနေသည့် ဖေဖေကို ကျွန်မသည်

အပြုံးလှလှလေးတစ်ချက်သာ အားယူ၍ပြုံးပြကာ ကျွန်မသည် မိမိအိပ်ခန်းရှိရာသို့သာ တန်း၍ဝင်လာခဲ့ပါသည်။

ကျွန်မ အိပ်ယာထက်ပေါ်သို့ စိတ်ပျက်လက်ပျက်ပင် ပစ်လှဲချလိုက်ပါသည်။ ကျွန်မ၏အတွေးအာရုံပေါ်၌ စက်မှုဇုံလုပ်သား ထု၏ လုပ်ခလစာ ပြဿနာသံတွေသည် ဆက်ကာဆက်ကာ ကြားယောင်နေပါသည်။ လုပ်ငန်းရှင်များမှ အလုပ်ချိန်အား မတရားခိုင်းစေမှု အသံတွေသည် တွဲဖက်၍ ကျွန်မ၏အာရုံဆီသို့ တိုးဝှေ့လာနေသည်။ နေရာဒေသအနှံ့မှာ တရားဥပဒေမဲ့ အုပ်စုဖွဲ့လုယက်မှုအသံတွေသည် မရပ်မနား ပဲ့တင်ထပ်ကာ ထပ်ကာ ကြားနေရပါသည်။ ဒါတွေဟာ ဘာကြောင့် ကျွန်မငို့ လူ့အဖွဲ့အစည်းမှာ ဘာကြောင့်ဖြစ်နေရတာလဲ။ ကျွန်မ၏ဉာဏ်မျက်စိဖြင့် ခွဲခြားစိတ်ဖြာ၍ မသိရှိနိုင်ပါ။ ကျွန်မကြားနေရသည့် သတင်းတွေ၊ ဖတ်နေရသည့် သတင်းစာမျက်နှာအရ တရားဥပဒေသည် စိုးမိုးမှုမရှိ၊ ၎င်းတရားဥပဒေသည် ရုပ်ပြအဖွဲ့မျှသာ သက်ဝင်နေကြောင်းကို ပြောကြ၊ ရေးကြတာကို တွေ့နေရပါသည်။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ပြင်ဆင်ရေးနဲ့ အသစ်ရေးဆွဲရေးအသံများသည် ဝိညာဉ်မဲ့သလို ခံစားနေမိသည်။ ၎င်းအကြောင်းနှင့် ပတ်သက်၍ ပုဂံသားထံမှ ကြားသိလိုက်ရသည့် အယူအဆအား သတိရမိသွားပါသည်။ (ဆရာမလေးခင်ဗျာ အသစ်ပဲရေးရေး၊ အဟောင်းပဲပြင်ပြင် စိတ်စေတနာကောင်းမှ ရပါမယ်။ သက်ဆိုင်သူတွေအားလုံး စေတနာတရားတွေ (ဘုံ) ရပ်တည်ချက် တူညီရင် အနုမှစရေးပြီး လူထုက မဲပေးအတည်ပြုလိုက်ရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာ ဖြစ်လာပါတယ်။ လူသားတွေက ပြုလုပ်တာပါ။ လူထုကို ဗဟိုပြုစဉ်းစားတွေးခေါ်မှုပုံစံကို ကိုး

ကွယ်ရင် ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကို အခုလုပ်လိုက်ကြရင် အခုဖြစ်ပါတယ်။ ဖြစ်နိုင်တာတွေကို မဖြစ်နိုင်ဘူးလို့ ယူဆနေခြင်းဟာ မိမိကိုကိုယ် ယုံကြည်မှု မရှိလို့ပဲ ဖြစ်ပါတယ်။ ယခု ထိုအကြောင်းအရာအား ကျွန်မစေ့စပ်သေချာစွာ စေ့စေ့ကြည့်လိုက်သည့်အခါ ကျွန်မ သဘောပေါက်သင့်သလောက် ပေါက်မိနေပါသည်။ ယခုအခါ ကျွန်မသည် လူထု၏အသံကို နားထောင်တတ်လာပါသည်။ လူထုရဲ့အသံကို ခံစားတတ်လာပါသည်။ လူထုရဲ့အသံကို စာနာတတ်လာသည်။ ၎င်းခံစားမှုတွေရရှိဖို့ နားထောင်နိုင်စွမ်း စိတ်ဓာတ်ရှိဖို့တော့ လိုပါသည်။ ကျွန်မသည် ၎င်းအတွေးစများကို မပိုင်ဆိုင်ခင်အချိန်က ပုဂံသားအား မေးခဲ့ဖူးပါသည်။

"ရှင်စိတ်မဆိုးနဲ့နော် တကယ်လို့ ရှင်သာ သမ္မတကြီး ဖြစ်ခဲ့ရင် ဘာကိုစလုပ်မှာလဲ"

ဟု မေးကြည့်ခဲ့ပါသည်။ ကျွန်မ၏မေးခွန်းအဆုံး၌ အားရပါးရ ဟားတိုက်ကာ ရယ်မောလိုက်ပါသည်။ အရယ်ကို တိကနဲရပ်ကာ ပြုံး၍

"ကျွန်တော့်လိုလူက သမ္မတကြီးဖြစ်ဖို့ မပြောပါနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတောင် ဖြစ်လာမှာ မဟုတ်ပါဘူး"

ဟုပြော၍ ပြုံးနေကာ ကျွန်မကို စေ့စေ့ကြည့်ပြီး

"ဒါပေမယ့် ဆရာမလေးခင်ဗျာ ကျွန်တော်သာ သမ္မတကြီး ဖြစ်ခဲ့ရင် စလုပ်မှာက နားထောင်ခြင်းပဲ ဖြစ်ပါတယ်"

ထိုအချိန်က ကျွန်မသည် ၎င်းအဖြေအား နားမလည်ခဲ့ပါ။ မျက်လုံးကလေးသာ ဝိုင်းပဲခဲ့ပါသည်။ ယခုအခါ သဘောပေါက်ခဲ့ပါပြီ။ ခေါင်းဆောင်ကောင်းတို့ရဲ့ စွမ်းရည်သည် နားထောင်နိုင်ခြင်းဆိုတာကို ကျွန်မသိလိုက်ရပါသည်။ ကျွန်မသည် မိမိ

နိုင်ငံ၏အတွင်းက အဖြစ်အပျက် အကြောင်းအရာများကို စဉ်းစားရင် ကျွန်မ၏ပါးစပ်ဖျားမှ လေပူစလေးများသည် မကြာခဏဆိုသလို မှုတ်ထုတ်ကာ မေးကနဲ အိပ်ပျော်သွားခဲ့ပါသည်။

ကျွန်မ၏အာရုံထဲ၌ အိမ်မက်မက်နေတာလား။ အမှန်တကယ်လားဆိုတာကို လူးလွန့်ကာ စကားသံကြားရာသို့အားပို၍ အာရုံစိုက်လိုက်သည်။ ထိုအခါ အိပ်ယာထက်မှ လဲလျောင်းရင်း ပြုံးလိုက်မိပါသည်။ ၄င်းအသံရှင်သည် ကျွန်မမျှော်လင့်ခဲ့ရသူ ပုဂံသားဖြစ်နေပါသည်။ အိပ်ယာထက်ဝယ်မှ ပြတင်းပေါက်ကိုကြားခံပြု၍လောကပြင်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ မိုးကောင်းကင်ကြီးသည် ညိုမဲလျက် နေဝင်တော့မည့်အချိန် ကျွန်မသည် အိပ်ယာထက်မှ ကပျာကယာထကာ ကျွန်မ၏ရုပ်ပါရုံအား အလှပ ဆုံးနဲ့အသပ်ရပ်ဆုံးဖြစ်အောင် ပြင်ဆင်လိုက်ပါသည်။ ကျွန်မကိုယ်ကျွန်မမှန်ထဲ၌ကြည့်၍ ပြုံးလိုက်ကာ ဧည့်ခန်းဆီသို့ ထွက်လာပါခဲ့သည်။ ထိုအခါ ပုဂံသားသည် ဖေဖေနှင့် စကားပြောနေရင်း ကျွန်မကိုတစ်ချက်ခိုးကြည့်လိုက်ပါသည်။ ထိုအခါ ကျွန်မနှင့် အကြည့်ခြင်းဆုံ၍ သူ၏ ရုက်အန်းအန်းဖြစ်သွားသည့်ဟန်သည် ကျွန်မအတွက်မေ့မရသလို ကလေးတစ်ယောက်ပမာ ရှက်ကန်ကန်ဖြစ်ကာခေါင်းလေးငုံ့၍ သွားပါသည်။ ကျွန်မသည် တစ်ကိုယ်လုံးစိမ့်ကနဲ့အေးမြကာ ပီတိအပြုံးလေးကို ဝေဖြာကာပြုံး၍ ဖေဖေအနားသို့ဝင်ထိုင်လိုက်ပါသည်။ ထိုအချိန်၌ ပုဂံသားအား ဖေဖေကမေးလိုက်သည့် မေးခွန်းသည် ကျွန်မ၏စိတ်ထဲ၌ အံသြတုန်လှုပ်သွားခဲ့သည်။

"တို့နိုင်ငံရဲ့ အနာဂတ် ဒီပုံစံသာဆိုရင် တည်တည်ငြိမ်ငြိမ်နဲ့ဖွံ့ဖြိုးလာပါ့မလား"

ထိုမေးခွန်းကို အမေးခံလိုက်ရသည့် ပုဂံသားသည် အံ့ဩသော အပြုံးများဖြင့် မျက်လုံးကလေးများ ဝိုင်းပသွားကာ ဖေဖေကို ကြည့်၍ သူ၏အပြုံးကို မပျက်ပြုံးလိုက်ကာ

"ပါမောက္ခကြီးခင်ဗျာ တတ်အပ်အဖြေထုတ်ကြည့်ဖို့ တော်တော်လေးကို အကြပ်ရိုက်တဲ့ မေးခွန်းဖြစ်ပါတယ် ဆိုသော်လည်း မေးသင့်တဲ့ မေးခွန်းလည်း ဖြစ်နေပါတယ်။ ပါမောက္ခကြီးခင်ဗျာ ကျွန်တော်ရဲ့သဘောထားကို ဖြေရလျှင် ဒီပုံစံတိုင်းသွားရင် လေ့လော့ရင် တတ်ကျိုးနေတဲ့ ကိန်းဆိုက်နေမှာပါခင်ဗျာ။ ဒါပေမယ့် နိုင်ငံတော်နဲ့ ပြည်သူလူထုကို ချစ်ခင်မြတ်နိုးတဲ့ စိတ်ဓာတ် စေတနာတရားတွေ (ဘုံ) ရပ်ဟည်ချက် တူညီလာရင် အနာဂတ်မှာမဟုတ်ပါဘူး၊ လက်ရှိပစ္စုပ္ပန်ကာလမှာလည်း ငြိမ်းချမ်းပြီး ဖွံ့ဖြိုးသွားမှာပေါ့"

ပုဂံသား၏စကားအဆုံးမှာ ဖေဖေကဆက်၍

"တို့နိုင်ငံအတွက် ဘာတွေကိုပြောင်းလဲပစ်ရမှာလဲ"

တုံးတိကိ ခပ်ပြတ်ပြတ် မေးလိုက်သည့်အခါ ဖေဖေရဲ့ မေးခွန်းက ပုဂံသားအတွက် ပြုံးနေရာမှ ခေါင်းလေးကို ကုတ်ကာ

"ဖြေရကြပ်တဲ့ ပုစ္ဆာဖြစ်ပါတယ် ပါမောက္ခကြီးခင်ဗျာ။ ဒါပေမယ့် ဖြေကြည့်ရမှာပေါ့။ ကျွန်တော်ရဲ့သဘောထားကို ကြိုက်ရင် ပြုံးပေါ့၊ မကြိုက်ရင်လဲ မဲ့နိုင်ပါတယ်ခင်ဗျာ။ ယနေ့နိုင်ငံအတွက် လည်ပတ်နေသည့် ယန္တယားစုတွေဟာ နေရာနဲ့ ၎င်းပိုင်ခွင့်တွေ လွဲချော်နေပါတယ်။ ယန္တယားတစ်ခုနဲ့ တစ်ခုဟာ ချိတ်ဆက်မှုအားနည်းနေပါတယ်။ ယန္တယားစုရဲ့ တရားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေဟာ ရိုးစင်းဖို့ လိုအပ်နေပါတယ်။ အဓိကအကျဆုံး ပြဿနာသည် (၂၀၀၈) ဖွဲ့စည်း အုပ်ချုပ်ပုံ

အခြေခံဥပဒေကွင်းကြီးပဲ ဖြစ်ပါတယ်။ ၄င်းကွင်းပြင်ကြီးသည် ပြိုင်ကွင်းလည်း မဟုတ်ပါဘူး။ စစ်ရေးပြကွင်းလည်း မကျပါဘူး။ ဘာကွင်းလဲဆိုတာကို သတ်မှတ်ထားချက်နေပါတယ် ခင်ဗျာ။ ဒီတော့ ၄င်း (၂၀၀၈) ကွင်းကြီးကို ပြောင်းပစ်ရမှာပေါ့ခင်ဗျာ"

ဖေဖေ၏ မျက်နှာပြင်ပေါ်၌ ပီတိပြုံးလေး ဖြစ်သွားသည်။ ကျွန်မသည် ထိုစကားဝိုင်းလေးကို ကြားဖြတ်ကာ

"ဘာဖြစ်လို့ ကျွန်မတို့ နိုင်ငံက အခြားနိုင်ငံတွေရဲ့ နောက်ကို ရောက်နေရတာလဲ"

၄င်းအမေးနဲ့အတူ တစ်ဆက်ထဲ

"ကျွန်မတို့နိုင်ငံက သယံဇာတအရင်းအမြစ်တွေ ပေါကြွယ်ဝတယ်ဟု ဆိုမိန့်ထားပါတယ်။ ဘွဲ့ရလူငယ်တွေလည်း အများကြီး ဖြစ်ထွန်းနေပါတယ်။ ဘာကြောင့် ဆင်းရဲနေရတာလဲ"

ဟု မေးလိုက်သည်အခါ ပုဂံသားသည် သူ၏စူးရှတောက်ပနေသည့် မျက်လုံးတစ်စုံဖြင့် ကျွန်မအား စေ့စေ့ကြည့်ကာပြုံး၍

"ဆရာမလေးခင်ဗျာ တိုင်းပြည်သည် ပကတိအားဖြင့် ချမ်းသာကြွယ်ဝနေပါတယ်။ စီမံခန့်ခွဲမှု ညံ့ဖျင်းအားနည်းမှုအောက်မှာ ဆင်းရဲတွင်း နက်ခဲ့ရပါတယ်။ ပကတိမြင်နေရတဲ့ ဆင်းရဲခြင်းသည် အုပ်ချုပ်ခံလူထုအများစု ဖြစ်နေကြပါတယ်။ ချမ်းသာကြွယ်ဝသူတွေဟာ လူတစ်စုပဲ ရှိပါတယ်။ သတင်းစာဆရာကြီး ဟံသာဝတီ ဘဘဦးဝင်းတင်ရဲ့ စကားကို ငှားသုံးရမယ်ဆိုလျှင် (စားစရာမရှိတဲ့ လူတွေနဲ့ ထားစရာမရှိတဲ့ လူတစ်စုရဲ့ ကွာဟမှုပြဿနာပေါ့ခင်ဗျာ) နောက်ထပ်ထည့်စဉ်းစားရမဲ့ ပြဿနာသည် အရေအတွက်သာ ရှိကြပြီး အရည်အသွေးမပြည့်မှီတဲ့ ပညာရေးစနစ်ကြောင့် လူ့သယံဇာတ အရင်းအမြစ်များ ဆုံးရှုံးနေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်

ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးသည် သမားရိုးကျ နည်းစနစ်တွေရဲ့ အိပ်ငွေ့ချခြင်းကို ခံနေရပါတယ်။ ဒီအတွက်ကြောင့် ဆင်းရဲတာ အမှားမဟုတ်ပါဘူး။ ဆင်းရဲအောင် တံခါးချပ်တွေကို ပိတ်ထားခြင်းသည်သာ ဆန်းကြယ်နေပါတယ်ခင်ဗျာ။ ကျွန်တော်တို့ တိုင်းပြည် က မနိုင်ဝန်ကို ထမ်းပိုးထားနေရပါတယ်။ ၎င်းဝန်က အခြား မဟုတ်ပါဘူး၊ ဝင်ငွေမဲ့ ယန္တယားကြီးထွားနေမှုဒဏ် ၎င်း ယန္တယားကြီးနှင့် ပတ်သက်ပြီး ဖြစ်တည်နေသည့် ပဋိပက္ခမီးလျှံတို့ကြောင့် ဖြစ်ပါတယ်။ ၎င်းမီးလျှံ၏ ကုန်ကျမှု ငွေပမာဏက ပို၍ ကြီးထွားနေပါတယ်။ နောက်ထပ်ထမ်းပိုးရတဲ့ဝန်က ခုတုံးလုပ်ခံရတဲ့ ပြဿနာပေါ့။ ယုံကြည်မှု ခုတုံးလုပ်ကာ အချောင်စားသူတို့၏ ကြီးထွားမှုဒဏ်သည် လိုရာခရီးကိုမရောက်ဘဲ နိုင်ငံ၏ အနာဂတ်ကိုပါ ဝန်ပိခံနေရပါတယ်။ ၎င်းပြဿနာတွေ ကြီးထွားနေသည့်နိုင်ငံမှ မဆင်းရဲလျှင် ကမ္ဘာမှာဘယ်နိုင်ငံမှ မဆင်းရဲတော့ပါဘူး ဆရာမလေး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေဟာ လက်ရှိအရိုးစွဲနေသည့် တွေးခေါ်မှုပုံစံတွေကို ပြောင်းလဲပြုပြင်မှ (၂၁) ရာစု၏ ကြယ်တစ်ပွင့်ကို ဆုတ်ကိုင်နိုင်မှာပေါ့။ ဒါကြောင့် ဆရာမလေး ခင်ဗျာ ပါးစပ်ဖျားနဲ့ (၂၁) ရာစုကို ဖမ်းဆုတ်၍ မရနိုင်ပါဘူး ခင်ဗျာ။ လက်တွေ့ကျကျ လုပ်ငန်းစဉ်နှစ်ခုကို ပုံဖော်ရပါလိမ့်မယ် ခင်ဗျာ။

(၁) ပြည်တွင်းငြိမ်းချမ်းရေး

(၂) ဒီမိုကရက်တစ် ဖက်ထရယ်ပြည်ထောင်စု ဖြစ်ထွန်းရေး ဖြစ်ပါတယ်။ ၎င်းအကြောင်းကိစ္စနှစ်ခုသည် တစ်ခုနဲ့ တစ်ခုဟာ ချိတ်ဆက်နေပါတယ်။ ဒါကြောင့် တပြိုင်နက်ထဲ တွဲဆက်ကာ

အကောင်အထည်ဖော်ဆောင်ရမည်ဟု ယူဆပါတယ်ခင်ဗျာ။ ကျွန်မသည် ဆက်၍

"ဒါဆိုရင် ဒီကြားကာလမှာ လက်ရှိပုံစံအတိုင်း နိုင်ငံတော်ကို ချီတက်ကြရင် ဘာတွေဆက်ဖြစ်လာနိုင်သလဲ"

ကျွန်မ၏ အမေးကို ပုဂံသားသည် ပြုံးဆတ်ဆတ်ကလေးဖြစ်ကာ

"ဘာမှတော့ မထူးခြားပါဘူး။ ဒီတိုင်းသွားရင် ဒီအတိုင်းပဲဖြစ်မှာပေါ့။ ထူးခြားလာမှာက လက်တွေ့ခံနိုင်ငံရေး စကားဝိုင်းတွေတွင်ကျယ်လာပါမယ်။ နိုင်ငံရေး ပေါင်းစားမှုတွေ ပေါ်ထွန်းလာပါမယ်။ နိုင်ငံရေးပွဲစားတွေ ကော်လန်ဖားတွေ ခြေရှုပ်လာမှာပေါ့။ နိုင်ငံကို ကြည့်လိုက်ရင် သေခါနီးမျောနေတဲ့ လူနာတစ်ဦးလို့ဖြစ်နေပါလိမ့်မယ်"

ပုဂံသား၏အမြင်ကို ကြားလိုက်ရသည်အခါ ကျွန်မတစ်ယောက် ထိတ်လန့်တုန်လှုပ်ခဲ့ပါသည်။ ဖေဖေကိုကြည့်လိုက်သည့်အခါ မျက်လုံးကလေးများ ဝိုင်းစက်အံ့သြနေသည်ကို တွေ့လိုက်ရပါသည်။ ကျွန်မသည် ခွန်းတုန့်ပြန်နိုင်ရန် ခွန်အားမရှိပါ။ ကျွန်မ၏စိတ်အာရုံ၌ ထိုအတိုင်းသာ ဖြစ်ခဲ့လျှင်ဆိုသည့် အသိကြောင့်ကျွန်မတို့နိုင်ငံ၏ အနာဂတ်အတွက် စိတ်လေးနေမိတော့သည်။

ပုဂံသားသည် အပြုံးမပျက်တည်ငြိမ်လျက် ဆက်ကာ

"ဒီကနေ့ကမ္ဘာ့ရွာကြီးကို ဆရာမလေး တစေ့တစောင်းကြည့်လိုက်ပါ။ လူမှုဘဝတွေသည် ဖွံ့ဖြိုးမှုမညီမျှသည့်အပေါ်မှာ ဆင်းရဲမွဲတေမှု ကွာဟချက် လှိုင်းလုံးကြီးသည် ကမ္ဘာ့ရွာကြီး၏ တည်ငြိမ်နေမှုကို စိန်ခေါ်နေပါတယ်။ ဆရာမလေးခင်ဗျာ ၄င်းပြဿနာရပ်၏ ဘေးထွက်ဆိုးကျိုးသည် အခြားမဟုတ်ပါဘူး

ခင်ဗျာ။ နိုင်ငံ၏စည်းရိုးကို လူ့အရင်းအမြစ်များက တိုးဝေ့လာသည့် ပြဿနာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ရွာကြီးမှာ ကမ္ဘာ့စာမျက်နှာပေါ်ကို ဒုက္ခသည်ဆိုသည့် ဝတ်ရုံလွှာကိုခြုံ၍ ခြေချပြောင်းရွှေ့နေထိုင်မှု ပြဿနာတွေသည် ယနေ့လူကမ္ဘာမှာ မရပ်မနား ရှိနေပါတယ်ခင်ဗျား။ နောက်ထပ်စဉ်းစားစရာတစ်ခု ရှိလာပါတယ်ခင်ဗျား။ ဖွံ့ဖြိုးစနိုင်ငံနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေကြားက အမျိုးသားအကျိုးစီးပွားပြိုင်ပွဲတွေ အကြိတ်အနယ် ကျင်းပကြပါမယ်။ ၎င်းပြဿနာ၏ ဘေးထွက်ဆိုးကျိုးသည် သယံဇာတ ပျက်သုန်းခြင်းနဲ့ အက်ဆစ်မိုးတွေ လွှမ်းမိုးခံရခြင်း ဖြစ်နေပါတယ်။ ၎င်းပြဿနာနဲ့အတူ ရင်ဆိုင်ရမည့် ရလဒ်ကို အများဆုံးကြုံတွေ့ရမည့်လူ့အလွှာသည် ဆင်းရဲသား လူ့အလွှာများပဲ ဖြစ်နေပါတယ်ခင်ဗျာ။ ဆရာမလေးခင်ဗျာ ဖွံ့ဖြိုးမှုအားနည်းတဲ့ လူ့အလွှာက ရင်ကော့စွာခံစားနေရချိန်မှာ ကမ္ဘာ့ဇာတ်ခုံပေါ်တတ်ပြီး ကမ္ဘာကြီးကို ကယ်တင်ဖို့ ပူဆွေးလာတဲ့ ကမ္ဘာကြီးကို စက်မှုနိုင်ငံကြီးတွေက အပြိုင်အဆိုင်ကမ္ဘာကြီးကို ချစ်ကြောင်းတေးဆိုပြကြပါလိမ့်မယ်။ ဒါပေမယ့် ဆရာမလေး ခင်ဗျာ သူတို့ကို ကာဗွန်ထုတ်လုပ်မှုက လျော့မကျဘဲ ပို၍ပင် တိုးပွားလာနေပါတယ်။ နူကလီးယားကို ဖင်ခုထိုင်ထားတဲ့ နိုင်ငံတွေက နူကလီးယားကင်းမဲ့ဇုန်နဲ့ မပြန့်ပွားရေးကို ဟစ်ကျူးပြနေရင်း သူတို့ရဲ့ နူကလီးယားပိုင်ဆိုင်မှုတွေ စွန့်လွှတ်ဖို့ကို ဝေ့စွယော့ချရေးတောင် အိပ်မက်ပမာ ဖြစ်နေတာကိုတွေ့ရပါတယ်။ သူ့ထက်ငါဆိုတဲ့ ငြိမ်းချမ်းရေးဆာလောင်နေတဲ့ကမ္ဘာကြီးလို ပြိုင်ပွဲက လွှမ်းမိုးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကမ္ဘာကြီးသည် တနေ့တခြား ပျက်သုဉ်းဆုတ်ယုတ်လာနေပါတယ်။ ၎င်းဆုတ်ယုတ်လာမှုကို ခေတ်မှီနည်းပညာဖွံ့ဖြိုးမှု

ထက်ဗိုလ်ကျကာ ဖြစ်လေ့ဖြစ်ထရှိသည့် သတ္တလောက၏ အယူ အဆဖြစ်ပါတယ်။ ၄င်းစိတ်ဓာတ်နဲ့အတူ ဆက်စပ်ပြီး မွေးဖွား လာတာသည့် လူသားဆိုင်ရာ တော်လှန်ရေးစိတ်ဓာတ်ဖြစ်ပါတယ်။ တန်ပြန်တော်လှန်ရေး ပေါက်ကွဲမှုကို ချည်နှောင်တဲ့ စစ်ဆင်ရေး သည် ဖြေလျှော့မှုပဲ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အင်အားကြီး သူတို့ဟာ အချိန်ကို စကားလုံးလှလှလေးတွေနဲ့ ဝယ်နေခြင်းပဲ ဖြစ်ပါတယ်"

ကျွန်မဖေဖေထံမှ အပြုံးတွေသည် ကျေနပ်ပီတိဖြစ်၍ နေပါ သည်။ ကျွန်မသည် နက်နက်ရှိုင်းရှိုင်း နားမလည်ခဲ့ပါဟု ဝန်ခံပါ ရစေ။ ဖေဖေနဲ့ ပုဂံသားသည် အပြုံးတရားတွေ ကိုယ်စီကိုယ်ငှ ဖြစ်၍ နေပါသည်။ ပုဂံသားသည် ထပြန်ရန် ထုံးစံအတိုင်း ဂါဝရ ပြု၍ ချက်ခြင်းပြန်ရန် စိုင်းပြင်းပါတော့သည်။ မိုးကောင်းကင် ထက်မှ နေမင်းကြီးသည် ကွယ်ပျောက်၍ မှောင်စပျိုးနေပါသည်။ ကျွန်မသည် ထမင်းသုံးဆောင်ပြီးမှပြန်ရန် တားလိုက်သည့်အခါ ကျွန်မအား သူ၏ အသက်ဝင်လှသော အပြုံးတစ်ချက်ကို ပြုံးပြ ကာ

"နောက်မှ စားပါရစေ ဆရာမလေး"

ဟု ပြောပြောဆိုဆို ချက်ခြင်း ထပြန်သွားပါတော့သည်။ ကျွန်မသည် သူ၏ကျောပြင်ကြီးကို ငေး၍ ဖေဖေသည် ထုံးစံ အတိုင်း ခြံပေါက်ဝအထိ လိုက်ပို့နှုတ်ဆက်လိုက်ပါတော့သည်။

□ □ □

## ကျွန်မထံသို့

ကျွန်မ၏ မသိစိတ်၌ တိတ်တခိုးကြိတ်၍ မျှော်လင့်နေရသူ ပုဂံသားသည် အိမ်သို့ရောက်မလာဘဲ အမျိုးသမီးကြီး သုံးဦးသည် နေဝင်ခါနီးအချိန်၌ ရောက်လာခဲ့ကြသည်။ ဧည့်ခန်းထဲ၌ ဖေဖေနှင့် စကားပြောနေကြသည်။ ထိုအခါ ကျွန်မသည် ဧည့်သည်များအား ဧည့်ဝတ်ကျေပွန်ရန် လက်ဖက်ရည်အချိုပွဲများဖြင့် ဧည့်ခံလိုက်ပါသည်။

ထိုစကားဝိုင်းလေး၌ ဖေဖေနဲ့အတူ ကျွန်မသည် နားထောင်သူအဖြစ် နေလိုက်ပါသည်။ သူတို့သည် ဖေဖေအား ၂၀၁၅ မှာ နေရာယူဖို့ တိုက်တွန်းစကားကိုစ၍ ပြောဆိုနေကြသည်။ ဆက်၍ ဖေဖေအား နေရာမယူ၍ စိတ်မကောင်း ဖြစ်မိကြောင်း ပြောကြသည်။ သူတို့သည် ဆက်၍ ပုဂံသား၏အကြောင်းတွေကို စုံစုံလင်လင် ရင်ဖွင့်နေကြသည်။ ပုဂံသား၏ ရိုးသားဖြောင့်မတ်မှုရှိကြောင်းကို သံပြိုင်တူထွက်ခဲ့ကြသည်ကို သိလိုက်ရပါသည်။ သုံးဦးထဲမှ အသက်ငယ်ဆုံး အမျိုးသမီးကြီးက ပုဂံသားကို ခေါင်းမာတဲ့လူ ကွန်မြူနစ်ကြီးလို့ ပြောကြတယ်။

"သူရဲ့အကြည်ညိုဆုံး နိုင်ငံရေးခေါင်းဆောင်က ဘဘဦးဝင်းတင်၊ ခေါင်းမာလွန်းတော့ ဘေးရောက်ရတာပေါ့"

ကျွန်မပြုံး၍သာ နေလိုက်မိပါသည်။ ၎င်းအမျိုးသမီးကြီးက ဆက်၍

“သူနဲ့ရင်းနှီးရမှာ ကြောက်စရာကြီးနော်”

ဟု ကွန့်လိုက်ပါသည်။ ကျွန်မတို့ သားအဖအား သွယ်ဝိုက် ၍ ခြိမ်းခြောက်မှုဟန် ပါနေသည်ကို သတိပြုမိပါသည်။ ထို အမျိုးသမီးရဲ့ စကားကြောင့် ကျွန်ုပ်နှစ်ဦးမှာ အားနာနေသည့် အပြုံး များဖြစ် မျက်နှာအမူအရာများ ပျက်သွားကြသည်။ ထိုအမျိုးသမီး ကြီးသည် သူပြောလို့ရာကို ဆက်၍

“ဘယ်လောက်ထိ ခေါင်းမာသလဲဆိုရင် ဒီကဗျာကို ဖတ် ကြည့်”

ဟု ပြောပြောဆိုဆိုဘဲ ကဗျာစာရွက်ကလေးကိုလှမ်း၍ ပေး လာသည်။ ကျွန်မ သူ့ထံမှ လှမ်းယူ၍ ပြုံးနေလိုက်ပါသည်။ ဆက်၍ သူသည် သူ၏ပုဂံသားအပေါ်ထားသည့် သဘောထားကို ထုတ်ပြောလာပါသည်။

“ကျွန်မက ပုဂံသားဟာ သိပ်ကို အစွန်းရောက်လွန်းတယ်လို့ ထင်ပါတယ်”

ဖေဖေသည် နားထောင်နေရာမှဖြတ်၍

“ဒါတွေကိုပြောပြအတွက် မိတ်ဆွေများရဲ့ အမြင်နဲ့သဘော ထားကို သိရတာပေါ့ခင်ဗျာ။ ကန့်ကွက်စရာ မရှိပါဘူး။ ဒါပေမယ့် တစ်ဖက်မှ ပုဂံသားကလည်း သူ၏ ယုံကြည်ချက်ပေါ့ခင်ဗျာ။ တစ်ဦးနဲ့တစ်ဦးဟာ ဘဝတည်ဆောက်ပုံခြင်း၊ ပေးဆပ်ပုံခြင်းသည် ဘယ်တူညီနိုင်ပ့ါမလဲ။ ဒါကြောင့် တူညီရမယ်ဆိုတာကို ကျွန်တော် ရဲ့ သဘောထားအရ လက်မခံချင်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ သားအဖသည် အားလုံးကို ထပ်တူခင်မင်ပါတယ်ခင်ဗျာ။ ကျွန်တော် ရဲ့ စိတ်ဓာတ်က ပြုပြင်ပြောင်းလဲမှုကို မြတ်နိုးသူပဲ ဖြစ်ပါတယ်။ ဦးဆောင်နိုင်သူ မဟုတ်ပါဘူး။ ဒါကြောင့် ဝင်ရောက်လုပ်ကိုင်ကြ

သူတွေကို အားပေးပါတယ်။ လေးစားတန်ဖိုးထားပါတယ်။ အခု လို ပြောပြပေးကြတဲ့အတွက် ကြိုဆိုပါတယ်။ မသိတာလည်း သိခွင့်ရတာပေါ့''

ဖေဖေစကား အဆုံး၌ ထိုအမျိုးသမီးများ ပြုံးသွားကြသည်။ သူတို့၏ဆန္ဒများ ပြည့်ဝသွားသည့်အထင်များ ရှိသွားသည်ကို တွေ့ရပါသည်။ ထိုအချိန်၌ ကျွန်မ၏အာရုံဆီသို့ ပုဂံသား ပြောခဲ့ဖူး သည့် စကားသံကို ကြားယောင်လာမိသည်။

''ဆရာမလေးခင်ဗျာ နားထောင်နိုင်စွမ်းသည် အမှန်ကိုသိရဖို့ အားအကောင်းဆုံး လက်နက်ဖြစ်ပါတယ်''

ယခုအခါ လက်တွေ့ သိလိုက်ရသည့်အတွက် ကျွန်မရင်ထဲ၌ ပီတိလှိုင်းကလေးများ ဖြာကြခဲ့ပါသည်။ နားထောင်နိုင်သူဟာ ခွဲခြားဆုံးဖြတ်နိုင်သည့် အရာဆိုတာကို လက်တွေ့ကျကျ သိလိုက် ရ၍ ကြိတ်ပြီး ပြုံးလိုက်မိပါသည်။ ထိုအမျိုးသမီးတို့၏ စိတ်ထဲ၌ ကျွန်မ၏အပြုံးကို တစ်မျိုးယူဆသွားနိုင်သည်။ ငြိမ့်သည့်အမျိုး သမီးကြီးသုံးဦးသည် အပြုံးကိုယ်စီဖြင့် ဖေဖေအားနှုတ်ဆက်ကာ ပြန်သွားကြသည်။ ကျွန်မသည် ခြံပေါက်ဝထိ ငြိမ့်ဝတ်ကျေပွန်စွာ လိုက်ပို့ပေးခဲ့ပါသည်။ အိမ်ထဲသို့ ပြန်ဝင်လာသည့်အခါ ဖေဖေ သည် ကိုင်ရာမှမထ ရယ်မောကာ ပြုံးနေသည်။ ကျွန်မလည်း ဖေဖေ့ဘေးပြန်၍ ဝင်ထိုင်လိုက်ကာ ဖေဖေအား

''ဘာတွေကို သဘောကျလို့ ရယ်နေတာလဲ ဖေဖေ''

ဟု မေးလိုက်ပါသည်။ ဖေဖေသည် ကျွန်မအား

''သမီးရော ဘယ်လိုထင်လို့လဲ''

ဟုပြန်၍ မေးလိုက်သည့်အခါ ကျွန်မတစ်ယောက် တုံ့ကနဲ တွေဝေသွားကာ ချက်ခြင်းပြန်မဖြေနိုင်ဘဲ ငြိမ်သွားပါသည်။ ခဏ ကြာမှ

"ဖေဖေရဲ့ အမြင်အတွေးများက မွေးဖွားလာတဲ့ ရုပ်ပုံလွှာကို သမီးက ဘယ်သိနိုင်ပါ့မလဲ"

ဟု ဖြေလိုက်ရပါသည်။ ထိုအခါ ဖေဖေသည် အပြုံးလှလှလေးဘစ်ချက်ကိုပြုံး၍

"ဘာမှတော့ ထူးထူးခြားခြားမဟုတ်ပါဘူး သမီး။ ပုဂံသားလိုလူကို မုန်းကြတဲ့သူတွေရှိနေတာကို တွေ့ရတော့။ တွေးကြည့်ပြီး ရယ်မိတာပါ သမီးရယ်"

ဟု ဖေဖေပြောလိုက်သည့်အခါ ကျွန်မသည် ပုဂံသား ပြောခဲ့ဖူးသည့်စကားကို အမှတ်ရသွားပါသည်။ ထိုစကားအား ဖေဖေကို ဖောက်သည်ချလိုက်သည်။ (နိုင်ငံရေးကို ဘယ်လိုပဲ ရိုးသားဖြောင့်မတ်စွာ လုပ်ကြပါစေ၊ မုန်းတဲ့သူတွေက အနီးအနားမှာ ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်ကွယ်အားထားသည့် ဗုဒ္ဓဘုရားရှင်တောင် မုန်းတဲ့လူ ရန်သူအဖြစ် ရှိခဲ့သေးတာ။ ကျွန်တော်က ဘာသားနဲ့ ထုထားတာမှတ်လို့။ သူတို့တွေ မုန်းခွင့်ရှိပါတယ်။ ကိုယ်က သူတို့ကို မမုန်းမိဖို့ပဲ လိုအပ်ပါတယ်။ ဖေဖေကို ပြောပြပြီးသည့်အခါ ဖေဖေသည် အပြုံးများဖြင့် နားထောင်ရင်း အာဂလူသား ပုဂံသားဟု နှုတ်မှရေရွတ်ရင်း သူတို့ပေးခဲ့သည့်ကဗျာကို ဖတ်လိုက်သည်။ ဖေဖေသည် ၎င်းကဗျာကိုဖတ်ရင်း ပခုံးလေးတွန့်လိုက်၊ မျက်ဝန်းလေးက ပြုံးလိုက်ဖြစ်နေပါသည်။ အနားမှ ဖေဖေကိုကြည့်ပြီး ၎င်းကဗျာပေါ်သို့ ကျွန်မစိတ်ကလေးများ ကပို၍ စိတ်ဝင်စားနေမိပေသည်။ ဖေဖေသည် ၎င်းကဗျာအား နှစ်ခေါက်လောက်ဖတ်ကြည့်ပြီးမှ ကျွန်မအား လှမ်းပေးပါသည်။ ကျွန်မသည် လှမ်းယူ၍ ချက်ခြင်းဖတ်ကြည့်လိုက်ပါသည်။

# ခွပ်ဒေါင်းတွန်သံ

အက္ခရာ၊ ကိန်းဂဏန်း၊ သင်ကြားမှုတွေ
ကြိုးနီစနစ်၏ ချည်နှောင်ဒဏ်
ဆက်ဆက်မွှ မြေခဲ့ရ။

စာသင်ကျောင်း၊ ကျောက်သင်ပုန်း၊
ဘောလ်ပင်တစ်ချောင်းလည်း
နွားကျောင်းသားတေးချော့သံဖြစ်ခဲ့။

တစ်ချိန်ကလည်း
တို့မြေ၊ တို့ကျောင်းနံရံမှာ
၁၉၂၀ ကျွန်ပညာသပိတ်နွှဲခဲ့ကြ
ဒီကနေ့မှာ
(၂၁) ရာစုခေတ်သမိုင်းကို
ခွပ်ဒေါင်းမာန်သို့ ဟန်ချီ
ကျောင်းနံရံမှာ ဒေါင်းအလံတွေစိုက်ကြ။

အရေးဆိုတာဘာလဲ
ဒီမိုကရေစီပညာရေး
အလိုမရှိတာဘာဟဲ့
ခေတ်ဟောင်းမှ ကျွန်ဖွားရဲ
ခေတ်သစ်ကို မာန်ချီ
စနစ်သစ်ကို ရေးဆွဲမဲ့

ပညာရေး၏ ဒေါင်းတွန်သံ
နှလုံးသည်းပွတ်တိုင်သို့ ဟိန်းလေပြီ။
လာဟေ့ ဝိုင်းရုံကြ
လာဟေ့ နိုးကြားကြ
ထလော့ ခေတ်သစ်ဆီသို့
ခွပ်ဒေါင်းတွန်သံ ဟိန်းလေပြီ။

(ပုဂံသား)

ကျွန်မသည် ၄င်းကဗျာအား အကြိမ်များစွာ ဖတ်ကြည့်နေမိသည်။ ပုဂံသား၏ အတွေးအမြင်၊ အယူအဆ၊ သူ၏ ယုံကြည်ချက်၊ ရပ်တည်မှုကိုပါ မြင်တွေ့နေရပါသည်။ အရေးတော်ပုံ တပ်သားတစ်ယောက်အဖြစ် ပီသလှပါသည်။ ကျွန်မသည် တစိမ့်စိမ့်တွေးရင်းတွေးရင်း တရိပ်ရိပ်ပို၍ပို၍ လေးစားချစ်ခင်နေမိသည်။ ကျွန်မနဲ့ ဆန့်ကျင်ဘက် အိပ်ငွေ့ချခံရသူတွေ၊ အိပ်ငွေ့ချခံရမှန်း မသိကြသူတွေသည် ပုဂံသားအား နတ်ဆိုးတစ်ကောင်အဖြစ် မြင်နေကြမည်မှာ ကျွန်မယုံကြည်စွာ လက်ခံနေမိသည်။ လိပ်လိုလူတွေ၊ ဂဏန်းလို လူတွေ၊ ပုတ်သင်ညိုလို လူစားတွေကလည်း ပုဂံသားအား ရွံ့ကြောက်ကြောက်နေမည်မှာ သေချာသည့် အဖြေတစ်ပုဒ်ပင် ဖြစ်နေသည်။

ကျွန်မ၏ အနားမှ ဖေဖေသည် ကျွန်မအား မျက်လုံးကလေးကို ဝိုင်း၍ကြည့်ရင်း ကျွန်မအား

"သမီးလေး ဘာတွေကို သဘောကျလို့ ပြုံးနေတာလဲ"

ဟု မေးလာပါသည်။ ဖေဖေ၏ ထိုအမေးကြောင့် ကျွန်မသည် ရှက်ပြုံးလေးကို ပြုံးလိုက်မိကာ ရင်တွေ တအားကို ခုန်သွားပါသည်။ ဖေဖေက ဆက်၍

"ဖေဖေရဲ့ သမီးလေးက ပေးဆပ်နိုင်တဲ့ နှလုံးသားလက်တစ်စုံကို မွေးထားရမှာနော်"

ဖေဖေ၏ သတိပေးစကားသည် ကျွန်မဘဝအတွက် အဓိပ္ပာယ်က နက်ရှိုင်းလှစွာ ခံစားလိုက်ရသည်။ ကျွန်မဘဝအတွက် လက်တွဲဖော်အား လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားပါသည်။ ဒါကြောင့် သမီးဖြစ်သူ ကျွန်မအား ဖေဖေက အရေးတော်ပုံတပ်သားတစ်ယောက်ကို ချစ်မိသူ ကျွန်မအတွက် အတူတကွဘဝကို တည်ဆောက်မယ်ဆိုလျှင် လူသားသဘာဝအရ ကျွန်မထံ၌ ရှိနေတတ်သည်။ ရယူလိုမှုအား ကောင်းသည့်စိတ်ဓာတ်ကို သတိပြုလ်ခိုင်းနေခြင်း ဖြစ်သည်။ ပေးဆပ်ဖေးမသည့် စိတ်အလှတရားကို မွေးဖွားကျင့်သုံးရမည်။ ဒါထက်ဆိုးတာသည် မထင်မှတ်တဲ့ လောကဓံ၏ ရိုက်ခတ်သံတွေကို ကျွန်မသည် တည်တည်ငြိမ်ငြိမ်ဖြင့် ဘဝကိုကြံ့ခိုင်ခြေလှမ်းများဖြင့် ထုဆစ်ရမည်ကို ကျွန်မသိခဲ့ပါသည်။ ဖေဖေအား ကျွန်မသည်ပို၍ လေးစားတန်းဖိုးထားခဲ့ပါသည်။ ကျွန်မအတွက် မေ့မရသည့် ဖခင်ကောင်းအဖြစ် ကြည်ညိုနေမိသည်။ ကျွန်မသည် ဖေဖေအား အပြုံးများဖြင့် နှုတ်ဆက်ကာ အိပ်ခန်းဆီသို့ လျှောက်သွားပါတော့သည်။

ညအိပ်ယာဝင်ခါနီး၌ ကျွန်မအား ခြံ၀ထိလိုက်ပို့စဉ် အခမ်းအနားမှ တွေ့ခဲ့ရသည့် အမျိုးသမီးကြီးက သူပေးလိုက်သည့် အသံဖိုင်အား နားထောင်ပြီးပြီးလာဟု မေးလာသဖြင့် သဝါရကာ အခုမှနားထောင်ကြည့်ရန် ကွန်ပျူတာဖြင့် အသံဖိုင်ကို ဖွင့်လိုက်သည်။ အသံဖိုင်ထဲမှ ပုဂံသား၏ ဟောပြောသည့်အသံများ ထွက်ပေါ်လာပါသည်။ အိပ်ယာထက်၌ လဲလျောင်းရင်း နားထောင်နေလိုက်တော့သည်။

ဒီမိုကရေစီရအောင် ဘာလုပ်မလဲ။

ကျွန်တော်တို့တစ်တွေဟာ ယနေ့ထက်တိုင် လူ့ဂုဏ်သိက္ခာ၊ လူတန်ဖိုးတွေကို အနှစ်သာရရှိရှိ ခံစားပိုင်ခွင့် မရှိတာထက် အာဏာရှင် ရမ္မက်လှိုင်းငယ်ပိုးအောက်၊ ရွံရှာစက်ဆုပ်ဖွယ်ရာများသဖွယ် လိုရာပြု အသုံးတော်ခံနေရတာကို တွေ့ရပါလိမ့်မယ်။

ရဲဘော်မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ ကိုလိုနီ နယ်ချဲ့ဝါဒနှင့် ဖက်ဆစ်ဝါဒစနစ်ဆိုးတွေကို ကမ္ဘာ့ရွာကြီးမှာ သုသာန်ထုတ်ပြီး သင်္ဂြိုဟ်နေချိန်မှာ ကျွန်တော်တို့ နေထိုင်နေကြရသည်။ လူ့ရွာကြီးမှာ အလွန်စက်ဆုတ်စရာကောင်းသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) လောက် လွတ်လပ်ရေးရအံ့ဆဲဆဲအချိန် အကြမ်းဖက် တိုက်ခိုက်မှုကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်တချို့ပါ သတ်ဖြတ်ခံလိုက်ရပါတယ်။ ၄င်းဆိုးမွေးနဲ့အတူ ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ အာဏာဂုဏ်ပြိုင်ပွဲထက် ကျော်လွန်တဲ့ ရှုံးသွပ်စွာ ပြိုင်ဆိုင်ကကွက်ဆင်မှုကို ခါးစီးခံလိုက်ရပါတယ်ခင်ဗျာ။ နိုင်ငံတော်ကြီးကို အသစ်တစ်ဖန်ပွားအံ့ဆဲဆဲ ကာလမှာ အမျိုးသားရေး အစွန်းရောက်ဝါဒနဲ့ လူမျိုးခွဲအစွန်းရောက်ဝါဒတို့၏ ပွတ်တိုက်မှုကို ပိုက်ထွေးခဲ့ရပါတယ်။ ၄င်းပြဿနာရပ်၏ ဆက်စပ်ပြီး ဘေးထွက်ဆိုးကျိုးတစ်ခုဟာ ကျွန်တော်တို့ လူ့ရွာကြီးမှာ မွေးဖွားလာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံမှာ ရက္ခစိုးမှ ဘီလူးမွေးဖွားမှုပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ယနေ့ကာလအတွက် သင်ခန်းစာယူရမဲ့ သမိုင်းရဲ့ပုံရိပ်လွှာတချို့ပဲ ဖြစ်ပါတယ်။

ရဲဘော်မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ။ ၄င်းဖွားအံ့လိုက်သည့် ၁၉၆၂ မတ်လ ၂ ရက်နေ့သည် ကျွန်တော်တို့ နိုင်ငံအတွက်

မမေ့အပ်သည့် လူမှုလွတ်လပ်ရေးကြီး ဆုံးရှုံးခံလိုက်သည့် သမိုင်းဝင်နေ့ကြီး ဖြစ်ခဲ့ပါသည်။ ၄င်းကာလက အာဏာသိမ်း စစ်ခေါင်းဆောင်သည် ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ပါတယ်။ များမကြာမီကာလမှာ (၁၉၄၇ အခြေခံဥပဒေစာအုပ်ကြီးသည် သမိုင်းရဲ့စင်မြင့်ပေါ်သို့ ရောက်ရှိလာခဲ့ပါတယ်ခင်ဗျာ။)

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့အတွက် အတုယူစရာတွေ သင်ခန်းစာယူစရာတွေအဖြစ် ရယူဖို့လိုပါတယ်။ ၄င်းစစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ထားသည့် ကျောင်းသားလူငယ်ထုပဲ ဖြစ်ပါတယ်။ အဲဒီနေ့ဟာ မေ့ပစ်လို့ မထိုက်သည့် (၁၉၆၂) ဇူလိုင် (၇) ရက်နေ့ဖြစ်ပါတယ်။ အာဏာရှင်က ဘီလူးဇာတ်လမ်းကို ခင်းကျင်းသွားပါတယ်။ ကျောင်းသား ကျောင်းသူတို့၏ နှလုံးသားကို ကျည်ဆံမိုးများ ရွာချခဲ့ပါတယ်။ သမိုင်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီးသည် အာဏာရှင်တို့၏ ဒိုင်းနမိုက်အောက်မှာ ကြေမွခံလိုက်ရပါတယ်။ ဒါတွေဟာ အာဏာရှင်တို့၏ ထုဆစ်လိုက်တဲ့ အမွေဆိုးများပဲ ဖြစ်ပါတယ်။ ရဲဘော်၊ မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ။ ကျွန်တော်တို့ရဲ့ နိုင်ငံဇာတ်ခုံပေါ်မှာ အာဏာရှင်ကြီးတို့၏ ပါးစပ်ဖျားကနေ အာဏာရှိင်းတို့၏ ပုံပြင်ဖြစ်သည်။ ပြည်သူပိုင်ဆိုသည့် စကားလုံးကို အရေခြုံပြီး သားသတ်ရင်ပြင်မှာ လူထုတစ်ရပ်လုံးသည် တံဆိပ်ခတ်ခံလိုက်ရသည်။ နွားသတ်ရုံက နွားပမာ ခံစားထိတွေ့လိုက်ရပါတယ် ရဲဘော်တို့။

ရဲဘော်၊ မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ အာဏာရှင်စစ်ဝါဒတို့၏ အာဏာမှိုင်း အရိုင်းစစ်ဆင်ရေးတွေဟာ ဒီလောက်နဲ့ ရပ်တန့်မသွားခဲ့ပါဘူးခင်ဗျာ။ ဆန့်ကျင်ကန့်ကွက်သူ နိုင်ငံရေးသမားများနှင့် တိုင်းရင်းသားညီအစ်ကို ခေါင်းဆောင်တချို့သည်

ဘဝနှင့်အသက်ဝိညာဉ်ကို အာဏာရှင်တို့၏ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ခံလိုက်ရပါတယ်ခင်ဗျာ။ အာဏာသိမ်းပြီး (၆ါး) နှစ်အကြာ (၁၉၆၇) ခုနှစ်မှာ ရခိုင်ဒေသ၏ ဆန်အိုးကြီးမှာ ဆန်ပျောက်သွားသည့်အခါ ရခိုင်ဆန်ပြဿနာသည် မင်းနေပြည်တော်ကို တိုးဝှေ့ ရိုက်ခတ်လာပါတယ်။ နှငယ်သေးသည် အာဏာသိမ်းစစ်အစိုးရ၏ အာဏာဇာတ်ခုံကို ထိခိုက်နိုင်သည့်အတွက် အာဏာရှင်ကြီးများသည် ရိုးသားဖြောင့်မတ်သည့် လူထုကို အာရုံပြောင်းလွဲရေး စစ်ဆင်မှုဗျူဟာကို ချမှတ်ခဲ့ပါတယ်။ ၎င်းဖြစ်ရပ်ဆိုးကြီးသည် တရုတ်၊ ဗမာလူမျိုးရေး အရေးအခင်းပဲ ဖြစ်ပါတယ်ခင်ဗျာ။ ၎င်း လူမျိုးရေး ပဋိပက္ခကြီးကို ရန်ကုန်မြို့တော်ကြီးမှာ စတင်ဖန်တီးလိုက်ကြပါတယ်။ ရဲဘော်မိတ်ဆွေလူထု အပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ တစ်တွေဟာ သမိုင်းကိုတူးဆွပြီး သမိုင်းကို ပြန်သွားကြဖို့ ပြောဆိုဆွေးနွေးနေခြင်း မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့လို အဖိနှိပ်ခံလူထုတွေ သင်ခန်းစာအဖြစ် သင်ယူကြဖို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

ရဲဘော်မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ စစ်အာဏာရှင်တွေဟာ (၁၉၇၄) ခုနှစ်မှာ မြန်မာနည်း မြန်မာ့ဟန်ဆိုသည့် စကားလုံးနဲ့အတူ ဆိုရှယ်လစ်ဝါဒစကားလုံးကို အရေခြုံကာ စစ်အာဏာရှင်ဝါဒကို ကျင့်သုံးပစ်ချခဲ့ကြပါတယ်။

ရဲဘော်၊ မိတ်ဆွေ၊ လူထုအပေါင်းတို့ခင်ဗျာ စစ်အာဏာရှင်ကြီးတွေဟာ သံဖိနပ်အောက်မှာ ဆိုရှယ်လစ်ခွာကို တတ်ပြီး သလင်းပြင်တွေအပေါ် ကျောင်းသင်ခန်းစာတွေဆီ ယန္တယားသံတွေကြားနှင့် ပညာရှင်ထိုင်ခုံပေါ်သို့ ဝဲပျံချီတတ်ရင် လူထုလုပ်အားတွေနှင့် လူရှာမှုထွက်သမျှကို ပြုံးတော်မူ ဆော့ကစားကြပါ

တယ်။ ရဲဘော်တို့ ဒါပေမယ့် ကျွန်တော်တို့ လူထုတွေဟာ အာဏာရှင်ကို ကြောက်မသွားခဲ့ပါဘူး။ လူထုဟာ ဘဝ၏ အကြပ်အတည်းတွေကို တော်လှန်ရေး၏ အလင်းစတွေအဖြစ် အားမွေးခဲ့ကြပါတယ်။ ၎င်းအလင်းစတွေ၏ ရလဒ်သည် (၁၉၇၄) ခုနှစ်အောက်တိုဘာလမှာ ကျောင်းသားထုကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ရုပ်အလောင်းကို အကြောင်းပြု၍ အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲတစ်ခု ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါတယ်။ အာဏာရှင်ကြီးတွေဟာ လူသတ်လက်နက်ကို ဗဟိုပြုပြီး ဖြေရှင်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူထုဟာ တော်လှန်ရေးစိတ်ဓာတ်တွေ ပျက်မသွားခဲ့ပါဘူး။ အာဏာရှင်ကို ဒူးထောက်ပြီး ဦးမချခဲ့ပါဘူး။ ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ (၁၉၇၅) မှာ အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲတစ်ခု ထပ်မံပေါ်ပေါက်လာပါတယ်။ နောက်ထပ်တစ်ကြိမ် (၁၉၇၀) မှာလည်း ကျောင်းသားထုသည် မှိုင်းရာပြည့်ကို ဗဟိုပြု၍ အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲတစ်ခုဖြစ်ပေါ်လာပါတယ်။ ကုန်းမခံဘဲ ရုန်းကန်ပြီး ဖြစ်ပေါ်လာသည့် အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲတိုင်းကို ၎င်းစစ်အာဏာရှင်ကြီးတွေဟာ ၎င်းတို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း လူသတ်လက်နက်ကို ဗဟိုပြု၍ ကျည်ဆံမိုးတွေနဲ့ ဖြေရှင်းခဲ့ပါတယ်။ ၎င်းရလဒ်နဲ့အတူ ရဲဘော်နောင်တော်ကြီးများကို ထောင်ဆုကြီးတွေပေးခဲ့ကြပါတယ်။ နောက်ထပ်လက်ဆောင်ဖြစ်သည့် နှစ်သိမ့်ဆုအဖြစ် ညှင်းပမ်းနှိပ်စက်ကြပါတယ်။ ဒါပေမယ့် ရဲဘော်သို့ လူထုအပေါင်းတို့ဟာ ဖိလေကြွလေ စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခိုင်ရင် အာဏာရှင်တွေကို ကြောက်မသွားပါဘူး။ ဦးမချခဲ့ပါဘူး။ အာဏာရှင်တွေကို လူထုကြီးက ရွံ့သွားကြပါတယ် ခင်ဗျာ။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ရဲ့ နောင်တော်ကြီးများဟာ တပ်မတော်အင်အားစုတစ်ခုလုံးကို ဆန့်ကျင်တော်လှန်နေတာ မဟုတ်ပါဘူးခင်ဗျာ။ အဲဒီအချက်ကို သတိပြုစေချင်ပါတယ်။ နောင်တော်ရဲဘော်အပေါင်းတို့ဟာ စစ်အာဏာရှင်ဝါဒကြီးကို ဆန့်ကျင်သင်္ဂြိုလ်နေတာပဲ ဖြစ်ပါတယ်ခင်ဗျာ။

ရဲဘောမိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ဘာကြောင့် စစ်အာဏာရှင်စနစ်ဆိုးကြီးကို သင်္ဂြိုလ်ပစ်ဖို့ ဆန်ကျင်တော်လှန်ရပါသလဲ။ အာဏာသည် လူထုကို ဗဟိုပြုပေါက်ဖွားရှင်သန်ခြင်း မဟုတ်ခြင်းကြောင့် လူထုက မိမိရပိုင်ခွင့်ကို တောင်းဆိုတိုက်ပွဲဝင်နေခြင်း ဖြစ်ပါတယ်။ လူထုကြီးသည် အာဏာရှင်စနစ်ကို ဘာကြောင့်လက်မခံနိုင်တာလဲဟု မေးသာရင် ရိုးရိုးနဲ့ ဘွင်းဘွင်းပဲ ဖြေရပါမယ်ခင်ဗျာ။ သခင်ဖြစ်နေသည့် လူထုကြီးသည် ကျွန်ဖြစ်နေရလို့ပဲ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နောင်တော်ရဲဘော်ကြီးများသည် လူသားမျိုးဆက်သစ်တွေအတွက် လူယဉ်ကျေးမှုဖွံ့ဖြိုးရှင်သန်ရေးစိတ် အလှတရားတွေကြောင့် နောင်တော်ကြီးများဟာ စစ်အာဏာရှင်ဝါဒ ဆန့်ကျင်တော်လှန်ရေး အရေးတော်ပုံတိုက်ပွဲတွေထဲမှာ နိုင်တဲ့ဝန်ကို ထမ်း၍ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ၎င်းဖြစ်ရပ်တွေဟာ လူသားတစ်ဦး၏ တာဝန်ဖြစ်သလို နိုင်ငံသားတစ်ဦး၏ ဝတ္တရားလည်း ဖြစ်ပါတယ်။ လူထုအပေါင်းတို့ ကျွန်တော်အနေဖြင့် မဟာသံမဏိသူရဲကောင်းကြီး ဟံသာဝတီဦးဝင်းတင်၏ စကားကို ငှားသုံးရရင် ခေတ်ဝန်ကိုထမ်းလို့ ခေတ်လမ်းကို ဖောက်ရမယ်ဆိုသည့် အဆိုအမိန့်တိုင်း ယနေ့လူထုတွေအတွက် အတိတ်က လူထုတွေဟာ ဖန့်ပ်မှု ညှင်ပမ်းမှု နှိက်ထက်ဗိုလ်ကျမှုတွေကို နည်းမျိုးစုံဖြင့်

ဆန့်ကျင်ဆန္ဒပြခဲ့ကြပါတယ်။ အံတုကန့်ကွက်ခဲ့ကြပါတယ်။ တော်လှန်ရေးတစ်ရပ်အသွင်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါတယ် ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ ခင်ဗျာ။ ကျွန်တော်နေထိုင်သည့် လူ့ရွာကြီးမှာ လူမှုလွတ်လပ်ရေး အရေးတော်ပုံကြီးအဖြစ် မှတ်တမ်းပြုထိုက်သည့် ၄င်းအရေးတော်ပုံကြီးသည် (၈.၈.၈၈) ရှစ်လေးလုံး အရေတော်ပုံကြီး ဖြစ်ပါတယ်။ လူထုအပေါင်းတို့ ၄င်းအရေးတော်ပုံရလဒ်ကြီးသည် ဆိုရှယ်လစ်အရေခြုံထားသည့် (၁၉၇၄) အာဏာရှင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ပျက်သုဉ်းသွားစေနိုင်ခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ဒါပေမယ့် သတိပြုစေချင်ပါတယ်။ ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ၄င်းအရေးတော်ပုံကြီးမှ ကျွန်တော်လူထုတွေ မျှော်လင့်ထားသည့် ပန်းတိုင်သို့ မရောက်ရှိသေးကြောင်းကို သိထားစေလိုပါတယ် ခင်ဗျာ။ ကျွန်တော်တို့ရဲ့ လူထုအရေးတော်ပုံကြီးကို ၁၉၈၈.၉.၁၈ ရက်နေ့မှာ ဒုတိယအကြိမ် တိုက်ရိုက်စစ်တပ်အုပ်ချုပ်မှုဖြစ်သည့် စစ်အာဏာသိမ်းမှုကို ခံလိုက်ရပါတယ်။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ အမိနိုင်ငံမှာ ဒီမိုကရေစီအရေးတော်ပုံကြီးသည် ဆက်လက်လှုပ်ရှားတိုက်ပွဲဝင်နေဆဲ ဖြစ်ပါတယ်။ အာဏာကို ဆုတ်ကိုင်မိသူတွေရဲ့ ကတိပေးစကားသံတွေဟာ လှပခန့်ညားစွာ ထွက်ပေါ်လာပါတယ်။ သူတို့တစ်တွေဟာ အစိုးရဖြစ်ပြီးဆိုတာနဲ့ ပျားရည်စိမ်ထားသည့် စကားလုံးတွေကို ပြောခဲ့ကြပါတယ်။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ရဲ့ လူအဖွဲ့အစည်းကြီးသည် ၄င်းခေါင်းဆောင်သူ အမျိုးအစားများရဲ့ အောက်မှာ နိုင်ငံတော်ဟာ သယံဇာတပစ္စည်းများ ပေါကြွယ်ဝ

လျက် အိမ်သူအိမ်သားတွေသည် မဝရေစာနဲ့ အသက်ဆက်နေရပါ တယ်။ ဘယ်တော့ကာလမှဆိုသည့် မျှော်လင့်ချက်များစွာဖြင့် လည်းဆန့်ခဲ့ရပါတယ်။ လူထုကြီးသည် ဆံဖြူ၍ သွားကျိုးခဲ့ရပါ တယ်။ ၄င်းဒုက္ခကို ခါးစီးခံနေရသည့် လူထုကြီးသည် ဆောင်း အိမ်မက်ထဲက နိုးထခွင့်မရကြသေးပါဘူး။ လူထုအပေါင်းတို့ ဒီ သမိုင်းကို ကျွန်တော်တင်ပြရခြင်းသည် ရဲဘော်မိတ်ဆွေ လူထု အပေါင်းတို့ခင်ဗျာ သမိုင်းသင်ခန်းစာကို သင်ခန်းစာအဖြစ် သင်ယူ ရင်း အနာဂတ်လူ့သမိုင်းကို ဆက်လက်ထုဆစ်နိုင်ဖို့ ဆွေးနွေးရ ခြင်း ဖြစ်ပါတယ်။ ဘာကြောင့် လူထုရဲ့ လက်တစ်စုံနဲ့ ရေးပေးခဲ့ သည့် (၁၉၉၀) ပြည်သူထုအောင်ပွဲရလဒ်သည် စစ်အာဏာရှင် သံဖိနပ်အောက်မှာ အိပ်မက်ပမာ ဖြစ်ခဲ့ရပါသည်။ ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ မည်သည့်အစိုးရတိုင်မဆို အစိုးရတစ်ရပ်၏ သဘောသဘာဝသည် အာဏာရပ်သည် မိမိအတွက် ကျစ်လစ် ခိုင်မာလာလျှင် လူထုကို ဗဟိုပြုပြီး ပြောခဲ့ကြသည့် စကားလုံးတွေ ဟာ ဆောင်းအိပ်မက်ပမာ ဖြစ်သွားကြပါတယ်။ ၄င်းဖြစ်ရပ် သဘောသည် လူထုအပေါင်းတို့အတွက် အထူးသတိပြုစဉ်းစားဆုံး ဖြတ်ရမဲ့ သင်ခန်းစာကြီးပဲ ဖြစ်ပါတယ်။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ အာဏာရှင်ကို အချိန်အခါအခွင့်ကြုံးတိုင် အဖိနှိပ်ခံလူထု၏ တာဝန်သည် မလို လား မနှစ်သက်ကြောင်း ကန့်ကွက်ကြောင်း၊ ဆန့်ကျင်ကြောင်းကို ဖော်ထုတ်ရပါမယ်။ လူထုဟာ သူ၏ဝတ္တရားကို ကျေပွန်ခဲ့ကြပါ တယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေသည် တာဝန် နဲ့ဝတ္တရားကို ကျေပွန်ခဲ့ကြပါတယ်။ ၄င်းဖြစ်ရပ်တစ်ခုသည် (၂၀၀၇) စက်တင်ဘာ သံဃာအရေးတော်ပုံကြီးပဲ ဖြစ်ပါတယ်။ အံ့ဩစရာ

တုန်လှုပ်စရာ မြင်ကွင်းကြီးများနဲ့အတူ လူထုအပေါင်းဟာ ဝိုင်းရံခဲ့ကြပါတယ်။ ဒါတွေဟာ အာဏာရှင်စစ်အစိုးရကြီးကို ကြံ့ခိုင်ခြေလှမ်းတွေဖြင့် အံတုခဲ့ကြသည့် သံဃာနဲ့ လူထု၏ပူပေါင်းလှုပ်ရှားခဲ့ကြသည့် အရေးတော်ပုံကြီးဖြစ်ပါတယ်။ ဒါပေမယ့် ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ၄င်းစစ်အာဏာရှင်ကြီးများသည် အာဏာရှင်တို့၏ လုပ်ထုံးလုပ်နည်းအတိုင်း ဖြေရှင်းခဲ့ပါတယ်။ သာသနာ့အလံတော်သည် အာဏာရှင်ဝါဒအောက်မှာ သွေးမြေခံခဲ့ရပါတယ်။ အလွန်သွေးပျက်စရာကောင်းတဲ့ သမိုင်း၏အမွေဆိုးကို ထမ်းပိုးလိုက်ရချိန်၏ မကြာကာလမှာ သဘာဝဘေးကပ်ဆိုးကြီးသည် နိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားနှစ်သိန်းနီးနီးကိုခေါ် ထုတ်သွားခဲ့ပါတယ်။ ၄င်း၏အမွေးဆိုးကို (၂၀၀၈) မေလ (၂) ရက်နေ့သည် နာဂစ်လို့သတ်မှတ်သည့် သဘာဝဆိုင်ရာ နတ်ဆိုးကြီး၏ အမျက်တော်အောက် ငိုကြွေခဲ့ရပါတယ်။ ဒါထက် အံ့ဩစရာ လူထုက ခံလိုက်ရပါတယ်။ လူသားမဆန်မှုတွေ ရုပ်လုံးကြွလာပါတယ်ခင်ဗျာ။ အဲဒီအမွေဆိုးသည် ဒီကနေ့ ကျင့်သုံးနေသည့် (၂၀၀၈) ဒီမိုကရေစီဝတ်ရုံလွှာကို ခြုံအုပ်ထားတဲ့ အာဏာရှင်စိတ်ရိုင်း အဆိပ်သင့်ခံနေရတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး ပေါ်ထွန်းလာခြင်းပဲ ဖြစ်ပါတယ် ခင်ဗျာ။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ လူထု၏ ကန့်ကွက်သံတို့သည် နိုင်ငံအဝန်း သဲသဲညံနေသည့်ကြားမှ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို အသက်ဝင်ဖို့အတွက် လူထု၏ နှလုံးသားကို တည်ဆဲဥပဒေဆိုသည့် ထိပ်တုံးဖြင့်ခတ်ကာ ဖွားအံခဲ့ပါသည်။ ယနေ့ကာလမှာ ၄င်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ပြင်ဆင်ရေးလုပ်ကြဖို့ အသံတွေဟာ ဆူညံကျယ်လောင်

နေပါတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့ ပြင်ဆင်ခွင့်ရဖို့ မဖြစ်နိုင်သေးပါဘူး။ လူထုအပေါင်းတို့ သို့သော် ဆက်လက်လှုပ်ရှားကြိုးစားရမှာပေါ့ဟု တိုက်တွန်းစကားကို ဆိုပါရစေ။

ရဲဘော်မိတ်ဆွေ လူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့ အဖိနှိပ်ခံလူအလွှာတွေသည် ဒီမိုကရေစီစနစ်ကို ဘာကြောင့် လိုချင်ပါသလဲ။ ကျွန်တော်၏သဘောထားသည် -

- ပြည်သူ့ပိုင်ကို ငါပိုင်လုပ်ရ လွယ်ကူခြင်း
- အစမွှရွှေ့ပြောင်းခိုင်းစေနိုင်ခြင်း၊
- လူမှုလွတ်လပ်ခွင့်များ ပိတ်ပင်တားမြစ်နိုင်ခြင်း၊
- စီးပွားရေး လွတ်လပ်ခွင့်ကို မမျှတအောင်ပြုလုပ်နိုင်ခြင်း၊
- နိုင်ငံရေးလွတ်လပ်ခွင့်ကို ထိမ်းချုပ်နိုင်ခြင်း၊
- တရားရေးလွတ်လပ်ခွင့်ကို ထိမ်းချုပ်နိုင်ခြင်း၊
- အစမွှစေခိုင်းနိုင်မှု အခွင့်အာဏာရှိနေခြင်း၊
- အစမွှပြုကျင့် ညှင်းပမ်းနိုင်ခွင့်ရှိနေခြင်း၊
- အဂတိလိုက်စားမှု လွယ်ကူခြင်းစသည် အစမွှတရားများကို အာဏာရှင်စနစ်မှ အလွယ်တကူ မွေးဖွားကျင့်သုံးနေခြင်းကြောင့် လူထုဘဝများစွာသည် အသိဒုက္ခရောက်ခဲ့ကြရသည်။ ၎င်းဖြစ်ရပ်ဆိုးများကို ထိန်းချုပ်ဟန့်တားကာကွယ်နိုင်သည့် စနစ်တစ်ရပ်သည် ဒီမိုကရေစီစနစ် ဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာ ဒီမိုကရေစီစနစ်ကို လိုလားတောင်းတရခြင်း ဖြစ်ပါတယ်။

ရဲဘော်မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ကျွန်တော်တို့တိုင်းပြည်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုသည့် ကာလသုံးခု

အတွင်း လှပခန့်ညားသွားအောင် ခြယ်သနိုင်သည့် အလင်းရောင်တွေကို အမှောင်ညသို့ ပို့ဆောင်နေသည့် စစ်အာဏာရှင် စနစ်ဆိုးကြီးသည် ကျွန်တော်တို့ လူအဖွဲ့အစည်းအတွင်း ချုပ်ငြိမ်းဖို့ ၄င်းအာဏာရှင်စနစ်ဆိုးကြီးကို ကျွန်တော်တို့တစ်တွေဟာ ချေမှုန်းပစ်ဖို့ အချိန်ကာလသည် ကျော်လွန်နေပါပြီးခင်ဗျာ။ ရဲဘော် မိတ်ဆွေလူထုအပေါင်းတို့ခင်ဗျာ ညီညွှတ်ရေးလက်နက်ကောင်းကို ကိုင်ဆွဲကာ စစ်အာဏာရှင်ယန္တယားကြီးကို သင်းကွပ်ကြပါလို့ တိုက်တွန်းပါရစေ။

ကျွန်တော်တို့တစ်တွေဟာ အချိန်၏ရလဒ်ကို ညီညွှတ်မှုခွန်အားလက်နက်ဖြင့် တည်ငြိမ်ဖွံ့ဖြိုးသည့် လူ့ဘောင်ဘဝ ရှင်သန်အားကောင်းဖို့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုရှင်သန်ရာ ဒီမိုကရေစီနိုင်ငံသစ်ကြီးဆီသို့ ရောက်ရှိရန် ရဲဘော် မိတ်ဆွေလူထုအပေါင်းတို့ ပူပေါင်းစည်းလုံးကာ အာဏာရှင်စနစ်ရိုင်းကို အမြစ်မြေမှ တောထုတ်ကြပါစို့ဟု တပ်လှန့်စကားပြောကြားရင်း နိဂုံးချုပ်ပါရစေ။

**(ပုဂံသား)**

ပုဂံသား၏ ဟောပြောမှုအား နားထောင်နေရသည့် တစ်ချိန်လုံး၌ ကျွန်မ၏ရင်တွေသည် တုန်ခါ၍တဖြတ်ဖြတ် တလပ်လပ် ဖြစ်နေမိပါသည်။ ကြေကွဲဝမ်းနည်းမှုလည်း ဖြစ်ခဲ့ရပါတယ်။ ကြောက်ရွံ့ခြောက်ခြားစိတ်များလည်း ဖြစ်ပေါ်ခဲ့ပါသည်။ ကျွန်မသည် ပီတိဖြစ်စိတ်ကလေးနဲ့အတူ အကြောက်တရားစိတ်လေးများပင် တစ်ချက်တစ်ချက် ပေါ်လာခဲ့ပါသည်။ ကျွန်မ ချစ်မိနေသည့် ပုဂံသားသည် လူသားဆန်သူအဖြစ် ထင်မှတ်ယုံကြည်နေ

ပါသည်။ သူ၏ အသိဉာဏ်နှင့် နှလုံးသား၌ လူထုနှင့် နိုင်ငံကိုသာ ဦးစားပေးနေသည်ကို သိလိုက်ရပါသည်။ ကျွန်မသည် ငှင်းအတွေး စများနဲ့အတူ မိုးကောင်းကင်ဆီသို့ ပြတင်းပေါက်မှ လှမ်းကြည့် လိုက်သည့်အခါ ဖိုးလမင်းကြီးသည် ပျောက်ကွယ်၍ ငှင်းအမှောင် ထုကြီးသည် မညှာမတာ အလင်းရောင်အား ဖုံးအုပ်ထားသည့်ကို တွေ့လိုက်ရသည်။ ထိုအခါ ငှင်းအမှောင်ထုအား ကျွန်မသည် အံတစ်ချက်ကိုကြိတ်ကာ မျက်ထောင့်တစ်ချက် ထိုးလိုက်ချိန်၌ ကျွန်မ၏ ဝမ်းခေါင်ထဲ၌ ကျွန်မကို တော်လှန်ရေးတစ်ရပ် ဆင်နွဲနေ ပါသည်။ ကျွန်မ၏ ဝမ်းခေါင်ခေါက်သံအား ဖြေရှင်းဖို့ ဧည့်ခန်း ဆီသို့ ထွက်လာခဲ့ပါသည်။ ထိုအခါ ဖေဖေအား မတွေ့ရသည့် အခါ ထမင်းစားခန်းဆီသို့ ဝင်လိုက်ပါသည်။ ထမင်းစားခန်း၌ ဖေဖေအား ထမင်းသုံးဆောင်နေသည်ကို တွေ့လိုက်ရသည်။ ထို အခါ ကျွန်မ၏ စိတ်ထဲ၌ စကားပြောလိုက်မိပါသည်။ "ဝမ်းခေါင် ခေါက်သံ၏ ပွဲတင်ထပ် ရုပ်ပုံကားချပ်ပါလား" ဟု တတွတ်တွတ် ရေရွတ်နေမိတော့သည်။

□ □ □

## ချစ်မိသူထံသို့

ဒီကနေ့သည် စာသင်ပြရန်မရှိ၍ ကျွန်မ၏အားလပ်ရက် ဖြစ်နေပါသည်။ ဒါကြောင့် ပုဂံသား၏အိမ်သို့အလည်သွားရန် ကျွန်မကို ကျွန်မအား အလှဆုံးဖြစ်အောင် ပြင်ဆင်နေပါသည်။ ကျွန်မ၏ရှည်လျားလှသည့် ဆံကေသာကို ဆံထုံးထုံးလိုက်ပါသည်။ တက္ကသိုလ်ရင်ဖုံး အင်္ကျီနဲ့ယောထဘီလေးကို ဝတ်ဆင်လိုက်၏။ မှန်ရှေ့၌ ကျွန်မကိုယ်ကျွန်မ ကြည့်ပြီး ရှက်ပြုံးကလေး တစ်ချက် ပြုံးလိုက်မိပါသည်။ ထိုအခါ ရှက်ရွံ့ရွံ့ဖြစ်သွားပါသည်။ ငှင်းရှက်နေသည့် စိတ်ကလေးကို ချစ်ဘတ်သည့် စိတ်ကလေးက ဖုံးအုပ်ကာ စမတ်ကျကျဝတ်ဆင်၍ ဧည့်ခန်းဆီသို့ ထွက်လာခဲ့ပါသည်။ ကျွန်မကို တွေ့လိုက်ရသည့် ဖေဖေတစ်ယောက် မျက်ခုံးလေးများ တွန့်သွားကာ အပြုံးများဖြင့် အံ့သြစွာ ငေးကြည့်နေပါသည်။ ထို့နောက် ဖေဖေသည် ကျွန်မအား

"သမီးလေးသွားစရာရှိလို့လား"

ဟု မေးလာပါသည်။ ကျွန်မသည် ခေါင်းလေးကို ငြိမ့်လိုက်ခြင်းနဲ့အတူ

"ပုဂံသားရဲ့ မေမေဆီကို အလည်သွားမလို့ပါ ဖေဖေ"

ဟု ဖြေလိုက်ပါသည်။ ထိုအခါ ဖေဖေသည် အပြုံးတွေကို ထပ်ဆင့်ကာ ဝေဖြာလျက်

"ဒါဆိုရင် နေပူလွန်း၍ ကားငှားစီးသွား သမီး"

ဟု အကြံပြုစကားပေးလာပါသည်။ ဖေဖေရဲ့ သမီးအပေါ်ထားရှိသည့် စိုးရိမ်စိတ်ကလေးကို တွေ့လိုက်ရသည့်အခါ ကျွန်မသည် ဖေဖေအား စိတ်ထဲမှ ကျေးဇူးတင်စကားကိုဆို၍ ကြည်နူးစွာပြုံးနေမိပါသည်။

ကျွန်မကို ဖေဖေက အပြုံးတွေဝေဖြာလျက် ပီတိပြုံးလေးဖြင့် နှစ်သိမ့်ပေးပါသည်။ သို့သော် ကျွန်မ၏ မိုးကောင်းကင်ထက် တည့်တည့်၌ ရှိနေသည့် နေမင်းကြီးသည် အကာအကွယ်မရှိ ကျွန်မအား လှောင်ပြောင်ရယ်ပြနေသည်ဟု ထင်ယောင်နေမိပါသည်။ ကျွန်မသည် နေမင်းကြီးကို မျက်စောင်းတစ်ချက်ထိုးကာ ကျွန်မ၏လက်ထဲမှ ထီးကလေးကိုဖွင့်၍ အပူရှိန်ကို အံတုကာ လျှောက်လှမ်းလာခဲ့တော့သည်။ (FMI) အိမ်ယာဝင်းထဲမှ ဆိုက္ကားကိုငှားစီးလိုက်ပါသည်။ ဝင်း၏အပြင်ဘက်သို့အသွား ဘေးနှစ်ဖက်၌ တွေ့ရသည့် လမ်းပေါ်သွားလာသူ လူတချို့သည် တောက်ပစူးရှလှသည့် အပူဒဏ်ကို အကာအကွယ်မဲ့ ရင်ဆိုင်နေကြသည်ကို တွေ့ရပါသည်။ ထို့အတူ ကျွန်မစီးလာသည့် ဆိုက္ကားဆရာသည် ချွေးသံရွှဲရွှဲဖြင့် အသက်ရှူသံခပ်ပြင်းပြင်းကိုလည်း ကြားနေရပါသည်။ ကျွန်မ၏စိတ်ထဲ၌ ဆိုက္ကားဆရာအား စာနာစိတ်ဖြင့် အားနာနေမိသည်။

တပ်ထိပ်ကားဂိတ်မှ လိုင်းကားစီး၍ ပုဂံသားအိမ်သို့အသွား ကားပေါ်မှ မြင်တွေ့နေရသည့် လမ်းမကြီးဘေးဝဲယာနှစ်ဖက်မှ ဈေးဆိုင်တဲလေးများနဲ့အတူ လူနေတဲအိမ်တန်းလေးများသည် လောကဓံ၏ ရိုက်ခတ်လှိုင်းကို ခွန်းအားမဲ့မဲ့အံတုနေကြသည်ကို တွေ့ရသည်အခါ ကျွန်မ၏ရင်ထဲ စိတ်မချမ်းမြေ့ခြင်းနဲ့အတူ

ကျွန်မဖတ်ခဲ့ရသည့် သတင်းစာပေါ်မှ ကျူးကျော်နေထိုင်သူအဖြစ် သတ်မှတ်ပြောဆိုကြသည်ကို သတိရသွားသည်။ ၎င်းသတိရ စိတ်ကလေး၏ဘေးမှ ပုဂံသားက ကျွန်မအား ပြောခဲ့သည် စကားကို ပြန်၍ ကြားယောင်လာမိသည်။

"သူတို့တစ်တွေက ဘယ်နိုင်ငံက လာခဲ့ကြလို့ ကျူးကျော်သူတွေ ဖြစ်နေရတာလဲ"

ထိုမေးခွန်းနဲ့တစ်ဆက်ထဲ သူ၏သဘောထားသည် ပွင့်ထွက်လာပါသည်။ ၎င်းစကားလုံးကြမ်းကြီးကို သတ်မှတ်မသုံးစွဲသင့်ပါဘူး ခင်ဗျာ။ သူတို့တစ်တွေဟာ ပိုင်ဆိုင်မှုကင်းမဲ့သည့် အိမ်ယာမဲ့မိသားစုတွေပါ။ ယခုအခါ ကျွန်မ ကိုယ်တိုင်မျက်မြင် တွေ့လိုက်ရသည့်အခါ စာနာစိတ်ကလေးများ မွေးဖွားကာ စာနာစိတ်နဲ့ ကြည့်မိနေပါသည်။ ပုဂံသား၏ စိတ်အလှတရားကို ပို၍ပင် အထင်ကြီးလေးစားမိပါသည်။ ကျွန်မဘဝတည်ရှိနေမှုနေရာမှ ရပ်ကြည့်ကာ ပြောကြမယ်။ လုပ်ကြမယ်ဆိုလျှင် အဖြေမှန်ရဖို့ ခက်ခဲပါလိမ့်မယ်။ လုပ်ငန်းစဉ်ရဲ့ မပြုလုပ်ခင်အချိန်၌ ဝင်ရောက်လေ့လာရပါမယ်။ စနစ်တကျ အချက်အလက်များကို ပြုစုရပါမယ်။ အကယ်၍ အခွင့်ကောင်းယူကာ စီးပွားရှာဖွေသူများကို အပြစ်ပေးရပါမယ်။ ပုဂံသားသည် ကျွန်မအား ၎င်းကိစ္စနဲ့ပတ်သက်ပြီး သူ၏အမြင်သဘောထားတစ်ခုကို ချပြခဲ့မှုပါတယ်။ လက်ရှိဒေသခံများမှ အိမ်ယာမဲ့နေကြတာလား၊ တခြားဒေသမှ ပြောင်းရွှေ့ရောက်လာသည့် အိမ်ယာမဲ့နေကြသူလား နောက်ခံအကြောင်း အရာများအထိ ကောက်ကြောင်းလိုက်ကာ လေ့လာဆန်းစစ်ရပါမယ်။ နောက်ခံကားချက်ကို ဇာတ်ပြုပြီး အုပ်စုခွဲဖြေရှင်းဖို့ လိုအပ်ပါတယ်။ ဒီအတွက်ကြောင့် မိခင်ဒေသမှာ လူမှုဘဝကို ပြုစုပျိုးထောင်နိုင်

သည်။ ဖွံ့ဖြိုးမှုတွေ မြင့်မားတိုးတက်ကြလျှင် မြို့ပြ၏လူဦးရေ ပေါက်ကွဲမှုကို ဟန့်တားသွားနိုင်ကြောင်း ပြောပြခဲ့သည်။ ပုဂံသား အား ယခုအခါ အပြုံးများဖြင့် တွေးဆကာ ကြည့်နူးပြုံးရွှင်နေချိန် မှာ ပုဂံသား၏ အထူးခြားဆုံးစကားတစ်ခွန်းကို ပြန်လည်၍ ကြား ယောင်လာပြန်ပါသည်။

"ကမ္ဘာဟုပြောပြော၊ နိုင်ငံလို့ပြောပြော ကျွန်တော်တို့ လူ့ရွာ ကို တည်ငြိမ်ဖွံ့ဖြိုးဖို့အတွက် 'ထိန်းညှိမှုသဘောတရား' ဖြင့် တည်ဆောက်ထားပါတယ်။ ထိန်းညှိမှုသဘောတရားပျက်သုန်းရင် လူ့ရွာ၏စည်းရိုးများ ပျက်သုဉ်းပါလိမ့်မယ်။ ထိုအချိန်၌ ကျွန်မ စီးနင်းလိုက်ပါလာသည့် လိုင်းကားသည် ဘရိတ်ကို ဘောင့်အုပ် လိုက်သည့်အခါ ကျွန်မသည် ရှေ့သို့ယိုင်ထိုးသွားခြင်းနဲ့အတူ အထိတ် တလန့်ဖြစ်ကာ ၄င်းအတွေးစများသည် ရပ်တန့်သွားခဲ့ပါသည်။ ကျွန်မဆင်းရမည့် မှတ်တိုင်ကို လှမ်း၍ မြင်လိုက်ပါသည်။ မကြာ ပါ ကားလေးရပ်၍ ကားပေါ်မှဆင်းကာ လက်ထဲမှ ထီးကလေး အား ဖွင့်၍ ဆောင်းလိုက်ပါသည်။

ကျွန်မအား ၄င်းပတ်ဝန်းကျင်မှ လူတစ်ချို့သည် မေးခွန်းများ စွာဖြင့် ကြည့်နေကြသည်ကို တွေ့ရပါသည်။ ဘာဆိုဘာမှ ဂရု မပြုဘဲ လျှောက်မြဲလျှောက်လာခဲ့ပါသည်။ ပုဂံသားအိမ်သို့ ရောက် ရှိခဲ့သည်အခါ ပုဂံသားနဲ့အတူ ဧည့်သည်ယောကျ်ားကြီးသုံးဦးအား စကားဝိုင်းဖွဲ့ကာ ပြောနေကြသည်ကို တွေ့ရပါသည်။ ပုဂံသား သည် စကားပြောနေရာမှ ကျွန်မအား သူ၏အပြုံးဖြင့် ကြိုဆိုနှုတ် ဆက်ပါသည်။ သူတို့၏စကားဝိုင်းသို့ ဝင်ထိုင်ရန် လက်ဟန်ပြကာ ခေါ်လိုက်ပါသည်။

၄င်းစကားဝိုင်းလေး၌ ကျွန်မတစ်ယောက် ဝင်ထိုင်လိုက် သည်နှင့် ၄င်းဧည့်သည်သုံးဦးသည် အပြုံးကိုယ်စီဖြင့် ဧည့်ဝတ်

ပြုံကာ နှုတ်ဆက်ကြပါသည်။ ပုဂံသားသည် သူ၏မိတ်ဆွေများနှင့် မိတ်ဆက်ပေးသည်အခါ ကျွန်မဖေဖေ၏ ဂုဏ်ပုဒ်ကို ထည့်၍ မိတ်ဆက်ပေးပါသည်။ ထိုအခါ ကျွန်မသည် ရှက်ပြုံးကလေး ပြုံးလိုက်မိပါသည်။

ကျွန်မသည် ၄င်းစကားဝိုင်းတွင် နားထောင်သူအဖြစ် ထိုင်နေပါသည်။ ပုဂံသားသည် ဘာတွေလုပ်ထားသည်ကို ကျွန်မ မသိပါ။ သူ၏တစ်ကိုယ်လုံး၌ ပေကျံနေသည်ကို တွေ့ရပါသည်။ သူ၏ဟန်နဲ့ နေထိုင်ပုံကို လတ်တလော တွေ့လိုက်ရသည်မှာ ဟန်ဆောင်မှုမရှိ။ ပကတိအတိုင်း ရိုးရှင်းစွာတွေ့ရပါသည်။ ဦးထွန်းမင်းဆိုသူက

"ရှေ့ခရီးကို ဘယ်လိုမြင်ပါသလဲ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး အသံတွေသည် အသံတွေသာ ကျယ်၍သွားပါတယ်။ ခရီးမရောက် ဖြစ်နေတယ်ဗျာ"

ဟု အားပျော့ပျော့ညည်းညူသံဖြင့်ပြောရင် သူက ဆက်၍

"တောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော်က ဆော့ကစားကြတဲ့ တောင်ကြီးဗျောက်အိုးလို ဖြစ်သွားသလိုပေါ့ဗျာ"

ဦးထွန်းမင်းဆိုသူ၏ စကားအဆုံး၌ ဦးစိုးတင့်ဆိုသည့် အဘသည် ပြုံးကာ ဟားတိုက်ရယ်မော၍

"လွှတ်တော်ထဲမှာ ဒီမိုကရက်တစ် အင်အားစုတွေ နည်းနေသလိုပါတဲ့ခင်ဗျာ။ အပြစ်မမြင်ပါနဲ့ဦး စောပါသေးတယ်။ ကျွန်တော်တို့တွေစောင့်လာတာလဲ ရာစုနှစ်ဆက်ရှိခဲ့ပြီး။ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်ရမှာပေါ့"

ထိုအခါ ဦးထွန်းမင်းဆိုသူသည် သူ၏မျက်ခုံးလေးကို တွန့်ကာ

"ဒါဆိုရင် (၂၀၁၅) အလွန် ဒီမိုကရက်တစ်တွေ အား ကောင်းရင်ဖြစ်လာမှာပေါ့နော်"

ထိုအခါ ဦးစိုးတင့်ဆိုသည် အဖိုးကြီးကပြုံး၍ ရယ်လိုက်ကာ

"ဦးထွန်းမင်းရေ စောင့်ကြည့်ရမှာပေါ့။ အချိန်ကပဲ ဆုံး ဖြတ်သွားမှာပေါ့။ ကျွန်တော်ရဲ့ သဘောထားကို ပြောရရင် လွယ် မယ်မထင်ပါဘူးခင်ဗျာ။ ယခုမြင်နေရသည့် (၂၀၀၈) ကြီးသည် ရုပ်လုံးကြွပြီး ကြီးထွားနေပြီးလေ။ ဒါကြောင့် ပြောကြ၊ ဆိုကြ၊ ငြင်ခုံးကြနဲ့ အချိန်ကို ဆုံးရှုံးသွားမှာကို စိုးရိမ်မိတာအမှန်ပဲခင်ဗျာ"

ကျွန်မအနားမှ ဦ·ကျော်ဟန်ဆိုသူသည် ပြုံးစိစိဖြင့်

"ခင်ဗျာတို့ကလည်းဗျာ မပူပါနဲ့ အစ်မကြီး ရှိပါတယ်။ ကြည့်လုပ်ပါလိမ့်မယ်။ ခင်ဗျားတို့ ပြောတာတွေ အစ်မကြီး သိပါ လိမ့်မယ်။ ဘာကြောင့် ဒီလောက်တောင် လောနေကြတာလဲ"

ဟု ပြစ်တင်စကားဆိုကာ မေးလိုက်ပါသည်။ ဦးစိုးတင်ဆို သည့် အဖိုးကြီးသည် ရယ်ပြုံးလေးတစ်ချက်ကို ပြုံးကာ"

"မလောမိပါဘူး ဦးကျော်ဟန်ရယ်၊ မြင်တာလေးပဲ ပြောမိ တာပါဗျာ။ အစ်မကြီးကို အချိန်တိုင်းပဲ ထောက်ခံနေပါတယ်ဗျာ။ အားလုံးဟာ အစဉ်ချောမွေ့သွားရင် အတိုင်းအထက်အလွန် ပီတိ ဖြစ်ရလို့ ပျော်ရွှင်နှစ်သက်မိပါတယ်ဗျာ"

ထိုမှ ပုဂံသားဘက်လှည့်ကာ

"ဒါနဲ့ ပုဂံသားရေ ခင်ဗျားရဲ့ သတင်းတွေက ပျံ့နှံ့လှပြီလား ဗျ။ ရွေးကောက်ပွဲကို ဝင်သင့်ဘူး။ (၂၀၀၈) ကို ပြင်ပြီးမှ ဝင်ရောက်သင့်တဲ့ သဘောထားက အတည်လား။ ယခုလည်း ၄င်းအယူအဆကို ကိုင်စွဲထားတုန်းလား"

ဟု မေးလိုက်ပါသည်။ ကျွန်မအနားမှ ပုဂံသားကို ကြည့် လိုက်သည့်အခါ ပုဂံသားသည် အပြုံးတွေဝေဖြာလျက်

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ရဲ့ ယုံကြည်ချက်ကို မပြောင်းလဲသေးပါဘူး။ နိုင်မာစွာယုံကြည်လျက်ပါဘဲ။ ဘဘဦးစိုးတင့် ခင်ဗျာ ကျွန်တော်ရဲ့ ယူဆချက်က ဒီလိုဗျ (၂၀၀၈) ကို မပြင်ဘဲ ဝင်လိုက်သည့်အခါမှာ ကျွန်တော်တို့တစ်တွေ ကန့်ကွက်ခဲ့တာတွေ တောင်းဆိုခဲ့တာတွေကို ဆုံးရှုံးလိုက်ရပြီးလို့ ယူဆပါတယ်ခင်ဗျာ။ ဒါထက်စိုးရိမ်စရာ ရှိနိုင်တဲ့အကြောင်းတရားတွေ ရှိလာနိုင်တယ်လို့ ယူဆချက်ပါဘဲ။ (၂၀၀၈) နိုင်ငံရေးဘောလုံးကွင်းထဲကို အသင်းတစ်သင်းအဖြစ် ဝင်ရောက်ရင် (၂၀၀၈) ကွင်းကြီးကို သစ္စာခံကျမ်းကျိန်ရမှာနော်။ ဒီတော့ဗျာ (၂၀၀၈) နိုင်ငံရေးကွင်းကြီးကို ဒီမိုကရေစီစနစ်၏ ရန်သူအဖြစ် ယူဆထားရာမှ (၂၀၀၈) နိုင်ငံရေးကွင်းကြီးကို ကာကွယ်ရမည့် လုပ်သားအဆင့်ကို ဖြစ်သွားကြမှာပါ။ ၎င်းဖြစ်စဉ်၏ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးများကို ရင်ဆိုင်ရမည် စိုးရိမ်စိတ်ကြောင့်ပဲ ယုံကြည်စွာ ယူဆထားပါတယ် ခင်ဗျာ။ ပုဂံသား၏ သဘောထားကို နားထောင်နေရင် ဦးထွန်းမင်း ဆိုသူသည် ပြုံးနေရာမှ မဲ့သလို ဖြစ်သွားကာ သူက

"ဒါဆိုရင် ဘယ်လိုဖြစ်မလဲ။ ၎င်းဥပဒေကိုပြင်ရင် လွှတ်တော်ထဲ ဝင်ရောက်ပြီးပြင်မှရမယ် မဟုတ်ဘူးလား"

သူ၏မေးခွန်းနဲ့အတူ သူ၏သဘောထားပါ ပြောလိုက်သည်။

"ထိပ်တိုက်ရင်ဆိုင်မှုက အန္တရာယ်ကြီးပါတယ်။ တိုင်းပြည်လည်း နာလှပါပြီဗျာ။ အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းစဉ်က အကောင်းဆုံးလို့ ယုံကြည်တယ်ဗျာ။ ဒေါသသံနဲ့ ပြောနေသည်။ ပုဂံသားသည် အပြုံးမပျက် ပြုံးလျက်နဲ့

"ဆရာဦးထွန်းမင်းရဲ့ သဘောထားကို ကျွန်တော်က အသိအမှတ်ပြုလေးစားပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ ဆန္ဒအရ

မထောက်ခံပါဘူး။ ကျင့်ဝတ်အရ မရှုတ်ချပါဘူး။ သို့သော် အများ၏ဆန္ဒအရဆိုလျှင် ဝိုင်းရုံပါမယ်။ ဒါတွေဟာ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုအရ ဖြစ်ပါတယ်။ လိုက်လုပ်တာနဲ့ ထောက်ခံအသိအမှတ်ပြုကာ မတူညီပါဘူးခင်ဗျာ။ ဒီလိုပါပဲ ခင်ဗျာ ကျွန်တော်ရဲ့ ယုံကြည်မှုသည် ပျက်စီးမသွားပါဘူးခင်ဗျာ။ ကျွန်တော်ရဲ့ သဘောထားသည် ကျွန်တော်ရဲ့ နှလုံးသားမှာ ခိုင်မာနေပါတယ်ခင်ဗျာ။ ဒီမှာရှိတဲ့ မိတ်ဆွေတို့ရဲ့ရှေ့မှာ ကျွန်တော်ရဲ့ ထင်မြင်ယူဆမှုကို ပြောခွင့်ပြုပါခင်ဗျာ။ (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် လူထုကို ဗဟိုပြုထားတဲ့ ပုံသဏ္ဍာန်မဟုတ်ပါဘူးခင်ဗျာ။ အာဏာရှင်စနစ်၏ အမူအကျင့်နဲ့ လုပ်ထုံးလုပ်နည်းများ ရောပြွမ်းရှင်သန်နေတာကို တွေ့ရပါလိမ့်မယ်ခင်ဗျာ။ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာ ဒါထက်ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်ခင်ဗျာ။ လူအများစုသည် ဥစ္စာစေနဲ့ အာဏာကို ဦးတည်ကိုးကွယ်တတ်ကြပါတယ်ခင်ဗျာ။ အာဏာသည် အဆိပ်သင့်ဓားတစ်လက်အဖြစ် ရောညှပ်ထားတဲ့အတွက်ကြောင့် ယစ်မူးခုံမင်ကြပါတယ်။ ဒီသဘောသဘာဝအရ စိုးရိမ်မိတာပေါ့"

ဦးထွန်းမင်းဆိုသူသည် ပုဂံသား၏ စကားအဆုံး၌

"ဒါဆိုရင် အစ်မကြီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သွားပြီပေါ့"

ပြစ်တင်စွပ်စွဲသံနဲ့အတူ

"အစ်မကြီးရဲ့ စွန့်လွှတ်အနစ်နာခံမှုမျိုးကို ဘယ်သူလုပ်နိုင်ပါသလဲ"

မေးခွန်းထုတ်လိုက်ပါသည်။ ပုဂံသားသည် ပြုံးနေမြဲအပြုံးများကို မပျက်ဘဲ

"ဆရာကိုထွန်းမင်းခင်ဗျာ ပုဂ္ဂိုလ်ရေးဆန်ဆန် စကားလုံးများ မပါပါဘူးခင်ဗျာ။ ဒီကနေ့ရရှိထားတဲ့ အမေလိုမျိုးကို နှစ်ငါးဆယ်မှာ တစ်ခါပေါ်ဖို့ ခဲယဉ်းပါတယ် ခင်ဗျာ။ ဒါပေမယ် ကိုထွန်းမင်းခင်ဗျာ သတင်းစာဆရာကြီး ဟံသာဝတီ ဘဘဦးဝင်းတင်ရဲ့ ကျွန်တော့်ကို ဆုံးမသင်ကြားခဲ့တာကို လက်ဆင့်ကမ်းငှားသုံးရရင် 'ဒီမိုကရေစီပဲပြောပြော ပြုပြင်ပြောင်းလွဲရေး လုပ်တဲ့အခါမှာ အများပါမှ ရပါတယ်။ အများမပါရင် ဘယ်လိုလူမှ ပန်းတိုင်ကို မရောက်နိုင်ဘူးတဲ့'။ ကျွန်တော်က အပြည့်အဝကို လက်ခံယုံကြည်ပါတယ်။ ကျွန်တော်သိသလောက်ဘဲ ဥပမာထုတ်ပြပါရစေ။ ကျွန်တော်တို့ ကိုယ်ကွယ်အားထားသည့် ဗုဒ္ဓဘာသာကို ဒီကမ္ဘာလောကတခွင်မှာ ထွန်းကားအောင် ပြုလုပ်နိုင်တာသည် ဘုရားရှင်၏ သားတော်များသာ ဖြစ်ပါသည်။ သံဃာတော်များ၏ လက်ထဲမှာ ရာခိုင်နှုန်းများစွာ သက်ဝင်တည်ရှိနေပါတယ်။ ဗုဒ္ဓဘုရားရှင်၏ ဟောကြားမှုကို သိခွင့်ရလိုက်ပါတယ်။ ငါ၏သာသနာကို ပျက်အောင်နှင့် တိုးပွားစည်ပင်အောင် လုပ်နိုင်သူသည် အခြားမှာ မရှိပါဘူး။ ငါ၏သာသနာ အမှုတော်ထမ်းသာသနာ အာဇာနည်ရဟန်းများ၏ လက်ထဲ၌သာရှိသည်ဟု ဟောပြောခဲ့ပါတယ်ခင်ဗျာ။ ဒါကြောင့် တစ်ယောက်ထဲ သွားမရတာလဲ။ နိုင်ငံရေးပါ ပါနေပါတယ်ခင်ဗျာ"

ထိုအထဲမှ အသက်ကြီးဆုံး ဘဘဦးစိုးတင်တစ်ယောက် ရယ်မောပြုံးရွှင်ကာ

"ဒါကြောင့်လဲ ပုဂံသားဖြစ်နေတာပေါ့ဗျာ"

ထိုစကားဝိုင်းလေး၌ အခြေအတင်ပြောကြ၊ ငြင်းကြ၊ ခုံကြပေမယ့် စိတ်ဆိုးတာတွေ၊ စိတ်ကောက်တာတွေ မတွေ့ရပါ။

နေရာအာဏာအကြောင်းလည်းမပါ နိုင်ငံအတွက် စေတနာထား ကြတာကို တွေ့ရ၍ ကျွန်မအံ့သြစိတ်များ ဖြစ်ခဲ့မိပါသည်။ ၎င်း အံ့သြစိတ်လေးများနဲ့အတူ စကားဝိုင်းမှထွက်၍ ဧည့်ခံရန် အိမ်အနီး နားရှိ အအေးဆိုင်လေးမှ အချိုရည် အအေးပုလင်းများကို ဝယ်ယူ၍ ပြန်လာခဲ့ပါသည်။ ထိုအခါ ပုဂံသားနဲ့အတူ ဧည့်သည်များသည် အံ့သြခြင်း၊ အားနာခြင်း အပြုံးများ ရောယှက်ကာ ပြုံးနေကြသည်။ ကျွန်မသည် ဧည့်ခံရန် ပုဂံသားထံအပ်၍ အိမ်နောက်ရှိ အမေထံသို့ သွားလိုက်ပါသည်။ အမေနဲ့ ကျွန်မစကားတွေ ပြောကြရယ်ကြ၊ ပြုံးကြနဲ့။ ထိုအထဲမှ သားဖြစ်သူ ပုဂံသားအကြောင်းသည် ပါလာ တတ်ပါသည်။

မကြာပါ အိမ်ရှေ့မှဧည့်သည်များသည် ကျွန်မနှင့်အမေကို လှမ်း၍ နှုတ်ဆက်ကာ ပြန်သွားကြပါသည်။ ကျွန်မသည် ပုဂံသား ၏ အမေအား

"ပုဂံသားက ဧည့်သည်များနှင့် စကားပြောနေတာ။ ပုဂံသား ရဲ့ အင်္ကျီက ဘာတွေပေနေတာလဲ အမေ"

၎င်းမေးခွန်းနှင့်အတူ ဆက်၍ ကျွန်မက

"အားနာစရာကြီး"

ဟု ပြောလိုက်သည့်အခါ ပုဂံသား၏အမေသည် အပြုံးများ ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်ပါသည်။ အားရပါးရ ရယ်ဖြစ်ပြီးမှ

"သမီးရေ သားက ဒီလိုပါပဲ လာသမျှ သူမိတ်ဆွေများသည် ရိုးနေပြီလို့ထင်ပါတယ်ကွယ်"

ကျွန်မသည် မျက်လုံးကလေးများဝိုင်းကာ

"ရှင်"

ဆိုသည် အာမေဋ္ဌိသံတစ်လုံးမျှသာထွက်၍ အံ့ဩနေပါသည်။ ထိုအခါ ပုဂံသားသည် နားပါးလှ၍ ကျွန်မတို့ပြောစကားအား အိမ်ရှေ့မှကြားသွားကာ ကျွန်မအား

"ဆရာမလေးခင်ဗျာ ကျွန်တော်က ဒီရပ်ကွက်ထဲမှ အိမ်တစ်လုံးကို သွားပြင်ပေးနေတာပါ။ အလုပ်လုပ်ရင်း လုပ်လက်စကိုရပ်ပြီး လာဧည့်ခံနေလို့ပါခင်ဗျာ။ အခုလည်း ဆရာမလေးကို ကျွန်တော်က ဧည့်ဝတ်မကျေပွန်ပဲဖြစ်ရပြီ၊ အားနာမိတယ်ဗျာ"

ဟု လှမ်းပြောလိုက်သည့်အခါ ကျွန်မသည် ပီတိပြုံးလေးကို ပြုံးလိုက်မိပါသည်။ ထိုအပြုံးလေးများနဲ့အတူ သြော်သြော် လက်သမားဆရာ ပုဂံသားဖြစ်လိုက်၊ ဈေးသည်ဖြစ်လိုက်၊ ကဗျာဆရာဖြစ်လိုက်၊ နိုင်ငံရေးလုပ်သားဖြစ်လိုက်၊ နောက်ထပ်ဘာတွေလုပ်ဦးမှာလဲဟု စဉ်စားနေခိုက် လူငယ်တစ်ယောက်သည် သုတ်သီးသုတ်ပြာဖြင့် ခြံထဲသို့ဝင်လာပါသည်။ မည်သည့်အကြောင်းကိစ္စဆိုတာကို မသိပါ။ ထိုလူငယ်သည် ပုဂံသားအား ချက်ခြင်းလိုက်ခဲ့ပါရန် ခေါ်နေသည့်အသံကို ကြားလိုက်ရပါသည်။ ပုဂံသားသည် အိမ်ပေါက်ဝမှ ကျွန်မအား လှည့်ကြည့်ကာ အားနာနေသည်ကို တွေ့ရပါသည်။ ကျွန်မသည် ဘာရယ်မသိ

"ကျွန်မကို အားမနာပါနဲ့ လိုက်သွားပေးလိုက်ပါ"

ဟု ပြောရင်း စကားဆက်လိုက်ပါသည်။

"ကျွန်မလည်း လိုက်ကူပေးမယ်လေ"

ဟု လှမ်းပြောလိုက်သည့်အခါ ကျွန်မ၏အနားမှ ပုဂံသား၏မိခင်သည်

"အမလေးတော့"

အံ့ဩသံနဲ့အတူ အမေရဲ့ မျက်လုံးကလေးများ ဝိုင်းပသွားကာ

"သမီးရေ ပုဂံသားကူညီရမှာ အခြားမဟုတ်ဘူ သမီးရေ သေသွားတဲ့ ရုပ်ကလပ်ကို ရေချိုးပေးမယ်၊ ရေခဲတိုက် ပို့ဆောင်မယ်၊ ကာလဖျင်ထိုးမယ်၊ သမီးလေးလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ဟု ပုဂံသားမေမေ၏ စကားအဆုံး၌ ကျွန်မသည်

'ရှင်'

တစ်လုံးတည်းသာ အသံထွက်၍ အံ့ဩခြင်းများစွာနဲ့အတူ ကျွန်မ၏စိတ်ထဲ၌ ပုဂံသား၏လူမှုရေးအသိ စိတ်ဓာတ်ကို အံ့ဩနေမိသည်။ ကျွန်မ၏ စိတ်ထဲ၌ ဩော်ဩော် ပုဂံသား ခေသူမဟုတ်တဲ့ ပုဂံသားပါလားဟု ရေရွတ်နေချိန် ပုဂံသားတစ်ယောက် ခြံပေါက်ဝအရောက်မှာ အမေသည် သားဖြစ်သူအား

"သားရေ အလှူမှာ ညကျရင်ချက်ပြုတ်ပေးဖို့ မေ့နေဦးမယ်နော်"

ဟု သတိပေး စကားဆိုလိုက်သည်။ ပုဂံသားသည်ပြုံး၍ ထိုလူငယ်လေးနောက် လိုက်သွားပါသည်။ ကျွန်မ၏ ရင်ထဲနှလုံးသားထဲမှာ အံ့ဩမှုတွေ ထွေးပိုက်ရင်း ဖေဖေပြောဖူးသည့် စကားသံအား ပြန်လည်၍ ကြားယောင်နေမိသည်။

"အာဂလူသား ပုဂံသားဟု"

ချီးကျူးသံနဲ့အတူ ဖေဖေရဲ့ သားသမီးပေါ်ထားသည့် စေတနာကို ကျွန်မသိလိုက်ရပါသည်။ ဖခင်တစ်ယောက်သည် သမီးဖြစ်သူအား အသိဉာဏ်ပညာဖြင့် ကာကွယ်မှုပေးခဲ့သည့် ဖေဖေအား ကျေးဇူးတင်နေမိပါသည်။

ကျွန်မတစ်ယောက်ကြိတ်၍ တိတ်တခိုးချစ်ကာ ပျော်ရွှင်ရသူချစ်သူမောင်ပုဂံသား၏ အိမ်ကလေးသည် ရုပ်ဝတ္ထုတွေ ချို့တဲ့၍နေပါမည်။ စိတ်ဓာတ်အလှတရားသည် ကြံ့ခိုင်ဖွံ့ဖြိုးကာ သန့်ရှင်း

စင်ကြယ်နေသည့် အိမ်ကလေးဖြစ်ပါသည်။ ၎င်းအိမ်ကလေးပေါ် ထိုင်နေရင်း ကျွန်မ၏ရင်ထဲ၌ ပီတိလှိုင်းကလေးတွေ တဖျတ်ဖျတ် ရစ်ရစ်ထနေပါသည်။

ကျွန်မသည် ပုဂံသား၏ အားနာနေသည့် အပြုံးလေးကို တစိမ့်စိမ့်တွေးကြည့်ကာ ဂါအပြုံးများနဲ့အတူ ပုဂံသား၏ အိပ်ခန်း ဆီသို့ ဝင်လာခဲ့ပါသည်။ ထုံးစံအတိုင်းပင် ရှုပ်ပွနေတာကို သိမ်း ဆည်းပေးနေရင်း သူ၏ကုတင်ပေါ်၌ ကဗျာရေးထားသည် စာရွက် တစ်ရွက်ကို တွေ့လိုက်ရပါသည်။ ကျွန်မသည် ပုဂံသား၏ ကုတင်ပေါ်၌ ခါးဆန့်ရင်း ထိုကဗျာလေးအား ဖတ်ကြည့်လိုက်ပါ သည်။

**ဖေဖေ**

ဖေဖေရေ .....
မမေ့နိုင်တဲ့ နှစ်တစ်ရာ
ဖေဖေရဲ့ တော်လှန်စိတ်နဲ့ ထုဆစ်ထားတဲ့
နိုင်ငံသားတို့ရဲ့ ဘဝပလ္လင်ပေါ်
မိုးကြိုးမုန်တိုင်းတစ်စင်း ရိုက်ခတ်
လျှပ်စစ်မီးလျှံတွေ တိုက်ကျွေးခဲ့
ငှိုသံတွေ ကောက်သစ်စားကြ
ဖေဖေရေ
နောက်တစ်ကြိမ် ထကြည့်ပါလော့။

အဲဒါတွေဟာ
ဖေဖေရဲ့ (၆၇) နှစ်ကြာ
ဖေဖေရဲ့ ပြည်ချစ်ပန်း လက်ခတ်သံတွေက

သံဖိနပ်ကိုစီး
သားသတ်ရင်ပြင်ဖန်ဆင်း
အဆိပ်ငွေ့တွေ ပွင့်အံကျ
အရိုင်းပန်းတွေ ထိုးထွက်
ဖေဖေရေ .....
နောက်တစ်ကြိမ် နိုးထပါလော့။

ဖေဖေရဲ့ စေတနာ ရေကြည်တစ်စ
နတ်ရေကန်လို ဖန်တီးယစ်မြူးလို့
လောဘပင်လယ်ထဲ မျောခဲ့ကြပြီး ဖေဖေ။
ဖေဖေရဲ့ ဘဝတွေကို
ဒေါသယဇ်ပလ္လင်ပေါ်
ဂိမ်းတစ်ပွဲလို ဆော့ကစားကြပြီ ဖေဖေ။

ဖေဖေရဲ့ စွန့်လွှတ်မှုသမိုင်းကို
မောဟစစ်သလင်းပေါ်
စစ်ခင်းယူခဲ့ကြပြီး ဖေဖေ။

ဖေဖေရဲ့ ဆန္ဒမိုးတွေကို
ကန္တာရရင်ပြင်အဖြစ် ဖန်တီး
အက်ဆစ်မိုးများအဖြစ် ဖန်ဆင်း
သွန်းဖြိုးလိုက်ကြပြီ ဖေဖေ။
အဲဒါတွေဟာ
ဖေဖေရဲ့ ပြည်ချစ်ပန်း
လက်ခတ်သံတွေပေါ့။

ဖေဖေရေ
ဖေဖေဟာ နှစ်တစ်ရာပြည့်
ယနေ့တိုင်ရှိခဲ့လျှင်
ဖေဖေရဲ့ ပါးပြင်ပေါ်သို့
သားကြည့်ချင်လိုက်တာ
ဖေဖေရဲ့ ငိုသံမဲ့ မျက်ရည်စတွေပေါ့။

**အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏**
**နှစ်တစ်ရာပြည့်ဂုဏ်ပြုကဗျာ**
**(ပုဂံသား)**

ကျွန်မသည် ၎င်းကဗျာကိုဖတ်ပြီး ကျွန်မ၏ တိုင်းပြည်နိုင်ငံအတွက် မျက်ရည်များပင် စီးကျခဲ့ရသည်။ ကျွန်မလက်ရှိ ရပ်တည်ခွင့်ရနေသည့် ဘဝထက် အောက်သို့ငုံ့ကြည့်မိလေလေ ဝမ်းနည်းစရာ ကြေကွဲစရာ ကရုဏာစိတ်ကလေးများသည် တဖြတ်ဖြတ်ရစ်ရစ်ထကာ မောရှိုက်မိပါသည်။ ကျွန်မတို့ရဲ့အပေါ်ကို မော့ကြည့်လိုက်သည့်အခါ ခံပြင်းစရာ ဒေါသထွက်စရာ၊ ရွံရှာစရာ၊ ကြောက်လန့်တုန်လှုပ်စရာတွေကို မြင်တွေ့လိုက်ရသည်။ အဲဒါတွေဟာ ယနေ့ကြုံတွေ့နေရသည့် ကျွန်မတို့ လူ့အဖွဲ့အစည်းဖြစ်နေ၍ "ဘုရား ဘုရား" ဟု နှုတ်မှပင်ထွက်ကာ ရင်တနေမိတော့သည်။

ပုဂံသားပြန်လာချိန်ထိ စောင့်ဆိုင်းဖို့ ကျွန်မ၏ တစ်နေ့တာအတွက် အချိန်မရှိတော့ပေ။ နေမဝင်ခင် အိမ်ပြန်ရောက်ဖို့အတွက် ပုဂံသား၏မိခင် ဒေါ်ကြည်ကြည်ဝင်းအား နှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်။ ပြန်လာသည့် လမ်းတစ်လျှောက် ကျွန်မ၏ အတွေး

အာရုံပေါ်သို့ ပုဂံသား၏ မိခင်ရဲ့ အားနာနေသည့် အပြုံးတွေက လွှမ်းမိုးနေပါသည်။

အိမ်ပြန်ရောက်သည့်အခါ ညနေ (၆) နာရီထိုးလုလုနီးနီး ဖြစ်သွားခဲ့ပါသည်။ အိမ်ဧည့်ခန်းထဲ၌ ဖေဖေတစ်ယောက် စာဖတ်နေသည်ကို တွေ့လိုက်ရပါသည်။ ဖေဖေအနားသို့ ဝင်ထိုင်လိုက်သည့်အခါ စာဖတ်နေရာမှ ဖေဖေသည်

"သမီး ပင်ပန်းလာခဲ့လား" ဟုမေး၍ ဆက်ကာ

"ဒါပေမယ့် သမီးလေး ဖေဖေကို ပြောစရာတွေ ရှိနေတယ် မဟုတ်လား"

ဟု ကျွန်မကို မေးလာသည့်အခါ ကျွန်မ၏ မျက်ခုံးလေးများ တွန့်သွားမိပါသည်။ ကျွန်မသည် ပြုံး၍

"ဟုတ်ကဲ့ ဖေဖေ"

ဟု ဝန်ခံကာ ဆက်၍

"ပုဂံသားက"

ကျွန်မ၏နှုတ်ဖျားမှ စကားစများဖြတ်ကာ ဆက်မထွက်နိုင်ချိန် ဖေဖေသည် ရယ်မောပစ်လိုက်ပါသည်။ အရယ်ရပ်၍ ပြုံးလိုက်ကာ

"တို့သမီးလေး ပုဂံသားရဲ့ ရုပ်ပုံလွှာတချို့ကို တွေ့ခဲ့ပြီထင်တယ်"

ဖေဖေ၏ စကားကြောင့်

"ရှင်"

တစ်လုံးသာထွက်၍ ဖွဲ့ညြသွားချိန် ဖေဖေကဆက်၍

"ပရဟိတ သုဘရာဇာ ပုဂံသား၊ ပရဟိတ စားဖို့မှူး၊ ဆောက်လုပ်ရေးလုပ်သား၊ ဈေးသည်၊ ဒါထက် ပုဂံသား၏ စစ်ဗျူရိုကရက်ဆန့်ကျင်ရေး စိတ်ဓာတ်"

ကျွန်မသည် အံ့သြခြင်းများနဲ့အတူ မျက်လုံးကလေးများသည် ပြူးကျယ်ရင်း ကြည်နူးလိုက်ရပါသည်။ သို့သော် ဖေဖေ၏နောက်ဆုံး စကားကို အဓိပ္ပာယ်နားမလည်၍ ကျွန်မသည် ဖေဖေအား

"ပုဂံသားရဲ့ စစ်ဗျူဟာရိုက်ရက်ဆန်ကျင်ရေးက ဘာလဲဖေဖေ"

ဟု မေးလိုက်သည်အခါ ဖေဖေသည် ပြုံးဆတ်ဆတ်လေး ဖြစ်သွားကာ

"ရိုးရိုးတွေးရင် မတူဘူး၊ မတန်ဘူးဆိုသည့် ခွဲခြားဆက်ဆံရေး စိတ်ဓာတ်ကို ပြောတာပေါ့။ အရာအားလုံးဟာ ငါနဲ့ ငါ့မိသားစုတစ်ခုပဲ သိတဲ့လူကို စစ်ဗျူဟာရိုက်ရက်သမားပဲပေါ့ သမီးရယ်။ နောက်ထပ် ပုဂံသားထံမှာရှိနေတာ အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ နည်းဗျူဟာက မဆက်ဆံရေးနဲ့ မလိုက်နာခြင်းကို သူ၏ လက်နက်အဖြစ် ကိုင်ဆွဲသူပဲဖြစ်တယ် သမီး"

ဟု ဖေဖေထံမှ သိလိုက်ရသည်အခါ ကျွန်မ၏ မျက်လုံးကလေးများသည် ဝိုင်းပြီးရင်း ဝိုင်းပကာ "ဘုရား ဘုရား" ဟုပင် တလိုက်မိပါသည်။ ၄င်းအံ့သြမှုများနဲ့အတူဆက်၍ ဖေဖေအား

"တို့ဖေဖေက သိနေတာလား"

ဟု မေးလိုက်သည်အခါ ဖေဖေသည် ကျွန်မ၏ဦးခေါင်းလေးကို ပွတ်ကာပြုံးလျက်

"ဪ သမီးရယ် ဖေဖေက သမီးအတွက် သိထားရမှာပေါ့။ ဒါကြောင့်လဲ ပုဂံသားကို ယုံကြည်လက်ခံနိုင်စိတ် ရှိလာနေတာပေါ့။ ပုဂံသားသည် သမီးရဲ့ဘဝအတွက် ဥစ္စာခနေဖွံ့ဖြိုးချင်မှ ဖွံ့ဖြိုးပါလိမ့်မယ်။ စာရိတ္တလူသားဆန်မှု၊ အသိပညာ၊ ဂုဏ်သိက္ခာပေးမဲ့ လူစားဆိုတာ ဖေဖေသိနေပါတယ်"

ဖေဖေသည် ပြုံးရင်း ထမင်းစားခန်းသို့ ထသွားကာ ညစာ သုံးဆောင်ရန် ပြင်ဆင်ပါတော့သည်။ ကျွန်မသည် ဖေဖေအား ကျေးဇူးတင်စကားကို ရင်ထဲ၌ အထပ်ထပ်အခါခါ ရေရွတ်နေမိ တော့သည်။

ကျွန်မတို့သားအဖသည် ထမင်းစားပြီးသည့်အခါ ထုံးစံ အတိုင်း ဧည့်ခန်း၌ တီဗွီကြည့်နေချိန် ဖေဖေသည် အမှတ်မထင် ဆိုင်းမဆင့် ဗုံမဆင့် မိခင်ပြောရမည့် စကားတစ်ခုကို ပြောလာပါ သည်။

"တို့သမီးလေး အိမ်ထောင်ပြုမယ်ဆိုရင် ဖေဖေကို ငဲ့ညှာ စရာမလိုဘူးနော်။ ဖေဖေအတွက်ကို ထည့်မစဉ်းစားဘဲ သမီး အတွက်ပဲ စဉ်းစားဆုံးဖြတ်ပါ"

ဖေဖေထံမှ ပြောလာသည့် စကားများကြောင့် ကျွန်မသည် တီဗွီကြည့်နေရာမှ အံ့သြသွားရပါသည်။ ဖေဖေသည် ဆက်၍ ကျွန်မကိုကြည့်ပြီး

"သမီး အိမ်ထောင်ဘက် ရွေးချယ်တဲ့နေရာမှာ ဖေဖေဘက် က ဘာမှကိုဝင်ရောက်စွက်ဖက်မှာ မဟုတ်ဘူးနော်။ သမီးဘဝကို သမီးရဲ့ အသိဉာဏ်နဲ့ ဆုံးဖြတ်လုပ်ကိုင်တာ အမှန်ကန်ဆုံးဖြစ်ရပ်လို့ ဖေဖေနားလည်သွားခဲ့ပြီ။ ပုဂံသား ပြောခဲ့သည့် (ဘဝဆိုတာက ခဏတာအလည်လာခွင့်ရသည့် လောကတစ်ခု၏ ဧည့်သည်တစ်ဦး ပါ။ သင့်ရင်ထဲက တပ်မက်မှုတွေကို သင်္ဂြိုလ်နိုင်တဲ့စနေ့ သင့် ရင်ထဲက ပူလောင်မှုတွေဟာ အလိုလိုအေးငြိမ်းသွားမှာပါ) ဖေဖေ အဲဒီဒဿနကို သိပ်ကိုသဘောကျနှစ်ခြိုက်မိတယ် သမီး။ ဖေဖေတို့ ဗုဒ္ဓဘုရားရှင်၏ ဆိုဆုံးမမှုအနှစ်ဖြစ်တယ်လို့ ပီတိဖြာခဲ့တယ် သမီး။ ဖေဖေတို့ဟာ ဘဝကိုရယူလိုစိတ်နဲ့ လျှောက်ခဲ့ကြပါတယ်။ ဒါ

ကြောင့် ခံစားရတာတွေ အလိုမကျသည့် ပူလောင်မှုတွေသည် တစ်နေ့တခြား တိုးပွားနေတာကို လက်တွေ့ခံစားခဲ့ရပါတယ်။ ဒါကြောင့် ဖေဖေအတွက် မလိုတော့ပါဘူး။ ကျန်နေတဲ့ အချိန်လေးမှာ လုပ်ခွင့်ရတာတွေကို ပေးဆပ်တဲ့ နှလုံးသားနဲ့ ဖေဖေ ဘဝကို ရွေးချယ်ရမှာပေါ့"

ဖေဖေရင်ထဲက ပွင့်အံကျလာသည့် အသိအမြင်တွေသည် ကျွန်မ၏ ဉာဏ်မျက်စိကိုပါ ဖွင့်ခဲ့ပါသည်။ ဒီကနေ့ ကျွန်မတွေ့လိုက်ရသည့် ပုဂံသားရဲ့ သားအမိနှစ်ဦး၏ ဘဝမီးအိမ်လေးသည် အေးချမ်းလှပနေသည်ဟု ခံစားလိုက်ရပါသည်။ အေးချမ်းမှုကို နားလည်မှု အသိတရားဖြင့် ချည်နှောင်ထားရမည်။ ၎င်းအယူအဆသည် စကားလုံးအားဖြင့် လွယ်ကူနေပါသည်။ လက်တွေ့ကျင့်သုံးလိုက်နာဖို့သည့် ခက်ခဲနေပါလိမ့်မည်။ ယခုအခါ တွေ့နေရပါသည်။ ကျွန်မ၏ရင်တွေလည်း တဆတ်ဆတ်တုန်ခါနေပါသည်။ ဖေဖေသည် နောက်ထပ်အံ့ဩစရာကောင်းသည့် စကားတစ်ခွန်းကို မထင်မှတ်ဘဲ မိန့်ဆိုလိုက်ပါသည်။

"တို့သမီးလေး ပုဂံသားကို ဘဝအဖော်အဖြစ် လက်ခံရင် သမီးရဲ့ဘဝကို ကြံ့ခိုင်ခြေလှမ်းတွေဖြစ်အောင် မွေးမြူရပါမယ်။ ဘာကြောင့်လဲဆိုတော့ အမှန်တရားကို အာဏာရှိသူတွေဟာ တစ်ခါတရံမှာ အာဏာရှိင်း၏ လောကစံမီးက လျှပ်တပြက် တိုက်ခိုက်လာတတ်တယ်သမီး"

ဟု ဖေဖေစကားအဆုံး၌ ကျွန်မ၏မျက်လုံးကလေးများ ဝိုင်းပကာ မအံ့ဩတော့ပါ။ ဒီကနေ့ ပုဂံသား၏ မေမေသည် ပုဂံသား၏ အကြောင်းကို ပြောပြခဲ့ပါသည်။ (တစ်ချိန်က ပုဂံသားကို ညနက်မှ ပတ်ဝန်းကျင်ကို မီးဖျက်ကာ လာခေါ်ခဲ့ကြတယ်၊

ပြန်လာတာလည်း ရှိတယ်၊ တစ်ခါတရံမှာတော့ အမေက ထောင်ဝင်စာ သွားပို့ရတော့တယ်။ ပုဂံသားကို သေမတတ်ဝေဒနာတွေကိုလည်း ကုသပေးခဲ့ရတယ်။ ဒါတွေကို အမေ မအံ့ဩတော့ပါဘူး။ မတုန်လှုပ်ခဲ့ပါဘူး။ အမေအံ့ဩတာက သားဖြစ်သူ ပုဂံသားရဲ့ စိတ်ဓာတ်ပဲ ဖြစ်တယ်။ သူ့ကို ဒီလိုဖြစ်အောင် လုပ်ခဲ့ကြသူတွေကို မမုန်းတီးမနာကျည်းပဲ ခွင့်လွှတ်မှုပေးနိုင်တဲ့ သူရဲ့စိတ်ဓာတ်ကိုပေါ့ သမီးရယ်)။ ကျွန်မလည်း ကြားလိုက်ရသည့်အခါ အံ့ဩခဲ့ရပါသည်။ အမေကဆက်၍ ပုဂံသားက အမေကို ပြောဖူးတယ်၊ သူတို့ဘဝတွေက ဒီလိုလုပ်ဖို့ ဒီနေရာမှာ ရပ်နေရတာ အမေ၊ သားက သူတို့ကို မုန်းတီးလို့ နိုင်ငံရေးလုပ်နေတာ မဟုတ်ပါဘူး။ အမိနိုင်ငံကို ချစ်လို့ လူသားခြင်းစာနာလို့ ဒီအတွက်ကြောင့် အာဏာရှင်စနစ်ရိုင်းအစား နိုင်ငံရေးစနစ်ကောင်းကို အစားထိုးရန်အတွက် နိုင်ငံရေးလုပ်နေတာဟု ပြောပြခဲ့သည်။ ထိုအခါ ပုဂံသား၏ အမေကိုကြည့်ပြီး နေတတ်အောင် ကြိုးစားရမှာပေါ့။ ကျွန်မအတွက် ပုဂံသားသည် အံ့ဩစရာတွေ တုန်လှုပ်စရာတွေကို ပြုံး၍သာ ကျွန်မဘဝထံ ရောက်လာမယ်ဆိုတာကို လက်ခံပြီး လောကဓံကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်နေပါပြီ မကြောက်တော့ပါဘူး။ ဘာကြောင့်လဲ အကြောက်တရားဟာ တပ်မက်မှုကြောင့် မွေးဖွားလာသည်ဆိုတာကို ယခုအခါ သိလိုက်ရပါသည်။ ဖေဖေရဲ့ စေတနာတွေ၊ ဖေဖေရဲ့ မေတ္တာတွေကို သမီး နားလည်နေပါသည်။ ကျွန်မသည် ဖေဖေအား စိတ်ထဲမှ ပြောလိုက်ပါသည်။ သမီးရဲ့ရင်ထဲမှာ ရဲရင့်ကြံ့ခိုင်တဲ့ စိတ်ဓာတ်တွေကို မွေးဖွားနေပါပြီ။ ဖေဖေ့စိတ်ထဲမှပြုံး၍ ကျွန်မ၏ စိတ်ထဲ၌သာ ဆုံးမစကားများအား အပြုံးများဖြင့်သာ နားထောင်နေလိုက်သည်။

ကျွန်မအား ဖေဖေတစ်ယောက် ဆုံးမစကားပြောလို့ ပြီးချိန်မှာဘဲ လျှပ်စစ်မီးကလေးသည် ပျက်သွားခဲ့ပါသည်။ ကျွန်မတို့သားအဖနှစ်ဦး၏ တီဗွီကြည့်ရင်း ပြောနေကြသည့် စကားဝိုင်းလေးသည် တစ်ခန်းရပ်သွားပါသည်။ ကျွန်မသည်လည်း မိမိအိပ်ခန်းဆီသို့ ထလာခဲ့ပါသည်။ ဒီကနေ့ ပင်ပန်းလှပါသည်။ ဒါကြောင့် အိပ်ယာစောစောဝင်ရန် ပြင်ဆင်လိုက်ပါသည်။ ကျွန်မ၏ကုတင်ပေါ် ပက်လက်လှန်ရင်း တန်း၍အိပ်မပျော်ဘဲ ပုဂံသား၏ရုပ်ပုံလွှာတွေသည် ကျွန်မ၏ နှလုံးသားဆီသို့ တိုးဝှေ့တိုက်ခိုက်လာပါသည်။ ကုတင်ပေါ်လူးလိမ့်ရင် ပြုံးလိုက်၊ ရယ်လိုက်၊ ပီတိဖြစ်လိုက်၊ ရင်တွေ တလတ်လတ်နဲ့ခုန်လိုက် ကြည်နူးပျော်ရွှင်နေမိသည်။ ၎င်းပျော်ရွှင်မှု အပြုံးများကြားမှ ပုဂံသားတို့စကားဝိုင်းမှ ကြားလိုက်ရသည့်

''ငြိမ်းချမ်းရေးစကားကို ပါးစပ်ဖျားနဲ့ပြောရုံဖြင့် ငြိမ်းချမ်းရေးက ဖြစ်ထွန်းလာမှာ မဟုတ်ဘူး။ နှလုံးသားနဲ့ ပြောဖို့လိုတာရယ် ငြိမ်းချမ်းရေးရရှိဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံစာချုပ်ကို အသက်သွင်းပြီး ဖြေလျှော့မှုတွေဖြင့် စကားပြောရပါလိမ့်မယ်။ ဒါမှမဟုတ်ရင် ငြိမ်းချမ်းရေး ရှိုးပွဲကြည့်ရသလိုဖြစ်နေမှာ''

ပုဂံသားထံမှကြား၍ ပီတိလည်း ဖြစ်ခဲ့မိပါသည်။ ၎င်းပီတိနှင့်အတူ ပုဂံသားက ကျွန်မအား ပြောခဲ့ဖူးသော စကားကိုလည်း ပြန်လည်၍ ကြားယောင်လာမိသည်။

''ဒီကနေ့ ဆရာမရဲ့ရှေ့မှာ ဇာတ်ရပ်နှစ်ရပ်ရှိနေပါတယ်။ မြင်အောင်ကြည့်လိုက်ပါ''

ယခုအခါ ကျွန်မသည် မြင်သင့်သလောက်ကို မြင်နေရပါသည်။ ပီတိပြုံးလေးတစ်ချက်ကို ပြုံးလိုက်မိပါသည်။ ထိုအပြုံးလေးနဲ့အတူ ဖေဖေက မေမေအား ပြောခဲ့ဖူးသည့် စကားလေးကို ပြန်လည်၍ ကြားယောင်လာပါသည်။ နေရာမှားတဲ့ ပြဿနာနောက်မှာ တို့ဘဝက အဖေများလို့ မုန်းဖို့ကောင်းရခက်နေတဲ့အဖြစ်ပါလား) ထိုစကားကို ကြားရစဉ်က ဘာမှမသိခဲ့ပေမယ့် ယခုအခါ ပါးစပ်ဖျားမှ လေပူစလေးများကို မှုတ်ထုတ်နေမိတော့သည်။ ဒီကနေ့ တွေ့ခဲ့ရသည့် ဝါးတဲအိမ်သေးသေးလေးများသည် မိသားစုဝန်ကို ထမ်း၍ ပေးနေပါသည်။ သို့သော် ဘယ်လိုအိပ်စက်အနားယူကြမလဲ။ ဘာတွေကို ဘယ်လိုချက်ကာ ဘယ်လိုစားနေကြမှာလဲ။ ကျွန်မမြင်တွေ့လိုက်ရသည့် ဗိုက်ပူနံကားနဲ့ ကလေးငယ်လေးတွေရဲ့ဘဝကို မြင်ယောင်လာသည့်အခါ ဝမ်းနည်းတာတွေနဲ့အတူ ကရုဏာစိတ်လေးများသည် ကျွန်မ၏နှလုံးသားကို လှုပ်နိုးနေပါတော့သည်။ ရင်ခုန်လှိုင်းလေးများနဲ့အတူတူ သူတို့ဘဝတွေက ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဟု စဉ်းစားလိုက်သည့်အခါ ပုဂံသား၏ စကားသံသည် ကျွန်မ၏ဦးနှောက်ဆီသို့ ခေါင်းလောင်းလေးပမာ တလွင့်လွင့်တိုးခတ်လာပါသည်။

"သံယဇာတပေါကြွယ်ဝလို့ ပြည်ရွာက ချမ်းသာပါတယ်။ စေတနာမွေးသူတွေရဲ့အောက်မှာ နိုင်ငံသားတွေ မွေးနေရတာပါ"

ကျွန်မသည် ၎င်းစကားလုံးများကို ပဲတင့်ထပ်ကာ ကြားယောင်ရင်း အိပ်ယာထက်၌ စုတ်သတ်နေမိတော့သည်။

□ □ □

# စီးတော်မြင်းက စုတ်တီးစုတ်ချာ

ကျွန်မဘဝအတွက် ကျွန်မ၏ ဆုံးဖြတ်ချက်ကို အခိုင်အမာ ချထားပြီး ဖြစ်နေပါသည်။ မြင်းကမလှုပ် ခုံကလှုပ်ရမည်မှာ လည်း သေချာနေပါသည်။ ကျွန်မအား ပုဂံသားဘက်မှ စတင်၍ ချစ်ရေးဆိုလာမှုကို မိန်မသားတို့၏ သဘာဝအလျောက် မျှော်လင့် နေမိပါသည်။ အဖြေပေးရန် ကျွန်မထံ၌ အဆင်သင့်ဖြစ်နေပါ သည်။ အိုင်တင်ခံကာမူနေဖို့ပင် စိတ်မကူးဝံ့ပေ၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်မသည် သူ့အား ချစ်မိနေပြီလေ။ သို့သော် ပုဂံသား သည် ကျွန်မအား သူချစ်မိနေကြောင်းကို သူ၏မျက်လုံးဖြင့်သာ မကြာခဏဆိုသလို အရေးဆိုတတ်ပါသည်။ ဒါပေမယ့် ချစ်ရေး ဆိုဖို့ မျှော်လင့်သူသာ မောနေရပါသည်။ ကျွန်မ၏ရင်တွေ တဆတ်ဆတ်တုန်ခါနေပါသည်။ ရင်ခုန်သံနဲ့အတူ ကျွန်မ၏ရင်ထဲ စိတ်ထဲ၌ ကိုယ်အတွေးနဲ့ကိုယ် စကားပြောနေမိပါသည်။ ကျွန်မ ချစ်မိသူ ပုဂံသား၏ စိတ်ဓာတ်သည် ခွဲခြားဆက်ဆံတတ်သည့် သဘောမရှိသော်လည်း သူဘဝ သူဖြတ်သန်းပုံနှင့် လက်ရှိ ကျွန်မဘဝအတွက် စဉ်စားရင်း တွန့်ဆုတ်နေဟန်ရှိနေသည်ကို ကျွန်မသိလိုက်ရပါသည်။ ရှေ့တစ်ပတ်လောက်က ဖေဖေရဲ့ လောကသစ်မှ မိတ်ဆွေအမျိုးသမီးကြီးတစ်ဦးသည် ကျွန်မ၏ အိမ်သို့ရောက်လာပါသည်။ ၎င်းအမျိုးသမီးကြီးက ပုဂံသားသည် ကျွန်မအပေါ်အား စိတ်ညွတ်နေပုံကို အရိပ်အမြွက်ဖွင့်ပြကာ သူ၏ သဘောထားကိုလည်း ထည့်ပြောလာပါသည်။

"ဆရာမလေး စဉ်းစားနော်၊ စိတ်ကိုအလိုမလိုက်ပါနဲ့ ဆရာမလေးရယ်၊ သူ့ဘဝနဲ့ ဆရာမလေးဘဝက ခြားနားနေပါတယ်။ ဆရာမလေးရဲ့ လက်ရှိဘဝက ရွှေဘုံပေါ်မှာ စံမြန်းနေတဲ့ ရွှေမင်းသမီးလေးပါ။ ပုဂံသားရဲ့ဘဝက နန်းတော်နောက်က မြင်းချေးတိုင်ပါဆရာမ။ မတူတန်ပါဘူး စဉ်းစားနော်။ ဆရာမလေးနဲ့ ပုဂံသားကို အခမ်းအနားတစ်ခုမှာ ယှဉ်တွဲတွေ့လိုက်တယ်။ မြင်မိတဲ့ ကျွန်မလည်း ရယ်မိပါသေးတယ်။ ကျီးကန်းက ဘဲဥချီလာတဲ့ ပုံပေါက်နေလို့ပေါ့။ အဲဒီစကားတွေလာပြောရတာ သားသမီးချင်းကိုယ်ချင်းစာမိလို့ပါ။ စိတ်ကူးတော့ မယဉ်ကြည့်လိုက်နဲ့နော်"

ကျွန်မသည် ၎င်း အမျိုးသမီးကြီး၏ စကားများကို ခွန်းတုန့်မပြန်ဘဲ အပြုံးများဖြင့် နားထောင်ပေးခဲ့ပါသည်။ ထိုအမျိုးသမီးကြီး၏ စကားလုံးများကို ကျွန်မ၏ နှလုံးအိမ်မှ လူသားဆန်သည့် စိတ်အလှတရားက အနိုင်ယူနေသည်ကို ကျွန်မမှလွဲ၍ ဘယ်သူကသိနိုင်မှာလဲ[illegible] ကျွန်မသည် ပုဂံသားအား ပေးဆပ်ခြင်းနှလုံးသားလက်တစ်စုံဖြင့် ချစ်မိနေတာကို ကျွန်မကို ကျွန်မဘဲ သိဖို့လိုပါသည်။

ကိုယ်အတွေးနဲ့ကိုယ် အပြုံးကို မခိုတရို့လေး ရယ်လိုက်ကာ ကိုယ်ကိုယ်ကို ရက်ပြုံးလေးတစ်ချက်ပါထပ်၍ ပြုံးလိုက်မိပါသည်။ ထိုအပြုံးလေးနဲ့အတူတူ NLD ပါတီ၏ ခေါင်းဆောင်မှု ရွေးချယ်ခြင်း စာမေးပွဲထံ ရောက်သွားပါသည်။ NLD ပါတီတွင် စိတ်ဝမ်းကွဲ မကျေနပ်မှု ပေါက်ကွဲသံများသည် သဲ့သဲ့ညံသွားပါသည်။ သို့သော် (၂၀၁၅) စာမေးပွဲအတွက် လူထုသည် အမေထံသို့ အမှတ်တွေချစ်သွားကြမည်မှာ သေချာနေပါသည်။ အမတ်တွေ ဝန်ကြီးတွေကို ပြည်သူလူထုက မဲထည့်ကြမည် မဟုတ်ပါ။

သေချာတာကို ပြောရလျှင် အမေရှိတဲ့ NLD ကို ထည့်ကြမည့် မဲပြားများသာ ဖြစ်ပါသည်။ ထိုပွဲတော်၌ ပုဂံသားအတွက် နေရာ မဲ့သလို ပုဂံသားလို လူစားတွေအတွက် နေရာလပ်မရှိ ဖြစ်နေပါ သည်။ ပုဂံသားရဲ့ အောင်ပွဲသည် ယခုအချိန်၌ ကျွန်မထံ ချစ်ရေးဆို ခြင်းပဲ ဖြစ်ပါသည်။ သို့သော် ကျွန်မထံသို့ ချစ်သဝဏ်လွှာ မေးခွန်းက ရောက်မလာဘဲ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေချိန် ကျွန်မ သည် ဖြေဆိုခြင်းလျက် ဆိုင်းငံ့ငံ့ဖြစ်နေပါတော့သည်။

မျှော်နေရသူ ပုဂံသားသည် ပေါ်မလာဘဲ ကျွန်မထံသို့ ပုဂံသား၏ ကဗျာတစ်ပုဒ်သည် ဖေဖေ့စာအုပ်ကြားထဲမှ တွေ့ခဲ့ရ ပါသည်။ ဒီညအိပ်ယာဝင်ချိန်၌ ဖတ်ကြည့်ရန် ဆုံးဖြတ်လိုက် ပါသည်။

နောက်ဖေးခန်းအိမ်မှုကိစ္စလေးများကို ပြုလုပ်ရင်း ယခု မြင်တွေ့နေရသည့် ဖေဖေအကြောင်းသည် ကျွန်မ၏အာရုံ ဆီသို့ ထိုးနှက်လာပါသည်။ ဖေဖေသည် အိမ်၌ရှိလျှင် စာဖတ်ခြင်းဖြင့် အချိန်ကုန်နေပါသည်။ ဖေဖေသည် အရပ်ထဲရှိ ဓမ္မာရုံသို့ သွား ရောက်ခြင်းမှာ မကြုံသလောက် တွေ့နေရပါသည်။ ဖေဖေမိတ်ဆွေ ဟောင်းကြီးများအိမ်သို့ အလည်လာခြင်းကို မတွေ့ရတော့ပေ။ ဖေဖေထံသို့ လာလည်သည်မှာ ကျွန်မတို့ရဲ့ ခြံရှေ့က ရေနံညှိန်မှူး (ငြိမ်း) ဦးလှအေဖြစ်ပါသည်။ ဖေဖေသည် သူ့အိမ်မှလွဲ၍ မည်သည့်အိမ်မှ အိမ်လည်မသွားတော့ပေ။ အဲဒါတွေသည် ဘယ်လိုဖြစ်ကြတာလဲဆိုတာကို ကျွန်မသိချင်နေမိသည်။ ဖေဖေ အား တိုက်ရိုက်မေးကြည့်ဖို့အထိ မပြုလိုပါ။ ယခုအခါ ဖေဖေ တစ်ယောက် ရွှင်လန်းတတ်ကြွမှုမရှိဘဲ ငေးမှိုင်ထုံထိုင်းနေပါသည်။ ထိုဖြစ်တည်မှုသည် NLD ပါတီတွင်းက အမတ်လောင်း ရွေးချယ်

မှုပြဿနာကြောင့်ဟု ကျွန်မစိတ်ထဲ၌ ထင်မြင်မိပါသည်။ ဖေဖေကို ကျွန်မအကဲခတ်ကြည့်ရသည်မှာ NLD ပါတီ၏ အနာဂတ်အတွက် စိုးရိမ်တာဟု ကျွန်မယုံကြည်နေပါသည်။ ဘာကြောင့် ယူဆရသလဲဆိုလျှင် ဖေဖေသည် နေရာယူချင်သည့်စိတ် မရှိခြင်း ကြောင့်ဟု တပ်အပ်ပြောနိုင်ပါသည်။ ကျွန်မသည်ပင် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ တစ်ချိန်က ပုဂံသားက ကျွန်မအား ပြောခဲ့မှုသည်

"ဒီကာလမှာ ဒီဂရီအခြေအနေတွေ ဖြစ်လာတတ်ပါတယ်"

အခုတော့ တကယ်ဖြစ်လာခဲ့ပါသည်။

ညနေစောင်းအချိန် အပြာရောင်မိုးကောင်းကင်အောက်က ကျွန်မတို့၏ ခြံထဲရှိ ဒန်းစင်လေးပေါ်၌ တစ်ယောက်ထဲ ဒန်းစီးနေပါသည်။ ကျွန်မနဲ့အတူ ကောင်းကင်ထက်မှ တိမ်ပုတ်တိမ်ခဲလေးများသည် မြူးတူးပျော်ပါးဆော့ကစားနေကြပါသည်။ ဒီအတွက်ကြောင့် ကျွန်မတို့ထံ၌ နေပူလိုက် မိုးအုပ်လိုက်နဲ့ ကျွန်မ၏ အလွမ်းစိတ်ကို မညာမတာ ညွှတ်ယူဆော့ကစားနေပါသည်။ ထိုအချိန်၌ ပုဂံသားတစ်ယောက် သူ၏စီးတော်မြင်း စက်ဘီးစုတ်လေးကိုစီးကာ ကျွန်မတို့ခြံဝဆီမှ ဝင်လာခဲ့ပါသည်။ ကျွန်မ၏ ရင်တွေ တဒိတ်ဒိတ်ခုန်ကာ ပီတိလှိုင်းကလေးများသည် ပွင့်အံကျလာပါသည်။ ထိုအပြုံးလေးများနဲ့အတူ အိမ်ထဲသို့ ကျွန်မတစ်ယောက် အပြေးကလေးပြေးသွားကာ အိပ်နောက်ဖက်ရှိ သောက်ရေအေးအေးတစ်ခွက်ကို ခပ်၍ အိမ်ရှေ့သို့ ယူလာခဲ့တော့သည်။

သောက်ရေခွက်ကိုကိုင်ပြီး ထွက်လာသည်။ ကျွန်မကို တွေ့လိုက်ရသည့် ဖေဖေမှာ ကျွန်မအား အပြုံးများဖြင့် စကားပြောပြနေပါသည်။ ကျွန်မနဲ့ပုဂံသား တစ်ယောက်နဲ့တစ်ယောက် အကြည့်

တွေ့ ဆုံမိသည့်အခါ သူ၏အကြည့်များသည် အသက်ဝင်နေရာမှ သူသည် ရှက်ပြုံးလေးကိုပြုံးကာ ခေါင်းလေးကိုငုံ့၍ ဖေဖေနှင့် ဟန်မပျက် စကားဆက်ပြောနေကြသည်။ ကျွန်မသည် ဖေဖေ အနားသို့ ဝင်ထိုင်လိုက်တော့ တစ်ဆက်ထဲ လက်ထဲမှ သောက်ရေ ခွက်အား ပုဂံသားဆီသို့ လှမ်းပေးလိုက်ပါသည်။ ပုဂံသားသည် ကျွန်မအား ကျေးဇူးတင်စကားကိုဆို၍ တစ်ချိုက်ထဲ မော့သောက် ပစ်လိုက်သည်။ သောက်ရေခွက်အား ရှေ့၌ချလိုက်သည်။ သူ၏ ရှက်သလိုလို အားနာသလိုလို ဖြစ်နေသည်။ ရုပ်ပုံလွှာကိုကြည့်ပြီး ကျွန်မပြုံးနေမိပါသည်။ ထိုအချိန် ပုဂံသားသည် ဆိုင်းမဆင့် ဗုံးမဆင့် အစအဆုံးမရှိတဲ့

"ဆရာမလေးကို တောင်းပန်ပါတယ်ခင်ဗျာ"

ကျွန်မကိုယ်တိုင် ဘာရယ်မသိ အံ့သြသွားရပါသည်။ ကျွန်မ အနားမှ ဖေဖေသည် ကျွန်မကိုကြည့်ကာ မျက်လုံးကလေးများပါ ပြူးကျယ်သွားပါသည်။ ပုဂံသားထံမှ စကားသံများပင် ထစ်ထစ် ငေါ့ငေါ့ဖြင့်

"ဆရာမလေးက ကျွန်တော့်အိမ်ကို အလည်လာတာ ကျွန်တော်က ဧည့်ဝတ်မကျေပွန်ဘူးလေဗျာ"

အဲဒီအခါကျမှ ကျွန်မလည်း ဟင်းချနိုင်ခဲ့ပါသည်။ ဖေဖေ သည် အသံထွက်၍ပင် ပြုံးရယ်ပါတော့သည်။ ကျွန်မသည် ပုဂံသားအား တစိမ့်စိမ့်ပြုံး၍ကြည့်ကာ စိတ်ထဲမှ သြော်သြော် တယ်လဲ ရိုးအလှသည့် ပုဂံသားပါလားဟု ရေရွက်နေမိသည်။ ဖေဖေသည် စကားပြောနေရာမှ နောက်ဖက်ရေအိမ်ရှိရာသို့ ထ သွားပါသည်။ ကျွန်မသည် ထိုအခါပုဂံသားအား ရှေ့တည့်တည့်မှ စေ့စေ့ကြည့်ကာ ရှင်ရဲ့ဒိုင်ယာရီစာအုပ်ထဲမှာ ကျွန်မဖတ်လိုက်ရ ပါတယ်။ ဘာတဲ့ သြော် ...

အချစ်ကို ခေနနဲ့ တိုင်းထွာတဲ့ လောကကို
မုန်းပါရစေ။
အချစ်ကို ပညာနဲ့ တိုင်းထွာတဲ့ လောကကို
မုန်းပါရစေ။
အချစ်ကို ဂုဏ်ဒြပ်နဲ့ တိုင်းထွာတဲ့ လောကကို
မုန်းပါရစေ။
အချစ်ကို နားလည်မှုနဲ့ ချည်လို့
အချစ်ကို နွေးထွေးမှုနဲ့ ချည်လို့
အချစ်ကို မေတ္တာနဲ့ ချည်ပါရစေ
ကျွန်တော်အဖြစ်က အချစ်ကို ဖွင့်ဟဖို့
ကွာဟချက်က ရှိနေတော့
ဆရာမလေး …။

အဲဒါဘယ်က ဆရာမလေးကို ပြောတာလဲဟု ဒွဲတိုးအိုး ပေါက်မေးပစ်လိုက်သည့်အခါ ပုဂံသားသည် ခေါင်းလေးငုံ့ကာ ရှက်နေသည်ဟန်ကို တွေ့ရသည်။ ထိုအခါ ကျွန်မကျိတ်၍ ပြုံး လိုက်မိပါသည်။ သူ၏ ဒူးခေါင်းတွေ တဆတ်ဆတ်တုန်နေတာ ကိုပါ တွေ့လိုက်ရ၍ ကျွန်မ၏ မျက်လုံးလေး ဝိုင်းပသွားသည်။ သူ၏လက်ဖျားများသည် တစ်ဖက်နဲ့တစ်ဖက် ပွက်တိုက်နေသည်။ ထိုအချိန်၌ ဖေဖေသည် အနီးအနားသို့ ရောက်အလာ ပုဂံသားသည် ခေါင်းကြီးငုံ့ထားလျက် အသံတွေ ကတုန်ကရင်ဖြင့်

"ကျွန်တော့် အားနာပါတယ် ဆရာမလေးရယ်၊ ဆရာမလေး ကို မချစ်မိဖို့ ကြိုးစားပါတယ်ခင်ဗျာ။ ဒါပေမယ့် ဆရာမလေးကိုမှ ချစ်မိနေတာကို တားမရဘူး ဖြစ်နေတယ်ဗျာ"

ဖေဖေသည် ပြုံးဆတ်ဆတ်ဖြင့် ဝင်ထိုင်ကာ

"တားမရလည်း ချစ်လိုက်ပေါ့ ပုဂံသားရယ်"

"ခင်ဗျာ"

ဆိုတဲ့ အာမေဋိတ်သံနဲ့အတူ သူ၏လက်အုပ်ကလေးကိုချီကာ

"တောင်းပန်ပါတယ် ပါမောက္ခကြီးခင်ဗျာ"

ဆိုသည့် သူ၏တောင်းပန်နေသည့် ရုပ်ပုံလွှာလေးသည် ကျွန်မ၏ ရင်ထဲ၌ တစ်သက်တာ မမေ့နိုင်ဖြစ်နေပါတော့မည်။ ထိုအခါ ဖေဖေသည် အချိုသာဆုံးအပြုံးတွေကို ဝေဖြာလျက်

"အန်ကယ်သမီးလည်း မင်းလိုပါဘဲ ပုဂံသားရေ၊ မင်းတို့လို လူပျိုကြား အပျိုတွေကြား ကြားလူဖြစ်တဲ့ အဖေကဘဲ ပေါင်းကူးတံတားထိုးပေးရတာပေါ့"

ဟု ပြောပြောဆိုဆို အိမ်ရှေ့ခြံထဲဆီသို့ ထသွားပါတော့သည်။

ဖေဖေရဲ့သားသမီးများအပေါ် အလိုက်သိမှုသည် ကျွန်မအတွက် အားဖြစ်ခဲ့ရပါသည်။ လငပုတ်ဖမ်းခံလိုက်ရသည့် ပုဂံသား၏ မျက်နှာပြင်သည် ထိန်လင်းဝင်းပ၍ လာပါသည်။ ကျွန်မ၏ ရင်ခုန်သံ၊ ကျွန်မ၏ ပျော်ရွှင်မှုသည် နှိုင်းမရစွာ ပြုံးပျော်နေမိပါသည်။ တစ်ယောက်နဲ့ တစ်ယောက်ဟာ ရက်ခြင်းသဘောလေးများကို ဖြေပျော့ကာ ချစ်သူတို့၏ ဆော့မြူးကြတဲ့ မျက်လုံးကလေးများဖြင့် ချစ်ရေးကစားရင်း တရားဝင်ချစ်သူများ ဖြစ်ခဲ့ကြပါတော့သည်။ သူ၏ကိုယ်ကျင့်သိက္ခာတရားသည် အံ့သြစရာအဖြစ် ခံစားလိုက်ရပါသည်။ သူသည် ကျွန်မအား ကျွန်မဆန္ဒမပါဘဲ ကျွန်မ၏ ဆံကေသာစလေးများသည်ပင် ကိုင်တွယ်ဖို့ ကြိုးစားမည့်သူ မဟုတ်ပါ။ ဒီအတွက်ကြောင့် ကကယ့်ကို အထင်ကြီးလေးစားခဲ့မိပါသည်။ တကယ်ကို လူသားဆန်သူ၊ အကျင့်သီလကို လိုက်နာ

ကျင့်သုံးသူပါလားဟု တွေးကြည့်ရင် ပီတိဖြာတဲ့အပြုံးလေးကို ထိတွေ့ခံစားလိုက်ရသည်မှာ ကျွန်မ၏ ရင်ထဲ၌ ဖိုးလမင်းကြီးသည် ထိန်ထိန်သာ၍ နှလုံးသားရင်ပြင်ပေါ်မှာ လှိုင်းကြက်ဖလေးများသည် တဖြတ်ဖြတ်လာလပ်လပ် ဖြစ်သွားပါသည်။ ထိုအချိန်၌ ကျွန်မရှေ့မှ ပုဂံသားသည် ဆတ်ခနဲမတ်တတ်တရပ်ကာ

"ဆရာမလေးခင်ဗျာ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦးနော်"

ဟု နှုတ်ဆက်စကားဆိုလာပါသည်။ ကျွန်မသည် သူ့ထက် မရှက်နိုင်ပါ။ သူ့ထံမှ သူ၏ဖုန်းနံပါတ်ကို တောင်းယူလိုက်ပါသည်။ သူလှမ်းပေးလိုက်သည့် လက်ဖဝါးလေးကို ဆုတ်ကိုင်လိုက်မှ သူသည် ကျွန်မလက်ဖျားလေးကို နူးညံ့စွာကိုင်တွယ်ကာ

"ကျွန်တော်ရဲ့ အချစ်ကို လက်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ တစ်သက်မှာ တစ်ခါပဲ ချစ်သည့်စိတ်နဲ့ ချစ်သွားပါမယ် ညီမလေး"

ဟု ပြောရင်း သူ၏အပြုံးလေးဖြင့် ပြုံး၍ နှုတ်ဆက်ကာ ထွက်သွားပါသည်။ သူ၏ကျောပြင်ကြီးကို ငေးကြည့်ကာ ကျွန်မ၏ရင်တွေ တဒိတ်ဒိတ်ခုန်လို့ ပီတိဖြာကာ ငေးကြည့်နေရာမှ ချစ်သူမောင် ပူပူနွေးနွေးလေးကို မျက်စိတဆုံး ငေးကြည့်နိုင်ရန် ပြတင်းပေါက်ဆီသို့ အပြေးကလေးထသွားလိုက်ပါသည်။

ပုဂံသားသည် အားနာသည့်အပြုံး၊ ရှက်နေသည့်ဟန်ဖြင့် ဖေဖေအား ဂါဝရပြုနှုတ်ဆက်နေပါသည်။ ဖေဖေသည် ပန်အိုးထဲသို့ ရေလောင်းရင်း ချိုသာဆုံးအပြုံးများဖြင့်ပြန်၍ နှုတ်ဆက်လိုက်ပါသည်။ ဖေဖေ့အနားမှ သူ၏စီးတော်မြင်း စက်ဘီးစုတ်လေးကို တွန်းသွားကာ ပြန်သွားပါတော့သည်။ ချစ်သူမောင် ပုဂံသား၏ ကျောပြင်ကြီးကို ငေးကြည့်ရင်း ရန်ခုန်သံတွေပဲ့တင်ထပ်ကာ ရင်ဖိုနေတော့သည်။

ထုံစံအတိုင်း ထမင်းစားပြီးအချိန် ကျွန်မတို့သားအဖ တီဗွီကြည့်နေစဉ် ပုဂံသားအား မေးမြန်ခန်းတစ်ခု ပါလာပါသည်။ သတင်းထောက်၏အမေးက (၂၀၀၈) အခြေခံဥပဒေကို ဘယ်လိုမြင်ပါသလဲ။ ၎င်းမေးခွန်းအား ပုဂံသားဖြေလိုက်သည်မှာ (၂၀၀၈) အခြေခံဥပဒေသည် ဒီမိုကရေစီကဗ္ဗလာစကို ခြုံလွှားထားပြီး ကျည်ပေါက်ရာတွေ ဗလပွနဲ့ ပြည့်နက်နေသည် ဥပဒေစာအုပ်တစ်အုပ်အဖြစ် မြင်မိပါခင်ဗျာ။ နားထောင်လိုက်ရသည့် ကျွန်မရင်ထဲ၌ အံ့ဩတုန်လှုပ်ခဲ့ရပါသည်။ ဖေဖေသည် နှုတ်မှ "အားပါးပါး" ဟု အသံထွက်၍ အံ့ဩသွားသည်ကို တွေ့လိုက်ရပါသည်။ ထိုအံ့ဩမှုနဲ့အတူ ဖေဖေက "မှန်လိုက်တာ သမီးရေ အတိုဆုံးနဲ့အထိမိဆုံး" ဟု ကျွန်မအား ထောက်ပြပေးပါသည်။ ဖေဖေကို ကြည့်လိုက်၍ တွေ့ရသည်မှာ အင်အားတွေပြည့်ဖြိုး၍ ပီတိအပြုံးတွေ ဖြာကျနေပါသည်။

ကျွန်မသိလိုက်ရပါသည်။ ကျွန်မ၏ ဖေဖေထံသို့ ဘဘငြိမ်းတို့အုပ်စု အလည်မလာခြင်းအကြောင်းတွေ ဆက်ဆံရေး ဟသွားတာတွေ ဖေဖေက ဓမ္မာရုံသို့ မသွားတော့သည်မှာ အယူအဆသဘောထားများက ခြားနားသွားပြီး ဖြစ်ပါတယ်။ ဖေဖေသည် ယခုရှိနေသည် ဘဝကိုပို၍ ခံမင်ပျော်ရွှင်နေသည်ကို သိလိုက်ရပါသည်။ ကျွန်မ၏ စိတ်ထဲမှပင် ဖေဖေအား ကျေးဇူးတင်စကားကိုဆို၍ ကျွန်မ၏ အိပ်ခန်းဆီသို့ လျှောက်လာပါတော့သည်။

ကျွန်မသည် အိပ်ခန်းထဲရှိ ပန်းမွှေ့ယာ ကုတင်ထက်ဆီသို့ လဲချလိုက်ပါသည်။ ထိုအခါ ကျွန်မ၏ အသိအာရုံဆီသို့ ချစ်ရေးမဆိုဝံ့သည့် ပုဂံသားကို မိန်းမတို့၏အိမ်ခြေလေးကို ခွာချကာလမ်းဖွင့်ပြမှ လျှောက်လာဝံ့သည့် ပုဂံသား၏ ချစ်ခွင့်ပန်ခြင်းဟန်

သည် ကျွန်မဘဝတစ်လျှောက်မှာ ထာဝရစိုးမိုးနေတော့မည် ဖြစ်ပါသည်။ ထိုအတွေးစလေးများနဲ့အတူ ပြုံးလိုက်မိပါသည်။ ပုဂံသား၏အသိစိတ်တစ်ခုကို ကျွန်မသိလိုက်ရပါသည်။ သူသည် လူသားဆိုင်ရာ လွတ်လပ်ခွင့်ကို လေးစားတန်ဖိုးထားသူ ဖြစ်နေပါသည်။ မိန်းမသားတစ်ဦးသည် ယောကျ်ားတစ်ဦးအတွက် အဆင်တန်ဆာမဟုတ်ဘူး။ ပြုံးတော်ခံ မဟုတ်ဘူး။ ကျွန်အလုပ်သမား မဟုတ်ဘူး။ မိန်းမသားတစ်ဦး၏ မာန်နဲ့ဟန်၏ တန်ဖိုးရှိနေသည်ကို အသိအမှတ်ပြု တန်ဖိုးထားသည့် ပုဂံသားဟာ ကျွန်မကို သူကဆွေးနွေးဖော် ညှိနှိုင်းဖက် အပြန်အလှန်လေးစားမဲ့ ပုဂံသားဖြစ်မည်ဟု ယုံကြည်ပါတယ်။ ကျွန်မကို နှိပ်စက်အနိုင်ကျင့်မဲ့ယောကျ်ားမဟုတ်ပါ။ လေးစားတန်ဖိုးထား ချစ်မြတ်နိုးမဲ့ ပုဂံသားဟု စိတ်ထဲ၌ အားရပါးရ ကြုံးဝါးပစ်လိုက်ပါသည်။ ကျွန်မကိုကျွန်မပြန်လည်၍ ဆန်းစစ်ကြည့်လိုက်သည့်အခါ ပျော်ရွှင်စရာပီတိလှိုင်း လုံးလေးများပေါ်ဝယ် ချစ်ရေယာဉ်ကြီးစီးကာ လူးကာလိမ့်ကာ ပြုံးရယ်မိချိန် ကျွန်မတို့နားက ရပ်ကွက်စုလေးဆီမှလော်စပီကာစက် ဖွင့်လိုက်သည့် အသံကြောင့် ကျွန်မ၏ရင်ထဲအထိတ်တလန့်ဖြစ်ကာ အတွေးစများ ပြတ်တောက်သွားခဲ့ပါသည်။ ထိုအတွေးကိုပဲ ကိုယ်က ပြုံးလိုက်ရင်း ပုဂံသားပြောခဲ့ဖူးသည့်စကားကို ကြားယောင်လာမိသည်။ (ကိုယ့်အခွင့်အရေးလို ယူဆထားသည့် အကြောင်းတရားသည် အနီးအနားမှ တခြားသူရဲ့အခွင့်အရေးဆိုတာလည်း ရှိနေပါသည်။ အခုတော့ တိတ်ဆိတ်ငြိမ်သက်ရမည့် အချိန်၌ မညှာမတာလှုပ်နှိုးလိုက်သည့် ၄င်းစက်သံကြောင့် ကျွန်မလို့ခံစားသူတွေ ရှိနေကြမှာပေါ့။ စုတ်သတ်ကာပုဂံသား၏ ကဗျာကိုဖတ်ရန် စိုင်းပြင်းလိုက်တော့သည်။

## ဒါတကယ်လား

ဓာတ်ခုံပေါ်မှာ ကကွက်ခြေရာအထပ်ထပ်
ခေါင်းပေါင်းစကိုညာချ ဘီလူးပြဓာတ်တစ်ပုဒ်
အစွယ်ကို ဖြတ်လိုက်ပါ့
ခြေသည်းလက်သည်းညှပ်လို့
အဲဒါတွေဟာ
ဘူဂဏန်း၏ ကကွက်ကကြိုးအောက်
ဒီဓာတ်လမ်းရဲ့ ဒီဓာတ်မင်းသားတွေ
သူပိုင် ငါပိုင် ဓာတ်တိုက်ကြ
သူယူ ငါယူ ဓာတ်ခင်းကာ
အဲဒါတွေဟာ
သွေးပင်လယ်ပေါ်က
သားသတ်ပွဲ နွဲကြဆဲပေါ့။

အင်အားမဲ့မဲ့ ပြည်ဝမ်း
ခွန်အားမဲ့မဲ့ ပြည်တံခါး
ငိုးကြွေးချိန့် အလှပျက်တဲ့ ပြည်စံအိမ်
အဲဒါတွေဟာ
မာယာခုနှစ်ထွေ ရစ်သီထားတဲ့
အလှမဲ့ ဓာတ်ရုံကြီးပဲပေါ့။

ငိုသံတွေ ဆွဲလွဲတဲ့ဘဝ
ရယ်သံတွေ ခန်းခြောက်တဲ့ ပြဓာတ်
ခိုညည်းသံတွေ ရစ်ဆိုင်းသီကုံးထားတဲ့ ဓာတ်လမ်း

မောရှိုက်ငိုကြွေး နေခြည်စတစ်စ
အလှမဲ့ ဓာတ်ရုံကြီးရှေ့ ငိုလို့ပေါ့နော်။

အခုတော့
ဟော- ပွင့်လာသလိုလို
အခုတော့
ဟော- လင်းသာသလိုလို
အခုတော့
ဟော- ချိမ်းလာသလိုလို
အခုတော့
ဟော- သာယာလာသလိုလို
အခုတော့
ဟော- ယားလာသလိုလို
ဒါတကယ်လား
ဟာတစ်တစ်စို့တော့တော့ကြီးပေါ့ …။

**(ပုဂံသား)**

ထိုကဗျာအား သုံးခေါက်လောက် ဖတ်ကြည့်လိုက်ပါသည်။ သို့သော် ကျွန်မသည် ကဗျာ၏ သဘောတရားကို ပြည့်ဝစွာ နားမလည်ပေမယ့် သိလိုက်ရသည်မှာ ထိုကဗျာသည် ကျွန်မတို့၏ အမိရပ်ပုံလွှာကို သူ၏ မြင်ပုံ၊ တွေးပုံ၊ ယူဆပုံတို့ကို ရေးခြယ်ထားခြင်းဟု ခံစားမိတော့သည်။ ချစ်သူမောင် ပုဂံသား၏ ကဗျာကို ဖတ်ရှုခံစားရင်း ဘယ်အချိန်မှ အိပ်ပျော်သွားသည်ကိုပင် မသိတော့ပေ။

□ □ □

## ချစ်သူမောင်နဲ့ ပန်းတော်ကုံး

ကျွန်မနှင့် ပုဂံသားတို့ ချစ်သူသက်တမ်း တစ်ပတ်အကြာ နံနက်အရုဏ်တက်ချိန်တွင် သုံးလူထွတ်ထိပ်ဗုဒ္ဓရှင်တော် မြတ်ဘုရားအား ရည်းစူးကာ ဆွမ်း၊ ရေချမ်း၊ ဆီမီးနဲ့ နံ့သာတို့အား အိမ်၏ ဘုရားကျောင်းဆောင်တော်၌ ကပ်လှူလိုက်ပါသည်။ ထိုကောင်းမှုအား ကျွန်မ၏ ဖခင်မိခင်နှစ်ပါးနဲ့အတူ ပုဂံသားရယ်သူ၏ မိခင်ဖခင်များအတွက်ပါ မေတ္တာပို့ ဆုတောင်းပေးလိုက်ပါသည်။

အိမ်ရှေ့မြက်ခင်းပြင်ရှိ ဒန်းလေးဆီသို့ ကျွန်မထွက်လာခဲ့ပါသည်။ အထက်မိုးကောင်းကင်ဆီသို့ မော့ကြည့်လိုက်သည့်အခါ ဖျော့တော့တော့ အလင်းရောင်နဲ့အတူ ဝေဟင်မှာ ဆော့ကစားနေကြသည့် ကျေးငှက်အပေါင်းတို့က လူသားထုတစ်ရပ်လုံးကို လှုပ်နိုးနေပါသည်။ ကျေးငှက်ကလေးများ၏ တေးဆိုသံအောက် ကျွန်မတစ် ယောက်တည်း ဒန်းစီးရင်း နံနက်ခင်း၏ ကောင်းကင်ရဲ့ အလှကို မော့ကြည့်နေမိသည်။ နွေဦးရာသီအစ ကောင်းကင်ယံ ထက်ဝယ် တိမ်ပန်းချီလွှာလေးများ၏ ပွတ်တိုက်ဆော့ကစားနေတာကို တွေ့ရသည်မှာ ကျွန်မ၏စိတ်တွေ အရင်ထက်မတူ ပို၍ပင် သာယာကြည်နူးဖွယ် ကောင်းနေပါသည်။ ကျွန်မ၏လက်ထဲမှ ကဗျာသည် ဖေဖေမိတ်ဆွေတစ်ဦးက ဖေဖေအားလာပေး၍ ဖတ်

ချင်နေမိသည်။ ထိုကဗျာအား ဖွင့်ဖတ်ဖို့ စိုင်းပြင်းလိုက်သည့်အခါ ကျွန်မ၏ မျက်လုံးများ ပြူးကျယ်သွားရပါသည်။ ဘာကြောင့်လဲ ထိုကဗျာရှင်သည် ကျွန်မ၏ချစ်သူမောင် ပုဂံသား၏ ကဗျာပင် ဖြစ်နေပါသည်။

## ပြေးလျက်

အမေလို့ ခေါ်ကြပါတယ်
ရဲရဲထ ကြွေးကြော်ခဲ့ကြလို့
လက်ခုပ်သံတွေ ဆူညံမဲ့
တဖြောင်းဖြောင်း ပွဲတင်ထပ်လို့
ဒါပေမယ့်
ဝမ်းနည်းစရာမြင်ကွင်း
သူနဲ့ငါ လုကြ၊ ထိုးကြ
ပြီးတော့ အမေမရဲ့နောက်
နှလုံးသားထဲက မောင်းထုတ်ကြပေါ့။

ငါတွေ့လိုက်ရသည့် မြင်ကွင်း
ရဲရဲထ မီးပူကြွကြွ
ငါ့မျက်လုံးတွေ ပွတ်ကြည့်လိုက်တော့
ဒေါင်းတံဆိပ်က ရင်ဘတ်မှာ ကိုယ်စီထိုးလို့
ငါမကြည့်ချင်တာက
ငါတွေ့လိုက်ရတဲ့
ဒေါင်းစိတ်ပျောက်တဲ့ စိတ်ဓာတ်ပေါ့။

အခုတော့
လက်ခုပ်တီးပါတယ်
နှလုံးသားထဲက မောင်းထုတ်ကြ

အခုတော့
ဒေါင်းတံဆိပ်ကို ထိုးပါတယ်
ဒေါင်းစိတ်တွေလည်း ပျောက်ခဲ့ကြ။

အဲဒါ ငါမပါဖို့
အဲဒါ ငါမလုပ်ဖို့
ငါထံ၌ နိုင်ငံရေးသရဏဂုံတင်စို့။

**(ပုဂံသား)**

ကျွန်မသည် ထိုကဗျာအား အပြုံးများဖြာကြလျက် နံနက်ခင်း၏ အလှတရားအောက်မှာ ထပ်ထပ်ကာ ဖတ်ကြည့်နေတော့သည်။ ထိုနေ့က ဖေဖေမိတ်ဆွေနဲ့အတူ ၄င်းကဗျာကိုဖတ်ရင်း နှစ်သက်စွာ ပြုံးနေသည့် ဖေဖေ၏ဟန်ကို မြင်ယောင်လာမိသည်။

၄င်းကဗျာသည် ရိုးရှင်းပြီး ထိရှလှပါသည်။ မုန်းတီးစိတ်နဲ့ ရေးခြယ်ထားခြင်းမဟုတ်ပဲ ဖြစ်စဉ်ကို ကဗျာသံဖြင့် မွမ်းမံထားခြင်းဖြစ်ပါသည်။ ကျွန်မသည် နိုင်ငံရေးသမားမဟုတ်ပါ။ သို့သော် ကိုယ့်အရိပ်ကို ကိုယ်တိုင်မနင်းမိဖို့ လိုပါတယ်။ ဘဝတွေ အသက်ပေါင်းများစွာနဲ့ မွေးဖွားဝိုင်းရံထားသည့် ပြည်သူ့ပါတီကြီး ဖြစ်ပါသည်။ ဒါကြောင့် ကျွန်မတို့တစ်တွေဟာ မိမိပါတီကို တန်ဖိုးထားစောင့်သိဖို့ လိုပါသည်။ နှစ်ငါးဆယ်မှာ တစ်ခါပင် ပေါ်ပေါက်ခဲ့လှ

သည့် ခေါင်းဆောင်ကောင်းတစ်ဦးနှင့် ကြုံတွေ့ခွင့်ရတာရယ်၊ အတူတကွ နိုင်ငံအတွက် လုပ်ကိုင်ခွင့် ရရှိထားသည့် ဆုလာဘ်ကို ချမနင်းဘဲ သစ္စာရှိဖို့ လိုအပ်သည်မှာ အထူးသတိပြုဖို့ ပြောပါရစေ။ မကြည်ညိုလျှင် ရပါတယ်၊ မနှောင့်ယှက်ဖို့ လိုပါသည်ဟု ကျွန်မယူဆနေမိသည်။ ကျွန်မဖတ်လိုက်ရသည့် သတင်းစာဆရာ ဟံသာဝတီ ဘဘဦးဝင်းတင်၏ ဆောင်းပါးထဲမှ နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားတိုင်း စောင့်စည်းရမည့် နိုင်ငံရေးကျင့်ဝတ်ကို ဖွင့်ဆိုသွားခဲ့ပါတယ်။ (နိုင်ငံရေးပါတီ အဖွဲ့အစည်း နိုင်ငံရေး လုပ်ငန်းစဉ် နိုင်ငံရေးသမားဟာ လူထုကို ဦးထိပ်ထားရမယ်။ လူထုကောင်းကျိုးကို သယ်ပိုးရမယ်။ လူထုရဲ့ ဒုက္ခဆင်းရဲတွေကို ဖြေရှင်းရမယ်။ လူထုသာအမိ လူထုသာအဖ နိုင်ငံရေးသရဏဂုံကို တည်ဆောက်ရမယ်။ လူထုကို နိုင်ငံရေး ရှေ့ဆောင်ရမယ်။ ဒါဟာ နိုင်ငံရေးပါတီ အဖွဲ့အစည်းနဲ့ နိုင်ငံရေးသမားတိုင်းရဲ့ နိုင်ငံရေးကျင့်ဝတ်သိက္ခာပါဘဲ) ကျွန်မသည် ထိုစာပိုဒ်အား အလွန်အမင်းနှစ်သက်ခဲ့ပါသည်။ ချစ်သူမောင်ပုဂံသားတစ်ယောက် လေးစားတန်ဖိုးထားသည့် ဘဘကြီးအား ကျွန်မသည် တွေ့ဖူးဆုံဖူးချင်ပါသည်။ အခုတော့ စိတ်ကူးပင် ယဥ်နိုင်ခွင့်မရှိတော့ပေ။

ထိုအချိန်၌ ချစ်သူမောင်ပုဂံသားတစ်ယောက် ခြေလျင်လျှောက်ကာ အပြုံးတွေဝေဖြာလျက် ကျွန်မ၏အနားသို့ ရောက်လာပါတော့သည်။ သူ၏ရင်ထဲက အလှတရားများသည် သူ၏မျက်ဝန်းပေါ်မှ ထင်ဟပ်ပြနေပါသည်။ သူ၏အပြုံးတွေသည် ကျွန်မ၏နှလုံးအိမ်ကို လှုပ်ခါနိုးထနေပါသည်။ ကျွန်မတို့ချစ်သူနှစ်ဦး ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်မည်ဖြစ်၍ ကျွန်မ၏ချစ်သူမောင် ပုဂံသားသည် လယ်ဂတုံးအဖြူနဲ့ ပလေကပ် အပြာ

ကွက်စိပ်လေးကို ဝတ်ဆင်ထားပါသည်။ အရင်ထက်မတူ သူ၏ ဝတ်စုံလေးအား လက်မှီးပူလေးဖြင့် ထိုးထားသည်ကို တွေ့လိုက်ရသည်။ ကျွန်မ၏အနားသို့ ရောက်လာသည့် ပုဂံသားသည် အပြုံးတွေ ဝေဖြာလျက်

"ညီမလေး ကောင်းကင်ရဲ့ သာယာပုံကို ကြည်နူးနေတာလား။ ပါမောက္ခကြီးရော နေကောင်းရဲ့လား"

သူ၏ လောကွက်စကားသည် တုံး၍တိုပြတ်လှ၏။ ရိုးသားလှသည့် ပုဂံသားသည် ဒီနေရာ၌ တုံးအသည်ကို တွေ့ရပါသည်။ ကျွန်မသည်ပို၍ပင် သဘောကျကာ ပြုံးလိုက်မိပါသည်။

ကျွန်မတို့ ချစ်သူနှစ်ဦးသည် အပြုံးကိုယ်စီဖြင့် အိမ်ထဲသို့ အတူ ဝင်လာခဲ့ကြသည်။ ထိုအခါ ဖေဖေအား ဘုရားကျောင်းတော်ရှေ့၌ ဝတ်ပြုနေသည်ကို တွေ့ရပါသည်။ ဖေဖေ ဘုရားဝတ်ပြုပြီးသည်အထိ ဖေဖေအနား၌ကပ်၍ ထိုင်စောင့်နေပါသည်။ ဖေဖေ တစ်ယောက် ဘုရားဝတ်ပြုပြီးသည့်အခါ ဖေဖေသည် အပြုံးဖြင့် နှုတ်ဆက်ကာ

"သားနဲ့သမီး ဘုရားရောက်ရင် ဖေဖေအတွက် အလှူငွေကို အလင်းရောင်အတွက် ထည့်လှူပေးပါ"

ကျွန်မနဲ့ပုဂံသားသည် တပြိုင်နက်ထဲ

"ဟုတ်တဲ့ ဖေဖေ"

ဟု ပြောလိုက်မိပါသည်။ ထိုအခါ အပြုံးတွေကိုယ်စီ ဝေဖြာသွားကြသည်။ ကျွန်မသည် ဖေဖေအား

"နေလယ်စာပြင်ဆင် ထားခဲ့ပြီးဖြစ်ကြောင်းနဲ့ ဖေဖေယခု ဘာစားမလဲဟုမေးကာ သမီးဘာစီစဉ်ပေးရမလဲ"

ဟု ခွင့်တောင်းလိုက်ပါသည်။ ဖေဖေသည် သူ၏လက်ကလေးကို ခါယမ်းကာ

"သားနဲ့သမီးတို့ ဖေဖေအတွက် နောက်ဆံမတင်းပါနဲ့၊ စိတ်ဖြောင့်ဖြောင့်သာ သွားကြပါကွယ်။ နံနက်စာကို ဖေဖေသူငယ်ချင်းနဲ့ လက်ဖက်ရည်ဆိုင်ကို သွားဖို့ချိန်းထားပြီးပြီးသား။ သမီးတို့သာ နေမပူခင်သွားကြ"

ဟု ပြောလိုက်ပါသည်။ ဖေဖေကို ကျေးဇူးတင်အပြုံးလေးကို ပြုံး၍ ကျွန်မတစ်ယောက်ထဲ ကျွန်မ၏အိပ်ခန်းဆီသို့ ဝင်လာပြီး မိန်းမသားတို့၏သဘာဝ အလှဆုံးဖြစ်အောင် ပြင်ဆင်လိုက်ပါသည်။

ဧည့်ခန်းဆီသို့ အလှဆုံးပြင်ဆင်ကာ ထွက်လာပါသည်။ ကျွန်မ၏ ပျော်ရွှင်မှုနဲ့အတူ တက်ကြွလန်းဆန်းနေသည်။ ကျွန်မကို ဖေဖေသည် ဧည့်ခန်းမှထိုင်ကြည့်ကာ အသက်ဝင်တောက်ပသော အပြုံးတစ် ချက်ကို ပြုံးပြကာ ပုဂံသားအား

"သားရေ သမီးကိုတော့ သေချာဂရုစိုက်ပေးပါ၊ တစ်ယောက်တည်းဆို ဝေးလံတဲ့ခရီး သွားဖူးတာမရှိဘူး"

ဟု သမီးကိုချစ်တဲ့ ဖခင်တစ်ဦး၏ စိုးရိမ်စိတ်ဖြင့် သတိပေးစကားကို ဆိုလိုက်ပါသည်။ ပုဂံသားသည် သူ၏ဦးခေါင်းလေးကို ညိမ့်ကာ

"ဟုတ်ကဲ့ ဖေဖေ စိတ်ချပေးပါ ခင်ဗျာ"

ဟု ကတိစကားပြုလိုက်ပါသည်။

ကျွန်မတို့ ချစ်သူနှစ်ဦး ဖေဖေအား နှုတ်ဆက်ကာ အပြုံးကိုယ်စီဖြင့် အိမ်ထဲမှ ထွက်လာခဲ့ကြသည်။ (FMI) အိမ်ယာဝင်း၏ မိန်းလမ်းမပေါ်အရောက် တက္ကစီးအငှားယဉ်တစ်စီးသည် ကျွန်မတို့ရှေ့တည့်တည့်၌ ထိုးရပ်လာပါသည်။ ကားဆရာသည် ပုဂံသား၏ မိတ်ဆွေဖြစ်နေပါသည်။ ဒါကြောင့် ကားရပ်၍ နှုတ်

ဆက်ကြပါသည်။ ထိုအငှားယာဉ်ကားလေးဖြင့် ဈေးစကား မပြောဘဲ စီးလာခဲ့ကြသည်။ ဒါပေမယ့် ပုဂံသားသည် သူ၏ အိပ်ကပ်ထဲမှ ၅၀၀၀ ကျပ်တန် ငွေစက္ကူတစ်ရွက်ကို ကားခအဖြစ် ထုတ်ပေးလိုက်ပါသည်။ ယူထားရန်လည်း တိုက်တွန်းစကားကို ပြောဆိုလိုက်ပြန်၏။

ထိုကားလေးပေါ်၌ ကားဆရာနဲ့ ပုဂံသားတို့ ကားမောင်းရင်း နိုင်ငံရေးစကားဝိုင်းလေး ဖြစ်နေသည်။

ကားဆရာက

"ပုဂံသားရေ ဘာကြောင့် ပဋိပက္ခတွေကို အဆုံးမသတ်ဘဲ မြဲထားနေရတာလဲ။ ဖြစ်စဉ်တွေကိုကြည့်ရင် နိုင်ငံရဲ့ အနာဂတ်ထိ စိုးရိမ်ဖွယ်ရာ တွေ့ရတယ်။ (၁) လူမျိုးရေးပဋိပက္ခတွေ (၂) ဘာသာရေးပဋိပက္ခတွေ (၃) ပြည်တွင်းငြိမ်းချမ်းရေးကိစ္စ (၄) တရားဥပဒေကင်းမဲ့မှု ပုံသဏ္ဍာန်တွေ၊ အဲဒါတွေဟာ ဘာကြောင့် အသွင်ကူးပြောင်းရေးကာလမှာ ဖြစ်တည်နေရတာလဲ"

ဟု မေးလာပါသည်။

ပုဂံသားက

ယနေ့ NLD ပါတီ၏ နိုင်ငံရေးကြွေးကြော်သံ သုံးခုရှိပါတယ်။ (၁) တရားဥပဒေ စိုးမိုးရေး၊ (၂) ပြည်တွင်း ငြိမ်းချမ်းရေး (၃) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့ ဖြစ်ပါတယ်။ ၄င်းရပ်တည်ချက်တွေဟာ NLD ပါတီ၏ ယနေ့ နိုင်ငံရေး ကတိစကားဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံး နီးနီးက လည်း ထောက်ခံခဲ့ပါတယ်။ ဒီတော့ဗျာ ကျွန်တော်တို့တစ်တွေက နိုင်ငံရေးကို အနာဂတ်ကာလအထိ ကြိုတင်ခန့်မှန်းတွက်ချက် ကြည့်တတ်ရပါမယ်။ ဒါကြောင့်ပဲ ဆရာရေ အဲဒီသဘောတရား တစ်ခု၏ ထွက်ပေါ်လာတဲ့ ရလဒ်များအဖြစ် ယူဆပါတယ်ခင်ဗျာ"

ပုဂံသား၏ စကားအဆုံးမှာ ကားဆရာသည် ကားမောင်းရင်း ပြုံးလိုက်ကာ

"ဒါဆိုရင် လာမည့် (၂၀၁၅) ရွေးကောက်ပွဲမှာ နိုင်မယ်လို့ NLD ဘက်က ဆိုလိုတာပေါ့နော်"

ဟု ရိသဲ့သဲ့ မေးလာပါသည်။

ပုဂံသားက

"နှစ်ငါးဆယ်ကျော် ခါးဆီးပြီး ခံခဲ့ရတဲ့ရလဒ်ကပဲ ပြည်သူလူထုသည် NLD ပါတီကို မဲပေးကြပါလိမ့်မယ်။ ဒါပေမယ့် ကားဆရာရေ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကြီးဖြစ်ရင်ပေါ့"

ဟု ခိုင်မာစွာ ထောက်ပြလိုက်ပါသည်။

ကားဆရာသည် ရိသဲ့သဲ့အပြုံးတစ်ချက်ကိုပြုံး၍

"ဟုတ်ပါ့မလား ပုဂံသားရေ၊ ယခု NLD ပါတီတွင်းက ကိုယ်စားလှယ် ရွေးချယ်ပွဲများရဲ့ အက်သံတွေ၊ ကွဲသံတွေထွက်နေတာ ဒီကိုယ်စားလှယ်တွေကို လူထုက မဲထည့်ပါ့မလား။ လူထုခေါင်းဆောင်ကတော့ ပါတီကြည့်ပြီး မဲထည့်ကြပါလို့ တိုက်တွန်းစကားပြောနေပါတယ်၊ သေချာပါ့မလားဗျာ"

ဟု လေသံပျော့ပျော့လေးဖြင့် ပြောပါသည်။

ပုဂံသားသည် တည်ကြည်ငြိမ်သက်စွာပဲ

"ကားဆရာရေ အတွေးမမှားနဲ့နော် NLD ပါတီက (၂၀၁၅) မှာ အပြီးသတ်ကို နိုင်မှာပေါ့။ သို့သော် NLD ပါတီမှာ လူထုခေါင်းဆောင် အမေရှိရင်ပေါ့"

ဟု ခပ်ပြတ်ပြတ် သူ၏ သဘောထားကို ချပြလိုက်ပါသည်။

ကားဆရာသည် မချိတချိပြုံး၍

"တိကျခိုင်မာလှချည်လား။ လူထုက ဒီအမတ်လောင်းတွေနဲ့ အရင်ထိတွေ့ရမှာလေ"

ဟု ထောက်ပြလိုက်ပါသည်။

ပုဂံသားက

"လူထုအများက NLD ပါတီ၏ အမတ်လောင်းတွေထက် အမေကို ယုံကြည်အားကိုးစိတ်က ပြင်းထန်နေပါတယ်။ ဒါကြောင့် လူထုက လူထုခေါင်းဆောင်ကို သက်ဝင်ယုံကြည်စိတ်ကြောင့် NLD ပါတီဟာ (၂၀၁၅) မှာ နိုင်မှာ သေချာပါတယ်ခင်ဗျာ"

ဟု ခိုင်ခိုင်မာမာပြန်၍ ပြောလိုက်ပါသည်။

ကားဆရာက

NLD ပါတီမှာ နိုင်ငံရေးရည်ရွယ်ချက်ရှိသလား။ သို့မဟုတ် ရည်ရွယ်ချက်တွေ မအောင်မြင်ရင် အောင်မြင်အောင် စနစ်တကျ လုပ်ထားတာ တွေ့ရှိပြီးလား"

ဟု မေးလာပါသည်။

ပုဂံသားက အပြုံးတွေနဲ့အတူ

"ဒါကတော့ ကြိုတင်တွက်ချက်၍ မဖြစ်နိုင်တဲ့ကိစ္စပါ။ မခန့်မှန်းသင့်ပါဘူး။ ကြိုတင်နိမိတ်ဖတ်ရ ခက်ပါတယ်။ သေချာတာတစ်ခုကတော့ NLD ပါတီမှာ သေချာခိုင်မာတဲ့ နိုင်ငံရေး မူဝါဒတွေ ရည်ရွယ်ချက်တွေ ရှိပါတယ် ကားဆရာရေ"

(က) အများပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာစေရန်။

(ခ) ရည်ရွယ်ချက် (က) ကြီးကို ဖြစ်မြောက်စေရန်၊ ပြည်သူလူထု၏ ညီညွတ်မှုအင်အားကို အခြေခံရန်။

(ဂ) နောင်ခေတ်အဆက်ဆက်၌ မြန်မာနိုင်ငံသည် ပြည်သူလူထု ဆန္ဒနဲ့အညီ ဒီမိုကရေစီပြည်ထောင်စုကြီးအဖြစ် ဖြစ်ထွန်း စေရန်။

(ဃ) အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေး စနစ်မျိုး မည်သည့်အခါမျှ ပေါ်ပေါက်ခြင်း မရှိစေရေး အတွက် လုပ်ကိုင်ဆောင်ရွက်သွားရန်။

(င) ကမ္ဘာတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံတကာနဲ့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ တယ်။

NLD ပါတီမှာ မူဝါဒတွေရှိပါတယ်။ ဒါပေမယ့် ကားဆရာ ရေ ဒီကနေ့ နိုင်ငံရေးကစားကွင်းက သိမ်မွေ့ပြီး နက်ရှိုင်းကျယ် ပြန့်ပါတယ်ခင်ဗျာ။ ယခုအခါ ဆင်နင်းရင် လမ်းဖြစ်နေတဲ့ အချိန် မှာ NLD ပါတီတွင်းနဲ့ ဒီမိုကရက်တစ် အင်အားစုတွေကြားမှာ မဟာဗျူဟာ... ၍ တူညီသော်လည်း နည်းဗျူဟာတော့ ကွဲပြားကြ မှာပေါ့။ ကျွန်တော်တို့ ဒီမိုကရက်တစ် အင်အားစုတွေ အဓိက အချက်ကို မမေ့ဖို့လိုအပ်ပါတယ်။ ရန်သူဟာ ကျွန်တော်တို့သွားမဲ့ လမ်းကို ပန်းတိုင်မရောက်အောင် နည်းဗျူဟာမျိုးစုံသုံးပြီး ဖျက်မှာ ပါ။ ဟန့်တားမှာပါ၊ ပိတ်ပင်မှာပေါ့၊ ဒါတွေကို အံတုရင်း ရည်ရွယ် ချက်တွေ မပြောင်းဖို့ သစ္စာရှိဖို့ လိုအပ်ပါတယ်။ ကိုယ်ပန်းတိုင်ကို ကိုယ်မမေ့ဖို့လည်း လိုအပ်ပါတယ် ခင်ဗျာ"

ကားဆရာက

"မေ့ခဲ့ကြရင် ဘာဖြစ်မလဲဗျာ"

ပုဂံသားက

"သမိုင်းရဲ့ ဓားစာခံတွေ ဖြစ်သွားကြမှာပေါ့"

ဟု တုံးတိတိဖြေလိုက်သည်။ ၎င်းအဖြေအား ကြားလိုက်ရသည့် ကျွန်မသည် အံ့သြတုန်လှုပ်သွားခဲ့ပါသည်။

ကားဆရာက

"၂၀၁၅ အလွန်မှာ ဘာဖြစ်လာမလဲ။ ပုဂံသားရဲ့ ထင်မြင်ယူဆချက်ပေါ့ဗျာ"

ပုဂံသားသည် ထိုအမေးအား တန်း၍မဖြေဘဲ ဟက်ပက်ပက်ရယ်မောပစ်လိုက်ပါသည်။ အရယ်ကို တိကနဲရပ်ကာ ပြုံးလိုက်ပါသည်။ အပြုံးတွေနဲ့အတူ

"မိတ်ဆွေ ကားဆရာကြီးရေ အတတ်ပောနိုင်တာ တန်ခိုးရှင်ပဲ ရှိပါလိမ့်မယ်ခင်ဗျာ။ ဒါပေမယ့် လက်ရှိအခြေအနေကို အခြေခံဦးတည်ပြီး ဆက်စပ်သုံးသပ်ကြည့်လျှင် (၂၀၀၈) အခြေခံဥပဒေကြီးကို ပြင်ဆင်ဖို့ အနာဂတ်မှာလည်း လွယ်လွယ်နဲ့ပြီးမြောက်မယ်လို့ မထင်ပါဘူးခင်ဗျာ။ ခက်ခက်ခဲခဲ ရင်ဆိုင်ရလိမ့်မယ်လို့ ယူဆပါတယ်။ သို့သော် ကားဆရာရေ နိုင်ငံတွင်းက သက်ဆိုင်သူတွေအားလုံး ဘုံရပ်တည်ချက်တူညီလျှင် ဒီကနေပဲ ကောင်းသွားမှာပါ ခင်ဗျာ"

ကားဆရာသည် ပုဂံသား၏ စကားကိုထောက်၍

"ဘုံရပ်တည်ချက် မတူညီကြရင် ဘယ်လိုလုပ်မလဲဗျာ"

ဟု မေးလိုက်သည်။

ပုဂံသားက

"တူအောင်ဆက်ကြိုးစားရမှာပေါ့။ လူထုနဲ့ နိုင်ငံကို ဘယ်သူက ချစ်သလဲဆိုသည့် မေးခွန်းကို ဖြေဆိုနေကြတဲ့ ပွဲတစ်ပွဲအဖြစ် မြင်မိပါတယ်ခင်ဗျာ"

ကားဆရာက

"ပုဂံသားရဲ့ ဒီမိုကရေစီခရီးလမ်းအတွက် ဘယ်လိုသွားသင့်သလဲဆိုတာကို သိခွင့်ရမလား"

ပုဂံသား ပြုံးလိုက်ရုံသာပြုံး၍

"ရပါတယ်ဗျာ။ ဒီကနေ့ကာလသည် အာဏာရှင် နိုင်ငံရေးယဉ်ကျေးမှုမှ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ဆီသို့ ကူးပြောင်းနေတဲ့ကာလဟု ယူဆပါတယ်။ ဒီတော့ဗျာ ကျွန်တော့်ရဲ့ထင်မြင်ယူဆချက်က ရိုးရှင်းပါတယ်ခင်ဗျာ။ ကန့်လန့်ခံနေတဲ့ (၂၀၀၈) နိုင်ငံရေးကွင်းဂိုပြင်ဖို့ (၂၀၀၈) လမ်းပေါ်မှာ နည်းလမ်းနှစ်သွယ်ကို ဟန်ချက်ညီညီ ထိန်းညှိပြီးသွားမှ လိုလားချက်ပန်းတိုင်ကို ဆိုက်ရောက်ပါလိမ့်မယ်။

(၁) လွှတ်တော်တွင်းလမ်း

(၂) လွှတ်တော်ပြင်ပလူထုနိုင်ငံရေးလမ်း ဖြစ်ပါတယ်။

၄င်းလမ်းနှစ်သွယ်မှ အဓိကပဲ့ကိုင်ရမည့် လမ်းသည် လွှတ်တော်ပြင်ပလူထု နိုင်ငံရေးလမ်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရက်တစ်အင်အားစုတွေ ညီညွတ်ရေးလက်နက် အားကောင်းဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတာကို ဖြေရှင်းရလျှင် (၂၀၀၈) နိုင်ငံရေး သက်ဝင်ပုံကွင်းကြီးမှာ လွှတ်တော်ပြင်ပ လူထုနိုင်ငံရေးလုပ်ငန်းစဉ်ကြီး ခွန်အားရှိမရှိအပေါ် တိုင်းပြည်၏ ဒီမိုကရေစီပန်းတိုင် ရောက်မရောက်သည် (၉၀%) တည်မှီနေသည်ဟု ယူဆထားလို့ပဲ ဖြစ်ပါတယ်။

စကားလည်း ပြောကောင်းပါတယ်ခင်ဗျာ။ ကားဆရာရေရွှေတိဂုံစေတီကြီးဆီသို့ ရောက်ခဲ့ပါပြီ။ ဘက်လေးဘက် လမ်းလေးသွယ်ရှိနေပါတယ်။ ကြိုက်တဲ့ဘက်က တတ်ရောက်ကာ ဖူးမျှော်နိုင်ပါတယ်။ ဒီလိုပါဘဲ ကားဆရာရေ နိုင်ငံရေးမှာလဲ ကြိုက်တဲ့

နည်းဗျူဟာကို သုံးယူပါ။ သို့သော် နိုင်ငံရေးပဲပြောပြော စစ်ရေးပဲဆိုဆို တပ်ဦးသည် ရန်သူနယ်ပယ်ကို ကျူးဝင်မသွားဖို့ အရေးကြီးပါတယ်ခင်ဗျာ။ ကျူးဝင်သွားရင်တော့ နောက်ပြန်လှည့်ရန် ခက်ခဲပါတယ်ခင်ဗျာ။ ဒီလိုပါပဲ ခင်ဗျာ မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲရင် အင်အားကို ဆုတ်ယုတ်စေပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် သင်ခန်းစာပေါ့ဗျာ''

ဟုပြောကာ ရယ်မောလိုက်ပါသည်။ ကားဆရာသည်က သူ၏ဦးခေါင်းလေးကို လက်ဖြင့်ပွတ်သပ်ရင်း ပြုံးနေသည်။ ကျွန်မတို့ စီးနင်းလာသည့် ကားလေးသည် အနောက်ဖက်မုဒ်ဦးဝသို့ ရောက်လာပါသည်။ ကားပေါ်မှဆင်းကာ အပြန်အလှန် နှုတ်ဆက်ကာ ခွဲခွာလိုက်ကြသည်။

ကျွန်မသည် ချစ်သူမောင်ပုဂံသား၏ လက်ကိုချိတ်ကာ ရွှေတိဂုံစေတီတော်၏ ရင်ပြင်တော်ဆီသို့ အနောက်ဖက် လှေကားစောင်းတန်းမှ ဖြေးညင်းစွာတတ်လာခဲ့ကြသည်။ ထိုပတ်ဝန်းကျင်မှ ကျွန်မတို့စုံတွဲကိုကြည့်ကာ အံ့သြသူတို့ကလည်း အံ့သြနေကြပါတယ်။ ပြုံးလှောင်လှောင်သူတို့ကလည်း ပြုံးနေကြပါတယ်။ ပုဂံသားက တည်ငြိမ်လျက် ကျွန်မတွေးကြည့်လိုက်ပါသည်။ ပုဂံသား၏ စတိုင်ကြောင့်လား။ အမျိုးသမီးကြီး ပြောခဲ့သည့် ကျိုးကန်းက ဘဲဥချီလာတဲ့ပုံကြောင့်လားဟု တွေးကြည့်ကာ ဘာပဲဖြစ်ဖြစ် ကျွန်မသည် ကြည်နူးပျော်ရွှင်နေပါသည်။

ကျွန်မတို့ ချစ်သူစုံတွဲသည် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ ရောက်လိုက်သည့်အခါ မောလာသမျှ ထိုအမောလေးများသည် ပြေပျောက်သွားခဲ့ပါသည်။ စေတီတော်ကြီးအား ကြည်ညိုသက်ဝင်လိုက်သည့်အခါ နှစ်သက်ပီတိ ဖြစ်ခဲ့ရပါသည်။ အနောက်

ဖက်တန်ဆောင်းထဲသို့ တန်း၍ဝင်လိုက်ကာ မုဒ်ဦးပေါက်ဝမှ အသင့်ဝယ်လာသည့် ဘုရားပန်းစည်းကို လက်နှစ်ဖက်ဖြင့် ကိုင်၍ ဗုဒ္ဓဘုရားရှင်အား အာရုံပြုကာ ဝတ်ပြုလိုက်ပါသည်။ ပုဂံသားသည် ကျွန်မ၏လက်ထဲမှ ဘုရားပန်စီးကိုယူ၍ နှစ်စီးပေါင်းကာ ဘုရားအိုးစင်၌ ကပ်လှူလိုက်ပါသည်။

ကျွန်မဖေဖေနဲ့ ပုဂံသား၏မေမေကို အာရုံပြု၍ သေဆုံးသွားကြသူ ပုဂံသား၏ဖေဖေနဲ့ ကျွန်မ၏မေမေအား ရည်စူးကာ အလင်းရောင်အလှူခံပုံးထဲသို့ ငွေကျပ် ၅၀၀၀ တန်ကို ထည့်လှူလိုက်ကြသည်။ နှစ်ဦးသား သာဓုခေါ်ရင်း တစ်ယောက်ပီတိ တစ်ယောက်ဆီသို့ ကူးခတ်ရင်း ပျော်ရွှင်ကြည်နူးခဲ့ကြသည်။

အပျော်တွေနဲ့အတူ ချစ်သူနှစ်ဦးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ကျာရစ် ပူဇော်လိုက်ကြပါသည်။ မိုးကောင်းကင်ထက်ဆီက နေမင်း၏မညှာမတာ ထိုးနှက်လာမှုကို ကာကွယ်ရန် ပုဂံသားသည် ကျွန်မအား ထီးကလေးကို ဖွင့်၍ ကာကွယ်ပေးနေသည့် ချစ်သူမောင်၏ကြင်နာမှု ထီးရိပ်လေးအောက်မှ လျှောက်လှမ်းရင် ကျွန်မတစ်ယောက် ပီတိလှိုင်းကလေးများ ဖြာကျလျက်ရှိနေပါသည်။ ကျွန်မတို့ ချစ်သူနှစ်ဦး စေတီတော်မြတ်ကြီးအား လက်ယျာရစ်တစ်ပတ် ပြည့်ပြီးနောက် အင်္ဂါထောင့်ဆီသို့ အရောက်သွားကာ အနားယူလိုက်ကြပါသည်။ စေတီတော်မြတ်ကြီးအား ကြည်ညိုပူဇော်ရင်း ပုဂံသားသည် ကျွန်မအား သူ၏အတိတ်ဆီက ဖြစ်ရပ်လေးထဲသို့ ခေါ်ဆောင်သွားပါသည်။

ယခုထိုင်နေသည့် နေရာလေးသည် ၁၉၉၇ ခုနှစ်ကာလ နေ့ရက်များစွာ၌ လူထုခေါင်းဆောင်ကြီးကို ဝိုင်းရံသူ ထောက်ခံသူ အားကိုးသူလူတစ်စုသည် ကတ္တိုင်းလမ်းဆုံ၌ စစ်အာဏာရှင်တို့၏

အကြမ်းဖက်ဖြိုခွဲမှုနောက် ခြံနံပတ် (၅၄) ရှေ့ အမေ၏ စနေ၊ တနင်္ဂနွေ ညနေခင်း လူထုဟောပြောပွဲကြီးသည် တစ်စခန်းရပ်ခဲ့ရပါသည်။ ၄င်းဖြစ်စဉ်နေရာအစား စနေ၊ တနင်္ဂနွေညနေပိုင်း၌ လူ (၂၀၀) ခန့်မျှရှိသည့် လူထုသည် စစ်အာဏာရှင်တို့ကို မကြောက်မရွံ့ဘဲ ဒီနေရာလေးမှ လူထုခေါင်းဆောင်ကြီး ထွက်အလာကို စောင့်မျှော်ခဲ့သည်။ ၄င်းလူထုထဲမှာ ချစ်သူမောင်ပုဂံသားတစ်ယောက် ပါဝင်လှုပ်ရှားခဲ့သည်ကို သိလိုက်ရသည့်အခါ ကျွန်မနားထောင်နေရင်း ကျောစိမ့်ခဲ့ရပါသည်။ ပြုံးလဲပြုံးနေမိပါသည်။ ထိုအပြုံးလေးများနဲ့အတူ ချစ်သူမောင် ပုဂံသားတစ်ယောက် ယခုထိုင်နေတဲ့ နေရာလေးမှ ထိုင်နေရင်း နိုင်ငံရေးတရားတွေ ဟောနေသည့် ရုပ်ပုံလွှာကို စိတ်ကူးဖြင့် တွေးကြည့်နေမိသည်။

ချစ်သူနှစ်ဦးသည် အရှေ့ဘက်မုခ်ဆောင်တန်းမှ ဆင်းလာခဲ့ကြပါသည်။ ကြေးသွန်းဘုရားကြီးအား ဝင်ရောက် ဖူးမြော်ကြပါသည်။ ထိုအခါ ပုဂံသားသည် ကျွန်မအား (၂၀၀၇) ရွှေဝါရောင် သံဃာတော်တွေ ဒီနေရာမှာ ဆွမ်းကပ်ခဲ့ကြောင်းပြောရင်း သူ၏ပါးပြင်ပေါ်သို့ မျက်ဝန်းအိမ်မှ မျက်ရည်စများ ကျလာသည်ကို တွေ့လိုက်ရပါသည်။ သူ၏စိတ်ကို သူပြန်၍ ထိန်းလိုက်ကာ ကျလာသည့် မျက်ရည်စများကို သူ၏လက်ဖျားလေးဖြင့် သုတ်လိုက်သည်ကို တွေ့ရသည်။ ကျွန်မ ရိပ်စားမိလိုက်ပါသည်။ ထိုအချိန်က ၄င်းသံဃာတော်များကို ဆွမ်းကပ်သူထဲမှာ ပါဝင်လှုပ်ရှားခဲ့သူ ဖြစ်နေပါလိမ့်မည်။

ကျွန်မတို့ ချစ်သူနှစ်ဦးသည် ထီးကလေးကိုအတူဆောင်းကာ စကားတွေ ပြောခဲ့ကြပါသည်။ ထိုစကားတွေထဲ၌ ကျွန်မအား သူဘယ်လောက်ချစ်ကြောင်း၊ ဘယ်လောက်မြတ်နိုးကြောင်း

တဏှာရည်များ လူးထားသည့် စကားလုံးတွေကို မပြောခဲ့ပါ။ ကျွန်မ၏မေးသမျှနဲ့ တွေ့သမျှကို ကျွန်မအား ပြောပြပေးနေသည်။ ပုဂံသားကိုကြည့်ပြီး ကျွန်မစိတ်မဆိုးနိုင်ပါ။ သူ၏ကျွန်မအပေါ် စာနာမှု၊ ဂရုစိုက်မှုလေးများသည် အပြောဖြင့်ပို၍ ကြည်နူးနှစ်သက်မိပါသည်။

ချစ်သူမောင်ပုဂံသား ဆောင်းပေးထားသည့် ထီးရိုပ်အောက်ကလေးမှပင် ချစ်သူမောင်၏ စကားသံတွေကို နားထောင်နေချင်မိတော့သည်။

ကျွန်မတို့ ချစ်သူနှစ်ဦးသည် ရေခဲဆိုင်မှတ်တိုင်မှ လိုင်းကားလေးကိုစီးကာ ရန်ကုန်မြို့တော်ခန်းမရှေ့ဆီသို့ ရောက်လာခဲ့ကြသည်။ ထိုအခါ ပထမဆုံး ဆူးလေစေတီတော်အား ဝင်ရောက်ဖူးမျှော်လိုက်ပါသည်။ စေတီတော်အား လက်ကျာရစ် ပူဇော်ပြီးသည့်အခါ ဘုရား၏ပုရဝုန်မှ ထွက်လာခဲ့ကြပါသည်။

ငှင်းပတ်ဝန်းကျင်နားမှ ချစ်တီးထမင်းဆိုင်တစ်ဆိုင်တွင် နေ့လယ်စာကို ဝင်ရောက်သုံးဆောင်လိုက်ပါသည်။ ထိုချစ်တီးထမင်းဆိုင်မျိုးအား ဒီတစ်ကြိမ်သည် ကျွန်မဘဝ၌ ပထမဆုံးဖြစ်ခဲ့ပါသည်။ ကျွန်မနှစ်သက်စွာ စားသုံးခွင့်ရလိုက်ပါသည်။ သူ၏ယုယမှု၊ ဂရုစိုက်မှုသည် ကျွန်မအတွက် မေ့မရနိုင်သည့် ရင်ခုန်စရာလေးများ ဖြစ်ခဲ့ပါသည်။

ကျွန်မတို့ ချစ်သူနှစ်ဦးသည် မြို့တော်ခန်းမရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်တည်ရှိရာ မဟာဗန္ဓုလပန်းခြံထဲ၌ အနားယူလိုက်ကြသည်။ ပန်းခြံထဲမှ ကျွန်မတို့ချစ်သူနှစ်ဦး ညနေ နေဝင်အိမ်ပြန်ရောက်ရန်အတွက် နေ့လည် (၂) နာရီတွင် တက္ကစီငှားစီး၍ ပြန်လာခဲ့ကြသည်။ ကားလမ်းများ ပိတ်ဆို့နေ၍ ကျွန်မ၏အိမ်ကို ညနေ (၄) နာရီမှပင် ပြန်ရောက်လာပါတော့သည်။

ချစ်သူမောင်ပုဂံသားသည် ဧည့်ခန်း၌စာဖတ်နေသည့် ဖေဖေနှင့် ခဏတာမျှ စကားပြောကာ ထုံးစံအတိုင်းဂါ၀ရပြု နှုတ်ဆက်ကာ သူ၏အိမ်သို့ ပြန်သွားပါတော့သည်။ ဖေဖေသည် ထုံးစံအတိုင်း ခြံပေါက်ဝထိ လိုက်ပို့ပေးပါသည်။ ကျွန်မသည်လည်း ပုဂံသား၏ အပြန်ကို ပြတင်းပေါက်ငေးကြည့်နေမိပါသည်။ ယခုတွေ့လိုက်ရသည့် သူ၏ကျောပြင်ကြီးသည် ကျွန်မအတွက် ရင်ခုန်နေရသလို သူ့အားစိုးရိမ်စရာ အတွေးစလေးများပင် တိုးလာပါတော့သည်။

ကျွန်မတို့သားအဖသည် ညစာသုံးဆောင်ပြီးသည့်အခါ ထုံးစံအတိုင်း တီဗွီကြည့်နေရင်း ကျွန်မသည် ဖေဖေအား ဒီကနေ့၏ အတွေ့အကြုံသစ်လေးများကို ပြောပြသည့်အခါ ဖေဖေသည် တီဗွီကြည့်ရင်း ပီတိပြုံးလေးများကို ထွေးပိုက်၍ နားထောင်နေသည်။ ကျွန်မပြောလက်စ စကားများကို ရပ်လိုက်တော့ ဖေဖေသည် ကျွန်မအား ဆိုင်းမဆင့် ဗုံမဆင့်

"သမီးက စိတ်ကုန်သွားလို့လား"

ဟု တုံးတိတိကြီး မေးလာပါသည်။ ကျွန်မသည် ဖေဖေကို ကြည့်၍ ရှက်သွေးလေးဖြန်းသွားကာ

"စိတ်မကုန်ပါဘူး ဖေဖေ၊ ပို၍တောင် လေးစားလို့ ချစ်အားပိုရပါတယ် ဖေဖေ"

ဟု မရှက်နိုင်ဘဲ ဖြေလိုက်သည့်အခါ ဖေဖေသည် အပြုံးတွေဝေဖြာကာ ကျွန်မအား အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့် ကြည့်နေရင်း

"တို့ရဲ့သမီးလေးက ရင့်ကျက်နေပြီပဲ၊ ဒါကြောင့် ဖေဖေ ပီတိဖြစ်ရပါတယ် သမီးရယ်"

ဟု ဆိုလိုက်ပါသည်။ ထိုအခါ ကျွန်မသည် ဖေဖေအား

"ပုဂံသားသည် သမီးရဲ့ မျက်ကွယ်မှာ သစ္စာတရားကင်းမဲ့သည့် ယောကျ်ားတစ်ဦးဖြစ်လာမှာ မဟုတ်ဘူးဆိုတာကို သိလိုက်ရတယ် ဖေဖေ"

ဟု ဂုဏ်ယူနိုင်သော အပြုံးများဖြင့် ပြောလိုက်သည့်အခါ ဖေဖေသည် ကျွန်မကို အပြုံးဖြင့် စူစိုက်စွာကြည့်ရင်း ခေါင်းလေးကို တဆတ်ဆတ်ငြိမ့်ကာ

"တို့ရဲ့သမီးလေး ထာဝရပျော်ရွှင်နိုင်ပါစေ" ဟု ဆုပေးသံသည် ကျွန်မ၏ ရင်ထဲ၌ အီစိမ့်သွားသလို

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့" ရေရွတ်ကာ စောစောအနားယူရန် ဖေဖေထံမှ ခွင့်တောင်းကာ ကျွန်မ၏ အိပ်ခန်းဆီသို့ လျှောက်လာခဲ့ပါသည်။

ကျွန်မသည် အိပ်ယာထက်ပေါ်၌ ကြည်နူးပီတိဖြစ်ခဲ့ရသည့် အပြုံးများဖြင့် စမြုံ့ပြန်ရင်း ပုဂံသားပြောပြသော စကားသံများကို ပြန်၍ ကြားယောင်နေမိသည်။ မော်တော်ကားတွေဟာ လမ်းမပေါ်မှာ ကြပ်ပိတ်နေပါတယ်။ ဒါကြောင့် ၄င်းယဉ်ကြောပိတ်ဆို့မှုတွေဟာ အများစုသည် စည်ကမ်းမဲ့မှုကြောင့်ဟု ယူဆကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လမ်းဘေးမှာ ကားတွေရပ်ထားတာကို ကြည့်ပြီး ယူဆကြတယ်လို့ ထင်ပါတယ်။ ၄င်းအယူအဆတွေဟာ မမှားပါဘူး။ ဒါပေမယ့် မပြည့်စုံသေးပါဘူးခင်ဗျာ။ ဒါထက်ဆိုးနေတာတွေ ရှိနေပါတယ်။ နိုင်ငံတော်အစိုးရ၏ စည်းကမ်းမဲ့မှုနှင့် နိုင်ငံ၀န်ထမ်းတွေ၏ အဂတိလိုက်စားမှု ပုံရိပ်လွှာ၏ ဘေးထွက်ဆိုးကျိုးအဖြစ် မြင်အောင်ကြည့်ရပါမယ်။ ယနေ့ တွေ့နေရတာတွေ ခွဲခြားစိတ်ဖြာကြည့်လျှင် ကိုယ်ပိုင်ယဉ်ယဉ်တွေ

အများကြီး လမ်းမပေါ်မှာ တွေ့နေရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုကြောင့် တက္ကစီယာဉ်မောင်းလုပ်သား ပေါများနေပါတယ်။ မလိုအပ်ဘဲ ကားပိုင်ဆိုင်မှုတွေ ပေါများနေတာပါ။ တပိုင်တနိုင် ငွေကြေးကို အတတ်ပညာနဲ့တွဲပြီး မတည်ဆောက်နိုင်တဲ့ လူ့အဖွဲ့အစည်းမှာ ဖြစ်နေတဲ့ပြဿနာရပ်တစ်ခုဖြစ်ပါတယ်။ ၄င်းပြဿနာနဲ့အတူ နိုင်ငံတော်က လုပ်ထုံးလုပ်နည်း ပုံသဏ္ဌာန်များယွင်းနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်က အခွန်စနစ်ပုံစံကို ပြောင်းလဲရပါမယ်။ ကိုယ်ပိုင်ဓိမ်ခံယာဉ်တွေကို အခွန်ကောက်ခံမှုပုံစံ တိုးမြင့်ကောက်ခံရပါမယ်။ ပိုင်ဆိုင်မှု အလိုက်အခွန်စနစ်ကို တိုးမြှင့်ရပါမယ်။ တက္ကစီယာဉ်လိုင်းတွေကို အများပိုင်စနစ်နဲ့ ပြောင်းလဲပြီး တာဝန်ယူမှု၊ တာဝန်ခံမှု နှစ်ရပ်ဖြင့် ထိန်းချုပ်ရပါမယ်။ ကားရပ်နားစခန်းတွေကို ဖန်တီးပြီး အခွန်ကောက်ခံရပါမယ်။ လူထုကို အကျိုးပြုဖို့ လူထုဗဟိုပြု ပို့ဆောင်ဆက်သွယ်ရေးကို ဖွံ့ဖြိုးခိုင်ခံ့အောင် ဖန်တီးရပါမယ်။ လူထုဗဟိုပြု ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းခွင်ကို လျှော့ချရပါမယ်။ အဓိကအကျဆုံး ပြဿနာသည် မြို့တော်စည်ပင်လမ်း နယ်နမိတ်မှန်သမျှမည်သည့်ကားမှ ညအိပ်ရပ်နားခြင်း၊ ခေတ္တရပ်နားခြင်းကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရပါမယ်။ ၄င်းဖြစ်စဉ်အောက်မှာ အခွန်၏ဝန်ကို ထမ်းနိုင်သူသာ ဓိမ်ခံခွင့်ရှိကြပြီ။ သာမာန်နိုင်ငံသူနိုင်ငံသားအများစုသည် ပြည်သူပို့ဆောင်ရေးကို အားထားလာပါမည်။ ကိုယ်ပိုင်ဓိမ်ခံမှုအပေါ်ကရရှိတဲ့ အခွန်ငွေ၏တစ်ဝက်ကို ပြည်သူဗဟိုပြု ပို့ဆောင်ရေးလုပ်ငန်းဖြစ်စဉ်များမှာ ခွဲဝေသုံးစွဲရင် ထိန်းညှိမှု သဘောတရားအရ ချော့ချော့မွေ့မွေ့ ဖြစ်ထွန်းသွားမှာပေါ့။

ထိုအကြောင်းအရာများသည် ကျွန်မတို့ချစ်သူနှစ်ဦး နားနေခိုက် လွတ်လပ်ရေးကျောက်တိုင်ရှေ့တည့်တည့်တွင် ကျွန်မအား ပြောပြခဲ့သော နိုင်ငံတော်အပေါ်ထားရှိတဲ့ သူ၏အယူအဆ အမြင်သဘောထားများသာ ဖြစ်ပါသည်။ ချစ်သူမောင် ပုဂံသား၏ လူထုအပေါ်ထားရှိသည့် စိတ်ဓာတ်အလှတရားကို တွေ့လိုက်ရပါသည်။ ထိုစိတ်ကလေးနဲ့အတူ ကျွန်မ၏ ချစ်သူမောင်ပုဂံသား၏ အာရုံ၌ နိုင်ငံရေးစနစ်ကောင်းမွန်ဖို့သာ အဓိကထားရှိနေတာကို ကျွန်မသိလိုက်ရပါသည်။ ဒါကြောင့် သူ့အား စိတ်မပျက်ပါ။ မငြီးငွေ့ပါ။ မမုန်းရက်ပါ။ သူ့အား ကျွန်မသည် ခွင့်လွှတ်ရင်း ချစ်မိနေပါတော့သည်။ ဒီကနေ့ သူ၏ဒိုင်ယာရီစာအုပ်ကလေးသည် ကျွန်မထံသို့ မေ့ကျန်ခဲ့ပါသည်။ ထို့ကြောင့် ထိုစာအုပ်ကလေးအား ဖွင့်၍ ဖတ်ကြည့်မိပါသည်။ စာအုပ်ထဲမှ တချို့ကို ရင်ဖွင့်ပြပါရစေ။

သမိုင်းကို ထုဆစ်ရှာဖွေပိုင်ခွင့် ရှိပါတယ်။ သမိုင်းရဲ့ ရလဒ်ကို အသိအမှတ်ပြုပေးဖို့ လိုပါတယ်။

"ဒါပေမယ့်"

သမိုင်း၏ ပုံရိပ်ဟောင်းများဆီသို့
သင့်ပြန်သွားခြင်း မလုပ်သင့်ပါ။

"ဘာကြောင့်လဲ"

သမိုင်းက သင်ကိုပေးမဲ့
စစ်ကြွေးဆပ် ပဋိပက္ခတွေ
မင်ရင်ဆိုင်ရမှာဆိုလို့ပေါ့။

"ဒါကြောင့်"
သမိုင်းဆိုတာကို
မင်းရဲ့သင်ခန်းစာအဖြစ်
မင်းသင်ယူနိုင်တဲ့တစ်နေ့
မင်းရဲ့လက်တစ်စုံဟာ
မတူကွဲပြားတဲ့ လူကမ္ဘာ၏
ကာလသုံးခုကို
လှပအောင် ရေးခြယ်သွားမှာပေါ့။

**(ပုဂံသား)**

ထိုအယူအဆအား အခေါက်ခေါက် အခါခါပင် ဖတ်နေမိပါသည်။ ဒီအတွက်ကြောင့် ကျွန်မချစ်သူမောင် ပုဂံသား၏ ဆန္ဒကမ္ဘာကို ဖြစ်ထွန်းရန် ကျွန်မမျှော်လင့်နေမိပါသည်။ အတ္တမီးလျှံတွေ လျှံလျှံတောက်လောင်နေသည်။ လူ့ရွာကြီးထဲမှာ အတ္တကိုချနင်း၊ ပရဟိတနှလုံးသားပိုင်ရှင်တွေရဲ့ "လက်" အစုံများနဲ့ ချည်ထား၍သာ ကျွန်မတို့နေထိုင်နေရသည့် လူ့ကမ္ဘာကြီး၌ ငြိမ်းချမ်းရေး အိုအေစစ်လေးကို ဖြိုးတိုးဖြောက်တောက်မျှ တွေ့နေရပါသည်။ ကျွန်မကိုယ်ကျွန်မ ပြန်လည်၍ မေးကြည့်မိလိုက်ပါသည်။ အတ္တခွန်အားကြီးသည့် မုဆိုးတစ်ဦး၏ စိတ်ဓာတ်ပိုင်ရှင်ဖြစ်မလား၊ သားကောင်ဖြစ်မလား ဘယ်အရာမှ မဖြစ်ချင်တော့ပါ။ ကျွန်မနားလည်သဘောပေါက်ခဲ့မိပါပြီ။ ကျွန်မ၏နှလုံးသား လက်တစ်စုံကို အတ္တမီးလျှံတွေ ကင်းနေသည်။ ပရဟိတစိတ်ဓာတ်ဖြင့် ဆေးကြောနေမိပါသည်။ ဒီကနေ့ ချစ်သူမောင်ပုဂံသားနှင့်အတူ ရန်ကုန်မြို့တော်ဆီသို့ ခရီးအတူသွားရသည်မှာ ပျော်ရွှင်ခဲ့ရပါသည်။

ကြည်နူးပီတိဖြစ်ခဲ့ရပါသည်။ နှစ်ဦးသား ချစ်ရည်လူးလို့ မဟုတ်ပါ။ အမြင်သစ်တွေ ရခဲ့ပါတယ်။ အတွေးသစ်တွေ ဖွားနိုင်ခဲ့ပါတယ်။ ယခုလည်း အိပ်ချင်စိတ်ကိုဖျောက်ကာ ဒိုင်ယာရီစာအုပ်ထဲမှ ကဗျာတစ်ပုဒ်ကိုဆက်၍ ဖတ်လိုက်ပါသည်။

## သက္ကရာဇ်

အညတရ ထိန်းလင်းမှ
သခင်၊ ဗိုလ်ချုပ်၊ အမျိုးသားခေါင်းဆောင်
အခုတော့ အောင်ဆန်း[illegible]နည်
သူကျဆုံးသွားရှာပြီ
ကျန်ခဲ့ပါတယ် သူပိုင်တဲ့ သက္ကရာဇ်များ
သူ၏ ရုပ်ပုံလွှာကားချပ်တွေပေါ့။

ဘဝကို လိုက်[illegible]ချ
သူ၏အမိမြေ လွတ်လပ်ရေးလမ်း
သူ့အိမ်မက်က ဖက်ထရယ်ပြည်ထောင်စု
သူ့ဆန္ဒက သူနှလုံးသားပေါ်လျှံကြခဲ့
ပြည်ထောင်စိတ်ဓာတ်မွေးပေးခဲ့
သူ့လုပ်ရပ်က
ခေတ်သမိုင်းမှာ
စနစ်ရိုင်းကို
တောထုတ်သင်္ဂြိုဟ်ခဲ့
ဒါငါတို့ရဲ့ သခင်အောင်ဆန်း။

အာဏာကို လိုက်ကာချ
မာယာမီးလျှံကို နင်းချေ
လူသားဝါဒ ဖိနပ်စီးသူ
အဲဒါ- အဖေ ဦးအောင်ဆန်းပေ့
အဲဒါ- အဖိုး ဦးအောင်ဆန်းပေ့
အဲဒါ- သခင်လည်း ဖြစ်ခဲ့ပေ့
ဗိုလ်ချုပ်လည်း ဖြစ်ခဲ့ပေါ့
သက္ကရာဇ်တိုင်းမှာ ကဗ္ဗည်းတင်တဲ့
အာဇာနည်၏ မှတ်တမ်းဒိုင်ယာရီ …။

**(ပုဂံသား)**

ကျွန်မသည် ၄င်းကဗျာအား နောက်တစ်ကြိမ်ဖတ်လိုက်ပါသည်။ ကျွန်မ၏နှလုံးအိမ်မှ မျက်ရည်တံခါးဝဆီသို့ ကရုဏာစိတ်တွေ၊ မေတ္တာတရားတွေ၊ တမ်းတမှုတွေ၊ မျှော်လင့်ချက်တွေဟာ တိုးဝှေ့ဆော့ကစားရင်း ကျွန်မ၏ ပါးပြင်ပေါ်သို့ မျက်ရည်စလေးများသည် စီးကျကာ ဘယ်အချိန်၌ အိပ်ပျော်သွားသည်မသိ။

□ □ □

# ချစ်သူမောင်အား လွမ်းရက်တစ်ထွာ

ကျွန်မထံသို့ ချစ်သူမောင် ပုဂံသားတစ်ယောက် ရောက် အလာကို စောင့်မျှော်နေရင်း ပုဂံသားက ရောက်မလာဘဲ ကျွန်မ ထံသို့ မသေမချာ တိုးဝှေ့လာနေသည့် ပုဂံသားတစ်ယောက် နိုင်ငံတော် အကြည်အညိုပျက်စေမှုနဲ့ တွေ့တော့မည့် သတင်း စကားပင် ဖြစ်နေသည်။ ဖေဖေလည်း ဒီရက်ပိုင်း၌ အိမ်၌မရှိ ပုဂံသားနှင့် အသွားအလာစိပ်၍ နေပါသည်။ (၂၀၁၅) အထွေထွေ ရွေးကောက်ပွဲကြီးသည် နီးကပ်၍ လာနေပါသည်။

၎င်းရွေးကောက်ပွဲကြီးနဲ့အတူ တက်ကြွလှုပ်ရှားသူတို့၏ လှုပ်ရှားမှုသည် မရပ်မနား တက်ကြွနေကြပါသည်။ ဖေဖေကို တွေ့ရသည်မှာ လန်းဆန်း၍ တက်ကြွနေသည့်မာန်ကို တွေ့ရပါ သည်။

ပုဂံသားဆိုသည့် အညတရ နိုင်ငံရေးသမား ကျွန်မချစ်သူ အာဂလူသားအား စောင့်မျှော်လင့်ကာ ဒီညမှာ ကျွန်မ၏ အိပ်ယာ ထက်ပေါ်၌ လဲလျောင်းရင်း ချစ်သူမောင်ပုဂံသားနှင့်အတူ နိုင်ငံ၏ အကြောင်းတွေသည် ကျွန်မ၏အတွေးအာရုံများဆီသို့ လေပြေ နုနုလေပမာ တိုးဝှေ့ရိုက်ခတ်နေပါသည်။ (၂၀၁၀) ရွေးကောက်ပွဲ ကြီးမှ အနိုင်ရပါတီဝင် စစ်သားလူထွက် သမ္မတကြီး နှုတ်ထွက် စကားများ၏ ခြားနားနေသည့်အချက်များကို ကျွန်မ၏အသိဉာဏ် ဖြင့် စဉ်းစားနိုင်သလောက်ကို ခွဲခြားစိတ်ဖြာကာ သုံးသပ်နေမိပါ သည်။ ထိုပုဂ္ဂိုလ်ကြီးများနဲ့အတူ ကာကွယ်ရေးတပ်ချုပ်ကြီး၏

နှုတ်ထွက်စကားများသည်လည်း ကျွန်မ၏စဉ်းစားမှုဇာတ်ခုံပေါ်သို့ တရွေ့ရွေ့တတ်လာပါသည်။ မြန်မာ့နိုင်ငံရေးလောကတွင် ငြိမ်းချမ်းရေးစကားလုံးကို လူတိုင်းလိုလို သုံးစွဲပြောဆိုနေကြသည်ကို တွေ့ရပါသည်။ ကျွန်မတို့ တိုင်းပြည် နှစ်ပေါင်းငါးဆယ်ကျော်ဖြစ်ပွားနေတဲ့ စစ်ပွဲကို ရပ်စဲဖို့ ပြည်တွင်းငြိမ်းချမ်းရေး စကားဝိုင်းကြီးကို အစပျိုးထားပါသည်။ သမ္မတကြီးသည် ငြိမ်းချမ်းရေးကို မြတ်နိုးကြောင်း သရုပ်ပြထားပါသည်။ ဆက်၍ နိုင်ငံအစိုးရကို သန့်ရှင်းတဲ့အစိုးရ ကောင်းမွန်တဲ့အစိုးရ ဖြစ်ရမည်ဟု ဟစ်တိုင်တက်တံခွန်ထူပြထားပါသည်။ စကားလုံးများဖြစ်ပေ၏။

လူထုခေါင်းဆောင်ကြီးနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ ဆန္ဒသည် (၂၀၀၈) အခြေခံဥပဒေကြီးကို ပြင်ဆင်ရမည်၊ အသစ်ပင်ရေးဖို့ လိုအပ်နိုင်သည်ဟု ပြောဆိုလုပ်ကိုင်နေကြသည်။

တစ်ချိန်ထဲမှာဘဲ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်ချုပ်ကြီးကိုယ်တိုင် (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် သူနှင့်အတူ တပ်မတော်မှာ တာဝန်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အဲဒါတွေဟာ ဘာကြောင့်ဖြစ်နေတာလဲ ဘယ်အဆင့်ထိ သက်ရောက်နေပါသလဲ။ ကျွန်မသည် ၎င်းတို့၏ အတိမ်အနက်ကို ရိုးရှင်းစွာ ဝန်ခံပါရစေ။ မသိပါရှင်။ သို့သော် ချစ်သူမောင်ပုဂံသားမှ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို အမှတ်ရသွားပါသည်။

"ဘုံရပ်တည်ချက် တူညီလျှင် ငြိမ်းချမ်းသွားမှာပေါ့"

၎င်းအယူအဆကို သုံးသပ်ကြည့်မိသည့်အခါ ကျွန်မ၏နှလုံးသား၌ ကျွန်မ၏တိုင်းပြည်အတွက် တုန်လှုပ်ခြောက်ခြားစေခဲ့ပါသည်။ ကျွန်မတို့ ပြည်သူလူထု၏ ဘဝများစွာအတွက် အနာဂတ်သည် မှုန်ရီမှုန်ဝါး မီးပင်လယ်ပေါ်သို့ ဖြတ်လျှောက်နေ

ရသလို ခံစားနေမိပါသည်။ ၄င်းခံစားချက်နဲ့အတူ ကျွန်မတို့ ပြည်သူလူထုအများစု၏ ဘဝအိမ်ပေါင်းများစွာကို ပြန်ကြည့်လိုက်သည့်အခါ ပင်ပမ်းမောရှိုက်၍ နေနေသည်ကို တွေ့ရပါလိမ့်မည်။ နိုင်ငံအဝန်းရှိ နယ်စပ်ဒေသတွေရဲ့ မဖွံ့ဖြိုးမှုတွေ၊ မတည်ငြိမ်မှုတွေ၊ မလုံခြုံမှုတွေသည် ကျွန်မတို့ ပြည်သူလူထုအတွက် အနာဂတ်မဲ့နေသလို ခံစားနေမိပါသည်။ ဒါကြောင့် ကျွန်မစိတ်ထဲမှ တည်ငြိမ်ချင်ပါတယ်။ ဖွံ့ဖြိုးမှုတွေကို ခံစားချင်ပါပြီ။ လုံခြုံနွေးထွေးမှုတွေရောက်လာပါတော့လို့ ဟစ်ကြွေးဆန္ဒပြုလိုက်မိပါသည်။

ကျွန်မတို့ လူအဖွဲ့အစည်း၌ ကျွန်မမြင်နေရသည့်၊ ကျွန်မကြားနေရသည့် ပြဿနာတွေကို ယခုအခါ နားလည်နိုင်တဲ့ အရာတချို့ကို သိနေပါသည်။ တစ်ချိန်က နိုင်ငံရေးသည် ငါနဲ့ဘာမှမဆိုင်ဘူးလို့ ယူဆထားခဲ့သည့် ကျွန်မ၏စိတ်ခံစားတွေကို သုဿန်ကိုထုတ်ကာ မီးသင်္ဂြိုလ်နိုင်ခဲ့ပါသည်။ ကျွန်မ၏ စိတ်ခံစားနဲ့ အတွေးအခေါ်ကို ပြောင်းလဲပေးနိုင်သူသည် ကျွန်မ၏ ချစ်သူမောင်ပုဂံသားပင် ဖြစ်ခဲ့ပါသည်။

ယနေ့နှစ်ပေါင်း (၆၀) နီးပါး ကြာမြင့်နေသည့် ပြည်တွင်းစစ်ဖြစ်ပွားနေသည့်အကြောင်း ရက်စက်ခါးသီးလှသည့် အာဏာရှင်စနစ်၏ ဆိုးမွေများကို ကျွန်မတို့လူအဖွဲ့အစည်းက ထမ်းပိုးထားနေရသည့် အကြောင်းတွေနဲ့အတူ တွဲဖက်ကာ ဒီကနေ့ အသွင်ကူးပြောင်းရေး ခေါင်းစဉ်အောက်မှာ ကျွန်မတို့လူအဖွဲ့အစည်း၏ ငြိမ်းချမ်းရေး စကားဝိုင်းများပါမကျန် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း တိုက်ခိုက်နေကြသည့် စစ်ပွဲသတင်းတွေ ၄င်းဖြစ်စဉ်ရဲ့ ဘေးထွက်ဆိုးကျိုးဖြစ်နေသည့် စစ်ဘေးဒုက္ခသည်များရဲ့ ဘဝအခြေအနေတွေ နိုင်ငံအနှံ့ တရားမဲ့ပြုမှု သတ်ဖြတ်နေတဲ့ သတင်းတွေပါ ကျွန်မသိလာရပါသည်။

ဒါထက် အံ့ဩမိတာသည် ဘာသာမတူ လူမျိုးကွဲပြားသည့် ဆိုတဲ့ အစွန်းရောက်တွေးခေါ်မှုက ဖွားအံ့လာသည့် ဘာသာရေး အဓိကရုဏ်းတွေ လူမျိုးရေးမုန်းတီးမှုတွေကိုပါ ကျွန်မသိလာခဲ့ ပါသည်။ လူထုခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရားဥပဒေစိုးမိုးရေးကို တဖွဖွပြောကြားနေသည်ကို သိရပါသည်။ နေ့စဉ်သတင်းစာတွေပေါ်၌ လုယက်မှု သတင်းတွေ၊ အဓမ္မပြု မုဒိမ်းမှုတွေ အုပ်စုဖွဲ့ဗိုလ်ကျမှုတွေဟာ မရပ်မနားပါလာသလို အမှု မှန်ပေါ်ပေါက်ရေးသည် နှေးကွေးနေတာကိုပါ သိလာရပါသည်။

(၂၀၁၀) ရွေးကောက်ခံသမ္မတကြီးသည် ကျွန်မတို့လူ့ရွာကို ပျားရည်ဆမ်းထားသည့် စကားလုံးများဖြင့် နားချနေပါသည်။ ဝန်ကြီးဝန်ကလေးများ၏ စကားပျက် အတွေးအခေါ်များကလည်း ဘရိတ်ပေါက်နေကြပါတယ်။ ၄င်းစကားလုံးများရဲ့ အောက်မှာ တောင်တန်းကြီးများပေါ်က သစ်တောကြီးများသည် တောင်ကတုံး ကြီးဖြစ်လာနေပါတယ်။ မြစ်တွေ၊ ချောင်းတွေ၊ အင်းတွေ၊ အိုင် တွေကလည်း သံဖိနပ်အောက်မှာ ငိုပွဲဝင်နေကြပါတယ်။ ဧရာဝတီ မြစ်ဆုံ၏ ဘဝကတော့ သေဒဏ်ဆိုင်းငံ့ ခံထားရပါတယ်။ ဒါတွေ ဟာ ကျွန်မတို့ လူ့ရွာ၏ ရင်ဆိုင်ရဦးမည့် (၂၀၁၅) အလွန် ကာလများစွာအတွက် နှုတ်ဆက်ကြိုဆိုနေမည့် အတိတ်မှ အနာဂတ် ကို ဆော့ကစားမဲ့ အရိပ်လွှာများပင် ဖြစ်ပါတယ်။ (၂၀၁၅) အထွေထွေရွေးကောက်ပွဲကြီးအတွက် အောင်နိုင်ရေးလုပ်ငန်းစဉ် တွေနဲ့အတူ အပြိုင်အဆိုင် ပါတီအသီးသီးမှ လှုပ်ရှားနေချိန် မဲခိုး မည့်သတင်းများသည် အတည်မပြုနိုင်ဘဲ ကြီးထွားနေပါတယ်။ ၄င်းကိစ္စအကြောင်းအရာများနှင့် ပတ်သက်၍ ကျွန်မ၏ ချစ်သူ မောင်ပုဂံသား၏ သဘောထားသည် အများစုနှင့် ခြားနားနေပါ သည်။ သူ၏အမြင်က (၂၀၁၅) မှာ မဲခိုးပွဲမရှိပါ။ NLD ကပဲ

အစိုးရဖွဲ့မှာပါ။ ဒါထက်ထူးခြားရင် လူထုခေါင်းဆောင်ဟာ ဂုဏ်ထူးဆောင်သမ္မတပင် ဖြစ်လာနိုင်ပါသည်။ ကျွန်တော်တို့ထက် စစ်ဗျူရိုကရက် ယန္တယားကြီးက ပို၍ သိထားပါတယ်။ ဘာကြောင့်လဲ သူပိုင်၊ ငါပိုင် အခင်းအကျင်းကို လက်ရှိမှာ အိပ်သွန်ဖာမှောက် ပြုလုပ်နေကြပါတယ်။ (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေး လက်မှတ်ငါးသန်းသည် သမိုင်းပြတိုက်၏ စင်မြင့်တစ်ခုပေါ်သို့ တက်လှမ်းနေပါသည်။ လက်ရှိခိုင်မာအားကောင်းစွာ ဖွံ့ဖြိုးလာနေသည်။ စီးပွားရေးကစားကွင်းကြီး တစ်ခုလုံးနီးပါးသည် စစ်ဗျူရိုကရက်ယန္တယားအောက်သို့ ၇၀% နှုန်းလောက်ကျရောက်နေပါတယ်။ ဒီထက်ကျော်လွန်ကာ စဉ်းစားသုံးရပါမယ်။ နိုင်ငံတကာ အသိုင်းအဝန်းမှ ဒါထက် အသိအမှတ်ပြုလာဖို့ (၂၀၀၈) ဥပဒေကြီး ပိုမိုခိုင်မာဖို့ (၂၀၁၅) မှာ မဲမခိုးပါဘူး။ NLD ပါတီက ထိပ်ဆုံးမှ နိုင်မှာပါခင်ဗျာ။ အမျိုးသားပြန်လည်သင့်မြတ်ရေးအောက်မှာ ယခုဖွားအံ့နေတဲ့ မီးငါးမီးသည် အစပျိုး၍ လက်စမသိမ်းထားပါဘူးခင်ဗျာ။ ဒါတွေဟာ တခဏအတွင်း လွယ်လွယ်နဲ့ ငြိမ်းသတ်လို့မရတဲ့ မီးစများပင် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရင်ဆိုင်ရမည့် နိုင်ငံရေးသည် သိမ်မွေ့လာပါတယ်၊ ခက်ခဲလာပါမယ်။ နက်ရှိုင်းပြီး ကောက်ကျစ်မှု ဖောက်ပြန်မှု အင်္ဂါရပ်တွေပါ ရင်ဆိုင်ရဖွယ် ရှိပါတယ်''

ကျွန်မတစ်ယောက် ထိုစကားလုံးများကို ကြားလိုက်ရသည့် အချိန်၌ အံ့ဩတုန်လှုပ်ခဲ့ရပါသည်။ ယခုအချိန်၌လည်း အံ့ဩနေဆဲဖြစ်ပါသည်။

ကျွန်မ၏ ချစ်သူမောင်ပုဂံသား၏ အမြင်အယူအဆများကို နားထောင်ရင်း (၂၀၁၅) အထွေထွေ ရွေးကောက်ပွဲကြီး၏ အရှိန်အဝသည် (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရေး ကျောင်းသား

ထု၏ ဒီမိုကရေစီ ပညာရေး၊ လက်ပံတောင်းတောင်အရေး၊ အလုပ်သမားထု၏ လုပ်ခလစာ တိုက်ပွဲများပေါ်သို့ လွှမ်းမိုးကာ အဆုံးမသတ်ဘဲ အိပ်ငိုက်နေခဲ့ရပါသည်။

ကျွန်မနောက်ထပ် ဆက်စပ်ပြီး စဉ်းစားကြည့်လိုက်သည့်အခါ ကျွန်မ၏ အာရုံပေါ်သို့ ကျွန်မတို့ လူ့ရွာ၏ ရုပ်ပုံလွှာကားချပ်တချို့သည် ကျွန်မ၏ နှလုံးအိမ်၌ တဖြတ်ဖြတ် တလပ်လပ်ဖြစ်ကာ လှုပ်ခါနိုးယမ်းနေပါသည်။ ကျွန်မ၏ အသိဉာဏ်ကို ကျွန်မနေထိုင်ရာ လူ့ရွာ၏ အခြားတစ်ဖက်ဆီသို့ ဖြန့်ကျက်ကြည့်လိုက်သည့်အခါ ကျွန်မတို့ လူကမ္ဘာကြီးသည် နေ့ညမပြတ် ပဋိပက္ခမီးလျှံစများကို ထမ်းပိုးထားရပါသည်။ အစွန်းရောက် အကြမ်းဖက်မှုမီးလျှံနဲ့ ကပ်လျက်နားမှာ အမျိုးသားရေး စိန်ခေါ်သံတွေဟာ ပွဲတင်ထပ်နေပါတယ်။ အာရပ်ကမ္ဘာရဲ့ စစ်သလင်းကို မကြည့်ရက်သလို နိုင်ငံမဲ့ ဆင်းရဲမွဲတေမှု ဒုက္ခသည် လှိုင်းလုံးကြီးသည် ကမ္ဘာ့ရွာ၏ တည်ငြိမ်မှုကို စိန်ခေါ်တိုးဝှေ့လာနေပါသည်။ ကမ္ဘာ့ရွာကြီးရဲ့ ငြိမ်းချမ်းရေးကို ထိန်းညှိမှုသဘောတရားဖြင့် ချည်နှောင်ထားပါတယ်။ ၄င်းထိန်းညှိမှု သဘောတရားကို တိုးဝှေ့ကာ စိန်ခေါ်နေပါတယ်။ ကွန်မြူနစ်နိုင်ငံဟောင်း ရုရှားစစ်ရေပြင်ဆင်မှု စစ်ရေးစွက်ဖက်မှုတွေ အာဏာရှင်လမ်းကြောင်းပေါ်ကို ပြန်လည်ဦးတည်နေပါတယ်။ ဒီလိုပါပဲ ကွန်မြူနစ်နိုင်ငံကြီးဖြစ်တဲ့ တရုတ်နိုင်ငံဟာ စီးပွားရေး ဈေးကွက်ကို အခမ္ဘပုံစံဖြင့် နယ်ချဲ့မှုကနေ ဒေသတွင်း စစ်ရေးမြှင့်တင်နေမှုတွေဟာ အရှိန်အဟုန်ပြင်းပြင်းချီတက်နေပါတယ်။ တရုတ်နိုင်ငံ၏ နောက်ထပ်ခြေလှမ်းတစ်ခုဟာ တောင်တရုတ်ပင်လယ်၏ လက်ခတ်သံတွေဟာ ကျယ်လောင်လာသလို အိမ်နီးချင်းဒေသတွေကို အရှိန်အဝါဖြင့် ဖိအားပေးကာ ငါးရိုးသဖွယ် စီးပွားရေးကို အရေခြုံပြီး စစ်ရေးသဏ္ဌာန်

ပြုလုပ်နေတာကို တွေ့ရပါတယ်။ ထိုအထဲမှ ကျွန်မတို့ရွာအား အထူး ပြောစရာပင် မလိုတော့ပေ။ ဆင်းရဲတဲ့ရွာအသီးသီးကို လက်ညှိုး ငိုးလိုက်သည့်အခါ ပဋိပက္ခမီးလျှံများကြားမှ တရုတ်၏ လက်တံ အရိပ် မလွတ်ကင်းတာကို တွေ့ရပါလိမ့်မည်။ ကျွန်မတို့နားမှာရှိ နေတဲ့ အိန္ဒိယနိုင်ငံ၏ ဈေးကွက်ထက် တရုတ်နိုင်ငံ၏ ဈေးကွက် က ပို၍ ကျယ်ပြန့်နက်ရှိုင်းလာပါတယ်။ ကျွန်မတို့ရဲ့ မိသားစုဝင် အာဆီယံဆယ်နိုင်ငံများကို ကြည့်ပါ။ ကျွန်မတို့နိုင်ငံသည် သူတစ် ပါး၏နောက်မှ ဘူဂဏန်းပင် ဖြစ်နေပါတယ်။ ကမ္ဘာ့ရွာများနှင့် နှိုင်းယှဉ်စရာ မည်သည့်ဂုဏ်သတ္တိမှပင်မရှိဟု ယုံကြည်မိပါသည်။

ဒါပေမယ့် ကျွန်မတို့လူ့ရွာသည် ကမ္ဘာရွာကြီး၏ အချိုး အစားရ ကြည့်ပါလျှင် မြေအောက်မြေပေါ်၊ ရေအောက်ရေပေါ် သံယဇာတပေါကြွယ်ဝသည့် ရိက္ခာဂိုထောင်ကြီးနှင့်တူသည့် လူ့ရွာ ကြီးဖြစ်ပါတယ်။ သို့သော် နိုင်ငံအတွင်းမှ လူတစ်စုသည် ကမ္ဘာ့ စာရင်းဝင် သူဌေးလောင်းကြီးများ ပေါ်ထွန်းလာပါတယ်။ တခြား တစ်ဖက်မှာ ... ခြေရာမဲ့ ဆင်းရဲမွဲတေမှုအများဆုံး စာရင်းလည်း ရရှိထားပါတယ်။ ဒါတွေဟာ ကျွန်မသိရသလောက် ကျွန်မတို့ လူ့ရွာနဲ့ လူ့ကမ္ဘာ၏ ရုပ်ပုံကားချပ်များ ဖြစ်ပါတယ်။ ကျွန်မ ဆက်၍ မစဉ်းစားနိုင်တော့ပါ။ ချစ်သူမောင်ပုဂံသား ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ရင်ဝယ်ပိုက်ပြီး အိပ်စက်ဖို့ပဲ ကြိုးစားမိပါတယ်။ သြော် သြော် အံ့သြစွာ ကြားလိုက်ရသည့် ချစ်သူမောင်ပုဂံသား၏ (ကမ္ဘာကို တည်ငြိမ်အောင် ထိန်းညှိမှု သဘောတရားဖြင့် ချည် ထားတာ) ယခုအခါ နားလည်သင့်သလောက် နားလည်ခဲ့ပါပြီ။ ဘက်နှစ်ဘက် အမြင်နှစ်မျိုးရှိသည့် လောကမှာ (ထိန်းညှိမှု) ကြိုး မှသာလျှင် တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုကို မွေးဖွားသည့် ခွန်အားအဖြစ် ကျွန်မယုံကြည်လာမိပါတော့သည်။

□ □ □

## အရိပ်လွှာ

နံနက်ခင်း ဝေလီဝေလင်းအချိန် အိမ်၏အနီးနားရှိ ရပ်ကွက်စုလေးထံမှ လော်စပီကာဖွင့်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။ ၄င်းလော်စပီကာသံကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ကျွန်မလန့်၍ နိုးခဲ့ရပါသည်။ သို့သော် ဒီတစ်ခါ ကြားလိုက်ရသည့် လော်စပီကာဖွင့်သံ၏ အဓိပ္ပာယ်ကိုသိရန် နားစွင့်လိုက်ပါသည်။ အလှူကြောင့်လား မင်္ဂလာဆောင်လား ဒါမှမဟုတ်နာရေးလားဆိုတာကို ခွဲခြားစိတ်ဖြာနေချိန် တရားဟောသံထွက်ပေါ်လာပါသည်။ ကျွန်မတို့ လက်ရှိ လူ့ရွာကို လူတစ်ယောက်လက်ပြကာ နှုတ်ဆက်သွားရှာပြီ။ ဒီအတွက်ကြောင့် တခဏမျှစိတ်မကောင်းဖြစ်ခဲ့မိပါသည်။

ကျွန်မသည် ပြန်အိပ်ဖို့ ကြိုးစားကြည့်ပါသည်။ ပြန်လည်၍ အိပ်မရတော့ပါ။ သို့သော် အိပ်ယာပေါ်မှ မထဘဲ လဲလျောင်းနေပါသည်။ ကျွန်မ၏ စိတ်အာရုံပေါ်သို့ စဉ်းစားခန်းတစ်ခုက လှုပ်နိုးလာပါသည်။ ၄င်းလှုပ်နိုးမှုက ချစ်သူမောင် ပုဂံသား၏ အယူအဆတစ်ခုပင် ဖြစ်ပါသည်။ လူမျိုးရေးဝါဒ ဘာသာရေး ဝတ်ရုံလွှာတို့အား နိုင်ငံတော်၏ အထက်မှာ ဘယ်တော့မှ ထားမကြည့်ပါနဲ့။ ထားကြည့်တဲ့ လူ့ရွာမှာ အစွန်းရောက်တွေးခေါ်မှုပုံစံသစ်မွေးဖွားလာပါတယ်။ ၄င်းလူ့ရွာမှာ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုများပျက်သုဉ်းခန်းခြောက်နေ ါလိမ့်မည်။ ရဲဘော်မိတ်ဆွေလူတ ပေါင်းတို့ရဲ့ စိတ်ဓာတ်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားကိုပဲ မွေးမြူထားကြပါလို့ တိုက်တွန်းပါရစေ။ ကျွန်မသည် ပီတိဖြာ၍ ပြုံးလိုက်မိပါတယ်။ ကိုအပြုံးတွေကြားမှ ကျွန်မတို့ လူ့ရွာရှိ လူတချို့၏ စိတ်ဓာတ်တွေ ဘာကြောင့် ရိုင်းကုန်ကြတာလဲ။ ဆက်၍စဉ်းစားကြည့်လိုက်သည့်အခါ ဘာကြောင့် စာနာစိတ်တွေ ခန်းခြောက်နေကြတာလဲ။ ၄င်းမေးခွန်းရဲ့နောက်မှာ ကျွန်မကြားနေရသည့်အသံက ဘယ်ရုံးဌာနကိုသွားသွား ရောက်ခဲ့ကြ ရောက်ခဲ့ကြ တာဝန်မဲ့တာထက် ကိုယ်ချင်းစာနာစိတ်တွေ ကင်းစင်လွင့်ပျောက်နေတာကိုပို၍ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ လုပ်ထုံးလုပ်နည်းတွေဟာ ယန္တရားလည်ပတ်မှုမှာ သ ာ်ဝင်ဖြစ်တည်မှုမရှိဘဲ ငါ့အတွက်ထက် ဘယ်အရာမှ ဂရုမပြု၊ စိ ာင်စားကြသည်ကို တွေ့နေရပါသည်။ အဲဒါတွေ ဘာကြောင့် ဖြစ်နေတာလဲဟုဆက်၍ စဉ်းစားကြည့်ပါသည်။ လူသားဆိုင်ရာ ကျင့်ဝတ်သိက္ခာတွေ စောင့်ထိန်းမှု ပျက်ကွက်နေခြင်းကြောင့်ဟု ယူဆမိပါသည်။

ကျွန်မ၏ ကိုယ်ပိုင်အမြင် အယူအဆအရ လူ့အဖွဲ့အစည်းရဲ့ အလှတရားသည် ကိုယ်ကျင့်သိက္ခာ တန်ဖိုးထားမှုဟု ယုံကြည်ပါသည်။ ဒါပေမယ့် ကျွန်မတို့ လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်၌ ကိုယ်ကျင့်သိက္ခာ တန်ဖိုးထားမှုတွေ လျော့နည်းပျက်သုန်းနေတာကို တွေ့ရပါသည်။ ကျွန်မဆက်ပြီး တွေးတောနိုင်စွမ်း မပြုတော့ပါ။ ရပ်ထားလိုက်ပါသည်။ ဟင့်အင်းပေါင်းများစွာကို ချုပြီး ကျွန်မအာရုံတွေကို ချစ်သူမောင် ပုဂံသားထံသို့ ရွှေ့လျားလိုက်ပါသည်။ ထိုအခါ ကျွန်မ၏အာရုံပေါ်၌ ချစ်သူမောင်ပုဂံသား၏ ကျောပြင်ကြီးကို တစိမ့်စိမ့်မြင်ယောင်လာရင်း ပြုံးလိုက်ကာ ပကာသနမပါတဲ့ သူ၏စရိုက်၊ ဘဝရပ်ပုံလွှာတွေဟာ ကျွန်မ၏ နှလုံးအိမ်ကို တိုးဝှေ့လှုပ်ခတ်လာပါသည်။ ထိုရင်ခုန်သံများနဲ့အတူ လူးကာလိမ့်ကာ ပီတိဖြာနေပါသည်။ ပီတိအပြုံးတွေကြားမှ ချစ်သူမောင်ပုဂံသား၏ အားနာတတ်ပုံ၊ ရှက်ရွံ့ရွံ့ ဖြစ်နေပုံတွေဟာ မရိုးနိုင် မမေ့နိုင်ဘဲ ကျွန်မအတွက်တော့ ကြည်နူးဂုဏ်ယူနေပါသည်။

အိပ်ယာထက်ပေါ်၌ ကျွန်မသည် အပြုံးတွေနဲ့ ပီတိဖြာနေချိန် အနီးအနားမှ ကျေးငှက်ကလေးများ၏ နှုတ်ခွန်းဆက် တေးဆိုသံလေးများက ကျွန်မ၏အတွေးစများကို ဆွဲနှုတ်သွားပါသည်။ ပြတင်းပေါက်မှ အပြင်လောကသို့ ကြည့်လိုက်သည့်အခါ အလင်းရောင်ဖျော့ဖျော့လေးသည် ကျွန်မတို့၏ လောကကို နှုတ်ဆက်လှုပ်နိုးနေပါသည်။ အနီးအနားမှ ဖြတ်သွား ဖြတ်လာ မော်တော်ကားစက်သံများလည်း ကြားနေရပါသည်။

ကျွန်မသည် အိပ်ယာထက်မှထကာ မျက်နှာသစ်သွားတိုက် ရေချိုးလိုက်ပါသည်။ နံနက်ချိန်၌ ပုဂံသားထံ အလည်သွားရန်

ဖေဖေထံသို့ ခွင့်တောင်းထားပြီဖြစ်၍ ကျွန်မကိုယ်ကျွန်မ အလှဆုံး ဖြစ်အောင် ပြင်ဆင်လိုက်ပါသည်။ ကိုယ်ကိုယ်ကို ကြည့်၍ ပြုံးလိုက်ကာ ဧည့်ခန်းဆီသို့ ထွက်လာခဲ့ပါသည်။ ဖေဖေအား ဧည့်ခန်း၌ တွေ့လိုက်ရပါသည်။ နေမင်းကြီးသည် အရှေ့ဖက်မှ တရွေ့ရွေ့ တက်လာနေပါသည်။ ကျွန်မသည် အပျော်ရွှင်ဆုံး အပြုံးလှလှလေး ကိုပြုံးကာ ဖေဖေအား နှုတ်ဆက်၍ ထွက်လာခဲ့ပါသည်။

ချစ်သူမောင် ပုဂံသား၏ နေအိမ်သို့ ချက်ခြင်းမသွားပဲ ပုဂံသား၏ မိခင်ဈေးရောင်းနေသည့် ဈေးထဲသို့ အရင်ဝင် လိုက်ပါသည်။ ဘုရားပန်းများကို ရောင်းချနေသည့် ပုဂံသား၏ မိခင်အား တွေ့ ရပါသည်။ ဆိုင်ရှေ့သို့အရောက် မတ်တပ်ရပ်နေသည့်အခါ ပုဂံသား၏ မေမေသည် မော့ကြည့်ကာ ကျွန်မကိုတွေ့လိုက်၍ အားနာနေသည့်အပြုံးကို ပြုံးလိုက်ကာ

"သမီးလေး အိမ်မှာ သွားနားပါ။ ဒီမှာက ညစ်ပတ်တယ် ပေကုန်မှာပေါ့"

ထိုစကားသံသည် ကျွန်မ၏ ရင်ထဲကို စိမ့်ကနဲအေးသွားပါ သည်။ မေမေရဲ့ မေတ္တာဓာတ်ကို ပီတိအပြုံးလေးဖြင့် ခံယူကာ

"အမေ ဘာစားမလဲ ဘာဟင်းချက်ရမလဲ"

ဟု မေးလိုက်သည့်အခါ အမေရဲ့ အားနာနေသည့် အပြုံး တွေနဲ့အတူ

"သမီးလေး စိတ်ကြိုက်ပဲ ချက်လိုက်ပါ"

အားနာနေသည့် လေသံလေးဖြင့် ပြောလာသည်။ အမေကို ကရုဏာအပြုံးလေးဖြင့် နှုတ်ဆက်ကာ ဈေးထဲမှ စိတ်ကြိုက် ဟင်းချက်စရာများကို ဝယ်ယူ၍ ပုဂံသား၏အိမ်သို့ လာခဲ့ပါတော့ သည်။

အိမ်၌ ချစ်သူမောင်ပုဂံသားကို မတွေ့ရပေ။ သို့သော် အိမ်ပေါက်ဝ တံခါးမကြီးသည် ဖွင့်ထားလျက် တွေ့ရပါသည်။ ကျွန်မသည် အိမ်ပေါ်သို့ တက်လိုက်ပါသည်။ ချစ်သူမောင်ပုဂံသား၏ အိပ်ခန်းကို ကြည့်လိုက်သည့်အခါ ရေးလက်စ ဗလာစာအုပ်ရယ်၊ ဖတ်လက်စ စာအုပ်များက ကျွန်မအား ပြုံးပြနေပါသည်။ ရှုပ်ပွနေတဲ့ သူ့အိပ်ခန်းအားကြည့်၍ ကျွန်မလည်း ပြုံးလိုက်မိပါသည်။

ကျွန်မသည် မီးဖိုခန်းထဲ၌ ကျွန်မတစ်ယောက်ထဲ ချက်ပြုတ်ကြော်လှော်နေလိုက်ပါသည်။ ကျွန်မကိုယ်ကျွန်မ ပြန်တွေးကြည့်ကာ ပြုံး၍ ရှက်သွေးလေးများပင် တဖြန်းဖြန်းထလာခဲ့ပါသည်။ ကျွန်မကိုယ်ကျွန်မက မေးခွန်းထုတ်ကြည့်လိုက်ပါသည်။

"အရှက်မဲ့နေတာလား"

တခြားလူတွေက ကျွန်မပြုမူပုံကိုကြည့်၍ သိက္ခာမဲ့သူဟု ယူဆနိုင်ပါတယ်။ ဒါပေမယ့် ကျွန်မသည် ပျော်ရွှင်ကြည်နူးနေသည့် ရလဒ်ကို ပီတိဆင့်၍ ပြုံးနေမိပါသည်။

ကျွန်မသည် မီးဖိုချောင်ကိစ္စပြီး၍ အိမ်သန့်ရှင်းမှုကို ပြုလုပ်လိုက်ပါသည်။ ဆက်၍ ချစ်သူမောင်ပုဂံသား၏ အိပ်ခန်းအား ဝင်ရောက်ရှင်းလင်းလိုက်သည့်အခါ (၂၀၁၅) စစ်တမ်းသိုသည့် ကွန်ပျူတာဖြင့် စာစီထားသည့် စာရွက်များကို တွေ့လိုက်ရပါသည်။ ကျွန်မသည် ဖတ်ကြည့်ရန် ပုဂံသား၏ ကုတင်ပေါ်၌ ခါးဆန့်ရင်း ဖတ်လိုက်ပါတော့သည်။

## (၂၀၁၅ စစ်တမ်း)

(ဒီရေ)

ယနေ့နိုင်ငံရေး ဒီရေသည် ပြုပြင်ပြောင်းလဲရေးကာလဟု ကင်ပွန်းတပ်ထား၏။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တသွင်သွင်ပြောနေကြသည်။ ထိုစကားလှိုင်းတွေကြားမှ ပွင့်အံကျနေသည်မှာ -

၁။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိနေ၏။

၂။ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရတစ်ရပ် ဖြစ်တည်နေသည်။

၃။ ဒီမိုကရေစီ ကဗ္ဗလာစ ခြုံထားသည့် လူအဖွဲ့အစည်းနိုင်ငံအဖြစ် ခင်းကျင်းထားသည်။

၄။ ပါတီ (၅၀) ကျော် တည်ရှိနေသည်။

၅။ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးစကားပျိုးနေသည်။

၆။ ပြဿနာရပ်များသည် အစရှိ၍ အဆုံးမသတ်ထားသည့် မီးလျှံများ ထမ်းပိုးနေရသည့် လူအဖွဲ့အစည်းအဖြစ် ရှင်သန်နေသည်။

အမှန်တကယ် ချီတက်နေသည့် ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဒီမိုကရေစီ လူ့ဘောင်သို့ ပြောဆိုနေကြတာတွေ ဖြစ်နေပြီလား။ ထိုမေးခွန်းသည် ယနေ့မြန်မာလူထု ဘဝစာမျက်နှာပေါ်၌ တွင်ကျယ်စွာ ရေပန်းစားနေသည့် မေးခွန်းများဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

## (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ သက်ဝင်ပုံ

(၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ သက်ဝင်ဖြစ်ထွန်းနေပုံကို လေ့လာဆန်းစစ်ကြပါစို့။

၁။ ဒီမိုကရေစီယဉ်ကျေးမှု ကင်းမဲ့နေခြင်း။
၂။ ပြည်ထောင်စုမှုနှင့် လွဲချော်နေခြင်း။
၃။ လူ့အခွင့်အရေး ကင်းမဲ့နေခြင်း။
၄။ အရပ်ဘက်အစိုးရ ဖြစ်ထွန်းနေခြင်း။
၅။ ရှေ့/နောက် ကွဲလွဲချက်များစွာနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှုပ်ထွေးနေခြင်းတို့ကို တွေ့ရှိရသည်ဟု ယူဆပါရစေ။

ထိုဖြစ်တည်နေမှုထဲမှ တချို့ကို သာဓကတစ်ရပ်ဖြင့် တင်ပြပါရစေ။

***အခန်း (၁)***

**နိုင်ငံတော်အခြေခံမူများ**

အခန်း (၁) ပုဒ်မ (၄) ၌ နိုင်ငံတော်အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီးနိုင်ငံတဝှန်လုံးထံ၌ တည်သည်။

အခန်း (၁) ပုဒ်မ (၆) "စ" လုံးတွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစ်စိုက် ဦးတည်သည်။

ထိုအခန်း (၁) ၌တွင် ထူးခြားအံ့သြစွာ တွေ့ရသည်မှာ အာဏာသည် ဘယ်သူထဲသို့ ရောက်နေပြီလဲ ပုဒ်မ (၆) "စ" သည် ပုဒ်မ (၄) ကို လွှမ်းမိုးနေသည်ဟု ယူဆပါရစေ။ ကာကွယ်ရေးလုပ်သားထုသည် ဝန်ကြီးဌာနတစ်ခုအဖြစ်သာ ရှိနေရမည်။ သို့သော်လည်း အုပ်ချုပ်ရေးအာဏာရပ်၏ အထွဋ်အထိပ်၌ ထား

ရှိခြင်းသည် ဒီမိုကရေစီလူ့ဘောင်နှင့် စတင်လွဲချော်နေသည်ဟု ထင်မြင်မိပါသည်။

*အခန်း (၃)*

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ အခန်း (၃) ပုဒ်မ (၅၈) ၌ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွဋ်အထိပ်နေရာရရှိသည်။ ပုဒ်မ (၅၆) "ဃ" လိုကြည့်လျှင် အံ့သြစရာတွေ့ရ၏။ နိုင်ငံတော်ရေးရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့်အမြင်များ ရှိရမည်။ ထိုကြောင့် ပုဒ်မ (၅၉) "ဃ" သည် လူအခွင့်အရေး ချိုးဖောက်နေသည်သာမကပဲ အခန်း (၁) ပုဒ်မ (၆) "စ" ကို ပို၍ သက်ဝင်အားကောင်းနေသည်ကို တွေ့ရသည်။ ထိုပုဒ်မသည် အရပ်သားသမ္မတလောင်းဖြစ်လာဖို့ လမ်းစမရှိဟု ယူဆပါရစေ။ အရပ်သားအစိုးရဖြစ်ဖို့ လမ်းစမဲ့နေသည်။ နိုင်ငံရေးအခင်းအကျင်းတစ်ရပ်သည် ပြောင်းလဲမှုလို့ စကားလုံးဖြင့် ကာကွယ်ထားရုံဖြင့် ၄င်းလူ့အဖွဲ့အစည်း၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုသည် ကင်းမဲ့နေမည်ဟု ယုံကြည်မိပါသည်။ ထိုအခက်အခဲတစ်ရပ်နှင့် ရင်ဆိုင်နေရသည်ဟု မယူဆပါနှင့်။ ပုဒ်မ (၅၆) "စ" လုံးကို လေ့လာကြည့်ကြပါစို့။

မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူ

စောင့်ရှောက်ရှိသေသူ (သို့မဟုတ်) နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသား မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များ ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။

၄င်းဖွင့်ဆိုထားချက်များသည် လူတစ်ဦး၏ လူအခွင့်အရေး ချိုးဖောက်ခံရတာထက် လူထုတစ်ရပ်လုံး၏ အခွင့်အရေးနှင့် သိက္ခာကို ပို၍ ချိုးဖောက်စော်ကားခံနေရသည်ဟု ယူဆမိပါသည်။

အကန့်အသတ်များနှင့် ချည်နှောင်ထားသည့် သမ္မတ၏ အခန်းကဏ္ဍကို အခန်း (၃) ပုဒ်မ (၅၈) ၌ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွဋ်အထိပ်နေရာ၌ ရှိသည်။ ဆက်၍ အခန်း (၅) ပုဒ်မ (၁၉၉) "က" ၌ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

ထိုဖွင့်ဆိုထားသည့် သမ္မတ၏ အာဏာကို အခန်း (၅) ၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်း၊ ထိုအဖွဲ့၏ ဖွဲ့စည်းထားပုံအရ သမ္မတသည် ရုပ်ပြဘဝသို့ ရောက်သွားသည်ဟု ထင်မြင်မိပါသည်။ ၄င်းအဖွဲ့၏ ဖွဲ့စည်းပုံနှင့် မွေးဖွားပုံကို ဖော်ထုတ်တင်ပြရသော် ပုဒ်မ (၂၀) ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်ရသော်လည်းကောင်း ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) ဒုတိယသမ္မတ

(ဂ) တတိယသမ္မတ

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(င) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(စ) တပ်မတော်ကာကွယ်ရေးဦးစီချုပ်

(ဆ) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(ဇ) ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) နိုင်ငံခြားရေးဝန်ကြီးဌာန

(ည) ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) နယ်စပ်ရေးရာဝန်ကြီးဌာန

ထိုအဖွဲ့၏ နောက်ခံဖြစ်ပေါ်ပုံကို လေ့လာကြည့်သည့်အခါ အံ့ဩစွာ တွေ့ရပါလိမ့်မည်။ (၂၀၀၈) အခြေခံဥပဒေ၏ ပုဒ်မ (၂၃) "ခ" ပုဒ်မခွဲ "ရ" ၌ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရမည်။ ထိုဌာနများကို စစ်ဘက်မှ ပုဂ္ဂိုလ်များကိုသာတွေ့ရပြီး ဒုတိယသမ္မတတစ်ဦးနှင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်သည် စစ်သားများပင် ဖြစ်နေ၍ သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဩဇာသက်ရောက်မှု မရှိနိုင်သည်ကို တွေ့ရပါလိမ့်မည်။

(၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရပင် ရွေးကောက်ခံသမ္မတသည် ရုပ်ပြအာဏာပိုင်စိုးရုံမျှပင် သက်ရောက်နေသည့်ဖြစ်သို့ ထင်ဟပ်ပြနေသည်။ ထိုကြောင့် ၄င်းလူ့အခွင့်

အစည်းသည် ဒီမိုကရေစီကဗ္ဗလာစ ခြုံထားသည့် အာဏာရှင် အုပ်ချုပ်ရေးအဆင့်၌သာ တည်ရှိနေသည်ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

၄င်းဖွင့်ဆိုချက်ကို သက်သေပြနေသည်မှာ (၂၀၀၈) ဥပဒေကြီး၏ အခန်း (၇) ၌ ပြဋ္ဌာန်းဖွင့်ဆိုထားသည့် တပ်မတော်ဆိုင်ရာ လုပ်ပိုင်ခွင့် 'ပုဒ်မ' များက ပို၍ အားပြုပေးနေသည်ဟု တင်ပြပါရစေ။

(၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး ကဏ္ဍကို ဆက်၍ လေ့လာကြည့်လျှင် ပို၍ပင် အံ့သြစွာတွေ့ရပေသည်။ (၂၀၀၈) အခြေခံဥပဒေကြီးသည် လူထု၏ နှလုံးသည်းပွတ်တိုင်ကို ထိပ်တုံးခတ်ထားသည်။ သူကြီးအိမ်က ထိပ်တုံးကြီးဟု အဓိပ္ပာယ်ဖွင့်ပါရစေ။ ဘာကြောင့်လဲ။ ပြည်သူ့ရဲ့ဆန္ဒသည် လက်နက်ကိုင်တပ်မတော်သား၏ ဆန္ဒအောက်၌သာ ကျဆုံးနေသည်ကို တွေ့ရပါလေသည်။ သက်သေပြချက် ပြည်သူ့ဆန္ဒက ရွေးချယ်ခံ (၇၅%) နှင့် တပ်မတော်မှ (၂၅%) ပေါင်းလျှင် (၁၀၀%) ဖြစ်ပါသည်။ ဥပဒေပြင်ဆင်ရေးဆိုင်ရာ အခန်း (၁၂) ၌ ဥပဒေတစ်ခုကိုပြင်ဖို့အတွက် ကိုယ်စားလှယ် (၂၀) ဦးရေက စုပေါင်းတင်သွင်း၍ ကိုယ်စားလှယ် (၇၅%) "ကျော်" ထောက်ခံပြီး ဆန္ဒမဲပေးခွင့်ရှိသူ (၅၀%) "ကျော်" မှပဲ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ တပ်မတော်သည် ရာခိုင်နှုန်း (၁၀၀%) ထဲမှ (၂၅%) ရာခိုင်နှုန်းကို မဲယူထားပါသည်။ ထို့ကြောင့် ဥပဒေပြင်ရာ၌ တပ်မတော်က ပြင်ဆင်သည့် စိတ်ပေါ်၌သာ တည်မှီနေသည်ကို တွေ့ရသည်။

ထို့ကြောင့် (၂၀၀၈) ဥပဒေကို ပြင်ရာ၌ အခန်း (၁၂) ပါအတိုင်း ပြင်၍ လွန်စွာမှ ခက်ခဲနေသည်ကို တွေ့ရသည်မှာ

အံ့သြစရာ မဟုတ်ပါ။ သို့ပါသောကြောင့် ဥပဒေကို ဥပဒေပါအတိုင်း ပြင်ဖို့ထက် နိုင်ငံရေးနည်းဖြင့် ပြုပြင်ရမည်ဟု ယူဆပါရစေ။

(၂၀၀၈) ဥပဒေ၌ ပြည်ထောင်စုဟု ဖယားကွက်ချမှတ်ထားသော်လည်း အခန်း (၅) ပုဒ်မ (၂၆၂) ပုဒ်မခွဲ "က" (၁) သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မခွဲ (၂၆၁) ပုဒ်မခွဲ "က" ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသော် သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။

၂။ လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်။

ထိုပုဒ်မပြဋ္ဌာန်းချက်များသည် ဖက်ထရယ်ပြည်ထောင်စုဖြစ်လာဖို့အတွက် ားဆီးထားသည့် ခံတပ်ကြီးဟု အဓိပ္ပာယ်ဖွင့်ပါရစေ။ ပြည်နယ်အစိုးရကို ပြည်နယ်လူထုဆန္ဒ၌ မရှိဘဲ ပြည်နယ်လွှတ်တော်သည် ဘာလုပ်ပိုင်ခွင့်ရှိနေပါသလဲဟု မေးခွန်းထုတ်ရပါတော့သည်။ ထိုအကြောင်းအရာများနှင့်အတူ အုပ်ချုပ်ရေး၏ အဓိကယန္တယားများသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အောက်၌သာ အာဏာစက် ရှင်သန်တည်ရှိနေသည်ဟု တင်ပြပါရစေ။

(၂၀၀၈) အခြေခံဥပဒေအား ယူဆချက် တွေ့ရှိချက် မြင်သိမှုနှင့် နားလည်မှုအရ အံ့သြစွာတွေ့ရသည်မှာ လက်နက်ကိုင်သူတို့၏ အကြီးအကဲဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို

(၂၀၀၈) အခြေခံဥပဒေ အခန်း (၇) ပုဒ်မ '၃၄' အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

ထို့ကြောင့် (၂၀၀၈) အခြေခံဥပဒေသက်ဝင်ဖြစ်ထွန်းနေပုံအရ အာဏာအင်အားအရှိဆုံးကို တပ်မတော်၏ ထိပ်တန်းတာဝန်ထက်ကျော်လွန်၍ ထိုအဖွဲ့အစည်း၏ ပါဝါအရှိဆုံးစွမ်းအားကို ထိုအဖွဲ့ကပဲ ရွေးချယ်ရမည်ဟု ဖွင့်ဆိုထားသည်မှာ အာဏာကို အာဏာဆင့်ထားသည်ဟု ယူဆမိပါ၍ လူထုတစ်ရပ်လုံးကပဲ ဆက်လက်၍ ထပ်ကာထပ်ကာ လေ့လာဆန်းစစ်ကြပါလို့ တင်ပြပါရစေ။

၄င်း (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးသည် အားနည်းချက်များစွာ ရှိသည်ဟု အများစုသည် မှုအားဖြင့် လက်ခံထားကြသည်။ ထိုဥပဒေကြီးသည် -

၁။ ဒီမိုကရေစီစနစ်ဖြင့် လွဲချော်နေခြင်း။

၂။ အဓိပ္ပာယ်နှင့် ဖွင့်ဆိုချက်များ ရှုပ်ထွေးနေခြင်း။

၃။ ရှေ့နောက်မညီမညွတ် ဖြစ်နေခြင်း။

၄။ ကာကွယ်ရေး အင်အားစု၏ အာဏာရပ်တည်မှုသည် အမြင့်ဆုံးနေရာ၌ တည်ရှိနေခြင်း။

ထို့ကြောင့် ထိုဥပဒေကြီးအား ပြင်မလား၊ အသစ်ရေးမလား အသံတွေ ထွက်ပေါ်လာရသည်။ ဘယ်မျှပင် ကောင်းမွန်နေသည့် ဥပဒေတွေ ဖြစ်နေပါစေ လူ၏ သဘာဝစိတ်နှင့် သဘာဝအရင်းအမြစ်၏ သက်ဝင်မှုအရ အချိန်ကာလနှင့် ပတ်ဝန်းကျင် ပြောင်းလဲမှုအပေါ်၌ ပြင်ဆင်မှုအရ ဖြည့်စွက်ခြင်း၊ ထုတ်ယူခြင်းကို ပြုရသည်မှာ လူ့အဖွဲ့အစည်း၏ အသက်သွေးကြောဖြစ်နေသည်ဟု ယုံကြည်သည်။

**(၂၀၀၈) အခြေခံဥပဒေမွေးဖွားပုံ**

ငင်းဥပဒေကြီးအား နဝတမှ နအဖစစ်အာဏာသိမ်းအစိုးရ၏ အာဏာကွန်ရက်အောက်က ဖွားအံ့လာသည်ကို တွေ့ရပါလိမ့်မည်။ ထိုဥပဒေကြီး၏ အရှင်သခင်သည် (၁၉၈၈·၉·၁၈) ရက်နေ့၌ အာဏာသိမ်းပြီး (၁၉၉၀) ပြည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဦးဆောင်ကျင်းပပေးခဲ့သည်။ ထိုရွေးကောက်ပွဲ၏ ရလဒ်ကို အသိအမှတ်မပြုဘဲ (၁၉၉၃) ဇူလိုင်လတွင် အမျိုးသားညီလာခံကြီး တစ်ရပ်အသွင်ဖြင့် စတင်ရေးဆွဲနေကြသော်လည်း အစတွင် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်။ လူထုကိုယ်စားလှယ်များ၏ တင်ပြချက်များကို ကန့်သတ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ဟန့်တားခြင်းတို့ကို အာဏာဖြင့် အသုံးပြု၍ အဓမ္မ မိမိစိတ်ကြိုက်ရေးဆွဲ တည်ဆောက်သည်ကို မခံမရပ်နိုင်ဖြစ်ကာ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရေး ညီလာခံမှ ထွက်ခဲ့ကြသည်။ ထိုညီလာခံကြီးကို (၂၀၀၅) တွင် ပြန်လည်စတင်ကာ ကြံ့ဖွတ်အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များကို အဓမ္မပုံစံချ ထောက်ခံဖွဲ့များဖြင့် တပ်လှန်၍ (၂၀၀၈) မေလ (၅) ရက်နေ့တွင် ကန့်ကွက်သံများ ဆူညံနေသည့်ကြားမှ လူထုဆန္ဒခံယူမဲဖြင့် အတည်ပြုခဲ့ကြသည်။ (၂၀၀၈) ဥပဒေစာအုပ်ကြီးကို ရပ်လုံးဖော်ပြီးနောက် အံ့ဩစရာကောင်းလှသည်မှာ စစ်မှုမထမ်းမနေရ ဥပဒေကိုကြေငြာပြီး ထိုဥပဒေ၏ အဓိက ဇာတ်ရပ်မှာ အသက်ပြည့်ဖြင့် အငြိမ်းစားယူကြသည့် စစ်ဘက်အကြီးအကဲများသည် ရာသက်ပန်ဩဇာသက်ရောက်၍ အသက်ဝင်စေနိုင်ခြင်းကို တွေ့ရပါသည်။ ထိုဥပဒေနှင့်အတူ နဝတ၊ နအဖ စစ်အစိုးရလက်ထက်က ထုတ်ပြန်ခဲ့သည့် ဥပဒေရပ်များသည် မဖြုတ်မချင်း အသက်ဝင်

နေသည်ဟု အခန်း (၁၄) ပုဒ်မ (၄၄၆) (၄၄၇) ၌ ထည့်သွင်းရေး ဆွဲခဲ့သည်။ ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ်သည် ၎င်းတို့အဖွဲ့ အစည်းတွင် ရပ်တည်ဖွံ့ဖြိုးရှင်သန်ဖို့အတွက် ဆူးညှောင့်များသဖွယ် ဟန့်တားခြိမ်းခြောက်နေသည်ဟု တင်ပြပါရစေ။

(၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ၏ နောက်ဆုံးခံစစ်လိုင်းအသွင် ကူးပြောင်းရေး၌ လွယ်ကူမှု မရှိစေရန် ချောမွေ့မှုမဖြစ် လာရန် ဟန့်တားနိုင်မှုအချက်မှာ

၁။ လူမျိုးရေးမီးလျှံ

၂။ ယုံကြည်ကိုးကွယ်မှုမီးလျှံ

၃။ အာဂတိလိုက်စားမှုမီးလျှံ

၄။ စာရိတ္တပျက်ပြားမှုမီးလျှံ

၅။ အာဏာအဆိပ်သင့်မှုမီးလျှံ။

ထိုမီးလျှံများသည် ယနေ့ကျွန်တော်တို့ လူ့အဖွဲ့အစည်း၌ ကိန်းဝပ်ဖွံ့ဖြိုးနေသည်၊ တိုးဖော့ပေါက်ဖွားနေသည်၊ ရှင်သန်အား ကောင်းနေသည်။ ဘယ်လိုငြိမ်းသတ်ကြမလဲ။ (၂၀၀၈) အခြေခံ ဥပဒေကြီး၌လည်း ထိုမီးလျှံများကို ငြိမ်းသတ်ဖို့ ခွန်အားမပါခဲ့ဟု ဖွင့်ဆိုပါရစေ။ ဘာကြောင့်လဲ ထိုမီးလျှံများကို ဟန့်ရန်၊ တားရန်၊ ငြိမ်းသတ်ရန်၊ အရပ်ဘက်လူအဖွဲ့အစည်းများ အားကောင်းဖို့၊ ရှင်သန်လှုပ်ရှားဖို့ အခွင့်အလမ်းများ ပါရှိနေရမည်။ အာဏာ ဓာတ်ခံပေါ်သို့ မတတ်ရောက်မည့် လူသားနီတိများ၏ စွမ်းအားနှင့် ထိန်းညှိခွင့်အပေါ်၌သာ ဗဟိုပြုနေသည်။ ထိုအခွင့်အလမ်း၏ အားသည် လူထုထံ၌ တည်နေသည်။

(၂၀၀၈) ဥပဒေ၌ လူထုသည် အထွဋ်အထိပ်နေရာ၌ မရှိဘဲ အခိုင်းခံနေရာ၌သာ တည်ရှိနေသည်ကို တွေ့ရ၍ ထိုမီးလျှံသည်

တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို ခြိမ်းခြောက်နေပါသည်။ ကြိုတင်ယူဆချက်၏ တင်ပြပုံမှာ လူထုအခြေပြု ဒီမိုကရက်တစ်များသည် လွှတ်တော်နှင့် အစိုးရအဖွဲ့သို့ လက်ဆန့်မိသည့်အခါ၌ ပန်းတိုင်သို့ ရောက်မည်ဟု အများစုသည် ယုံကြည်နေကြသည်ကို ယူဆကြပါစို့။ ဒီမိုကရေစီယဉ်ကျေးမှု လူ့ဘောင်နှင့် ဝေးကွာပြီး ဆန့်ကျင်ဘက် ဖွံ့ဖြိုးနေသည့် မင်းမဲ့စရိုက်သဏ္ဍာန်များကို ဘယ်လိုအာဏာစွမ်းအားတို့ဖြင့် ထိန်းချုပ်ကြမလဲ (၂၀၀၈) ဥပဒေမှ တရားဝင်ပေးအပ်ထားသည့် အာဏာအုပ်ချုပ်ရေး ယန္တယား၌ လက်နက်ကိုင်ဆောင်သူတို့၏ ခေါင်းဆောင်မှုထံ၌ တည်ရှိနေသည်။ ဒါဆိုလျှင် ဆန့်ကျင်ဘက် အင်အားစုများ၏ ထိုမီးလျှံ (၅) မျိုးအား ဟန့်ဖို့၊ ကာဖို့၊ တားဖို့ဆိုရာ၌ ပဂတိသဘော၌ အာဏာပိုင်စိုးသူ၏ ဆန္ဒသဘော၌ (၉၀%) တည်မှီနေသည်။

(၂၀၀၈) အခြေခံဥပဒေကြီးအရပင် ထိုဥပဒေကြီး၏ အခန်း (၁၁) သည် အာဏာသိမ်းယူစရာမလိုဘဲ အာဏာကို ကဗ္ဗလာစ လွှာချပြလိုက်ရုံပင် စွမ်းအားရှိနေသည်ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

## ဘယ်ဟာက ပြဿနာလဲ

ထိုလူ့အဖွဲ့အစည်းသည် ဥပဒေပြဿနာရပ်မဟုတ်ဟု အခိုင်အမာတင်ပြပါရစေ။ ဥပဒေသည် လူနှင့် လူ့အဖွဲ့အစည်း အတွက် လူသားတို့ကပဲ ရေးဆွဲထားခြင်းကြောင့်ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ အရေးပြဿနာရပ်ဖြစ်၍ နိုင်ငံရေးပြဿနာရပ်ဟု အခိုင်အမာတင်ပြပါရစေ။ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ နိုင်ငံတွင် ပြဿနာရပ်ဖြစ်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာမှသာလျှင် ၎င်းလူ့အဖွဲ့အစည်းအတွက် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ပြောင်းလဲသွားနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ပါရစေ။

၄င်းအခင်းအကျင်းများ၌ ဘက်နှစ်ခု၏ စနစ်သံသည် ဝါဒ မဟုတ် ကိုယ်ကျိုးစီးပွားကာကွယ်မှုတစ်ရပ် ရှေ့တန်းရောက် နေခြင်းဟု ယူဆပါရစေ။

ယနေ့နိုင်ငံရေးစကားဝိုင်းသည် ဟန်ပြဆွေးနွေးရေး မဟုတ်ပဲ နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားတို့ကို စံထားပြီး ဆွေးနွေးရမည့်အချိန် ဖြစ်ပါသည်။ အာဏာကို ဘယ်သူပိုင်ဖို့ထက် ၄င်းလူ့အဖွဲ့အစည်း ကို ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန် ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ကိုက်ညီသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ထွန်းလာရေး သည် အဓိကကျနေပါသည်။ (၂၀၀၈) ဥပဒေကို ပြင်ဆင်ခြင်း၌ ဥပဒေပါအတိုင်း ပြင်ဆင်တာထက် နိုင်ငံရေးနည်းဖြင့် ပြင်ဆင် သင့်သည်အချိန်ဟု ယုံကြည်ရမည် ဖြစ်ပါသည်။

ယနေ့ပထဝီနိုင်ငံရေး အခြေအနေအရ လူမျိုးစုတစ်စုထဲ ရပ်တည်ရမည်အချိန် မဟုတ်၍ ပူးပေါင်းနေထိုင်ရေးအချိန် ကာလ ဖြစ်ကာ အတူတကွ ပူးပေါင်းနေထိုင်ခြင်းအတွက် ဖက်ထရယ် ဒီမိုကရက်တစ် ပြည်ထောင်စုဖြစ်ဖို့ အချိန်ဖြစ်လာပါသည်။ နယ်စပ် ဒေသလုံခြုံရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးမှုသည် အဓိက အခန်း ကဏ္ဍတစ်ရပ် ရောက်ရှိလာပါသည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေး ဖို့ ဘယ်သူဘယ်ဝါထက် အဓိကကျသည့် ဇာတ်ကောင်များ တွေ့ဆုံ၍ ဖြေရှင်းညှိနှိုင်းရုံဖြင့် ပြဿနာရပ်တချို့ ပြေလည် နိုင်သည့် အချိန်ကာလဟု တင်ပြပါရစေ။

## လက်ရှိနိုင်ငံရေး၏ အစိုးရိမ်ရဆုံး ပြဿနာ

၄င်းလူ့အဖွဲ့အစည်းကို ဘယ်လိုခိုင်မာအောင် တည်ဆောက် မလဲ။ ဘယ်လိုကြံခိုင်ဖွံ့ဖြိုးအောင် တည်ဆောက်မလဲ။ တည်

ဆောက်ရေး လုပ်သားသည် နိုင်ငံသူ နိုင်ငံသားများထံ၌သာ တည်ရှိနေပါသည်။ ယနေ့ ၄င်းလူ့အဖွဲ့အစည်း၌

၁။ လုပ်သားစွမ်းရည် အရင်းအမြစ်ရှားပါးမှု၊
၂။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအားနည်းမှု၊
၃။ အာဂတိလိုက်စားမှု၊
၄။ သဘာဝအရင်းအမြစ်များ ပျက်စီးခြင်း၊ အစားထိုးမှု လိုအပ်ချက်များ၊
၅။ ငွေကြေးဖောင်းပွမှု၊

ထိုပြဿနာအား ပွံ့ပိုးနေသည်မှာ အဓိကကျသည့် ပြဿနာသည် လူ့အဖွဲ့အစည်းနှင့် လူတို့၏ စာရိတ္တမဏ္ဍိုင်ကြီး ယိုင်လဲနေသည်မှာ နိုင်ငံ၏ ရပ်တည်အားကောင်းနိုင်မှုနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ ဘဝရပ်တည်မှုကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်နေသည်ဟု ယူဆမိပါသည်။ ၄င်းလူ့အဖွဲ့အစည်းကြီးသည် ဖွံ့ဖြိုးမှုနှင့် မညီမျှခြင်းဆိုင်ရာ ပြဿနာများကြောင့် ဖွံ့ဖြိုးမှုရှိသယောင်ယောင် မြို့တော်ကြီးများ၌ အခြေချဝင်ရောက်၍ ဘဝတည်ဆောက်နေရမှုသည် ရှေ့မှတင်ပြထားသည့် ပြဿနာရပ်များကို ပို၍ပို၍ တွန်းအားပြု ဖြစ်ထွန်းလာခြင်းကို တွေ့ရပါလိမ့်မည်။

ထိုပြဿနာရပ်နှင့် အကြပ်အတည်းများကို ဘယ်လိုဖြေလျှော့ကြမလဲ။ ဘယ်လိုဖြေရှင်းကြမလဲ။ ဘယ်နှစ်ဘက်၏ စကားဝိုင်းကို ပုံဖော်ရပါလိမ့်မည်။ ထိုဘက်နှစ်ဘက်ကပဲ နိုင်ငံရေး တွေ့ဆုံညှိနှိုင်းဖြေရှင်းမှုကို အခြေပြု၍ နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားတို့အတွက် တံတိုင်းလည်း ဖြစ်စေသည့်၊ တံတားလည်း ဖြစ်စေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီး ဖြစ်ထွန်းရှင်သန်လာဖို့ လိုနေသည့်အချိန်ဟု ထင်မြင်မိပါသည်။

အထက်တင်ပြပါ အချက်အလက်များအရ ယနေ့နိုင်ငံရေး၏ အဓိကရေသောက်မြစ် ပြဿနာသည် အများလက်ခံသည့် အခြေခံဥပဒေဖြစ်ထွန်းရေးသည် အဓိကကျပါသည်။ (၂၀၁၅) ရွေးကောက်ပွဲသည် ဒုတိယနေရာ၌ ရှိနေပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း မပြုလုပ်ဘဲ (၂၀၁၅) ရွေးကောက်ပွဲသည် ရှေ့ကတင်ပြထားသည့် ပြဿနာရပ်များကို ဖြေရှင်းနိုင်ခြင်းမဟုတ်ဟု ယူဆပါရစေ။ အခြေခံဥပဒေအား နိုင်ငံရေးဖြေရှင်းမှုဖြင့် မပြုလုပ်ဘဲ အခြေခံဥပဒေပါ အခန်း (၁၂) ပါအတိုင်း ပြင်ကြဖို့ယူဆလျှင် ၎င်းလူ့အဖွဲ့အစည်း၌ ရှုပ်ထွေးပွေးလီမှု ပြဿနာရပ်များ လှိုင်းထက်ပမာ တိုးပွားမည်ဟု တင်ပြပါရစေ။

ယနေ့နိုင်ငံသူ နိုင်ငံသားတို့၏ ဘဝသည် စားဝတ်နေရေးဆိုင်ရာ အခြေခံသုံးရပ်လုံးနှင့် ရင်ဆိုင်ကျပ်တည်းနေပါသည်။

၁။ လယ်ယာပိုင်ဆိုင်မှု လျော့နည်းလာခြင်း

၂။ လယ်ယာမဲ့ တိုးပွားနေခြင်း

၃။ လုပ်ခလစာနှင့် ရင်တည်မှုမမျှတခြင်း

၄။ အိမ်ယာပိုင်ဆိုင်မှု ကင်းမဲ့နေခြင်း

၅။ နေထိုင်စရိတ်လစာအခန်းခ ကြီးမြင့်နေခြင်း

၆။ ထားစရာမရှိသူ လူတစ်စုနှင့် စားစရာရှာရခက်သူ (၉၀%)

ဖြစ်တည်မှု ပြဿနာရပ်များသည် ရှေ့ကတင်ပြထားသည့် မီးလျှံများကြားက ဆက်စပ်မှု မီးလျှံစများ ဖြစ်နေသည်။ ထိုအကျပ်အတည်းအား နိုင်ငံသူ၊ နိုင်ငံသား အများစုသည် ပြောင်းလဲမှုစကားလုံးဖြင့် သည်းခံစောင့်စားနေကြသည်ကို တွေ့ရပါလိမ့်မည်။ (၂၀၀၈) အခြေခံဥပဒေကြီးကို အချိန်မီ နိုင်ငံရေးနည်းဖြင့်

မဖြေရှင်းဘဲ (၂၀၁၅) ရွေးကောက်ပွဲကျင်းပသည့်အခါ ရွေးကောက်ပွဲအား လူထုက ဆန္ဒမဲပေးကြပါလိမ့်မည်။ သို့သော် (၂၀၁၅) ၏ နောက်စာမျက်နှာ၌ ယနေ့ကာလကဲ့သို့ ဖြစ်တည်နေမည်ဆိုပါက လွှတ်တော်ကြီးကို နိုင်ငံသူ နိုင်ငံသားတို့က ယုံကြည်မှုကင်းမဲ့လာလျှင် အစိုးရအဖွဲ့အစည်းကိုလည်း နိုင်ငံသူ နိုင်ငံသားတို့က ယုံကြည်မှု ကင်းမဲ့လာလျှင် လွှတ်တော်ပြင်ပ နိုင်ငံရေး လှုပ်ရှားမှုသည် ဒီလိုင်းကဲ့သို့ ၄င်းလူအဖွဲ့အစည်း၌ ဖြစ်ပေါ်လာမည်ဟု တင်ပြပါရစေ။

နိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒက လူမှုဘဝတည်ငြိမ်မှုဘဲ ဖြစ်ပါသည်။ အစိုးရအပြောင်းအလဲကို လူထုကမျှော်လင့်ကြသည်။ သူတို့လက်ရှိဘဝ၏ ကျပ်တည်းမှုအတွက် လွတ်ရာလမ်းစ ဖြစ်မည်ဟု ယုံကြည်ထားခြင်းကြောင့်ဟု ယူဆမိပါသည်။ ယနေ့ လူ့အဖွဲ့အစည်း၏ ပြဿနာက အစိုးရအပြောင်းအလဲ မဟုတ်ဘဲ "စနစ်" ပြောင်းလဲရေးသည် အဓိကဖြစ်နေသည်ကို ရှေ့မှတင်ပြချက်များက သက်သေပြနေပါသည်။ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ လူထုကို သင်ကြားရေးနှင့် ယှဉ်၍တည်ဆောက်ရပါမည်။ လူထုကို ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုနှင့် ချိတ်ဆက်မိအောင် ဒီမိုကရေစီစနစ်က ပေးအပ်ထားသည့် အခွင့်အလမ်းများ ကိန်းဝပ်ပေးရမည်။ ထို့ကြောင့်ဘဲ ဒီမိုကရေစီစံနှင့် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းလာရေးသည်သာ အဓိက အခန်းကဏ္ဍတည်ရှိနေသည်ဟု တင်ပြရင်း နိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒပြည့်ဝပါစေ ခင်ဗျာ။

**တင်ပြသူ (ပုဂံသား)**

၁၃.၂.၂၀၁၅

မပြေရှင်းဘဲ (၂၀၁၅) ရွေးကောက်ပွဲကျင်းပသည့်အခါ ရွေးကောက်ပွဲအား လူထုက ဆန္ဒမဲပေးကြပါလိမ့်မည်။ သို့သော် (၂၀၁၅) ၏ နောက်စာမျက်နှာ၌ ယနေ့ကာလကဲ့သို့ ဖြစ်တည်နေမည်ဆိုပါက လွှတ်တော်ကြီးကို နိုင်ငံသူ နိုင်ငံသားတို့က ယုံကြည်မှုကင်းမဲ့လာလျှင် အစိုးရအဖွဲ့အစည်းကိုလည်း နိုင်ငံသူ နိုင်ငံသားတို့က ယုံကြည်မှု ကင်းမဲ့လာလျှင် လွှတ်တော်ပြင်ပ နိုင်ငံရေး လှုပ်ရှားမှုသည် ဒီလှိုင်းကဲ့သို့ ၄င်းလူအဖွဲ့အစည်း၌ ဖြစ်ပေါ်လာမည်ဟု တင်ပြပါရစေ။

နိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒက လူမှုဘဝတည်ငြိမ်မှုဘဲ ဖြစ်ပါသည်။ အစိုးရအပြောင်းအလဲကို လူထုကမျှော်လင့်ကြသည်။ သူတို့လက်ရှိဘဝ၏ ကျပ်တည်းမှုအတွက် လွတ်ရာလမ်းစ ဖြစ်မည်ဟု ယုံကြည်ထားခြင်းကြောင့်ဟု ယူဆမိပါသည်။ ယနေ့ လူ့အဖွဲ့အစည်း၏ ပြဿနာက အစိုးရအပြောင်းအလဲ မဟုတ်ဘဲ "စနစ်" ပြောင်းလဲရေးသည် အဓိကဖြစ်နေသည်ကို ရှေ့မှတင်ပြချက်များက သက်သေပြနေပါသည်။ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ လူထုကို သင်ကြားရေးနှင့် ယှဉ်၍တည်ဆောက်ရပါမည်။ လူထုကို ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုနှင့် ချိတ်ဆက်မိအောင် ဒီမိုကရေစီစနစ်က ပေးအပ်ထားသည့် အခွင့်အလမ်းများ ကိန်းဝပ်ပေးရမည်။ ထို့ကြောင့်ဘဲ ဒီမိုကရေစီစံနှင့် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းလာရေးသည်သာ အဓိက အခန်းကဏ္ဍတည်ရှိနေသည်ဟု တင်ပြရင်း နိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒပြည့်ဝပါစေ ခင်ဗျာ။

**တင်ပြသူ (ပုဂံသား)**

၁၃-၂-၂၀၁၅

ကျွန်မသည် ၄င်းစာတမ်းကို ဖတ်ပြီးသည့်အခါ ကျွန်မ၏ စိတ်တွေသည် လေးလံထိုင်းမှိုင်းသွားခဲ့သည်။ ထိုစိတ်ကလေး များကြားမှ ကျွန်မ၏ ချစ်သူမောင် ပုဂံသားအား ပို၍ချစ်ခင် လေးစားမှု ပိုလာပါသည်" ထိုပီတိစိတ်ကလေးများကို တွေးပိုက် ကာ အခန်းပြင်သို့ ထွက်လာခဲ့ပါသည်။ ပုဂံသား၏ မိခင်သည် ပြုံး၍

"သမီးလေး ပင်ပန်းနေပြီလား အားနာစရာကွယ်"

မေမေ၏ အားနာနေသည့် အပြုံးလေးသည် ကျွန်မအတွက် အားဖြစ်ခဲ့ရပါသည်။ ထိုအချိန် ချစ်သူမောင်ပုဂံသားသည် သုတ်သီးသုတ်ပြာဖြင့် ပြန်ရောက်လာပါသည်။ ကျွန်မသည် သောက်ရေအိုးစင်မှ ရေအေးအေးတစ်ခွက်ကို သွား၍ခတ်ကာ လှမ်းပေးလိုက်ပါသည်။ ထိုအခါ ကျွန်မလှမ်းပေးသော သောက်ရေ ခွက်ကိုယူ၍ အသက်ဝင်လှသော အပြုံးတစ်ချက်ကို ကျွန်မအား ပြုံးပြလိုက်ပါသည်။ ထိုအပြုံးလေးသည် ကျွန်မ၏နှလုံးသားအား လှုပ်ခါနိုးထသွားစေပါသည်။ သူက သောက်ရေကို တချက်မနားပဲ မော့သောက်လိုက်ပါသည်။ ထိုအခါ အနီးနားမှ ပုဂံသား၏ မေမေ ရဲ့ အပြုံးတစ်ချက်သည် ကျွန်မအား ရှက်သွေးနီနီ ဖြန်းသွားစေပါ သည်။ သို့သော် ရှက်စိတ်ကလေးကိုဖုံးကာ မေမေရဲ့အပြုံးတွေကို ပီတိဖြာ၍ပင် ကျွန်မလည်း ပြုံး၍ တီဗွီဖွင့်ကြည့်ရာသို့သွားကာ ကြည့်နေလိုက်တော့သည်။

မိုကောင်းကင်ထက်က နေမင်းသည် ဦးခေါင်းတည့်တည့်သို့ ချဉ်းကပ်ချိန် ဝမ်းခေါင်းထဲ၌ စကားပြောသံတွေကလည်း စတင်နေ ပြီဖြစ်၍ ဝမ်းခေါင်ခေါက်သံကို ငြိမ်းသတ်ရန် အမေရယ်၊ ပုဂံ သားရယ်၊ ကျွန်မရယ် အိမ်ရှေ့၌ စားပွဲခုံကိုခင်း၍ နေ့လယ်စာကို သုံးဆောင်လိုက်ကြသည်။

ထမင်းဝိုင်း၌ ပြီးစီးချိန်လေးတွင် အိမ်ခြံဝန်းထဲသို့ လူငယ်လူလတ်ပိုင်းများ ဖြစ်ကြသည့် လူငါးဦးသည် ရောက်လာခဲ့ကြသည်။ လာသည့် ဧည့်သည်ငါးဦးသည် ပုဂံသားအား လေးစားချစ်ခင်ကြသည်ကို တွေ့ရသည်။ သူတို့ရဲ့ အလုပ်သမားဘဝပြဿနာများကို ပုဂံသားအား ပြောပြနေသည်။ အလုပ်ရှင်တွေရဲ့နှိပ်စက်မှု၊ အလုပ်သမား အချင်းချင်းကြားမှ အလုပ်ရှင်တို့ရဲ့သီးခြားလက်ပါးစေတွေ၏ ဆိုးဝါးမှု၊ အရင်းရှင်မျက်နှာကို မော့ကြည့်ပြီး အချင်းချင်း ေါ် သစ္စာဖောက်ပုံတွေလည်း ပြောကြသည်။ အလုပ်သမားသ ဂ္ဂများရဲ့ လှုပ်ရှားရသည့်အခါ အခက်အခဲတွေပုံတွေနဲ့အတူ သူတို့ရဲ့ အလုပ်သမားရပိုင်ခွင့် တောင်းဆိုပွဲများရဲ့ ကြုံတွေ့မှုပြဿနာများကိုပါ ရင်ဖွင့်ကြသည်။ ပုဂံသားသည် စိတ်ပါဝင်စားစွာ ဂရုတစိုက် နားထောင်ပေးနေသည်။ လူငယ်အလုပ်သမားတွေရဲ့ ဘဝပြဿနာ ခံစားရမှုတွေကို ဂရုတစိုက် နားထောင်နေပေးပြီးနောက် ပုဂံသားသည် ပြုံးလိုက်ကာ ထိုအပြုံးများနဲ့အတူ

"ညီငယ်တို့ရဲ့ အလုပ်သမားထုရဲ့ တာဝန်က လုပ်အားကို ရောင်းစားခြင်းပဲဖြစ်တယ်။ လုပ်အားရောင်းချသူ အလုပ်သမားထံမှ လုပ်အားဝယ်သူဖြစ်တဲ့ အလုပ်ရှင်က "ငွေကြေး" ခနဖြင့် ဝယ်ယူတာ ဖြစ်တယ်။ အလုပ်သမားဘက်မှာ ရောင်းပုံခြင်း မတူညီဘူး။ အချိန်ရယ် အတတ်ပညာရ ေ် တချို့က အချိန်တစ်ခုပဲရောင်းတယ်။ တချို့က အချိန်နဲ့ အတတ်ပညာကို တွဲပြီးရောင်းပါတယ်။ ညီငယ်တို့ လုပ်သားထုတွေ သတိပြုဆင်ခြင်ရမှာတွေ ရှိပါတယ်။ ရောင်းခြင်းနဲ့ ဝယ်ယူခြင်းကြားမှာ မညီမျှမှု ပဋိပက္ခဆိုတာတွေ ရှိနေပါတယ်။ ဝယ်သူသည် မိမိကိုယ်ကျိုးစီးပွား ရှင်သန်ကြီးထွားရေး

အတွက် အမြတ်များများရလိုမှုအပေါ် ဗဟိုပြုပြီး တွက်ချက်ဝယ်ယူကြပါတယ်။ လုပ်အားကို အရင်းရှင်က ဝယ်ယူသုံးစွဲတဲ့နေရာမှာ တိုက်ရိုက်ဝယ်ယူတာတွေရှိသလို တဆင့်ခံဝယ်ယူတာတွေလည်း ရှိပါတယ်။ ညီငယ်တို့လို အလုပ်သမားထုဘက်က မိမိရဲ့အချိန်ကို တန်ဖိုးရှိရှိ ရောင်းတတ်ရပါမယ်။ အလုပ်သမားဆိုင်ရာ အခွင့်အရေးနဲ့ အချိန်၏ တန်ဖိုးကို မှန်မှန်ကန်ကန်ရရှိဖို့ အလုပ်သမားထု တစ်ရပ်လုံး ညီညွတ်ရေးနိုင်မာဖို့ လိုပါတယ်။ လုပ်အားကို ပုံသေချည်းလို့ မရပါဘူး။ လုပ်အားသည် အခြေခံထွက်ငွေ၊ ကုန်ထုတ်ရဲ့ပမာဏ အမြတ်ငွေပေါ်မှာ ပြောင်းလွဲခံစားပိုင်ခွင့် ရှိနေရပါမယ်။ အခြေခံထွက်ငွေပေါ်မှာ လုပ်အားထိန်းညှိမှုလိုအပ်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ပုံသေချည်းလိုရတာ အလုပ်ချိန်နှင့် လုပ်သားဆိုင်ရာ လူမှုဖူလုံရေး ခံစားပိုင်ခွင့်ပဲ ရှိပါတယ်။ ဒါတွေဟာ အရင်းရှင်ဘက်က စေတနာဗလပွနဲ့ ပေးခဲ့လို့ရရှိနေတာ မဟုတ်ပါဘူး။ သမိုင်းက အလုပ်သမားထုရဲ့ ပေးဆပ်တိုက်ပွဲ၏ ညီညွတ်ရေး လက်နက်နဲ့ ထုဆစ်ခဲ့လို့ရရှိတဲ့ အလုပ်သမားထု အခွင့်အရေးတွေပဲဖြစ်တယ်။ ဒီတော့ ညီငယ်လုပ်သားတွေဟာ ကိုယ်ပိုင်ဆိုင်တဲ့အချိန်ကို တန်ဖိုးညီမျှစွာ ခံစားပိုင်ခွင့်ရှိဖို့ လုပ်သားထုကိုယ်တိုင်ကပဲ ညီညွတ်ရေးလက်နက်ကို ကိုင်ဆွဲပြီး တောင်းဆိုဆင်နွှဲကြရမှာပေါ့။ ၄င်းလုပ်ငန်းစဉ်တွေရဲ့အနားမှာ အထူးသတိပြုရမဲ့ အချက်တွေရှိပါတယ်။ မိမိရဲ့ ပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့် ခံစားပိုင်ခွင့်ကို တောင်းဆိုတဲ့နေရာမှာ ပထမဆုံးလုပ်ရမဲ့အကြောင်းသည် အလုပ်သမားထုညီညွတ်ရေးကို တည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်။ ဒုတိယအချက်က တောင်းဆိုမှုနှင့် ပတ်သက်သည့် အကြောင်းအရာကို ခိုင်လုံအောင် တည်ဆောက်ရပါမယ်။ တတိယ

အချက်သည် ဆွေးနွေးတင်ပြမှုနဲ့ စရပါမယ်။ နောက်တဆင့်ကတော့ တောင်းဆိုရပါမယ်။ နောက်ထပ်လိုအပ်လျှင် ဆန္ဒပြရပါမယ်။ နောက်ဆုံးအဆင့်ကတော့ သပိတ်မှောက်ရပါမယ်။ အလုပ်သမားထုက ခွဲခြားရမဲ့ကိစ္စတစ်ခု ရှိပါတယ်။ မိမိရဲ့ပြဿနာက အရင်းရှင်နဲ့ ဆိုင်တာလား။ နိုင်ငံတော်နဲ့ ဆိုင်တာလား ခွဲခြားရပါမယ်။ တိကျမှန်ကန်ရပါမယ်။ အလုပ်သမားထုရဲ့ တိုက်ပွဲကို အချိန်အခါနဲ့အညီ ဆောင်ရွက်မိဖို့ လိုအပ်ပါတယ်။ ဥပမာစက်ရုံက အရှုံးပေါ်နေချိန်မှာ သားမဖွားမိစေနဲ့ပေါ့။ ဒါတွေဟာ အလုပ်သမားထုဘက်က သတိထားရမဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။ အလုပ်သမားထုဘက်က အထူးသတိပြုပြီး ဆင်ခြင်တဲ့အရာကတော့ ဆန္ဒပဲပြပြ သပိတ်ပဲမှောက်မှောက် အရင်းရှင်နဲ့ ပိုင်ဆိုင်မှု ရုပ်ဝတ္ထုတွေကို မထိခိုက်ဖို့လိုပါတယ်။ ဒါဟာ အလုပ်သမားထုကို နှိပ်ကွပ်နိုင်တဲ့ သူတို့ရဲ့ လက်နက်ဖြစ်လို့ သတိပြုရပါမယ်။ အရင်းရှင်ပဲပြောပြော အစိုးရပဲပြောပြော သူတို့တစ်တွေဟာ လုပ်သားထုညီညွတ်ရေးကို သွေးခွဲရေးလက်နက်တွေဖြင့် ပစ်လွှတ်ပါလိမ့်မယ်။ ဒါတွေကို အလုပ်သမားထုဘက်က သတိထားပြီး ကာကွယ်ရပါမယ်။ အကောင်းဆုံးနဲ့ အခိုင်ခံ့ဆုံး ကာကွယ်နည်းကတော့ အလုပ်သမားထုတွင် အပြန်အလှန်လေးစားမှု ယဉ်ကျေးမှုတစ်ရပ်ကို ဖွားမြင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါတွေဟာ အလုပ်သမားနဲ့ အလုပ်ရှင်တို့ရဲ့ကြားက ဝါနိစ္စပဋိပက္ခတွေပဲဖြစ်ပြီး အရေးဆိုမှုနဲ့ ဖြေရှင်းကြခြင်းပဲ ဖြစ်ပါတယ်။ ညီငယ်လုပ်သားထုတွေ သိထားရမှာက မိမိရဲ့ လုပ်သားထု ပြဿနာဟာ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်လျှင် အလုပ်ရုံတစ်ခုမှ ကျော်၍ အလုပ်သမားထုတစ်ရပ်လုံးဆီသို့ ပျံ့နှံ့သွားအောင် စတင်လုပ်ဆောင်ရမှာက ပိုထောက်

တိုက်ပွဲပဲ ဖြစ်ပါတယ်။ ပန်းဖလက်နဲ့ ဖြန့်ဝေရပါမယ်။ အဲဒီ လုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရေး ကော်မတီကိုဖွဲ့ပြီး ဝါဒဖြန့်ချိရပါမယ်။ ထိုမှအထွေထွေသပိတ် ဖြစ်ပေါ်ရေးကော်မတီက နိုင်ငံတော်ကို တောင်းဆိုရပါမယ်။ လှုပ်ရှားမှုတွေဟာ ချိတ်ဆက်မြန်ဆန်နေရပါမယ်။ အလုပ်သမားထု အင်အားကြီးထွားဖို့ ရည်ရွယ်ချက်ကို ချပြရပါမယ်။ နစ်နာဆုံးရှုံးမှုတွေကို ဖော်ထုတ်တင်ပြရပါမယ်။ အဓိက သတိပြုဆင်ခြင်ရမည့် အချက်သည် အချိန်အခါနဲ့ ညီညွတ်ရေးဟာ အံဝင်ဂွင်ကျ ခိုင်မာနေရပါမယ်။ ဒီတော့ ညီငယ်တို့ရဲ့ လုပ်သားထုညီညွတ်ရေးရဖို့ ညီငယ်တို့စတင်လှုပ်ရှားရမှာက အလုပ်လုပ်တဲ့ လုပ်သားတစ်ဦး၏ ခံစားပိုင်ခွင့်နှင့် လက်ရှိအလုပ်သမားတို့၏ ဘဝနစ်နာဆုံးရှုံးပုံကို လုပ်သားထုတွေသိရှိအောင် သိနိုင်သည့် နည်းလမ်းပေါင်းစုံကို သုံး၍ လုပ်သားထုတစ်ရပ်လုံး ဘုံရပ်တည်ချက်တူအောင် လှုပ်ရှားစတင်ရပါမယ်။ ဒီတော့ လူငယ်လုပ်သားထုတွေ ညီညွတ်ရေးရကြပါစေ"

ငြိမ်သက်စွာနားထောင်ရင်း သူတို့ရဲ့ အပြုံးတွေသည် တစ်ဦးကိုတစ်ဦး ဝေမျှလျက် သူတို့ရဲ့ စိတ်ဓာတ်ခွန်အားတွေ ပြည့်လျှံလာသလို ဓာတ်ကြွနိုးထမည့် ဟန်နဲ့မာန်တွေကို သူတို့ရဲ့ အသိအမြင်မှာ ဖွားအံလာမည့် လက္ခဏာများကို တွေ့လိုက်ရပါသည်။ ပုဂံသားက အပြုံးတွေနဲ့အတူ ဆက်၍

"ညီငယ်တို့ရဲ့ လက်ထဲမှာ အနာဂတ်ဆိုသည့် အချိန်ရယ် လူ့အဖွဲ့အစည်းရဲ့ ရုပ်ပုံလွှာတွေ ရှိနေပါတယ်။ အနာဂတ်ကို ကိုင်လှုပ်ခွင့်ရှိနေတဲ့ လူငယ်တွေရဲ့ လက်ထဲမှာ ရိုးသားဖြောင့်မတ်တဲ့ စိတ်ဓာတ်နဲ့ ငါ့နိုင်ငံတော်ဆိုတာ ရှိနေကြဖို့ မျှော်လင့်မိပါတယ်။

ကျွန်မ၏ နေထိုင်ရာ FMI ဝင်းထဲသို့ ရောက်လာသည့်အခါ နေမင်းကြီးသည် ကျွန်မတို့အား ခေတ္တနှုတ်ဆက်ခဲ့ပါသည်။ အိမ်ထဲသို့ ဝင်လိုက်သည့်အခါ ဖေဖေတစ်ယောက်ထဲ တီဗွီကြည့်နေသည်ကို တွေ့လိုက်ရသည်။ ပုဂံသားသည် ဖေဖေ၏ အနားသို့ ဝင်ထိုင်ကာ ကျွန်မသည် ကျွန်မ၏အိပ်ခန်းဆီသို့ ဝင်သွားလိုက်ပါသည်။ ကျွန်မသည် အဝတ်စားလဲကာ အိမ်၏ ဧည့်ခန်းထဲသို့ ပြန်၍ ထွက်လာပါသည်။ ထိုအခါ ဖေဖေနဲ့ ပုဂံသားကို တွေ့ရသည်မှာ အပြုံးတွေ ဖလှယ်ကြရင် သားအဖပမာ ဆက်ဆံနေပုံကို တွေ့ရပါသည်။ ကျွန်မလည်း ကျေနပ်ပီတိဖြာ၍ ဘာကြောင့်လဲဟု သိချင်မိပါသည်။ ကျွန်မသည် ဖေဖေအနားသို့ ရောက်သည်နှင့် ဖေဖေက အပြုံးတွေဝေဖြာလျက်

"သမီးနဲ့ ပုဂံသားကို (၂၀၁၅) ရွေးကောက်ပွဲ မတိုင်ခင် တစ်ပတ်အလိုမှာ လက်ထပ်ဖို့ပြောနေတာ။ အဲဒါ သမီးသဘောထားက ဘယ်လိုလဲ"

ဟု ဖေဖေက တဲ့တိုးမေးလိုက်ပါသည်။ ကျွန်မသည် မရှက်နိုင်ပါ ပြုံးရပါမည်။ ရေငတ်တုန်း ရေတွင်းထဲ ကျရသည့်ကိန်းဖြစ်လို့ ဖြစ်ပါသည်။ ထိုကြောင့် ဖေဖေသဘောဟု ဆိုလိုက်ကာ ခေါင်းညိမ့်လိုက်ပါသည်။

အာလာပသလာပများ ပြော၍မကြာ ကျွန်မတို့သားအဖအား ချစ်သူမောင်ပုဂံသားက နှုတ်ဆက်၍ ထုံးစံအတိုင်း ဖေဖေဟု ခေါ်ကာ ပြန်သွားပါသည်။ ဖေဖေသည် အပျော်ရွှင်ဆုံးအပြုံးဖြင့် ကျန်ခဲ့ပါသည်။ ကျွန်မသည် ခြံဝထိ ချစ်သူမောင် ပုဂံသားအား လိုက်ပို့ကာ သူ၏ကျောပြင်ကြီးကို ငေးကြည့်ကာ ကျန်ရစ်ခဲ့တော့သည်။

ကျွန်မသည် ဒီညအခါမှာ အိပ်ပျော်ဖို့ထက် ကျွန်မ၏ ပီတိဖြာလှိုင်းလုံးတွေသာ ရစ်ကာရစ်ကာ ထနေပါတော့သည်။ မေမေထံမှ ကြည်ဖြူစွာ ခွင့်ပြုသံသည် ကျွန်မ၏နှလုံးအိမ်ကို အေးမြစေလျက် ဖေဖေအား ရင်ထဲမှ ကျေးဇူးတင်စကားတွေ ဆိုနေမိပါသည်။ ပုဂံသားရဲ့ အပြုံးတွေနဲ့အတူ ကျွန်မ၏ အာရုံပေါ်သို့ သူ၏အယူအဆတစ်ခုသည် ပွဲတင်ထပ်ကာ ရိုက်ခတ်လာပါသည်။ ဘာသာယုံကြည်မှုကို အခြေပြုပြီး ဂုဏ်ပြိုင်မှုတွေကို ဆက်စပ်ဆောင်ရွက်တဲ့ စိတ်ဓာတ်ကို သူ မနှစ်သက်ကြောင်း ပြောလာပါသည်။ သူကဆက်၍

"မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်နေခြင်းသည် ဗုဒ္ဓဘာသာ၏ အဆုံးအမကို ခံယူသင်ကြားနေခြင်းဟု သူ၏ခံယူထားပုံကို ပြောပြခဲ့သည့်အခါ ကျွန်မသဘောပေါက်သွားပါသည်။ မတ်သံတွေတဆာဆာ ဖွင့်နေတာကို သူ၏သဘောထားက လွန်ကဲသည်ဟု ယူဆထားသည်။ ကျွန်မလည်း ထိုအတွေးများဝင်ခဲ့ဖူးပါသည်။ ငါ့အခွင့်အရေးဆိုပြီး မိမိရဲ့လက်ကို တစ်ဆုံးသို့မဆန့်မိပါစေနှင့်။ သူ့အခွင့်အရေးဆိုသည် တခြားသူ၏ နှာခေါင်းပေါက်များ ရှိနေပါသည်။ ကျွန်မတွေ့လိုက်ရသည့် ချစ်သူမောင်ပုဂံသား၏ နှလုံးသားလက်တစ်စုံကိုပါ သူ၏နှလုံးသား၌ လူထုကိုဗဟိုပြုကာ စဉ်းစားလုပ်ကိုင်ပုံ၊ သက်ဝင်ဖြတ်သန်းပုံကိုပါ တွေ့ခဲ့ရသည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးကြွံခိုင်ရေးကို အဓိကထားစဉ်းစားတတ်သည်။ သူ၏စေတနာကိုပါ တွေ့လိုက်ရသည့်အခါ ကျွန်မ၏ နှလုံးသားနန်းတော်၌ ချစ်သူမောင်ပုဂံသားအား တကယ့်ကို အာဂလူသား ပုဂံသားဟု ဟစ်ကြွေးနေမိတော့သတည်း။

□ □ □

# ငိုချင်သော်လည်း မငိုပါ

ဒီတစ်နေ့သည် ကျွန်မနှင့် ပုဂံသားတို့၏ ဘဝကို အတူယှဉ်တွဲကာ ဆိုးအတူကောင်းတစ်သက် စိတ်ဓာတ်ဖြင့် လောကဓံကို ရင်ဆိုင်ဖို့အတွက် အကြင်လင်မယားမြောက်ရန် မင်္ဂလာဆွမ်းကျွေးတရားနာ၍ ပတ်ဝန်းကျင်ကို အသိပေးမည့် မင်္ဂလာဦးဆွမ်းကျွေးပွဲကို ကျင်းပမည့်နေ့ဖြစ်ပါသည်။ ကျွန်မတို့ မင်္ဂလာပွဲအားကျင်းပသည့် နေ့ရက်သည် ထူးခြားလှသည်ဟု ဆိုရပေမည်။ (၂၀၁၅) အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ရက်သတ္တပတ် (၇) ရက်အလို အချိန်ကာလ ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကာလ၌ ရွေးကောက်ပွဲ အောင်နိုင်ရေး စည်းရုံးလှုပ်ရှားမှုအသံတွေသည် နေရာအနှံ့ သဲသဲညံနေပါသည်။ သတင်းစကားများသည် လွှမ်းမိုးနေပါသည်။ ၄င်းနှစ် (၂၀၁၅) အစမှာဘဲ အမျိုးသားခေါင်းဆောင်ကြီး အာဇာနည်ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်တစ်ရာပြည့်သည့် နေရာအနှံ့မှာ ဂုဏ်ပြုပွဲကျင်းပတာထက် ဇာတိချက်မြေ နတ်မောက်ဒေသမှာ ကျင်းပခဲ့ပါသည်။ ထိုပွဲတော်၌ လူထုပင်လယ်ကြီး ဖြစ်သွားခဲ့ပါသည်။

ယခုအခါ ကျွန်မတို့ဦးခေါင်းဆီသို့ ခံစားခံဝင်ရောက်လာမည့် နေမင်းကြီးသည် ကျွန်မတို့၏ မင်္ဂလာအခမ်းအနားကြီးအား လှုပ်နိုးစပြုနေပါသည်။ ကျွန်မနှင့် ချစ်သူမောင်ပုဂံသားတို့၏ မင်္ဂလာဆွမ်းကျွေးညှော့ခန်းပွဲလေးသည် ကျွန်မတို့၏ ခြံရှေ့ကွက်လပ်လေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပါသည်။

ကြွရောက်ချီးမြှင့်ကြသည့် ဖိတ်ကြားထားသူ ဧည့်ပရိသတ်များနှင့် စည်းကားနေချိန်။ မိုးကောင်းကင်ဆီမှ နေမင်းကြီးသည် မညာမတာ ထိုးထွက်တောက်လွှားလို့ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဆွမ်းခံကြွချိန် ကျွန်မတို့၏ မင်္ဂလာပွဲရှိရာတို့ ဝါယာလက်ကားများနဲ့အတူ ရဲနှင့် အရပ်ဝတ်ထောက်လှမ်းရေးများ ရောက်ရှိလာကြသည်။ ပုဂံသားရှိရာသို့ ဦးတည်၍ လျှောက်လာကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ဝရမ်းစာကိုထုတ်၍ ပုဂံသားအား လက်ထိပ်ခတ်လိုက်ကြပါသည်။ ပုဒ်မက နိုင်ငံတော် အကြည်အညိုပျက်စေမှုလို့ ထုတ်ပြောကြပါသည်။ ထိုအခါ ကျွန်မကို ကျွန်မ ယိုင်လဲမတတ် ဖြစ်သွားခဲ့ပါသည်။ ထိုအချိန်၌ ပုဂံသား၏ မိခင်သည် ကျွန်မ၏ အနားသို့ ရောက်လာကာ အပြေးကလေး ပွေ့ဖက်ထားပေးပါသည်။ ကျွန်မသည် ကရုဏာအပြည့်ဖြင့် ပွေ့ဖက်ထားသည့် မေမေရဲ့ ရင်ခွင်ကြားမှ နိုင်ငံရေးသမားတစ်ဦး၏ ဇနီးပီသစွာ ဂုဏ်ယူနေသော အပြုံးကို ပြုံး၍ ကျွန်မ၏ စိတ်ဓာတ်တွေ ပိုမိုကြံ့ခိုင်လာပါသည်။ ကျွန်မအား အားနာနေသော ချစ်သူမောင်ပုဂံသား၏ စိတ်ကိုရိပ်စားမိ၍ ကျွန်မ၏ ငိုချင်နေသည့် စိတ်၊ ကျလာမဲ့ မျက်ရည်ကို ယုံကြည်ချက် တာတမံနဲ့ထိန်းကာ သူ၏ လက်ကလေးကို ဆုတ်ကိုင်လိုက်ပါသည်။ အသက်ပါသော အပြုံးတစ်ချက်ကို ပြုံးပြ၍

"ယောကျ်ားလိုက်သွားလိုက်ပါ။ ကျွန်မရှင့်အစား ဂုဏ်ယူလျက်ပါ။ ဒူးမထောက်ပါနဲ့ မတောင်းပန်ပါနဲ့။ အရင်တိုင်းပဲ ရဲရင့်ပြလိုက်ပါ ယောကျ်ား"

ကျွန်မ၏ ခိုင်မာပြတ်သားတဲ့ အသံလှိုင်းတွေကြားမှာ ကျွန်မကို ကျွန်မဂုဏ်ယူနေသော အပြုံးများဖြင့် ချစ်သူမောင်ပုဂံသားအား

ကြည့်နေတဲ့ ကျွန်မကို သူ၏ အသက်ပါလှသော အပြုံးတစ်ချက်ကို ပြုံး၍ ကျွန်မ၏ လက်ဖဝါးလေးအား နမ်းရှိုက်ကာ သူ၏ ဟန်နဲ့မာန်တွေဟာ ကျန်ခဲ့ရသူ ကျွန်မအတွက် အမောပြေသွားစေခဲ့ပါသည်။

ကျွန်မ၏ လက်ကလေးကို ဖြေးညှင်းစွာဖြုတ်လိုက်ကာ သူ့အားလာခေါ်ရာ ရဲကားဆီသို့ တက်သွားပါတော့သည်။ ကျွန်မသည် မျက်ရည်မကျ၊ အပြုံးမပျက်ဘဲ သတို့သား မရှိတော့တဲ့ မင်္ဂလာပွဲကို ဆက်လက်ပြီး တစ်ယောက်ထဲ ဧည့်ခံနေလိုက်သည်။ တတ်ရောက်သူ ဧည့်ပရိသတ်များကလည်း မင်္ဂလာပွဲအား စည်ကားသိုက်မြိုက်စွာ ပြီးဆုံးဖို့ ဆက်လက်ဂုဏ်ပြုပေးကြပါသည်။ ပုဂံသား၏ ဧည့်ပရိသတ်များမှ အားပေးဂုဏ်ပြုသံနဲ့အတူ ကျွန်မ၏ သတို့သား ခေတ္တမဲ့သွားတဲ့ မင်္ဂလာပွဲလေး ပြီးစီးသွားတော့သည်။

နောက်တစ်နေ့မနက် သတင်းစာမျက်နှာပေါ်တွင် ကျွန်မနှင့် ပုဂံသားတို့၏ မင်္ဂလာပွဲသတင်းနှင့် ပုဂံသား၏ နိုင်ငံတော် အကြည်ညိုပျက်စေမှု သတင်းသည် ယှဉ်တွဲ၍ ဖော်ပြကြပါတော့သည်။

ကျွန်မနှင့်အတူ ကျွန်မ၏ ဖေဖေသည် အပြုံးမပျက်ဘဲ လောကဓံတစ်ခု၏ အတွေ့အကြုံသစ်တစ်ခုကို အပြုံးမပျက်ဘဲ ရင်ဆိုင်ဖို့ ခွန်အားတွေ ရှိနေပါပြီ။ ယခုအခါ ထောင်ဝရှေ့လည်း ရောက်ရပါတော့မည်။ တရားရုံးထဲ ရောက်ရပါတော့မည်။ ဒါတွေဟာ အံ့သြစရာထိတ်လန့်စရာတွေ မဟုတ်ကြဘူးဆိုတာကို ကျွန်မ သိလိုက်ရပါသည်။ ထောင်ကျသူတိုင်း လူဆိုးမဖြစ်နိုင်ပါ။ ထောင်မကျဘဲ ဆိုးသွမ်းရက်စက်နေသူတွေဟာ လောကမှာနေရာ မလပ်ဘဲ ရှိနေသည်ကို ကျွန်မသိခွင့်ရလိုက်ပါတော့သည်။

ကျွန်မ၏အာရုံပေါ်သို့ ပုဂံသားရွတ်ဆိုပြခဲ့သည့် ကဗျာလေးသည် ပဲ့တင်ထပ်ကာ ကြားယောင်လာပါသည်။

## ခေါင်းစဉ်မရှိတဲ့ ပုစ္ဆာ

သီအိုရီတွေ
များနေတဲ့ အိမ်ကလေး
နံရံတွေဟာ
စကားပြောတတ်ကြမည်ဆိုလျှင်
ခန်းမကြီးတစ်ခုလုံး
ပွဲတင်သံတွေ ရစ်ရစ်ထလို့
စကြာ်လမ်းမပေါ်မှာ
တော်လှန်ရေးဆိုတဲ့
စကားလုံးတွေဟာ
လှပခန့်ညားနေမှာပေါ့။

ထိုကဗျာကလေးသည် အာရုံပေါ်ဆင်ကဲဆင့်ကဲ လွမ်းသက်ရင် ကျွန်မချစ်သူမောင် ပုဂံသားတစ်ယောက် ပြောခဲ့ဖူးသည့် NLD မှာ အမေ ဒေါ်အောင်ဆန်းစုကြည်ရှိရင် နိုင်လိမ့်မည်ဆိုသည့် (၂၀၁၅) ခုအထွေထွေရွေးကောက်ပွဲကြီးသည် ဒီကနေ့ ကျင်းပနေပါသည်။ NLD ပါတီဝင်ထုတစ်ရပ်လုံး လူထုအများစုသည် ငြိမ်ငြိမ်သဲ မဲထည့်နေကြသည်။

ကျွန်မတို့သားအဖ မဲရုံးသို့သွားကာ မဲထည့်ပြီး၍ အိမ်ထဲမှ တီဗွီဖွင့်ကြည့်ရင်း NLD ပါတီ၏ အောင်နိုင်ရေးသတင်းကို နားစွင့်နေကြသည်။ နေမင်းကြီး တိမ်းစောင်းသွားချိန်၌ ပုဂံသား ပြောခဲ့ဖူးသည့် စကားသည် တိကျမှန်ကန်သွားပါသည်။ မဲခိုး မဲလိမ် မရှိဘဲ NLD ပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိ သွားပါသည်။

လူအများစုက မျှော်လင့်ချက်တွေကို ထွေးပိုက်၍ ပြုံးနေကြပါမည်။ ကျွန်မစိုးရိမ်နေမိတာက ပုဂံသားပြောခဲ့ဖူးသည့် လှေပေါ်တက်ရင်း မျက်နှာချင်းဆိုင်ရှင်မည်ကို စိုးရိမ်နေမိပါသည်။ ဒါထက်ရင်တုန်မိတာက လှေဝမ်းကို ဖနှောင့်ဖြင့် ဖောက်နေကြမည်ကိုပါတွေ့၍ သောကမအေးဖြစ်နေမိပါသည်။

ကျွန်မရဲ့ ချစ်သူ၊ ကျွန်မရဲ့ နိုင်ငံ၊ ကျွန်မသိလိုက်ရသည့် ဒီမိုကရေစီစနစ်၊ ကျွန်မကြားနေရသည့် ဖက်ထရာယ် ပြည်ထောင်စု၊ ကျွန်မပိုင်ဆိုင်ရမည့် လူသားဆိုင်ရာအခွင့်အရေး ကျွန်မယခုခံစားလိုက်ရသည်။ နာကျင်မှု မတရားမှုတွေ၊ ကျွန်မမုန်းရမှာက အတ္တဝါဒမီးလျှံတွေ ဖြစ်နေတယ်ဆိုတာကိုပေါ့။ အဲဒါတွေဟာ ကျွန်မ၏ ချစ်သူမောင်ပုဂံသားကြောင့် လူသားဆိုင်ရာ အသိဉာဏ်မျက်စိဖွင့်၍ လူသားအဖြစ် ဖွားအံ့ခွင့်ရလိုက်ပါသည်။ ကျွန်မလိုပဲ အားလုံးနားလည်နိုင်ပါစေ။


**ဆုတောင်းမှုတွေနဲ့အတူ မတူညီမှုတွေရှိနေတာကို ပဋိပက္ခလို့ယူဆမဲ့ သင့်တို့ရဲ့ စိတ်ဓာတ်တွေကို လှပတဲ့အလှတရား တစ်ခုအဖြစ် ခံစားတတ်အောင် မေတ္တာတရားဖြင့် ဆေးကြောပစ်လိုက်ပါ။ သင့်ရဲ့လူ့ကမ္ဘာကြီးဟာ လှပခန့်ညားနေလိမ့်မည်။**

**မပြည့်စုံမှုတွေ ရှိနေတာကို နားလည်မှုနဲ့ လက်ခံနိုင်ပေမယ့် နိုင့်ထက်မှုရဲ့ ရလဒ်ကို ခါးသီးကာ လောကရဲ့သစ္စာတရား တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မတရားမှုတွေကို သင် နာကြည်းတတ်ဖို့ဆိုလျှင် သင်ရဲ့ပိုင်ဆိုင်ထားတဲ့ စိတ်ဓာတ်ကို လောကသစ္စာပန်းနဲ့ဝိုင်းရံကြည့်လိုက်ပါ။**

**အဲဒါတွေဟာ မတူညီမှုတွေကို ငြိမ်းချမ်းစွာ နေထိုင်နိုင်တဲ့ ငြိမ်းချမ်းရေး တံခါးခေါက်သံတွေပဲပေါ့။**

ဟုတ်ပါတယ်။ လုပ်ထုံးလုပ်နည်းတွေ၊ မခိုင်မာတဲ့ ဥပဒေတွေ လူသားမဆန်သည့် လုပ်ရပ်တွေ ကြီးစိုးနေတဲ့ အချိန်တစ်ခုမှာ နံရံတွေက စကားပြောလာကြလိမ့်မည်။ ပင်လယ်ဒီရေဟာ မြစ်ကမ်းနံပါးကို တိုးဝှေ့တိုက်စားပါတယ်။ အစမ္ဘကို ဓမ္မက အချိန်တစ်ခုမှာ ဆုံးဖြတ်နေပါတယ်။ သို့သော် အဓမ္မတရားက လူ့သဘာဝကြားထဲပို၍ အားကောင်းခင်မင်တတ်ပါတယ်။ ဓမ္မဆိုတာ ခိုင်မာပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်မသိပ်ချစ်ခဲ့ရသည့် နိုင်ငံရေးသမား ကျွန်မချစ်သူ ပုဂံသား၏ အိမ်အပြန်လမ်းကို ကျွန်မ၏ လက်တစ်စုံဖြင့် လောကကို အလှခြယ်ပေးရင်း စောင့်မျှော်နေတော့မည်။ အို ချစ်ရသော ပုဂံသားတစ်ယောက် နံရံမှာ စကားတွေပြောနေပါဦးတော့။

မောင်ဘကျော် (ပုဂံ)
(၁၃-၁၀-၂၀၁၇)



စာချစ်သူအပေါင်းတို့ခင်ဗျာ. . .

ကျွန်တော်၏ "စနစ်ရိုင်းကို ဆန့်ကျင်သူ" ဟု

ခေါင်းစဉ်တပ်ကာ

နိုင်ငံရေးအယူအဆများနှင့်

လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေများကို ရောစပ်၍

ရေးသားထားခြင်း ဖြစ်ပါသည်။

ဝတ္ထုဟု မဆိုသာသော်လည်း

ထိုစာအုပ်ထဲပါ အကြောင်းအရာများသည်

၂၀၁၀ ခုနှစ် မှ ၂၀၁၅ ခုနှစ် ကာလအတွင်းနှင့်

အတိတ်မှ အရိပ်တချို့ပါ တွဲစပ်၍

ပုံဖော်ထားခြင်း ဖြစ်ပါသည်။